www.linhtet.com



www.linhtet.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ

တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။

ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.linhtet.com

ဖြန့်ချိရေး

**ပန်းမျိုးတစ်ရာစာပေ**

လမင်းအိမ်

တိုက်-၈၊ အခန်း ၂၀၃-၂၀၄

ပုဇွန်တောင်ဥယျာဥ်အိမ်ရာ

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၀၂၃၇၂၊ ၂၉၉၃၆၁

www.linhtet.com

**စာမူခွင့်ပြုချက်အမှတ်**
၉၄၅/၉၉ (၁၂)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၄၅/၂၀၀၀ (၈)
**မျက်နှာဖုံးပန်းချီ**
စံတိုး
**ထုတ်ဝေသည့်ကာလ**
၂၀၀၁ ခုနှစ်၊ မတ်လ၊ နဝမအကြိမ်
**တန်ဖိုး**
၇၀၀ ကျပ်
**စောင်ရေ**
၁၀၀၀
**စာအုပ်ချုပ်**
ကိုမြင့်
**အတွင်းသားပုံနှိပ်**
ပွင့်ဦးပုံနှိပ်တိုက် (၀၂၉၃၄)
ဒေါ်နွဲ့နွဲ့ရီ အမှတ် (၆၅)၊ ၁၃ လမ်း
**မျက်နှာဖုံးပုံနှိပ်**
ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၃၄)
ဦးကျော်စိန်၊ ၁၇၁၊ ၃၃ လမ်း
**ထုတ်ဝေသူ**
ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာစာပေ (၀၂၀၃၇)
တိုက် ၂၃၃/၁၄၊ ရန်ကင်း။

www.linhtet.com

# ဤခရီးနီးသလား

(နဝမအကြိမ်)

## ချစ်စံဝင်း

[၁၉၈၆ ခုနှစ် အမျိုးသားစာပေဆုရ စာအုပ်]

## သုတပဒေသာ (ဝိဇ္ဇာ) ဆု အဖွဲ့ငယ်၏
## မှတ်ချက်

ချစ်စံဝင်း၏ 'ဤခရီး နီးသလား' စာအုပ်တွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေးဘဲ အနေနှင့်အမြန် ရင်ဆိုင်နေကြရသော သေခြင်းတရားကို မြန်မာ့စာပေ၊ ကမ္ဘာ့စာပေ ဝန်းကျင် အတွေ့အကြုံများမှရရှိသော သဘောထားများကို စာရေးသူ၏ အတွေးအခေါ်များနှင့်ပေါင်းစပ်၍ ဗဟုသုတစုံအောင် တင်ပြထားသည်။ ယနေ့ ကမ္ဘာပေါ်ရှိ လူအများသည် လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ မာန်မာနမီးများ တောက်လောင်လျက် သေခြင်းတရားကို မေ့လျော့နေကြကြောင်း၊ သေခြင်းတရားကို သတိပြုမိပါက ဖော်ပြပါမီးများငြိမ်းသင့်သလောက်ငြိမ်း၍ တစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မေတ္တာစိတ်ပွားနိုင်ကာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ရနိုင်ကြောင်း ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ မည်သူမျှအားမထုတ်ဖူးသော ရှုထောင့်အမြင်ဖြင့် အားထုတ်ရေးသားထားသော စာအုပ်ဖြစ်သည်။

www.linhtet.com

## သေခြင်းအကြောင်း ဤလက်ရာ

ကလောင်ဟန် သွင်အလှနှင့်
ဘဝင်ကျအေးရန်၊
ထင်ကရ တွေးဉာဏ်နော်
ရေးတစ် ထူးခြား။
သုတေသန ကိုယ်တွေ့ရှာ၊
စိုပြည်စွာ ဆောင်းပါးအများ။
အကျိုးပြု ဗီဇအခြေ
ပီသပေ မြင့်မား၊
ကြည်လှမသွေ တင့်ပြေားလို့
အသင့်ထား လှမ်းချီ။
ကောင်းနိုးရာ ကြံကာရှုပါလို့
ဝံသာနု ရက္ခိတအညီ
နဂိုမူ သူ့ဝသီမှာ
နှအစီ အင်အားနဲ့၊
မြင်အကြား သုတအရာ
လေးနက်သူသာ။
ခေတ်ဉာဏ်အလင်းနဲ့ စစ်မှန်ခြင်း မကွာတယ်၊
ချစ်စံဝင်းဆရာ သုခုမ ဂုဏ်ရည်ပါမို့လေး။
သေခြင်းအကြောင်း ဤလက်ရာက ထူးခြားပါသည်
ရှုအားသာကြည် စီအစီဆိုသင့်လေး။ ။

ရွှေဝ

www.linhtet.com

## မာတိကာ

– ဓမ္မာစရိယ ဦးခင်မောင်၏ အမှာစာ
၁။ ပုသိမ်လှထွန်း ........................................ ၂၇
၂။ မပိုင်သည့်အရေး ........................................ ၃၉
၃။ သေသူတွေ အသင်္ချေအနန္တ ........................................ ၅၁
၄။ ပေးခဲ့သော ကတိစကား ........................................ ၇၁
၅။ ရက်ကန်းသည်မလေး ........................................ ၈၉
၆။ သေခြင်းတရားကို သူတို့ မစဉ်းစားကြပါ ........................ ၁၀၅
၇။ မသေသင့်မသေထိုက်သူဟူ၍ မရှိသေး ........................ ၁၁၉
၈။ မသေသူ မမွေးသေးသည့် ဤကမ္ဘာ ........................ ၁၃၃
၉။ အိုမင်းရင့်ရော်မှုတို့သာလျှင် နုပျိုနေခြင်း ဖြစ်၏ ................ ၁၄၁
၁၀။ ပျိုမြစ်တင့်တယ်ခြင်း၏ အဆုံးကား အိုမင်းရင့်ရော်ခြင်း ...... ၁၅၅
၁၁။ ဗိုလ်ချုပ်ဈေးမှ ထွက်၍လာရာ ........................................ ၁၆၅
၁၂။ အဘိုးလိုက်ခဲ့မယ် ........................................ ၁၇၅
၁၃။ မတ်စေ့တစ်စေ့ ........................................ ၁၈၉

www.linhtet.com


၁၄။ ဓိဝိတချုပ်လျှင် ထင်းနုပ်ဖြစ်ရ၏။ ............................ ၂၀၇

၁၅။ ရေပွက်ပမာ ခဏတာတည်း ................................ ၂၁၉

၁၆။ စိုက်သည့်အတိုင်း ရိတ်ရာ၏ ............................... ၂၂၉

၁၇။ ဖြစ်ခဏ၊ တည်ခဏ၊ ပျက်ခဏ ............................ ၂၄၅

၁၈။ စိုးအောင်လှိုင်မြင့် သို့မဟုတ် မသေသင့်သေးသော
လူတစ်ယောက် .............................................. ၂၅၇

၁၉။ မြင်အောင်ကြည့်၊ သိအောင်ပြော
သတိနှင့် နားထောင် ........................................ ၂၇၃

၂၀။ အသက် ၁၂၀ ရှည်စေသောဝ် ................................ ၂၈၅

၂၁။ အနိစ္စအရက်အိုး သေခြင်းဆိုး သေသောအခါ ............... ၂၉၅

၂၂။ ပေါက်ပင်အောက်မှ ခွေးတစ်အုပ် ............................ ၃၁၃

၂၃။ နေမင်းကြီး ဝင်ချေပြီ........................................ ၃၂၃

၂၄။ အိမ်အပြန် .................................................. ၃၃၅

၂၅။ နိဂုံး ........................................................ ၃၆၇

## အကြင်နာ စကားဆိုပါ

I have got my leave. Bid me farewell, my brothers! I bow to you all and take me departure.

Here I give bace the keys of my door and I give up all claims to my house. I only ask for last kind words from you.

We were neighbours for long, but I received more than I could give. Now the day has dawned and the lamp that lit my dark corner is out. A summons has come and I am ready fo my journey.

**Tagore from Gitanjali, XCIII**

ကျွန်ုပ်ထွက်ခွာခွင့်ရပြီ။
ကျွန်ုပ်အား နှုတ်ဆက်ကြပါ မိတ်ရင်းဆွေမွန်
အားလုံးကို ကျွန်ုပ် နိမ့်ချဦးညွှတ်ခဲ့ပါသည်။
ကျွန်ုပ်၏ တံခါးသော့ကို ပြန်အပ်ပြီး
ကျွန်ုပ်၏ အိမ်နှင့် စပ်ဆိုင်မှု မှန်သမျှကိုလည်း စွန့်ခဲ့ပါသည်။

အကြင်နာ စကားကိုသာ သင့်ထံမှာ
နောက်ဆုံး တောင်းဆိုပါသည်။
ကျွန်ုပ်တို့ တာရှည် မိတ်ဆွေဖြစ်ခဲ့ကြသည်။
သို့သော် ကျွန်ုပ်သည် အပေးထက် အယူများခဲ့၏။

နေအရုဏ် တက်ချေပြီ
ကျွန်ုပ်၏ မှောင်မိုက်ကျဉ်းမြောင်းသည့် ထောင့်ဆီမှ
မီးအိမ်ငယ်သည် ငြိမ်းပါပြီ။

ကျွန်ုပ်အား ဆင့်ခေါ်စာလည်း ရောက်ပြီ။
ခရီးရှည်ချီရန် ကျွန်ုပ်သည် အသင့်။

**တဂိုး၏ ဂီတဥ္စလီမှ**

www.linhtet.com

Death, thy servant, is at my door. He has crossed the unknown sea and brought thy call to my home.

The night is dark and my heart is fearful yet I will take-up the lamp, open my gates and bow to him my welcome. it is thy massenger who stands at my door.

I will worship him with folded hands, and with tears. I will worship him placing at his feet the treasure of my heart.

He will go back with his errand done, leaving a dark shadow on my morning and in me desolate home only my farlorn delf will remain as my lsat offering to thee.

**Gitanjali-86**

မရဏာရှင်သေမင်း
သင်၏ကျေးကျွန်သည် ကျွန်ုပ်၏တံခါးဝ၌
ရှိနေပါပြီ။
သူသည် အပြောကျယ်လှသော ပင်လယ်ကိုဖြတ်ကာ
သင်၏ ခေါ်ခြင်းကို
ကျွန်ုပ်အိမ်သို့ ယူဆောင်လာခဲ့ပါသည်။

www.linhtet.com

ညသည် မှောင်မိုက်လှပါသည်၊
ကျွန်ုပ်သည် လွန်စွာ တုန်လှုပ်ချောက်ချားနေပါ၏၊
သို့သော် ကျွန်ုပ်သည် မီးအိမ်ကို ဆောင်ပါမည်၊
ကျွန်ုပ်၏ ခြံဝင်းတံခါးကို ဖွင့်ပါမည်၊
ထို့နောက် သူ့အား ဦးညွှတ်၍ ကြိုပါမည်၊
ကျွန်ုပ်တံခါးဝ၌ ရပ်နေသူသည်
သင်၏ ဆင့်ခေါ်စာကို ယူဆောင်လာသူ ဖြစ်ပါ၏။

ကျွန်ုပ်သည် သူ့အား
လက်မိုးယှက်၍ မျက်ရည်များနှင့် ရှိခိုးပါမည်၊
ကျွန်ုပ်သည် သူ့အား
သူ့ခြေရင်းတွင်
နှလုံးသား၏ ရတနာများကို ခင်း၍ ပူဇော်ပါမည်။

သူသည် ကျွန်ုပ်၏ နံနက်ခင်းအား
အရိပ်မည်းကို ထိုးစေလျက်
တာဝန်ကျေပွန်စွာဖြင့် ပြန်ပါလိမ့်မည်၊
ကျွန်ုပ်၏ ငြီးငွေ့ဖွယ် အထီးကျန်အိမ်တွင်
ကျေကွဲနေသော အတ္တသာလျှင်
သင့်အား နောက်ဆုံးပူဇော်ရာ အဖြစ်
ကျန်ရစ်ပါမည်တည်း။

**တဂိုး ဂီတဉ္ဇလီမှ-၈၆**

### ဓမ္မာစရိယ ဦးခင်မောင်၏

# အမှာစာ

**နတ္ထိ မစ္စုဿ နာဂမော။** သေမင်း ရောက်မလာမည့် နေရာမရှိ၊

နေရာတိုင်းသို့ သေမင်း ရောက်လာမည် ဧကန်ဖြစ်၏။ 'တစ်နေ့ နေ့တွင် သင့်ဆီသို့ သေမင်းရောက်လာမည်၊ သတိအပြည့်ရှိပါစေ' ဟု သင့်ကို ဤစာတန်းက တိုက်တွန်းနေ၏။

စာရေးဆရာ ချစ်စံဝင်းသည် သူ့ဆီသို့ သေမင်း ရောက်မလာမီအတွင်း အချိန်ယူ၍ သေမင်းနှင့် ပတ်သက်၍ လေ့လာခဲ့၏။ သေမင်း လာရောက်ပြီးသွားသူများ၏ နေရာ၊ သေမင်း ရောက်မလာသေးသူများ၏ နေရာ၊ သေမင်း၏လက်ရာများ၊ ယာယီထားသိုရာ နေရာ၊ သေမင်း၏ လက်ရာများ ထာဝရထားသိုရာနေရာ၊ သေမင်းတံခါးဝတွင် သေမင်းနှင့်ရင်ဆိုင်၍ အလုအယက် အယူခံ တက်နေသူများ၏ နေရာ၊ သေမင်းက အချိန်သတ်မှတ်၍ နံပါတ်ပြားပေးသွားသည့်အတွက် နှုတ်ဆက်သည့်အနေဖြင့် 'ပြောရစ်လိုက်ပါမိတ်ဆွေရာ'ဟု သူ့ကို မှာသွားသူများ၏ နေရာများသို့ လေ့လာရေး ခရီးထွက်ခဲ့၏။

ဤသို့ လေ့လာရာတွင် သေမင်းဆီသို့ မလိုက်လိုသေးသည့်အတွက် ကွဲအက်နေသော နှလုံးသားမှ ဝမ်းနည်းကြေကွဲမှုများ စိမ့်ထွက်နေသူ၏ အဖြစ်၊ သေမင်းက အခုခေါ်လျှင် အခုပင်

ထလိုက်သွားနိုင်လောက်အောင် အဆင်သင့် ဖြစ်နေသူများကို သေမင်းက မခေါ်သေးသည့်အဖြစ်၊ ကာယကံရှင်ကိုယ်တိုင်ကလည်း သေမင်းဆီသို့ မလိုက်လိုသေး၊ အများကလည်း သေမင်းဆီသို့ မထည့်လိုက်နိုင်သေးသည့်အတွက် အလုအယက် ကန့်ကွက်ပါသော်လည်း သေမင်းနှင့် အားမတန်၍ မာန်လျှော့ကာ လိုက်သွားသူများ၏အဖြစ်၊ လောကထဲမှာ လူများက သွားတော့ဟု ရိုက်ပုတ်မောင်းထုတ်ကြသော်လည်း သေမင်းက လက်မခံသေးသည့်အတွက် ဆန့်တငံ့ငံ့ နေရသူများ၏ အဖြစ် စုံလှ၏။

အမေကမွေး၍ လူဖြစ်လာရသည့်သူတစ်ယောက်ကို သေမင်းက ခေါ်ချင်လျှင် အမေ့ကိုပင် အသိမပေးဘဲ မလိမ့်တပတ်နှင့် ခေါ်သွားတတ်သော သေမင်း။ သူ မခေါ်ချင်သေးလျှင် သေမင်းနောက်သို့ လိုက်သင့်လောက်အောင် ကြီးရင့်နေသူကိုလည်း မခေါ်ဘဲနေတတ်ပြီး သူခေါ်ချင်လျှင် နုနုနယ်နယ် ငယ်သေးသည့် အရွယ်ဟု မထောက်ထားဘဲ ခေါ်သွားတတ်သော သေမင်း။ သူ မခေါ်ချင်လျှင် ရာထူးဂုဏ်သိမ် စည်းစိမ်ကင်းကွာ ဥစ္စာမရှိ မိုက်တိမိုက်ခေါင် လူ့ဘောင်၏ အလှကို ဖျက်ဆီး၍ လူ့ဘောင်အတွက် အနှောင့်အယှက်ဖြစ်နေသူကိုလည်း မခေါ်ဘဲနေတတ်ပြီး ရာထူးဂုဏ်သိမ် စည်းစိမ်အသင့်၊ သားနှင့်သမီးနှင့် တင့်တင့်တယ်တယ် ဝင့်ထည်ပျော်ပါးယဉ်ကျေးလိမ္မာသူများ၊ လောကကို အကျိုးပြုသူများကိုတော့ ထိုသူတို့၏ ကျေးဇူးဂုဏ်အတွက် မငဲ့ကွက်ဘဲ ခေါ်သွားတတ်သော သေမင်း။ လောကကြီးထဲ ရောက်နေသည်မှာ ကြာညောင်းလှပြီဖြစ်၍ သေမင်းအခေါ် စောင့်နေပါလျက် သေမင်းက မခေါ်သေးသူများ

www.linhtet.com

အတွက် ဤခရီးကား ဝေးနေသေး၏။ လောကကြီးထဲ အခုမှ ရောက်ခါရှိသေး၊ ယခုပင်ပြန်ခေါ်သွား မလိုက်ချင် လိုက်ချင်ဖြင့် လိုက်သွားရသူများအတွက် ဤခရီးကား နီးလွန်းလှ၏။

သေမင်း၏ လုပ်ရပ်သည် သဘာဝမကျ၊ သေမင်း၏ လုပ်ရပ်သည် နားမလည်နိုင်စရာ၊ သေမင်း၏ လုပ်ရပ်သည် ပရမ်းပတာနိုင်လှ၏။ သေမင်းခေါ်ချိန် ခရီးတာမှာ ဝေးသလား၊ နီးသလား၊ ဘယ်လိုမှ မှန်းထား၍မရ၊ သေမင်း၏ဆန္ဒ၊ သေမင်း၏ အလိုအရသာ ဖြစ်နေကြရ၏။ ဘာတစ်ခုမျှ အတိအကျ တွက်ဆ၍ မရရှိဘဲနေကြရ၏။

သို့သော် သေမင်းနှင့် ပတ်သက်၍ အတိအကျ တွက်ဆ၍ ရသော အချက်တစ်ခုကားရှိ၏။ ထိုအချက်ကား အခြားမဟုတ်။ 'သေမင်းကို စစ်ခင်း၍ မည်သူမျှ မနိုင်ခြင်း' ဟူသော အချက်ဖြစ်၏။ နိုင်ပါသည်ဟု ငြင်းဆိုသော်လည်း သေမင်း တကယ်မခေါ်သေး၍သာ ဖြစ်ရမည်။ သူ တကယ်ခေါ်လျှင် အသက်ရှိသူမှန်သမျှ အဘယ်သူမျှ တွန်းလှန်၍ မငြင်းဆန်နိုင်၊ အာမခံနိုင်၊ လက်မြှောက်အရှုံးပေးရသည်သာဖြစ်၏။

ဤစကားမှန်၏။ 'ဇိနော = ငါးမာန်အောင်မြင် ဘုရားရှင်' ဟူသောစကားကို ဗုဒ္ဓဘာသာဝင်များ ကြားဖူးမည် ဖြစ်သည်။ ဒေသပုတ္တမာရ်၊ ကိလေသာမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ် ဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူသည့်အတွက် ဘုရားရှင်သည် 'ဇိန'ဟူသောအမည်ကို ရတော်မူ၏။ ဇိန = မာရ်

www.linhtet.com

ငါးပါးကို ထွားထွားညက်ညက်၊ ပယ်ဖျက်ခုတ်ထွင်၊ အောင်မြင်တော်မူသော မြတ်စွာဘုရား။

ထိုဘုရားရှင် အောင်မြင်တော်မူသော မာရ်ငါးပါးတွင် မစ္စုမာရ် ဟူသော သေမင်းပါ၏။ မစ္စုမာရ်ဟူသော သေမင်းကို ဘုရားရှင် အောင်မြင်တော်မူပြီးပြီဟု ဆိုရ၏။ ဘုရားရှင်သည် ပရိနိဗ္ဗာန် ပြုပြီးသည့်နောက်တွင် (ဖြစ်ခြင်း၊ ပျက်ခြင်း၊ ရှင်ခြင်း၊ သေခြင်း၊ ပြုပြင်စီရင်ခြင်း ခံနေရသော သင်္ခတနယ်နိမိတ်မှ လွန်မြောက်၍ ခန္ဓာဝန်ဇာတ်သိမ်းကာ အေးငြိမ်းတော်မူပြီးနောက်တွင်) နောက်တစ်ဖန် ပြန်၍ သင်္ခတနယ်အတွင်း သံသရာလည်ရခြင်းကိစ္စ မရှိတော့ပြီ ဖြစ်သည့်အတွက် သေခြင်းတရား မဖြစ်ရတော့ပြီ။ ထို့ကြောင့် သေခြင်းတရားကို အောင်နိုင်သွားပြီဟူ၍ ဆိုလို၏။

သို့သော် ပရိနိဗ္ဗာန်မပြုမီတွင် ယခုလက်ရှိ ရရှိထားသော ခန္ဓာဝန်ကြီးကား ရှိနေသေး၏။ ထိုခန္ဓာဝန်ကြီးကို စွန့်လွှတ်တော်မူရဦးမည် ဖြစ်၏။ သို့အတွက် နောက်ဆုံးအနေဖြင့် တစ်ခါတော့ သေရဦးမည်ဖြစ်၏။ (စာမေးပွဲအောင်၍ ဤကျောင်းသို့ ကျောင်းတက်ရန် မလိုတော့သော ကျောင်းသားတစ်ယောက်သည် ဤကျောင်းသို့ လာရောက်ရန် မလိုတော့ဟု ဆို၍ရသော်လည်း အောင်လက်မှတ်ယူရန်အတွက် သို့မဟုတ် ကျောင်းထွက်လက်မှတ် အတွက်နှင့်တော့ ဤကျောင်းသို့ နောက်ဆုံးတစ်ခေါက်တော့ လာရောက်ရဦးမည် ကဲ့သို့ သဘောသွား ရှိမည်ထင်၏။)

www.linhtet.com

ဤသို့လျှင် မြတ်စွာဘုရားသည်ပင်လျှင် ပရိနိဗ္ဗာန် မပြုရသေးမီတွင် ခန္ဓာဝန်ကြီးမှာ သင်္ခါရနယ် သေမင်းပိုင်နက်အတွင်းမှာပင် ရှိနေသေးသည့်အတွက် မြတ်စွာဘုရား ထံတော်သို့လည်း သေမင်းသည် နောက်ဆုံးတစ်ခေါက်တော့ ရောက်သွားသေးသည်သာ ဖြစ်၏။

ဤသို့ ငါးမာရ်အောင်မြင် ဘုရားရှင်သည်ပင် သေမင်း၏ နောက်ဆုံးတစ်ခေါက် လာရောက်သည်ကို ခံယူတော် မူလိုက်ရချေသေးလျှင် အခြားသူ အသက်ရှိသော အဘယ်သတ္တဝါတို့ထံသို့ ဤသေမင်း မရောက်လာဘဲ ရှိပါလိမ့်မည်နည်း။ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာတွင် သေမင်းသည် အမှန်ရောက်လာမည်။ သေမင်း မရောက်လာမည့်နေ့၊ သေမင်း မရောက်လာမည့်အချိန်၊ သေမင်း မရောက်လာမည့် နေရာဟူ၍ မရှိချေတကား။

သို့အတွက် ကျွန်ုပ်ပြောလိုသည်မှာ သင်သည် လူ့လောကထဲသို့ ရောက်လာကာစအခါက သင့်အရင် ရောက်နှင့်နေသော လူသားများက သင် လူ့လောကသို့ ရောက်လာသည့်အတွက် ကြိုဆိုသောအားဖြင့် လှိုက်လှဲဝမ်းသာ များစွာ ရယ်မောတသောသောဖြင့် ခရီးဦးကြို ပြုကြ၏။

ဤသို့ဆိုလျှင် သင် လူ့ဘဝ ရောက်လာစအချိန်က လူအများက လှိုက်လှဲဝမ်းသာစွာ ရယ်မောလျက် ကြိုဆိုကြ၏။ ထိုအချိန် သင်သည် သူတို့၏ ညစ်ကြေးမတင် သန့်ရှင်းစင်အောင် သုတ်သင် ယုယ ကိုင်တွယ်ကြသည့်အတွက် အနှိပ်စက် ခံနေရသည့် အလား

www.linhtet.com

များစွာနာကြင်လျက် ကြယ်လောင်စွာ ဟစ်အော်၍ တကြော်ကြော် ငိုကြွေးနေရ၏။ ဤကား လူ့ဘဝထဲသို့ သင်ရောက်လာစ အချိန်၊ သင်ရောက်လာသော အနေအထားဖြစ်၏။

သို့ဖြင့် သင် လူ့လောကထဲမှ ထွက်ခွာသွားရမည့် အချိန်တွင်ကား ထို ကြိုဆိုကြသူတို့သည် သင် ထွက်ခွာသွားမည်ကို မလိုလားကြ။ သင် ရောက်လာစဉ်က ဝမ်းသာရွှင်ပျ လှိုက်လှဲစွာ ကြိုဆိုကြသလောက် ယခု သင်ထွက်သွားမည် ရှိသည့်အခါ ထိုသူတို့မှာ များစွာ ပူဆွေး ငိုကြွေးကြ၏။ အချို့မှာ ညှိုးရော်ခွေလျ ဒေါမနဿ ဖြစ်ရုံမျှနှင့် ကျေနပ်ရစွာ ဆောက်တည် နေနိုင်ကြသော်လည်း အချို့မှာမူ များစွာပူဆွေး နှလုံးသွေးရပ်မတတ် ရင်ဘတ်စည်တီး အကြီးအကျယ် မျက်ရည်တွေ ပင်လယ်ဝေလျက် ငိုကြွေးကြရ၏။ ဤကား လူ့လောကထဲမှ သင် ထွက်ခွာသွားရမည့်အခါ၊ ထွက်ခွာသည့်အခါ ထိုသူတို့၏ အနေအထား ပြောင်းလဲမှုများဖြစ်၏။

လူ့လောကထဲသို့ သင်ရောက်လာတုန်းက သူတို့က လိုလိုလားလား များစွာနှစ်ခြိုက် အလိုက်သည်းလိုက် ကြိုဆိုကြ၏။ လူ့လောကထဲမှ သင်ထွက်ခွာသွားမည့်အခါ သူတို့က မလိုလား၊ များစွာပူဆွေး ငိုကြွေးကြ၏။ ဒါ သူတို့၏ ခြားနားချက် လူ့သဘာဝ၏ ဆန့်ကျင်ဘက်များ ဖြစ်၏။

ထိုအချိန်တွင် သင် ဘယ်လိုဖြစ်မည်နည်း၊ ဘယ်လိုဖြစ်မှ သဘာဝကျမည်နည်း။ လူ့ဘဝသို့ သင် ရောက်စက သူတို့က ဝမ်းသာ

www.linhtet.com

ကြည်နူး ရွှင်မြူးနေကြသလောက် သင်က များစွာနာကျင် တအားပင် ငိုကြွေးနေရ၏။ ငိုပြနေရ၏။ ရှိစေတော့။ လူ့ဘဝ ရောက်ကာစ၊ လူသားဖြစ်ကာစ ရှိသေးသည်ကိုး။

ယခု သင် လူ့ဘဝက ထွက်ခွာသွားမည်ရှိသည့်အခါ သူတို့က ဝမ်းနည်းပက်လက် မနှစ်သက်နိုင်ဘဲ ဝမ်းနည်းစွာ ငိုကြွေးနေကြသည်။ ထိုအခါ သင်က ရယ်ပြမှာလား၊ ငိုပြမှာလား။ ရယ်ပြမှသာ သဘာဝကျမည်ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် ယခင် သူတို့ ရယ်နေကြစဉ်က သင်က ငိုပြခဲ့ရသည်။ ယခု သူတို့ ငိုကြသည့်အခါ သင်က ရယ်ပြရမည့် အလှည့်ဖြစ်၏။ သို့မှသာ သဘာဝကျမည်ဖြစ်၏။

ထိုသို့မဟုတ်ဘဲ ယခင် သူတို့ရယ်တုန်းကလည်း သင်က ငိုပြခဲ့ရ၊ ယခု သူတို့ငိုကြတော့လည်း သင်က ငိုပြရဦးမည်ဆိုပါလျှင်သင်က အငိုဘက်ကချည်း ဖြစ်နေချေပြီ။ သည်အတိုင်းဆိုလျှင် သင်သည် သဘာဝမကျသူ ဖြစ်ရတော့မည်။ ယခင် သူတို့ရယ်ကြစဉ်က သင်က ငိုပြခဲ့ရသည့်အတွက် ယခု သူတို့ ငိုကြသည့်အခါ သင်က ရယ်ပြနိုင်ရမည်။ သို့မှသာ ဆန့်ကျင်ဘက် အစုံတို့၏ ဒွန်တွဲ၍ လွန်ဆွဲပွဲမှာ သဘာဝကျကာ ကြည့်ကောင်းမည် ဖြစ်၏။

ဤ၌ ရယ်ပြရမည်ဟု ဆိုသော်လည်း တဟားဟား ရယ်မောလျက် တသောသော ကျယ်လောင်စွာ ရယ်ဖို့တော့ မဟုတ်။ သို့သော် အရေးကြီးသည်မှာ မငိုပြမိဖို့ပင် ဖြစ်၏။ မငိုပြမိဖို့ ဟူသည်မှာလည်း သတိထားဖို့ လိုသေး၏။ မျက်စိမျက်နှာတွင်တော့ မျက်ရည်

တစ်စက်မျှ မထွက်ပါ။ သို့သော် နှလုံးသားမှ တိုးတိုးတိတ်တိတ် ကြိတ်၍ ငိုနေတတ်၏။ ထိုသို့ တိတ်တခိုး ရင်တွင်းမှာ ရှာတဲ့မိုး ပမာ မငိုမိဖို့ရာ အရေးကြီးလှ၏။

ဤသို့ဆိုလျှင် သင်သည် သေမင်း လာခေါ်သည့်အခါ ရယ်ရယ်မောမောနှင့် လိုက်သွားဖို့လို၏။ ထိုသို့ သေမင်း လာခေါ် သည့်အခါ သင်က ရယ်ရယ်မောမောနဲ့ လိုက်သွားနိုင်အောင် သင်သည် သေမင်းအကြောင်း တစေ့တစောင်းတော့ သိထားမှဖြစ်မည်။ သေမင်းနဲ့ တစ်စုံတစ်ခုသော အတိုင်းအတာအထိတော့ ရင်းနှီးခင်မင် နေမှ နေရာကျမည်။ သို့မှသာ သေမင်းနှင့် လိုက်သွားဖို့အရေး သင့်မှာ ဝန်မလေးဘဲရှိမည်။ ထိုသို့ မဟုတ်မူဘဲ သေမင်းနှင့် လိုက်သွားဖို့အရေး ဝန်လေးနေပါက သင် ငိုကြွေးမိမည်မှာ သေချာ ၏။

သင် စဉ်းစားပါ။ သင့်ဆီသို့ သေမင်း ရောက်လာမည်မှာ သေချာပါသည်။ သင် အယူရှိသည်ဖြစ်စေ၊ အယူမရှိသည်ဖြစ်စေ၊ ဘာသာတရားကို လေးစားသည်ဖြစ်စေ၊ မလေးစားသည်ဖြစ်စေ၊ ဘုရားဂုဏ်ကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ တမလွန်ကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ သေမင်း အကြောင်း မတွေးကောင်းဟု ယူဆသည်ဖြစ်စေ၊ တွေးကောင်း သည်ဟု ယူဆသည်ဖြစ်စေ၊ သေမင်းနှင့် ဆုံရသည်ကို အနိဋ္ဌာရုံ ဟု ထင်သည်ဖြစ်စေ၊ ဣဋ္ဌာရုံဟု ထင်သည်ဖြစ်စေ၊ သေမင်းနှင့် ရင်ဆိုင်ရမှာ ကြောက်သည်ဖြစ်စေ၊ မကြောက်သင်ဖြစ်စေ၊ သေမင်း

www.linhtet.com

ကို ရှုံမှုန်းသည်ဖြစ်စေ၊ မရှုံမှုန်းသည်ဖြစ်စေ၊ သေမင်း–သေမင်းဟု မပြတ်တမ်း နှလုံးသွင်းနေသူဖြစ်စေ၊ သေမင်း ဆိုက နားမှလေသံ အကြားမခံနိုင်သူဖြစ်စေ၊ ဒါတွေကို သေမင်းက အရေးမထား၊ ဒါတွေကို သေမင်း နားမလည်၊ ဒါတွေကို သေမင်းက မသိ၊ သူ သိထားသည်ကား အသက်ရှိမှန်သမျှ သတ်နေရမည့်ကိစ္စသာ သူ့ကိစ္စဟု သိထား၏။

သေမင်းကို ကျောပေး၍ မည်သူမျှ ရှောင်မပြေးနိုင်။ သေမင်းကို လှည့်ပတ်၍ မည်သူမျှ မျက်ခြည်မပြတ်နိုင်။ သေမင်းကို ရန်ပြု၍ မည်သူမျှ အန်မတုနိုင်။ တစ်နေ့တွင် သေမင်း၏ ရှေ့မှောက်သို့ ဒူးထောက်ရမည်သာ ဖြစ်၏။ သေမင်း၏ စက်ကွင်းသို့ သက်ဆင်းရမည်သာ ဖြစ်၏။ သေမင်း မနိုင်သည့်သူ၊ သေမင်းကို မကြောက်သူဆို၍ တစ်ယောက်သာရှိ၏။ ထိုသူမှာ သေနေသူသာ ဖြစ်၏။

သင်သည် သေနေသူမဟုတ်။ သို့မဟုတ်က သင်သည် တစ်နေ့ သေရမည် အမှန်။ သို့ဆိုလျှင် သေမင်းအကြောင်း တစေ့တစောင်းတော့ သိထားဖို့ လိုမည်ထင်၏။ သေမင်းနှင့် ရင်းနှီးထားဖို့ လိုမည်ထင်၏။

**မသေမီက သေထားမှ သေက သက်သာမည်။**
**မအိုမီက အိုထားမှ အိုက သက်သာမည်။**

ဓမ္မာစရိယ ဦးခင်မောင်

The father came back from the funeral rites.

His boy of seven stood at the window, with eyes wide open and a golden amulet hanging from his neck, full of thoughts too difficult for his age.

His father took him in his arms and the boy asked him, "Where is mother?"

"In heaven" answered his father, pointing to the sky.

The boy raised his eyes to the sky and long gazed in silence. His bewil dered mind sent abroad into the night the question, "Where is heaven?"

No answer came; and the stars seemed like the burning tears of that ignorant darkness.

**Tagore, from The Fugitive, part II, XXI**

အဖေသည် ဈာပနအခမ်းအနားမှ ပြန်လာသည်။ ခုနစ်နှစ်အရွယ် သားငယ်က ပြတင်းပေါက်ဝယ် မျက်စိသူငယ်နှင့်၊ လည်ပင်းတွင် လက်ဖွဲ့တွေနှင့်၊ အရွယ်နှင့်မလိုက်သည့် အတွေးများနှင့်။

ဖခင်က သားငယ်အား ပွေ့သည်တွင် သားငယ်က 'အမေဘယ်မှာလဲ' ဟု မေးသည်။ ဖခင်က ကောင်းကင်သို့ လက်ညှိုးညွှန်ကာ 'နတ်ပြည်မှာ' ဟု ဖြေ၏။

သားငယ်က ကောင်းကင်ဆီသို့ ငေးမောလျက် ကြာရှည်စွာ ကြည့်နေသည်။

တွေး၍မလွယ် ဦးနှောက်ငယ်ဖြင့် 'နတ်ပြည် ဘယ်မှာရှိလေမလဲ' ဟု မေးသည်။

အဖြေကားမရ၊ ကြယ်တာရာများသည် ပိတ်ပိတ်ပိန်း မှောင်နေသော အမှောင်ထု၏ လောင်ကျွမ်းရသည့် မျက်ရည်များအဖြစ် ယိုဖိတ်စီးဆင်း မှိတ်တုတ်လင်းလျက်။

**တဂိုး၏ တိမ်းရှောင်သူများမှ**

www.linhtet.com



သေခြင်းတရားဟူသည် တမလွန်တံခါးကို ဖွင့်သော ရွှေသော့
**မီလ်တန် (၁၆၀၈ – ၁၆၇၄)**
**အင်္ဂလိပ် ကဗျာဆရာ အကျော်အမော်**

# ပုသိမ်လှထွန်း

ကျွန်တော်၏ မိတ်ဆွေရင်းချာ တစ်ဦးဖြစ်သူ ကိုလှထွန်းသည် ယနေ့နံနက်ကပင် ပုသိမ်မြို့ ပြင်သူ့ဆေးရုံကြီးတွင် အသည်းရောင် အသားဝါရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။

ဤသတင်းကို ကျွန်တော့်ထံသို့ သူ၏ ဇနီးကလည်းကောင်း၊ အခြားရင်းနှီးသူ မိတ်ဆွေများကလည်းကောင်း အကြောင်းကြားခဲ့ပါသည်။ ထိုသတင်းကြောင့်ပင် ကျွန်တော်သည် တစ်နေ့လုံး စိတ်မကောင်း ဖြစ်နေခဲ့ရသည်။ ယခု အိမ်သို့ရောက်သော် ဇနီးနှင့် သားများအား သတင်းဆိုးကို အသိပေးပြီး ကျွန်တော်သည် ဤစာကို ရေးနေမိပါသည်။

www.linhtet.com



ကိုလှထွန်းသည် ကျွန်တော် တစ်ဦးတည်းနှင့်သာ ရင်းနှီးသည် မဟုတ်။ ကျွန်တော်တို့မိသားစု တစ်စုလုံးနှင့် ရင်းနှီးခင်မင်သူဖြစ်၏။ ကျွန်တော့်အိမ်သည် သူ၏ စားအိမ် သောက်အိမ် ဖြစ်သလို ကျွန်တော်နှင့် သူသည် ရုံးလုပ်ငန်း ကိစ္စများအတွက်သာမက ဘဝ ရှေ့ရေးအတွက်ပါ ရင်းရင်းနှီးနှီး တိုင်ပင်တတ်ကြသူများ ဖြစ်သည်။ လောက၌ မိမိ၏အကျိုးကို မျှော်ကိုး၍ ပေါင်းသင်းနေထိုင်ပြီး မိမိအကျိုးအတွက်ပင် မရှက်မကြောက် သစ္စာမဲ့သူများ ရှိတတ်သော်လည်း ကိုလှထွန်းသည် ထိုကဲ့သို့သော လူစားမဟုတ်ပါ။ ကျွန်တော်သည် ဤစာကို ရေးခြင်း၏ တစ်စိတ်တစ်ဒေသသော ရည်ရွယ်ချက်သည် ဘဝဆိုတာဘာလဲ၊ အသက်ရှင်နေထိုင်မှု၏ အဓိပ္ပာယ်နှင့် အသက်ရှင်နေထိုင်စဉ်ကာလ၌ ထားရှိအပ်သော သဘောထားကို တင်ပြလိုခြင်းလည်း ပါဝင်ပါသည်။

မိတ်ဆွေသူငယ်ချင်းများတွင် တစ်ဦးချင်းစီ၌ အစဉ် သတိရ ဖွယ် ပြောစမှတ်ဖြစ်လောက်အောင် ထူးခြားသည့် အကြောင်းအရာ တစ်ခု သို့မဟုတ် နှစ်ခုတော့ ရှိတတ်ကြစမြဲ ဖြစ်၏။ ကိုလှထွန်းနှင့် ပတ်သက်၍လည်း ပြောစမှတ်ပြုရလောက်အောင် ထူးခြားသော အကြောင်းအရာနှစ်ရပ် ရှိသည်။ ကိုလှထွန်းနှင့် ပတ်သက်၍ ယခု ကျွန်တော် ရေးသားနေခြင်းမှာလည်း ဤအကြောင်းအရာ နှစ်ခုကို အလေးထား၍ ရေးသားနေခြင်း ဖြစ်သည်။

ထိုအကြောင်းနှစ်ခုမှာ ကိုလှထွန်းသည် သူ၏ ဇနီးအပေါ် သူမတူသော ခွင့်လွှတ်ခြင်းများနှင့် ချစ်ခဲ့သူတစ်ယောက် ဖြစ်ခြင်းနှင့်

www.linhtet.com



သူသည် ဓာတ်ပုံကို ပန်းချီကားတစ်ချပ်လိုဖြစ်အောင် ရိုက်နိုင်စွမ်း ရှိခြင်းတို့ ဖြစ်သည်။

ကိုလှထွန်းသည် လူအေးတစ်ယောက် ဖြစ်သည်။ သူသည် ဓာတ်ပုံကိစ္စ လုပ်နေလျှင်လုပ်၊ မလုပ်လျှင် ဝတ္ထုစာအုပ် တစ်အုပ်အုပ်ကို စွဲစွဲမြဲမြဲ ဖတ်နေတတ်သူဖြစ်၏။ သူသည် သူ့ဇနီးအား ဘဝ တစ်ခုလုံးကို ပုံ၍ ချစ်သည်ဟုဆိုလျှင် မမှားနိုင်ပါ။ သူက သူ့ဇနီးကို ချစ်လွန်း၍ နာမည်ကိုပင် မခေါ်ရက်နိုင်ဘဲ ညီမ ညီမဟုသာ နှုတ်ဖျားကမချဘဲ ခေါ်တတ်သည်။ နှုတ်ဖျားမှ မချရုံသာမက ညီမအတွက်ဆိုပါက စာများ ပေများထဲတွင် တင်စားရေးထား သကဲ့သို့ အသွေးလှူ၊ အသားလှူ တကယ်ပေးလှူမည့် လူစားမျိုး ဖြစ်သည်။ ကိုလှထွန်းသည် ဇနီးဖြစ်သူက ဘာလုပ်ချင်သနည်း။ လုပ်ချင်တာ ဖြစ်ချင်တာကို ဖွဲဖြင့် အတတ်နိုင်ဆုံး လုပ်ဆောင် ပေးတတ်သူဖြစ်၏။

ကျွန်တော်နှင့် သူသည် မကြာခဏ ဆောင်းပါးရေးသားရန် ခရီးထွက်လေ့ရှိရာ ရောက်လေရာဒေသတွင် ရှိသမျှသော ငွေလေးကို မသုံးရက် မစွဲရက်ဘဲ ညီမအတွက်ဟုဆိုကာ ဝယ်ခြမ်းလေ့ရှိ၏။ ရောက်လေရာအရပ်၌ ဓာတ်ပုံရိုက်ရာတွင်လည်း သူ့ညီမနှင့် တူသူ များကို မရရအောင်ရှာ၍ ဓာတ်ပုံရိုက်တတ်သည်။ ကိုလှထွန်းသည် သူ့ဇနီးကို ရင်ထဲ၌ ဘယ်လောက်ချစ်နေသည်ကို ကျွန်တော် အပြည့် အစုံ မသိနိုင်ပါ။ သို့သော် အတူတကွ နှစ်ပေါင်းများစွာ နေလာ ရသူဖြစ်၍ ဇနီးအား အရာရာကို ခွင့်လွှတ်တတ်သော မေတ္တာတရား

www.linhtet.com



ဖြင့် မြတ်နိုးရာတွင်ကား ကျွန်တော် တွေ့ဖူးကြုံဖူးရသည့် ယောကျ်ား များအထဲတွင် သူသည် စံထားလောက်သူ တစ်ဦးဖြစ်၏။

လမ်းစဉ်သတင်းဂျာနယ်တွင် သူက ဓာတ်ပုံသတင်းထောက်၊ ကျွန်တော်က အယ်ဒီတာဖြစ်၏။ ကျွန်တော်ရေးသော ဆောင်းပါး အများအပြားအတွက် သူက ဓာတ်ပုံရိုက်ပေးခဲ့သည်။ ကျွန်တော့်အား တစ်စုံတစ်ယောက်က ခင်ဗျား ဘယ်သူနဲ့ ဓာတ်ပုံရိုက်ချင်လဲ၊ ခင်ဗျားကြိုက်သည့် ဓာတ်ပုံဆရာတစ်ဦးကို ပြောပါဟုဆိုပါက ကျွန်တော်သည် 'ပုသိမ်လှထွန်း'ဟု ချက်ချင်းပြောပါမည်။ ထိုသို့ ပြောခြင်းကြောင့် ပုသိမ်လှထွန်းသည် အကောင်းဆုံး ဓာတ်ပုံ သတင်းထောက်၊ ဓာတ်ပုံဆရာဟု ဆိုလိုရင်းမဟုတ်ပါ။ ကိုလှထွန်း ထက် တော်သည့် ကောင်းသည့် ဓာတ်ပုံသတင်းထောက် အများ အပြားကို ကျွန်တော် တွေ့ဖူးပါသည်။ ကျွန်တော့်အကြိုက်ကို ပြောရခြင်း ဖြစ်ပါသည်။ ကိုလှထွန်းသည် သတင်းဓာတ်ပုံရိုက်ရာ တွင် တတိယတန်းအဆင့်လောက်သာ ရှိ၏။

သို့သော် သူသည် ကလေးဓာတ်ပုံများနှင့် ရှုခင်းများကို ရိုက်ကူးရာတွင် အနုပညာမြောက်လှသည်။ သတင်းဓာတ်ပုံကိုပင် ပန်းချီကားတစ်ချပ်လို ရိုက်လေ့ရှိသူဖြစ်၏။ ကလေးပုံများနှင့် ပတ်သက်၍ လည်းကောင်း၊ ရှုခင်းများ၊ သဘာဝလှုပ်ရှားမှုပုံများနှင့် ပတ်သက်၍လည်းကောင်း၊ သူ့ထံမှ မကြာခဏ ပုံကောင်းများကို ရတတ်သည်။

တစ်ခါက လူငယ်လုပ်အားပေး လှုပ်ရှားမှုဓာတ်ပုံကို ရိုက်ယူ ရာတွင် သူက ရာပေါင်းများစွာသော လူငယ်တို့ လုပ်အားပေးနေ

www.linhtet.com



ကြပုံကို ရှေ့ပိုင်းမှ သောက်ရေအိုး အသစ်လေး တစ်အိုးကို ခံ၍ ရိုက်ကူးလိုက်ရာ ဓာတ်ပုံမှာ အတော်ကြီး ပြည့်စုံသွားပါသည်။ လူငယ်များ အားမာန်နှင့် လုပ်အားပေးနေသည်ကို သောက်ရေအိုး အသစ်က အမျိုးမျိုး အဓိပ္ပာယ် ဖွင့်ပေးနေ၏။ မောပန်းသည့်အသွင်၊ သို့သော်လည်း မောသမျှ ပြေပျောက်ရမည့် သဘော၊ လုပ်အားပေး လူငယ်တို့၏ ရင်တွင်းဝယ် သောက်ရေအိုးမှ ရေလို အေးချမ်း နေသည့်လက္ခဏာ၊ ဓာတ်ပုံထဲမှ သောက်ရေအိုးနှင့် ကိုင်းတပ်ထား သော သောက်ရေခွက်ကလေးတို့ ဟန်ချက်ညီညီ ရှိပုံက လူငယ်ထု အတွင်း စည်းလုံးညီညွတ်မှုကို ပြဆိုနေပြီး သောက်ရေအိုးအသစ် ကလေးက လူငယ်တို့၏ ငယ်ရွယ်သော ဂုဏ်ငယ်ကို ကိုယ်စားပြု နေ၏။

တစ်ခါက ကြက်သွန်ခင်းတစ်ခုကို ပင့်၍ ဓာတ်ပုံရိုက်ယူခဲ့ရာ ကြက်သွန်ပွင့်များသည် ကြက်သွန်ခင်းထဲမှ မိန်းကလေး၏မျက်နှာ နှင့် လာရောက် အလှချင်းပြိုင်နေပြီး ကြက်သွန်မြိတ်များအပေါ်တွင် နှင်းဥ၊ နှင်းပေါက်လေးများက ပြုတ်ကျတော့မလို တွဲလွဲခိုနေ၍ ယင်းအပေါ်သို့ အလင်းရောင်များ ဖိတ်ကျနေပုံမှာ အလွန်မှ လှသည်။ ယခုအခါ ရောင်စုံဓာတ်ပုံများ ခေတ်စားနေသော်လည်း ထိုကဲ့သို့ သော အဖြူအမည်း ဓာတ်ပုံများကို ကြည့်ရသည်မှာ ပို၍ ခံစား ရသည်။

ကျွန်တော်သည် ကလေးများကို ဓာတ်ပုံရိုက်မည်ဆိုပါက ကိုလုထွန်း ရိုက်ပေးနိုင်သောနေ့အထိ စောင့်၍ ရိုက်တတ်သည်။ သူ ရိုက်၍ ထွက်လာသော ဓာတ်ပုံများကို မြင်ရလျှင် စောင့်ရကျိုး

www.linhtet.com



နပ်ကြောင်း အမြဲတွေ့မြင်ရ၏။ ကျွန်တော်၏ သားအလတ်ဖြစ်သူ မောင်ဖိုးခွား၏ ဓာတ်ပုံကို သူရိုက်ပေးခဲ့ရာ ထိုဓာတ်ပုံသည် ကလေး အထူးကု သမားတော်ကြီး ဦးတင်ဦးက စာအုပ်ထုတ်ဝေသောအခါ မျက်နှာဖုံးအဖြစ် တိုက်ရိုက် အသုံးပြုနိုင်ခဲ့၏။

ထိုကဲ့သို့သော ဓာတ်ပုံများကို ဖန်တီးနိုင်သူသည် ကျွန်တော် တို့ကဲ့သို့သော အယ်ဒီများအတွက် ထာဝစဉ် လိုအပ်နေသူ ဖြစ်၏။ သို့သော် အခုတော့ အနီးအဝေး၊ အလင်းအမှောင် ပြေပြစ် အောင် ဖန်တီးနိုင်သူ ဓာတ်ပုံသတင်းထောက်တစ်ဦး ဆုံးပါးခဲ့ရပြီ ဖြစ်သည်။

**အနုပညာဟူသည် အစားထိုး၍ မရပါ။ ပုသိမ်လှထွန်းကား ဆုံးပါးခဲ့ပါပြီ။ သို့သော် သူ့နေရာတွင် အခြားသူတစ်ဦး အစားထိုး၍ မရပါ။ အခြားအနုပညာရှင်တစ်ဦးကို အစားထိုးပါက ထိုသူသည် ပုသိမ်လှထွန်းထက် ပို၍ကောင်းသော လက်ရာများကို ရိုက်ကူး နိုင်သူတစ်ဦး ဖြစ်လျှင် ဖြစ်မည်။ သို့သော် ကိုလှထွန်းကား မဟုတ် တော့ပါ။**

**ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှား၊ ဆရာကြီး ဦးသိန်းဖေမြင့် အစရှိသော စာရေးဆရာကြီးများလည်း ဆုံးပါးကြပြီ ဖြစ်၏။ သို့သော် သူတို့အတွက် အစားထိုး၍ မရပါ။ ဆရာကြီး များထက် ဘာသာပြန်တော်သူများ၊ စာရေးကောင်းသူများ ပေါ်ထွက် လာလျှင် ပေါ်လာကြပါဦးမည်။ သို့သော် ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား နှင့် သိန်းဖေမြင့်ကား မဟုတ်နိုင်တော့ပါ။ သိပ္ပံပညာသည် ပုံတူ**

**ပစ္စည်းများကို ဖန်တီးထုတ်လုပ်နိုင်သော်လည်း အနုပညာတွင် ပုံတူ ထွက်လေ့မရှိ။ အနုပညာ၏ သဘောမှာ ပုဂ္ဂလိကဆန်၏။ တစ်ဦးချင်း ၏ စေတနာနှင့် စွမ်းရည်များ ပါဝင်ပြီး ထိုစေတနာနှင့် စွမ်းရည်သည် အခြားသူတစ်ဦး၏ စေတနာနှင့် စွမ်းရည်တို့နှင့် ခြားနားမှုရှိသည်။**

ကျွန်တော်နှင့် ကိုလုထွန်းသည် မကြာသေးမီကပင် တွေ့ဆုံခဲ့သည်။ သို့တွေ့ဆုံစဉ်က သူသည် မကြာမီပင် အငြိမ်းစားယူရန် အစီအစဉ်ရှိကြောင်း၊ အငြိမ်းစား ယူပြီးပါက တစ်ဖက်မှ ဓာတ်ပုံရိုက်ကူးသည့် လုပ်ငန်းကို လုပ်ပြီး အခြားတစ်ဖက်မှလည်း စာပေလုပ်ငန်းတွင် အခြေချရန် အစီအစဉ်ရှိကြောင်း ပြောကြားခဲ့၏။ ထို့နောက် သူသည် ဆေးပင်စင်ယူဖို့ရှိပေရာ လိုအပ်သော ဆေးစစ်မှုများခံယူရန် သက်ဆိုင်ရာ ဆရာဝန်နှင့် တွေ့ဆုံရေးအတွက်ပင် သူနှင့် ကျွန်တော် ရက်တစ်ရက်ကို ချိန်းဆိုထားခဲ့၏။

အခုတော့ ချိန်းဆိုထားသည့်ရက်သို့ မရောက်မီပင် သူ့ဘဝ၌ အမှောင်ကြီးကျခဲ့သည်။ ကျွန်တော်သည် ကိုလုထွန်းအကြောင်းကို စဉ်းစားရင်း သေခြင်းတရားအပေါ် အလေးအနက်ထား တွေးတောနေမိ၏။

သေခြင်းတရားသည် လူတိုင်း ရင်ဆိုင်ရမည့် တရားဖြစ်ပြီး အကြောင်းတစ်စုံတစ်ရာပြကာ ရှောင်လွှဲ၍ မရနိုင်သောအရာ ဖြစ်၏။ အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်ခြင်းသည်ပင်လျှင် သေဖို့ရန် အစပျိုးခြင်း ဖြစ်သည်။

ကျွန်တော်သည် သေခြင်းတရားကို အစောဆုံး ကျွန်တော့်ညီ ဝမ်းကွဲ သေဆုံးစဉ်က တွေ့ကြုံခဲ့၏။ ထိုစဉ်က ဖြစ်ရပ်ကို ကျွန်တော် လည်း ယနေ့ထက်တိုင် မေ့ပျောက်ခြင်းမရှိ။ ကျွန်တော်နှင့် ညီဝမ်းကွဲ တော်သူ မောင်စိန်ဝင်းတို့သည် တစ်နှစ်ကြီး တစ်နှစ်ငယ်ဖြစ်သည်။ သူသည် ကျောက်ပေါက်၍ သေဆုံးခဲ့သည်။ ကျွန်တော်တို့ ငယ်စဉ်က ရွာတွင် ကျောက်ပေါက်၍ သေဆုံးသူများ မကြာခဏ ရှိသည်။ ယခုတော့ လူသားတို့က ကျောက်ရောဂါကို နှိပ်ကွပ်ထားနိုင်ပြီ ဖြစ်၏။ မြန်မာနိုင်ငံတွင် ယခုအခါ ကျောက်ရောဂါ လုံးဝကင်းရှင်း ကြောင်း ကြေညာထားပြီး ဖြစ်ပါသည်။

မောင်စိန်ဝင်း သေသောအခါ သူ့အမေ၊ ကျွန်တော့်အမေနှင့် အခြား ကျွန်တော်၏ အဒေါ်များက ဟစ်အော်၍ ငိုကြသည်ကို ကျွန်တော် မှတ်မိ၏။ ထို့နောက် သူ၏အလောင်းကို ရွာသားများက ထမ်း၍ ရွာပြင်သို့ ယူသွားကြသည်။ ထိုစဉ်က သူတို့ ဘယ်ကို ယူသွားကြသည်ကို ကျွန်တော်မသိပါ။ ကျွန်တော် အတော်လေး ကြီးလာမှ ကျွန်တော့်ညီဝမ်းကွဲ၏ အလောင်းကို သုသာန်သို့ ယူသွား ကြောင်း သိလာရ၏။ ထိုအခါ အမေက ကျွန်တော့်ကို သုသာန်သို့ မလိုက်စေခဲ့ပါ။ သို့သော် အိမ်မှာလည်း မထားခဲ့ဘဲ ကျွန်တော့် မွေးစားအမေဖြစ်သော အမေမြိုင့်အိမ်တွင် ပို့ထားခဲ့သည်။ ဤသည်မှာ ကျွန်တော် အစောဆုံး တွေ့ကြုံခဲ့ဖူးသည့် သေခြင်းတရားဖြစ်၏။ ကျွန်တော်နှင့် ကစားဖက်လည်းဖြစ်၊ ညီအစ်ကိုလည်း ဖြစ်သောကြောင့် ရက်ပေါင်းအတော်ကြာ သူ့ကို ကျွန်တော် လွမ်းနေမိ၏။ သေစေတဲ့ လူကြီးက ဘာပြုလို့ ငါ့ညီကို ခေါ်သွားရသလဲဟုလည်း စိတ်ထဲက

မကျေမနပ်ဖြစ်နေခဲ့သည်။ တစ်နေ့နေ့တွင် ကျွန်တော်နှင့် ကျွန်တော့်ညီ ပြန်တွေ့ကြဦးမည်ဟုလည်း ထိုအခါက ကျွန်တော် ယုံကြည်နေမိ၏။

ကျွန်တော် အတော်လေးကြီးလာသောအခါ ကျွန်တော်၏ အဖေကြီးနှင့် အမေကြီးများ ဆုံးပါးခဲ့ကြ၏။ အဖေကြီးနှင့် အမေကြီး ဆုံးပါးခဲ့ရသော ဖြစ်ရပ်များကို ကျွန်တော်သည် ကောင်းကောင်း မှတ်မိပါ၏။ အဖေကြီး အမေကြီး ဆိုသည်မှာ ကျွန်တော့်အမေ၏ ဖခင်ကြီးနှင့် မိခင်ကြီးတို့ ဖြစ်သည်။ အဖေကြီးသည် မကွယ်လွန်မီ နာတာရှည်ရောဂါဖြင့် နှစ်နှစ်လောက် ခံစားခဲ့ရသည်။ အဖေကြီးရော အမေကြီးပါ သွေးတိုး၍ လေဖြတ်သွားရာမှ အသက်ဆုံးရှုံးသွားရခြင်း ဖြစ်၏။

ထို့နောက် ကျွန်တော့်အား ပညာသင်ကြားရေးတွင်ရော ဘဝလမ်းခရီးတွင်ပါ စောင့်ရှောက် ဖေးမပေးခဲ့သူ အစ်ကိုတစ်ဦး ဆုံးပါးချိန်တွင်တော့ ကျွန်တော်သည် ချောက်ချားခဲ့ရ၏။ သည့်နောက်တွင်တော့ ကျွန်တော့်အား မွေးစားခဲ့သည့်မိခင် ဆုံးပါးခြင်း၊ ကျွန်တော်၏ ၁၃ ရက်သာ ရှိသေးသော သားငယ် အသားဝါ၍ ဆုံးပါးခြင်း၊ မိတ်ဆွေများ၊ သူငယ်ချင်း၊ ဆွေမျိုးသားချင်းများ စသည့် ဆုံးရှုံးရမှု အများအပြားကို ကြုံတွေ့ခဲ့ရသည်။ ကျွန်တော်၏ အသက်သည် ၄၀ ကျော်ခဲ့ပြီဖြစ်သော်လည်း ကျွန်တော်သည် သေဆုံးမှု ဖြစ်ရပ်များကို အကြိမ်လေးရာမက ကြုံတွေ့ခဲ့ရပြီဖြစ်၏။

ကျွန်တော်၏ ဆရာရင်းဖြစ်သော ဆရာတော် ဦးဝိရိယ၊ ငယ်ဆရာဦးသိန်းထွန်း၊ ဆရာကြီး ဦးသာဒင်၊ ဆရာဦးဘအောင်၊ ဆရာဦးစိန်ငွေး အစရှိသော ငယ်ဆရာများလည်း ဆုံးပါးခဲ့ပြီဖြစ်၏။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာဦးသိန်းဖေမြင့်၊ ဆရာဇေယျ၊ ဆရာဇဝန၊ ဆရာကြီးသခင်ဘသောင်း အစရှိသော စာပေလောကမှ သင်ဆရာ၊ မြင်ဆရာများ ဆုံးပါးခဲ့သည်ကိုလည်း တွေ့ကြုံခဲ့ရသည်။ ကိုတင်ဝင်းသင်၊ သန်လျင်ကြည်တင်၊ ရန်ကုန်တင်အောင်၊ ဗိုလ်ကြီး မောင်ခိုင် အစရှိသော ရေးဖော်ရေးဖက် သူငယ်ချင်းများလည်း ဆုံးရှုံးခဲ့ကြသည်။

ကျွန်တော်ကိုယ်တိုင်သည်လည်းကောင်း၊ ဤစာကို ဖတ်ရှုနေသူ စာဖတ်သူကိုယ်တိုင်သည် လည်းကောင်း တစ်နေ့တွင်တော့ ဆုံးရှုံးရဦးမည် ဖြစ်၏။ သို့သော် ဤမျှသေချာသော သေခြင်းတရား ဆိုသည်က မသိနိုင်သောတရားဖြစ်၏။

*

ကျွန်တော်သည် သေခြင်းတရားကို အလေးအနက်ထား၍ ဤစာကို ရေးနေချိန်တွင် ကျွန်တော်စာရေးနေသော အခန်း၏ အပြင်ဘက်၌ သားလတ်ဖြစ်သူ မောင်ဖိုးခွားက သူ၏စာကို အော်၍ ဖတ်နေသည်။

**ဤခရီးနီးသလား။**
**ငါးနာရီလာရ၏။**
**မီးရထားစီးလာပါ။**
**သတိထားပါ။**

သားငယ်က ဤစာပိုဒ်ကို ထပ်ကာ ထပ်ကာ ရွတ်ဆိုရင်း အလွတ်ကျက်နေသည်။ ကျွန်တော်၏ နားထဲတွင်လည်း သားငယ်၏ ဖတ်စာသည် ပဲ့တင်ထပ်၍ မည်လာသည်။

**ဤခရီးနီးသလား။**
**ဤခရီးနီးသလား။**
**ဤခရီးနီးသလား။**

သေခြင်းတရားဟူသော ဤခရီးသည် နီးသလား။

- **ဘယ်အသက် အရွယ်တွင် သေရမည်ကို မည်သူမျှ မသိပါ။**
- **ဘယ်လို ဝေဒနာ၊ ဘယ်လို အန္တရာယ်နှင့် သေဆုံးရမည်ကို မည်သူမျှ မသိပါ။**
- **ဘယ်နေ့ ဘယ်အချိန် သေဆုံးရမည်ကိုလည်း မသိပါ။**

– ဘယ်နေရာမှာ သေရမည်ကိုလည်း မသိပါ။
– သေပြီးသည့်၏ အခြားမဲ့၌ ဘာဖြစ်မည်ကိုလည်း ဘုရား ရဟန္တာမှတစ်ပါး အခြားမည်သူမျှ မသိနိုင်ပါ။

*

လူသားတို့သည် သေခြင်းတရားကို အကြီးဆုံးသော မကောင်းဆိုးဝါးအဖြစ် သံသယတစ်စုံတစ်ရာမရှိဘဲ တုန်လှုပ်ချောက်ချားစွာဖြင့် လက်ခံထားကြသော်လည်း သေခြင်းဟူသည် လူတစ်ဦးစီအတွက် အကောင်းဆုံး မဖြစ်ပေဘူးလားဟူသည့် အချက်နှင့် ပတ်သက်၍ကား မည်သူမျှ လေးလေးနက်နက် မစဉ်းစားကြပါ။

ဒဗလျူမစ်ဖို့ (၁၇၄၄–၁၈၂၈)
အင်္ဂလိပ်လူမျိုး သမိုင်းပညာရှင်

## မပိုင်သည့်အရေး

"အကြင်ကုန်သည် အမျိုးသား၏ ခရီးဆုံးသည် နီးပါပြီလော"

"သာဝတ္ထိသို့ ဝင်ရန် မြစ်တစ်ခုသာ ခြားတော့၏။ ကျွန်ုပ်တို့၏ ခရီးဆုံးက မဝေးတော့ပါပြီ။ သို့သော် ကျွန်ုပ်တို့သည် ခရီးပန်းလှပေပြီ။ ယခုညတွင် ဤမြစ်တစ်ဖက်ကမ်းတွင်ပင် အိပ်စက်၍ ခရီးတစ်ထောက် နားကြရမည်။ နံနက်မိုးသောက်သောအခါတွင်မှသာ သာဝတ္ထိမြို့သို့ ဝင်ကြတော့အံ့"

တစ်ခါက ကုန်သည်တစ်ဦးသည် ဝေးလံသောအရပ်မှ အဝတ်အထည်များကို လှည်းငါးရာဖြင့် တင်ဆောင်၍ သာဝတ္ထိမြို့အနီးသို့ ရောက်ရှိလာသည်။ သာဝတ္ထိမြို့သို့ ဝင်ရန် မြစ်တစ်ခုသာ

ခြားနေတော့၏။ ထိုအခါ ကုန်သည်အမျိုးသားသည် ငါတို့လာခဲ့ရသော ခရီးကလည်း ဝေးလံလှသည်။ အားလုံးသော လှည်းသမားတို့သည်လည်း ခရီးပန်းလာကြသည်။ ထို့ကြောင့် ယခု မြစ်တစ်ဖက်ကမ်းတွင်သာ ခရီးတစ်ထောက်နား၍ နက်ဖြန်တွင်မှ မြစ်ကိုကူး၍ သာဝတ္ထိမြို့တွင်းသို့ ဝင်တော့အံ့ဟု စိတ်ကူးကာ မြစ်ကမ်းနဖူးတွင်ပင် လှည်းငါးရာကို ဖြုတ်စေ၍ နားနေလိုက်ကြ၏။

ထိုနေ့ ညဦးယံသို့ ရောက်သောအခါ မိုးကြီးသည်းထန်စွာ ရွာတော့သည်။ မိုးကြီးရွာသွန်းမှုကြောင့် မြစ်တစ်ခုလုံးသည် ရေအလျှဉ်ဖြင့် ဖုံးအုပ်ကာ ပြည့်လျှံသွားတော့သည်။ ရေများသည် ခုနစ်ရက်တိုင်တိုင်ပင် လျော့ကျသည်ဟူ၍ မရှိဘဲ ပြည့်လျှံ၍သာ နေတော့၏။ ထို့ကြောင့် ကုန်သည် အမျိုးသားသည် တစ်ဖက်ကမ်းသို့ မကူးနိုင်ဘဲ ရှိတော့သည်။

မြစ်တစ်ဖက်ကမ်း သာဝတ္ထိမြို့အတွင်း၌ကား နက္ခတ်ပွဲသဘင်ကို ခုနစ်ရက်တိုင်တိုင် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိ၏။ မြစ်ရေလည်း ခုနစ်ရက်တိုင်တိုင် မကျဘဲရှိပေရာ ကုန်သည်အမျိုးသားသည် မည်သို့မျှ တစ်ဖက်ကမ်းသို့ မကူးနိုင်ဘဲ ရှိခဲ့၏။ ထို့ကြောင့် သာဝတ္ထိမြို့ နက္ခတ်ပွဲသဘင်၌ အဝတ်အထည်များ ရောင်းချရန် အားခဲ၍လာခဲ့သော ကိစ္စမှာလည်း မအောင်မမြင် ဖြစ်ခဲ့ရတော့သည်။

ကုန်သည်အမျိုးသားသည် အထည်ရောင်းချရန်ကိစ္စ မအောင်မမြင်ဖြစ်ရသည်ကို မည်သို့ ပြုလုပ်ရမည့်အကြောင်း စဉ်းစားရာမှ "ငါသည် ဝေးလံသောခရီးကို ဖြတ်ကျော်၍လာခဲ့ရသည်။ ယခု ပစ္စည်းများ မရောင်းရ၍ ပြန်တော့အံ့ဟုဆိုလျှင် အပြန်ခရီးသည်ပင်

အတော်ကြာဦးမည်။ ထို့ကြောင့် ဤအဝတ်အထည်များကို ဤနေရာ၌ပင် စတည်းချ၍ နွှေမိုးဆောင်း ရောင်းချတော့မည်။ အဝတ်အထည်များ ကုန်မှပင် ငါပြန်တော့မည်"ဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

ထိုသို့ ကုန်သည်က ဆုံးဖြတ်ချက်ချနေချိန်တွင် မြတ်စွာဘုရားသည် ထိုနေရာသို့ ဆွမ်းခံကြွရင်း ရောက်ရှိလာရာ ကုန်သည်၏ အကြံကို သိတော်မူ၍ မြတ်စွာဘုရားသည် ပြုံးတော်မူလေ၏။ ထိုအခါ မြတ်စွာဘုရား၏ နောက်ပါးမှ ခစားလျက်ရှိသေ အရှင်အာနန္ဒာက မြတ်စွာဘုရား ပြုံးတော်မူရခြင်းအကြောင်းရင်းကို လျှောက်မေးသောအခါ မြတ်စွာဘုရားက–

"အာနန္ဒာ သင်သည် ဟိုကုန်သည်ကို တွေ့သည် မဟုတ်ပါလား"ဟု မေးလေ၏။

"တွေ့ပါတယ် မြတ်စွာဘုရား"

"ဤကုန်သည် အမျိုးသားသည် သူသေရမည့်ရက်ကို သူမသိသဖြင့် ဤနေရာ၌ပင် သူ့ကုန်များကို တစ်နှစ်ပတ်လုံး ရောင်းချရန် စိတ်ကူးဆုံးဖြတ်နေ၍ ငါပြုံးရသည်"

"မြတ်စွာဘုရား ထိုသူ၏ အသက်အန္တရာယ်သည် အလွန်ပင်နီးကပ်နေပါပြီလားဘုရား"

"ချစ်သား အာနန္ဒာ ကုန်သည်၏ အသက်အန္တရာယ်သည် အလွန်မှ နီးကပ်လျက်ရှိသည်။ ကုန်သည်၏ အသက်သည် ခုနစ်ရက်စာသာ ကြွင်းကျန်နေတော့သည်။ ဤနေ့မှ ခုနစ်ရက်မြောက်သော

နေ့တွင် ဤကုန်သည် သည် သေမင်း၏ ခံတွင်းသို့ သက်ဆင်းရလိမ့် မည်ဖြစ်သည်”

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူပြီး သေခြင်းတရား ကိုလည်း အောက်ပါအတိုင်း ဆင်ခြင် နှလုံးသွင်းတော်မူ၏။

**ပြုဖွယ်ကိစ္စဟူသမျှကို ယနေ့ပင် ပြုလုပ်အားထုတ်သင့်သည်။ သေမည့်ရက်ကို မည်သူမျှ ဧကန်ပိုင်ပိုင် မသိနိုင်၊ စစ်သည်အင်အား မြောက်မြားလှသော သေမင်းနှင့် အချိန်းအချက်ဆိုသည်မရှိ။ ထို့ကြောင့် ပြုဖွယ်ကိစ္စဟူသမျှကို နေ့ရောညဉ့်ပါ မပျင်းမရိ အားထုတ် သင့်၏။ ထိုသို့ အားထုတ်သူအတွက် နေ့ရက်ဟူသမျှသည် ကောင်း မြတ်သည်သာ ဖြစ်၏။**

မြတ်စွာဘုရားသည် ဤသို့ နှလုံးသွင်း ဆင်ခြင်ပြီးသည် ရှိသော် အရှင်အာနန္ဒာက ဆက်လက်၍–

‘မြတ်စွာဘုရား၊ ထိုသူအား သွားရောက်ပြောကြားရပါမည် လား ဘုရား’ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားက–

‘အာနန္ဒာ၊ သင်နှင့် အကျွမ်းဝင်လျှင် သွား၍ပြောကြားချေ’ဟု မိန့်ကြားတော်မူရင် အရှင်အာနန္ဒာသည် လှည်းများစခန်းချရာသို့ သွားရောက်၍ ဆွမ်းရပ်တော်မူ၏။

ထိုအခါ ကုန်သည် အမျိုးသားသည်လည်း မထေရ်မြတ်အား စားသောက်ဖွယ်ရာတို့ဖြင့် ပြုစုလုပ်ကျွေးလေ၏။ ထိုစဉ် အရှင် အာနန္ဒာက–

'ဒါယကာကုန်သည်၊ သင်သည် ဤအရပ်၌ မည်မျှကြာကြာ နေဦးမည်နည်း'ဟု မေးသောအခါ ကုန်သည်က–

'အရှင်ဘုရား၊ တပည့်တော်သည် ဝေးလံသောခရီးမှ လာရပါသည်။ လာရခြင်းအကြောင်းရင်းမှာ သာဝတ္ထိမြို့၏ နက္ခတ်ပွဲသဘင်၌ တပည့်တော်ပါလာသော အထည်များကို ရောင်းချရန်ဖြစ်ပါသည်။ သို့သော်လည်း မြစ်ရေကြီးမှုကြောင့် သာဝတ္ထိမြို့၏ နက္ခတ်ပွဲသဘင်ကို မမီခဲ့တော့ပါ။ ယခုအခါ နက္ခတ်ပွဲသဘင်လဲ ပြီးခဲ့ပြီဖြစ်၍ ပြန်ရဦးမည်ဆိုပါက အချိန်များ အလွန်မတန် ကြာညောင်းပါဦးမည်။ ထို့ကြောင့် တစ်နှစ်ပတ်လုံး ဤအရပ်တွင်ပင်နေ၍ ဤအထည်များကို ရောင်းချရန် စိတ်ကူးဆုံးဖြတ်ထားကြောင်းပါဘုရား' လျှောက်ထားလေ၏။

'အသင်ဒါယကာကုန်သည်၊ အသက်အန္တရာယ်ဟူသည် သိနိုင်ခဲသောအရာဖြစ်၏။ ထို့ကြောင့် ဤကိစ္စအား မမေ့မလျော့ သတိထားရန် လိုအပ်ပေသည်'

ထိုသို့ အရှင်အာနန္ဒာက မြွက်ကြားတော်မူသောအခါ ကုန်သည်အမျိုးသားသည် စိုးရိမ်မှုဖြစ်လာသောကြောင့်–

'အရှင်ဘုရား၊ တပည့်တော်တွင် အသက်အန္တရာယ်ရှိနေ၍ မိန့်ကြားတော်မူခြင်းပါလော'ဟု လျှောက်ထားလေသည်။

'မှန်ပေသည် ဒါယကာ၊ သင်၏ အသက်သည် ခုနစ်ရက်စာမျှသာ ကြွင်းကျန်တော့၍ ဤကိစ္စကို မမေ့မလျော့ သတိပြုသင့်ပြီဖြစ်သည် ဒါယကာ'

အရှင်အာနန္ဒာ၏ မြွက်ကြားချက်ကို ကြားသောအခါ ကုန်သည်လည်း ကြီးစွာသော ထိန်လန့်ခြင်းဖြစ်၍ မြတ်စွာဘုရား အမှူးပြုသော ရဟန်းသံဃာတို့ကို ထိုအရပ်သို့ပင့်ဖိတ်၍ ခုနစ်ရက် ပတ်လုံး အလှူကြီးကိုပေးလှူကာ အနုမောဒနာ ပြုလေ၏။

မြတ်စွာဘုရားသည်လည်း **'ဒါယကာ၊ အမြော်အမြင် ပညာ ရှိသူသည် ဤနေရာတွင်ပင် နွေ မိုး ဆောင်း နေမည်၊ ဤကိစ္စကို ပြုဦးမည်၊ ဤသို့ချည်း စိတ်ကူးနေရန် မသင့်၊ မိမိ၏ အသက် အန္တရာယ် သေခြင်းတရားကိုလည်း အစဉ်ထည့်သွင်းစဉ်းစားရန် လိုအပ်လှသည်'**ဟု မိန့်ကြားတော်မူလျှင် ကုန်သည်ဒါယကာ အမျိုး သားလည်း တရားတော်၏ အဆုံးတွင် သောတာပန် တည်လေသည် ဟု ဆို၏။

ထို့နောက် ကုန်သည် ဒါယကာသည် မြတ်စွာဘုရားနှင့် သံဃာတော်တို့အား လိုက်လံပို့ဆောင်လေ၏။ ထို့နောက် မိမိနေရာ မြစ်ကမ်းသို့ ပြန်လည်ရောက်ရှိသောအခါ 'ခေါင်းမူးလှသည်'ဟု ဆိုကာ အိပ်ရာထက်၌ လှဲအိပ်လိုက်စဉ်ပင် ကွယ်လွန်၍ တုသိတာ ဘုံဗိမာန်၌ တည်လေ၏။

* * *

ကျွန်တော်သည် ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် နေခဲ့သူဖြစ်သည်။ ကျွန်တော်၏ ဆရာတော်ရင်းသည် ကဝမြို့နယ်၊ ရစ်ကံကြီးရွာ အရှေ့ကျောင်း သာသနဇောတိက ပုဗ္ဗာရာမ ဆရာတော် ဦးဝီရိယ ဖြစ်၏။ ဆရာတော်ကြီးသည် အထက်ပါ နိပါတ်တော်ကို ပုံပြုကာ သေခြင်းတရားကို မမေ့မလျော့စေရန် မကြာခဏ တရားဟောတော်

မူ၏။ ကျွန်တော်သည် ဆရာတော်၏ ထီးကိုထမ်းရင်း ဆရာတော်၏ နောက်ပါးမှ အမြဲလိုက်နေရသူဖြစ်၍ ဤတရားတော်ကို အကြိမ်ကြိမ် နာဖူးသည်။ အစဉ်လည်း သတိရနေသည်။ သို့သော် တစ်ခါဖူးမျှ ဤတရားကို ဆင်ခြင်ခဲ့ဖူးသည်ဟူ၍ မရှိခဲ့။

အခုတော့ ဤတရားကို အလေးအနက်ထား၍ ဆင်ခြင်နေမိသည်။ ကျွန်တော်၏မိတ်ဆွေ ကိုလှထွန်းသည် သူ့အလုပ်မှ ပင်စင်ယူရေးအတွက် ဆေးထောက်ခံစာယူရန် ကျွန်တော်နှင့် ချိန်းထားသည်။ ထို့နောက် ကျွန်တော်ကလည်း ကျွန်တော်တို့ မိသားစုအား ဓာတ်ပုံရိုက်ကူးပေးရန် မှာကြားထားသည်။ သူသည် ကျွန်တော်နှင့် ချိန်းထားသောနေ့တွင် ကျွန်တော်တို့မိသားစုနှင့် ထိုနေ့တစ်နေ့လုံး အတူလာ၍နေမည်။ ထို့နောက် ဓာတ်ပုံရိုက်ကြမည်။ ညနေစာကို အတူတကွစားကြမည်။ ပြီးပါက စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ဆွေးနွေးကြမည်ဟု စီစဉ်ထား၏။

ထိုသို့ စီစဉ်ထားသော ရက်သို့မရောက်မီပင် သူက သေနှင့်နေသည်။

သေခြင်းတရားသည် အလွန်မှ လျင်မြန်လှသည်။ သေခြင်းတရား၏ လျင်မြန်ပုံနှင့် ပတ်သက်၍ ပြောဆိုရေးသား ပမာထား၍ ဆိုထားသည်များ အများအပြားရှိသည်။

သေခြင်းတရားသည် ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက်မကွေးမီ ရောက်ရှိလာနိုင်သည်။

ကျွမ်းကျင်သော ဆရာ၏ ထံပါး၌ ဆယ်နှစ် ဆယ့်နှစ်နှစ်တိုင် လေးအတတ်ကို သင်ကြားခဲ့၏။ ထိုသို့ သင်ကြားပြီး၍ လေးအတတ်တွင် အလွန်ကျွမ်းကျင် လိမ္မာကြကုန်သော လေးသည်တော် လေးဦးတို့သည် တိုင်ကိုဖြစ်စေ၊ သစ်ပင်ကိုဖြစ်စေ အလယ်တွင်ထား၍ ကျောချင်းကပ်ကာ အရပ်လေးမျက်နှာသို့ မူတည်၍ တစ်ပြိုင်နက်တည်း ပစ်လွှတ်အပ်သော မြားတို့ကို လေ၏အဟုန်ကဲ့သို့ လျင်မြန်သော အားအစွမ်းနှင့် ပြည့်စုံသည့် အကြင်ယောကျ်ားသည် ထိုလေးစင်းစလုံးသော မြားတို့ကို မြေသို့မကျမီ သိမ်းယူ ဖမ်းဆီးနိုင်စွမ်းရှိသည်။

အကြင်ယောကျ်ားသည် ဤသို့လျှင် အလွန်မှ လျင်မြန်လှပေ၏။

ထိုမျှလောက်လျင်မြန်သော ယောကျ်ား၏ လျင်မြန်ခြင်းထက် ကောင်းကင်၌ သွားလာနေကြကုန်သော ကြယ်နက္ခတ်တာရာတို့၏ လျင်မြန်ခြင်းက သာလွန် လျင်မြန်လှသည်။

ထို ကြယ်နက္ခတ်တာရာတို့၏ လျင်မြန်ခြင်းထက် ယင်းကြယ်နတ်က္ခတ်တာရာတို့ကို စောင့်ကြပ်၍ ရှေ့မှပြေးနေသော နတ်သားတို့၏ လျင်မြန်ခြင်းက ပိုမိုသာလွန် လျင်မြန်လှ၏။

ထိုနတ်သားတို့၏ လျင်မြန်ခြင်းထက် သတ္တဝါတို့၏ အသက်ဟု ခေါ်ဆိုအပ်သော ရုပ်ဇီဝိတ ချုပ်ငြိမ်းပျက်စီးခြင်းက ပို၍ပို၍ပင် လျင်မြန်စွာ သေကျေ ပျက်စီးတတ်သည့်သဘော ရှိပေသည်။

ဤကား ရုပ်ဇီဝိတ (ရုပ်သက်) ၏ အလွန်လျင်မြန်စွာ ပျက်စီးခြင်းကို တင်စား၍ ပြောဆိုခြင်းဖြစ်သည်။ သို့သော် နာမ် ဇီဝိတ (နာမ်သက်) ဟူသော နာမ်တရား၏ လျင်မြန်မှုသည်ကား ခိုင်းနှိုင်းတင်စားရန် ရှာ၍ မရလောက်အောင်ပင် လျင်မြန်လှသည်။ နာမ်တရားတို့၏ လျင်မြန်ပုံကို မရအရ တူနိုင်ရုံလောက်သာ ဥပမာ ပြု၍ရသည်။

အလွန်တန်ခိုးကြီးသော နတ်သားတစ်ယောက်သည် မိမိ တန်ခိုးဖြင့် အလွန်ထက်မြက်လှစွာသော ယမ်းမှုန့်တို့ကို တစ်ခုသော နေရာမှတန်း၍ အသွင်ဖန်ဆင်းကာ ရှေ့မှပြေးလေ၏။ ထိုယမ်းမှုန့် တန်းကြီးကို မီးသည် အစမှစ၍ အတွင်လောင်၍ အမီလိုက်၏။ သူ့ယမ်းမှုန့်နှင့် သူ့မီးတောက်သည် မီးလောင်ရင်း ကုန်ဆုံးပျောက် ကွယ်လျက်ရှိ၏။

တစ်နာရီခန့် အချိန်ကာလခရီးရောက်လျှင် ချုပ်ဆုံးကွယ် ပျောက်ခဲ့သော ယမ်းမှုန့်ပေါင်း မည်မျှရှိလေမည်နည်း။ ယမ်းမှုန့်ပေါင်း ကုဋေကုဋာ တိုင်းတာ၍ ရနိုင်ဖွယ်ရာ မရှိပေ။

ဤသို့ နာမ်တရားတို့၏ ချုပ်ပျောက်ပျက်ပြုန်း ကုန်ဆုံးမှု မှာ အလွန်မှ လျင်မြန်သည်။ အဝေးမှကြည့်သော် ယမ်းမှုန့်တန်းကြီး မီးတောက်လျက် ပြေးနေသည်ဟု မြင်ရဖွယ်သာရှိ၏။ အမှန်စင်စစ် မည်သည့်ယမ်းမှုန့်မှ မိမိနေရာမှ ရွေ့လျားသည်မရှိ။ မိမိဖြစ်ရာ နေရာတွင်ပင် သူ့ယမ်းမှုန့်နှင့် သူ့မီးတောက် ခဏဖြစ်လျက် ခဏ ပျက်ကာ ချုပ်ဆုံးကွယ်ပျောက်ကြသည်သာ ဖြစ်၏။

ထို့အတူ နာမ်တရားတို့၏ သေဆုံးမှုဟူသည် ခဏမလပ် တရစပ် သေဆုံးချုပ်ပျောက်နေကြသည်သာ ဖြစ်၏။ ယမ်းမှုန့်ကလေး တစ်ခုမှမီးသည် မိမိမကွယ်ပျောက်မီ နောက်ယမ်းမှုန့်ကို မီးကူးပေး သကဲ့သို့ နာမ်တရားတို့သည် ရှေးရှေးစိတ်မှ နောက်နောက်စိတ်သို့ ပဋ္ဌာန်းပစ္စည်းအရ သတ္တိအရှိန်ဖြင့် မီးကူးပေးခဲ့ခြင်း ဖြစ်သည်။

ဤသို့ မီးစာယမ်းမှုန့်တန်းကြီး ဆက်မဖြူးတော့သည့်အခါ မီးစဉ်တန်း၏ ဆက်တောက်မှုကို မမြင်ရတော့ဘဲ ရှိ၏။ ထိုအခါ ကျမှပင် သေပြီ။ သူသေသွားပြီဟု သိကြ၊ မှတ်ကြခြင်း ဖြစ်၏။ ဤသည်ပင်လျှင် လူ့ဘဝတစ်ခု တစ်စခန်းသိမ်းသွားခြင်း ဖြစ်သည်။

နာမ်တရားတို့ လျင်မြန်မှုကို ရုပ်ဝတ္ထုတစ်ခုခုဖြင့် ကပ်၍ ရှုမှသာ နီးစပ်ရုံမျှ ဉာဏ်တွင် ထင်မြင်လာ၏။ နာမ်တရားသက်သက် ကို ရှု၍ကား မည်သို့မျှ ရနိုင်ဖွယ်ရာမရှိ။ ဤအရာသည် တပည့် သာဝကတို့၏ အရာမဟုတ်။ သဗ္ဗညုဗုဒ္ဓတို့၏ အရာသာ ဖြစ်ပေ သည်ဟု ဆို၏။

ကျွန်တော်သည် သေခြင်းတရားနှင့် ပတ်သက်၍ မှတ်သား ထားသည်များကို ထပ်ကာ ထပ်ကာ ပြန်လည် ဆင်ခြင် သုံးသပ် နေမိသည်။

သေခြင်းတရားဟူသည် လျင်မြန်ရုံသာမက မကယ်နိုင်သော တရားလည်းဖြစ်၏။ မနက်က ကိုလှထွန်း၏ဇနီးက 'အစ်ကိုဆုံးပြီ၊ ကယ်ပါဦး၊ အစ်ကို့အစား ကျွန်မပဲ သေပါစေတော့'ဟု ဆိုကာ တယ်လီဖုန်းဆက်ကာ ငို၍ ပြောဆိုနေပါသေး၏။

လောကဌ် အလွန်ချစ်သော သားနှင့် သမီး၊ မောင်နှင့် နှမ၊ ညီနှင့်အစ်ကို၊ ဇနီးနှင့် ခင်ပွန်း၊ တပည့်နှင့် ဆရာ၊ တစ်ဦးနှင့်တစ်ဦး အသက်ပေး၍ ချစ်လှပါသည်၊ ကြင်နာလှပါသည်ဟု ဆိုကြသော်လည်း သေခြင်းတရားကို မည်သူမျှ ကိုယ်စားဝင်၍ မကယ်နိုင်ပါ။ သူ့အတွက် သေပေးပါမည်၊ သူ မသေပါစေနဲ့ဟု ပြောဆို အယူခံဝင်၍လည်း မရနိုင်ပါ။

သေခြင်းတရားနည်းတူ နာခြင်းတရား၊ အိုခြင်းတရားတို့ကိုလည်း အစားဝင်၍ မကယ်နိုင်ကြပါ။ သူ့အတွက် အိုပေးပါမည်၊ သူ့အတွက် နာပေးပါမည်ဟူ၍ ဝင်ရောက်ကယ်တင်ခြင်းငှာလည်း မတတ်စွမ်းနိုင်ပါ။ အခြားသော ရေဘေး၊ မီးဘေး အစရှိသော ဘေးရန်များနှင့် ကြုံကြိုက်လာသောအခါ ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ ကယ်ဆယ်နိုင်ကြသေး၏။ သို့သော် အိုဘေး၊ နာဘေး၊ သေဘေးတည်းဟူသော ဘေးကြီးသုံးပါးသည်ကား မျက်စိအောက်တွင် ကြောင်ကြောင်မြင်လျက်ပင် မည်သို့မျှ မတတ်နိုင်၊ လက်မှိုင်ချလျက် နေကြရသည်။

ရေဘေး မီးဘေး၊ ပြည်ပျက်ဘေးကား
ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏
အိုဘေး နာဘေး၊ သေခြင်းဘေးဟု
ဤဘေး သုံးပါး၊ လွန်ကြီးမားကား
သားနှင့် အမိ၊ ဖြစ်တုံ့ဘိလည်း
မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်
သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး
လက်မှိုင်ချကာ၊ နေရစွာရှင့်။

**(မဃဒေဝ)**

*

ဘဝဟူသည် မျှော်မှန်း တမ်းတနေသည့် အသည်းနှလုံး၏ နှောင်ကြိုးမျှင်များအပေါ် ပျာကသီ ဖြတ်သန်းသွားရင်း အလွမ်းတေးသီမှုပါ။

တဂိုး

# သေသူတွေ အသင်္ချေ အနန္တ

ဤခရီးနီးသလား၊

ငါးနာရီလာရ၏။

ဤခရီးနီးသလားဟု မေးလာလျှင် ဝေးသည်ဟုလည်း မဆိုသာ၊ မနီးသေးဟု ပြောရန်အတွက်ကလည်း ခက်သည်။ ဤခရီး၏ အနီးအဝေးကား ပြောဆိုရန် ခက်ခဲသော အရာဖြစ်၏။

ကျွန်တော်၏ အစ်ကိုတော်သူ မောင်မောင်လွင်သည် ၄၂ နှစ်သာရှိသေး၏။ ၄၂ နှစ်ဟူသောအရွယ်သည် မသေသင့် မသေအပ်ဟုကား မဆိုသာပါ။ ကျွန်တော် ခရီးမထွက်သေးမီက သူနှင့် တွေ့လိုက်ရသေး၏ သူက “မောင်ချစ်စံ၊ မင်းအိမ်ကို ငါလာပြင်ပေးမယ်၊

ကလေးပုခက်လဲ ငါလုပ်ပေးဦးမယ်'ဟု ဆိုခဲ့၏။ ကျွန်တော်သည် အစ်ကိုဖြစ်သူနှင့်တွေ့ပြီး ကသာမြို့နယ်အတွင်းသို့ သွားခဲ့သည်။ ကျွန်တော် ကသာမှ ပြန်၍ရောက်လာသောအခါ အစ်ကိုဖြစ်သူ ဦးမောင်မောင်လွင်သည် ဗိုက်အောင့်၍ ကွယ်လွန်နေနှင့်ပြီ ဖြစ်၏။

ယခုလည်း ကိုလှထွန်းတစ်ယောက် မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့ပြီဖြစ်၏။ ထို့ကြောင့်လည်း ဤခရီးကို နီးသည် ဝေးသည်ဟု ပြောဆိုရန်မလွယ်ကူကြောင်း တင်ပြရခြင်းဖြစ်၏။ မွေးကင်းစ ကလေးငယ် ရာပေါင်းများစွာ သေဆုံးနေချိန်ဝယ် အသက် ၁၈၅ နှစ်တိုင် အသက်ရှင်သော ဘိုးသက်ရှည်၊ ဘွားသက်ရှည်များလည်း ကမ္ဘာပေါ်တွင် တိုးနေသည်။

ကျွန်တော်သည် ထိုအကြောင်းများကို အတော်ကြီး ရှည်ရှည်ဝေးဝေး စဉ်းစားနေမိ၏။ ထိုအကြောင်းများကို စဉ်းစားရင်း ကျွန်တော့်စိတ်ထဲ၌ ကျွန်တော့်အစ်ကိုတော်သူအား လွမ်းဆွတ်သတိရသောစိတ်များ ပွားလာရသည်။ တစ်ချိန်တည်းမှာပင် ကျွန်တော့်ထံ၌ ဆန္ဒတစ်ခုလည်း ဖြစ်ပေါ်လာခဲ့၏။ ထိုဆန္ဒမှာ ကျွန်တော့်အစ်ကိုတော်သူ ဦးမောင်မောင်လွင်ထံ သွားကြည့်ရန်ဖြစ်၏။ အစ်ကိုသည် ၁၉၇၆ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ကွယ်လွန်ခဲ့ရာ ယခုအခါ ရှစ်နှစ်မျှ ရှိခဲ့ပြီဖြစ်၏။ သို့သော် ကွယ်လွန်စဉ်က အစ်မတစ်ဦး၏ဆန္ဒအရ ဦးမောင်မောင်လွင်အား ဂူသွင်း၍ သင်္ဂြိုဟ်ခဲ့သည်။

ထို့ကြောင့်လည်း ကျွန်တော်သည် ရန်ကင်းအိမ်မှ ထွက်လာခဲ့၏။ ထို့နောက် လမ်းထိပ်သို့ ရောက်သော် သုံးဘီးကားတစ်စီးကို

တားစီးရန် စောင့်ရသည်။ နံနက်စောစောမို့လည်း ပတ်ဝန်းကျင်သည် သာယာနေ၏။ သုံးဘီးကားက ချက်ချင်းငှား၍ မရပါ။ သုံးဘီးစောင့်နေရင်းမှပင် ပညာရေးဝန်ကြီးဌာနမှ ဦးအောင်စိုးနှင့် ဇနီးဒေါ်နွဲ့တို့ ရောက်လာကြသည်။ သူတို့က ရွှေတိဂုံဘုရားကို သွားကြမည်ဟုဆို၏။ ကျွန်တော်သည် သူတို့ဇနီးမောင်နှံနှင့် စကားပြောရင်း သုံးဘီးကားကို ဆက်ငှားသည်။ မကြာမီ သုံးဘီးတစ်စီး ရပ်၏။ ရန်ကင်းမှ ဟံသာဝတီအဝိုင်းအထိ တစ်ဆယ်ကျပ် ပေးရမည်ဟုဆို၏။ ကျွန်တော်က ကျွန်တော့်မိတ်ဆွေ ဇနီးမောင်နှံအား ရွှေတိဂုံဘုရားသို့ လိုက်ပို့ရန် မေတ္တာရပ်ခံသောအခါ သုံးဘီးဆရာက သဘောတူခဲ့၏။

ကျွန်တော်က သုံးဘီးနောက်ခန်းမှ စကားပြော၍ လိုက်လာကြ၏။ သုံးဘီးဆရာက သူ့ဟာသူ ဘုရားသို့ မောင်းလာသည်။ ထို့နောက် ဘုရားအရှေ့စောင်းတန်းသို့ ရောက်မှ ဒေါ်နွဲ့နွဲ့စိုးသည် အသည်းရောဂါရှိနေ၍ ဘုရားပေါ်သို့ စောင်းတန်းမှ မတက်နိုင်သောကြောင့် မြောက်ဘက်မုခ် ဓာတ်လှေကားသို့ ပို့ပေးရန် မေတ္တာရပ်ခံရပြန်သည်။ သုံးဘီးကားဆရာက မညည်းမညူ လိုက်ပို့ပြန်သည်။ သုံးဘီးဆရာသည် ဘုရားသွားမည့် သူ၏ခရီးသည်များအား ဘုရားသို့အရောက်ပို့ရန် ဆုံးဖြတ်ထားဟန်ရသည်။ သဘောကောင်းသော သုံးဘီးဆရာအတွက် ကျွန်တော့်မိတ်ဆွေ ဦးအောင်စိုးက ကျွန်တော်ပြုသော ကုသိုလ်ကောင်းမှုကို ထပ်တူထပ်မျှရရှိရန် မေတ္တာပို့ပေးသည်။ သုံးဘီးနံပါတ်မှာ ဟ ၂၀၈ ဖြစ်၏။ ကျွန်တော်သည် ဦးအောင်စိုးတို့ဇနီးမောင်နှံအား ဘုရားအနောက်ဘက်မုခ်တွင် ထားခဲ့ပြီး

ဟံသာဝတီအဝိုင်းသို့ ဆက်လာခဲ့၏။ အဝိုင်းသို့ရောက်သော် ကြံတောသုသာန်အဝအထိ လိုက်ပို့ခိုင်းပြီး ထိုမှ အစ်ကိုတော်သူ၏ ဂူရှိရာ သုသာန်တွင်းသို့ ကုန်းကြောင်းဆက်၍ လျှောက်ခဲ့၏။ သုသာန်အဝင်လမ်းသည် ဖြောင့်ဖြူး၍ ရှင်းနေ၏။ ကျွန်တော်သည် သုသာန်မှူးရုံးကိုဖြတ်ကာ သုသာန်အတွင်းသို့ ဝင်လာခဲ့၏။

လမ်းခရီးဟူသည် မမျှော်လင့်သည်များနှင့် ပြည့်နေ၏။ ကျွန်တော့်အစီအစဉ်အရ ကြံတောသို့လာရာတွင် သုံးဘီးစီးလာရုံသာရှိသော်လည်း ယခုတော့ ဘုရားသို့ဝင်ပြီးမှ ကြံတောသို့ရောက်ခဲ့ရ၏။

ဘဝခရီးဆိုသည်ကား ဤသို့ပင်ဖြစ်၏။ အရှေ့ဟုဆိုသော်လည်း အနောက်သို့ ရောက်တတ်သည်။ လောက၌ ဘာမျှ သေချာသည်မရှိ။ လောက၌ သေချာခြင်း တစ်ခုသာရှိ၏။ ထိုအရာသည် ဘာမျှ မသေချာခြင်းဖြစ်၏။ သေမည် ကျိန်းသေသော်လည်း ဘယ်အချိန် ဘယ်နေရာတွင် သေရမည်ဟူသော အချက်က မသေချာ။ ယခုလည်း ကြံတော်သို့လာခဲ့ရာ ရွှေတိဂုံဘုရားသို့ ရောက်ခဲ့၏။ ထို့ကြောင့်လည်း ဤခရီးနီးသလားဟု မေးသော် ဝေးသည်ဟုလည်း မဆိုသာ။ သို့သော် အနီးလေးဟုပြောရန်လည်း ခက်၏။

သုသာန်အတွင်းသို့ ရောက်သော် ကျွန်တော်သည် အစ်ကိုဖြစ်သူ ဦးမောင်မောင်လွင်၏ ဂူကို ရှာဖွေရ၏။ သို့သော်လည်း ရုတ်တရက် မတွေ့ပေ။ ပထမဆုံး တွေ့လိုက်ရသောဂူမှာ ဗိုလ်မှူးဗိုလ်မင်းခေါင်၏ ဂူဖြစ်၏။ ဗိုလ်မှူးမင်းခေါင် ကွယ်လွန်စဉ်က

ရုပ်ကလာပ်ကို ခဏသာ ဂါရဝပြုခဲ့ရပြီး အသုဘအခမ်းအနားတွင် ပို့ဆောင်သူတွေက များလွန်း၍ ထိုစဉ်က အသုဘ မပို့ခဲ့ရ။ ထို့ကြောင့်လည်း ဗိုလ်မှူးမင်းခေါင်ဂူ မည်သည့်နေရာတွင် မည်သည့်ပုံဖြင့် တည်ရှိနေသည်ကို ကျွန်တော်မသိ။ ယခုလို မမျှော်လင့်ဘဲ တွေ့ရသောအခါ ဗိုလ်မှူးမင်းခေါင်အား ဝင်၍ ဂါရဝပြုရသည်။ ဗိုလ်မှူးမင်းခေါင်သည် ရဲဘော်သုံးကျပ်ဝင် တစ်ဦးဖြစ်သည်။ ရွှေတုဂျာနယ်ကို သူထုတ်ဝေစဉ်က ကျွန်တော်သည် သူ့အား စာနယ်ဇင်းပညာနှင့် ပတ်သက်၍ အကူအညီပေးခဲ့၏။ ထိုအခါက သူ့ဂျာနယ်တွင် ကျွန်တော်သည် ဝတ္ထုတိုများလည်း ဝင်ရေးခဲ့သည်။ ထို့အပြင် ဗိုလ်မှူးမင်းခေါင်ထံတွင် ရှိသော ထုတ်ဝေခွင့်ဖြင့် ကျွန်တော်သည် စာအုပ်အချို့ကိုလည်း ထုတ်ဝေပေးခဲ့ဖူး၍ သူနှင့် ကျွန်တော် အတော်ကြီး ရင်းနှီးပါ၏။

သူ၏သားဖြစ်သူ ဦးလှိုင်ဝင်းခေါင်မှာ ကျွန်တော်နှင့် နှစ်ပေါင်းများစွာ ရင်းနှီးခဲ့သော သူငယ်ချင်းဖြစ်သည်။ ဗိုလ်မှူးမင်းခေါင် ရွှေတိဂုံဂေါပကအဖွဲ့ဝင် လူကြီးလုပ်သောအခါတွင်လည်း ကျွန်တော့်အား ဘုရားကြီးပေါ်သို့ ဖိတ်၍ ဘုရားကြီး၏အကြောင်းများကို စိတ်ရှည်လက်ရှည် ပြောပြဖူး၏။

ဗိုလ်မှူးမင်းခေါင်ကို ကျွန်တော်သည် ဗိုလ်မှူးဟူ၍သာ ခေါ်၏။ ဗိုလ်မှူးမင်းခေါင်သည် လွတ်လပ်ရေးရပြီးသည့်နောက် ဝန်ကြီးရာထူးကို လက်ခံ၍ လုပ်ဆောင်ခဲ့သူလည်း ဖြစ်၏။

* ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်

– ဝန်ကြီး ဗိုလ်မင်းခေါင်
– နိုင်ငံ့ဂုဏ်ရည် ပထမဆင့် ဗိုလ်မင်းခေါင်
– မော်ကွန်းဝင် ပထမဆင့် ဗိုလ်မင်းခေါင်
– ရွှေတူ အယ်ဒီတာချုပ် ဗိုလ်မင်းခေါင်
– ရွှေတိဂုံ ဂေါပကလူကြီး ဗိုလ်မင်းခေါင်
– ကျွန်တော့်သူငယ်ချင်း၏ ဖခင်ကြီး ဗိုလ်မင်းခေါင်

အခုတော့ ဗိုလ်မင်းခေါင်သည် ဤနေရာ၌ အေးချမ်းစွာ ခေါင်းချလျက်ရှိ၏။ ကျွန်တော်သည် သူ့ဂူတွင် ထိုးထားသော ကမ္ပည်းစာတမ်းကို ဖတ်ကြည့်လိုက်ပါသည်။

**ဗိုလ်မှူးကြီး မင်းခေါင်**
**ရဲဘော်သုံးကျိပ်**
**ရွှေတူ+ကြယ်**
**ဗိုလ်မှူးကြီး မင်းခေါင် (ခေါ်) သခင် စောလွင်**
**၆၅ နှစ်**
**မော်ကွန်းဝင် ပထမဆင့်**
**နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ ဝန်ကြီး**
**၂–၈–၈၃ နေ့၊ ၁၃၄၅ ခု ဝါခေါင်လဆုတ် ၁ ရက်နေ့**

အခုတော့ ဗိုလ်မင်းခေါင်ဟူသော ရုပ်ခန္ဓာသည် မရှိတော့ပါ။ သို့သော် အမည်နာမကား ကျန်ရှိနေပါသေး၏။ ကျွန်တော်သည် ကမ္ပည်းထိုးထားသော စာတန်းကို ကူးယူပြီး ဗိုလ်မင်းခေါင်အား ဂါရဝပြုကာ ဆက်၍ ထွက်လာခဲ့သည်။

ကျွန်တော့်အစ်ကို၏ဂူကို ဆက်ရှာရန်ဖြစ်သည်။ အစ်ကို၏ ဂူကို ရှာ၍မတွေ့မီ စိတ်ဝင်စားဖွယ် ကမ္ပည်းစာတမ်းတစ်ခုကို တွေ့လိုက်ရသည်။ ထိုစာတန်းမှာ ချစ်၍မဝ၊ ထွေး၍မဝသေးမီ မိဘများကို စွန့်ခွာခဲ့သောကြောင့် မချိတင်ကဲ ဖြစ်ခဲ့ရရှာသော မိဘနှစ်ပါး၏ မေတ္တာစကားဖြစ်သည်။ သမီးငယ် မေသဉ္ဇာဦး ခေါ် မိုးပပဦးသည် မိဘနှစ်ပါးအား စွန့်ခွာသွားခဲ့သည်။ မိဘများသည် ဖြေမဆည်နိုင်သော သမီးအတွက် ဤဂူလေးကို အလွမ်းပြေ ပြုလုပ်ထားသော်လည်း အလွမ်းပြေဟန် မတူပါ။

**မေသဉ္ဇာဦး (ခေါ်) မိုးပပဦး**
**အနမ်းတွေ အသချေ်နဲ့**
**အလွမ်းတွေ ဖြေချင်သော်လည်း**
**ပန်းတွေနဲ့ ဝေသွားခဲ့တယ်**
**အချစ်ဆုံး သမီးလေးရယ်**
**၂၅-၁-၇၁ မှ ၁၁-၃-၇၉**

မေသဉ္ဇာဦးသည် ရှစ်နှစ်ကျော်ကိုးနှစ်အတွင်း တီတီတာတာ ပြောတတ်သော အရွယ်ဖြစ်သည်။ မိဘဆွေမျိုးများက ချစ်၍မှ မဝနိုင်မီ သေခြင်းတရားက ရက်စက်စွာ ခွဲခွာခဲ့သည်။ ကျွန်တော်သည် သားသေဆုံးဖူးသူ ဖခင်တစ်ဦးအနေနှင့် မိုးပပဦး မိဘများ၏ ရင်တွင်းမှ တောက်လောင်သည့် ပရိဒေဝမီးကို ကိုယ်ချင်းစာနာမိသည်။ မေသဉ္ဇာဦး၏ဂူအား အတော်ကြာကြာကြည့်ပြီး ပြန်ထွက်လာရာ ဗိုလ်မှူးမင်းခေါင်၏ ဂူနားသို့ ပြန်၍ရောက်လာခဲ့ပြန်၏။

ယခုမှ ကျွန်တော်သည် ပတ်ဝန်းကျင်မှ ဂူများကို သတိထား၍ ကြည့်မိသောအခါ ဗိုလ်မှူးမင်းခေါင်၏ဂူဘေးတွင် ဝန်ကြီး ဦးထွန်းဝင်း၏ဂူ၊ တစ်ဖန် အနားတွင် ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ မဟာသရေစည်သူ ဦးမောင်မောင်ကျော်ဝင်း၊ နိုင်ငံတော် ကောင်စီဝင်နှင့် ဗဟိုနိုင်ငံရေးတက္ကသိုလ် ကျောင်းအုပ်ကြီး လုပ်ခဲ့သူ သီရိပျံချီ ဦးကျော်စိုး၏ဂူ၊ ရန်ကုန်တက္ကသိုလ် ဒု–အဓိပတိနှင့် သီရိလင်္ကာနိုင်ငံဆိုင်ရာ သံအမတ်ကြီး စည်သူဒေါက်တာ ထင်အောင် ၏ ဂူကိုလည်း တွေ့ရပါ၏။

ဒေါက်တာထင်အောင်ကို ကျွန်တော်မသိကျွမ်းခဲ့ပါ။ သို့သော် သူရေးသောစာများကို ဖတ်ခဲ့ရပြီး ကျွန်တော်အင်္ဂလိပ်စာ တတ်ခဲ့ရ သည်ဟုဆိုက မမှားပါ။ လူကြီးများ၏ ဂူများအား ကြာရှည်စွာ ငေးမောကြည့်၍ အရိအသေပြုပြီးမှ အစ်ကိုဖြစ်သူ၏ ဂူကို ဆက်ရှာရန် ထွက်ခဲ့ရသည်။

နောက်ဆုံး၌ ကျွန်တော်သည် အစ်ကိုဖြစ်သူ၏ဂူကို အနီး အနားတွင်ပင် ရှာဖွေရာ တွေ့ခဲ့ရသည်။ အစ်ကို၏ဂူမှာ မြက်ခြောက် ပင်များပေါက်နေပြီး ဂူအချို့နေရာများသည်လည်း ပဲ့နေ၏။ ဂူပေါ် တွင်ကား–

**ဦးမောင်မောင်လွင်**

**၄၂ နှစ်**

**လ/ထ မန်နေဂျာ**

**သစ်လုံးရောင်း ၂၊ ၁–လ–က**

**၁၃၃၈ နတ်တော်လဆန်း ၆ ရက်**
**၂၆–၁၁–၇၆ အနိစ္စရောက်သည်**

ဟူ၍ စာတန်းထိုးထား၏။

ကျွန်တော်သည် အစ်ကို့၏ဂူအား မြက်များရှင်း၍ ဂါရဝ ပြုရသည်။ ထိုစဉ်တွင် ကလေးတစ်ဦး ရောက်၍လာသည်။ သူက မြက်များ ရှင်းပေးလိုသည်ဟု ပြောဆိုလာ၏။ ကျွန်တော်က “ကလေး ရယ် ဦးဘာသာပဲ ဆက်ရှင်းပါ့မယ်၊ ဒါပေမယ့် ဒီဂူလေးကိုတော့ ဦးပြင်ချင်တယ်၊ ပြင်တဲ့လူရှိလား”ဟု မေးရာ ကလေးက “ရှိပါတယ် ဦး” ဟုဆိုကာ ထွက်သွားပါ၏။ အတန်ကြာသော် ကလေးနှင့်အတူ လူရွယ်နှစ်ဦး ရောက်လာပါသည်။

လူရွယ်နှစ်ဦးအနက် ခေါင်းဆောင်သူ လူငယ်မှာ စကား ပြောတတ်ဟန်မရှိပါ။ ခြေဟန်လက်ဟန်နှင့် ပြောနေရ၏။ သူတို့က ပြင်ဆင်ရန် ရှစ်ဆယ်ကုန်ကျမည်ဟု ဆိုရာ ကျွန်တော်က လက်ခံပြီး ပြင်ဆင်စေလိုက်ပါသည်။ လူငယ်များက သုံးရက်မျှ ခွာချိန်းပြီး သူတို့ ပြင်ဆိုင်ထားလိုက်ပါမည်ဟု ဆိုလေ၏။

ကျွန်တော်သည် ရှေးဟောင်းနှောင်းဖြစ်များကို စဉ်းစားရင်း အစ်ကိုဖြစ်သူ၏ ဂူဘေးတွင် အချိန်အတော်ကြာ ထိုင်နေမိ၏။ အစ်ကိုသည် သဘောကောင်းသူတစ်ယောက်၊ ညာတာတတ်သူ တစ်ယောက် ဖြစ်၏။

ဆွေးမြည့်လွမ်းဆွတ်ဖွယ်ကောင်းသော နွေ၏နံနက်ခင်းဝယ် တမလွန်သို့ ရောက်ရှိနေသော တွယ်တာရသူတစ်ဦး၏ ဂူဘေးတွင်

ထိုင်၍ အတိတ်ကို လွမ်းရသည့် အဖြစ်အပေါ် ခံစားရသည်များအား ပြန်ပြော ပြန်ရေးပြဖို့က မလွယ်ကူလှပါ။

ပတ်ပတ်လည်တွင်ကား ဂူတွေ ဂူတွေ။ ဂူများပေါ်တွင် သစ်ရွက်ခြောက်တို့က လေတိုက်ရာဘက်သို့ ရွေ့နေ၏။ သည်အချိန်တွင်မှ ဥသြငှက်ကလေးတစ်ကောင်ကလည်း သူ့အမည်ကို သူခေါ်ကာ အော်နေသည်။ သေသူတွေ။ သေသူတွေက ရှင်သူတွေထက် များမည်။

ဂူမပြုဘဲ မီးရှို့သင်္ဂြိုဟ်ခဲ့သည့် သေသူများကလည်း ဒုနှင့်ဒေး ရှိနေမည်။ ဤဂူများ တစ်ခုချင်းစီဝယ် ကြေကွဲဖွယ်ရာ ဖြစ်ရပ်တစ်ခုစီတော့ ရှိကြပေမည်။ ဘဝဆိုတာ အောင်မြင်ခြင်းလား၊ ကြေကွဲခြင်းလား။ ဒါကိုတော့လည်း အတိအကျ အဖြေမပေးနိုင်သေးပါ။ လွမ်းဆွတ်ဖွယ်ရာကောင်းသော နွေနှောင်းဝယ် အစ်ကိုတော်သူအား နှုတ်ဆက်ပြီး ရွက်ကြွေများကို နင်း၍ ထွက်လာခဲ့ပြီးမှ ကြံတောသုသာန် တစ်နေရာတွင်တော့ စာပေ ဂီတ ရုပ်ရှင် အနုပညာသည်များ တစ်စုတစ်ဝေး ခေါင်းချအနားယူနေသော နေရာတစ်ခုသို့ ရောက်သွားပါ၏။ ထိုနေရာသည် မီးသင်္ဂြိုဟ်သောစက်နှင့် ကပ်လျက် ကွက်လပ်၏ အရှေ့တောင်ထောင့်တွင် ဖြစ်သည်။

ပထမဆုံး တွေ့မိသောဂူမှာ ဂီတမိခင်ကြီး အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်၏ ဂူဖြစ်၏။ ဂီတမိခင်ကြီးနှင့်အတူ ခင်ပွန်းသည် ရကန်ဦးတင်မှာလည်း ထိုနေရာတွင်ပင် ခေါင်းချလျက်ရှိ၏။

**ဦးတင် (ရကန်)**

**၈၇ နှစ်** ဟူသော ကမ္ပည်းစာတန်းနှင့်

**ဂီတမိခင်ကြီး**
**သီရိ ဥက္ကဋ္ဌဝတီ**
**အလင်္ကာကျော်စွာ**
**ဒေါ်စောမြအေးကြည်၊ (ဘီအေ)**
**၁၉၀၁ မေလ ၈ မွေး**
**၁၉၆၈ ခု ဖေဖော်ဝါရီလ ၁၀ ကွယ်လွန်**
**အနုပညာရှင်ပေါင်းစုံနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းက**
**အမှတ်တရပြုလုပ်သည်။**

ဟူသော ကမ္ပည်းအက္ခရာစာတန်းတို့သည် ဂီတမိခင်ကြီးနှင့် ရကန်ဦးတင်တို့၏ အနုပညာအတိတ်ကို အရိပ်ထိုး၍ ဖော်ပြနေသလို ရှိသည်။ ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်သည် ပါရမီထူးခြားသူ တစ်ဦးဖြစ်၏။ အဆိုနှင့် အတီးတွင်သာမက အရေးတွင်ပါ စွယ်စုံ ပြောင်မြောက်သူဖြစ်သည်။ ဂီတမိခင်ကြီး ရေးသားခဲ့သော မိုးဒေဝါ နှင့် မိုးပဇ္ဇုန် သီချင်းများကား နားထောင်၍ မဝနိုင်သော သီချင်း များဖြစ်သည်။ ထိုသီချင်းထဲမှ အဆွဲအငင်လေးတစ်ခုကပင် ရင်တွင်း၌ ဝေဒနာဖြစ်အောင် ဖန်တီးပေးနိုင်စွမ်း၏။

ကျွန်တော် မှတ်မိသမျှဆိုလျှင် ရကန်ဦးတင်သည် ဂီတမိခင် ကြီး၏ ဒုတိယ ခင်ပွန်း ဖြစ်၏။ ဂီတမိခင်ကြီး၏ ပထမ ခင်ပွန်းမှာ သီပေါစော်ဘွားကြီး ဆာစောချယ်ဖြစ်သည်။ သီရိဥက္ကဋ္ဌဝတီဟူသော နာမည် သီပေါစော်ဘွားကြီးကပင် ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်အား အဆိုတွင် နရီ ကောင်းသူဟု ပြောစမှတ် ရှိကြ၏။ မြန်မာ့ဂီတလောကအတွက်

၆၂ ❋ ချစ်စံဝင်း

ဂီတမိခင်ကြီးလျှောက်ခဲ့သော ခရီးကား အလွန်မှ ရှည်လျားသည်။ အခုတော့ ဂီတမိခင်ကြီးသည် ခရီးဆုံးဝယ် လဲလျောင်းခေါင်းချလျက် ရှိပါပြီ။

ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်၏ ဂူအနီးတွင် ဖိုးပါကြီး၊ လူရွှင်တော် ဦးသန်းနွဲ့၊ စန္ဒရား ဒေါ်မေစိန် (အေဝမ်းမေစိန်)၊ အလင်္ကာကျော်စွာ ရွှေပြည်အေး၊ မေလှမြိုင်၊ အလင်္ကာကျော်စွာ ဆရာကြီး ဦးဟံပ၊ ဂီတစာဆို ဦးသန်းလှိုင် အစရှိသော အနုပညာရှင်များ၏ ဂူများကို တွေ့ရ၏။ ဤပုဂ္ဂိုလ်ကြီးများသည် ဂီတနှင့် ရုပ်ရှင်လောကတွင် ပဂေးအကျော်အမော်များပင် ဖြစ်၏။

ကျွန်တော်သည် သူတို့ဂူများပေါ်တွင် ရေးထိုးထားသော ကမ္ပည်းစာတန်းများကို တစ်ခုချင်း ကူးယူခဲ့သည်။

**ဖိုးပါကြီး**
**ရုပ်ရှင်နှင့် ပြဇာတ်မင်းသား**
**ဒါရိုက်တာ–ဝဏ္ဏကျော်ထင်**
**ထပ်ဆင့် အကယ်ဒမီ**
**၆၂ နှစ်၊ ၁၄–၁–၈၀**

* * *

**ဦးသန်းနွဲ့**
**လူရွှင်တော်၊ ဒါရိုက်တာ မင်းသား**
**၅၁ နှစ်**
**၇–၁–၇၁**

* * *

စန္ဒရား ဒေါ်မေစိန်
(အေဝမ်း မေစိန်) ၄၆ နှစ်
၁၃–၁၀–၇၀

*　　*　　*

အလင်္ကာကျော်စွာ ရွှေပြည်အေး
လွမ်းငွေ့ဝေဝေ

*　　*　　*

မေလှမြိုင်
အသက် ၅၁ နှစ်၊ ၁၄–၈–၇၃

*　　*　　*

အလင်္ကာကျော်စွာ ဆရာကြီး ဦးဟံပ
၁၇–၄–၁၈၈၈ နေ့မှာ မွေးဖွား၍
၁၄–၇–၁၉၆၆ ခုနှစ်နေ့မှာ ကွယ်လွန်
ဇနီး သား သမီးများနှင့် တစ်နိုင်ငံလုံးရှိ အနုပညာရှင်
များက တည်ဆောက်သည်။

*　　*　　*

ဦးသန်းလှိုင် (လှိုင်မြင့်သိန်း)
ဂီတစာဆို တေးသံရှင်၊ စာရေးဆရာ
သုတေသနမှူး (ဂီတ)
၁၇–၆–၈၃

ဦးသန်းလှိုင်၏ လှိုင်ထိပ်ထားသီချင်းသည် ကျွန်တော်တို့ ငယ်စဉ်က နှုတ်တွင်မပြတ် သီဆိုခဲ့သော သီချင်းဖြစ်၏။ လှိုင်ထိပ်ထား

ကို တွေ့လို့၍ ပဲခူးမြို့ လိပ်ပြာကန်သို့ ပြေးခဲ့ရသည်ကလည်း အမောပင်။ တကယ်တော့လည်း ဟိုအတိတ်က ဖြစ်ရပ်တွေက လိပ်ပြာကန်မှာ တကယ်ပဲ အရိပ်ပမာသာ ဖြစ်ခဲ့ရတဲ့ ဇာတ်လမ်းတွေပါပဲ။

ကိုသန်းလှိုင် လိပ်ပြာကန်မှာ ဖြစ်ခဲ့တဲ့ ဇာတ်လမ်းတွေကလည်း အများကြီးပါပဲ။ ဒီဇာတ်လမ်းတွေကလည်း လိပ်ပြာကန်ထဲက လှိုင်းခေါင်းဖြူလေးတွေလို ကန်ပေါင်နဲ့ ရိုက်လို့ ပျက်သုဉ်း ကျေမွခဲ့ကြပြီ မဟုတ်ပါလား။ အခုတော့ ကိုသန်းလှိုင်ကိုယ်တိုင်ဟာလည်း ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုသလို ချုပ်ငြိမ်းခဲ့ပါပြီလေ။

ကျွန်တော်သည် ဦးသန်းလှိုင်၏ ဂူကို ကြည့်နေရာမှ တစ်ဖက်သို့ လှည့်ကြည့်မိသောအခါ ဝဏ္ဏကျော်ထင် ဦးကနက်စိန်၏ အုတ်ဂူကို တွေ့ရသည်။ သူ၏ ဂူပေါ်တွင်ကား

**ဘုရားဒါယကာ**
**ဝဏ္ဏကျော်ထင်**
**ဦးကနက်စိန် (သဘင်)**
**၅၇ နှစ်၊ ၂၈-၁၁-၇၃**

ဟူသော ကျောက်သားပေါ်မှ ကမ္ဗည်းစာတန်းကို တွေ့ရ၏။ ကျွန်တော်သည် ထိုကမ္ဗည်းအက္ခရာများကို ကြည့်နေရာမှ ယင်းအက္ခရာများသည် မှုန်ဝေလာပြီး ပိတ်ကားတစ်ချပ်လို၊ ရုပ်မြင်သံကြားက မှန်ပြားတစ်ချပ်လို မြင်လာမိသည်။ ထိုမှန်ကားချပ်ပေါ်တွင်ကား သဘင်ဖခင်ကြီး ဂရိတ်ဦးဘိုးစိန် သီဆိုသော ဒေါင်းမင်းမောရစကြာ တေးထပ်ကို အဟဲလေးတွေ၊ အဆွဲကလေးတွေနှင့်

သီဆိုရင်း ဒေါင်းဖိုကြီးလို ကနေသော အကညက်သည့် ဦးကနက်စိန်၏ မြူးမြူးရွှရွှ ကြွကြွလေး ကနေဟန်ကို မြင်ယောင်လာမိပြန်၏။

ထိုနေ့က ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့ဖြစ်၏။ ထိုနေ့ကို ကျွန်တော် ကောင်းစွာ မှတ်မိသည်။ ဦးကနက်စိန်သည် ကြည့်မြင်တိုင် အထက (၃) ခန်းမကြီးထဲတွင် ဒေါင်းဖို အကကို ကသွားခဲ့၏။

ဦးကနက်စိန်သည် သဘင်ဖခင်ကြီး ဦးစိန်အောင်မင်းနှင့် တွဲဖက်၍ ဒေါင်းဖိုကြီးအကကို ကခဲ့သည်။ အဆိုပိုင်သော ဦးစိန်အောင်မင်းက ဒေါင်းမင်း မောရစကြာတေးထပ်ကို သီဆိုပေးခဲ့၏။ ဦးကနက်စိန်သည် ထိုနေ့မှ တစ်လတင်းတင်းပြည့်သောနေ့ဝယ် သူကွယ်လွန်မည့်အဖြစ်ကို သူ လုံးဝမသိခဲ့။ သူသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးတွင် တစ်ခဲနက် ပါဝင်မည်ဟု အားခဲခဲ့ပါသေး၏။ သို့သော် ယင်းဆန္ဒခံယူပွဲ မပြီးဆုံးမီပင် ဦးကနက်စိန် ကွယ်လွန်ခဲ့ရသည်။

ဒေါင်းဖိုကြီးသည် အမြီးကိုဖြန့်၊ လည်တိုင် ကြော့ကာ ကြော့ကာဖြင့် ကသွားပုံမှာ အခုတော့ အကကြိုက်သူ ကျွန်တော့်အတွက် “ဒေါင်းဖိုအကလေး ကခဲ့ပါဦး ဦးကနက်စိန်ရဲ့”လို့ အော်ဟစ်လို့ ငိုရုံသာရှိပါတော့သည်။

ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင်မေ့ ဆိုသော်လည်း အခုလို ပြည်သူချစ်သော အနုပညာရှင်များကိုကား မေ့နိုင်ရက်ဖွယ်ရာ မရှိပါ။ ဒီနားကိုရောက်ပြီး တစ်စုတည်း တစ်ဝေး

တည်း ဒီလိုပုဂ္ဂိုလ်ကြီးများ လဲလျောင်း ခေါင်းချနေသောနေရာကို တွေ့ရတော့ ကျွန်တော့်မျက်လုံးများဝယ် မျက်ရည်စများဖြင့် ပြည့်လာသည်။ လွမ်းဆွတ်ဖွယ်ရာ ဒီနေရာလေးမှလည်း အဝေးကို မသွားချင်ဘဲ ရှိလာသည်။

နံနက်နေရောင်ခြည်ကလည်း တစ်စစ ရင့်လာသည်။ ကြံတောသုသာန်အတွင်း လူသွားလူလာတွေက များလာ၏။ ဈေးဝယ်သူ၊ ဖြတ်သွားသူတို့က ကျွန်တော့်အား အထူးအဆန်းလို ကြည့်ကြ၏။ ဤသုသာန်ထဲတွင် ဂူများကို ဂါရဝလာ၍ပြုသူ အများအပြားကို သူတို့တွေ့ဖူးကြသည်။ ထိုသူတို့က ဂူတစ်ခုတည်းကိုသာ ဂါရဝပြု၍ ပြန်သွားကြ၏။ ကျွန်တော်ကတော့ ကမ္ပည်းစာတန်းများကို ကူးယူရင်း ဂူအများအပြားကို လိုက်လံ ဂါရဝပြုနေ၍ ဆန်းနေဟန်ရှိသည်။

ကျွန်တော်သည် ထိုနေရာလေးမှ ထွက်အလာ မလှမ်းမကမ်းနေရာတွင် ရုပ်ရှင်မင်းသမီး မေရီမြင့်၏ ဂူလေးကိုလည်း အမှတ်မထင် တွေ့ခဲ့ရပါ၏။ မေရီမြင့်သည် ၁၉၅၇ ခုနှစ်က ကွယ်လွန်ခဲ့သည်။ ထိုအခါက ကျွန်တော်တို့သည် တက္ကသိုလ်သို့ပင် မရောက်ခဲ့သေးပေ။ မင်းသမီးများထဲတွင် အလှဆုံးဟု အချီးမွမ်းခံရသော မင်းသမီးချောတစ်ဦးဖြစ်သည်။ သို့သော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကွယ်လွန်ခဲ့ရ၍ ယခုတော့ ဤနေရာတွင် စောစောစီးစီး အေးချမ်းစွာ ခေါင်းချနေသည်။ သူ၏ အုတ်ဂူပေါ်တွင်ကား

**ရုပ်ရှင်မင်းသမီး မေရီမြင့်**

**အသက် ၂၉ နှစ်**

**၆–၅–၅၇ နေ့တွင် ကွယ်လွန်သည်**

ဟု ရိုးရိုးလေး ရေးထား၏။ သူ့အတွက် ယူထားသော နေရာလေး ကလည်း မကျယ်လွန်းလှပါ။ ဖြတ်သွားဖြတ်လာ လမ်းတစ်ခု၏ ဘေးတွင် ဖြစ်၍လည်း သူ၏ အုတ်ဂူလေးမှာ ထင်သာမြင်သာ ရှိနေသည်။

ကျွန်တော်သည် ဆက်လျှောက်၍လာခဲ့သည်။ တစ်နေရာတွင် တော့ ဓာတ်အိမ်ဓာတ်လမ်းဖွဲ့၍ ခံစားချက်ဝတ္ထုတစ်ပုဒ် ရေးသား ချင်လောက်အောင် စိတ်ကို ဖြစ်ပေါ်စေသော ဂူတစ်ခုကို တွေ့ရ၏။ ထိုဂူကို တည်ထားသည့် နှစ်သည်ကား ကျွန်တော့်ကို မွေးသောနှစ် ပင်ဖြစ်၏။ ဂူသည် အက်ကွဲ၍ လမ်းဘေးသို့ပင် စောင်းနေသည်။ သို့သော် ပြုပြင်မည့်သူမရှိ ဖြစ်နေသည်။ ထိုဂူပေါ်ရှိ ကျောက်သား တွင်ကား

**ဝတ်လုံကတော်**
**မနုရီ ၂၇ နှစ်**
**၁၃၀၁ ခု သီတင်းကျွတ်လဆုတ် ၂ ရက်၊ အနိစ္စ**
**ရောက်သည်**
၁၉–၁၀–၃၉

ဟု စာတန်းထိုးထား၏။

မနုရီ၏ခင်ပွန်းသည် ဝတ်လုံတစ်ဦးဖြစ်သည်။ ဝတ်လုံကတော် မနုရီသည် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်ခဲ့သည်။ ဝတ်လုံမင်း ကလည်း ဝတ်လုံကတော်အပေါ် ချစ်ရှာလွန်းမည်။

ဤဂူကလေး၏ နဘေးတွင် ဝတ်လုံဖြစ်သူ လာရောက်၍ အလွမ်းဝေခဲ့မည့် ပုံကိုလည်း ကျွန်တော် မြင်ယောင်နေမိသည်။

ဝတ်လုံမင်းနှင့် ဝတ်လုံကတော်တို့ ချစ်ပင်ပျိုး၍ ချစ်မိုးစွေကာ အသက်ရာကျော် နေရပါစေ၊ အိုအောင် မင်းအောင် ပေါင်းသင်းရပါစေ၊ သားတစ်ကျိပ် မြေးတစ်ရာနှင့် နေရပါစေဟူ၍ မြတ်ဘုရားထံပါးဝယ် သစ္စာတိုင်တည်မှုများလည်း ပြုကြဦးမည်။

ဘဝ၏ အကျိုးပေးက ဤရွေ့ဤမျှ ဤဘဝ ဤမျှသာ ရှိသောကြောင့် ဝတ်လုံကတော် မနုရီ ကွယ်လွန်ခဲ့ရသောအခါ ဝတ်လုံမင်းသည် မည်ကဲ့သို့သော ကြေကွဲလွမ်းဆွတ်မှုမျိုးနှင့် ကြေကွဲကာ ဤဂူလေးကို တည်ဆောက်ခဲ့မည်နည်း။ ဤဂူလေးကို အမြတ်တနိုး တည်ဆောက်ရန် ဝတ်လုံမင်းက ပန်းရံဆရာများအား ပြောဆို ညွှန်ကြားနေပုံများကိုပါ ကျွန်တော်မြင်ယောင်လာမိသည်။

အခုတော့ မနုရီ၏ ဂူလေးမှာ ပြင်မည့်သူမရှိ။ ဝတ်လုံမင်းသည် မနုရီကွယ်လွန်ပြီး ဘာတွေဖြစ်ဦးမည်လဲ။ ဝတ်လုံမင်းသည် ယခု အချိန်အထိ အသက်ရှင်ရှိဦးမည်ဆိုကလည်း ရှိနိုင်သည်။ နောက် အိမ်ထောင်များ ကျဦးမည်လား။ ဒါလည်း ဖြစ်နိုင်သည်။ သို့သော် တစ်ကောင်သေလျှင် တစ်ကောင်လိုက်သေသော စာမရီသားကောင်ကဲ့သို့ ဝတ်လုံမင်းဖြစ်သူက အလွမ်းပင်လယ်ဝေ၍ အလွမ်းသက်သေပင် ထူခဲ့ပါသလား။

ကျွန်တော်သည် အနီးအနားတွင် ဝတ်လုံမင်း၏ ဂူများ တွေ့လေမလားဟူသော စိတ်နှင့် လိုက်ရှာပါသေး၏။ သို့သော် ဂူတွေက

ငမျှားလှသည်။ ဝတ်လုံမင်း၏ဂုဏ် ရှိသည့်တိုင် မနုရီ၏ ခင်ပွန်း ဝတ်လုံမင်းဟု ကမ္ဘည်းထိုးမှပင် သိလေမည်ဖြစ်ရာ ထိုကမ္ဘည်းမျိုးကိုကား မတွေ့။ ဝတ်လုံမင်းနှင့် ဝတ်လုံကတော် မနုရီတို့၏ ဇာတ်လမ်းကို တစ်စုံတစ်ယောက်က ပြန်ပြောခဲ့လျှင် တစ်ထောင့်တစ်ည ပုံပြင်တစ်ခုလို ကျွန်တော် နားထောင်လိုလှသည်။ ဘဝအသချေ်တွင် အလွမ်းတွေ အသချေ်နှင့် သေကွဲကွဲရသူတို့သည်လည်း အသချေ်ပင် ရှိပါလိမ့်မည်။

*

သေခြင်းတရားသည် သက်ရှိတို့၏ ပန်းတိုင်ဖြစ်သည်။
**ဆစ်ခ်မန်ဖရွိုက်**
**ဩစတြီးယားအမျိုးသား**

## ပေးခဲ့သောကတိစကား

ဤခရီးနီးသလား။

ခရီးတစ်ခုသည် သင်္ချာသဘောအရဆိုပါက အသွား သုံးမိုင်ဟုဆိုလျှင် အပြန်လည်း သုံးမိုင်သာ ရှိမည်။ အလာခရီးနှင့် အပြန်ခရီးသည် အတူတူပင်ဖြစ်သင့်၏။ သို့သော်လည်း လက်တွေ့ဘဝတွင်ကား သင်္ချာသဘောတရားအတိုင်း မဟုတ်။

ကျွန်တော်သည် ကြံတောသို့ လာစဉ်က သုံးဘီးနှင့် လာခဲ့သည်။ ယခု အပြန်ခရီးတွင် သုံးဘီးနှင့်ပြန်ပါက အလာခရီးနှင့်အပြန်ခရီး တူမည်ဟု ဆိုနိုင်သော်လည်း လာစဉ်ကပင် ရွှေတိဂုံဘုရားသို့ လှည့်ဝင်ခဲ့ရသောကြောင့် သုံးဘီးနှင့် ပြန်သည့်တိုင် အလာနှင့်အပြန် မတူဖို့က များနေ၏။

ယခုတော့ ကျွန်တော်စိတ်ထဲတွင်လည်း မြို့ထဲသို့သွားရန် ဆန္ဒက ပေါ်နေသောကြောင့် ကြံတောမှထွက်၍ ဟံသာဝတီဘုတာ

ဘက်သို့ ထွက်လာခဲ့သည်။ ကြံတော့မှ တွက်လျှင်ထွက်ချင်း ဟံသာဝတီလမ်းပေါ်ဝယ် နိဗ္ဗာန်ယာဉ်များ၊ နိဗ္ဗာန်ယာဉ်ဆိုင်းဘုတ်များနှင့် ခေါင်းအမျိုးမျိုးကို ပုံစံအမျိုးမျိုးနှင့် ဘွားခနဲ တွေ့လိုက်ရသည်။

ကျွန်တော်သည် လမ်းအတိုင်း ဆက်မလျှောက်သေးဘဲ ခေါင်းအမျိုးမျိုးကိုသော်လည်းကောင်း၊ နိဗ္ဗာန်ယာဉ်အမျိုးမျိုးကိုသော်လည်းကောင်း ရပ်ကြည့်နေမိ၏။ ဤလုပ်ငန်းသည် လူ့ဘဝတွင် လိုအပ်သော လုပ်ငန်းတစ်ခုဖြစ်၏။ သေသောသူရှိလျှင် လူသေကို ထည့်၍ သင်္ချိုင်းသို့ယူသွားရန် ခေါင်းတော့ရှိရမည်။

ခေါင်းဟု ဆိုပါက မင်္ဂလာ မရှိသော အရာဟူ၍သာ လူတို့လက်ခံထားကြ၏။ သို့သော်လည်း ထိုခေါင်းနှင့်ကား မကင်းနိုင်ကြပေ။ ကျွန်တော် ရပ်ကြည့်နေသောနေရာမှ မျက်စောင်းထိုးလောက်တွင်ပုဂ္ဂိုလ်နှစ်ဦး ခေါင်းစပ်နေကြ၏။ သူတို့သည် ခပ်အေးအေးဆေးဆေးပင်ဖြစ်သည်။ သူတို့အဖို့ ခေါင်းဟူသော အသိတရားထက် လုပ်ငန်းတစ်ခု ပြီးစီးရေးအတွက်ကိုသာ အာရုံစိုက်နေကြ၏။ သူတို့လုပ်ပုံမှာ သေသေသပ်သပ်နှင့် လုပ်ငန်းကျွမ်းကျင်ပုံလည်းရသည်။

ခေါင်းတစ်လုံးကို သူတို့ အေးအေးဆေးဆေး ကျွမ်းကျွမ်းကျင်ကျင် လုပ်နေကြပုံမှာ သေခြင်းတရားသည် သူတို့နှင့် လုံးဝမဆိုင်သည့်အလားပင်ဖြစ်၏။

ကျွန်တော်သည် နိဗ္ဗာန်ယာဉ်လုပ်ငန်း ဆိုင်းဘုတ်များကိုလည်းကောင်း၊ နိဗ္ဗာန်ယာဉ် ကားများကို လည်းကောင်း ကြည့်ရင်းဆက်၍ လျှောက်လာခဲ့သည်။ ပုဂ္ဂလိက နိဗ္ဗာန်ယာဉ်လုပ်ငန်း အပြင်

စပေါင်းလုပ်ငန်းလည်း ရှိသည်။ ထိုသို့ လျှောက်လာစဉ် ကျွန်တော့် အမည်ကို ခေါ်သံလိုလို ကြားလိုက်ရသည်။ ထို့ကြောင့် ကျွန်တော်က အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ရာ နေရောင်ထိုး၍ လှမ်းခေါ် သူကို ချက်ချင်း သဲသဲကွဲကွဲ မမြင်ရ။ နောက်မှ ကျွန်တော့်မိတ်ဆွေရင်း တစ်ဦးဖြစ်သူ ဝေဠုဝန်ရပ်ကွက်မှ ဦးသန်းဆွေဖြစ်နေကြောင်း သိရ၏။ ကျွန်တော်က သူမှန်းသိ၍ သူရှိရာသို့ ဝင်သွားရာ ဦးသန်းဆွေက ကျွန်တော်ကို နိဗ္ဗာန်ယာဉ် လုပ်ငန်းရှင် တစ်ဦးဖြစ်သူ ဦးငွေပန်းနှင့် မိတ်ဆက်ပေးသည်။

ဦးငွေပန်းသည် အသက် ၅၀ ကျော်ခန့်ရှိ၍ အရပ်ခပ်ပုပု ဖြစ်သည်။ မျက်နှာတွင်ကား အရေးများ၊ အစင်းအကြောင်းများနှင့် ဘဝခရီးကြမ်းကို ခပ်ပြင်းပြင်း လျှောက်လှမ်းခဲ့ကြောင်း ပေါ်လွင် နေ၏။

ကျွန်တော်က ‘ဦးငွေပန်းက နိဗ္ဗာန်ယာဉ်လုပ်ငန်းကို အစ ကတည်းက လုပ်တာလား’ ဟု မေးသောအခါ ဦးငွေပန်းက ‘ကျွန်တော် အရင်က ဒေ့ါဂျစ်ကား မောင်းပါတယ်၊ ဒီလုပ်ငန်းကို လုပ်တာ ရှစ်နှစ်လောက်ပဲ ရှိပါတယ်’ဟု ဆို၏။

‘ဒီလုပ်ငန်းကို ဘာပြုလို့ ပြောင်းလုပ်တာလဲ ဦးငွေပန်းရဲ့’ ဟု ကျွန်တော်က မေးမိသည်။

‘ဒီလုပ်ငန်းကို ပြောင်းလုပ်ရတဲ့ အကြောင်းကတော့ ဒီလုပ် ငန်းဟာ မွန်မြတ်လှတဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုလို့ မြင်လာရတာနဲ့ ပြောင်းလုပ်တာပါပဲ၊ ပြောင်းလုပ်လာတော့လဲ ဒီလုပ်ငန်းအပေါ် သံယောဇဉ်ရှိလာပြီး ဆက်လုပ်နေတာပါ ဆရာရယ်’

ဦးငွေပန်း၏ စကားထဲတွင် သံယောဇဉ် ဟူသော စကား တစ်လုံး ပါ၏။ လူအများက ဒီလုပ်ငန်းကို ကျောချမ်းစရာလုပ်ငန်း ဟု ထင်ကြ၏။ သို့သော် ဦးငွေပန်းက သံယောဇဉ် တွယ်စရာ အသက်မွေးလုပ်ငန်းဟု ဆိုသောကြောင့် သူ့စကားထဲမှာ သံယောဇဉ် ဟူသော စကား၏ အဓိပ္ပာယ်ကို သိလိုလာ၏။

'ဦးငွေပန်း ပြောတဲ့စကားထဲမှာ ဒီလုပ်ငန်းအပေါ်မှာ သံယောဇဉ်ရှိလာတယ်ဆိုတာ၊ သံယောဇဉ်ဆိုတာ ဘာကိုဆိုလိုတာလဲ၊ စီးပွားရေးအရ တွက်ခြေကိုက်လို့ သံယောဇဉ်ရှိတာလား'

'ဒီလုပ်ငန်းက စီးပွားရေး ရှာမယ်ဆိုလဲရှာလို့ ရပါတယ်၊ ဒါပေမယ့် ကာယကံရှင်ရဲ့ နှလုံးသားဟာ ခံစားချက် ရှိမယ်၊ ကြင်နာ သနားတတ်မယ်ဆိုရင် စီးပွားရှာလို့ မရပါဘူး၊ ကျွန်တော့်နှလုံးသား က ပျော့လွန်းပါတယ် ဆရာရယ်'

ယခုမှပင် ဦးငွေပန်း၏ အဘိဓမ္မာက ကျွန်တော့် အတွက် ပို၍ နားမလည်နိုင်အောင် ဖြစ်သွားရပြန်သည်။ ခံစားချက် ရှိမည်၊ ကြင်နာသနားတတ်မည် ဆိုပါက နိဗ္ဗာန်ယာဉ် လုပ်ငန်းသည် စီးပွားရှာ၍ မရဟု ဆိုသောကြောင့် ထိုစကားကို ထပ်၍ရှင်းပြရန် ပြောရပါသေး၏။ ဤအချိန်တွင်မှ ဦးသန်းဆွေက ကျွန်တော်သည် စာပေလုပ်သား တစ်ဦးဖြစ်ကြောင်း ပြောကာ ထပ်၍ မိတ်ဆက်ပေး ပြန်ပါ၏။

ဦးငွေပန်းက သူ၏ အဘိဓမ္မာကို ဆက်၍ ရှင်းပြ၏။

"ဒီလိုပါဆရာရဲ့၊ ကျွန်တော်တို့လုပ်ငန်းကို လူတိုင်းကဝင်မလုပ် ကြဘူး၊ အခြား အလုပ်တွေက စီးပွားဖြစ်တယ်ဆိုရင် ငွေရှိသူတိုင်းက အဲဒီလုပ်ငန်းမှာ ငွေကို ပုံအောပြီး ရင်နှီးလေ့ရှိပေမယ့် ကျွန်တော်တို့

လုပ်ငန်းမှာတော့ ငွေရှိတိုင်း လာပြီး ရင်းအနှီးမြုပ်နှံလေ့ မရှိပါဘူး၊ ဒီတော့ စီးပွားရေးအရ လုပ်ရင် သိပ်အပြိုင်အဆိုင် မရှိဘူးပေါ့ဆရာ၊ အပြိုင်အဆိုင်သိပ်မရှိရင် စီးပွားရေးအရ တွက်ခြေကိုက်တယ်လို့ ပြောလို့ရတာပေါ့၊ ဆရာတို့စာအုပ် လုပ်ငန်းဟာ တွက်ခြေကိုက်မယ် ဆိုရင် ငွေရှင်က သူကိုယ်တိုင် စာအကြောင်း၊ စာအုပ်အကြောင်းမသိ ပေမယ့် ဆရာတို့ စာအုပ်လုပ်ငန်းမှာ လာပြီး ငွေရင်းငွေနှီး လာမြှုပ်တာပဲ မဟုတ်လား ဆရာရဲ့၊ ကျွန်တော်တို့ လုပ်ငန်းကတော့ ငွေရှိပေမယ့် အရင်းအနှီး လာမမြှုပ်ကြဘူး ဆရာရယ်'

ဦးငွေပန်းရှင်းပြတော့ သူ့ဆိုလိုရင်းကို ကျွန်တော် သဘော ပေါက်လာရ၏။

'ရန်ကုန်မှာ ဒီလုပ်ငန်းကို လုပ်တဲ့သူဘယ်နှစ်ဦးလောက်ရှိလဲ ဦးငွေပန်းရဲ့'

'ကျွန်တော်တို့ ဒီနားမှာ ကိုးဦးရှိပါတယ်၊ အမဲဈေးဘက်မှာ တော့ နှစ်ဦးရှိပါတယ်'

'ကဲ ဆက်ရှင်းပြပါဦးဗျာ'

'ဒီလိုလေ ဆရာရဲ့၊ ခေါင်းလာဝယ်တယ်ဆိုတဲ့သူက ဝမ်းသာ စရာနဲ့ကြုံနေတဲ့လူ မဟုတ်ပါဘူး၊ မွေးနေ့မှာ ပျော်ပွဲစားဖို့အတွက် ဈေးဝယ်ထွက်တာမျိုး မဟုတ်ပါဘူး၊ သေနေတဲ့လူအတွက်လာဝယ်တာ လေ၊ ဒီတော့ လာဝယ်တဲ့သူဟာ ဝမ်းနည်းစရာတွေနဲ့ ကြုံနေတဲ့လူပါ၊ မိမိတို့ ဆွေမျိုးသားချင်း မိသားစုထဲက တစ်ဦးတစ်ယောက် သေဆုံး နေတဲ့ လူဆိုတော့ သောကမီး တောက်လောင်နေတဲ့သူပါ၊ သေတဲ့ သူကတော့ သေပါပြီ၊ ကျန်တဲ့သူတွေက သေသူအတွက် ပူဆွေးနေရ တာ မဟုတ်လား၊ အဲဒီလို ပူဆွေးနေတဲ့သူကို ကျွန်တော်တို့က

ခေါင်းတစ်လုံး ဘယ်လောက်လဲဆိုရင် မီးစင်ကြည့်ပြီး တန်ဖိုးပြော လိုက်ရင် ရတာပဲ၊ တောင်းတဲ့ဈေးပေးတာပဲ၊ ဆစ်တာတောင်မရှိပါဘူး၊ အရောင်းအဝယ်လုပ်ငန်းမှာ ခေါင်းရောင်းရင် ရောင်းတဲ့လူဘက်က အတော့်ကို အသာရတယ် ဆရာရဲ့၊ ပထမအချက်က ဝယ်သူဟာ ဒီနေ့တော့ ဝယ်ကို ဝယ်ရမယ် နောက်တစ်နေ့ ရွှေ့လို့မရပါဘူးဆိုတာ ရောင်းတဲ့လူက သိနေတယ်လေ၊ နောက်ပြီး ဒီလူဟာ စိတ်အားငယ်နေ တဲ့အချိန်၊ သေသူအတွက် တစ်ရာ ကိုးဆယ်နှမြောနေမယ့် အချိန် မဟုတ်ဘူး၊ ဒီတော့ ဝယ်သူရဲ့ ဒီအားနည်းချက်တွေကို ကိုင်နိုင်ရင် ကိုင်နိုင်သလို ဈေးတင်လို့ရတာပေါ့၊ အဲဒီလိုပြောလို့ ဆရာက ကျွန်တော်တို့ အရောင်းအဝယ် လုပ်ငန်းကို အမြတ်ကောင်းကောင်း ရမယ့်လုပ်ငန်းလို့တော့ သေချာပေါက် မတွက်လိုက်ပါနဲ့ ဆရာရယ်'

'တချို့ ကျတော့လဲ ခေါင်းဖိုးတောင် မရှိတဲ့လူတွေလဲရှိပါ သေးတယ် ဆရာရဲ့၊ နေမကောင်းဖြစ်နေတာက နာတာရှည်၊ ရှိသမျှ ချမ်းသာသမျှလေးတွေကို ရောဂါပျောက်နိုးပျောက်နိုးနဲ့ လိုက်ကုနေ ရတာ။ ဆရာဝန်းပေးရ၊ မောင်ခိုဆေးဝယ်ရ၊ ဓာတ်စာဖိုး ခရီးစရိတ် နဲ့ လူနာလဲသေရော ကျန်ရစ်တဲ့သူတွေမှာ ခေါင်းဖိုးတောင်မရှိ တော့ဘဲ ခေါင်းမဝယ်နိုင်လို့ အသုဘ မချနိုင်ဆိုတာ မဖြစ်ကောင်း တော့ ကျွန်တော်တို့လို နှလုံးသားမျိုးကလဲ မနေတတ်တော့ လျှော့ ပေးရတာနဲ့ အရင်းထဲက ပါတာလဲ ရှိတာပဲ'

'ဩော် ဟုတ်ပြီ ဟုတ်ပြီ၊ သဘောပေါက်ပါပြီဗျာ၊ ဒီတော့ ဦးငွေပန်းတို့ ခေါင်းမဝယ်နိုင်တဲ့ လူတွေကို ဈေးလျှော့ပေးနေရ ရင် စီးပွားအရရော ကိုက်ရဲ့လား'

'ခုနေ ကျွန်တော်ပြောတဲ့ အထဲမှာ ပါပါတယ် ဆရာရယ်၊ မီးစင်ကြည့်ပြီး၊ တန်ဖိုးပြောတယ်ဆိုတော့ ဟိတ်ကြီး ဟန်ကြီးနဲ့ ပိုက်ဆံကို မမှုတဲ့သဘောနဲ့ လာဝယ်တဲ့လူတွေကျတော့လဲ အမြတ်အစွန်းလေး တင်လိုက်ရတာပေါ့၊ အဲဒီ အမြတ်အစွန်းကလေးတွေက ဟိုခေါင်းတစ်လုံးတောင် မဝယ်နိုင်တဲ့သူတွေနဲ့ တွေ့ရင် မျှပေးလိုက်ရတာပေါ့ ဆရာရယ်'

'အင်း ဒီလိုဆိုတော့ ဦးငွေပန်းဟာ ရော်ဘင်ဟု တို့လို၊သူခိုးကြီးငတက်ပြားတို့လို ချမ်းသာတဲ့ လူတွေဆီကငွေကိုယူပြီး ဆင်းရဲတဲ့လူတွေကို ဝေသလိုပေါ့ဗျာ'

'ဟာ ဆရာ အဲဒီလိုလဲမဟုတ်ဘူး၊ ရော်ဘင်ဟုတို့ ငတတ်ပြားတို့ထက် ကျွန်တော်တို့လုပ်ငန်းက တရားမျှတတယ်'

'ဆိုစမ်းပါဦးဗျာ'

'ဒီလိုလေ ငတက်ပြားက ဆင်းရဲတဲ့လူတွေကို ဝေဖို့အတွက် ငွေကို သူဌေးကြီးတွေဆီက ခိုးယူတယ်၊ ကျွန်တော်တို့ကျတော့ အဲဒီလို တရားမဝင် ခိုးယူတာမဟုတ်ဘူး၊ ဥပဒေနဲ့အညီ တရားဝင် အရောင်းအဝယ် ကုန်သွယ်မှုသဘောနဲ့ ကျွန်တော်တို့လုပ်ထားတဲ့ ခေါင်းကို သူတို့ကိုရောင်းတာ၊ ရောင်းတော့ သူတို့ကလဲ ကျေနပ်လို့ ဝယ်တာပါ၊ ဒီလိုရောင်းဝယ်တာကလဲ သက်ဆိုင်ရာက အသိအမှတ်ပြုပါတယ်၊ ကျွန်တော်တို့က အမြတ်တော်ခွန်လဲဆောင်တယ်၊ မြူနီစပယ်ခွန်လဲဆောင်တယ်၊ သေဆုံးသူတွေအတွက် လိုအပ်တဲ့ ခေါင်းကို အလွယ်တကူရအောင်လဲ ဆောင်ရွက်ပေးပါတယ်၊ ဒါကြောင့် ဒီလုပ်ငန်းကို မွန်မြတ်တဲ့လုပ်ငန်းလို့ ဆိုတာပါ'

'သံယောဇဉ် တွယ်တယ် ဆိုတာ ကကောဗျာ'

'ဒါကတော့ ဆရာရယ်၊ ဒီလုပ်ငန်းဟာ တကယ် ဒုက္ခရောက်နေသူတွေရဲ့ ဒုက္ခကို တစ်စိတ်တစ်ဒေသ ငြိမ်းချမ်းအောင် ကျွန်တော်တို့က လုပ်ပေးနိုင်တယ်၊ နေ့စဉ်လဲ သေသူတွေကို တွေ့နေရတော့ ငါလဲ သူတို့လိုသေရမှာပါလားဆိုတာ အမြဲဆင်ခြင်နိုင်တယ်၊ ကျွန်တော်တို့နဲ့ လာတွေ့တဲ့သူတွေဟာ ဒုက္ခတွေ့နေတဲ့ ဒုက္ခသည်တွေဆိုတော့ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ ဘယ်လောက်ပဲ ရာထူးကြီးကြီး အဲဒီခဏမှာတော့ သူတို့ရဲ့လောဘတွေ၊ ဒေါသတွေ၊ အတ္တတွေကို ခေတ္တသိမ်းဆည်းထားကြတဲ့ အချိန်ဖြစ်တော့ ကျွန်တော်တို့ထံ လာကြတဲ့ သူတွေနဲ့ ကျွန်တော်တို့ ဆက်ဆံရတာဟာ လောဘကင်းတယ်၊ ဒေါသကင်းတယ်၊ မာန်မာနကင်းတယ်၊ ချမ်းသာမှုရတဲ့ ဆက်ဆံရေးမျိုး ရှိတယ်၊ ဒီလိုသာပြောရတယ်၊ တစ်ခါတလေတော့လဲ သေခြင်းတရားနဲ့ ရင်ဆိုင်နေရတာတောင် မာနမချနိုင်သူတွေ၊ ဂုဏ်ပကာသနကို ခွဲမချနိုင်သူတွေ တွေ့ရသေးတယ် ဆရာရဲ့၊ ဒါပေမယ့် အများစုကြီးကတော့ ဒီအချိန်မှာ သောကဝေပြီး မာန်မာန ချထားတတ်ကြတာပါပဲ၊ ဒါကြောင့် ဒီလိုဆက်ဆံရေးမျိုးက ရခဲတယ်ဆရာရဲ့၊ ဘတ်စ်ကား စီးမလား၊ ခရီးသွားမလား၊ ရုံးသွားမလား၊ ဈေးသွားမလား၊ ဘုတောတဲ့လူနဲ့၊ လက်ဖက်ရည်ဖိုးတောင်းတဲ့လူနဲ့၊ ညစ်တဲ့လူနဲ့၊ ကိုယ်ကျိုးရှာတဲ့လူနဲ့၊ လူလူချင်း ဆက်ဆံရတာ သိပ်မပြေပြစ်လှဘူး ဆရာရဲ့၊ ကျွန်တော်တို့ လုပ်ငန်းကတော့ အများအားဖြင့် ပြေပြစ်တဲ့ ဆက်ဆံရေးမျိုး ရပါတယ်"

'သာဓုဗျာ၊ သာဓု သာဓု၊ ဒီလုပ်ငန်းကို ကျွန်တော်တောင် ဝင်လုပ်ချင်လာပြီ'

'လုပ်ချင်လဲရပါတယ် ဆရာရဲ့၊ ကျွန်တော်တို့ရှိသားပဲ၊ ရန်ကုန်မြို့မှာက တစ်နေ့ထက် တစ်နေ့ လူတွေက ရောဂါမျိုးစုံနဲ့ သေ၊ ကားတိုက်လို့သေ၊ တစ်ခါတလေဆို ကြံတောမှာ တစ်နေ့တည်း လူသုံးဆယ်လောက် သင်္ဂြိုဟ်ရတယ်၊ ကျွန်တော်တို့ လုပ်ငန်းရှင်က ဆယ်ဦး၊ ဆယ့်နှစ်ဦးလောက်ပဲ ရှိသေးတော့ လုပ်ငန်းရှင် လိုနေသေးတာပဲ၊ ကျွန်တော်တို့ကားတွေဆို မနက် ၁၀ နာရီကတည်းက ခေါက်တုံ့ခေါက်ပြန် သယ်နေရတာ၊ အားရတယ်ကို မရှိပါဘူးဗျာ'

ဦးငွေပန်းက သူ့လုပ်ငန်းတွင်ကျယ်မှုကို ရှင်းပြပါသည်။

'ဒီလုပ်ငန်း လုပ်မယ်ဆိုရင် အရင်းအနှီးက ဘယ်လောက်လိုလဲဗျ'

'နေရာထိုင်ခင်းရော၊ နိဗ္ဗာန်ယာဉ်ရော၊ အခြားပစ္စည်းရော ဆိုရင် တစ်သိန်းလောက်ရှိမှ ရမယ်'

'အမလေးဗျာ၊ ကျွန်တော့်မှာ တစ်သိန်းလဲ မရှိပါဘူး၊ ဒီတော့ ဒီလုပ်ငန်းကိုလုပ်ဖို့ အနားမကပ်နိုင်ပါဘူးဗျာ'

'ဆရာကလဲ ဒီခေါင်းလုပ်ငန်းဟာ လက်သမား လုပ်ငန်းသက်သက် မဟုတ်ဘူး။ ပန်းချီပညာ၊ ပန်းပုပညာ၊ ပန်းပဲ စတဲ့ ပညာရပ်တွေလဲ ပါပြီး အနုပညာဆန်လေ အောင်မြင်လေပဲ ဆရာရဲ့၊ ဆရာတို့လို အနုပညာဆန်ဆန် စိတ်ကူးနိုင်ရင် ပိုရောင်းရတာပေ့ါ၊ ဒီလုပ်ငန်းဟာ ငွေအရင်းအနှီးနဲ့ မဟုတ်ဘဲ အနုပညာနဲ့လဲ ဝင်နိုင်ပါတယ် ဆရာ'

'ခင်ဗျားပြောတာ မရှင်းလို့ ဆက်ရှင်းစမ်းပါဦးဗျာ'

'ဒီလိုလေ၊ ခေါင်းရောင်းရာမှာ သာမန်ဆင်းရဲသားကိုရောင်းတဲ့ခေါင်းက ထိပ်ပိတ် ခေါင်းပိတ်နဲ့ အဖုံးပါရင်ပြီးတာပဲ၊ တန်ဖိုးကလဲ

၂၅၀ ကျပ် ပတ်ဝန်းကျင်ရှိတာ၊ ခုန ကျွန်တော်ပြောတဲ့ ပကာသနကို သေတာတောင် ခဝါမချနိုင်တဲ့သူတွေ၊ တချို့ ချမ်းသာတဲ့လူတွေကျတော့ သူတို့က ခေါင်းလှလှကြီးတွေကို လိုချင်ကြတယ်၊ ဒီလိုကျတော့ ကျွန်တော်တို့က သုံးထောင်ကျော်တန် အထိ လုပ်ပေးရတယ်၊ ဒီလို ခေါင်းမျိုးကျတော့ လှသည်ထက် လှအောင် လုပ်ရတယ်၊ အနုပညာဆန်ရတယ်၊ ခေါင်းပေါ်မှာ ရေးတဲ့ စာလုံးဟာ ဆရာတို့ စာအုပ်မျက်နှာဖုံးပေါ်က စာလုံးတွေလိုပဲ ရွေးရတယ်၊ အဝိုင်းရေးမလား၊ လေးထောင့်ရေးမလား၊ ဘဲဥပုံ ရေးမလား၊ အဲဒီ စာလုံးအောက်က ဘာရောင်ခံရမလဲ၊ အရောင်အနုခံမလား၊ အရင့်ခံမလား၊ အနုခံရင်လဲ ပန်းနုလား၊ မရန်းနုလားပေါ့၊ ဒါတွေကို စဉ်းစားပြီး အရောင်ပေးရတယ်၊ စဉ်းစားတယ် ဆိုတာကလဲ ဆရာတို့လို သိပ်အချိန်ဆွဲပြီး စဉ်းစားနေလို့ မရဘူး ဆရာရဲ့၊ ခေါင်းဆိုတာက မနက်လာအပ်ရင် နေ့လယ် လိုချင်တာမျိုးဆိုတော့ စိတ်ကူးကောင်းလေ ခေါင်းလှလေ၊ ဈေးရလေပေါ့ ဆရာရဲ့’

ကျွန်တော်သည် ဦးငွေပန်းနှင့် တွေ့မှ ခေါင်းဗဟုသုတ အတော်ကလေး ရလာ၏။ အတော်လည်း စိတ်ဝင်စားလာရသည်။

‘ခေါင်းလုပ်ရာမှာ ပန်းချီပါတယ် ဆိုတာတော့ နားလည်ပါပြီဗျာ။ ပန်းပုပညာ၊ ပန်းပဲပညာ ပါတယ်ဆိုတာကရော’

‘ဆရာရဲ့ တချို့ခေါင်းတွေကို ငွေပြားအစစ် ယိုးဒယားပန်းတွေလုပ်ပြီး မွမ်းမံရတယ်၊ နောက် ဟောဒီ ငွေစက္ကူ ရွှေစက္ကူတွေပေါ်မှာ အင်ဘော့စ်လုပ်ပြီး ကပ်ပေးရတယ်’

‘အင်ဘော့စ်ဆိုတာ ဘာလဲဦးငွေပန်းရဲ့’

'အို ဆရာကလဲ မင်္ဂလာဆောင် ဖိတ်စာတွေမှာလို ဖောင်းကြွ လုပ်တာပေါ့၊ ဒီတော့ ပုံနှိပ်ပညာလဲ ပါလာပြန်ရော ဆရာ'

'ကဲ ခေါင်းလုပ်ငန်းမှာ အနုပညာပါရမယ်ဆိုတာ လက်ခံပါပြီ၊ ခေါင်းဘယ်နှစ်မျိုးရှိတယ်၊ ဘယ်လို လုပ်ရတယ် ဆိုတာ လေးတွေလဲ ပြောပြပါဦး'

ခေါင်းက အကြမ်းဖျင်းအားဖြင့်တော့ လေးမျိုးလေးစား ရှိသည်ဟု ဆို၏။ ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်း စားနှင့် အထူးခေါင်း ဟူ၍ ဖြစ်သည်။ တတိယတန်းစားခေါင်းများ ကို ဒီဒူးသား၊ လက်ပံသားတို့ဖြင့် ပြုလုပ်ပြီး အမြင့်တစ်ပေ၊ ထိပ်ဝ တစ်ပေနှင့် အလျားခြောက်ပေရှည်သည်။ တစ်စတုရန်းပေ ကို ၁၀ ကျပ်နှုန်းမျှနှင့် ၂၅၀ ကျပ်ဖြင့် ရောင်းကြောင်း သိရ၏။ တတိယတန်းစား ခေါင်း၏အထဲတွင် ပလတ်စတစ်သား ခံပေးပြီး အပြင်မှ ငွေရောင်စက္ကူကပ်ပေးသည်။ သို့သော် တတိယတန်းစား ခေါင်းများကို အတွင်းအပြင် ရွှေပေါ် ထိုးထားခြင်း မရှိပေ။

ဒုတိယတန်းစားခေါင်းများကို ဒီဒူးသား၊ လက်ပံသားများ နှင့်သာ လုပ်သော်လည်း အတွင်း အပြင် ရွှေပေါ်ထိုးသည်။ ငွေရောင် ရွှေရောင်စက္ကူများ၊ ဖောင်းကြွ၊ ယိုးဒယားပန်းများဖြင့် ခြယ်ထားပြီး ရောင်စုံပလတ်စတစ်ပြားများကို ဖဲပြားလိုခေါက်၍ မွမ်းမံထား၏။ တန်ဖိုးမှာ ၃၅၀ ကျပ်မျှ ဖြစ်သည်။

ပထမတန်းစားခေါင်းမှာ ကျွန်းသားဖြင့် ပြုလုပ်၍ အတွင်း အပြင် ရွှေပေါ်ထိုးကာ ပါလစ်သုတ်၍ အရောင်တင်ထား၏။ အတွင်း ပိုင်းတွင်လည်း ပိုးမွေ့ရာကပ်ချုပ်ထားပြီး ခေါင်းအုံးပါသည်။ အပြင်

ဘက်တွင် ရွှေရောင်ငွေရောင် ဖောင်းကြွစက္ကူများ၊ ပလတ်စတစ် ဖဲပြားခွေများနှင့် မွမ်းမံထားပြီး လုလုပပ ခြယ်သထား၏။

အထူးခေါင်းများဆိုသည်ကား ပထမတန်းစားခေါင်းများကို ဝယ်လိုသူ၏ ဆန္ဒအတိုင်း ထပ်မံပြင်ဆင်ထားသည်။ အထူး ခေါင်းများသည် နိုင်ငံခြားမှ ခေါင်းပုံစံများအတိုင်း ပြုလုပ်ထား၍ ခန့်ခန့်ညားညားရှိသည်။ သုံးထောင်တန်ခေါင်း၊ လေးထောင် တန် ခေါင်းများကိုကား အော်ဒါရှိမှ ပြုလုပ်ပေးပြီး နိုင်ငံခြား အဆင့်မီကာ စူပါခေါင်းဟု ခေါ်ကြ၏။

ခေါင်းပုံသဏ္ဌာန်ကိုလိုက်၍ မန္တလေးခေါင်း၊ မလေးရှားခေါင်း၊ အင်္ဂလိပ်ခေါင်း၊ မြန်မာခေါင်း စသည်ဖြင့် အခေါ်များလည်း ရှိသည်။ မန္တလေးခေါင်း ဆိုသည်မှာ ယင်းပုံကို ယခင်က ရန်ကုန်တွင် ပြုလုပ်အသုံးပြုခြင်းမရှိ။ မန္တလေးတွင်သာ သုံးသည်။ ယခုမှ မန္တလေး မှ ခေါင်းပုံကို တိုက်ရိုက်ယူလာပြီး ရန်ကုန်တွင် စပ်ယူသော ပုံဖြစ်၍ မန္တလေးခေါင်းဟု အမည်ပေးထားခြင်းဖြစ်ကြောင်း သိရ၏။

ခေါင်းတစ်လုံး ၃၅၀ ကျပ် ၄၀၀ ကျပ်ဟု ဆိုရာတွင် ယင်း စရိတ်ထဲတွင် မီးသင်္ဂြိုဟ်ခ၊ နိဗ္ဗာန်ယာဉ်ခနှင့် ခေါင်းပို့စရိတ် စသည် များ ပါဝင်ပြီးဟု သိရ၏။ မီးသင်္ဂြိုဟ်ခမှာ ၂၅ ကျပ်ဖြစ်ပြီး နိဗ္ဗာန် ယာဉ်ခသည် ၆၀ ကျပ်ဖြစ်၍ ခေါင်းပို့စရိတ်သည် ၁၀ ကျပ်မျှသာ ဖြစ်၏။

ခေါင်းများကိုလုပ်ကိုင်ရာတွင် ဦးငွေပန်းတို့က နေ့စားလက် သမားများအား ပုတ်ပြတ်နှင့် ငှားရမ်းလုပ်ကိုင်ကြသည်။ ပုတ်ပြတ်ခမှာ မန္တလေးခေါင်းနှင့် မလေးရှားခေါင်းတစ်လုံးအတွက် ၁၅၀ ကျပ်ဖြင့်

လက်ခံရ၍ အင်္ဂလိပ်–မြန်မာကျွန်းခေါင်းများအတွက် တစ်လုံးလက်ခ ၄၀ ကျပ်မျှ ပေးရသည်ဟု သိရ၏။

ဦးငွေပန်းက ခေါင်းလုပ်ငန်းတွင် သစ်နှင့် ပန်းစက္ကူ၊ ငွေစက္ကူ၊ ရွှေစက္ကူ စသည်တို့ကို ရရှိရန် အခက်အခဲရှိကြောင်း ပြောပြသည်။ သစ်ကို သေစေရင်းနှင့်သာ သုံးရက်အတွင်း သက်ဆိုင်ရာ နယ်မြေသစ်ဆိုင်တွင် ဝယ်ယူရသောကြောင့် အခက်အခဲရှိကြောင်းများကိုပါ ရှင်းပြပါ၏။

'တချို့ကျတော့လည်း သစ်ပိုရင် ကလေးခေါင်းတွေကို အဆင်သင့် လုပ်ထားလေ့ ရှိပါတယ်၊ ကျွန်တော်ကတော့ အဲဒီလို လုပ်လေ့မရှိဘူး၊ ကလေးခေါင်းကို လာမှပဲ လုပ်ပေးပါတယ်၊ လူကြီးခေါင်းများကို အတန်းအစားအမျိုးမျိုး အကြမ်းထည် လုပ်ထားရပါတယ်'

'လူဝကြီးတွေလာရင်ရော အမြင့် တစ်ပေ ထိပ်ဝ တစ်ပေနဲ့ ရရဲ့လားဗျ'

'တော်ရုံတန်ရုံ ဝလို့တော့ ရပါတယ်၊ ဒါပေမယ့် သိပ်ဝရင်တော့ ထိပ်ဝနှစ်ပေ၊ အမြင့် ၁၄ လက်မရှိတဲ့ခေါင်းကို သီးခြားစပ်ယူရပါတယ်၊ အဲဒီလို ခေါင်းမျိုးနဲ့ ချရတဲ့လူကျတော့ မီးသင်္ဂြိုဟ်လို့ မရပါဘူး၊ ဘာပြုလို့လဲဆိုတော့ မီးသင်္ဂြိုဟ်တဲ့ မီးစက် မဆံ့လို့ပါ။ အဲဒါဆိုရင် မြေမြှုပ်ပဲ သင်္ဂြိုဟ်ရပါတယ်'

'မြေမြှုပ်သင်္ဂြိုဟ်တော့ ဘယ်လိုပေးရမလဲဗျ'

'မြေပိုင် မဟုတ်ရင်တော့ မြူနီစပယ်ကို ၃၅ ကျပ်ပေးရတယ်၊ မြေပိုင်ယူတော့ ၂၆၄ ကျပ် ပေးရပါတယ်၊ မြေပိုင်ဆိုရင် ဂူသွင်းလို့ရတယ်၊ သူပိုင်တာပဲ၊ မြေပိုင်မဟုတ်ရင်တော့ မြေမြှုပ်ရုံပဲ၊ ဝယ်သူက

မပိုင်ဘူး၊ မြူနီစီပါယ်က နောင် ဒီမြေကြီးပေါ်မှာ သူသုံးချင်တာ ဆက်သုံးနိုင်ပါတယ်၊ မြေပိုင်က အခု တစ်နေရာဖြစ်စေ၊ နှစ်နေရာ ဖြစ်စေ ဝယ်နိုင်ပါတယ်၊ ဇနီးမောင်နှံတစ်ဦး သေပြီးလို့ ဒီနေရာမှာ မြှုပ်ရင် ဘေးနေရာမှာ နောက် ဇနီးဖြစ်စေ၊ ခင်ပွန်းဖြစ်စေ သေရင် ကပ်ပြီး မြှုပ်နိုင်ပါတယ်'

'မနှစ်က ဧပြီလကပဲ ကျွန်တော့်ဇနီး ကွယ်လွန်ခဲ့တာ တစ်နှစ် ရှိပါပြီ၊ ကျွန်တော့်ဇနီးအတွက်ကတော့ မြေပိုင်ဝယ်ပြီး အုတ်ဂူ လုပ်ထားပါတယ်၊ အုတ်ဂူက လေးထောင်ကျော် ကျပါတယ်'

ဦးငွေပန်းသည် သူနှင့် ဘဝခရီးဝယ် အတူ လျှောက်ခဲ့ရသော ချစ်ဇနီးအား စကားပြောနေရင်း ပြန်သတိရနေဟန်တူ၏။ သူ့ဇနီးအား သင်္ဂြိုဟ်စဉ်က ပြုလုပ်ထားသော ခေါင်းကို ရောင်စုံဓာတ်ပုံရိုက်ထား ပြီး မှန်ပေါင် ထည့်ထားသည့်ပုံကို ယူ၍ပြ၏။ ပုံတွင် မိခင်ကြီး၏ အလောင်းအား ဦးငွေပန်း၏ သားသမီးများက လက်အုပ်ချီမိုး၍ နောက်ဆုံး ရှိခိုးဂါရဝ ပြုနေကြသည်။

'ခုန ဦးငွေပန်းတို့က အမြတ်တော်ကြေးနဲ့ မြူခွန်ပေးရတယ်လို့ ပြောတော့ ဘယ်လောက်များ ပေးရလဲခင်ဗျာ'

'မြူခွန်ကတော့ တစ်နှစ် ၁၀၀ ကျပ် မှန်မှန်ပေးရတယ်၊ အမြတ်တော်ကြေးကတော့ တစ်နှစ် တစ်ထောင်လောက်ပေးရတယ်'

'ကဲ ဦးငွေပန်းနဲ့ မမျှော်လင့်ဘဲ စကားပြောရတာလဲ အထူး ဗဟုသုတဖြစ်ပါတယ်၊ နောက်ဆုံး စကားတစ်ခွန်းပဲ ကျွန်တော် မေးပါတော့မယ်၊ အခုလို သေတဲ့လူတွေကို နေ့တိုင်းတွေ့နေပြီး သူတို့ကို ထည့်ဖို့ခေါင်းတွေကို နေ့တိုင်းလုပ်နေရတာနဲ့ ပတ်သက်လို့

ဦးငွေပန်း ဘယ်လို ခံစားရသလဲ၊ ဒီခေါင်းတွေ လူသေတွေ မြင်ရတာကော ဦးငွေပန်း မကြောက်ဘူးလားဗျာ၊ ညညမှောင်ကြီး မည်းကြီးထဲ ထတဲ့အခါ ဒီခေါင်းကြီးတွေကို မြင်ရင် မလန့်ဘူးလား’

‘ဆရာ့မေးခွန်းကို ကျွန်တော်ဖြေပါ့မယ်ဆရာ၊ ဒါပေမယ့်လို့ လိုရင်းကိုမရောက်ရင်တော့လဲ သည်းခံပါဆရာ၊ ဒီခေါင်းတွေ၊ ဒီလူသေတွေ၊ ဂူတွေကို ကျွန်တော် နေ့တိုင်း တွေ့နေရတော့ နေ့တိုင်း နေ့တိုင်း သေနေကြပါလား၊ ဒီလိုပဲ နေ့တိုင်း နေ့တိုင်းလဲ မွေးနေကြတယ်၊ အဟောင်း အဟောင်းတွေ ချုပ်ငြိမ်းလို့ အသစ် အသစ်တွေ ဖြစ်နေကြတယ်၊ သေသူတွေ သေ၊ သူတို့တစ်တွေက ရှေ့ကသွားတော့ ရှင်သူတွေ ကျွန်တော်တို့က သူတို့နောက်က လိုက်ကြရမယ်၊ အခု ကျွန်တော့်ဇနီးက ရှေ့ကသွားပြီ၊ ဟောဟို သင်္ချိုင်းထဲက သူက ကျွန်တော်တို့ကို စောင့်နေတယ်၊ ကျွန်တော်လဲ သူ့နောက်ကို လိုက်ရမှာဆိုတဲ့ အသိဟာ အခြားသူတွေထက် ကျွန်တော်တို့က ပိုပြီး ဒီအသိကိုရတယ်၊ ဒီအသိကို တခြားသူတွေက ဖန်တီးပြီး ယူကြရတယ်၊ မိတ်ဆွေသားချင်း မိသားစုထဲက အသုဘရှိလာမှ ဒီအသုဘကိုရှုပြီး ဒီအသိရအောင် ယူကြရတယ်၊ ကျွန်တော်တို့ကတော့ နေ့စဉ်နေ့တိုင်း အသုဘကိုရှုပြီး နေ့တိုင်း ဒီအသိကို ပွားများနေနိုင်တယ်’

‘လူတွေဟာ အသုဘကို မြင်တုန်းပဲ လန့်ကြတာ၊ ကြောက်ကြတာ၊ လူသေကောင် မျက်စိအောက်ကလဲ ပျောက်သွားရော မကြောက်ကြ၊ မလန့်ကြတော့ဘူး၊ လူသေကောင်ကို မြင်တုန်း ကြောက်ချင်အောင် လန့်ချင်အောင် ဆောင်ကြသလိုပါပဲ’

'ကျွန်တော်တို့ကတော့ ဆရာက နာနာရိုက်ပြီး ဆုံးမထားတဲ့ ကျောင်းသားလို သေခြင်းတရားကို နေ့တိုင်း မြင်နေရတော့ ဒါကို အမြဲ မှတ်မိနေပါတယ်၊ ဆင်းရဲတဲ့လူလဲ သေရမှာပဲ၊ ချမ်းသာတဲ့ လူလဲ သေရတာပဲ၊ ဂုဏ်ရှိတဲ့သူ ဂုဏ်မဲ့တဲ့သူ အားလုံးဟာ သေမျိုး တွေချည်းပဲ၊ ဒါပေမယ့် လူတွေဟာ သူတို့ကိုယ်သူတို့ ဘယ်တော့မှ မသေတော့မဲ့အတိုင်း နေထိုင်နေကြတယ်။ ကျွန်တော်တို့ ကြံတောမှာ အသုဘလာပို့တဲ့ မျက်နှာနဲ့ ပို့ပြီးလို့ ပြန်သွားတဲ့မျက်နှာ မတူကြ ပါဘူး၊ လာပို့ကြတော့ အကြောင်းကြောင်းကြောင့် မျက်နှာသေ လေးတွေနဲ့ ဟန်လုပ်ပြီး ပို့ကြတယ်၊ သေတဲ့လူက ပြာမကျသေးဘူး၊ အသုဘ ပို့တဲ့လူတွေ ပြန်ထွက်လာတော့ အသုဘပို့တဲ့ ကားပေါ်မှာ ရယ်သွားကြတဲ့ သူတွေတောင် ရှိသေးတယ်၊ တချို့ကလည်း အသုဘ ရှင် မျက်နှာပြရုံ လာပို့ကြတဲ့သူက ရှိသေးရဲ့၊ အမျိုးမျိုးပါပဲ ဆရာ ရယ်၊ ကျွန်တော့်စကားတောင် ဘယ်တွေရောက်ပြီလဲ မသိတော့ ပါဘူး။ နောက် ဆရာမေးတဲ့အထဲက ဒီခေါင်းတွေဟာ ကြောက်စရာ မဟုတ်ပါဘူး၊ ဒီခေါင်းတွေဟာ ကျွန်တော်တို့ရဲ့ အနုပညာပစ္စည်း တွေ၊ ကုန်ချောပစ္စည်းတွေပါ၊ တစ်ခါ တစ်ခါ ကိုယ့်ဟာကိုယ် လုပ်ထားတဲ့ ကိုယ့်ခေါင်းလေးကို လှလွန်းလို့ ကြည့်ပြီး ကြည်နူးရ တာတောင် ရှိသေးတယ်၊ တစ်ခါတလေ ညညနိုးရင် လရောင် အောက်မှာ ကိုယ့်ပစ္စည်း ကိုယ် ဘယ်ပုံလေး လုပ်ရင်ကောင်းမလဲ စသည်ဖြင့်ပေါ့ဗျာ၊ ပန်းချီဆရာလိုပေါ့၊ ဆွဲပြီးတဲ့ ပန်းချီကားလေး ကိုပဲ ဘာများလိုသေးလဲလို့ ကြည့်ပြီးနေရတာ ဘယ်မှာ ကြောက် ဖို့ရာ ဖြစ်တော့မှာလဲ ဆရာရဲ့၊ တစ်ခါတလေတော့လဲ သေတဲ့သူနဲ့ ခေါင်းလို လိုက်ဖက်ညီထွေဖြစ်အောင် စဉ်းစားရတယ် ဆရာရဲ့၊

သေသူက တက္ကသိုလ်ကျောင်းသူ အသက် ၁၉ နှစ်ဆိုရင် အနက်ရောင်ကြီးတွေ အစိမ်းရောင်ကြီးတွေ သုံးလို့ ဘယ်ကောင်းပါ့မလဲ၊ အစိမ်းသုံးတဲ့တိုင် ဒီလိုခေါင်းမျိုးကြတော့ အစိမ်းနုလေးတွေ ဘာလေးတွေ စဉ်းစားသုံးရတာပေ့ါ ဆရာရယ်၊ ဒီခေါင်းတွေဟာ ကြောက်စရာ မဟုတ်ပါဘူးဆရာ၊ ခေါင်းတွေထက် ကြောက်စရာကောင်းတာက လူတွေဟာ မိမိသေရမှာကို မစဉ်းစားမိဘဲ တစ်နေ့စာ တစ်မနက်စာ အတွက် မတရားလုပ်နေကြတာတွေ၊ ဂုဏ်တုဂုဏ်ပြိုင် ပြုနေကြတဲ့ သူတွေ၊ ဒါတွေဟာ တစ်ခဏ တစ်ဘဝကို ထာဝရလို့ ထင်နေကြတာတွေ၊ လောဘ၊ ဒေါသ မောဟ၊ မာန်မာန တရားတွေသာ ကြောက်စရာကောင်းတာပါ ဆရာရယ်'

ဦးငွေပန်းက ဆက်၍တော့ ပြောနေသေး၏။ ကျွန်တော်သည် ကြားရသလောက်ကိုသာ မှတ်သား၍ ထားလိုက်သည်။ သူ့စကားများထဲတွင် ဆက်မှတ်သားစရာတွေက တစ်ပုံတစ်ပင်ကြီး ပါနေ၏။ သူက လက်တွေ့ ပြောဆိုနေခြင်း ဖြစ်သည်။

'အခုလို ပြောပြတာ ဦးငွေပန်းကို တကယ့်ကို အထူးပဲ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်လဲ အများကြီး ဗဟုသုတ ရပါတယ်၊ ကျွန်တော် စာရေးဖြစ်ရင် ဒီအကြောင်းတွေကို ထည့်ရေးလို့ကော ရပါ့မလားခင်ဗျာ'

'ရပါတယ် ဆရာရယ်၊ ကျွန်တော်က အခု ကျွန်တော်ပြောတာတွေကို ကျွန်တော့်ဆီမှာ ခေါင်းလာအပ်တဲ့ လူတွေကိုရော၊ နေ့စဉ် ဟောဒီသုသာန်မှာ အသုဘလာပို့တဲ့ လူတွေကိုပါ ပုံနှိပ်စက်နဲ့ ရိုက်ပြီး ကမ်းချင်တာ၊ အခု ဆရာက စာရေးမယ်ဆိုတော့ ရေးပါ ဆရာရယ်'

'ဒီလိုဆိုရင် နောက်ကြုံမှ လာပါဦးမယ်၊ ကျေးဇူးလဲတင်ပါတယ်၊ ဦးသန်းဆွေနဲ့ ပတ်သက်ပြီးမှ သိရပေမယ့် ဦးသန်းဆွေလိုပဲ ခင်ခင်မင်မင် ရှိနိုင်ပါတယ်၊ ဦးသန်းဆွေနဲ့ ကျွန်တော်ကတော့ တစ်ရုံးတည်း အဆင့်တူ ဝန်ထမ်းတွေပါ'

'အားတော့နာပါရဲ့ ဆရာရယ်၊ ဆရာ ကိစ္စရှိရင် လာခဲ့ပါ၊ ဆရာ့ကိစ္စပဲဖြစ်ဖြစ်၊ သူများပဲဖြစ်ဖြစ် အကူအညီလိုရင် လာပါ'

ဦးငွေပန်းက တကယ့်ကို စေတနာသဒ္ဓါတရားနှင့် ကြည်ကြည်ဖြူဖြူ ပြောနေခြင်း ဖြစ်သည်။ တကယ်တော့ ဦးငွေပန်း ဆိုခဲ့သော စကားစုသည် တစ်ဆင့်ပြန်ပြောသော် ရယ်စရာ ဖြစ်နိုင်သော်လည်း ကျွန်တော်လည်း သေရဦးမည်။ သူတစ်ပါး သေသည့် အခါတွင်လည်း ဆောင်ရွက်ပေးရခြင်းမျိုးနှင့်လည်း ကြုံနိုင်သည်။ ဦးငွေပန်းသည် သေတွင်း၏တံခါးဝမှ တံခါးမှူးသဖွယ် ဆောင်ရွက်နေသူဖြစ်၏။

ကိစ္စရှိလျှင် လာခဲ့ပါဟု ဦးငွေပန်းက ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့ပါသော်လည်း တကယ်တမ်း ကျွန်တော့်ကိစ္စ ရှိလာခဲ့ပါလျှင် ဦးငွေပန်းတစ်ယောက် သူ့ဇနီးသေးရှိ သူ့အတွက် သတ်မှတ်ထားသော မြေနေရာကွက်လပ်တွင် ကျွန်တော့်အား ပေးထားသည့် ကတိကို မေ့လျော့ကာ လဲလျောင်း ခေါင်းချနေနှင့်ပြီးလည်း ဖြစ်ချင်ဖြစ်နေပေလိမ့်မည်။

*[ဦးငွေပန်းသည် စာရေးသူနှင့် ယခုကဲ့သို့ တွေ့ဆုံပြီး ရှစ်လအကြာတွင် ကွယ်လွန်သွားပါသည်]*

*

သခြေင်းတရာကို ကြိုတင် လက်ခံထားပါက သခြေင်း
သည်လည်းကောင်း၊ အသက်မသေ ရှင်နေခြင်းသည်
လည်းကောင်း အလွန် ချိုမြိန်ဖွယ်ရာ ဖြစ်ပါမည်။

**ရှိတ်စပီးယား (၁၅၆၄–၁၆၁၆)**
**အင်္ဂလိပ်လူမျိုး ကဗျာဆရာကြီး**

# ရက်ကန်းသည်မလေး

ဤခရီးနီးသလား။

ရက်ကန်းသည်မလေးအတွက်ကား ဤခရီးကို အပြေးလာခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ဖခင်ကြီးသည် အပ်ထည်များယနေ့ပေးနိုင်ရန် ရက်ဖောက်များကို အမြန်ရစ်၍ ယူခဲ့ရန် မှာကြားခဲ့သည်။

ရက်ကန်းသည်မလေးသည် ရက်ဖောက်များကို အမြန်ရစ်၍ ဖခင်အတွက် ထမင်းထည့်ကာ ခပ်သုတ်သုတ် ထွက်လာခဲ့သော်လည်း ဘုရားရှင်၏ တရားပွဲသို့ ဝင်ရောက်နေ၍ အချိန်အတန်ငယ်နောက်ကျခဲ့ရ၏။ ထို့ကြောင့်လည်း ဖခင်ကြီးထံ အပြေးနှင်၍လာရခြင်း ဖြစ်သည်။ ခပ်သုတ်သုတ် လာခဲ့သော ဤအမျိုးသမီးငယ်သည် သခြေင်းတရားကို အစဉ် နှလုံးသွင်းနိုင်သူ ဖြစ်၏။

ဦးငွေပန်းက မိမိသည် ခေါင်းများကို လုပ်ရင်း သေခြင်းတရားကို ပွားများရသည်။ သေသူတွေက ရှေ့က သွားကြပြီ၊ မသေသူများက သူတို့နောက်သို့ လိုက်ရန် တန်းစီနေကြသည်။ မိမိအသက်မွေးဝမ်းကျောင်းက နေ့စဉ် သေသူများနောက်ကို မိမိလည်း လိုက်ရမှာပါကလားဆိုတဲ့ အသုဘအသိကို အမြဲ ရှုနေရ၏။ အသုဘကို အမြဲရှုပြီး ဒီအသိကို အမြဲကပ်ထားနိုင်လို့ ဒီအလုပ်ကို မိမိမြတ်နိုးရပါတယ်ဟု ဆို၏။

အလားတူပင် သေခြင်းတရားနှင့် သေခါနီးလူတို့၏ သဘာဝကို လေ့လာခဲ့သူ ဒေါက်တာ အက်လီဇဘက် ကူဘလာရော့စ်ကလည်း **ကျွန်ုပ်တို့ မုချမသွေ သေရမည်ဟူသော အရေးကို မူလအစကပင် လက်ခံ သဘောပေါက်ထားပါက ကျွန်ုပ်တို့သည် ကောင်းရာကောင်းကြောင်း အများအပြားကို လုပ်ကိုင်နိုင်ခဲ့လိမ့်မည်**ဟု ဆို၏။

သေခြင်းတရားဟူသည် မွေးဖွားလာစဉ်ကပင် ပါလာသောတရားဖြစ်၏။ ထို့ကြောင့် သေခြင်းတရားကို သေခါနီးမှ ပွားများရမည်မဟုတ်။ မည်သည့်အချိန်မဆို ပွားများနိုင်၏။ သေခြင်းတရားကို စောစော ပွားများနိုင်လေ၊ စောစောအကျိုးရှိလေ ဖြစ်၏။ သေခြင်းတရားကို စောစောပွားများနိုင်လေ ကောင်းရာကောင်းကြောင်းများကို စောစောပြုလုပ်နိုင်လေ ဖြစ်၏။

ယခုဖော်ပြမည့် ရက်ကန်းသည်မလေးသည် သေခြင်းတရားကို စောပြီး ပွားများနိုင်ခဲ့သူ တစ်ဦးဖြစ်သည်။ မိမိသည် ဘယ်ဘဝက လာသည်ကို မသိနိုင်သော်လည်း မိမိ မုချသေရမည်ကိုကား

သိနိုင်၏။ မိမိ မုချမသွေ သေရမည်ကို သိသော်လည်း ဘယ်တော့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘယ်ကဲ့သို့သော အကြောင်းတရားဖြင့် သေရမည်မသိ။

ဒေါက်တာအောင်မြင့်သည် ကျွန်တော်၏ ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သူ ဗိုလ်ကြီး သူရဆွေဝင်း၏ ငယ်သူငယ်ချင်း တစ်ဦးဖြစ်သည်။ ဗိုလ်ကြီး သူရဆွေဝင်း၏ ငယ်သူငယ်ချင်းဖြစ်၍ ကျွန်တော်နှင့်လည်း ရင်းနှီးခဲ့ရ၏။ ဒေါက်တာ အောင်မြင့်သည် ကောလင်းမြို့နယ်၌ တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်ရာ ရန်ကုန်သို့ ရောက်ရှိလာစဉ် ကျွန်တော်တို့အား ရန်ကင်းမြို့နယ် စုနီရမ်ပတ်ရှိ အိမ်ဖြူတော် စားတော်ဆက်တွင် ကျွေးမွေး ပြုစုခဲ့သည်။ ထို့နောက် ကျွန်တော်တို့အား နှုတ်ဆက်ကာ ကောလင်းသို့ အမြန်ပြန်ရမည် ဖြစ်သော်လည်း မကြာမီ ရန်ကုန်သို့လာစရာ ရှိသေးကြောင်း၊ ထိုအခါတွင်လည်း အေးအေးဆေးဆေး တွေ့လိုသေးကြောင်း ပြောဆိုခဲ့သေး၏။

သို့သော် ထိုသို့ နှုတ်ဆက်ပြီး ပြန်သွား၍မှ မကြာမီပင် ဒေါက်တာ အောင်မြင့် မန္တလေးဆေးရုံကြီး၌ ကွယ်လွန်ခဲ့ကြောင်း သတင်းကို လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာထဲတွင် ဖတ်လိုက်ရ၏။

ဒေါက်တာအောင်မြင့်သည် တစ်နေ့ကပင် ထမင်းအတူ စားရာ၌ ပုစွန်တုပ်တစ်ကောင်ကို ကျွန်တော်၏ ပန်းကန်ထဲသို့ ထည့်ပေးကာ မြိန်မြိန်ရှက်ရှက်စားရန် ပြောနေခဲ့သေး၏။

ယခုတော့ ဒေါက်တာအောင်မြင့် ကွယ်လွန်ခဲ့ပါပြီ။ ထို့ကြောင့်လည်း မိမိ သေမည်ဆိုသည်ကို သိသော်လည်း ဘယ်အချိန်၊ ဘယ်နေရာတွင် ဘယ်လိုသေရမည်ကို မသိ။ ထို့ကြောင့် ထိုသို့ မသိနိုင်ခြင်းသည် ဘယ်တော့မှ မသေတော့မှာလည်းမဟုတ်။ ထို့ကြောင့် ဘယ်အချိန်ပင် သေသေ၊ သေရမည့် အတူတူ ယခုပင် သေခြင်းတရားကို ပွားများကာ မိမိစိတ်ကို မိမိဆုံးမနိုင်ပါက ယခုပင် ကောင်းရာကောင်းကြောင်းများကို စတင် လုပ်ဆောင်ပြီး ဖြစ်နေပေမည်။

အသက် ငယ်ပင်ငယ်သော်လည်း သေခြင်းတရားကို ပွားများနိုင်သော ရက်ကန်းသည်မလေး၏ ဖြစ်ရပ်က များစွာ စိတ်ဝင်စားဖွယ်ရာ ဖြစ်ပါ၏။

၁၆ နှစ်အရွယ်မျှသာ ရှိသေးသူ ရက်ကန်းသည်မလေးသည် မြို့တွင်း၌ ဗုဒ္ဓရှင်တော်မြတ် ကြွလာတော်မူကြောင်းကို ကြားသိရ၍ တရားနာချင်၊ ဖူးတွေ့ချင်သည့် စိတ်တို့က စောနေ၏။ သို့သော် ဖခင်ကြီးက ရက်ဖောက်ကို မြန်မြန်ချည်ရစ်ပြီး ယူခဲ့ရန် မှာကြားသွားသည့်အတွက် ဖခင်ကြီးဆီသို့ ရက်ဖောက်ပို့ရန် ကိစ္စကလည်း ရှိနေ၍ စိတ်လှုပ်ရှားလျက် ရှိရ၏။

ဤဒေသသို့ ယခင်တစ်ခါ ဘုရားရှင် ကြွလာတော်မူစဉ်က မြတ်စွာဘုရားသည် သေခြင်းတရားကို ဟောတော်မူခဲ့၏။ (မရဏံ မေ ဓုဝံ၊ ဇီဝိတံ မေ အဓုဝံ) ငါ၏ သေခြင်းသည် မြဲ၏။ ငါ၏ အသက်သည် မမြဲ။ (မရဏံ မေ ဘဝိဿတိ)၊ ငါ့အား သေခြင်းတရား ဖြစ်လတ္တံ့။ အရှင်ဘုရား၏ ထိုတရားတော်ကို ကြားနာခဲ့ရ

ပြီးနောက် ရက်ကန်းသည်မလေးသည် ငါသေရဦးမည်ဟု အမြဲမပြတ် နှလုံးတွင်ကပ်ကာ သေခြင်းတရားကို ပွားများနေခဲ့၏။ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းနေခဲ့၏။

ယခုတစ်ကြိမ် ဘုရားရှင်ကြွလာတော်မူကြောင်းကို ကြားသိရသော်လည်း မိမိတွင် အလုပ်မအားလပ်၍ မသွားရောက်နိုင်။ ဖခင်ကြီးကလည်း အပ်ထည်များကို ယနေ့ပေးအပ်နိုင်ရန် စောစောကပင် ရက်ကန်းရုံသို့ သွားခဲ့ပြီ။ မိမိကိုလည်း ထမင်းလာပို့သည့်အခါ ရက်ဖောက်များ အမြန်ရစ်၍ ယူခဲ့ရန် မှာကြားခဲ့၏။

ရက်ကန်းသည်မလေးသည် ဖခင်ကြီးအား ထမင်းပို့ရန် ထမင်းတောင်းတွင် ရက်ဖောက်များထည့်ကာ အိမ်မှထွက်ခဲ့၏။

မြို့သူမြို့သားတို့သည် မြို့လယ်တွင် မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့အား ဆွမ်းကပ်ပြီး၍ ဆွမ်းအနုမောဒနာ ပြုရန် အသင့်ဖြစ်နေကြ၏။ ဗုဒ္ဓရှင်တော်မြတ်သည် ဆွမ်းဘုဉ်းပေးတော်မူပြီး၍ ပရိသတ်များ အသင့်ဖြစ်နေကြောင်းကို သိတော်မူသော်လည်း တရားမဟောသေး။

ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးသည့်အခါ လူတို့သည် မြတ်စွာဘုရား၏ သပိတ်တော်ကို ဆေးကြော သန့်စင်ပြီးနောက် ထိုသပိတ်တော်ကို မြတ်စွာဘုရားအား ပြန်လည်ဆက်ကပ်ခြင်းသည် တရားဟောကြားရန် အချိန်ကျပြီဖြစ်ကြောင်း၊ တရားနာယူရန် အသင့်ဖြစ်နေကြောင်း၊ ပရိတ်သတ်စုံပြီဖြစ်ကြောင်း အထိမ်းအမှတ်ပင် ဖြစ်၏။

သို့သော် ယခုမူကား ဗုဒ္ဓရှင်တော်မြတ် အနေဖြင့် တစ်စုံတစ်ယောက် လိုနေသေးသည့်အတွက် ငံ့လင့်တော်မူလျက် ရှိ၏။ ဗုဒ္ဓအနေဖြင့် ပရိသတ်က မစုံသေး။

မှန်၏။ ဗုဒ္ဓရှင်တော်မြတ်သည် နံနက် မိုးမသောက်မီကပင် ကျိန်းစက်ရာမှ ထတော်မူ၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူမြဲဖြစ်၏။ ယနေ့ မည်သူ့အား ခြွေချွတ်ရပေမည်နည်းဟု လောကကို ဆင်ခြင်တော်မူရိုး ထုံးစံရှိ၏။ ဤကား ဗုဒ္ဓ၏ နေ့စဉ်ကိစ္စဖြစ်၏။

ဤယနေ့ကား ရက်ကန်းသည်မလေး ကျွတ်လွတ်ရန် အကြောင်း ကောင်းသောအထောက်အပံ့ကို မြင်တော်မူသည့်အတွက် ဤဒေသသို့ ကြွလာတော်မူခြင်း ဖြစ်၏။ မြတ်စွာဘုရားသည် ငါသည် ဤအရပ်သို့ ဤသူ့အတွက် ရောက်ရှိလာခြင်း ဖြစ်၏။ ဤသူသည်ကား သူ့ဖခင်၏ အမိန့်အရ မလာအားသေးဘဲ ရှိနေသည်ဟု ဆင်ခြင်နေစဉ်မှာပင် ရက်ကန်းသည်မလေးသည်လဲ ဖခင်အတွက် ထမင်းတောင်းတွင် ရက်ဖောက်များထည့်လျက် တောင်းကို ရွက်ကာ မဏ္ဍပ်အနီးသို့ ရောက်ရှိလာ၏။ ထိုအခါ မြတ်စွာဘုရားသည် တရားဟောမည့်နေရာတွင် ထိုင်နေတော်မူရာမှ မဏ္ဍပ်နားသို့ ချဉ်းကပ်လာသော ရက်ကန်းသည်မလေးကို လှမ်းမျှော်ကာ ကြည့်တော်မူလိုက်၏။ ပရိသတ်များသည်လည်း ဘုရားရှင် မျှော်ကြည့်ရာသို့ လှည့်၍ ကြည့်ကြကုန်၏။

ပရိသတ်ကြီးသည် နဂိုကပင် ဗုဒ္ဓရှင်တော်မြတ် တရားမဟောသေးသည်မှာ တစ်စုံတစ်ယောက်ကို စောင့်ဆိုင်းနေသလားဟု တွေးထင်ထားသည့်အတိုင်း ဗုဒ္ဓရှင်တော်မြတ် မျှော်ကြည့်သောသူသည် ဗုဒ္ဓရှင်တော်မြတ် စောင့်ဆိုင်းနေသူပင် ဖြစ်ရမည်ဟု တွက်ဆထားပြီး ဖြစ်ကြ၏။

ရက်ကန်းသည်မလေးသည်လည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ပရိသတ်အနေအထားနှင့် ဗုဒ္ဓရှင်တော်မြတ်က မိမိအား လှမ်းကြည့်တော်မူသည်ကို မြင်ရသည့်အတွက် ဗုဒ္ဓရှင်တော်မြတ်သည် မိမိအား စောင့်ဆိုင်းနေကြောင်းကို အတပ်သိလေ၏။ သို့အတွက် ဖခင်ကြီးဆီသို့ တရားနာပြီးမှ သွားတော့မည်။ ငါ့အား နောက်ကျ၍ ဖခင်ကြီး ကြိမ်းမောင်းရိုက်နှက်သော်လည်း ကြိမ်းမောင်းရိုက်နှက်ပါစေ၊ ဘုရားရှင်အား ဝင်ရောက်ဖူးမြော်၍ တရားနာဦးမည်ဟု မဏ္ဍပ်တွင်းသို့ ဝင်ခဲ့၏။ မဏ္ဍပ်တွင်းသို့ ဝင်ရုံမျှမက ဘုရားရှင်ရောင်ခြည်တော် လွှတ်တော်မူနေရာ အနီးကပ်နေရာသို့ပင် ဝင်ရောက်လာခဲ့၏။

ဗုဒ္ဓရှင်တော်မြတ်သည် မိမိ ရည်စူးစောင့်ဆိုင်းနေသူ ရောက်လာပြီဖြစ်သည့်အတွက် 'အမျိုးသမီးငယ်၊ သင် ဘယ်က လာသလဲ'ဟု စတင်၍ မေးတော်မူလိုက်၏။ ထိုအခါ ရက်ကန်းသည်မလေးက–

'မသိပါဘုရား'ဟု လျှောက်ထားလိုက်၏။

ပရိသတ်ကြီးမှာ မျက်လုံးပြူးကာ ခေါင်းထောင်လာ၏။ 'ဘယ့်နှယ် ဒီမိန်းကလေး ဘယ်လို ဖြေလိုက်ပါလိမ့်' ဟု တွေးနေကြ၏။ ဗုဒ္ဓရှင်တော်မြတ်နှင့် ရက်ကန်းသည်မလေးတို့၏ အမေးအဖြေကား မရပ်သေး။

'အမျိုးသမီးငယ်၊ သင် ဘယ်သွားမလို့လဲ'ဟု မေးတော်မူလိုက်ပြန်၏။ ရက်ကန်းသည်မလေးက–

'မသိပါ ဘုရား'ဟု လျှောက်တင်လိုက်၏။

ပရိသတ်ကြီးမှာ ပို၍ပင် ခေါင်းထောင်လာကြ၏။ ဗုဒ္ဓအမေးကား မရပ်သေး။

'အမျိုးသမီးငယ်၊ သင် တကယ်မသိဘူးလား' ဟု မေးတော်မူပြန်၏။ အမျိုးသမီးငယ်က–

'သိပါတယ် ဘုရား' ဟု လျှောက်တင်လိုက်၏။

ပရိသတ်ကြီးမှာ ခေါင်းထောင်ရုံတင်မက 'အစက ဒီမိန်းကလေးကို တို့က ယဉ်ကျေးသိမ်မွေ့တယ်လို့ ထင်ခဲ့သည်၊ အခုတော့ ဘယ့်နှယ်လဲ၊ ဘုရားရှင် မေးတော်မူသည်ကို ယဉ်ကျေးသိမ်မွေ့စွာ ပြန်လည်မဖြေကြား၊ မလေးမစားနှင့် ဖြေကြားလေသည်' ဟု ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုကြ၏။

ဗုဒ္ဓနှင့် ရက်ကန်းသည်မလေးတို့က ပရိသတ်အနေအထားနှင့် လှုပ်ရှားနေမှုကို ဂရုမထားဘဲ ဆက်၍ မေးတော်မူဆဲ၊ ဖြေကြားဆဲပင် ဖြစ်၏။

'အမျိုးသမီးငယ်၊ သင် ကေန်သိသလား' ဟု မေးတော်မူပြန်၏။ အမျိုးသမီးငယ်က–

'ကေန် မသိပါဘုရား' ဟု လျှောက်တင်လိုက်ပြန်၏။

ဗုဒ္ဓနှင့် အမျိုးသမီးငယ်တို့၏ အမေးအဖြေကို သီးသန့်အတိုချုပ်၍ ထုတ်နှုတ်ပြပါဦးမည်။

၁။ သင် ဘယ်ကလာသလဲ
မသိပါ။

၂။ သင် ဘယ်သွားမလဲ
မသိပါ။

၃။ သင် တကယ်မသိဘူးလား
သိပါတယ်။

၄။ သင် ဧကန်သိသလား

မသိပါ။

ဤသို့ သော်အနေအထားမျိုး အဖြေစကားကို ကြားရပါက အပေါ်ယံ ကြည့်တတ်သူတို့အတွက် မလေးမစား ကန့်လန့်ဖြေကြားသော အဖြေစကားဟူ၍လည်း ယူဆစရာ ဖြစ်ပါ၏။

သို့သော်လည်း မရဏာ နုဿတိ ကမ္မဋ္ဌာန်းကို နေ့စဉ်စီးဖြန်းနေသူ (သေရမည်ကို နေ့စဉ် ပွားများနေသူ) ဤရက်ကန်းသည်မ အမျိုးသမီးနှင့် သတ္တဝါတို့၏ စရိုက်အနေအထား စိတ်နေစိတ်ထားကို အတွင်းကျကျ သိတော်မူ၊ မြင်တော်မူသော ဘုရားရှင်တို့အတွက်ကား ကျယ်ပြားသော အဓိပ္ပာယ်ရှိ၏။ လေးနက်သော အမေးတရားနှင့် အဖြေစကားများ ဖြစ်ပေ၏။

ဤသို့ ဗုဒ္ဓနှင့် အမျိုးသမီးငယ်တို့၏ အမေးအဖြေများသည် ဗုဒ္ဓနှင့် အမျိုးသမီးငယ်တို့အတွက် သက်သက်ဆိုပါလျှင် ဤသို့သော အကျဉ်းမျှနှင့်ပင် လုံလောက်၏။ ပြည့်စုံ၏။ အမေးထဲတွင် တရားပါ၏။ အဖြေထဲတွင် တရားပါ၏။ ဤမျှဖြင့် တရားတစ်ပွဲ ပြီးဆုံး၏။

သို့သော် သေခြင်းတရားကို စိတ်မဝင်စားသူ၊ ငါသေရဦးမှာပါကလားဟု တစ်ရံတစ်ခါမျှ စဉ်းစား ဆင်ခြင်မှုမပြုသူ၊ သေခြင်းတရားကို မသိယောင်ဆောင်နေသူများအတွက်ကား သံသယတန်းလန်းနှင့် အကန်းသဖွယ်ပင် ရှိနေမည်ဖြစ်၏။

ထို့ကြောင့်ပင် ဗုဒ္ဓရှင်တော်မြတ်သည် ပညာဉာဏ်ကင်း သေခြင်းတရားကို မသိယောင်ဆောင်နေသော ပရိသတ်အတွက် တစ်ဆင့်တက်ကာ အကျယ်ဖွင့်ဆို၍ မေးတော်မူရပြန်၏။

'အမျိုးသမီးငယ် သင် ဘယ်ကလာသလဲဟု မေးသည့်အခါ မသိပါဘုရားဟု လျှောက်ထားသည့် အဓိပ္ပာယ်မှာ မည်သို့ရှိလေသနည်း'ဟု မေးတော်မူလိုက်၏။

'မြတ်စွာဘုရား၊ တပည့်တော်မ အိမ်ကလာသည်ကို ဤပရိသတ်ကြီးလည်း သိပြီး ဖြစ်ပါသည်။ မြတ်စွာဘုရားလည်း သိတော်မူမည်ပင် ဖြစ်ပါသည်။ ဤအိမ်ကလာသည့် ကိစ္စမျှလောက်ကို ဤတရားပွဲအလယ်၌ မြတ်စွာဘုရားအနေဖြင့် မေးခွန်းထုတ်၍ အမေးပြုလုပ်မည် မဟုတ်ပါ။ သို့အတွက် သင် ဘယ်က လာသလဲဟူသော မြတ်စွာဘုရား၏ အမေးတော်မှာ သင် ဘယ်ဘဝက ဤလူ့ဘဝကို လာခဲ့သလဲဟူသော အမေးတော်သာ ဖြစ်ရမည်ဟု ယူဆသည့်အတွက် တပည့်တော်မသည် ဘယ်ဘဝကနေ၍ ဤလူ့ဘဝကို လာခဲ့ရသည်ကို မသိခြင်းကြောင့် မသိပါဘုရားဟု လျှောက်ထားခြင်း ဖြစ်ပါသည်'ဟု ပထမအဖြေ၏ အကျယ်အဓိပ္ပာယ်ကို ဖြေကြားသည့်အခါ ဗုဒ္ဓရှင်တော်မြတ်က 'အမျိုးသမီးငယ်၊ သင်သည် ငါဘုရား ပညာဖြင့် ရည်ညွှန်း၍ မေးသည်ကို ကောင်းစွာ ဖြေဆိုနိုင်ပေ၏'ဟု သာဓုခေါ်ကာ ကောင်းချီးပေးတော်မူလိုက်၏။

ထို့နောက် 'အမျိုးသမီးငယ်၊ သင် ဘယ်ကိုသွားမလဲဟု မေးသည့်အခါ မသိပါဘုရားဟု လျှောက်ထားသည့် အဓိပ္ပာယ်မှာ မည်သို့ ရှိလေသနည်း'ဟု မေးတော်မူ၏။

'မြတ်စွာဘုရား၊ တပည့်တော်မ၏ ထမင်းတောင်းနှင့် ရက်ဖောက်တို့ကို မြင်ရခြင်းဖြင့် ဖခင် ရက်ကန်းရက်ရာ ရက်ကန်းရုံသို့ သွားမည်ကို ဤပရိသတ်ကြီးလည်း သိရှိပြီး ဖြစ်ပါသည်၊

မြတ်စွာဘုရားလည်း သိမည်ဖြစ်ပါသည်။ ရက်ကန်းရုံသို့ သွားမည့်ကိစ္စလောက်ကို မြတ်စွာဘုရား မေးတော်မူမည် မဟုတ်ပါ’

‘သို့အတွက် သင် ဘယ်ကိုသွားမလဲဟု မေးတော်မူခြင်းမှာ သင် ဤလူ့ဘဝမှ သေလွန်သည့်အခါ ဘယ်ဘဝသို့ သွားရမည်နည်းဟူ၍သာ မေးတော်မူခြင်းဟု ယူဆသည့်အတွက် တပည့်တော်မသည် ဤလူ့ဘဝမှ သေလွန်သောအခါ ဘယ်ဘဝသွားရမည်ကို မသိခြင်းကြောင့် မသိပါဟု လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရား’ဟု ဒုတိယအဖြေ၏ အကျယ်ကို ဖွင့်ဆို ပြောကြားလိုက်သည့်အခါ မြတ်စွာဘုရားက ‘အမျိုးသမီးငယ်၊ သင်သည် ငါဘုရား ပညာဖြင့် ရည်ညွှန်းမေးသည်ကို ကောင်းစွာ ဖြေဆိုနိုင်ပေ၏’ဟု သာဓုခေါ်ကာ ဒုတိယအကြိမ် ကောင်းချီး ပေးတော်မူလေ၏။

ထို့နောက် ‘အမျိုးသမီးငယ်၊ သင် တကယ်မသိဘူးလားဟု မေးသည့်အခါ သိပါသည်ဘုရားဟု လျှောက်ထားဖြေဆိုသည်မှာ အဓိပ္ပာယ်မည်သို့ ရှိလေသနည်း’ဟု မေးတော်မူပြန်၏။

‘မြတ်စွာဘုရား၊ သင်သည် ဘယ်ဘဝကလာ၍ ဘယ်ဘဝသွားရမည်ကို မသိသကဲ့သို့ သေရမည်ကိုပါ မသိလေသလောဟူသည်ကို ရည်ရွယ်၍ မေးတော်မူခြင်းဟု ယူဆသည့်အတွက် တပည့်တော်မသည် ဘယ်ဘဝကလာ၍ ဘယ်ဘဝသို့ သွားရမည်ကိုပင် မသိသော်လည်း သေရမည်ကိုတော့ နေ့စဉ်ပင် နှလုံးသွင်းနေသည့်အတွက် သိပါသည်ဘုရားဟု လျှောက်ထားခြင်းဖြစ်ပါသည်’ ဟု တတိယအဖြေ၏ အကျယ်အဓိပ္ပာယ်ကို ဤသို့ ဖွင့်ဆိုလျှောက်ထားသည့်အခါ ဗုဒ္ဓရှင်တော်မြတ်က ‘အမျိုးသမီးငယ်၊ သင်သည်

ငါဘုရား ပညာဖြင့် ရည်ညွှန်းမေးသည်ကို ကောင်းစွာ ဖြေဆိုနိုင်ပေ၏’ဟု သာဓုခေါ်ကာ တတိယအကြိမ် ကောင်းချီးပေးတော်မူလေ၏။

ထို့နောက် ‘အမျိုးသမီးငယ်၊ သင် ဧကန်သိသလားဟု မေးသည့်အခါ ဧကန်မသိပါဘုရားဟု လျှောက်ထားဖြေဆိုသည်မှာ အဓိပ္ပာယ် မည်သို့ရှိလေသနည်း’ဟု မေးတော်မူပြန်၏။

‘မြတ်စွာဘုရား၊ သင်သည် သေရမည်ကို ဧကန်သိခဲ့သော် ဘယ်တော့သေရမည်ကိုလည်း ဧကန်သိသလားဟူသည်ကို ရည်ရွယ်၍ မေးတော်မူခြင်းဟု ယူဆသည့်အတွက် တပည့်တော်မသည် သေရမည်ကို ဧကန်သိသော်လည်း ဘယ်တော့သေရမည်ကိုတော့ ဧကန်မသိခြင်းကြောင့် မသိပါဘုရားဟု လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရား’ဟု စတုတ္ထအဖြေ၏ အကျယ်အဓိပ္ပာယ်ကို ဤသို့ လျှောက်ထားလိုက်သည့်အခါ ဗုဒ္ဓရှင်တော်မြတ်က ‘အမျိုးသမီးငယ်၊ သင်သည် ငါဘုရားပညာဖြင့် ရည်ညွှန်း၍ မေးသည်ကို ကောင်းစွာ ဖြေဆိုနိုင်ပေ၏’ဟု သာဓုခေါ်ကာ လေးကြိမ်မြောက် ကောင်းချီးပေးတော်မူပြီးလျှင် တရားနိဂုံး အဆုံးသတ်တော်မူလေ၏။

လွန်ခဲ့သော ကာလက နာကြားခဲ့ရပြီး သေခြင်းတရားကို အမြဲမပြတ် နှလုံးမှာယှဉ်ကပ်၍ စီးဖြန်းနေသူပီပီ ရက်ကန်းသည် မလေးသည် ဘုရားရှင် ရည်ညွှန်း၍ မေးသည်ကို ဘုရားရှင်အလိုတော်ကျ ဖြေနိုင်သည့်အတွက် ဘုရားရှင်၏ ကောင်းချီးနှမော် သာဓုခေါ် လောက်အောင် ချီးမြှောက်ခြင်းကို ခံယူရရှိကာ သောတာပန် တည်လေ၏။

သောတာပန် တည်သည်ဆိုသည်မှာ လူအများ ကြောက်လှပါသည်ဆိုသော ဆင်းရဲဒုက္ခ အပြည့်အဝရှိသည့် ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝတို့၌ လုံးဝ မဖြစ်ရတော့ဘဲ စည်းစိမ်ချမ်းသာ တင့်တယ်စွာသော လူ့ဘဝ၊ နတ်ဘဝတို့၌သာလျှင် ဖြစ်တည်ရသော အနေအထား ဖြစ်ပေ၏။ ထို့ကြောင့်ပင် သောတာပန်ပုဂ္ဂိုလ်အတွက် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပါယ်လေးပါးသို့သွားရာ တံခါးကြီးများ ပိတ်သွားရသည်။

ဤသို့လျှင် ရက်ကန်းသည်မ အမျိုးသမီးလေးသည် သေရမည်ကို နေ့စဉ်ပွားများ နှလုံးသွင်းနေသည့်အတွက် အလွယ်နှင့် သောတာပန်တည်ကာ တရားပွဲအပြီးတွင် ရက်ကန်းရုံသို့ ရောက်လာခဲ့၏။ ရက်ကန်းရုံ၌ကား ဖခင်သည် ရက်ကန်းရက်ရင်း ရက်ဖောက်ချည်များ ကုန်သွားသည့်အတွက် သမီးငယ်အလာကို စောင့်ကာ ရက်ကန်းစင်ပေါ်တွင် ဦးခေါင်းတည်၍ လက်တစ်ဖက်က လွန်းအိမ်ကို ကိုင်ပြီး ခဏမျှ မှေးနေရာမှ အိပ်ပျော်သွားခဲ့၏။

သမီးငယ်သည် တရားဝင်ရောက် နာယူနေသည့်အတွက် ရက်ကန်းရုံသို့ အတန်ငယ် နောက်ကျမှ ရောက်ခဲ့၏။ ရောက်လျှင် ရောက်ချင်း ဖခင်အိပ်ပျော်နေသည်ကို သတိမထားမိဘဲ ဖခင်နားသို့ ရက်ဖောက်တောင်းကို ချလိုက်သည်တွင် အိပ်ပျော်နေသော ဖခင်ကြီးက ယောင်ယမ်းပြီး လက်တွင် ကိုင်ဆုပ်ထားသော လွန်းအိမ်ဖြင့် တွက်လိုက်မိ၏။ ထိုအခါ သမီးငယ်သည် တစ်ချက်မျှသာ အော်လိုက်နိုင်ပြီး ရင်ဝသို့ လွန်းအိမ်ထိစိုက်၍ သေဆုံးခဲ့ရ၏။ ထိုအခါ ဖခင်သည် အိပ်ပျော်ရာမှ ရုတ်တရက်ထ၍ ကြည့်သော် သမီးငယ်၏ရင်ဝမှ သွေးတို့သည် အထွက်မရပ်သေး။ စမ်းရေပွက်သို့ စိမ့်အန်

ထွက်နေဆဲဖြစ်၏။ အဖြစ်အပျက်မှာ လျင်မြန်လှ၏။ မျက်တောင် တစ်ခတ်စာသာသာ အချိန်အတွင်း သေခြင်းတရား တစ်ခု ဖြတ်သန်း သွားခြင်း ဖြစ်၏။ သေခြင်းတရား၏ ဖြတ်သန်းသွားမှုမှာ မြန်ဆန်လွန်း လှသည်။ သတိရ၍ လှည့်ကြည့်လိုက်သည်တွင် သေမင်းကို မမြင် လိုက်ရတော့။ သူ့လက်ရာ သေနေသည်ကိုသာ တွေ့ရတော့၏။

ဖခင်ကြီး၏ ရင်ထုမနာ ဖြစ်ရပုံမှာ ပြောမပြနိုင်၊ ရေးမပြနိုင် ပြီဖြစ်၏။ ဖအေတစ်ခု၊ သမီးတစ်ခုမို့ မိမိ၏ နှလုံးသားတွင် နစ်ဝင် နေအောင် ချစ်လှစွာသော မိမိ၏ သမီးငယ်လေး မိမိ၏ လက်ချက် ဖြင့်ပင် မရှုမလှ သေရသည့်အဖြစ်ဆိုး၊ ဤအဖြစ်မျိုး ကြုံရသည်မှာ ရင်ထုမနာ ဖြစ်လှသည်။

ဖခင် ပူလောင်ပြင်းပြ၍ ဤသို့ ဖြစ်ရသည်မှာ ဖခင်သည် မရဏာနုဿသတိဟုသော သေခြင်းတရားကို ဆင်ခြင်ထားသည် မဟုတ်။ တစ်ခါတစ်ရံ ဆင်ခြင်ပါသည်ဟု ဆိုသော်လည်း မိမိ အရှုယ်၊ မိမိအတွက်မျှလောက်ကိုသာ 'ငါ သေရလတ္တံ့'ဟု ဆင်ခြင် သည့်အခါ ဆင်ခြင်မိပေမည်။ သမီးငယ်လေးအတွက်ကား တစ်ခါ တစ်ရံမျှပင် 'သူ သေရလတ္တံ့'ဟု ဆင်ခြင်ရက်မည်မဟုတ်။

ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား
ကွေကွင်းဖို့သာ၊ ဓမ္မတာတည်း
ဘယ်မှာအမြဲ၊ ရှိနိုင်ပဲမို့
ရပ်ခဲနာမ်ဆို၊ ခန္ဓာကိုယ်လည်း
ပျိုရာမှအို၊ အိုရာမှနာ
နာရာမှသေ၊ အိုလေနာလေ

သေသာ သေ၍၊ အခြေတကျ

ဘယ်ဘဝမှ၊ မရကြဘူး

ဟူသည်ကို ဖခင်ကြီးသည် တစ်ခါတစ်ရံ တွေးတာဆင်ခြင်မိမည် ဖြစ်သော်လည်း သမီးငယ်လေးအတွက်တော့ဖြင့် မအိုစေချင်သေး၊ ပျို၍သာ နေစေချင်သေး၏။

သေဖို့ရာ အရေးကိုတော့ သမီးငယ်အတွက် တွေးရုံမျှပင် မတွေးရက်၊ သုံးဆယ့်တစ်ခရိုင် ပိုင်ဆိုင်စိုးနင်း ရှင်သေမင်းသည် မည်သူ့ထံသို့မဆို အချိန်မရွေး ရောက်လာနိုင်၏။ သေမင်း ရောက်မလာနိုင်သော အချိန်ဟူ၍ မျက်တောင်တစ်ခတ်စာမျှပင် မရှိ။ ဤသို့ သိထားသော်လည်း သမီးငယ်ဆီကိုတော့ ရောက်လာလိမ့်ဦးမည်ဟု မထင်မိခဲ့။ ယခုတော့ ရိုင်းလှသည့် ရှင်သေမင်းက လာခြင်းလာ ငါ့ဆီကို လာပါတော့ကော။ ရလာသည့် လူ့ဘဝ လှလို့မှ မဝသေး၊ ကြည့်ကောင်းသည့်အရွယ် နုနုနယ်နယ် သမီးငယ်ကိုမှ သင်း ခေါ် ရက်လေခြင်း၊ သင်းနဲ့ ငါ စစ်ခင်းကာပြိုင်လိုသော်လည်း သေမင်းနှင့် ဘယ်လိုပြိုင်၍ ဘယ်လိုနိုင်အောင် တိုက်ခိုက်ရမည်ကို မသိ။

*

လူသားတို့သည် မွေးဖွားချိန်တွင် ခံစားမှု မရှိကြသော်လည်း ကွယ်လွန်ချိန်တွင် ခံစားကြရပြီး အသက်ရှင်နေစဉ် ကာလ၌ ကား ပေါ့ပေါ့တန်တန်ပင် လျစ်လျူရှု၍ ပြုမူနေတတ်ကြ၏။

**ဂျင်၊ ဒီ၊ လာ၊ ဘရူးယဲ**

**ပြင်သစ်လူမျိုး တွေးခေါ်ပညာရှင်**

# သေခြင်းတရားကို သူတို့ မစဉ်းစားကြပါ

ဤခရီးနီးသလား။

ယခု ကျွန်တော်သွားမည့် ခရီးသည် အနီးလေးဟု ဆို၍လည်း ရသည်။ ဟံသာဝတီ ဘူတာမှ ဘုရားလမ်းဘူတာသို့ သွားရန်ဖြစ်၏။ လမ်းတွင် ကြည့်မြင်တိုင်ဘူတာ၊ ဟုမ်းလမ်းဘူတာ၊ မစ်ရှင်လမ်းဘူတာ၊ ဂျင်မခါနာ၊ ပြည်လမ်း၊ လမ်းမတော်ဘူတာ စသည့် ဘူတာများရှိ၏။

ကျွန်တော်သည် ဦးငွေပန်းနှင့် စကားပြောပြီး ဦးသန်းဆွေကို နှုတ်ဆက်ကာ ထွက်လာပြီးနောက် ဟံသာဝတီ ဘူတာသို့ ရောက်သောအချိန်တွင် ၁၀ နာရီခွဲနေပြီ ဖြစ်သည်။ ဘုရားလမ်း ဘူတာသို့ သွားရန် ၁၀ နာရီ ၄၅ မိနစ် ရထားကို စီးနိုင်သည်။ ထို့ကြောင့်

ဟံသာဝတီဘူတာမှ မြို့ပတ်ရထား လက်မှတ်ကို ဝယ်၍ ဘူတာစင်္ကြံမှ စောင့်ရသည်။ သို့သော် အချိန်သည် ၁၀ နာရီ ၄၅ မိနစ်သို့ ရောက်လာသည့်တိုင် ရထားက မလာ။ ထို့ကြောင့် ဆက်စောင့်နေရ၏။ ဤခရီး အနီးလေးဟု ဆိုသော်လည်း ရထား မလာ၍ ခရီးဝေးရသည်လည်း ရှိ၏။

ဟံသာဝတီ ဘူတာသည် ကုန်းမြင့်လေးပေါ်တွင် ရှိသည်။ ရထားလမ်းက သူ့အောက်တွင် ဖြစ်၏။ ရထားလမ်း၏ တစ်ဖက်တွင်လည်း ကုန်းမြင့်ကလေးရှိ၍ ထိုကုန်းမြင့်ပေါ်တွင် ကျိုက်ထီးရိုး ဝါးရုံလေး တစ်ခုရှိသည်။ ဝါးရုံလေးက လေတိုက်ရာ ယိမ်းနေ၍ ကနေသလိုရှိ၏။

ကျွန်တော်သည် လက်မှတ်ရောင်းသော အဆောက်အအုံ နေရာမှ ရထားစင်္ကြံသို့ ဆင်းကာ စောင့်ရသည်။ ဟံသာဝတီဘူတာတွင် အလျား ၁၀ ပေ၊ အနံ ၆ ပေလောက်သာရှိသော မီးရထား စင်္ကြံ အဆောက်အအုံလေး နှစ်ခုရှိသည်။ တစ်ခုနှင့်တစ်ခု မျက်နှာချင်းဆိုင် ဆောက်ထားသည်။ စင်္ကြံအဆောက်အအုံ နှစ်ခုစလုံးမှာ အိုမင်း လှပြီဖြစ်၏။ တစ်ဖက်စင်္ကြံအောက်တွင် တောင်းစားသူ မိသားစုများ နံနက်စာ စားနေကြသည်။ ထိုအထဲတွင် အများစုသည် ကိုယ် မကောင်းကြသူများ ဖြစ်၏။ ကျွန်တော် ရပ်နေသော စင်္ကြံဘက်တွင် ကား တောင်းစားသူ သုံးဦးမျှရှိပြီး အမျိုးသမီးတစ်ဦးမှ အပ ကျန် နှစ်ဦးသည် ကိုယ်မကောင်းပေ။

ထိုမိသားစုများကို ကျွန်တော်ကြည့်နေမိ၏။ သူတို့သည် ဖက်အချို့ကိုခင်း၍ နံနက်စာကို မြိန်ရှက်စွာ စားနေကြသည်။ ထိုသူ

များသည် ကိုယ်မကောင်းရုံမျှ မက တစ်ဦးချင်းစီတွင် အခြားရောဂါ များ ရှိနေသေး၏။

အချို့ မျက်ခမ်းစပ်လိုလို မျက်စိရောဂါရှိနေသည်။ တစ်ဦးကတော့ ခြေတစ်ဖက်ဆွဲနေ၏။ ကျွန်တော့်နေရာမှကြည့်၍ သိသိသာသာ မြင်နေရသော အဘိုးအရွယ်တစ်ဦးမှာ ထမင်းလုတ်ကိုပင် မိမိပါးစပ်ထဲသို့ ထည့်ရန် အတော်ခက်နေပုံ ရ၏။ တောင်းစားသူများထဲတွင် ထိုအဘိုးအိုတစ်ဦးတည်းက သီးခြား ဖြစ်၏။ ထိုအဘိုးအိုသည် အိုမင်းမစွမ်း ဖြစ်နေသော်လည်း မျှော်လင့်ဖွယ် တစ်စုံတစ်ရာ အတွက် အားထားနေပုံရ၏။

အမျိုးသမီး တစ်ဦးမှာတော့ လက်ချောင်းကလေးများ မရှိတော့ပေ။ သူ့ရင်ခွင်ထဲတွင် ခြောက်နှစ်သမီးအရွယ် ဖြူဖြူဖွေးဖွေး ကလေးငယ်တစ်ဦး ရှိသည်။ ထိုအမျိုးသမီးသည် လက်ချောင်းကလေးများ မရှိသော်လည်း ချိုင့်ထဲတွင် ရှိနေသော ရေနွေးကို ပန်းကန်ထဲသို့ ကျင်ကျင်လည်လည်ပင် ငှဲ့ယူနေ၏။

ကျွန်တော်သည် ဤလူတစ်သိုက် ဘာတွေပြောနေကြသည်၊ သူတို့ဘဝအတွက် ဘာမျှော်လင့်ချက်တွေထားကြသည်ကို သိလိုလာ၏။ ထို့ကြောင့်လည်း သူတို့ ပြောဆိုနေကြသည်များကို နားထောင်ရန် အနားကို ကပ်သွားသည်။

ထိုသူ၏ အသက်ကို ခန့်မှန်းရသည်မှာ ၄၅ နှစ်ခန့် ရှိပြီ ဖြစ်၏။ ကိုယ်ကတော့မကောင်းပေ။ ခြေတစ်ဖက် လက်တစ်ဖက်လည်း ဆာနေသည်။ သူက ရေနွေးငှဲ့ပေးနေသော အမျိုးသမီးအား ခရီးဆက်နေရ၍ ခါးမှလုံချည် မလျှော်ရသည်မှာ လေးရက်မျှရှိပြီ’ဟု

ဆိုလိုက်၏။ အမျိုးသမီးက 'ညကျရင် လျှော်ပြီး ဒီမှာပဲ လှန်းလိုက်ပေါ့'ဟု ဆို၏။ ထိုအမျိုးသမီးနှင့် အမျိုးသားတို့သည် လင်မယားတော့ ဟုတ်ဟန်မတူ။ ထိုသို့ ပြောဆိုနေစဉ်မှာပင် အမျိုးသမီးက သူ့ပခုံးပေါ်တွင်ရှိသော အဝတ်စဖြင့် ယမ်းလိုက်ရာ ယင်တစ်အုပ်က ဝေါခနဲ ထ၍ ပျံသွားကြ၏။ ထပျံရာမှ အချို့သော ယင်များသည် ကျွန်တော့်ကိုပင် ဝင်၍ တိုးကြ၏။

ထိုသူတစ်သိုက်သည် သရက်စေ့များ၊ ဒူးရင်းစေ့နှင့် အခွံများ လွှင့်ပစ်ထားသော ဟံသာဝတီဘူတာ၏ မြေကြီးပေါ်တွင်သာ သင်ဖြူးခင်းထားဘိအလား မှတ်ယူ၍ ထိုင်နေကြခြင်းဖြစ်၏။

'ညကျရင် လျှော်ပြီး လှမ်းလိုက်ပေါ့'ဟု ဆိုသော အမျိုးသမီးအား အမျိုးသားက မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး 'ဒီစကြီ လှန်းထားတဲ့အဝတ် ဘယ်နှစ်ထည်ရှိပြီလဲ အခိုးခံရတာ၊ ဘူတာမှာ လူက ရှုပ်ပါဘိနဲ့၊ ဒီည ဒီနေရာမှာ လျှော်လှန်းထားကြည့် အခိုးခံရမှာ သေချာတယ်'ဟု ဆိုလိုက်သည်။

ထိုတောင်းစားသူ အမျိုးသားသည် ဤစကြီလေးတွင်ပင် ညအိပ်ဟန်တူသည်။ ကျွန်တော်သည် သူ့ပုဆိုးအား မသိမသာ လှမ်းကြည့်လိုက်ပါ၏။ မူလ ရက်ကန်းသည် ရက်ထားသော အကွက်သည် ပျောက်၍နေပါပြီ။ အမျိုးသားသည် ဟိုနေရာထိုင်၊ ဒီနေရာထိုင်ရာမှ စွန်းထင်းလာသော အကွက်များနှင့် သူ့လက်အနာမှ ထွက်သော သားနံ့ရည်များ စွန်းထင်းနေ၍ ဖြစ်ပေါ်နေသော အကွက်သစ်များကိုသာ တွေ့ရသည်။ ထိုလုံချည်ကို လာရောက်ခိုးယူမည့်

သူခိုးသည် ဘယ်လို သူခိုးများ ဖြစ်ပါလိမ့်မလဲဟု ကျွန်တော့်စိတ်ထဲမှ တွေးနေမိ၏။

ထိုသို့ရှိနေစဉ်တွင်ပင် စင်္ကြံတိုင်ကိုမှီ၍ ရထားလမ်းကို ကြည့်နေသော အဘိုးအရွယ် တစ်ဦးက တောင်းရ ရမ်းရသည်မှာ ကျပ်လာကြောင်း၊ တစ်နေ့စားရဖို့ မလွယ်ကူလှကြောင်း ညည်းနေရှာ၏။ သူ၏စကားကို အခြားသူများက ဝင်၍လည်း မထောက်ခံ၊ ကန့်ကွက်သူလည်း မရှိ၊ ဘာသိဘာသာပင် နေကြ၏။

ထိုသူတစ်သိုက်ကို ကြည့်ရသည်မှာ ဘာကိုမှ စိုးရိမ်စိတ်ရှိကြဟန် မတူပါ။ တစ်နေ့ရတာ တစ်နေ့စားရုံသာ ရှိနေကြဟန်တူပါ၏။

သူတို့သည် ကျွန်တော် စဉ်းစားနေသော သခြင်းတရားကို လုံးဝ ထည့်၍ စဉ်းစားကြဟန် မတူပါ။ သခြင်းတရားကို မဆိုထားဘိ၊ ယခု နံနက်စာ စား၍ ပြီးကြပြီ။ သို့သော် သူတို့သည် ညနေစာအတွက်ကိုပင် လုံးဝ စဉ်းစားထားဟန် မတူ။

တကယ်တော့ တွက်ကြည့်မည်ဆိုလျှင် သူတို့တစ်သိုက်သည် အားလုံး ရောဂါများနှင့် ဖြစ်သည်။ ယင်ကောင်များ၊ ခြင်များအကြားတွင် မြေပေါ်၌အိပ်၍ မြေပေါ်၌ စားနေကြသူများ ဖြစ်၏။ နွေနွေမိုးမိုး ဝမ်းရောဂါသည် သူတို့အတွက် ဆွေမျိုးရင်းချာပင်လျှင် ဖြစ်နေနိုင်သည်။

ထိုလူတစ်သိုက်အား ကျွန်တော် ကြည့်နေစဉ်မှာပင် ဘူတာစင်္ကြံဝယ် ရထားချိန် နီးလာ၍ လူများက ပို၍ များလာသည်။

သောက်ရေအိုးစင် ထမ်းရောင်းသူများ၊ ငါးသည်များ၊ အမျိုးသမီး၊ အမျိုးသား၊ ကလေး၊ လူကြီး အတော်များများ ရောက်၍ နေကြ၏။

ကျွန်တော် တစ်ဖက်စင်္ကြံသို့ ပြန်၍ ရောက်သွားပြီး ဘူတာရှိ လူများကို တစ်ဦးချင်း လေ့လာနေမိသည်။ ကျွန်တော့်ဘေးတွင်ကား အသက် ၂၀ အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် စင်္ကြံတိုင်ကို မှီကာ အချဉ်ထုပ် စားနေ၏။ အချဉ်ထုပ်များကို တစ်ထုပ်ပြီး တစ်ထုပ် စားနေသည်။ ဘယ်သူ့ကိုမှလည်း ဂရုစိုက်ဟန်မတူ။ ဘူတာရုံ တစ်ခုလုံး သူတစ်ယောက်တည်း ရှိနေဘိအလား ရပ်နေ၏။ အချဉ်ထုပ် တစ်ထုပ်ပြီးတစ်ထုပ် စားနေသည်ကလည်း အတော်မြန်သည်။ စားလိုက်၊ ပလတ်စတစ်ခွံများ လွှင့်ပစ်လိုက်နှင့် မီးရထား စီးရန် စောင့်နေသော်လည်း မီးရထား ဘယ်အချိန်မှ လာလာ၊ လာသည့်အချိန် စီးမည်ဟု ဆုံးဖြတ်ထားပုံရသည်။ ထိုမိန်းမငယ်သည် မီးရထား စော လာသည်ကိုလည်းကောင်း၊ နောက်ကျမှ လာမည်ကိုသော်လည်း ကောင်း လုံးဝကြောင့်ကြဟန် မတူ။

ယခုအခါ ဆယ့်တစ်နာရီ ထိုးလုပြီဖြစ်၏။ ၁၀ နာရီ ၄၅ မိနစ် ရထားမလာသောကြောင့် ဘူတာရုံဝယ် လူများက ပို၍ များ လာခြင်းဖြစ်သည်။

ကျွန်တော်နှင့် ခပ်လှမ်းလှမ်းတွင် သမီးရည်းစား စုံတွဲတစ်တွဲ ရှိနေသည်။ အမျိုးသမီးလေးက ဆံပင်တိုလေးနှင့် ဖြစ်၍ ခပ်ရွှယ်ရွှယ် လေးပင် ရှိသေးသည်။ လိမ္မော်ရောင် အင်္ကျီနှင့် လိမ္မော်ရောင်ထဘီကို ဝတ်ထားပြီး အမျိုးသားငယ်မှာ ခပ်ပိန်ပိန် ခပ်ရှည်ရှည် ဖြစ်၏။ သူတို့သည်လည်း ခေါင်းချင်းဆိုင်၍ တတွတ်တွတ် စကား

ပြောနေသည်။ အမျိုးသားမှာ အရပ်ရှည်သဖြင့် မိန်းကလေးဖြစ်သူကို မိုးထားသည်။ ကလေးမလေးက ခပ်ချောချောလေး ဖြစ်သည်။ လက်ချင်းချိတ်ထားပြီး တစ်ဦးကိုတစ်ဦး လွတ်ထွက်သွားမည်ကို စိုးရိမ်နေသလိုပင် ရှိ၏။ အချဉ်ထုပ် စားနေသော မိန်းကလေးကမူ တစ်ခါတစ်ရံ ပတ်ဝန်းကျင်ကို စောင့်၍ ကြည့်တတ်သော်လည်း ထိုစုံတွဲကမူ မည်သူ့ကိုမျှ ဂရုမစိုက်၊ မျက်နှာချင်းဆိုင် ခေါင်းချင်း ဆိုင်၍သာ စကားတွေ ဖောင်ဖွဲ့နေကြသည်။

ဘူတာရုံရှိ လူအားလုံးကို ကြည့်ရသည်မှာ အချဉ်ထုပ်စားနေသော အမျိုးသမီးငယ်နှင့် ထိုစုံတွဲမှအပ ကျန်လူများသည် မိမိတို့ လုပ်ငန်း တစ်စုံတစ်ရာအတွက် တွက်သူကတွက်၊ ရထားမျှော်သူက မျှော်၊ တွေးသူကတွေး၊ စိတ်လှုပ်ရှားနေသူများက စိတ်လှုပ်ရှားကာ တစ်စတစ်စ ဘူတာရုံတွင် လူ ၁၅၀ လောက် ရှိလာပါ၏။

ကျွန်တော်သည် ရပ်နေသောနေရာမှ ဘူတာရုံလက်မှတ်ရောင်းသည့်ဘက်သို့ လျှောက်သွားသည်။ ထိုဘက်တွင် စက္ကူပန်းပင်နှင့် အရိပ် အနည်းငယ်ရ၏။ နေကလည်း ပူလာသည်။ ချွေးများပင် စို့လာ၏။ စက္ကူပန်းပင်အောက်တွင်ကား အမျိုးသမီးနှစ်ဦးကို ထပ်တွေ့ရသည်။ တစ်ဦးက ခပ်ညိုညိုဖြစ်သည်။ တစ်ဦးက ခပ်သွယ်သွယ် ခပ်ပိန်ပိန် ဖြစ်၏။ ခပ်သွယ်သွယ်အမျိုးသမီးမှာ ခပ်ညိုညိုအမျိုးသမီး ထက် ပို၍ ကြီးပုံရသည်။ သူတို့နှစ်ယောက်တွင် ခပ်သွယ်သွယ် ပိန်ပိန် အမျိုးသမီးက ဦးဆောင်၍ စကားပြောနေခြင်းဖြစ်သည်။ စကားပြော နေသည်မှာ ရေပက်၍မဝင် ဆိုတာမျိုးသည် ထိုအမျိုးသမီး ပြောနေသည့်ပုံမျိုးဟု ကျွန်တော် မှတ်သားထားလိုက်မိသည်။ လက်ရော

ခေါင်းရော ပါသည်။ တစ်ခါတစ်ရံ ခပ်ညိုညိုအမျိုးသမီးက ဝင်ထောက်သည်ကိုပင် ဝင်ထောက်ချိန်မရလောက်အောင် ပြောနေ၏။

သူတို့ ဘာတွေများ ပြောလေမလဲဟု ကျွန်တော် အနားသို့ အနည်းငယ် တိုး၍သွားသည်။ သူတို့သည် ရုံးတစ်ရုံးတည်းမှ ဖြစ်ဟန်တူသည်။ ခပ်သွယ်သွယ် ပိန်ပိန် အမျိုးသမီးသည် ဝါရင့် ဝန်ထမ်းတစ်ဦးဖြစ်၍ ခပ်ညိုညို အမျိုးသမီးမှာ ရုံးသက်နုသေးဟန် ရှိ၏။ ခပ်သွယ်သွယ်ပိန်ပိန် အမျိုးသမီးသည် သူ့ရုံးမှ ပုဂ္ဂိုလ် တစ်ဦးချင်းစီ အကြောင်းကို ပြောနေသည်။ ကျွန်တော် ကြိုးစား နားထောင်၍ ကြားသမျှတွင်ကား ကောင်းကြောင်း တစ်ခုမှမပါ။ အသက် ၆၀ ပင်စင်ယူခါနီး ပုဂ္ဂိုလ်ထံ ၁၆ နှစ်သမီးလေးတစ်ဦး အမြဲ အလည်ရောက်နေသည်မှ စ၍ ရုံးတွင် အလုပ်နားမလည်သူ များအကြောင်း၊ မိန်းမချင်း အစုအဖွဲ့ကျပုံအကြောင်းကိုပါ ပြောနေ၏။ ချောင်ပိတ်မိနေရှာသော ခပ်ညိုညို အမျိုးသမီးသည် မည်သို့မည်ပုံ ခံစားရသည်မသိ။ ဘေးမှ ကျွန်တော်သည်ပင်လျှင် နားပူလာသည်။ ထိုအမျိုးသမီးအား ကျွန်တော်သည် ခြေဆုံး ခေါင်းဆုံး ကြည့်မိ၏။ ပြောရမည်ဆိုရင်တော့ ကိုငွေပန်း၏ တတိယတန်းစား လက်ပံသား ခေါင်းထဲသို့ ထည့်ကြည့်မည်ဆိုလျှင် ထိုအမျိုးသမီး သုံးယောက် လောက်ထည့်ပါမှ ခေါင်းပြည့်မည့်ဟန်ရှိ၏။

မည်သို့ပင်ဖြစ်စေ ထိုအမျိုးသမီးနှင့်သာ အိမ်နီးချင်းမိတ်ဆွေ ဖြစ်ခဲ့လျှင် အရပ်ထဲမှ သတင်းစုံကို ဖိနပ်မပါဘဲ နားထောင်ရမည် မှာ သေချာလှသည်။

ထိုအချိန်တွင်ပင် ရထားက လှည်းတန်းဘက်မှ ဝင်လာသည်။ ထို့နောက် ဘူတာစကြ်ံတွင် ရပ်လိုက်၏။ ရထားတစ်စီး ပျောက်သွား၍ ဟိုဘက်ဘူတာများကပင် လူကျပ်လာဟန်ရှိ၏။ ဆင်းသူများက သိပ်မရှိ။ ဟံသာဝတီဘူတာတွင် ရပ်နေကြသော ခရီးသွားအားလုံးနီးပါး ရထားပေါ်သို့ တိုးဝှေ့ တက်လိုက်ကြသည်။ ရထားပေါ်တွင်လည်း ခြေချစရာမရှိ။ ကျွန်တော်သည် ရထားထောင့်တစ်ထောင့်တွင် နေရာယူလိုက်သည်။ နေရာယူသည်ဟု ဆိုသော်လည်း ရထားပေါ်သို့ တက်နေသူများကြောင့် လူသည် အလိုလိုရွေ့နေသည်။ ရထားသည် စ၍ ထွက်သည်။ သို့သော် လူတွေက တိုးနေဆဲ ဖြစ်၏။ တိုးရင်း ဝှေ့ရင်းကြားမှပင် ကျွန်တော်သည် တွဲပေါ်တွင် ပါလာသော လူများအား သတိထား ကြည့်မိလိုက်ပါ၏။

ကျွန်တော်တို့တွဲတွင် အချဉ်ထုပ်စားနေသော မိန်းကလေး ပါလာသည်။ သူမသည် အချဉ်ထုပ်စားနေဆဲဖြစ်၏။ သမီးရည်းစားစုံတွဲလဲ ပါလာသည်။ သူတို့စုံတွဲကလည်း မနာလိုစရာ ပြောဆိုနေဆဲဖြစ်သည်။ ခပ်သွယ်သွယ်ပိန်ပိန် အမျိုးသမီးနှင့် ခပ်ညိုညို အမျိုးသမီးနှစ်ယောက်ကို ကျွန်တော် လိုက်ရှာသေးသည်။ သို့သော် သူတို့ကိုကား မတွေ့ရတော့ပါ။

ဘူတာရုံတုန်းကတော်သေးသည်။ ရထားပေါ်ရောက်မှ ပူကပူအိုက်ကအိုက်နှင့် လှုပ်၍ပင် မရပေ။ ရပ်နေသည်ကပင် မတ်မတ်ရပ်၍မရ။ ကိုယ်စောင်း၍ ရပ်နေရ၏။ ရပ်ရင်း၊ စောင်းရင်း၊ တွန်းရင်းဖြစ်နေ၍ ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် လေ့လာခွင့်မရ။ ထိုသို့နှင့်ပင် ကြည့်မြင်တိုင် ဘူတာသို့ ရောက်လာ၏။ ကြည့်မြင်တိုင်

ဘူတာတွင် ဆင်းသူ အတော်များသည်။ သို့သော် တက်လာသူများ ကလည်း မနည်းလှ။ ကြည့်မြင်တိုင် ဘူတာမှ ကျော်လာသောအခါ တွင်ကား ကျွန်တော့်အတွက် မတ်မတ်ရပ်၍ လိုက်လာနိုင်၏။

ဤမျှကျပ်နေသည့်အထဲတွင် လျှပ်ဆားရောင်းသူနှင့် ရန်ကုန်မြို့ ခရီးသွားလမ်းညွှန် ရောင်းသူများကလည်း အော်ဟစ်ရောင်းနေကြသည်။ လျက်ဆားရောင်းသူနှင့် ရန်ကုန်လမ်းညွှန် ရောင်းသူ နှစ်ဦးအနက် လျက်ဆားရောင်းသူက ပို၍ ဟန်ပါသည်။

'ဟောဒီလျက်ဆားကို ကျွန်တော်ပြောသလို လျက်၊ ရင်ကျပ်ရောဂါ၊ ချောင်းဆိုးရောဂါ၊ သလိပ်ကပ်ရောဂါ၊ လာပါဦး ဆိုတာ တောင် မလာတော့ဘူး။ ဒါပေမယ့် ကိုယ်လျက်ချင်သလိုလျက်ရင် မပျောက်ဘူး၊ ကျိန်းသေမပျောက်ဘူး'

'ကျွန်တော် ပြောသလိုဆိုတာက ဘယ်လိုလဲ၊ ဟောဒီ လျက်ဆားကို သံပရာရည်လေးနဲ့စိမ်၊ လက်ညှိုးလေးနဲ့ တို့၊ မနက်တစ်ထုပ် ညနေတစ်ထုပ် လျက်လိုက်ပါ၊ နုရင် ရောဂါတစ်ရက်တည်းနဲ့ ပျောက်မယ်၊ ရောဂါရင့်ရင်တော့ သုံးရက်လောက်မှပျောက်မယ်၊ မပျောက်ရင် ဒီမြို့ပတ်ရထားပေါ်မှာ ကျွန်တော်အမြဲရှိတယ်၊ အစ်ကိုတို့ အစ်မတို့ ဆွဲထိုး၊ ပါးရိုက်၊ ကျွန်တော်ခံပါ့မယ်'

လျက်ဆားသည်မှာ ဆက်၍တော့ ပြောနေသေး၏။ ကျွန်တော် သည် လည်ချောင်းရောဂါရှိသူ ဖြစ်၏။ လည်ချောင်းရောဂါသည် တစ်နှစ်နီးပါး ရှိပြီဖြစ်သော်လည်း မပျောက်သေး။ သူ့အညွှန်းအတိုင်း ဆိုပါက ကျွန်တော်ဝယ်စားဖို့ ကောင်းနေ၏။ သို့သော်လည်း ကျွန်တော်မဝယ်ဖြစ်ခဲ့ပါ။ ကျွန်တော့်ဘေးတွင်တော့ မုန့်စိမ်းပေါင်း

တောင်းနှင့် ကောက်ညှင်းပေါင်းတောင်းကို ရွက်ထားသော အမျိုးသမီးနှစ်ဦး ရှိနေသည်။ သူတို့နှစ်ဦးသည် သားအမိဖြစ်ဟန်တူ၏။ အမေက ကောက်ညှင်းပေါင်းရောင်း၍ သမီးက မုန့်စိမ်းပေါင်းရောင်းသည်။ သူတို့သားအမိသည် ဟုမ်းလင်းဘူတာက တက်လာကြသူများ ဖြစ်သည်။ သူတို့သားအမိသည် မုန့်တောင်းများကို ရွက်ရင်းရထားပေါ်၌ ဆက်၍ လိုက်ပါလာကြ၏။ သားအမိ နှစ်ယောက်စလုံး၏ မျက်နှာတွင်ကား ခေါင်းပေါ်က မုန့်များ ကုန်အောင် ရောင်းချရေးအတွက် စိတ်စောနေဟန် တူသည်။

သမီးဖြစ်သူသည် အမေ့အား မျက်စိကို လှန်၍ ကြည့်လိုက်သည်ကို အမေက သူ့သမီးအား ပြန်၍စိုက်ကြည့်လိုက်၏။ သူတို့သားအမိ စကားပြောနေကြခြင်း ဖြစ်၏။ သူတို့အချင်းချင်း နားလည်ကြပါမည်။ မျက်စိနှင့် စကားပြောခြင်းဟု ဆိုရမည်။ သမီးက မုန့်စိမ်းပေါင်း ကုန်အောင်ရောင်းခဲ့ပြီး ညနေ အမေနှင့် ချိန်းထားသော နေရာကို လာခဲ့မယ်ဟု ဆိုသည့်သဘောပင်ဖြစ်၏။ အမေက အေးပါ အိမ်မှာပြောခဲ့တဲ့အတိုင်းပဲ သမီးဟု ပြန်ပြောဟန်ရှိသည်။ သူတို့သားအမိအတွက် စကားတွေ အများကြီး ပြောစရာမလို၊ အလုပ်က အရေးကြီးနေဟန် တူ၏။

အမေဖြစ်သူသည် အသက် ၄၀ ခန့် ရှိပေမည်။ ခပ်ပြည့်ပြည့် ခပ်သန့်သန့်ပင် ဖြစ်၏။ အသားတော့ညိုသည်။ မိန်းကလေးမှာ အသက်နှစ်ဆယ်ခန့်မျှသာရှိပြီး ဆံပင်တိုကလေးနှင့် ဖြစ်၏။ အရပ်က မဆိုစလောက်ပုသည်။ သူ့မျက်နှာလေးနှင့် သူညှပ်ထားသော ဆံပင်လေးမှာ လိုက်ဖက်သည်။ ကျွန်တော်သည် မဂ္ဂဇင်းအဖုံးနှင့် ပြက္ခဒိန်

များကို ရိုက်နေသူတစ်ဦးဖြစ်ရာ ထိုမိန်းကလေးသည် မဂ္ဂဇင်းမျက်နှာဖုံး၊ ပြက္ခဒိန်မျက်နှာဖုံး ဖြစ်နိုင်သော အမျိုးသမီးတစ်ဦး ဖြစ်၏။ မိန်းကလေး၏ အသားအရေမှာ သူ့မိခင်ထက် ဖြူသည်။ အသားအရေလည်း စိုစိုပြည်ပြည်ရှိ၏။ သူ့အရပ်အမောင်းကလည်း သူ့ကိုယ်လုံးကိုယ်ထည်နှင့် လိုက်ဖက်၏။ ထိုအမျိုးသမီး၏ အနေအထားကို ပျော့ပျောင်းအောင် အနည်းငယ်ပြင်ရုံမျှနှင့် မိန်းကလေးတစ်ဦး၏ ရောင်စုံပုံကောင်းတစ်ပုံ ရနိုင်ပါသည်။

ထိုကလေးမလေးကတော့ ရောင်စုံဓာတ်ပုံ လှလှ တစ်ပုံရိုက်ကူးရေးအတွက် စိတ်ကူးပေါက်မိမည် မဟုတ်ပါ။

ထိုသားအမိသည် လမ်းမတော် ဘူတာတွင် ဆင်းသွားကြသည်။ သူတို့သည် မုန့်စိမ်းပေါင်းနှင့် ကောက်ညှင်းပေါင်း တစ်ရွက်စီကို ဘယ်ဈေးတွင် သွား၍ ရောင်းကြပါလေမည် မသိပါ။

ရထားသည် ဆက်၍ထွက်လာပါသည်။ မကြာမီ ဘုရားလမ်းဘူတာသို့ ရောက်တော့မည်။ ကျွန်တော် ရထားပေါ်မှ လူများကို တစ်ဦးချင်း ဆက်၍ ကြည့်နေသည်။ သူ့သောကနှင့်သူ၊ သူ့အတွေးနှင့်သူသာ ဖြစ်၏။ ယခု ကျွန်တော် ဟံသာဝတီဘူတာ၌ တွေ့ခဲ့ဖူးသူများ၊ ဤရထားပေါ်တွင် တွေ့ခဲ့ကြသူများ အားလုံးနီးပါးသည် မည်သူမျှ သေခြင်းတရားကို စဉ်းစားထားကြဟန်မတူပါ။ သူတို့ကိုယ်သူတို့ မသေသူတွေအလား သွားလာလှုပ်ရှားနေကြသည်ကို တွေ့ကြရပါ၏။ တောင်းစားကြသူ တစ်စု၊ အချဉ်ထုပ်စားနေသော ကလေးမလေး၊ သမီးရည်းစားစုံတွဲ၊ အတင်းပြောနေသော အမျိုးသမီးပိန်ပိန်၊ မုန့်စိမ်းပေါင်းနှင့် ကောက်ညှင်းပေါင်းသည် သားအမိ၊ လျက်ဆား

သည် အပါအဝင် ခရီးသွားရန် လာခဲ့ကြသော ဤသူအားလုံးသည် တစ်ဦးမှ သေခြင်းတရားကို လောလောဆယ် စဉ်းစားမိကြဟန် မတူပါ။

သူတို့သည် တကယ်တမ်း မစဉ်းစားမိခြင်းကြောင့်လည်း ချစ်တတ်သူတို့က ချစ်၊ အတင်းပြောသူက ပြော၊ ဈေးရောင်းသူက ရောင်းရင်း ဤခရီးကို ထွက်လာကြခြင်း ဖြစ်မည်။

လူဆိုတာကတော့ သေမျိုးဖြစ်သည်။ သေမှာကတော့ သေချာ၏။ သို့သော် ဘယ်နေ့ဘယ်အချိန် ဘယ်နေရာမှာ သေမည်ဆိုတာ မသိကြ။

ဘုရားလမ်းဘူတာသို့ ရထားဆိုက်လာပါ၏။ ကျွန်တော်သည် ရထားပေါ်မှ ဆင်း၍ ဗိုလ်ချုပ်ဈေးသို့ ဝင်ခဲ့၏။

*

လူတိုင်းသည် နောက်ဆုံး၌ ဝါတာလူးစစ်ပွဲကိုသာ ဆင်နွှဲကြစမြဲ ဖြစ်ပါ၏။

**ဝင်ဒဲလ်ဖိလစ် (၁၈၁၁–၁၈၈၄)**

**အမေရိကန် အမျိုးသား တရားဟောဆရာ**

# မသေသင့် မသေထိုက်သူ ဟူသည် မရှိသေး

*ဤခရီးနီးသလား။*

ဘုရားလမ်းဘူတာမှ ဗိုလ်ချုပ်ဈေး လာခဲ့ခြင်းဖြစ်၍ ဤခရီးကတော့ နီးသည်ဟု ဆိုနိုင်၏။ ဘုရားလမ်းဘူတာနှင့် ဗိုလ်ချုပ်ဈေးသည် အုတ်နံရံတစ်ခုလောက်သာ ခြား၏။ အုတ်တစ်ချပ်စာ နံရံတစ်ခုသာ ခြားသော်လည်း ကျွန်တော်ဖြတ်သန်းလာခဲ့သော ခရီးမှ မြင်ကွင်းနှင့် ယခု ဗိုလ်ချုပ်ဈေးမှ မြင်ကွင်းကား လုံးဝ ခြားနားသည်။

ခုန မီးရထားတစ်တွဲလုံးကို လူ ၄၀၀ ခန့် စီးလာကြသော်လည်း ယခု ဗိုလ်ချုပ်ဈေးတွင် တွေ့ရသူများကတော့ ကားတစ်စီးတွင် လူသုံးလေးယောက်သာ စီးလာကြသည်က များ၏။

လက်ဆစ်ကလေးများ ပြတ်နေသော အမျိုးသမီးက သူ့လက်ထဲမှ အဝတ်ပိုင်းနှင့် ယင်ကောင်ကို ယက်လိုက်၍ ယင်ကောင်အချို့က ကျွန်တော့်ကို လာ၍ တိုးသောအခါ အတော်ကြီး ခေါင်းနပန်းကြီးသွားခဲ့ရ၏။ ထိုလူအုပ်ကို လေ့လာရသည်ကလည်း စိတ်ထဲကတော့ ထင့်နေသည်။ အချက်အလက်ရရှိစေရန် အနားသို့ တိုးသွားသော်လည်း အမှန်ပြောရလျှင် စိတ်ထဲကတော့ သိပ်နှစ်မြို့လှသည် မဟုတ်။

အခု ကျွန်တော် ဗိုလ်ချုပ်ဈေးတွင် တွေ့ရသော လူများကတော့ အများစုကြီးသည် လှလှပပ ဝတ်ဆင်ထားကြသည်။ သူတို့အနား ကပ်လိုက်သောအခါတွင်လည်း ဆက်၍ ကပ်ပါသွားချင်လောက်အောင် မွှေးကြိုင်နေသည်။

ယခု ဗိုလ်ချုပ်ဈေးတွင် တွေ့ရသော အလှအပများနှင့် ဟံသာဝတီ ဘူတာ စင်္ကြံအောက်တွင် တွေ့ရသော မြင်ကွင်းတို့ ကွာခြားသည်ကတော့ သေချာ၏။

ကျွန်တော် ဗိုလ်ချုပ်ဈေး အတွင်းသို့ဝင်ပြီး အနောက်ဘက်တန်းမှ ဖြတ်လမ်းကို ကူးမည့်အပြုတွင် အမျိုးသမီးတစ်ဦး သစ်ခွပန်းအိုးတစ်အိုး ဝယ်နေသည်ကို သတိပြုမိပါသည်။ ထိုအမျိုးသမီးသည် အမှတ်မထင် သတိပြုမိလောက်အောင်လည်း လှသည်။ သူဝယ်ရန် အားထုတ်နေသော သစ်ခွပန်းအိုးလေးလိုပင် သူမကိုယ်တိုင်ကလည်း အဆင်ပြေလှသည်။ သူ့ကို ကျွန်တော် ခပ်လှမ်းလှမ်းမှ ကြည့်နေရာမှ အားမရလွန်း၍ အနားသို့ ကပ်သွား၏

လူတွေက ဥဒဟိုမို့ ကျွန်တော် မယောင်မလာ ကပ်လာသည်ကို ထိုအမျိုးသမီး ဂရုမပြုမိပါ။ အနားကပ်သွားတော့လည်း သူ့ကိုယ်က သင်းပျံ့ပျံ့ မွှေးနေသည်။ အနားတွင်လည်း အဖော်အမျိုးသမီးတစ်ဦး ပါသည်။ သစ်ခွပန်းအိုးဝယ်ရန် ဈေးဆစ်နေသော်လည်း ဈေးအနည်းငယ် ကွာနေပုံရ၏။ အမျိုးသမီး၏ အလှကို ကြည့်၍ ကျွန်တော်သာ ဈေးသည်ဟုဆိုလျှင် ဆစ်သောဈေးနှင့် ရောင်းလိုက်မည် ဖြစ်သည်။ ဈေးရောင်းသူ အမျိုးသမီးကလည်း အတွေ့အကြုံရှိပြီး ဖြစ်၍ သူ ဆိုသောဈေးက မလျှော့ဘဲ ကိုင်ထားသည်။ အမျိုးသမီးမှာ သစ်ခွပန်းအိုးကို ကြိုက်နေသော်လည်း ဈေးကို အတော်လေး စဉ်းစား နေဟန် ရှိ၏။ သူ့အိမ်တွင်ရှိသော ပန်းအိုးများနှင့်လည်း ချင့်ချိန်နေ ပုံရသည်။ ခါးကို ခပ်ကိုင်းကိုင်းလေးထားရင်း ဈေးဆစ်နေရာမှ တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ပုံရ၏။

'မလျှော့တော့ဘူးလား'

သူ့အသံကို ကျွန်တော်ကောင်းကောင်း ကြားရပါသည်။

'မလျှော့နိုင်လို့ပါ ညီမရယ်'

သူမသည် ဘာမျှမပြောဘဲ ပိုက်ဆံအိတ်ကို ဖွင့်လိုက်သည်။ သူ၏ ပိုက်ဆံအိတ်မှာ သားရေပျော့နှင့် လုပ်ထားသော မြွေပွေးကွက် ရောင် အိတ်ကြီးဖြစ်သည်။ ထိုအိတ်မှ ပိုက်ဆံများကို ထုတ်ပြီး ဈေးသည်သို့ ပေးလိုက်၏။ အဖော်မိန်းကလေးက ပန်းအိုးကို သယ်ပြီး ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ကားပေါ်သို့ တက်သွားသည်။ သူမကားပေါ်သို့ရောက်လျှင်ပင် ချက်ချင်းဆိုသလို ကားသည် ဗိုလ်ချုပ် ဈေးကိုပတ်၍ ထွက်သွား၏။ ထိုအမျိုးသမီးက စိတ်တော့မြန်ပုံရ၏။

ဒီအမျိုးသမီး လှပပုံသည် ပြေပြေပြစ်ပြစ် ရှိသည်။ လှသော အမျိုးသမီးများကတော့ ဗိုလ်ချုပ်ဈေးတစ်ဝိုက်တွင် တစ်ပုံတစ်ပင် ဖြစ်၏။ ဒီဈေးကို မိန်းမလှဈေးဟု နာမည်ပေးလျှင်ပင်ရမည်။ သို့သော် မိန်းမလှပေါသော ဤဈေးထဲတွင် ဤအမျိုးသမီးကဲ့သို့ အရပ်အမောင်း၊ အသားအရေ၊ အပြောအဆို၊ ဆံုးဖြတ်ပံု၊ လေယူလေသိမ်း၊ ဟန်ပန်အနေအထား ပြေပြေပြစ်ပြစ်ရှိသူ တွေ့ရခဲသည်။ ကျွန်တော်သာ ပန်းချီဆရာတစ်ဦးဆိုလျှင်တော့ အနည်းဆံုး ခဲကောက်ကြောင်းလေးတော့ ယူထားမိပါမည်။

မည်သို့ပင်လှလှ တကယ်တော့ ဒီအမျိုးသမီးလဲ အိုရဦးမည်။ သူမ၏ ပြေပြစ်လှမှုများသည်လည်း ပျောက်ကွယ်ရဦးမည်။ သို့သော်လည်း ထိုအမျိုသမီးအား ခင်ဗျား သေရဦးမည်၊ နာရဦးမည်ဟု သွားပြောမိပါက သက်သက် သူ့အရှက်ကို ခွဲသည်ဟု အပြောခံရမည်။ ရန်စလို၍ ပြောခြင်း၊ ရန်လို၍ ပြောခြင်းဟု အထင်ခံရမည်။

ကျွန်တော့်အတွက်က လောလောဆယ် မိတ်ဆွေရင်းချာတစ်ဦး ကွယ်လွန် အနိစ္စရောက်ခဲ့ရခြင်း၊ လေးစားသူ အစ်ကိုတစ်ဦး၏ အုတ်ဂူကို ဂါရဝ ပြုခဲ့ရခြင်း၊ စာပေ အနုပညာရှင်များ၏ ဂူများကို မှတ်သားလာခဲ့ရခြင်း၊ ကိုငွေပန်းနှင့် ပြောဆိုဆွေးနွေးလာခဲ့ခြင်းတို့ကြောင့် သေခြင်းတရား၏ သတိပေးမှု၊ အရောင်ပြမှုများနှင့် သေခြင်းတရား၏ ဖိစီးမှုများကို တွေးတော စဉ်းစားနေမိဆဲပင် ဖြစ်၏။

ထိုသို့ စဉ်းစားနေရင်းမှပင် ဗိုလ်ချုပ်ဈေး အလယ်တန်းသို့ ဝင်မိခဲ့၏။ ဗိုလ်ချုပ်ဈေး အလယ်တန်းတွင်ကား မြန်မာဖြစ် အမျိုးသမီးကိုင် လက်ဆွဲသားရေအိတ်အမျိုးမျိုး၊ လွယ်အိတ်အမျိုးမျိုး၊ အင်္ကျီ

လုံချည် ရောင်းသောဆိုင်များ၊ ဝါးပစ္စည်းအမျိုးမျိုး ရောင်းသောဆိုင်စသည်တို့ဖြင့် ခင်းကျင်းထားသည်မှာ ဝယ်ချင်စရာ၊ ကြည့်ချင်စရာတို့ချည်း ဖြစ်နေသည်။ ထိုသို့သော မြင်ကွင်းသစ်ကြောင့် ခုနက တွေ့ခဲ့သော အမျိုးသမီးအပေါ် ထားခဲ့သော အာရုံများသည်လည်း ပျောက်၍သွားသည်။ ယခုဗိုလ်ချုပ်ဈေး အလယ်တန်းတွင်တော့ ထူးခြားသည့် အခြားအမျိုးသမီးတစ်ဦးကို ထပ်၍ တွေ့ပြန်၏။ ခုန တွေ့ခဲ့သော အမျိုးသမီးနှင့်မတူ။ ယခုအမျိုးသမီး၏ အရပ်သည် ကျွန်တော့်ပခုံးလောက်သာရှိ၍ ငါးပေထက်တော့ လျော့မည်။ သို့သော် လေးပေလောက်လည်းမက၊ လေးပေမီးချောင်းထက် အနည်းငယ်မြင့်ပုံဖြစ်၏။ သို့သော် ထိုအမျိုးသမီးသည် မီးချောင်းနှင့်မတူ၊ သံစည်ပိုင်းပြတ် တစ်ခုနှင့် တူ၏။ ထိုအမျိုးသမီးသည် ဆံပင်များကိုလည်း တွန့်လိမ်နေအောင် ကောက်ထား၏။ ဆံပင်ကောက်ထား၍ လှသောသူများရှိသလို ဆံပင်ကောက်သည့်တိုင် မလှသူများလည်း ရှိ၏။ ယခု အမျိုးသမီးကတော့ ဆံပင်ကောက်ထားသောကြောင့် အရုပ်ဆိုးနေပါ၏။ အမျိုးသမီး ဆံပင်ကောက်ပုံကလည်း ဆံပင်တိုတိုကို ကွေးတွန့်လိမ်နေအောင် ကောက်ထားပြီး ဆီရွှဲရွှဲထည့်ထားသည်။

သူမသည် သူ့ကိုယ်လုံးကိုသယ်ရင်း ဗိုလ်ချုပ်ဈေး နောက်ဘက်တန်းသို့ လျှောက်လာ၏။ ထိုအမျိုးသမီး ဘာတွေ ဝတ်စားလာသည်ကိုပင် မမှတ်ထားလိုက်မိပါ။ ထိုအမျိုးသမီးကိုကြည့်ပြီး ကျွန်တော်သည်ကိုငွေပန်းကို အတော် အားနာသွားသည်။ ဒီအမျိုးသမီးအတွက် ခေါင်းလုပ်ရမည်ဆိုပါက ဆိုက်ပျက် လုပ်ပေးရမည်။ ခေါင်းကို ဆိုက်ပျက်လုပ်ရသောကြောင့် သစ်သားအလေအလွင့်လည်း များမည်။

ခင်မင်ရင်းနှီးသူလည်းဖြစ်၊ အခုလို ဆိုက်ပျက်ခေါင်းမျိုးလည်း စပ်ပေးရပါက ကိုငွေပန်းခမျာ အတော်လေး သနားစရာကောင်းပေမည်ဟု စဉ်းစားနေမိသည်။

ထိုသို့ စဉ်းစားနေစဉ်တွင်မှ လူတစ်ယောက်က ကျွန်တော့်ကို အင့်ခနဲနေအောင် ဝင်တိုက်သည်။ ကျွန်တော်သည် လဲမကျသွားအောင်ပင် မိမိကိုယ်ကိုမိမိ ထိန်းလိုက်၏။ ထို့ကြောင့်ပင် ကျွန်တော့်အား ဘယ်သူဝင်တိုက်တာလဲဟု ကြည့်မိသည်။ ထိုသူမှာ နှုတ်ခမ်းမွှေးသဲ့သဲ့၊ မျက်မှန်နက်တစ်ခုကို တပ်ထားပြီး အရပ်အမောင်းကတောင့်တောင့်ဖြစ်သည်။ အားကစားသမားတစ်ဦးပေပဲလားဟု ထင်ရလောက်အောင်ပင် ခန့်ထည်လှ၏။ ကျွန်တော်သာ သူ့ကို ရန်စကားပြောမိပါက ကျွန်တော့်ကို သူသည် အသာလေး ကိုင်ပေါက်သွားမည်မှာ သေချာ၏။

ကျွန်တော်ကသူ့ကို ကြည့်နေစဉ်မှာပင် သူကလည်း ကျွန်တော့်ကို တိရစ္ဆာန်တစ်ကောင် တိုက်မိ၍ ကြည့်သည့်အလား လှမ်းကြည့်နေ၏။ သူလာသည်ကို ကျွန်တော်က မရှောင်ရကောင်းလားဟုဆိုကာ ကျွန်တော့်ကို မကျေမနပ် ဖြစ်နေသည်မှာလည်း ပေါ်လွင်နေ၏။ ကျွန်တော်လိုလူမျိုးနှင့် သူ ယနေ့ အတိုက်ခံရသောကြောင့် ဒီနေ့အတွက် အတိတ်နိမိတ်မကောင်းတော့ဟုလည်း သူယူဆသွားပုံရသည်။

သူ၏ မျက်နှာက မာတင်းခက်ထန်လှသည်။ သူ့ကို ကြည့်ရသည်မှာ ရွှေ၊ ငွေ၊ ဥစ္စာ၊ ခန၊ ပညာတို့သာမက ဆွေဂုဏ် မျိုးဂုဏ် အပေါင်းအသင်း အသိုင်းအဝိုင်း အတော်ပြည့်စုံပြီး ဘဝတွင် တစ်ခါဖူးမှ အထိနာ အကျနာခြင်းကိုလည်း ဆုံစည်းခဲ့၊ ကြုံတွေ့ခဲ့ဖူးဟန်မတူပါ။

ကျွန်တော်သည် သူနှင့်ပြိုင်၍ အစစအရာရာ မနိုင်နိုင်ကြောင်း သိနေပြီးဖြစ်၏။ ကျွန်တော်စဉ်းစားမိသည်မှာ ယခု ဗိုလ်ချုပ်ဈေးတွင် ရပ်ထားသော ကားများထဲတွင် ယင်းပုဂ္ဂိုလ်စီးလာသော ကားသည် တန်ဖိုးအကြီးဆုံး ဖြစ်ရမည်ကို ကျွန်တော်လိုက်မကြည့်ဘဲ ပြောနိုင်သည်။ ထိုလိုလူမျိုးက ယခုလို ဝင်တိုက်ရုံမက တက်နင်းသွားလျှင်လည်း ခံဖို့သာ ရှိ၏။ သို့သော် ကျွန်တော့်တွင်ကား ကိုငွေပန်း အားကိုးရှိနေ၏။ ထိုသူက ကျွန်တော့်ကို မကျေမနပ်ကြည့်ပြီး ဟိုဘက်လှည့်သွားသည်။ ဟိုဘက်သို့ သူ့အလှည့်တွင်တော့ သူ့ကျော ကုန်း ကျယ်ကျယ်ကြီးကို ကြည့်ရင်း သူ့အရပ်အမောင်းကို ခန့်မှန်းကာ ဒီလူကြီးသေလျှင် ကိုငွေပန်းတစ်ယောက် ဘယ်လိုခေါင်းမျိုး လုပ်ရလေမလဲဟု စဉ်းစားလိုက်၏။ ဤမျှ ခန့်ညားသောသူ တစ်ဦးအား သာမန်ခေါင်းနှင့်မဖြစ်။ မလေးရှားခေါင်းနှင့်သာ ဖြစ်လိမ့်မည်ဟု တွက်ဆရင်း ထိုနေရာမှ ရှေ့သို့ ဆက်၍ထွက်လာခဲ့သည်။

ကျွန်တော် ဆက်၍ထွက်လာသောအခါ သမီးနှစ်ယောက်နှင့် သားတစ်ယောက် ခြံရံလျက် ဈေးဝယ်ထွက်လာသော အမျိုးသမီးကြီး တစ်ဦးကို တွေ့လိုက်ရ၏။ ယင်းမိသားစုကို ကြည့်ရသည်မှာ အလွန်မှ အေးချမ်းလှသည်။ ထိုမိသားစုသည် အစစအရာရာ ပြည့်စုံပုံလည်း ရ၏။ သူတို့သည် သားကြီးအတွက် ဘောင်းဘီတစ်ထည် ဝယ်နေကြခြင်း ဖြစ်သည်။ ဗိုလ်ချုပ်ဈေး အလယ်လမ်းမပေါ်ရှိ ချုပ်ပြီးသား ဘောင်းဘီများကို ရောင်းသောဆိုင်တွင် ဂျင်းဘောင်းဘီတစ်ထည်ကို ဝယ်ယူနေကြသည်။

ထိုမိသားစုတွင် သမီးနှစ်ယောက်နှင့် သားဖြစ်သူတို့ထက် မိခင်ကြီးဖြစ်သူက ပို၍ စိတ်ဝင်စားဖွယ်ကောင်း၏။ သမီးနှစ်ယောက်သည် ဖြစ်သလို ဝတ်စားလာကြသော်လည်း မိခင်ကြီးကမူ အစစအရာရာ ရွေးချယ် ဝတ်စားလာသည်။ သမီးနှစ်ယောက်အနက် တစ်ဦးက ဆံပင်ရှည်ရှည်ကို ဖြန့်၍ ချထားသည်။ သမီးအငယ်ဖြစ်သူက မည်သို့ပြင်ဆင်လာသည်ကို သတိမထားမိလိုက်ပါ။ သမီးအငယ်သည် ယောကျ်ားအင်္ကျီလက်တိုလို အင်္ကျီလေးတစ်ခုကို ဝတ်ထားပြီး သမီးအကြီးက အိမ်မှာနေရင်း ထွက်လာသကဲ့သို့ ရိုးရိုးပင် ဝတ်စားထားသည်ကိုတော့ သတိရမိသည်။ မောင်ဖြစ်သူ၏ ဝတ်စားပုံက ပို၍ပင် ရိုးဟန်ရှိသည်။

အမျိုးသမီးကြီးသည် ရွှေရောင်အနားကွပ်ထားသော လက်ကိုင်အိတ်အနက်ကြီးကို ပွေ့ထားသည်။ အထက်အောက် ဆင်တူအညိုရောင် အင်္ကျီနှင့် လုံချည်တို့ကို ဝတ်ထားပြီး အပေါ်အောက် ဆင်တူဝတ်ထားသော ယင်းအဝတ်စမှာ အဖိုးတန်အဝတ်များဖြစ်ကြောင်း သိသာလှသည်။ အမျိုးသမီးကြီးသည် နှုတ်ခမ်းကို နီရဲနေအောင် ဆိုးထားသလို ခြေသည်းလက်သည်းများကိုလည်း နီရဲနေအောင် ဆိုးထားသည်။ ထူးခြားသည်က အမျိုးသမီးကြီး ပန်ထားသော အတော်ကြီးအဖိုးတန်မည့် ကျောက်စိမ်းနားကပ် တစ်ရန်ဖြစ်၏။ အမျိုးသမီးကြီး ဝတ်ထားသော ယင်းကျောက်စိမ်းနားကပ်သည် အရည်အသွေးလဲ ကောင်းသည်။ ယင်းအမျိုးသမီးကြီးသည် ယခု ထွက်လာရာတွင် ထိုကျောက်စိမ်းနားကပ်ကိုပင် အသားပေးဝတ်ဆင်၍ ထွက်လာခြင်း ဖြစ်ဟန်တူ၏။ လည်ပင်းတွင်ကား ဆင်စွယ်ပုတီး

တစ်ကုံးကို ခပ်တွဲတွဲဆွဲထားပြီး လက်ကောက်မှာလည်း ဆင်စွယ်လက်ကောက်များ ဖြစ်သည်။ ထိုအမျိုးသမီးကြီး၏ ဖိနပ်မှာ ဖြူဆွတ်နေသော ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် သဲကြိုးသေးသေးနှင့် ဖိနပ်ပါးလေးဖြစ်၏။ အမျိုးသမီးကြီးတွင် အခြားထူးခြားချက်မှာ ညာဘက်မေး အထက်ကျကျတွင် အလွယ်တကူ မြင်နိုင်သည့် မှဲ့တစ်လုံး ပါရှိခြင်း ဖြစ်၏။

သူတို့ မိသားစုကို အမျိုးသမီးကြီးပင် ဦးဆောင်နေပြီး မိခင်ကြီး စျေးဝယ်နေသည်ကို သားသမီးတို့က တစ်စုံတစ်ခုမှ ဝင်ပြောခြင်း မရှိပေ။ ဤမိသားစုကို ကြည့်ရသည်မှာ တစ်ဦးချင်းထက် မိသားတစ်စုလုံးအနေနှင့် စည်းစည်းလုံးလုံး သွားလာနေကြသဖြင့် အားကျဖွယ်ရာဖြစ်၏။ သူတို့မိသားစုကို ကြည့်ရသည်မှာ အနီးအဝေး၊ အလင်းအမှောင်၊ အထူအပါး၊ အနိမ့်အမြင့်၊ အကွေ့အကောက်တို့ မိနေသော ပန်းချီကားတစ်ခုကို ကြည့်နေရသလို ပြေပြေပြစ်ပြစ်ရှိပြီး အချိတ်အဆက်မိကာ ခိုင်ခံ့သောဇာတ်အိမ်ကို နောက်ခံထား၍ အေးအေးဆေးဆေး ရေးထားသော ဝတ္ထုတိုလေးတစ်ပုဒ်လို ရှိနေသည်။

ဧရာဝတီသောင်ပြင်ဝယ် ကျွန်တော်တွေ့ခဲ့ရသော ဟသ်ာမိသားစု၊ ဒီပဲရင်းတောအုပ်ထဲတွင် မြင်ခဲ့ရသော သမင်မိသားစုလို စည်းစည်းလုံးလုံး လှလှပပရှိသည်။ ထိုမိသားစုကို ဦးစီးဦးရွက်ပြုနေသူ ဖခင်ကြီးသည် ဘဝ၌ အောင်မြင်မှု ရနေသူတစ်ဦး ဖြစ်နိုင်သည်ဟုတော့ ခန့်မှန်း၍ရပါ၏။

ကျွန်တော်သည် ထိုမိသားစု၏ စည်းလုံးညီညွတ်မှုကို ကြည့်၍ သေခြင်းတရားသည် သူတို့ မိသားစုအတွင်းမှ တစ်စုံတစ်ယောက်

အတွက် မဖြစ်ပါစေနှင့်ဦးဟုပင် ဆုတောင်းချင်လာ၏။ ယင်းမိသားစုသည် သေခြင်းတရားကို တစ်စက်ကလေးမှ စဉ်းစားထားဟန်ကားမတူပါ။ ဤမျှ ချမ်းမြေ့စရာကောင်းသော မိသားစုသည် အဘယ်မှာ သေခြင်းတရားကို စဉ်းစားဖို့ ကောင်းပါမည်နည်း။

သေခြင်းတရားသည် ထိုမိသားစုအတွက် လျက်ဆားသည် ပြောသလို လာပါဦးလို့ ဖိတ်ခေါ်တောင် လာဖို့မသင့်သေးပါ။ သို့သော် အလှည့်မကျသေး၍သာ ဖြစ်မည်။ ပုပုရွရွ လူမှန်သမျှသည် သေကြရမည်။ ငါ့သားနှင့် နေဦးမည်၊ ငါ့သမီးနှင့် နေဦးမည်ဆို၍ မရ။ ငါလုနေသေးသည်၊ သေဖို့မထိုက်သေးဟု ဆိုရန်လည်း အခွင့်အလမ်းမရှိ။

ဒီတော့ ကျွန်တော့်မိတ်ဆွေတစ်ဦး၏ အကြောင်းကို ပြန်၍ သတိရလာ၏။ ထိုသူသည် ပဲခူးမြို့မှဖြစ်သည်။ ကျွန်တော်သည် ငယ်စဉ်က ပဲခူးမြို့၌ နှစ်ပေါင်းများစွာ နေခဲ့ရာ သူနှင့် ကျွန်တော်သည် ကျောင်းနေဖက် သူငယ်ချင်းဖြစ်၏။ ကြီးလာသောအခါ သူက စီးပွားရေးလုပ်သည်။ ကျွန်တော်က စာပေလောကထဲသို့ ရောက်လာ၏။ သူနှင့် ကျွန်တော် အနှစ်နှစ်ဆယ်နီးပါးမျှ ကွဲနေကြရာ တလောကမှ ပဲခူးသို့ ရောက်သောအခါ သူသည် ကျောက်ကပ်ရောဂါကို ခံစားနေရ၏။ သူသည် ပစ္စည်းပစ္စယအားဖြင့် အတော်လေး ပြည့်စုံသည်။ မော်တော်ကားက သုံးလေးစီး၊ တိုက်နှင့် စုဆောင်းပြီး ငွေများအပြင် အခြား အခြားသော စီးပွားရေးလုပ်ငန်းများလည်း ရှိသေးဟန်တူသည်။ သူ့အိမ်သို့ ကျွန်တော်ရောက်သွားသောအခါ 'သူငယ်ချင်း၊ ငါ ချစ်စံပါကွ'ဟု ဆို၍ နှုတ်ဆက်သောအခါ သူက မှတ်မိကြောင်း

ခေါင်းကို ဆတ်၍ပြသည်။ ထို့နောက်တော့ သူ့ဇနီးနှင့် အနီးရှိ လူအများကို အပြင်သို့ ထွက်စေပါ၏။ သူငယ်ချင်းသည် ကျွန်တော့်အား တွေတွေကြီးကြည့်ပြီး မျက်ရည်များ ကျလာ၏။

ကျွန်တော်သည် အိပ်ရာဘေးတွင် ဝင်၍ ထိုင်ကာ သူငယ်ချင်းကို အားပေးစကား ပြောရသည်။ ကျွန်တော် အားပေးစကားပြောသော်လည်း သူက ခေါင်းကို ရမ်းပြသည်။ နောက်မှ–

'ငါ မသေချင်သေးဘူး သူငယ်ချင်း'ဟု ဆိုလိုက်၏။

'သူငယ်ချင်း မင်း မသေနိုင်သေးပါဘူးကွာ'ဟု ကျွန်တော်က အားပေးသောအခါ သူ့ရောဂါ မှတ်တမ်းစာရွက်ကို ထိုးပေး၏။ ရောဂါဖြစ်သည်မှာ နှစ်နှစ်နီးပါးရှိနေပြီး ဖြစ်ပါသည်။ ရန်ကုန်မြို့တွင် တက်ရောက် ကုသခဲ့သည်မှာလည်း နှံ့နေပြီဖြစ်သည်။ ယခုတော့ လူနာ၏ ဆန္ဒအလျောက်ပင် ပဲခူးသို့ ပြန်နေခြင်း ဖြစ်သည်။

'သူငယ်ချင်းရာ မင်းမှာက ပြည့်စုံနေတာပဲ၊ တချို့သူတွေဆို ရောဂါဖြစ်တာတောင် ဆေးကုစရာ ငွေမရှိဘူး၊ မင်းမှာတော့ ဘာများပူရသလဲ၊ သားတွေ သမီးတွေ အစုံအလင်နဲ့ ဇနီးသည်ကလည်း လိမ္မာသားပဲ၊ အားတင်းထားစမ်းပါ၊ သူငယ်ချင်းရာ'

'ဒါကို ငါပြောတာပေါ့၊ ငါမသေချင်သေးဘူးဆိုတာ'

'ဘာကိုပြောတာလဲ သူငယ်ချင်းရ'

'ငါ့မှာ ငါရှာထားတဲ့ ငွေတွေရှိတယ်၊ မင်းပြောသလို ဇနီးက လိမ္မာတယ်၊ သားသမီးတွေက ပညာတော်တယ်၊ ငါ ပေးနိုင်၊ လှူနိုင်၊ ကူညီနိုင်တယ်၊ ငါဟာ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်သေးတယ်၊ ဒါကြောင့် ငါမသေချင်သေးဘူးကွ'

'ဟုတ်ပါတယ်ကွာ၊ တကယ်တော့ မင်းလိုလူမျိုး မသေသင့် သေးတာတော့ အမှန်ပါပဲ'

'မင်း ပြတင်းပေါက်ကနေရပ်ပြီး ခပ်လှမ်းလှမ်းက ကုက္ကိုပင် အောက်ကို ကြည့်လိုက်စမ်း'

ကျွန်တော့်သူငယ်ချင်းက သူ့အိမ်ရှေ့ လမ်းတစ်ဖက်ရှိ ကုက္ကို ပင်အောက်သို့ လက်ညှိုးညွှန်ကာ ကျွန်တော့်ကို ပြောလိုက်၏။

'အေး အဘိုးကြီးတစ်ယောက် တွေ့ရတယ်'

'သူက ကိုယ်တစ်ခြမ်း သေနေတယ်ကွာ၊ သားသမီးလဲမရှိဘူး၊ ဇနီးမယားလဲ မရှိဘူး၊ မျက်စိကလည်း ကွယ်လုနီးနီး မှုန်နေတယ်၊ အရေပြားမှ ဝဲရောဂါမျိုးစုံလည်း ပေါက်နေတယ်၊ တစ်နေ့တစ်နေ့ စားဖို့ကို ပေးတဲ့ကျွေးတဲ့လူရှိမှ စားရတယ်၊ သူ ဒီလိုဖြစ်နေတာ လေးငါးနှစ်ရှိပြီ၊ အခုတော့ သူ့အရင် ငါသေရမလို ဖြစ်နေပြီ၊ တကယ်တော့ ငါ မသေသင့်သေးဘူးကွာ'

ကျွန်တော့်သူငယ်ချင်း ဘာဆိုလိုသည်ကို ကျွန်တော် သဘော ပေါက်သည်။ သားသမီး ဇနီးအလိမ္မာနှင့် ကြွယ်ဝပြည့်စုံသော ကျွန်တော့်သူငယ်ချင်း သေမည့်အစား ယင်းအဘိုးကြီးက တစ်ကောင် ကြွက်၊ စားစရာမရှိ၊ ရောဂါမျိုးစုံက ဖိစီးထားပြီး အသက်ကလည်း ဇရာပိုင်းရောက်နေပြီဖြစ်ရာ သူသေမည့်အစား ကုက္ကိုပင်အောက်က အဘိုးအို သေဖို့ကောင်းသည်ဟု ဆိုလိုချင်သည့် သဘောဖြစ်၏။

အဘိုးကြီး ကိုယ်တိုင်သည်လည်း သူတွေ့ကြုံခံစားနေရသော ဝဋ်ဒုက္ခများကြောင့် သေချင်ကောင်း သေချင်နေမည် ဖြစ်၏။ သို့သော်

သူက သေချင်တိုင်းလည်း သေ၍မရ။ သူက နေချင်တိုင်းလဲနေ၍မရ။ သေခြင်းတရား (မရဏ ဓမ္မ) ၏ အလိုအတိုင်းသာ သေကြရ၊ နေကြရ၏။

အနှစ် ၂၀ နီးပါးမျှ ကွဲကွာနေသော ကျွန်တော့်သူငယ်ချင်းက သူ မသေလိုကြောင်း ထုတ်ဖော်ပြောနေပါသော်လည်း သူ ရှင်ချင်မှ ရှင်မည်၊ တကယ်တော့ ကျွန်တော်သည် သူငယ်ချင်းအတွက် သူ့မိသားစု၊ သူ့ဇနီး သားသမီးတို့နှင့် အတူနေစေလိုပါသေး၏။ အလားတူပင် ယခု ကျွန်တော် တွေ့နေသော မိခင်ကြီး ဦးဆောင်သည့် မိသားစုထဲမှ တစ်ဦးတစ်ယောက်ကိုမျှ သေစေလိုသော၊ အတိဒုက္ခ ဖြစ်စေလိုသော ဆန္ဒ ကျွန်တော့်တွင် မရှိပါ။ သို့သော် ထိုဆန္ဒမှာ ဆန္ဒသာဖြစ်၍ သေခြင်း၊ နာခြင်းတို့ကိုကား ပိတ်ပင် ဆီးတား ဟန့်တားနိုင်စွမ်း မရှိပါ။ သေခြင်းတရားသည် တစ်ချိန်မဟုတ် တစ်ချိန်တော့ ရောက်လာပေမည်သာ။

တကယ်တော့ ကျွန်တော့်သူငယ်ချင်းသည် သူ စိုးရိမ်ကြောင့်ကြခဲ့သော ကျောက်ကပ်ရောဂါနှင့်ကား မသေဆုံးခဲ့ပါ။ ကျောက်ကပ်ရောဂါကို အရပ်ဆရာတစ်ဦးနှင့် ကုသရန် ပဲခူးမှ ညောင်လေးပင်သို့ အသွားတွင် ကားချင်းတိုက်မိ၍ သေဆုံးသွားခဲ့ပါသည်။

*

သေခြင်းတရားသည် ရန်သူမဟုတ်ပါ၊ ယင်းသည် ရှောင်လွှဲ၍ မရသော စွန့်စားမှုသာ ဖြစ်ပါ၏။

**ဆာ၊ အိုလီဗာလော့ချ်**
**အင်္ဂလိပ်အမျိုးသားပညာရှင်**

## မသေသူ မမွေးသေးသည့် ဤကမ္ဘာ

ဤခရီးနီးသလား။

မည်သူမဆို မိမိသွားလိုသော ခရီးကို နီးစေလိုကြသည်သာ ဖြစ်၏။ မည်သူမဆို မိမိသွားလိုသော ခရီးဆုံးကို မြန်မြန်ရောက်လိုကြသည်သာ ဖြစ်၏။ သို့သော် ခရီးတစ်ခုကား ရှိ၏။ ထိုခရီးကိုကား မည်သူမျှ မနီးလိုကြပေ။ ယင်းရှိရာ ခရီးဆုံးကိုကား မည်သူမျှ မြန်မြန်မရောက်လိုကြပေ။

ဤခရီးကား သေခြင်းဖြစ်၏။

အမှန်စင်စစ် လူတိုင်းသည် ထိုခရီးဆုံးဆီသို့သာ ဦးတည်၍ လျှောက်နေကြခြင်းဖြစ်သည်။ သို့သော် ထိုခရီးဆုံး ရောက်မည့် အရေးကို လူတို့ ကြောက်ရွံ့စိုးရိမ် ထိတ်လန့်ကြ၏။

ကိုငွေပန်း၊ ဟံသာဝတီဘူတာတွင် တွေ့ခဲ့ရသော တောင်းစားသူ လူတစ်စု၊ မြို့ပတ်ရထားပေါ်မှ ခရီးသွားများ၊ လျက်ဆားရောင်းသူ၊ မုန့်စိမ်းပေါင်းနှင့် ကောင်ညှင်းပေါင်းသည်သားသမိ၊ သစ်ခွပန်းအိုးဝယ်သွားသော မိန်းမချော၊ ကျွန်တော့်အား ဝင်တိုက်သွားသောနွတ်ခမ်းမွေးနှင့်လူ၊ ဗိုလ်ချုပ်ဈေးတွင် အေးချမ်းစွာ ဈေးဝယ်ထွက်နေသော မိသားစုနှင့် အနှစ် ၂၀ ခန့် ကွဲနေခဲ့သော ကျွန်တော့် သူငယ်ချင်း အပါအဝင် ကျွန်တော်ကိုယ်တိုင်သည် ဤခရီးကို သွားနေကြခြင်း ဖြစ်၏။

သို့သော် ဤခရီးကို လူတိုင်းက မေ့ချင်ယောင် ဆောင်ထားကြသည်။

မှိုသည် မြေမှ စတင်ထွက်ပေါ်လာစဉ်ကပင် မြေကို ဦးထိပ်ပန်၍ ထွက်လာသကဲ့သို့ ပုပုရွရွ မြင်မြင်သမျှသော သတ္တဝါ ဟူသမျှသည် စတင် မွေးဖွားလာစဉ်ကပင် သေခြင်းတရားကို ဦးထိပ်ရွက်ကာ မွေးဖွားလာခြင်းဖြစ်၏။ ထို့ကြောင့် မွေးဖွားလာသူမှန်သမျှ သေရမည်မှာ ဧကန်ဖြစ်၏။ သေမည့် သူများမှာ မွေးဖွားလာခြင်းဖြစ်၍ ဤလောကတွင် မသေမည့်သူတစ်ဦးတစ်ယောက်ကိုမျှမွေးဖွားလာခြင်း မရှိသေးပင်။

ထို့ကြောင့် သေရမည့် အရာတို့သည်သာ ယနေ့ မွေးဖွားနေခြင်း ဖြစ်၏။

ပျက်ရမည့် အရာတို့သည်သာ ယခု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထို့ကြောင့်လည်း သေခြင်းတရားကို ကြောက်သည်ဟုဆိုကာ အဝေးသို့ လှည့်ပတ် ပြေးလွှားကာ ရှောင်ရှား ပုန်းအောင်းနေခြင်းသည် အဘယ်မှာ ရအံ့နည်း။

နွားကျောင်းသားသည် တုတ်၊ နင်တံ စသည်တို့ဖြင့် နွားတို့ကို စားကျက်သို့ မောင်းနှင်သကဲ့သို့ သတ္တဝါတို့၏ သန္တာန်တွင် မပြတ်ကိန်းဝပ်နေသော အိုခြင်း၊ နာခြင်း၊ သေခြင်းတို့က သတ္တဝါတို့၏ အသက်ကို သေမင်းနိုင်ငံသို့ အမြဲပင် မောင်းနှင်လျက်ရှိ၏။

ထို့ကြောင့် အကြင်သူတစ်ဦးသည် အာကာဝေဟင် ကောင်းကင်ထက်သို့ တက်နေသော်လည်း သေခြင်းလက်မှ မလွတ်နိုင်။ ထို့အတူ ရှစ်သောင်းလေးထောင် အနက်ဆောင်သော ကျောက်တောင်ရစ်ခွေ သမုဒ္ဒရာ ရေပြင်အောက်သို့ ပြေးဝင်နေသော်လည်း သေခြင်းမှ မလွတ်နိုင်။ တောင်ကြိုချုပ်ကြား ကျောက်လိုဏ်ခေါင်းများတွင် ဝင်ရောက်ပုန်းအောင်းနေသော်လည်း သေမင်း မမြင်မတွေ့အောင် ရှောင်ရှား၍ မရနိုင်။ အရှေ့ အနောက် တောင်မြောက် ဝဲယာ မည်သည့်နေရာမျှ သေမင်းလက်မှ လွတ်မြောက်နိုင်သော အခွင့်အရေးသည် မရှိပေ။

သို့သော်လည်း လူများသည် မိမိတို့ မသေတော့သယောင် ဘာသိဘာသာ သွားလာနေကြ၏။ သေခြင်း၊ နာခြင်း၊ အိုခြင်းဟူသော အရာများကို မကြားလိုကြပေ။ သုသာန်၊ သင်္ချိုင်း၊ ခေါင်း၊ အသုဘ၊ မြေပုံ၊ လူသေကောင် စသည့် သေခြင်းနှင့် ပတ်သက်သည်များကို အမင်္ဂလာများအဖြစ် မှတ်ယူထားကြ၏။

ယင်းကိစ္စနှင့် ပတ်သက်၍ ဆရာဝန်တစ်ဦးဖြစ်သူ အက်လီဇဘက် ကူဘလာရော့စ်က ‘ကျွန်ုပ်တို့သည် လူတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပြန်၍ လေ့လာသောအခါ လူများသည် သေခြင်းတရားကို မနှစ်မြို့ဆုံး၊ နလုံးမတွေ့ဆုံး ဖြစ်သည်ကို တွေ့ရသည်။

လူတို့သည် နောက်တွင်လည်း သေခြင်းတရားကို မနှစ်မြို့စရာအဖြစ် ဆက်လက် ခံယူထားကြဦးမည်သာ ဖြစ်သည်။

လူတို့၏ အတွင်းစိတ် သဘောအရဆိုလျှင် လူများသည် မိမိ သေလိမ့်မည်ဟု မည်သည့်အခါမျှ ယူဆခြင်းမရှိပေ။ လူသည် သူ့အသက် ဆက်၍ရှင်နေဦးမည်ဟုသာ အတွင်းစိတ်က မှတ်ယူနေသည်။ လူတို့၏ အတွင်းစိတ် သို့မဟုတ် မသိစိတ်သည် ကျွန်ုပ်တို့ တကယ်ပင် သေလိမ့်မည်။ အသက်ခန္ဓာ တကယ်ကြွေကျမည် ဟူသော အချက်ကို တကယ်ပင် နားလည်နိုင်စွမ်းမရှိ။ သေမည်ဟု ဆိုပါကလည်း ကျွန်ုပ်တို့သည် ရိုးရိုးတော့မသေနိုင်၊ ပြင်ပ ပယောဂ တစ်ခုခုကြောင့် သေမည်။ လွယ်လွယ်ပြောရသော် ကျွန်ုပ်တို့သည် လွယ်လွယ်နှင့်မသေနိုင်ဟု ကျွန်ုပ်တို့၏ အတွင်းစိတ်က ယုံကြည်နေကြ၏ ဟူ၍ သူ၏ 'သေခြင်းနှင့် သေခါနီးကာလ' ဟူသော စာအုပ်တွင် ရေးသားထား၏။

ဒေါက်တာ ရော့စ်က ယင်းစာအုပ်တွင်ပင် ဆက်၍ 'လူတို့သည် သူတို့ကိုယ်သူတို့ သေရမည့်အရေးကို စိတ်ဓာတ်အားဖြင့် ကာကွယ် ငြင်းပယ်ထားကြသည်။ ကျွန်ုပ်တို့၏ အတွင်းစိတ်သည် ကျွန်ုပ်တို့ ကိုယ်တိုင်၏ သေရမည့်အရေးကို မတွေးနိုင်၊ မသိနိုင်၊ မထင်နိုင်ဘဲ ထာဝရ အသက်ရှင်နေမည်ဟုပင် အယူရှိကြသည်။ သို့သော် ကျွန်ုပ် တို့၏ အိမ်နီးချင်းတစ်ဦး အသက်ဆုံးလျှင်သော်လည်းကောင်း၊ စစ်ပွဲ၌ လူများ သေကြေခဲ့သည်ဟူသော သတင်းကို ဖတ်လိုက်ရသောအခါ တွင်လည်းကောင်း၊ သက်တူရွယ်တူထဲမှ တစ်စုံတစ်ဦး သေကြောင်း **နာရေးကြော်ငြာကို သတင်းစာတွင် ဖတ်ရသောအခါတွင်လည်း**

ကောင်း သေသည်ဟူသော အချက်ကို လက်ခံကြ၏။ ဤသို့အခြား သူများ သေသည်ကို လက်ခံရာတွင်လည်း သူတို့တော့ သေပြီ၊ ငါ မသေသေး၊ ငါသည် မသေနိုင်သေး ဟူသော အစွဲအလမ်းသည် မသိစိတ်၊ အတွင်းစိတ်၌ ပို၍ ခိုင်မာလာတတ်သည်။

လူတို့သည် တကယ် သူတို့ မလွှဲမရှောင်သာ သေရတော့မည်ဆိုသော အချက်ကိုကား သူတို့ကိုယ်တိုင် တကယ်တမ်း သေဘေးကြုံမှသာ လက်ခံကြတော့သည်။ လူသည် သူတကယ်သေရတော့မည့်အကြောင်းကို ဆေးရုံပေါ်ရောက်၍ သိလာရသောအခါ သူ့ထံတွင် ဆောင်ရွက်စရာ အချိန် သိမ်မရှိတော့ပေ။ အကယ်၍သာ ကျွန်ုပ်တို့သည် **ကျွန်ုပ်တို့ မုချမသွေ သေရမည်ဟူသော အရေးကို မူလအစကပင် လက်ခံ သဘောပေါက်ထားပါက ကျွန်ုပ်တို့သည် ကောင်းရာ ကောင်းကြောင်းများကို အများအပြား လုပ်နိုင်ခဲ့ပါလိမ့်မည်'** ဟုလည်း ရေးသားထားပါ၏။

လူတို့သည် သေရမည့်အရေးကို ဘာကြောင့် ငြင်းပယ်ကြသနည်း။ လူများက သေခြင်းတရားကို ငြင်းပယ်ခြင်းသည် သေရမည်ကို ကြောက်ရွံ့ခြင်း၊ ရောက်ရှိနေသော မိမိ၏ ဘဝကို ခုံမင်လွန်းခြင်းတို့ကြောင့်သာ ဖြစ်၏။ ထို့ကြောင့်လည်း သေခြင်းနှင့် ကြောက်ရွံ့ခြင်းတို့သည် အစဉ် ဒွန်တွဲ၍ နေ၏။

ကလေးငယ်များသည် မိမိ ကြောက်ရွံ့သောသူများ ရှိပါက ထိုသူကို အမြင်မခံဘဲ ပုန်းကွယ်နေတတ်၏။ အလားတူပင် လူတို့သည် သေခြင်းတရားကို ကြောက်ရွံ့ရကား သေခြင်းတရားမှဝေးနိုင်သမျှ ဝေးသောနေရာတွင် ပုန်းကွယ်၍ နေတတ်သည်။ မည်ကဲ့သို့

ပုန်းကွယ်နေသနည်းဟုဆိုလျှင် ဖော်ပြခဲ့သည့်အတိုင်း သုသာန်၊ သင်္ချိုင်း၊ အသုဘ ဟူသော စကားများကို တတ်နိုင်သမျှ မကြားအောင် နေကြ၏။ ယင်းစကားများကို မနှစ်မြို့စရာများအဖြစ် သဘောထား ကြ၏။ ယင်းစကားများကို ကလေးတို့က ပြောဆိုကြလျှင်ပင် မကောင်းသော ခြင်းရာများအနေဖြင့် ပိတ်ပင်ထားတတ်ကြ၏။

သေခြင်းတရားအား ကြောက်ရွံ့နေသည့် အမှတ်လက္ခဏာ များကို ဆေးရုံစကြံများတွင် လည်းကောင်း၊ အသုဘအိမ်များတွင် လည်းကောင်း၊ ရေခဲတိုက်များတွင်လည်းကောင်း ကျန်ရစ်သူများ၏ ပူဆွေးမှုကို ကြည့်၍ တွေ့နိုင်သည်။

ရှေး ဟီးဘရူးလူမျိုးတို့သည် သေသွားသောသူ၏ ကိုယ်ခန္ဓာ သည် မသန့်ရှင်း၍ ထိကိုင်စရာမကောင်းဟု ယူဆကြ၏။ ရှေး အမေရိကန် အင်ဒီးယန်းတို့ကလည်း တစ်စုံတစ်ဦး သေဆုံးပါက မကောင်းဆိုးဝါး မိစ္ဆာများကို မောင်းထုတ်သည့်အနေဖြင့် လေထဲသို့ မြားတန်းများကို ပစ်လွှတ်တတ်ကြသည်။

ကျွန်တော် ရွာတွင်နေစဉ်က မကြာခဏ အသုဘပို့သည့် အခမ်းအနားသို့ လိုက်တတ်၏။ ရွာတွင် အသုဘအခမ်းအနားကို ငါးရက်၊ ခုနစ်ရက်၊ ကိုးရက် စသည်ဖြင့် ထားတတ်ကြ၏။ ထို့သို့ ထားပြီး အလောင်းစင်ကို ဝါးများ၊ ပန်းစက္ကူများနှင့် မွမ်းမံပြင်ဆင် ထားကြ၏။ အသုဘချမည့်နေ့တွင် အလောင်းစင်ကို ရွာရှိ လူငယ် များက ထမ်းကာ သုသာန်သို့ သွားကြသည်။ အလောင်းစင် သုသာန်သို့ မလာမီ သုသာန်တွင် ကျင်းတူးမည့်သူများက စော၍ ရောက်နေကြ၏။ လူငယ်များ ထမ်းလာသော အလောင်း သုသာန်

အစပ်သို့ ဝင်လာသည့်အခါ ကျင်းတူးရန် ကြိုရောက်နေသူများက 'လာဦးမလား၊ လာဦးမလား'ဟုဆိုကာ ခဲနှင့် ပစ်ပေါက်ရသည်။ အလောင်းထမ်းလာသူများက မလာတော့ပါဘူး၊ မလာတော့ပါဘူး' ဟု အော်ဟစ် ကတိပေးရ၏။

အသုဘစင်အား သုသာန်အဝင်တွင် ခဲနှင့် ပစ်ပေါက်သော သဘောသည် ရှေးအမေရိကန်လူမျိုးများက လေထဲသို့ မြားတန်းများ ပစ်လွှတ်သည့် သဘောပင်ဖြစ်၏။

လောက လူသားတို့အတွင်း၌ ပြောင်းလဲမှုများ အများအပြား ရှိပါ၏။ သို့သော် ပြောင်းလဲမှုမရှိသော အရာတစ်ခုကား ရှိ၏။ ထို မပြောင်းလဲဘဲ ရှိနေသော အရာတစ်ခုမှာ သေခြင်းတရားပင် ဖြစ်သည်။

စစ်ဟူသော အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် အယူအဆတစ်ရပ်မှာ 'စစ်ဆိုသည်မှာ အခြားမဟုတ်၊ သေခြင်းတရားကို ရင်ဆိုင်ပြီး မသေဘဲ ရှင်ထွက်လာစေရန် ဖြစ်သည်'ဟု ဆို၏။

လူတို့သည် သေရမှာ ကြောက်သည်။

ထို့ကြောင့် သေရမည် မသိယောင်ဆောင်နေကြ၏။

မည်သို့ပင်ဆိုစေ သေခြင်းတရားကို ငြင်းပယ်၍ကား မရ။ ပုခက်ထဲမှာ နေခဲ့ရလျှင် ခေါင်းထဲမှာလည်း နေရမည် အမှန်ဖြစ်၏။ သေခြင်းတရားကို ငြင်းပယ်၍မရလျှင် သေမည့်အရေးကို အဟုတ် အမှန် သိက္ခာရှိရှိ လက်ခံရန် လိုအပ်သည်။

**ဤစာအုပ်ကို ရေးသားရာတွင် တင်ပြလိုသော အချက်မှာ လည်း ကျွန်ုပ်တို့ အမှန် သေကြရမည်။ ကျွန်ုပ်တို့ သေကြရမည်**

ဆိုလျှင် သေရမည့်အရေးကို ရှောင်ကွင်းနေမည့်အစား လူသားတစ်ဦး အနေဖြင့် သေခြင်းတရားကို သိက္ခာရှိရှိ ရင်ဆိုင်ရန် လိုအပ်ကြောင်း တင်ပြရန် ဖြစ်၏။

ကျွန်ုပ်တို့သည် သေခြင်းတရားကို သိက္ခာရှိရှိဖြင့် လက်ခံလာနိုင်သည်နှင့်အမျှ ကျွန်ုပ်တို့ကိုယ်တိုင် ကောင်းမွန်ရေး၊ ကျွန်ုပ်တို့ မိသားစုများ ကောင်းမွန်ရေး၊ ကျွန်ုပ်တို့နိုင်ငံ ကောင်းစားရေးတို့ကို ပိုမိုဆောင်ရွက်လာနိုင်သည့်အပြင် ထို့ထက် ကျယ်ပြန့်စွာ ပြောရပါက သေခြင်းတရားကို သိက္ခာရှိရှိ ရင်ဆိုင်ခြင်းဖြင့် ကျွန်ုပ်တို့သည် လူသားများ ကောင်းစားရေးကိုပင် ပို၍ ဆောင်ကြဉ်းနိုင်မည်ဟု ယုံကြည်မိပါသည်။

*

လူတိုင်းသည် အသက်ရှည်ရှည် နေလိုကြသော်လည်း
မည်သူမျှ မအိုမင်းလိုကြပါ။
**ဂျိုနာသန် ဆွစ်ဖ် (၁၆၆၇–၁၇၄၅)**
**အိုင်ယာလန်လူမျိုး စာရေးဆရာ**

# အိုမင်း ရင့်ရောက်မှုတို့သာလျှင် နှပျိုနေခြင်းဖြစ်၏

ဤခရီးနီးသလား။

ကျွန်တော်သည် ဗိုလ်ချုပ်ဈေးအတွင်း လှည့်ပတ်နေခြင်း ဖြစ်၍ ခရီး အတိုအရှည်ကို ပြောရန်ခက်သည်။ လျှောက်နေသမျှ ခြေလှမ်းများသည် ခရီးဖြစ်နေ၏။

ဗိုလ်ချုပ်ဈေးအလယ်လမ်းမှ ထွက်သော ကျွန်တော်သည် ဈေးထိပ်သို့ ရောက်သော် ညာဘက်သို့ ချိုးလိုက်မိ၏။ အချိန်သည် ၁၂ နာရီခွဲလောက် ရှိပြီဖြစ်၏။ ညာဘက်သို့ချိုးဝင်လိုက်သောလမ်းသည် လူရှင်းလှ၏။ ကျွန်တော်ရှေ့မှ မိန်းကလေးနှစ်ဦး လမ်းလျှောက်သွားသည်ကိုတွေ့ရသည်။ ထိုအမျိုးသမီးနှစ်ဦးမှာလည်း လမ်း၏ အလယ်

သို့ရောက်သော် ညာဘက်သို့ပင် ချိုးဝင်သွားကြ၏။ ဤအတန်းထဲတွင်တော့ စက္ကူပန်းများ၊ ဖဲပြားခွေများ၊ မလတ်စတစ်ပြား အခွေများ၊ ရောင်စုံစက္ကူများ ရောင်းသည့်ဆိုင်အချို့နှင့် ဖိနပ်ဆိုင်အချို့ကိုသာ တွေ့ရ၏။

ကျွန်တော်သည် ဆက်၍လျှောက်လာသောအခါ လမ်းဆုံးသို့ ရောက်လာသည်။ လမ်းဆုံးသို့ရောက်သော် ဗိုလ်ချုပ်ဈေးစာတိုက်ဟု ရေးထားသော လှေကားဝတွင် အမျိုးသမီးလေးနှစ်ဦးနှင့် အမျိုးသား တစ်ဦးတို့ ရန်ဖြစ်နေကြသည်ကို တွေ့ရ၏။ လှေကားသို့ အတက်တွင် နှစ်ဦးနှင့်တစ်ဦး ဝင်တိုက်မိ၍ ရန်ဖြစ်ကြဟန်တူ၏။ ထိုမိန်းကလေး နှစ်ဦးမှာလည်း မိန်းမချောကလေးများပင် ဖြစ်သည်။ အမျိုးသားမှာ ဆံပင်ရှည်နှင့် အသားခပ်ညိုညိုဖြစ်သည်။ သူတို့ တစ်ဦးနှင့်တစ်ဦး အချင်းများနေကြသည်ကို ကျွန်တော် ရပ်ကြည့်နေမိသေး၏။ အချင်းများနေကြသော သူတို့တတွေသည် ငါတို့လည်း သေကြရမှာပဲဟု တွေးတောမိကြမည်ဆိုလျှင် ရန်ဖြစ်ကြလိမ့်မည် မဟုတ်၊ အခုတော့ တကယ်ပင် သေခြင်းတရားကို မေ့လျော့ကာ ယင်းသို့ အချင်းများ နေကြ၏။ ရန်လိုနေသော အမျိုးသားကို ကြည့်ရသည်မှာလည်း မိန်းမအရုပ်ဆိုးဆိုးရထား၍ မိန်းမချောလေးများကို လိုက်ရန်ဖြစ်နေခြင်း ပေလားဟုပင် ထင်စရာဖြစ်နေသည်။

သူတို့ရန်ပွဲကလည်း ရှည်ကြာသည်မဟုတ်ပါ။ ခဏကြာတော့ အမျိုးသမီးများက ဈေးအပြင်တန်းဘက်သို့ ထွက်သွား၏။ အမျိုးသား ဘယ်သို့ ထွက်သွားသည်ကိုကား သတိမပြုလိုက်မိပါ။ ကျွန်တော် ဆက်၍ သတိပြုမိနေသည်က ဗိုလ်ချုပ်ဈေး စာတိုက် ဟူသော လှေကား ဝမှ အဘွားအို ဖြစ်ပါသည်။

အဘွားအိုရဲ့ အသက်ကိုကား ခန့်မှန်းရန် ခဲယဉ်းပါ၏။ အဘွားအိုသည် သိပ်ပင် မလှုပ်ရှားနိုင်ပါ။ သတိမထားပါက ဝင်၍ တိုက်မိကောင်း တိုက်မိမည် ဖြစ်၏။ ထိုနေရာတွင် မှောင်ကလည်း မှောင်နေသည်။

သေသေချာချာကြည့်မှ အဘွားအို၏ ရုပ်လက္ခဏာများသည် ပို၍ ပေါ်လွင်လာ၏။ အဘွားအိုသည် ဆောင့်ကြောင့် ထိုင်နေပြီး သူ့ခေါင်းက သူ၏ဒူးနှစ်ဖက်ကြားတွင် ရောက်နေသည်။ ဒူးနှစ်ဖက်ကြားတွင် ရောက်နေသော သူ့ခေါင်းကလည်း ခါးကကုန်းနေ၍ သူ့ဒူးနှစ်ဖက်ကို ကျော်လွန်အောင် မမြင့်နိုင်ဘဲ ရှိနေ၏။ ပုံပြင်ထဲမှ ခေါင်းသုံးလုံးနဲ့လူ ဆိုသည်မှာ ဤအဘွားလိုလူမျိုးကို ဆိုလိုပါမည်။ အဘွား၏ရှေ့တွင်ကား လက်ကိုင်ပုဝါ အဟောင်းကလေးတစ်ခုကို ခင်းထား၏။ ယင်းလက်ကိုင်ပုဝါအဟောင်းပေါ်တွင် ဆယ်ပြားစေ့ အချို့နှင့် ငါးပြားစေ့အချို့သည် ပေါင်းလိုက်ပါက ပြားငါးဆယ်ထက် မပိုပါ။

အဘွားအို၏ ခေါင်းသည် ဆွတ်ဆွတ်ဖြူ မနေသော်လည်း ဆံပင်အနက်ထက် အဖြူကများနေသည်။ ဆံပင်အထုံးကလေးက သေးလွန်း၍ သေသေချာချာကြည့်ပါမှ ကနစိုးသီးလောက်သာ ရှိသည်ကို တွေ့ရ၏။ ဦးပုည၏ တမာသီးဆံထုံးထက်တော့ ကြီးသည်။ အဘွားအို၏ ပါးများသည် အတွင်းသို့ ချိုင့်ဝင်နေ၏။ မျက်နှာတွင်လည်း အစင်းအကြောင်းများက အပြည့် နေရာယူထား၏။ အဘွားသည် အတော်ပင် ပိန်လွန်းလှပါ၍ ကျွန်တော် ကောက်ပွေ့ပြီး ထမ်းပြေးလျှင်ပင် ရနိုင်မည်ဟု ထင်သည်။ အဘွား၏ ပါးရည်များ၊

လက်မောင်းး လက်ဖျံမှ အရေများ ခန်းခြောက်ကုန်၍ ပါရေးနားရေတို့ ချောင်ကျနေခြင်း ဖြစ်ဟန်တူ၏။ အဘွားအိုသည် သူနှင့်မတော်ဘဲ အတော်လေး ပွနေသော အရေခွံကို ဝတ်ထားသည်နှင့်တူ၏။ အဘွားအို၏ ဦးခေါင်းကလည်း တစ်ချိန်လုံး မနားဘဲ ရမ်းနေသည်။

အဘွားအိုသည် အဖော်မပါ တစ်ကိုယ်တည်း ဖြစ်သည်။ သူ့ကို ဒီနေရာသို့ မည်သူလာထားပါသနည်း။ သူ့ဟာသူပဲ လာတာလား၊ သူ အမြဲတမ်း ဒီနေရာတွင်ပင် နေသလား။ ဤအသက် ဤအရွယ် တစ်ကိုယ်တည်း တောင်းခံနေရသည့်အဖြစ်သည် အိုဇာတာ မကောင်းခြင်းပင်ဖြစ်၏။ ဤအဘွားအိုတွင် သားထောက်သမီးခံ မရှိပေဘူးလား။ သူသည် လယ်တောသူတစ်ဦးဖြစ်ပါက ငယ်စဉ်က ကောက်စိုက်၊ စပါးသယ်လုပ်ငန်းများတွင် လုပ်အားအပြည့်ပေးခဲ့မည့် လုပ်အားရှင်တစ်ဦး ဖြစ်ပေမည်။ အိပ်ထောင်ရှင်တစ်ဦး ဖြစ်ပါကလည်း ခင်ပွန်းသည် လင်ယောကျ်ား မားမားမတ်မတ်နှင့် သားများ၊ သမီးများ ခြံရံကာ အဘွားအို၏ မိသားစုသည် အတော်ပင် ပျော်စရာကောင်းပေမည်။

အခုတော့ အဘွားအို၏ဘဝကား အထီးကျန်နိုင်လှသည်။

ကျွန်တော်သည် အဘွားအိုအား ကြည့်ရင်း အိုခြင်းတရား ဆိုသည်ကို စဉ်းစားနေမိ၏။

ယခုအခါ ဆေးသိပ္ပံပညာရပ်များ အတော်ပင် တိုးတက်လာခဲ့သည်။ ပင်နီဆလင် အစရှိသော ဆေးများကို တွေ့ရှိခဲ့သည်။ ရောဂါပေါင်းများစွာကို အောင်နိုင်ခဲ့၏။ ကြိုတင်ကာကွယ်ဆေးများကို ဖော်ထုတ်နိုင်သောကြောင့်လည်း ရောဂါအများအပြားကို ကြိုတင်၍

ကာကွယ်ထားနိုင်ကြသည်။ ဗီတာမင်ဓာတ်အမျိုးမျိုးကို အလွယ်တကူ ရရှိအောင် စားဆေး၊ သောက်ဆေး၊ ထိုးဆေးများအဖြစ် ဖန်တီးနိုင်သောကြောင့်လည်း သက်ကြီးသူတို့အတွက် ထိုးဆေးများသည် အားကိုးအားထားစရာတစ်ရပ် ဖြစ်လာသည်။ ထို့အပြင် အရိုး၊ မျက်ကြည်လွှာ၊ နှလုံးအပါအဝင် လူ့ခန္ဓာကိုယ်ရှိ အစိတ်အပိုင်းများကို အစားထိုး ကုသမှုလည်း ရှိလာသည်။

ထိုသို့ ဆေးသိပ္ပံပညာရပ်များ တိုးတက် အောင်မြင်လာခြင်းကြောင့် လူတို့၏ သက်တမ်းများသည်လည်း တိုး၍ ရှည်လာခဲ့ကြ၏။ အသက်ရှည်လာခြင်းသည် ကောင်းမွန်ပါသည်။ လူများ အသက်ရှည်လာခြင်းနှင့်အတူ သက်ကြီးရွယ်အိုတို့၏ ဘဝပြဿနာဟူသော ကိစ္စရပ်သည်လည်း ပေါ်ပေါက်လာသည်။

အနောက်တိုင်းတွင် သက်ကြီးရွယ်အိုတို့အား ဘိုးဘွားရိပ်သာများ၊ ဆေးရုံများတွင် ပို့ထားတတ်ကြပြီး သားသမီးတို့က ငွေကြေးထောက်ပံ့မှုများကိုသာ ပေးတတ်ကြ၏။ အရှေ့တိုင်းတွင်ကား သက်ကြီးရွယ်အိုများကို မိသားစုအတွင်း၌ပင် ထားရှိသောကြောင့် သက်ကြီးရွယ်အိုပြဿနာသည် အရှေ့နိုင်ငံများထက်စာလျှင် အနောက်နိုင်ငံများတွင် ပို၍များ၏။ တစ်ဖန် သက်ကြီးရွယ်အိုပြဿနာသည် ကျေးလက်ထက်စာလျှင် မြို့ကြီးများပေါ်တွင် ပို၍ရှိသည်။ မြန်မာ့ကျေးလက်တွင် လမ်းဘေး၌ ထိုင်တောင်းနေသော အဘွားအို တစ်စုံတစ်ယောက်ကို မြင်လိုသော်လည်း မြင်ရမည်မဟုတ်ပါ။

ကျွန်တော်တို့ဒေသတွင် အသက်အရွယ် ကြီးရင့်သူတစ်ဦး မိမိတို့မိသားစုအတွင်း ရှိနေခြင်းကို ဂုဏ်သိက္ခာရှိသည်ဟု ယူဆကြ

သည်။ တစ်ခါက ကျွန်တော်သည် တွံတေးမြို့နယ်၊ ရခိုင်ချောင် ကျေးရွာသို့ သွားခဲ့ရာ လူကြီးများက ရွာ၏စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကိစ္စများကိုသာမက ဆေးရုံ၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီး ကျောင်းနှင့် လမ်း၊ တံတားများကိုပါ လိုက်လံပြသပြီး ရွာရှိ အသက် ၉၉ နှစ် အရွယ် အဘိုးတစ်ဦး၊ အသက် ၁၀၂ နှစ်ရှိသော အဘွားတစ်ဦး တို့နှင့်လည်း မိတ်ဆက်ပေး၍ ဂါရဝ ပြုစေပါ၏။

ကမ္ဘာပေါ်တွင် သက်ကြီးရွယ်အိုတို့၏ ပြဿနာသည် တကယ်ရှိလာသောကြောင့်လည်း ၁၉၈၂ ခုနှစ်က ကမ္ဘာ့ကျန်းမာရေး နေ့ကို **သက်ကြီးရွယ်အို ဘဝစိုပြည်ရေးကို ကြိုးပမ်းစို့** ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့၏။ ထိုသို့ကျင်းပရာ၌ သက်ကြီးရွယ်အို ဘဝကို စိုပြည်အောင် ဆောင်ရွက်ရာတွင် သက်ကြီးရွယ်အိုများကို လူအိုများဟုဆိုကာ ပစ်မထားရန် ဆွေးနွေးကြသည်။ သက်ကြီး ရွယ်အိုတို့၏ ဘဝအတွေ့အကြုံများကို လူ့အဖွဲ့အစည်းအတွက် အသုံးပြုကြရန် တိုက်တွန်းကြသည်။ သက်ကြီးရွယ်အိုများသည် တစ်ချိန်တစ်ခါက လူ့အဖွဲ့အစည်းတွင် ခွန်အားအပြည့်နှင့် လုပ်အား ပေးခဲ့ကြသူများ၊ တည်ဆောက်ခဲ့ကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် ယင်းတို့၏ကျေးဇူးကို တုံ့ပြန်သောအားဖြင့် သက်ကြီးရွယ်အိုတို့အား လေးစားစွာ စောင့်ရှောက်ကြရမည်။ သက်ကြီးရွယ်အိုတို့အား စောင့် ရှောက်ခြင်းကို လူ့ဘဝတာဝန်တစ်ရပ်အဖြစ် ထမ်းဆောင်ကြရန် လိုသည် စသည်ဖြင့် ဆွေးနွေးခဲ့ကြ၏။

သက်ကြီးရွယ်အိုများအား မိသားစုအတွင်း ထားရှိခြင်းအားဖြင့် မြေးမြစ်တို့အား စောင့်ရှောက်မှုရှိခြင်း၊ အိမ်လုံခြုံမှုရှိခြင်း၊ ငယ်သူတို့

အတွက် အပြင်ထွက် စီးပွားရှာရာတွင် စိတ်အေးလက်အေး ရှာဖွေနိုင်ခြင်းအပြင် ဘိုးဘွားတို့ထံမှ မြေးမြစ်တို့သည် ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဘာသာရေးနှင့် ဘဝအတွေ့အကြုံများကို သင်ယူ နာခံမှတ်သားခြင်းများဖြင့် လူ့ဘဝအတွက် တန်ဖိုးမဖြတ်နိုင်သော ကောင်းကျိုးရလဒ်များကို ရစေနိုင်သည်ဟုလည်း ဆွေးနွေးခဲ့ကြသည်။

တကယ်တော့ သေခြင်းနှင့် အိုခြင်းသည် ခေါင်းနှင့်ပန်းလို အတော်လေး နီးလှသည်။ သို့သော် အိုသောသူတိုင်းလည်း သေသည်မဟုတ်။ အမှည့်တဝင်းဝင်း အကင်းတဖြုတ်ဖြုတ်ဆိုသလို အကင်းများ တဖြုတ်ဖြုတ် ကြွေကျနေသည်လည်း ရှိ၏။

ခေါင်းနှင့်ပန်းသည် ကျောချင်းကပ်နေသော်လည်း တစ်ခုနှင့်တစ်ခု မျက်နှာချင်းဆိုင်ရန် ခဲယဉ်းသလို အိုခြင်းနှင့်သေခြင်းသည် ကျောချင်းကပ်နေပါလျက် အိုသူများထဲတွင် မသေဘဲ သိပ္ပံပညာရှင်ကြီးများ၊ နိုင်ငံခေါင်းဆောင်ကြီးများ၊ ကဗျာဆရာ၊ စာရေးဆရာကြီးများအဖြစ် လူသားတာဝန်ကို ထမ်းဆောင်နေကြသူများလည်း ဒုနှင့်ဒေးပင် ဖြစ်၏။

သို့သော် လူတိုင်းသည် တစ်ချိန်မဟုတ် တစ်ချိန်တော့ အိုကြရမည်မှာ မုချမလွဲ ဧကန်ဖြစ်၏။ လူသားတို့သည် မအိုဆေး၊ မသေဆေးကို ရှာဖွေကြသည်။ သို့သော်လည်း ယနေ့ထက်တိုင် မတွေ့ရှိကြသေးပေ။

အမှန်တော့လည်း အိုခြင်းဆိုသည် ရှင်ခြင်းနှင့်အတူ တွဲပါလာသော အရာဖြစ်၏။ ရှင်ခြင်းဟူသည် အသက်ရှင်ခြင်းကို ဆိုလိုရင်းဖြစ်သည်။ အသက်ဟူသည်ကား ဇီဝိတကို ခေါ်၏။ ဇီဝိတဟူသော

ဓာတ်သည် စောင့်ရှောက်တတ်သော ဓာတ်ဖြစ်၏။ ရေသည် ကြာကို စောင့်ရှောက်သကဲ့သို့ သတ္တဝါတို့၏ ခန္ဓာကိုယ်ကို အသက်ဟူသော ဇီဝိတက စောင့်ရှောက်နေ၏။

ဇီဝိတ (အသက်) သည် ရှင်မှုသဘောအဖြစ် လူ၏ခန္ဓာကိုယ်ကြီးကို စောင့်ရှောက်နေသည်ဟု ဆိုသော်လည်း ယင်းဇီဝိတသည်ပင်လျှင် (ဖြစ်ခြင်း) (တည်ခြင်း) (ပျက်ခြင်း) တို့ဖြင့် အမြဲချုပ်ဆုံး ကွယ်ပျောက်နေ၏။

ထို့ကြောင့် ဇီဝိတဟူသော အသက်သည် သူနှင့်အတူ အိမ်သူသက်ထားအဖြစ် (ဖြစ်ခြင်း) (တည်ခြင်း) နှင့် (ပျက်ခြင်း) တို့ကို အမြဲဆောင်ထား၏။

ထို့ကြောင့် လူတို့သည် အသက်ရှိ၍ ဖြစ်တည်လာသည်၊ ဖြစ်တည်နေရာမှ ရင့်ရော်အိုမင်းလာသည်။ ရင့်ရော်အိုမင်းရာမှ ကြွေကျချုပ်ငြိမ်းပျက်စီးရသည်။

ထို့ကြောင့် သတ္တဝါများ အသက်ရှင်နေခြင်းတွင် အိုခြင်းနှင့် သေခြင်းတို့ တစ်ပါတည်း ပါဝင်နေသည်။ အမှန်စင်စစ်အားဖြင့်–

* **သေခြင်းဟူသော မရဏဓာတ်နှင့် ပေါင်းစပ်တည်ဆောက်ထားသော အသက်ရှင်ခြင်း၊**
* **နာခြင်းဟူသော ဗျာဓိဓာတ်နှင့် ပေါင်းစပ်တည်ဆောက်ထားသော ကျန်းမာခြင်း၊**
* **အိုခြင်းဟူသော ဇရာဓာတ်နှင့် ပေါင်းစပ်တည်ဆောက်ထားသော နုပျိုခြင်းများသာ ဖြစ်ကြ၏။ အသက်ရှင်ခြင်း**

သီးသီးသန့်သန့်၊ ကျန်းမာခြင်း သီးသီးသန့်သန့်၊ နုပျိုခြင်း သီးသီးသန့်သန့်ဟူ၍ မရှိနိုင်သည်သာ ဖြစ်၏။

## တစ်နည်းဆိုသော်

* အိုမင်းရင့်ရော်ရမည့် အရာများသည်သာ နုပျိုနေကြခြင်း ဖြစ်သည်။
* နာကျင်ခံခက် နှိပ်စက်မှုများသည်သာ ကျန်းမာနေကြခြင်း ဖြစ်သည်။
* ချုပ်ဆုံး ပျောက်ပျက်သေဆုံးမည့် အရာတို့သာ အသက်ရှင်နေကြခြင်း ဖြစ်သည်။

နုပျိုနေခြင်းသည် အစဉ် တည်နေသည်မဟုတ်၊ နုပျိုခြင်းသည် အိုမင်းရင့်ရော်ခြင်းဆီသို့ တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲဟု ဆိုကာ သွားနေ၏။ သစ်ခွပန်းအိုး ဝယ်နေသော မိန်းမပျို၏ အလှသည် ထာဝရတည်နေသည် မဟုတ်။ အိုမင်းရင့်ရော်ခြင်းဆီသို့ နာရီသွား သလို သွားနေပေရာ ထိုမိန်းမပျိုသည်လည်း ဤအဘွားအိုလိုပင် အိုရပေမည်။

ကျန်းမာခြင်း ဟူသည်မှာလည်း အစဉ်ထာဝရ ကျန်းမာ နေသည်မဟုတ်။ နရပတိစည်သူလို နှာမစေး ချောင်းမဆိုးသူပင် နာရ သေရသေးသည်။ ဗိုလ်ချုပ်ဈေးအလွန်တွင် တွေ့ခဲ့ရသော နှုတ်ခမ်းမွေးနှင့် လူသည်လည်း မည်မျှကျန်းမာသည်ဟု ဆိုစေကာမူ တစ်နေ့နေ့တွင်တော့ နာရဦးမည်။ မနာသူ၊ မကျင်သူဟူ၍ မရှိ။ လူတိုင်းသည် နာကျင်ခံခက် နှိပ်စက်ခံကြရသည်သာ ဖြစ်၏။

ရှင်သန်ခြင်း၊ အသက်ရှည်နေခြင်း ဟူသည်မှာလည်း သေမည့်နေ့၊ သေမည့်အချိန်သို့ ရွေ့လျားနေခြင်းဖြစ်ရာ ကျွန်တော်သည်လည်း ပုသိမ်လုထွန်းလို တစ်နေ့တော့ သေရမည်။ အားလုံးသော အသက်ရှင် နေသူများအတွက် သေရမည့်နေ့သည်လည်း အမေမွေးခဲ့သောနေ့နှင့်စာလျှင် ပို၍ နီးကပ်လာနေပြီ ဖြစ်၏။

**ရှင်နေသောသူသည် သေမည့်သူသာဖြစ်သည်။**
**နပျိုသောသူသည် အိုမည့်သူသာဖြစ်သည်။**
**ကျန်းမာနေသောသူသည် နာမည့်သူသာဖြစ်သည်။**

ဤသဘောနှင့် ပတ်သက်၍ ကျွန်တော်သည် ငယ်စဉ်က ဝတ္ထုတစ်ပုဒ်ကို ဖတ်ဖူးပါ၏။ မည်သူမည်ဝါရေးသည်ဆိုသည်ကိုကား မမှတ်မိတော့ပါ။

တစ်ခါက ပန်းချီဆရာတစ်ဦးသည် သူ့ဘဝတွင် နပျိုခြင်းနှင့် နှစ်လိုဖွယ်ရှိခြင်း၊ လှပခြင်း၊ အပြစ်ကင်းစင်ခြင်း၊ ချမ်းမြေ့အေးငြိမ်းခြင်းဟူသော အဓိပ္ပာယ်များ လွှမ်းခြုံထားသည့် ပန်းချီကားတစ်ချပ်နှင့် ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ အရုပ်ဆိုးခြင်း၊ အကျည်းတန်ခြင်း၊ နှစ်လိုဖွယ်ကင်းခြင်းဟူသော အဓိပ္ပာယ်ပါဝင်သည့် ပန်းချီကား တစ်ချပ်ကို ရေးဆွဲရန် ပိုင်းဖြတ်ထား၏။

ယင်းပန်းချီကားနှစ်ချပ်ကို ရေးဆွဲရန်အတွက် အကြောင်းအရာများကို ရှာဖွေရာ၌ တစ်နေ့တွင် နှစ်လိုဖွယ်အဆင်းနှင့် နပျိုနုနယ်ပြီး အလွန်ပင် သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်သော သာမဏေတစ်ပါးကို တွေ့ရှိခဲ့သည်။ ထိုအခါ ပန်းချီဆရာကြီးသည် ယင်းသာမဏေငယ်

၏ပုံတူကို ရေးဆွဲထားလိုက်ပါ၏။ ထိုသာမဏေငယ်၏ ပန်းချီကို ရေးဆွဲရသောကြောင့်လည်း ပန်းချီဆရာ၏စိတ်တွင် များစွာ ကြည်နူးမှု ဖြစ်ရပြီး လူ့ဘဝအတွက် နောက်ထပ်ရေးဆွဲရမည့် ပန်းချီကားတစ်ချပ် အတွက် အကြောင်းအရာကို ထပ်မံရှာ၏။ သူ၏အသက်သည် ဇရာသို့ ချဉ်းလာသည့်တိုင် နောက်ပန်းချီကားတစ်ချပ်ကို သူမရေးဆွဲဖြစ်ခဲ့ပါ။ ပန်းချီဆရာကြီးသည် ခရီးရှည်ထွက်၍ မိမိရေးဆွဲရမည့် နောက် ပန်းချီကားအတွက် ပုံတူရေးမည့်သူကို ရှာဖွေသော်လည်း မတွေ့သဖြင့် များစွာ စိတ်မကောင်းခြင်း ဖြစ်ခဲ့ရ၏။ မိမိမသေမီ မိမိကြိုးပမ်း လိုသောကိစ္စသည် မဖြစ်နိုင်တော့ဟု လက်မှိုင်ချရမည့် အချိန်တွင် တစ်နေ့၌ မင်းပြစ်မင်းဒဏ်ဖြင့် သုတ်သင်ရန် လူသတ်ကုန်းသို့ ခေါ်လာ သော ရာဇဝတ်သာတစ်ဦးကို တွေ့မြင်ခဲ့ရ၏။

ထိုရာဇဝတ်သား၏ ကြန်အင်လက္ခဏာများသည် ကြမ်း ကြုတ်ခြင်း၊ ရက်စက်ခြင်း၊ ရိုက်နှိပ်ထိုးပုတ်မှုကို ခံထားရ၍ ဖူးရောင် နေခြင်း၊ လူသားတစ်ဦးနှင့်မတူ တိရစ္ဆာန်တစ်ကောင်ကဲ့သို့ ရိုင်းစိုင်း ခက်ထန်ခြင်းတို့ဖြင့်သာ ပြည့်နေ၍ ပန်းချီးဆရာကြီးသည် ခေါ်ဆောင် လာသူတို့ကို တောင်းပန်၍ ထိုရာဇဝတ်သား၏ ပုံတူကို ရေးဆွဲလေ၏။

ရေးဆွဲပြီးသောအခါ ပန်းချီဆရာကြီးသည် မိမိအလိုဆန္ဒ ပြည့်ဝပြီဖြစ်၍ 'အနှစ်နှစ်အလလက မိမိ စောင့်စားခဲ့သော ပုံတူ ရရှိ လေပြီ' ဟု ကြွေးကြော်လေ၏။

ထိုအခါ ရာဇဝတ်သားက 'ပန်းချီဆရာ၊ ငါ့ပုံကိုဆွဲပြီး သင် ဘာရည်ရွယ်၍ ထိုသို့ဆိုလိုက်သနည်း'ဟု မေးရာ ပန်းချီဆရာက မိမိရေးဆွဲသော ပုံနှစ်ပုံရှိကြောင်း၊ တစ်ပုံကို ရပြီဖြစ်သော်လည်း

ကျန်တစ်ပုံကို ယခုမှရရှိကြောင်း အစုံအလင် ပြောပြသောအခါ ရာဇဝတ်သား လူဆိုးကြီးသည် ကျယ်လောင်စွာ ရယ်သောဟူ၏။

ထိုအခါ ပန်းချီဆရာကြီးက 'သင်ရာဇဝတ်သား၊ သင်သည် သေရတော့မည်ကို ကြောက်ရွံ့၍ ရူးသွပ်သွားကာ ယခုလို ရယ်ရ သလော'ဟု မေးမြန်းလေသည်။

ထိုအခါ ရာဇဝတ်သား လူဆိုးကြီးက 'ပန်းချီဆရာ၊ ကျွန်ုပ် သည် ရူးသွပ်၍ ရယ်ခြင်းမဟုတ်၊ သင်၏ ရူးသွပ်မှုကို သဘောကျ၍ သာ ရယ်ခြင်းဖြစ်သည်'ဟု ဆိုလေသည်။

'အကျွန်ုပ် ဘာကြောင့် ရူးသွပ်သူဟု စွပ်စွဲနိုင်သနည်း'

'ပန်းချီဆရာ၊ လွန်ခဲ့သော နှစ် ၄၀ ကျော်က သင်ရေးဆွဲခဲ့သော သာမဏေမှာ ကျွန်ုပ်ပင်ဖြစ်သည်၊ သင်ရေးဆွဲစဉ်က သင့်အနီးတွင် သင့်ဇနီးသည်ပင် ရှိနေသေးသည်။ သင်သည် ကျွန်ုပ်အား သင့်အိမ်ဦး ခန်းတွင် ပင့်ခေါ်၍ သင့်ပန်းချီပစ္စည်းများ ထည့်ထားသော သေတ္တာပေါ် တွင်ပင် ကောဇောကိုခင်း၍ ကျွန်ုပ်အား ထိုင်စေပြီး ရေးဆွဲခဲ့ခြင်းဖြစ်၏။ ရေးဆွဲပြီးသောအခါ သင်သည် အခုလိုပင် ကြွေးကြော်၏။ သင်နှင့် ဇနီးသည် ကျွန်ုပ်အား ဝတ်ပြုသေးသည် မဟုတ်လော'ဟု ဆိုလိုက် သောအခါ ပန်းချီဆရာကြီးသည် မိမိ ရေးဆွဲထားသော နှစ်ပုံစလုံးကို ဖျက်ဆီးပစ်လိုက်သောဟူ၏။

ဤဖြစ်ရပ်တွင် နုပျိုသော သာမဏေငယ်သည်ပင်လျှင် ကြမ်းတမ်းခက်ထန်၍ ရင့်ရော်နေသော ရာဇဝတ်သား ဖြစ်နေ၏။ နုပျိုခြင်းနှင့် ရင့်ရော်ခြင်းသည် အချိန်ဟူသော ကာလအပိုင်းအခြား တစ်ခုသာ ကွာခြားခဲ့သည်။

ကျန်းမာရွှင်လန်းသော ဤသာမဏေငယ်သည်ပင်လျှင် ထိုး ပုတ်ရိုက်နှက်ခြင်းတို့ကြောင့် နာကျင်ခြင်း၏ ဝေဒနာကို ခံစားနေရ၏။

ဤရာဇဝတ်သားသည် မကြာမီ သေရတော့မည်။ အဘယ့်ကြောင့် သူသေရမည်နည်း။ သူသည် အသက်ရှင်သန်ခဲ့ခြင်းကြောင့် သူသေရမည် ဧကန်ဖြစ်၏။

သူအသက်ရှင်သန်မှုမရှိခဲ့လျှင် သူသေရမည်မဟုတ်။ အသက်ရှင်သန်မှု ရှိခဲ့သောကြောင့်သာ သူသေရခြင်းဖြစ်၏။ အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်းဆိုသော် ဤအသက်ရှင်သန်မှု ဟူသည် ပင်လျှင် သေခြင်းဟူသော မရဏဓာတ်နှင့် ပေါင်းစပ်တည်ဆောက်ထား ထားခြင်းကြောင့် ဖြစ်၏။

အသက်ရှိသော သတ္တဝါမှန်သမျှ သေကြရသည်မှာလည်း ဤနည်းတူ ယင်းတို့၏ အသက်ဓာတ်တွင် ဤသေခြင်းဟူသော မရဏဓာတ်အပြီး ကပ်လျက်ပါရှိနေသောကြောင့် ယင်းတို့ သေကြရခြင်း ဖြစ်၏။

မှန်၏။ ဤရာဇဝတ်သားသည် မင်းဒဏ်ကြောင့် သေရသည်ဟုဆို၍ ရ၏။ သို့သော် တကယ်တမ်းအားဖြင့် ဤရာဇဝတ်သားသည် မင်းဒဏ်ကြောင့် သေရသည်မဟုတ်။ မိမိ၏ အသက်ဓာတ်တွင် သေခြင်းဟူသော မရဏဓာတ် အပြီးကပ်လျက် ပါရှိနေသောကြောင့်သာ သေရခြင်းဖြစ်၏။

ဤနည်းတူ လောက၌ အကြောင်းမျိုးစုံတို့ကြောင့် သေကြရသည်။ ထိုဒဏ်တို့ကို ကြောက်လန့်နေရသည်ဟု ပြောနေကြရ

သော်လည်း အမှန်စင်စစ် ထိုရန်သူဘေး၊ လက်နက်ဘေးတို့ကြောင့် သေကြရသည်မဟုတ်။ ထိုဘေးတို့သည် ကြောက်လန့်စရာ မဟုတ်။ မိမိတို့တွင် သေတတ်သော မရဏဓာတ် ရှိနေသောကြောင့်သာ ထိုဘေးတို့ကို ကြောက်လန့်နေရခြင်း ဖြစ်၏။ ထိုသေတတ်သော မရဏဓာတ်ကြောင့်သာ သေ၍မဆုံး တစ်သံသရာလုံး 'ဝေဘူတောင်မျှ၊ ပမာပြ၊ အရိုးမက'သေနေကြရခြင်း ဖြစ်၏။

*

သက်ရှိဟူသည် အသက်ရှင်လျက် သေရာအရပ်သို့ ရွေးရှု သွားနေကြသူများ ဖြစ်၏။

**ထရိုင်ရင်–အက်ဒဝပ် (၁၈၀၉–၁၈၉၄)**
**အမေရိကန်လူမျိုး အယ်ဒီတာနှင့်**
**သဘာဝတ္တပညာရှင်ကြီး**

# ပျိုမြစ် တင့်တယ်ခြင်း၏ အသုံးကား
# အိုမင်း ရင့်ရော်ခြင်း

ဉာဏ်ခရီးနီးသလား။

အမှန်စင်စစ် မြတ်စွာဘုရား၏ ကျောင်းတော်နှင့် ဘိက္ခုနီ ကျောင်းတော်သည် မဝေးလှပါ။ လာလျှင်အနီးလေး၊ မလာလျှင် ခရီးဝေးဟု ဆိုသည့်အတိုင်း ရူပနန္ဒာထေရီမသည် မလာရောက်၍သာ ဘုရားကျောင်းတော်နှင့် ဝေးလံနေခြင်း ဖြစ်သည်။

* * *

ကျွန်တော်သည် ဗိုလ်ချုပ်ဈေးအတွင်း ကျွန်တော့်ရှေ့တွင် ရှိနေသော အဘွားအို၏ အိုခြင်းနှင့် နာခြင်းတရားများကို ပြိုင်တူ

ခံစားနေရပုံကို ကြည့်ရှုရင်း ရွာတွင်နေစဉ်က ဦးပဥ္စင်း ဦးနန္ဒိယ ဟောကြားသော တရားထဲမှ ဇနပဒကလျာဏီမင်းသမီး တွေ့ရသော အဘွားအိုမျိုး၏ ရုပ်သဏ္ဌာန်သည် ဤအဘွားအိုမျိုးပင် ဖြစ်မည်ဟု လည်း စဉ်းစားနေမိ၏။

ဇနပဒကလျာဏီဟု မယ်ဘွဲ့ရသည့် ရူပနန္ဒာမင်းသမီးသည် မြတ်စွာဘုရားနှင့် မောင်နှမဝမ်းကွဲ တော်စပ်၏။ ညီတော်နန္ဒမင်းသား ၏ ဇနီးဖြစ်သည်။ ဇနီးဟုဆိုသော်လည်း လက်ထပ်သည့်နေ့ လက်ထပ်ပြီးစတွင် ဘုရားက ညီဖြစ်သူ နန္ဒမင်းသားကို သပိတ် ထမ်းစေကာ ကျောင်းတော်သို့ ခေါ်သွားခဲ့သည်။

ရူပနန္ဒာသည် တစ်နေ့တွင် ဤသို့ စဉ်းစား၏ 'ငါ၏ အစ်ကိုကြီးသည် မင်းစည်းစိမ်ကို စွန့်ခွာ၍ ရဟန်းပြုပြီးလျှင် လောက တွင် အမြတ်ဆုံးပုဂ္ဂိုလ်အဖြစ် ဘုရားစင်စစ် ဖြစ်ခဲ့ပြီ။ ထိုအစ်ကိုကြီး၏ သား ရာဟုလာမင်းသားသည်လည်း ရဟန်းပြုခဲ့ပြီ။ ငါ၏ ခင်ပွန်း နန္ဒမင်းသားသည်လည်း ရဟန်းပြုခဲ့ပြီ။ ငါ၏မိခင်သည်လည်း ရဟန်းမ ဘိက္ခုနီ ဝတ်ခဲ့ပြီ။ ဤသို့သော ဆွေတော်မျိုးတော်တို့ ရဟန်းပြုရာ ငါတစ်ယောက်သာ အိမ်မှာနေသဖြင့် ဘာလုပ်တော့ မည်နည်း။ ငါသည်လည်း ရဟန်းမ ဘိက္ခုနီ ပြုလုပ်တော့အံ့' ဟု စဉ်းစားလေ၏။

ဤသို့ စဉ်းစား စိတ်ကူးပြီးနောက် ရူပနန္ဒာမင်းသမီးသည် ဘိက္ခုနီကျောင်းသို့ သွားရောက်ကာ ရဟန်းမ ဘိက္ခုနီဝတ်ခဲ့သည်။ ရူပနန္ဒာမင်းသမီး ဤသို့ ဘိက္ခုနီပြုခြင်းသည် ဆွေတော်မျိုးတော်တို့ကို ချစ်ခင်တွယ်တာသည့်အတွက် ဘိက္ခုနီပြုခဲ့ခြင်း ဖြစ်၏ သဒ္ဓါတရား

ရှိ၍၊ ယုံကြည်မှုရှိ၍ ဘိက္ခုနီမ ပြုလုပ်ခြင်းမဟုတ်။ ရူပနန္ဒာမင်းသမီး ဘိက္ခုနီမ ဖြစ်လာသောအခါ အလွန်လှပချောမောသောကြောင့် ရူပနန္ဒာထေရီဟူသော ထင်ရှားလေ၏။

ရူပနန္ဒာဘိက္ခုနီမသည် ဘိက္ခုနီအဖြစ်သို့ ရောက်ရှိနေသော်လည်း ဤသို့သော အတွေးများသည် ဖြစ်ပွားလျက်ရှိ၏။

မြတ်စွာဘုရားက ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်၏ ဟူ၍ ဟောတော်မူ၏။

ထိုသို့ ဟောတော်မူခြင်းသည် ဤသို့ဤနယ် ရှုချင်ဖွယ်ရှိသော၊ ဤသို့ပုံသွင် ကြည်လင်ဖွယ်ရှိသော ငါ၏ ရုပ်အဆင်းအပေါ်၌ အပြစ်ဆိုလို၍ ပြောခြင်းဖြစ်သည်ဟု မှတ်ယူထားသည်။ ထိုသို့ မှတ်ယူထားသောကြောင့်လည်း ရူပနန္ဒာဘိက္ခုနီမသည် ဘိက္ခုနီမ ဖြစ်နေသော်လည်း ဘုရားရှေ့မှောက်သို့ မသွားဘဲနေ၏။

သာဝတ္ထိ မြို့သူမြို့သားတို့သည်ကား နံနက်စောစောကပင် ထ၍ ဒါနကောင်းမှုပြု ဥပုသ်သီလဆောက်တည်ပြီး သန့်ရှင်းသော အပေါ်ရုံတို့ကို ဝတ်ဆင်ကာ ပန်းနံ့သာများကို ကိုင်ဆောင်လျက် ဇေတဝန်ကျောင်းတော်သို့ သွားကြ၏။ မြတ်စွာဘုရား ဟောကြားသော တရားတော်များကို မှတ်သားနာယူကြ၏။

အလားတူပင် ဘိက္ခုနီ၊ သံဃာ၊ ရဟန်းမများသည်လည်း မြတ်စွာဘုရား၏ တရားတော်နာယူရန် ဆန္ဒဖြစ်ပေါ်ကြသည့်အတိုင်း ဘုရားကျောင်းတော်သို့ သွားရောက်ကာ တရားနာယူကြ၏။ ရဟန်း

ရှင် လူအများတို့သည် ဘုရား၏တရားတော်ကို နာယူပြီး၍ ကျောင်းတော်မှ ပြန်လာကြသောအခါ ဘုရား၏ ဂုဏ်ကျေးဇူးစကားများကို ပြောဆိုကြကုန်၏။

ရူပနန္ဒာဘိက္ခုနီမသည် ဘုရားကျောင်းမှ ပြန်လာကြသော ဘိက္ခုနီများ၊ လူဥပသကာ ဒါယိကာမများက ပြောကြားသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးစကားများကို ကြားရသောအခါ တစ်ခုသော အကြံသည် ဖြစ်ပေါ်လာခဲ့၏။

'ငါ့အစ်ကိုကြီး၏ ဂုဏ်ကျေးဇူးစကားကို သူတို့သည် ချီးကျူးထောမနာပြုကြ၏။ အကယ်၍ ငါ၏ ရုပ်အဆင်းအပေါ် အပြစ်အနာအဆာစကား တစ်နေ့တလေ ပြောကြားသော်လည်း ပြောပါစေတော့၊ ငါသည် ရဟန်းမများနှင့်အတူ ဘုရားကျောင်းတော်သို့ လိုက်သွားပြီး မိမိကိုယ်ကို ဘုရားရှင်မမြင်ရအောင် ကွယ်ထား၍ မြတ်စွာဘုရားအား ဖူးမြော်ရန် တရားနာလိုက်သွားလျှင် ကောင်းအံ့' ဟု အတွေးပေါက်ကာ ရူပနန္ဒာဘိက္ခုနီမသည် 'တပည့်တော်မ ဒီနေ့ တရားနာ လိုက်ပါမည်' ဟု အခြားသော ဘိက္ခုနီမများကို ပြောကြားလိုက်၏။

ဘိက္ခုနီမတို့သည်လည်း ရူပနန္ဒာသည် မြတ်စွာဘုရားထံ အခစားဝင်လိုစိတ် ဖြစ်ပေါ်လာမှုသည် ကြာမြင့်စွာမှ ဖြစ်ခဲ့ရသည်။ ဒီနေ့တော့ ရူပနန္ဒာကို အကြောင်းပြု၍ ဆန်းကြယ်ထူးမြတ်သော တရားအဖုံဖုံကို နာကြားရတော့အံ့'ဟု ရွှင်လမ်းဝမ်းမြောက်စွာဖြင့် ရူပနန္ဒာဘိက္ခုနီမအား ခေါ်ဆောင်ကာ တရားနာ ထွက်ခဲ့ကြ၏။

ရူပနန္ဒာသည်လည်း ဘိက္ခုနီကျောင်းက ထွက်သည်မှစ၍ ငါ့ကို ငါ့အစ်ကိုကြီးမြတ်စွာဘုရား မမြင်စေရဘူးဟု စိတ်ကူးကာ ထွက်လာခဲ့သည်။

ဘုရားရှင်သည် 'ယနေ့ ရူပနန္ဒာသည် ငါ့အား အခစား လာလိမ့်မည်၊ သူ့အား အဘယ်သို့သော တရားဟောကြားရန် လျောက်ပတ်လေမည်လဲ'ဟု စဉ်းစားပြီးနောက် 'ရူပနန္ဒာသည် ရုပ်အဆင်းပေါ် အလေးအမြတ်ပြုလွန်း၏။ မိမိခန္ဓာကိုယ်ပေါ်တွင် တွယ်တာမှု၊ သာယာမှု အားကြီး၏။ သို့အတွက် ဆူးတစ်ခုကို ထုတ်ယူရန် ဆူးတစ်ခုကိုပင် အသုံးပြု၍ ထုတ်ယူရဘိသကဲ့သို့ ရုပ်အဆင်းအပေါ် အလေးအမြတ်ပြု မာန်ယစ်ခြင်းကို ရုပ်အဆင်း ဖြင့်ပင် နှိပ်ကွပ်ဆုံးမခြင်းသည်သာ သင့်လျော်၏'ဟု စဉ်းစားတော်မူ၏။

မြတ်စွာဘုရားသည် ရူပနန္ဒာ ကျောင်းတော်သို့ ဝင်ရောက်လာသောအခါ အလွန်ချောမောလှပ၍ သစ်လွင်ဆန်းကြယ်သော အဝတ် အဆင်တန်ဆာတို့ကို ဆင်မြန်းထားသော ၁၆ နှစ်အရွယ် မိန်းမပျိုယ်တစ်ယောက်က မိမိ၏အနီးတွင် ကျုံ့ကျုံ့ထိုင်လျက် ယပ်ခပ်နေဟန် ဖန်ဆင်းထား၏။ ထိုမိန်းမပျိုကို ဘုရားနှင့် ရူပနန္ဒာ တို့မှတစ်ပါး အခြားသူတို့ မမြင်ကြရပေ။

ရူပနန္ဒာ ဘိက္ခုနီမသည် ကျောင်းတော်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး အခြားသော ရဟန်းမတို့၏ နောက်ကွယ်မှနေလျက် မြတ်စွာဘုရားအား ရှိခိုးလေ၏။ ရူပနန္ဒာသည် ဘုရား၏ ၃၂ ပါးသော လက္ခဏာတော်နှင့်တကွ လပြည့်ဝန်းပမာ ကြည်ရွှန်းသော မျက်နှာ

တော်ကို ဖူးမျှော်ရလေ၏။ ထိုအချိန်တွင် ဘုရား၏ အနီးဝယ် ယပ်ခပ်နေသော မိန်းမပျို၏ ရုပ်ရည်ကိုလည်း ရူပနန္ဒာသည် ထူးခြားစွာ သတိပြုမိလေ၏။

ရူပနန္ဒာသည် ဘုရား၏ထံပါးဝယ် ယပ်ခပ်နေသော အမျိုးသမီးငယ်၏ ပျိုမြစ်တင့်တယ်ခြင်းကို မြင်ရပြီးနောက် မိမိကိုယ်ကို မိမိပြန်၍ ကြည့်မိသောအခါ ရွှေဟင်္သာမင်း၏ ရှေ့သို့ရောက်နေသော ကျီးကန်းမကဲ့သို့ ရှိနေသည်ဟု ထင်လိုက်ရ၏။ ရူပနန္ဒာသည် ယင်းမိန်းမပျို၏ ဆံပင်ကလေးတွေက တယ်လှပါလား၊ သူ့နဖူးကလည်း ပြန့်ပြန့်ကားလျက် တင့်တယ်လှ၏။ မိန်းမပျို၏ ချောမော လှပ တင့်တယ်ခြင်းတို့သည် ရူပနန္ဒာ၏ စိတ်အာရုံကို ဆွဲငင်ထားတော့၏။ ရူပနန္ဒာသည် ထိုမိန်းမပျိုရုပ်အဆင်း၌ ချစ်ခြင်းမေတ္တာတို့သည် ကြီးမားလာခဲ့သည်။

ဘုရားသည် ရူပနန္ဒာ၏ မိန်းမအပေါ် မွေ့လျော်နှစ်ခြိုက်နေခြင်းကို သတိပြုမိသောအခါ ရုပ်ပုံကို ၁၆ နှစ်အရွယ်ကိုကျော်လွန်၍ အသက် ၂၀ အရွယ်သို့ ဖန်ဆင်းယူလိုက်၏။ ထိုအခါ ရူပနန္ဒာသည် ကြည့်ရင်းနှင့်ပင် မိန်းမပျိုသည် ရေးကနှင့် မတူတော့ပါလားဟု မှတ်ယူမိလာ၏။

ထိုသို့ မှတ်ယူဝင်စားနေချိန်တွင် မိန်းမပျို၏ရုပ်ကို သားတစ်ယောက် ဖွားမြောက်ပြီးသည့်အရွယ်၊ အလယ်အလတ်မိန်းမကြီးအရွယ်၊ ဇရာအတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီး အိုမင်းရင့်ရော်သည့် မိန်းမကြီးအရွယ် စသည်အားဖြင့် အဆင့်ဆင့် ပြတော်မူ၏။

ရူပနန္ဒာသည်လည်း အစဉ်အားဖြင့် ဤအရွယ်ရုပ်မျိုး ကွယ်ခဲ့ပြီ၊ ဤအရွယ်ပုံမျိုး ကွယ်ခဲ့ပြီဟု မှတ်ယူရင်း အိုမင်းရင့်ရော် လာသည့် မိန်းမရုပ်အပေါ် တပ်မက်မှုကင်းကွာလျက် ကျိုးနေပြီဖြစ်သော သွား၊ ဆံဖြူတို့ ဖွေးနေသော ဦးခေါင်း၊ အိမ်အခြင်ကဲ့သို့ ကိုင်းနေသော ခါး၊ တောင်ဝှေ့ကို အဖော်လုပ်လျက် တုန်လှုပ်နေသော အဘွားအိုအရွယ်ကို မြင်ရသောအခါ ပို၍ ပို၍ပင် တပ်မက်ခြင်း ကင်းလာခဲ့၏။

ထိုအခါ ဘုရားရှင်သည် ထိုရုပ်ပုံကို နာခြင်းဒုက္ခဖြင့် အပြင်းအထန် နှိပ်စက်ခံနေရပုံကို ပြတော်မူ၏။ အဘွားအိုသည် ထိုတစ်ခဏချင်းမှာပင် တောင်ဝှေ့ကိုလည်းကောင်း၊ ယပ်တောင်ကို သော်လည်းကောင်း၊ လွတ်ချ၍ ကျယ်လောင်စွာ အော်မည်လျက် မြေမှာ လဲကျပြီးလျှင် မိမိ၏ ကျင်ကြီးကျင်ငယ်များထဲ၌ နစ်မြုပ်ကာ ဟိုသည် လူးလိမ့်လျက် ရှိနေ၏။ ရူပနန္ဒာသည် ထိုသို့ ဖြစ်ပုံအလုံးစုံကို မျက်ဝါး ထင်ထင် မြင်ရသောအခါ အလွန်အမင်း တပ်မက်ခြင်းကင်းရုံသာမက ကြောက်ရွံ့ချောက်ချား၍ လာခဲ့၏။

ထို့နောက်တွင်ကား ဘုရားသည် ညီမတော်အား ထိုအဘွား အိုသည် နာရာမှ သေနေပုံကို ပြတော်မူ၏။ တစ်ခဏချင်းမှာပင် အသေကောင်သည် ဖူးဖူးရောင်လျက် ဖြစ်လာ၏။ ကိုးပေါက်သော ဒွာရ အနာဝတို့မှ ပြည်ပုပ် သွေးကြောတို့သည် လည်းကောင်း၊ ပိုးလောက်တို့သည်လည်းကောင်း အန်ထွက် ယိုကျလာကုန်၏။ တစ်ခဏတွင်းပင် ကျီး၊ လင်းတတို့သည်လည်း စုပြုံကျရောက်ကြ ကုန်လျက် အသေကောင် အပုပ်ကောင်ကြီးကို လုယက် စားသောက် ကြကုန်၏။

ရူပနန္ဒာသည် ဤအချင်းအရာများကိုကြည့်လျက် ဤမိန်းမပျိုသည် ဤနေရာ၌ပင် လှပတင့်တယ်ခြင်းရှိ၍ ဤနေရာတွင်ပင် အိုရ၊ ဤနေရာတွင်ပင် နာရ၊ ဤနေရာတွင်ပင် သေခဲ့ရသည်။ ဤ ငါ၏ခန္ဓာ အတ္တဘောသည်လည်း ဤသို့ပင် အိုရ၊ နာရ၊ သေရမည့်အဖြစ်သို့ ရောက်မှာပါတကားဟု မိမိ၏ ခန္ဓာကိုယ် အတ္တဘောအပေါ် မမြဲသောအားဖြင့် ရှုကြည့်ခဲ့၏။ ရူပနန္ဒာသည် မမြဲသော အနိစ္စသဘောကို ရှုမြင်လာသည့်အခါ ဒုက္ခသဘော၊ အနတ္တသဘောတို့ကိုလည်း ရှုမြင်လာနိုင်၏။

ထိုအခါ ရူပနန္ဒာသည် ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဟူသော ဘဝသုံးပါး ဘုံဌာနများသည် အလျှံပြောင်ပြောင် တောက်လောင်နေသော အိမ်ကြီးကဲ့သို့လည်းကောင်း၊ လည်ပင်းမှာ ဆွဲထားသော သူကောင်ပုပ်ကဲ့သို့လည်းကောင်း ထင်မြင်လာခဲ့၏။ သူ၏ အာရုံတို့သည် ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု ပြေးလွှားနေ၏။

မြတ်စွာဘုရားသည် ရူပနန္ဒာ၏ အနိစ္စသဘောအားဖြင့် ပြတ်ပြတ်ထင်ထင် သိမြင် သက်ဝင်နေသည့်အဖြစ်ကို သိတော်မူသောအခါ–

'အာတုရံ အသုစိံ ပုတိံ ပဿ နန္ဒေ သမုဿယံ၊

ဥဂ္ဃရန္တံ ပဃ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ ဟူသောဂါထာတော်ကို ဟောတော်မူ၏။ ယင်း၏ အနက်မှာ–

**'ရုပ်အဆင်း၌ တပ်မက်ခြင်း ပြင်းပြလှသော အို ရူပနန္ဒာ၊ ကိုးဆယ့်ခြောက်ဖြာသော ဘေးရောဂါ ဝေဒနာတို့ နာကျင်ခံခက် နှိပ်စက်တတ်သော**

* ဘာတစ်ခုမှ တင့်တယ်စင်ကြယ်မှုမရှိဘဲ မကတိသဘောမျိုး မစင်အိုးသဖွယ် ဖြစ်နေသော
* မွေးမျိုးနံ့သာ လိမ်းကျံကာဖြင့် မာယာရုပ်ဆောင် အပုပ် ကောင်ကြီးသာလျှင်ဖြစ်သော
* ခန္ဓာကိုယ်တစ်လျှောက် ဒွာရပေါက်တို့မှ အောက်သို့ ယိုကျ၍နေသော ဤကိုယ်ရုပ်မျိုး အပုပ်အိုကြီးကို သတိပြု၍ ကြည့်ရှု ဆင်ခြင်ပါလေ။

ပညာကင်းကွာ တဏှာဖိစီး သူမိုက်ကြီးတို့သာလျှင် ဤ မာယာရုပ်ဆောင်သည့် အပုပ်ကောင်ကြီး လှသည်၊ ယဉ်သည်၊ ခင်မင်ဖွယ် ကြင်နာစုံမက်ဖွယ် ဖြစ်သည်ဟု မပစ်ရက်နိုင်လောက်အောင် စွဲလမ်းနေကြခြင်း ဖြစ်ကုန်၏’ ဟူ၍ ဖြစ်၏။

ညီမတော် ရူပနန္ဒာသည် ဤတရားတော်ကို အာရုံထား၍ ဉာဏ်စေစားသောအခါ သောတာပတ္တိဖိုလ်သို့ ဆိုက်လေ၏။ ထိုအခါ ဘုရားရှင်သည် ရူပနန္ဒာ၏ အထက် မဂ်ဖိုလ်သုံးစုံတို့ကို ဝိပဿနာ ကျင့်သုံးရန်အတွက် သုညတ ကမ္မဋ္ဌာန်းကို ဆက်ဟောလိုရကား–

**‘ရူပနန္ဒာ ဤခန္ဓာကိုယ်ကြီး၌ အနှစ်သာရရှိ၏ ဟူ၍ မမှတ်လေနှင့်၊ အနှစ်သာရဟူ၍ အနည်းငယ်မျှ မရှိ၊ ဤခန္ဓာကိုယ်ကြီး သည် အရိုးတို့ဖြင့် စိုက်ထူထားသော အရိုးမြို့တော်သာလျှင် ဖြစ်၏။**

**ဤခန္ဓာကိုယ်သည် အရိုးတို့ဖြင့် စိုက်ထူ၍ အကြောတို့ဖြင့် တုပ်ချည် ဖွဲ့စည်းထားပြီးလျှင် အသားအသွေးတို့ဖြင့် လိမ်းကျံကာ အရေပြားဖြင့် ဖုံးလွှမ်းထားခြင်းသာ ဖြစ်၏။**

ဤခန္ဓာကိုယ်အတွင်း၌ အိုမင်း ရင့်ရော် ဆွေးမြည့်မှု ဇရာနှင့် ချုပ်ဆုံးကွယ်ပျောက်မှု မရဏတို့ကို သိုမှီသွင်းလှောင်ထား၏။

အလုံးအထည် အရပ်အမောင်း စသည်တို့ကို အကြောင်းပြု စွဲမှီ၍သာ ငါဟူသော မာန်မာနဖြင့် တက်ကြွလျက်ရှိခြင်းဖြစ်သည်’ ဟူ၍ မိန့်ကြားတော်မူသောအခါ ဒေသနာတော်၏ အဆုံးတွင် ဇနပဒ ကလျာဏီ ရူပနန္ဒထေရီသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော် မူလေသည်။

*

လူတစ်ယောက် သေဆုံးခြင်းသည် ကြေကွဲဖွယ်ရာ ဖြစ်သော်လည်း လူတစ်သန်း သေဆုံးလျှင်ကား ကိန်းဂဏန်း သဘောသာ ရှိပါတော့သည်။

ဂျိုးဇက် စတာလင်
ရုရှားလူမျိုး နိုင်ငံရေးခေါင်းဆောင်ကြီး

# ဗိုလ်ချုပ်ဈေးမှ ထွက်၍လာရာ

ဤခရီးနီးသလား။

ဤခရီးသည် မဝေးလှပါ။ ကျွန်တော်သည် ယခု ကျွန်တော် ရောက်နေသောနေရာမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ချုပ်ဈေး သစ်ကို ကျော်ကာ လဟာပြင်ဈေးကို သွားရန် ဖြစ်၏။ ကျွန်တော် သည် နံနက်ခင်းကပင် အိမ်မှထွက်လာခဲ့ရာ ယခုတိုင် နံနက် စာ မစားရသေးပါ။

ယခုမှ ဗိုက်ကလည်း ဆာလာ၏။

ထို့ကြောင့် လဟာပြင်စားသောက်ဆိုင်တန်းတွင်တစ်ခုခုစားရန် စိတ်ကူးမိခြင်းဖြစ်၏။ ကျွန်တော်သည် ဗိုလ်ချုပ်ဈေး စာတိုက်အောက်မှ

အဘွားအိုရှေ့တွင် ဖြန့်ထားသော လက်ကိုင်ပုဝါထဲသို့ ငါးမူးစေ့ အပေါ့တစ်စေ့ကို ထည့်လိုက်သည်။ ကျွန်တော် ငါးမူးစေ့ တစ်စေ့ ထည့်ခဲ့သည်ကို အဘွား သိဟန် မတူပါ။ တစ်စုံတစ်ယောက်က အဘွားရှေ့မှ ပိုက်ဆံအကြွေများကို လာနှိုက်သွားလျှင်လည်း အဘွား သိချင်မှ သိပါမည်။

အဘွားအိုသည် အိုခြင်းနှင့် နာခြင်းဟူသော ဝေဒနာကို ပြိုင်တူ ခံစားနေရ၏။

ကျွန်တော်သည် ဗိုလ်ချုပ်ဈေးမှ ထွက်လာသောအခါ နေက ချစ်ချစ်တောက်ပူနေသည်။ ယခင်ကတော့ ယခု ကျွန်တော်ရောက်ရှိနေသောနေရာတွင် လူကူးလမ်းရှိ၏။ ယခုတော့ လူကူးလမ်းကို ဈေး၏အရှေ့ဘက်သို့ ပြောင်းထားသောကြောင့် ဗိုလ်ချုပ်ဈေးရှေ့မှ ဖြတ်လျှောက်ရသေး၏။

ဗိုလ်ချုပ်ဈေးရှေ့တွင်ကား တာမွေသို့ လူခေါ်နေသော သုံးဘီးကား၊ လေးဘီးကားများကို တွေ့ရသည်။ ဗိုလ်ချုပ်ဈေးမှ ထွက်လာသော လူအုပ်ကြီးကလည်း မနည်းလှပါ။ ဗိုလ်ချုပ်လမ်း မကြီးပေါ်တွင်လည်း ကားများက မညှာတမ်း မောင်းလာကြ၏။ သွားကောလိပ်ထိပ်ရှိ မီးပွိုင့်မှ လွှတ်ချလိုက်သော ကားများသည် အရှိန်နှင့် တစ်လမ်းမောင်း ယာဉ်ကြောအတိုင်း မောင်းလာရာ ဗိုလ်ချုပ်ဈေးရှေ့သို့ရောက်သော် လမ်းဖြတ်ကူးမည့် လူအုပ်နှင့်တွေ့သည့်တိုင် သိပ်မရပ်လိုကြပေ။ ကမ္ဘာပေါ်တွင် ကားမပေါ်မီက ကားတိုက်၍ သေခြင်း ဆိုသည်မှာ မရှိခဲ့ပါ။ လေယာဉ်များ ပေါ်ပေါက်လာခဲ့သောကြောင့် လေယာဉ်ပျက်ကျ၍ အစုလိုက် အပြုံလိုက် သေခြင်း

များ ပေါ်လာ၏။ လွန်ခဲ့သော ဆယ်စုနှစ်များက ဆေးဝါးကုသသည့် အတတ်ပညာများ အတော်ကြီး တိုးတက်ပြောင်းလဲလာခြင်း၊ ဓာတုပစ္စည်းများဖြင့် ဖော်စပ်သောဆေးများ ပေါ်လာခြင်း၊ ကလေးသူငယ် စောင့်ရှောက်ရေး အတတ်ပညာများ တိုးတက်လာခြင်း၊ ဓာတ်ဆားရည်ကဲ့သို့သော ကလေးများအား အသက်ကယ်ဆေးများကို တွေ့ရှိလာခြင်း စသည်တို့ကြောင့် လူငယ်နှင့်လူလတ်ပိုင်းကို ဝါးမျိုတတ်သော ရောဂါဆိုးကြီးများကို နှိမ်နင်းနိုင်ခဲ့သဖြင့် မွေးကင်းစ သေပျောက်မှုနှုန်းများလည်း ကျဆင်းလာ၏။ အသက်ကြီးဦးရေလည်း များပြားလာကာ နိုင်ငံတိုင်းတွင် လူဦးရေတိုးတက်များပြားခဲ့သည်။ အချို့နိုင်ငံများသည် လူဦးရေကို တင်းတင်းကျပ်ကျပ်ပင် ထိန်းချုပ်လာကြ၏။

မြန်မာနိုင်ငံတွင် ၁၉၇၃–၇၄ခုနှစ်က လူဦးရေ ၂၉ သန်းကျော်ရှိခဲ့ရာ ၁၉၈၃–၈၄ ခုနှစ်တွင် ၃၅ သန်းရှိလာ၏။ ၁၀နှစ်အတွင်း ခြောက်သန်းမျှ တိုးတက်လာခဲ့သည်။

ထိုကဲ့သို့ ဆေးဝါးအပါအဝင် ကုထုံးသစ်များနှင့် အသက်ရှည်လာ၍ လူဦးရေတိုးတက်နေသော ဤကမ္ဘာတွင် စစ်ပွဲနှင့်ကင်းသော နှစ်ဟူ၍လည်း မရှိခဲ့သေးပေ။ တစ်ဖက်မှ ဆေးပညာသက်သက်သာတိုးတက်ခဲ့သည် မဟုတ်။ လူသတ်လက်နက်များသည်လည်း ကြောက်ခမန်းလိလိ တိုးတက်များပြားနေ၏။ ယနေ့ကမ္ဘာတွင် အဏုမြူစစ် တားဆီးရေးကို လူသားတစ်ရပ်လုံးက တောင်းဆိုနေကြသော်လည်း အဏုမြူလက်နက်များသည် လူဦးရေ တိုးသလိုပင်တိုးနေ၏။

ခေတ်မီ လူသတ်လက်နက်များသည် ဆန်းကြယ် များပြားရုံမျှမက အလွန်မှလည်း အစွမ်းထက်လှ၏။

ဆေးသိပ္ပံနှင့် ယဉ်ကျေးမှု နယ်ပယ်တွင် လူတစ်ဦး တစ်ယောက်၏ အသက်ကို အလွန်အမင်း တန်ဖိုးထားနေချိန်တွင် အစုလိုက်အပြုံလိုက် သတ်မှုများကို မကြာခဏကြုံတွေ့နေရသည်။ အဏုမြူစစ်ကြီးဖြစ်ပါက သန်းပေါင်း မြောက်မြားစွာသော လူတို့ သေကြေပျက်စီးကြမည်ဖြစ်၏။ လူသားတို့ ဖန်တီးထားသော ဤကမ္ဘာသည် ပြာပုံအတိ ဖြစ်ရလိမ့်မည် ဖြစ်သည်။

ကျွန်တော်သည် ထိုကဲ့သို့ ထွေရာလေးပါး စိတ်ကူးရင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးကို ဖြတ်၍ တစ်ဖက်သို့ ကူးခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်ဈေးသစ်ထဲသို့ ဝင်ခဲ့၏။

ဗိုလ်ချုပ် ဈေးသစ်သည်လည်း ဗိုလ်ချုပ်ဈေးကဲ့သို့ပင် စည်ကားသော ဈေးတစ်ခုဖြစ်သည်။ လုံချည်ဆိုင်များ၊ အဝတ်အစား ဆိုင်များ၊ စားသောက်ဖွယ် ယိုဘူး၊ သကြား စသည်တို့ ရောင်းသောဆိုင်များ နိုင်ငံခြားမှလာသော ဧရာမ လူရုပ်ပုံများကို ရောင်းသည့်ဆိုင်များ စသည်တို့ဖြင့် စည်ကားလှသည်။

ဗိုလ်ချုပ်ဈေးသစ်မှ ထွက်လာသောအခါတွင်ကား မော်တော်ကားထားသည့် ကွက်လပ်ကြီးသို့ ရောက်လာ၏။ ဤကွက်လပ်ထဲတွင်လည်း တစ်ဖက်နိုင်ငံမှဝင်လာသည့် အဟောင်းအဝတ်အထည်များကို တစ်ရာ သုံးထည်လေးထည် စသည်ဖြင့် အော်ဟစ်ရောင်းနေကြ၏။ ဗိုလ်ချုပ်ဈေးသစ်မှ လဟာပြင်ဈေးသို့ လာသော လမ်းကလေးကလည်း နေပူပူတွင် တိုးမပေါက်အောင် စည်ကားလှ၏။

ထိုအထဲတွင် မော်တော်ကားနှင့် ရေခဲမုန့်ရောင်းသော ကားကြီးတစ်စီးလည်း ရှိနေ၏။ ဤကားကြီးသည် တစ်ခါတစ်ရံ ညအခါများတွင် ကျွန်တော်တို့ရပ်ကွက်များသို့ပါ ရောက်ရှိလာပြီး ကလေးများကို ထိန်းရ အတော်ခက်စေသော ကားဖြစ်၏။ မီးရောင်စုံများနှင့် ထိုရေခဲမုန့်ကား ရောက်လာပြီဆိုပါက မိဘများသည် ကလေးများ၏ ဂျီတိုက်၍ ပိုက်ဆံတောင်းခြင်းကို ခံရတတ်ကြ၏။

လဟာပြင် စားသောက်တန်းသို့ ရောက်လာသောအခါ ကျွန်တော်သည် ဘာစားရမည်ကို ရုတ်တရက် ဝေခွဲမရဘဲ ရှိနေ၏။ လဟာပြင် စားသောက်တန်းကား စားစရာ စုံလှသည်။ ကျွန်တော် ရန်ကုန်ရောက်စဉ်က ဤစားသောက်တန်းသည် ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်း ကွက်လပ်တွင် ဖြစ်၏။ ထို့နောက်တွင်တော့ ယင်းဈေးသည် ကုန်သည်လမ်း ပြည်ထောင်စုဘဏ်ရှေ့ရှိ ကွက်လပ်သို့ ရွှေ့လာခဲ့ရသည်။ ထိုမှတစ်ဆင့် ယင်းဈေးသည် အခြားတစ်နေရာသို့ ပြောင်းပြီးမှ ဤနေရာသို့ ရောက်ရှိလာခြင်း ဖြစ်၏။

ကျွန်တော်သည် ရန်ကုန်သို့ ၁၉၅၈ ခုနှစ်က ရောက်ရှိခဲ့ရာ များသောအားဖြင့် ထမင်းကို ထမင်းဆိုင်တွင် ဝယ်စားခဲ့သည်က များ၏။ အိမ်ထောင်ကျသောအခါတွင်လည်း ညနေစာလောက်သာ အိမ်တွင် စားဖြစ်၍ နံနက်စာကို ဆိုင်မှာပင် စားခဲ့၏။ ထို့ကြောင့်လည်း အစားအသောက်နှင့် ပတ်သက်ပါက ကုလားစာ၊ တရုတ်စာ၊ မြန်မာစာ ဘယ်ဆိုင်က ဘာအရသာ ထွက်သည်ကို သိနေပါသည်။ ဤလဟာပြင်ဈေးတွင် အရင်က ကျွန်တော်တို့ စားနေကျဆိုင်မှာ မောင်စိန်ဆိုင် ဖြစ်၏။ နောက်ပိုင်းတွင်တော့ မောင်မြင့်ထမင်းဆိုင်သို့ ပြောင်း၍စားသည်။ မောင်မြင့်ဆိုင်တွင် ဝက်တစ်ကောင်လုံး

နှာခေါင်းက အမြီးတိုင် အကုန်ရသည်။ ဝတ်သားလိပ်၊ အူမကြီးကြော်၊ လျှာသုပ်၊ နို့အုံသုပ်၊ အူနုပြုတ်၊ အူမပြုတ်၊ နံရိုးပြုတ်၊ နံရိုးကြော်၊ ဝက်မြီး၊ ဝတ်ခြေထောက်၊ သုံးထပ်သား၊ ဝက်သားလုံးကြော်၊ ဝက်သားကင်၊ အခေါက်ကင်၊ ဝက်နားရွက်၊ ဝက်ခေါင်း၊ အသည်းနှလုံး၊ အဆုတ် အစုံရသည်။ သတ္တဝါတစ်ယောက်ကို ခွာနှင့် အရေမှအစ အူမ ချေးအိမ်ပင်မကျန် မြိန်မြိန်ရှက်ရှက် စားပစ်နေခြင်းသည် တကယ်တော့ ကျွန်တော်တို့ဘဝ တည်မြဲရေးအတွက်ဖြစ်သည်။ အာဟာရ ရရှိရန် ဖြစ်သည်။ ထိုမှတစ်ဆင့် အာဟာရကို ရယူရာတွင် ခံတွင်းတွေ့၍ အရသာခံစားရန် ဖြစ်သည်။ သည်တော့လည်းလူ့ဘဝနှင့် အာရုံငါးပါး သဘောသည် ရောထွေးဆက်စပ်လာပြန်တော့၏။

'သဗ္ဗသတ္တာ အာဟာရ ဋ္ဌိတိကာ' ဟူသော စကားရှိ၏။ သတ္တဝါတို့သည် အာဟာရပေါ်တွင်သာ မှီနေသည်ဟု ဆိုသည်။ အာဟာရဟူသော စကားရပ်တွင်လည်း လူတို့သည် ထမင်းတစ်ခုတည်း၊ အသားတစ်ခုတည်း သုံးဆောင်နေ၍ မရပေ။

လူသည် ဆန်၊ ဂျုံအစရှိသော အင်အားဓာတ်များ၊ အသား၊ ဥ၊ နို့ အစရှိသော အသားဓာတ်များ၊ အသီးအရွက်တို့မှ ရရှိသော ဗီတာမင်ဓာတ်များအဖြစ် အဆီဓာတ်၊ သတ္တုဓာတ်နှင့်ရေကို နေ့စဉ်မျှတစွာ လိုအပ်၏။ အင်အားဓာတ်ပါသောအစားအစားများကိုမစားဘဲ အသား၊ နို့၊ ဥ စသည်တို့ချည်း စား၍မရ။ အသားတွေချည်းစားပြီး အသီး၊ အရွက် စသည်တို့ မစားပါကလည်း ဗီတာမင်ချို့တဲ့သော ရောဂါများ ရရှိလာနိုင်၏။ အဆီနှင့် သတ္တုဓာတ်အပြင် ရေသည်လည်း လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ်သော အရာဖြစ်ပေရာ လူသည် ဆန်၊

ဂုံ၊ အသား၊ အသီး အရွက်၊ အဆီ စသည့်တို့ကို မျှတစွာ သုံးဆောင်ရမည်ဖြစ်၏။

အစားအသောက်ကို စားရာတွင် အလွန်အမင်း စားပါကလည်း အသက်တိုနိုင်သည်။ ဝသောသူများသည် ပိန်သောသူများထက် အစစအရာရာတွင် တစ်ပန်းရှုံးရသည်။ အသက်ကြီးလာသည်နှင့်အမျှ အဆီနှင့်အငန်ကို လျှော့၍ စားရသည် ။ တိရစ္ဆာန်တို့အဆီများသည် ဟင်းသီးဟင်းရွက်မှရသော အဆီများထက် လူတို့အား ပို၍ အန္တရာယ်ဖြစ်စေသည်။ သွေးတိုးနှင့် အငန်သည်ကားလုံးဝ မတည့်။

အာဟာရသည် လူသားတို့ အသက်ရှင်ရေးအတွက် နေ့စဉ်လိုအပ်သော်လည်း အများအပြားစားခြင်း၊ အလွန်အကျွံ စားခြင်းသည် အသက်တိုစေနိုင်၏။

ကျွန်တော်သည် မောင်မြင့်ထမင်းဆိုင်သို့ပင် လျှောက်သွား၍ အုန်းပြုတ်နှင့် ဝတ်သားလိပ် တစ်ပွဲစီမှာရင်း စောင့်နေရသည်။

ထမင်းစားရန် ရောက်နေသူများက များနေ၍ မှာထားသော်လည်း ချက်ချင်းမရ။ ရန်ကုန်မြို့တွင် လူတွေကများလာလေ၊ ထမင်းဆိုင်များက တိုးလာလေ ဖြစ်သည်။ ရန်ကုန်တွင် ထမင်း ဟင်းကောင်းကောင်း ရောင်းလျှင်တော့ အရှုံးမပေါ်၊ အမြတ်ကြီးနှင့်အမြတ်လေးသာ ဖြစ်၏။

ကျွန်တော့်အမေသည် ဟင်းချက်ကောင်းသည်။ တစ်ခါတစ်ရံ အမေ့ကို ရွာမှခေါ်၍ ရန်ကုန်တွင် ထမင်းရောင်းရန် စိတ်ကူးဖူး၏။

ကျွန်တော့် ဘေးပတ်ပတ်လည်တွင် လေးယောက်စားပွဲ၊ ခြောက်ယောက်စားပွဲ ၁၀ ခုခန့်ရှိရာ အားလုံး လူပြည့်နေ၏။

စားပွဲအားလုံးတွင်လည်း မိမိတို့ စိတ်ကြိုက်မှာထားသော စားစရာများကို အားရပါးရ စားနေကြသည်။ ထိုအထဲတွင် ခုံမလောက်၍ ရပ်စောင့်နေသူများလည်း ရှိသေး၏။ ဤမြင်ကွင်းကို ကျွန်တော်၏ အဒေါ်ဖြစ်သူတစ်ဦး ပြောသော စကားနှင့် ပြောရသော် အသေကောင်ကြီးကို ကျွေးနေကြခြင်း ဖြစ်၏။ လူတွေကလည်း သူတို့ဘယ်တော့မှ မသေတော့မည့်အတိုင်း စားနေကြသည်။ တကယ်တော့ စားနေရခြင်းကလည်း အသက်ရှည်ဖို့ ဖြစ်၏။

ကျွန်တော် မှာထားသော အူနုပြုတ်နှင့် ဝက်သားလိပ်ကို လာချပေးပါသည်။ ကျွန်တော်သည် အူနုပြုတ် အူထဲမှ ဖွယ်တည်တည် အရသာလေးကို ကြိုက်သည်။

အမှန်တော့ ဤဆိုင်တွင် ထမင်းနှင့်ဟင်းကို စားပြီးရုံမျှနှင့် မပြီးသေး၊ သံပရာရည်တစ်ခွက် သောက်လိုက်မှ ပြည့်စုံ၏။ စားထားသော အဆီနှင့် အသားများကို သံပရာ ချဉ်ချဉ်အေးက ရင်ချောင်စေပါသည်။

ကျွန်တော်သည် ထမင်းဖိုးနှင့် သံပရာရည်ဖိုးရှင်းပေးပြီး စားသောက်ဆိုင်တန်းမှ ထွက်လာ၏။ ထို့နောက် လည်ချောင်းငုံဆေးတစ်မျိုးဝယ်ယူရန် ညဈေးတန်းရှိ မိတ်ဆွေတစ်ဦးဖြစ်သူ ဦးလှမြင့်ဆိုင်သို့ ထွက်လာခဲ့၏။ ကျွန်တော့်၌ လည်ချောင်း ရောဂါစွဲကပ်နေသည်မှာ ခြောက်လကျော်နေပြီဖြစ်၏။ ဆေးများလည်း စုံနေပြီဖြစ်သည်။ ယခုညနေတွင်ပင် နား နှာခေါင်း လည်ချောင်းအထူးကုဆရာဝန်ကြီးနှင့် တွေ့ရန် ချိန်းထားသေးသည်။ ကျွန်တော်၏ လည်ချောင်းအခြေအနေအား သူ့ကို ပြောပြရမည် ဖြစ်၏။ သူက ဘာပြောဦးမည် မသိသေးပေ။

ကိုလှမြင့်နှင့် ကျွန်တော်သည် ရင်းနှီးသူဖြစ်၍ သူ့ထံမှ ဆေးဝယ်လျှင် ဆေးမှန်ရသည်။ ဈေးကတော့ မှောင်ခို အများ ပေါက်ဈေးပင် ဖြစ်၏။ တစ်ခါတစ်ရံ ပေါက်ဈေးထက် နည်းနည်း လျှော့ပေးသည်လည်း ရှိ၏။ သူဝယ်ထားရသည်မှာ သက်သက် သာသာနှင့် ရထားလျှင် ကျွန်တော့်အား သူက သက်သက်သာသာ နှင့်ပင် ပေးသည်။ ကျွန်တော် လည်ချောင်းရောဂါ ဖြစ်ချိန်မှစ၍ သူ့ထံမှ ဆေးဝယ်ရသည့် ငွေမှာ တစ်ထောင်ကျော်ဖိုးမျှ ရှိနေပြီ ဖြစ်၏။

ကိုလှမြင့်ထံရောက်သော် ကိုလှမြင့်က ကျွန်တော့်အား ဆေး ရောင်းရမည်ကို အားနာနေဟန်ရှိ၏။ သူက 'ခင်ဗျားအတွက်လား' ဟုမေး၏။ ကျွန်တော်က သူ အားနာနေမှန်းသိ၍ အခြားတစ်ဦး မှာလိုက်တာပါဗျာဟုဆိုကာ လိုသောဆေးကို ပြောရသည်။ ဆေးသည် သူထံတွင် အလွယ်တကူ ရရှိ၍ လိုသောဆေးကို ဝယ်ယူပြီး ဆက်ထွက်ခဲ့သည်။

ယခု ကျွန်တော် ဗိုက်လည်း ဝနေပါပြီ။

ကျွန်တော်သည် သေခြင်းတရားကို ပွားများရင်း ဤခရီး ကိုသွားနေခြင်း ဖြစ်သည်။ နေ့ခင်းပိုင်း တစ်နေ့လုံး ကျွန်တော့်တွင် လုပ်ဆောင်စရာအလုပ် တစ်စုံတစ်ရာ မရှိပါ။ ညနေကျမှ ရန်ကုန် ဆေးရုံကြီးအဆောင် (၇) တွင် လူနာမိတ်ဆွေတစ်ဦးကို သတင်း သွားမေးရန်ရှိသည်။

ယခု နေ့လယ် တစ်နာရီခွဲနေပြီ ဖြစ်သည်။ လူနာ သတင်း မေးရန် ညနေ လေးနာရီထိုးပါမှ ဆေးရုံပေါ်သို့ တက်ရမည်။ ထို့ကြောင့်လည်း အားနေသော နှစ်နာရီလောက် အချိန်ကို အသုံးချ

ရန် ကျွန်တော် စဉ်းစားနေမိ၏။ ယခုမှ ထိုနေရာကို ကျွန်တော် သတိရလာသည်။ ထိုနေရာသို့ သွားမည်။ ထိုနေရာသို့ သွားပါက ရေးစရာ ရေးကွက် တစ်စုံတစ်ရာ ကျွန်တော် ရလာနိုင်သည်။ ထို့ကြောင့်လည်း ယင်းနေရာသို့သွားရန် ဆုံးဖြတ်လိုက်၏။

ထိုနေရာသို့သွားရန် များစွာ မဝေးလှပါ။

ကျွန်တော် ယခုရပ်နေသော နေရာနှင့် လမ်းတစ်လမ်းသာ ခြားပါသည်။

*

လူ့ဘဝတွင် လူသားတို့ တွေ့ကြုံနေရသည့် ယေဘုယျ အကျဆုံး ဖြစ်ရပ်ကြီး သုံးခုသာရှိ၏။ ယင်းတို့မှာ မွေးဖွား ခြင်း၊ အသက်ရှင်ခြင်းနှင့် ကွယ်လွန်ခြင်းတို့ ဖြစ်သည်။

ဂျင်၊ ဒီ၊ လာ၊ ဘရူးယဲရ်
ပြင်သစ်လူမျိုး တွေးခေါ်ပညာရှင်

# အဘိုးလိုက်ခဲ့မယ်

ဤခရီးနီးသလား။

ဤခရီးသည် အနီးလေး ဖြစ်ပါသည်။ ကျွန်တော်သည် လဟာပြင်ဈေးမှ ရွှေတိဂုံဘုရာလမ်းကို ဖြတ်ကျော်ပြီး ရန်ကုန်ဆေးရုံ ဝင်းအတွင်းရှိ ရင်ခွဲရုံသို့ ထွက်လာခဲ့သည်။ ရန်ကုန်ဆေးရုံကြီး၏ ရင်ခွဲရုံတွင် သေသူ၏ အလောင်းများကို ထားရာ ရေခဲတိုက်ရှိသည်။ သေဆုံးသော လူသေအလောင်းများကို သင်္ဂြိုဟ်မည့်နေ့မရောက်မီ ဤရင်ခွဲရုံတွင်ပင် သိမ်းဆည်းထားသည်။ ထိုသို့သိမ်းဆည်းထားပြီး သင်္ဂြိုဟ်မည့် ရက်သို့ ရောက်သောအခါ အသုဘရှင်များက အလောင်း ကို ထုတ်ယူ သင်္ဂြိုဟ်ရသည်။

သေသူ၏ အလောင်းများကို လိုအပ်ပါက အနာဂတ် ဆေးပညာအတွက် ဖြစ်စေ၊ ရာဇဝတ် မှုခင်းများတွင် အထောက်အထား ရရှိစေရန်အတွက် ဖြစ်စေ လိုအပ်သော ခွဲစိတ်မှုများကို ရင်ခွဲရုံ၌ ပြုလုပ်ထားသည်လည်း ရှိ၏။

တစ်ခါက ကျွန်တော့်မိတ်ဆွေတစ်ဦး၏ ရင်သွေးငယ်တစ်ဦးသည် ကျွန်တော့်အိမ်တွင်ပင် အပြင်းဖျားခဲ့သည်။ ထိုအချိန်တွင် ကျွန်တော့်မိတ်ဆွေက အိမ်တွင်မရှိ။ သူ့ဇနီးနှင့် ကလေးသာရှိသည်။ နံနက်လေးနာရီလောက်တွင် မိတ်ဆွေ၏ဇနီးဖြစ်သူက ကလေး ဘာဖြစ်မှန်းမသိဘူး လာပါဦးဟုဆို၍ ကျွန်တော်ကလေးထံ သွားကြည့်သောအခါ ရင်သွေးငယ်သည် မျက်ဖြူလန်နေသလိုပင် ရှိ၏။ ထို့ကြောင့် ကျွန်တော်သည် ကလေးအားပွေ့ပြီး ကလေးဆေးရုံကြီးသို့ သုံးဘီးစီး၍ ပြေးခဲ့ရာ ဆေးရုံကြီးတွင် ကလေး လည်ချောင်းတွင်းမှ ချွဲများကို ချွဲစုပ်စက်ဖြင့် ထုတ်ယူ၍ ကလေး၏ အသက်ကို ရယူရန် ကြိုးစားကြသေး၏။ ထိုကဲ့သို့ လိုအပ်သော ကုသမှုများကို လုပ်နေဆဲတွင်ပင် ရင်သွေးငယ်သည် ကွယ်လွန်သွားရှာခဲ့၏။

ထိုအခါ ယင်းကလေးငယ်၏ အလောင်းကို ကလေးဆေးရုံကြီးမှ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ ယူခဲ့ရသည်။ ထိုမှ လိုအပ်သည်များကို ပြုလုပ်ပြီး ဤရင်ခွဲရုံသို့ပို့ရ၏။ ရင်ခွဲရုံသို့ ပို့ရာတွင် ကျွန်တော်ကိုယ်တိုင်ပင် ကလေးအားပွေ့၍ ရေခဲခန်းထဲသို့ သွင်းပေးခဲ့ရသည်။ ရင်ခွဲရုံအတွင်း၌ သေသူတို့၏အလောင်းများကို အစီအရီမြင်ရသည်က တရားရဖွယ်၊ ဒေါသ၊ မောဟ၊ မာနတို့ ကျဖွယ်ရာသားဖြစ်၏။ ဤသည်ကိုပင် အသုဘ ရှုသည်ဟု ဆိုနိုင်ဖွယ်ရာရှိပါ၏။

နောက်တစ်နေ့ သူ့ဖခင်ရောက်လာသောအခါ ကလေးငယ်ဖြစ်ပျက်ခဲ့ပုံကို ကျွန်တော်က ပြောပြရသည်။ ထိုအခါ ဖခင်ဖြစ်သူက သူ့သမီးငယ်အား ကြည့်လိုလှပါသည် ဆို၍ ကျွန်တော်တို့ ရင်ခွဲရုံသို့သွားခဲ့သည်။ ရင်ခွဲရုံတွင် တာဝန်ရှိသူအား ကလေးကွယ်လွန်စဉ်က သူ့ဖခင်မရှိကြောင်း၊ ယခုမှ နယ်မှရောက်လာ၍ ကလေးကို သူကြည့်လို၍ကြည့်ရှုခွင့်ပြုပါရန် မေတ္တာရပ်ခံသောအခါ တာဝန်ရှိသူတို့က ဖခင်ကိုတော့ ကြည့်ခွင့်ပြုသည်။ မိခင်ကိုတော့ ကြည့်ခွင့်မပြုပေ။

ထိုအချိန်တွင် ကလေး အလောင်းအား ရင်ခွဲ၍ ကြည့်ရန် ခွဲစိတ်သည့်နေရာသို့ ရောက်ရှိနေပြီဖြစ်၏။ ခွဲစိတ်ရန် နေရာတွင် ကလေးသာမက အခြား သေသူ၏ အလောင်းများကို တွေ့ရှိရသည်။ ဖခင်ဖြစ်သူသည် သူ့ရင်သွေးအား ကြည့်ရှုကာ ကျေနပ်ပါကြောင်း ပြောပြီး သုံးရက်မြောက်သောနေ့တွင်မှ လာ၍သင်္ဂြိုဟ်လိုက်ရ၏။

ကျွန်တော်သည် ရင်ခွဲရုံနှင့် စိမ်းနေသူ မဟုတ်ပါ။ အသုဘကြုံလျှင် လိုက်ပို့ခြင်းမျိုးမဟုတ်ဘဲ ကိုယ်တိုင် အသုဘရှင် အဖြစ်အသုဘချရန် ရောက်ရသည့်အခါများလည်း ရှိဖူးပါ၏။ သို့သော် ယနေ့ ဤရင်ခွဲရုံသို့ ရောက်ရှိလာခြင်းကား သေခြင်းတရားကို မျက်ဝါးထင်ထင် လေ့လာရန် ဖြစ်သည်။

ကျွန်တော်သည် ရင်ခွဲရုံဝင်းအတွင်းသို့ ဝင်လိုက်သည်။ ရင်ခွဲရုံအတွင်းသို့ ကျွန်တော်ဝင်လိုက်သည်ဟု ဆိုသော်လည်း အလွယ်တကူဝင်ရခြင်းမဟုတ်။ ရင်ခွဲရုံအတွင်းသို့ ကျွန်တော့်တစ်ကိုယ်စာ ဝင်ဖို့ရန်အတွက်ပင် တိုးဝှေ့၍နေရသည်။ အသုဘ ပို့ရန် ရောက်ရှိနေသောကားများသည် ဝင်းတစ်ခုလုံးတွင် ကျပ်သိပ်နေ၏။ ကျွန်တော်သည်

ကားကြိုကားကြားမှ ရှေ့သို့မနည်းကြီး တိုးသွားရ၏။ အထဲသို့ ရောက်လေ လူများက တိုး၍မပေါက်လေဖြစ်၏။ ထို့ကြောင့်လည်း အနီးရှိ ညောင်ပင်တစ်ပင်၏အောက်တွင် ရပ်နေရသည်။ ယခု အသုဘမှာ မျက်နှာကြီး အသုဘတစ်ခု ဖြစ်ဟန် တူ၏။ ဘယ်သူ ဘယ်ဝါ၏ အသုဘဖြစ်သည်ကိုပင် ကြည့်၍မရလောက်အောင် ကြိတ်ကြိတ်တိုးစည်ကားနေသည်။

အသုဘ လာပို့ကြသူများအနက် အချို့သည် ကားပေါ်မှပင် မဆင်းနိုင်ကြပါ။ ကားပေါ်မှ ဆင်းကြသည့်တိုင်လည်း မိမိ ကားပေါ်သို့ ပြန်ရောက်ရန် အခက်အခဲ ရှိနိုင်ပါ၏။ ခဏကြာသော် ယင်း အသုဘ အလောင်းကို သယ်ယူရန် ပြင်ဆင်ကြပါ၏။ ထိုသို့ပြင်ဆင်ရာတွင် အသုဘကားထွက်ရေးအတွက် အတော်ကြီး အခက်အခဲရှိနေ၍ ရှင်းလင်းနေရသေးသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် မြင် တွေ့ရသည်များကို ဘာမျှ အမှတ်အသား မပြုလုပ်နိုင်ဘဲ ရှိ၏။ ထို့နောက် အသုဘကားသည် ခက်ခက်ခဲခဲ ရင်ခွဲရုံဝင်းအတွင်းမှ အပြင်သို့ထွက်သွား၏။ ထို့နောက်မှ အသုဘပို့သည့်ကားများကလည်း ဖြည်းဖြည်းချင်း လိုက်သွားကြသည်။ ထိုသို့ ထွက်သွားကြရာတွင်ပင် ကားများ ကုန်စင်သည်အထိဆိုလျှင် နာရီဝက်ခန့် ကြာသွားပါသည်။ ကားများ နည်းနည်းချောင်သွားသည်နှင့် ကျွန်တော်သည် ရှေ့သို့ နည်းနည်း တိုးသွား၏။ ခဏကြာသော် ရင်ခွဲရုံနှင့် ရေခဲတိုက် ဆက်စပ် ထားသော စင်္ကြံအမိုးအောက်သို့ ရောက်လာပါ၏။ ပထမ အသုဘက ထွက်သွားသော်လည်း နောက်အသုဘတစ်ခုအတွက် ပို့ဆောင်ရန် ပရိသတ်က စုဝေးရောက်ရှိလာပြန်၍ ကျပ်မြဲကျပ်နေပြန်သောကြောင့်

ကျွန်တော်သည် ဆက်ရပ်ပြီး စောင့်နေရပြန်ပါသည်။

ထိုသို့ စောင့်နေချိန်တွင် ကျွန်တော်သည် အထက်သို့ မော့ကြည့်လိုက်ရာ ရန်ကုန်ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီးက ထုတ်ပြန်ထားသော အသုဘရှင်တို့ လိုက်နာရမည့် စည်းကမ်းများဆိုင်းဘုတ်တစ်ခုကို ဖတ်ရှုလိုက်ရ၏။ သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော စည်းကမ်းတွင်ကား ဆေးရုံကြီး၏ရင်ခွဲရုံ၌ အလောင်းကို သုံးရက်သာထားပေးမည်။ သုံးရက်အတွင်း လာရောက်မယူပါက အစိုးရ၏ ကုန်ကျစရိတ်ဖြင့် သင်္ဂြိုဟ်မည်။ သုံးရက်ထက် ပိုထားလိုပါက ဆေးရုံအုပ်ကြီးထံတွင် ခွင့်ပြုချက်ရယူမည်။ အလောင်းကို အိမ်ပြန်ယူလိုပါက ရပ်ကွက်တာဝန်ရှိသူ၏ သဘောတူညီမှု ယူရမည်။ အလောင်းကို ရန်ကုန် နယ်နိမိတ်ထက် ပို၍ ယူလိုပါက ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၊ လသာမြို့နယ်၏ ခွင့်ပြုချက် ရယူရမည်၊ အလောင်းအားထုတ်ယူသည့်အခါ မိမိ၏အလောင်း ဟုတ်မဟုတ် သေချာစွာ စစ်ဆေးယူရမည် စသည်ဖြင့် သတ်မှတ်ထား၏။

ဤသို့ သတ်မှတ်ထားခြင်းမှာ အလောင်းကို လာမယူသူများရှိခြင်း၊ အရပ်ထဲသို့ ပြန်ယူရာတွင် အရပ်က လက်မခံသောအခါ အခက်အခဲများရှိခြင်း စသည့် အတွေ့အကြုံများကြောင့် ဤသို့ သတ်မှတ်ထားဟန် တူပါသည်။

ကျွန်တော်သည် ဖော်ပြပါ ဆိုင်းဘုတ်ကို ဖတ်ရှု စဉ်းစားနေချိန်တွင်ပင် လူအတော် ရှင်းသွား၏။ နောက်ထပ် အသုဘတစ်ခုကို ထပ်၍ ချသွားဟန် ရှိပါ၏။ ကျွန်တော် ရင်ခွဲရုံဝင်းအတွင်း ပထမရောက်လျှင် ရောက်ချင်း ချသွားသော အလောင်းမှာ ရင်ခွဲသည့်

အဆောက်အအုံဘက်တွင် တွဲထားသော အခန်းမှ အလောင်း ဖြစ်၍ ဒုတိယ ချသွားသော အလောင်းမှာ ရေခဲတိုက်ရှိရာ အဆောက်အအုံဘက်မှ ဖြစ်၏။

သာမန်အားဖြင့်ကား အလောင်းများကို ရေခဲတိုက်ခန်းရှိရာ အဆောက်အအုံအတွင်းရှိ အလောင်းစင်များပေါ်တွင် ထားတတ်ကြ၏။ သို့သော် အချို့ အရေးကြီးသောသူများဆိုလျှင်ကား ပထမ အသုဘ ချသွားသော ရင်ခွဲရုံ အဆောက်အအုံဘက်ရှိ အခန်းတွင် ထားတတ်ကြဟန်တူ၏။ ဆရာ ဦးသိန်းဖေမြင့် အသုဘထားစဉ်ကလည်း ရင်ခွဲရုံရှိသောဘက်မှ အခန်းတွင်ပင် ထား၍ သင်္ဂြိုဟ်ခဲ့ပါ၏။ ကျွန်တော်သည် အလောင်းစင်များထားရာ အခန်းများရှိရာသို့ အုတ်လှေကားထစ်လေးများ အတိုင်းတက်သွားပါ၏။ ယခုတော့ ခုနထက်စာလျှင် လူအတော်လေးရှင်းသွားပြီဖြစ်၏။ လူအတော်ရှင်းသွားသည်ဟု ဆိုသည့်တိုင် သိပ်တော့မရှင်းသေးပါ။ အသုဘချရန် အလောင်းလေးလောင်းက အသင့်ရှိနေပါ၏။

ပထမအခန်းတွင် ကျွန်တော်တွေ့ရသောအလောင်းမှာ လူငယ်တစ်ဦး၏ အလောင်းဖြစ်၏။ ထိုလူငယ်သည် တရုတ်အမျိုးသား လူငယ်တစ်ဦး ဖြစ်သည်။ အလောင်း၏ ဘယ်ဘက် နားရွက်နောက်ဘက်တွင် ခေါင်းအရေခွံစုတ်နေ၍ ချုပ်ထားသော လေးလက်မခန့် ချုပ်ရိုးကြီးရှိနေ၏။ အလောင်းဘေးတွင်ကား အဘိုးဖြစ်ဟန်တူသော တရုတ်အမျိုးသားကြီး တစ်ဦး ရှိပါသည်။ သူသည် မြေးငယ်၏ အလောင်းကို ပြုပြင်နေရင်း အပြင်သို့လည်း လှည့်၍ကြည့်နေသည်။ တရုတ်အမျိုးသားကြီးသည် အလောင်းကို အေးအေးဆေးဆေးပင်

ပြင်နေပြီး သူ့မျက်နှာတွင်ကား ကြေကွဲဆို့နင့်ခြင်းတို့ဖြင့် ပြည့်နေပါ၏။

ယခု ကွယ်လွန်သောလူငယ်မှာ တစ်နေ့က ကားတိုက်ခံရ၍ လတ်တလော သေဆုံးသွားသူဟု သိရ၏။ ကျွန်တော်သည် အဘိုးဖြစ်သူ တရုတ်အမျိုးသားကြီးအား ဆက်ကြည့်နေသည်။ အဘိုးဖြစ်သူသည် မျက်ရည်မကျ။ သူ့လက်ပေါ်တွင်ပင် ယခုလို သူ့သားသူ့မြေးများ သေဆုံးခဲ့ဖူးပေါင်းများ၍ အတွေ့အကြုံရှိနေဟန်တူသည်။ သို့သော် သူသည် သူ့မြေးအား မင်းရှေ့မှသွားနှင့် ငါလိုက်ခဲ့မည်ဟု မှာနေပုံရ၏။ တစ်ခါတစ်ရံတွင်ကား အဘိုးဖြစ်သူသည် အံကို ကြိတ်၍ တင်းခံနေပုံရ၏။ သူ့ရင်ထဲတွင် ရှိသမျှကို အန်ချလိုက်ပါက ပေါက်ကွဲ၍များ သွားလေမလားဟု ထင်စရာရှိပါသည်။

ခေတ္တမျှကြာသော် လူရွယ်နှစ်ဦး ရောက်လာကြသည်။ သူတို့၏ လက်ထဲတွင်ကား ဦးထုပ်တစ်လုံးပါလာ၏။ ဦးထုပ်မှာ အဖြူရောင်လေးဖြစ်ပြီး ဦးထုပ်၏ အနားကိုကား အနီရောင်ရဲရဲဖြင့် ကွပ်ထားသည်။ ရောက်လာသူထဲမှ တစ်ဦးက အဘိုးအား စကားတစ်လုံးတစ်ပါဒမှ မပြောဘဲ ဝယ်လာသော ဦးထုပ်ကို အဘိုးထံ ကမ်းပေးလိုက်သည်။ အဘိုးသည် သူ့မြေး၏ဦးခေါင်းကို လက်တစ်ဖက်နှင့် မကာ လက်တစ်ဖက်မှ ဦးထုပ်ကို ဆောင်းပေး၏။ ယခုမှ သေနေသော လူငယ်၏ မျက်နှာကိုကြည့်မိရာ သူ့မျက်နှာကလည်း ဒဏ်ရာအချို့ကြောင့် ညိုနေသည်။ အဘိုးအိုသည် သူ့မြေးအား ငယ်စဉ်မှစ၍ ယခုလို ဦးထုပ်လှလှလေးများကို ဝယ်၍ ကိုယ်တိုင် ဆောင်းပေးပြီး မြေး၏အလှကို တစ်ဝကြီး ကြည့်တတ်ဟန်ရှိ၏။ ယခုလည်း ဦးထုပ်လေးကို မြေးအား ဆင်ပေးပြီး အဘိုးက သူ့မြေးကို

ပြန်၍ ကြည့်နေပါ၏။ ကြည့်ရင်းမှ အဘိုးသည် 'ခုမှ ကောင်းသွားတယ်၊ ခုမှ ကြည့်လို့ကောင်းတယ်'ဟူ၍ ပြောလိုက်ပုံရ၏။ တကယ်တော့ ဦးခေါင်းမှ ချုပ်ရိုးကို ဖုံးကွယ်ရန် ဦးထုပ်တစ်လုံး ဆောင်းပေးဖို့ စိတ်ကူးပေါ်လာရခြင်းဖြစ်၏။ သို့သော်လည်း အဘိုးကတော့ သူ့မြေးလေးအား အရင့်အရင်က ဦးထုပ်ဝယ်၍ ဆောင်းပေးခဲ့သလို ဆောင်းပေးနေခြင်းဖြစ်၏။ ဤအချိန် ဦးထုပ်ဆောင်းပေးခြင်းသည် သူ့အဖို့ နောက်ဆုံးအကြိမ် ဆောင်းပေးနေရခြင်းဖြစ်ကြောင်း အဘိုးသိသောကြောင့် လုပ်ဆောင်ချက် အားလုံးကို ဖြည်းဖြည်းနှင့် လေးလေးပင် အဘိုး လုပ်ဆောင်နေသည်။

မြေးငယ်အား ဦးထုပ်ဆောင်းပေးအပြီးတွင်တော့ သေဆုံးသူလူငယ်၏မိခင်ဖြစ်ဟန်တူသော အမျိုးသမီးတစ်ဦး ရောက်လာသည်။ ခရီးရောက်မဆိုက်ပင် အမေသည် သားငယ်အား ပွေ့၍ ပွေ့၍ ငိုသည်။ တွေတွေကြီး စိုက်ကြည့်နေသည်။ သူ့သားငယ် ပြန်၍ နိုးလာဦးမည်ဟု မှတ်ထင်နေသလားပင် မသိ။ သားဖြစ်သူသည် တစ်နေ့ညနေက အမေ့ထံမှ ပိုက်ဆံတောင်း၍ သူငယ်ချင်းများနှင့် အပြင်သွားရန် ခွင့်တောင်းကောင်း တောင်းမည်။ သို့မဟုတ် အမေကပင် အပြင်သို့ တစ်စုံတစ်ခု ကိစ္စအတွက် ခိုင်းကောင်းခိုင်းမည်။ ထိုသို့ သားက ခွင့်တောင်းစဉ် သို့မဟုတ် အမေက ခိုင်းလိုက်စဉ်က သူ၏ ရင်မှဖြစ်သော သားငယ်သည် သူ့ထံသို့ အသက်ရှင်၍ ပြန်လာတော့မည် မဟုတ်ကြောင်းကို အမေကိုယ်တိုင် မသိခဲ့ပါ။ ကြိုတင် သိရှိခဲ့ပါက လည်း အမေက သူ့သားကို ရင်ခွင်ထဲမှ အဘယ်မှာ လွှတ်ပါအံ့နည်း အခုတော့ အမေ မသိနိုင်ခဲ့၍ လွှတ်ခဲ့မိသည်။ ထိုသို့ အိမ်မှ အထွက်

တွင် သားလူငယ်သည် ကားတိုက်ခံရပြီး ထိုအချိန်မှစ၍ သားနှင့်အမေ သေကွဲ ကွဲခဲ့ရဟန် တူပါ၏။

ယခုကဲ့သို့သော သေခြင်းမျိုးကို ဥပစ္ဆေဒက ကံကြောင့် သေခြင်းဟု ခေါ်ဆိုသမုတ်ကြ၏။ ကျွန်တော်ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် နေခဲ့ရာ ကျွန်တော်တို့ ဆရာတော်ကြီးက သေခြင်းတရားကို တစ်ခါတစ်ရံ အသေးစိတ် ပြောကြားတတ်၏။

သေခြင်းတရား လေးပါးရှိ၏။ ယင်းလေးပါးမှာ–

၁။ အာယုက္ခယ သက်တမ်းကုန်၍ သေရခြင်း၊ မီးစာကုန်၍ မီးငြိမ်းပြီး သေရခြင်းမျိုး ဖြစ်၏။

၂။ ကမ္မက္ခယ ကံ အစွမ်းကုန်၍ သေရခြင်း၊ ဆီကုန်၍ မီးငြိမ်းရခြင်းနှင့် တူ၏။

၃။ ဥဘယက္ခယ အသက်တမ်းနှင့် ကံအစွမ်း နှစ်ပါး စလုံးကုန်၍ သေရခြင်း၊ မီးစာရော ဆီပါကုန်၍ မီးငြိမ်းရခြင်းမျိုး ဖြစ်၏။

၄။ ဥပစ္ဆေဒက အသက်တမ်းနှင့် ကံအစွမ်း နှစ်ပါးစလုံး ပင်ရှိသေးသော်လည်း အခြားအကြောင်းတစ်စုံတစ်ခု၏ ပူးကပ်သတ်ဖြတ်မှုကြောင့် သေရခြင်း၊ မီးစာရော ဆီပါရှိပါလျက် လေတိုက်၍၊ တစ်စုံတစ်ဦးက မီးကို မှုတ်လိုက်၍ မီးငြိမ်းသွားရခြင်းမျိုး ဖြစ်၏။

**သက်တမ်းကုန်၍ သေခြင်း** ဟူသော ကိစ္စကို ရှင်းပြလိုပါ၏။ သက်တမ်းဟူသည်မှာ အချို့သောလူမျိုးများသည် ရာသီဥတု၏

အနေအထားကြောင့် သက်တမ်းရှည်သော သဘောရှိ၍ အချို့ဒေသ တွင်နေကြသောသူတို့သည် ရာသီဥတုပထဝီအနေအထားကြောင့် သက်တမ်းတိုကြ၏။ မိမိ လူ့အဖြစ်သို့ ရရှိသော နေရာဒေသ ဌာနကိုလိုက်၍ သက်တမ်းစေ့နေ၍ သေခြင်းသည် မီးစာကုန်သွား သည့်အတွက် မီးငြိမ်းသွားမှုမျိုး ဖြစ်သည်။

အသက်ရှည်ခြင်း၊ အသက်တိုခြင်းတွင် လူတို့ စိတ်အနေ အထားပေါ် မူတည်၍ လည်းကောင်း စားသုံးရသည့် အာဟာရအပေါ် မူတည်၍ လည်းကောင်း အသက်တိုနိုင် ရှည်နိုင်သည်။

လူတို့သည် စိတ်နေစိတ်ထား ကြမ်းကြုတ်ခက်ထန်သော အခါ ခန္ဓာကိုယ်ကြီး၌ စိတ်စေတသိက်ဟူသော နာမ်တရားများနှင့် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များသည် ကြမ်းတမ်းခက်ထန်စွာ ဖြစ် ပေါ်လာရ၏။ ထိုအခါ ဒေါသမီး၊ လောဘမီး စသည်တို့၏ လောင် မြိုက်မှုမှာလည်း ပြင်းထန်၍လာတော့၏။ ထိုအခါ ရုပ်ဇီဝိတ၊ နာမ် ဇီဝိတဟူသော ရုပ်သက် နာမ်သက်တို့သည် အချိန်တိုတောင်းစွာဖြင့် လျော့ပါးပျက်စီးခြင်းများ ဖြစ်ရတတ်သည်။

လူတို့သည် စားသုံးသော အာဟာရများတွင် အဆီအနှစ်နှင့် ဩဇာဓာတ်များ ခေါင်းပါးယုတ်လျော့သောအခါ ထိုသို့ ခေါင်းပါး ယုတ်လျော့ကာ စံနှုန်းမမီဖြစ်သော ဩဇာအဆီအနှစ်မရှိသော အစာကို ပင် မှီဝဲသုံးဆောင်ကြရ၏။ ယင်းသို့ အဆီအနှစ်မရှိသော အစားအစာ များကို မှီဝဲသုံးဆောင်ရသောသူတို့၏ ခန္ဓာကိုယ်သည်လည်း အနှစ် အသား လျော့ပါးညှံ့ဖျင်းလာရ၏။ ထိုအခါ အသားပွပွ ထင်းမီးစာ

ကိုယ်ကြီးသည်လည်း လောင်မြိုက်မှု မြန်ဆန်က သက်တမ်းလျော့ ပါးရ၏။

ထို့ကြောင့် ရာသီဥတု အပူအအေး မျှမျှတတနေရခြင်း မနေ ရခြင်း၊ ဒေါသမီး လောဘမီးတို့များခြင်း နည်းခြင်း၊ အာဟာရ ပြည့်ဝစွာရရှိခြင်း မရရှိခြင်း၊ အာဟာရပြည့်ဝသော အစာများကို စားရခြင်း မစားရခြင်းတို့အပေါ် မူတည်၍ အသက်ရှည်ခြင်း၊ တိုခြင်း သဘော သည် ရှိ၏။ ထိုသို့သော အခြေခံအကြောင်းများကြောင့် အသက် ရှည်ရှည်နေ၍သေခြင်း၊ အသက်တမ်းတိုတိုပင်နေ၍ သေခြင်းများ သည် သက်တမ်းကုန်၍ သေခြင်းသာလျှင် ဖြစ်၏။

ထို့ကြောင့် ရှေးလူကြီး သူဟောင်းတို့က ဤသဘောကို ပွား များ ရိပ်စားမိကာ မေတ္တာဘာဝနာ ပွားရာတွင်–

'စိရံတိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေဟောန္တု သဂါရဝါ၊
သဗ္ဗေပိ သတ္တာ ကာလေန၊
သမ္မာ ဒေဝေါ ပဝဿတု၊
ရာဇာ ရက္ခတု ဓမ္မေန၊
အတ္တနောဝ ပဇံ ပဇံ'

ဟူ၍ ဆုတောင်းပတ္ထနာ ပြုကြ၏။ အဓိပ္ပာယ်မှာ–

"သူတော်ကောင်းတရား ရှည်မြင့်စွာ တည်ပါစေ၊
သူတော်ကောင်းတရားကို လူတိုင်း ရိုသေစွာ လိုက်နာနိုင်ကြ ပါစေ။

မိုးလေဝသ ကောင်းမွန်ပါစေ၊ ချိန်ခါနှင့်အညီ မိုးရွာပါစေ၊
အုပ်ချုပ်သူတို့ ပြည်သူများအား အမှန်တရားကို ညွှန်ကြားနိုင်
ပါစေ’

ဟူ၍ ဖြစ်၏။

သူတော်ကောင်းတရား ရှည်မြင့်စွာတည်နေ၍ သူတော်ကောင်းတရားကို ပွားများနိုင်က လောဘ၊ ဒေါသ၊ မောဟဟူသော တရားတို့ကို ချုပ်တည်းစေနိုင်ကာ လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ လောင်မြိုက်ခြင်းမှ ကင်းမည်ဖြစ်၏။

လူတိုင်း လူတိုင်း ကောင်းသောတရားကို လိုက်နာနိုင်ပါက လူတိုင်းသည် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့၏ လောင်မြိုက်မှုမှ ကင်းမည်ဖြစ်သည်။

မိုးလေဝသ မှန်ကန်၍ ချိန်ခါအညီ ရွာသွန်းပါက သီးနှံအစာရေစာများ ပေါများပြီး အဆီအနှစ် သြဇာရှိသော သီးနှံများ ပေါများကာ လူတို့ အာဟာရ ပြည့်ဝစွာ စားသုံးနိုင်၍ သက်တမ်း ရှည်ကြာမည်ဖြစ်၏။

အုပ်ချုပ်သူတို့သည် တရားနှင့်အညီ အုပ်ချုပ်၍ ပြည်သူပြည်သားတို့အား လမ်းမှန်တရားများကို ညွှန်ကြားအုပ်ချုပ်ခြင်းပြုပါက ပြည်သူပြည်သားတို့ ဝမ်းမြောက်ဝမ်းသာခြင်းရှိကာ စိတ်ဆင်းရဲခြင်းကင်း၍ အသက်ရှည်ကြမည်ဖြစ်၏။

ဤဆုတောင်းသည် လူတို့ အသက်ရှည်စေရန် အမြော်အမြင်ကြီးစွာဖြင့် လူကြီးသူမတို့ တောင်းကြသည့် ဆုတောင်းဖြစ်ပါ၏။

**ကံအစွမ်းကုန်၍ သေခြင်း။** ။ ဘဝတစ်ခုကို စီမံလိုက်သော ကံတရားဟူ၍ ရှိ၏။ ထိုကံတရားရှိသမျှ ကံအထောက်အပံ့ဖြင့် အသက်ရှင်နေနိုင်၏။ ယင်းကံ အထောက်အပံ့ ကုန်ဆုံးခဲ့သော် သေခြင်းသို့ ရောက်နိုင်၏။ တစ်စုံတစ်ဦးသည် အသက်ဆက်ရှင်လိုပါက ရှင်နိုင်သေးသော်လည်း ကံတရား အထောက်အပံ့ မရှိတော့၍ သေခြင်းမျိုး ဖြစ်၏။ အသက် ခုနစ်ဆယ် သက်တမ်းပင် ဖြစ်သော်လည်း ကံအစွမ်းက လေးဆယ်မျှရှိ၍ အသက်လေးဆယ်တွင် သေဆုံးရခြင်းမျိုး ဖြစ်၏။ မီးစာပင် ရှိသေးသော်လည်း ဆီကုန်၍ မီးငြိမ်းသွားရခြင်းသဘော ဖြစ်၏။

**အသက်နှင့်ကံ နှစ်ပါးစလုံး ကုန်၍သေခြင်း။** ။ အချို့သောပုဂ္ဂိုလ်များသည် အသက်တမ်းလည်းကုန်၊ ကံအစွမ်းလည်းကုန်ဆုံး၍ မီးစာရော ဆီပါ ပြိုင်တူကုန်ဆုံးပြီး မီးငြိမ်းရခြင်းမျိုးဖြစ်သည်။

**အခြားအကြောင်းတစ်စုံတစ်ခု ပူးကပ်၍ သတ်ဖြတ်မှုကြောင့် သေရခြင်း။** ။ အချို့သောသူများသည် သက်တမ်းအားဖြင့် လည်း မကုန်သေး၊ ကံအစွမ်းကလည်း ရှိပါသေးလျက် အနှောင့်အယှက်တစ်စုံတစ်ရာကြောင့် သေရခြင်းမျိုး ဖြစ်၏။ သူတစ်ပါးလက်ချက်ဖြင့် သေရခြင်း၊ ကားတိုက်၍ သေရခြင်း၊ ရေနစ်၍ သေရခြင်း၊ မိမိကိုယ်မိမိ သတ်၍သေရခြင်း စသည့် မြောက်မြားစွာသော အကြောင်းကြောင့် သေရခြင်းများ ဖြစ်၏။

မီးစာရော ဆီပါ ရှိပါသေးလျက် လေတိုက်ခိုက်မှုကြောင့်ဖြစ်စေ၊ မိမိဘာသာ မှုတ်ငြိမ်းသတ်လိုက်သောကြောင့်ဖြစ်စေ ငြိမ်းသွားရသော မီးမျိုးဖြစ်၏။

ယခု အလောင်းစင်ပေါ်တွင် သေဆုံးနေသော လူငယ်သည် မီးစာလည်း မကုန်သေး၊ ဆီလည်း မခန်းသေးပါဘဲလျက် အပြင်မှ လေတိုက်ခတ်၍ သေဆုံးရခြင်းမျိုးဖြင့် ကားတိုက်၍ သေရခြင်းဖြစ်၏။

သေသောသူကား သေပါပြီ။

ရှင်သောသူတို့က ပရိဒေဝမီး တောက်လောင်နေရရှာ၏။

အမေဖြစ်သူကတော့ ဖြေသိမ့်၍ မရနိုင်ဘဲ ဖြစ်နေရ၏။

အဘိုးအိုဖြစ်သူ၏ မျက်နှာထားက တည်တည်ကြည်ကြည် ရှိသည်။

ငါ့မြေး သွားနှင့် အဘိုးလိုက်လာခဲ့မည်ဟု ပြောနေသယောင်။

*

လူသားတစ်ဦး လူ့ဘဝသို့ ရောက်ရှိလာခြင်းသည် သူ၏ ဘိုးဘွားတို့အတွက် ဂုဏ်သိက္ခာ ညစ်နွမ်းစေမည်ဆိုပါက ထိုသူ မွေးဖွားလာမှုသည် ဘာအဓိပ္ပာယ်မှ မရှိပါ။

**ဆာ ဖီးလစ် ဆစ်ဒနီ**

**(၁၅၅၄–၁၅၈၆)**

**အင်္ဂလိပ်လူမျိုး စစ်ဗိုလ်မှူးကြီးနှင့် ကဗျာဆရာကြီး**

# မတ်စေ့ တစ်စေ့သာ ချန်ခဲ့သော မိတ်ဆွေ

ဤ၌ခရီးနီးသလား။

မီးစာကုန်၍ သေခြင်း

ဆီကုန်၍ သေခြင်း

ဆီရော မီးစာပါကုန်၍ သေခြင်း

ဆီနှင့် မီးစာရှိပါလျက် အခြားပယောဂတစ်စုံတစ်ရာကြောင့် သေခြင်းဟု ရှိပေရာ သေခြင်းတရားဟူသည် အချိန်မရွေး ရောက်လာနိုင်သော တရားဖြစ်သည်။ မီးခွက်တစ်ခု၊ ဖယောင်းတိုင်တစ်ခု၏ မီးစာ

သည် အတိုရှိသလို အရှည်လည်းရှိကြ၏။ အတိုအရှည် မတူကြပေ။ အလားတူပင် လောင်စာဆီများများထည့်နိုင်သော မီးခွက်မီးအိမ်များ ရှိသလို အချို့မီးခွက်မီးအိမ်တို့က လောင်စာဆီ နည်းနည်းသာ ပါရှိ၏။ အကြင်မီးခွက်သည် လောင်စာဆီထည့်ရန် ဆီအိမ်ကြီးကြီးပါသော်လည်း ထိုမီးအိမ်ထဲတွင် ဆီအပြည့် ရှိချင်မှလည်း ရှိဦးမည်။

မီးစာတိုတို လောင်စာဆီ နည်းနည်းသာပါသော မီးအိမ်များကလည်း ရှိနိုင်၏။ မီးစာလည်းရှိ၊ လောင်စာကလည်း ရှိသည့်တိုင် မီးစာညှံ့ညှံ့ လောင်စာဆီညှံ့ညှံ့ဆိုပါက ခပ်မှိန်မှိန်လင်းနေသော ဆီမီးခွက်သည် ဘေးမှ တော်ရုံတန်ရုံ လေတိုက်ရုံမျှနှင့် မီးငြိမ်းနိုင်၏။

မီးစာသည်လည်းကောင်း၊ လောင်စာဆီသည်လည်းကောင်း ကောင်းမွန်၍ တထိန်ထိန် တညီးညီး တောက်လောင်နေသော မီးခွက်သည် သူ့ထက် အားကောင်းသော လေပြင်းနှင့် တွေ့ပါက ငြိမ်းသေခြင်းဘဝသို့ ရောက်နိုင်၏။

ထို့ကြောင့် သေခြင်းတရားဟူသည် အနီးအဝေးပြောရန် ခဲယဉ်းလှသည်။ သေခြင်းတရားသည် အနေးအမြန်ပြောရန် ခဲယဉ်းလှ၏။ သေခြင်းတရားသည် လတ်တလော အခြေအနေပေါ်၌ မူတည်နေသလို လက်လှမ်းမမီသော ဝေးလံရှည်လျားသည့် အခြေအနေများတွင်လည်း မူတည်နေပါသေး၏။

ထို့ကြောင့် မည်သည့် ပုဂ္ဂိုလ်သတ္တဝါမဆို မိမိပြုလုပ်ခဲ့သော မိမိတို့ ပြုလုပ်နေသည့် အကျိုးအကြောင်းတရားသည် ကိုယ်စီကိုယ်င

ရှိနေကြပေရာ ထိုအကြောင်းတရားများ တစ်နည်း ကမ္မပစ္စယသတ္တိ၏ မကောင်းမှုကံ၊ ကောင်းမှုကံတို့သည် အကျိုးပေးရန် အခွင့်အခါကို အမြဲ ချောင်းမြောင်းနေကြ၏။

ထိုအကျိုးအကြောင်းတရားတို့ကြောင့် သေမည့်ဘေးမှ လွတ်မြောက်ရသူများ ရှိသလို မကောင်းမှုကံအရှိန်ကြောင့် သေဘေးကို ရင်ဆိုင်ရသည်များလည်း ရှိ၏။

ယင်းကံအကြောင်းတရားတို့သည် အမြော်အမြင် ဆင်ခြင်စဉ်းစား သတိထားတတ်၍ ပညာဉာဏ်ဖြင့် ထိန်းထားနိုင်သူတို့အား နှိပ်စက်သတ်ဖြတ်ရန် အခွင့်မရှိနိုင်ဘဲ ရှိကြသော်လည်း သတိမရှိ၊ ဉာဏ် အမြော်အမြင်မရှိ၊ ပညာဉာဏ် အမြော်အမြင်နည်းပါးသောသူတို့အား အချိန်အခါ မရွေး နှိပ်စက်သတ်ဖြတ်ရန် အခွင့်အလမ်းများ ရှိနေ၏။ အစားမတတ်၊ အသွားမတတ်၊ အနေအထိုင်မတတ်၊ အမြော်အမြင်ဆင်ခြင်ဉာဏ် မတတ်သော ပုဂ္ဂိုလ်တစ်ဦးအား သတ်ဖြတ် နှောင့်ယှက်ဖျက်ဆီးရန် အခွင့်အလမ်းများ လွယ်ကူစွာ ရကြကုန်၏။ အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်ဆိုသလို တစ်လုတ် တစ်လှမ်းမျှဖြင့် မသင့်သည် မတော်သည်တို့သည် ဖြစ်နိုင်၏။

ထို့ကြောင့်လည်း အသက်ဉာဏ်စောင့်ဟူသော စကားသည် မှန်ကန်သော စကားဖြစ်သည်။

ဉာဏ်အမြော်အမြင် အဆင်အခြင် ရှိသူသည် ထိုမကောင်းမှုကံများ ကပ်၍ မသတ်ဖြတ်နိုင်ရန်အတွက် မိမိ၏အသက်ကို ဉာဏ်ဖြင့်

စောင့်ရှောက်နိုင်၏။ ဉာဏ်အမြော်အမြင် ပညာ နည်းပါးသူတို့ကား ထိုမကောင်းမှုကံများ ကပ်၍ သတ်ဖြတ်နိုင်ရန် မိမိကပင် တီထွင်၍ အခွင့်အလမ်းပေးသကဲ့သို့ အစားအသောက် အသွားအလာတို့ကို သတိမထား၊ ဉာဏ်အားကို အသုံးမပြု၊ အမှတ်မဲ့သွား၊ အမှတ်မဲ့လာသောကြောင့် မိမိအသက်ကို မိမိ မစောင့်ရှောက်နိုင်ကြသူများ ရှိ၏။

တစ်ဖန် မောင်ပေါက်ကျိုးကဲ့သို့ ဉာဏ်ပညာ အားနည်းသော်လည်း ဝီရိယစွမ်းအားကြောင့် အသက်ရှင်နေကြသူများလည်း ရှိသည်။ အသက်ကြီးလာသောအခါ မှန်မှန်လမ်းလျှောက်ခြင်း၊ မှန်မှန်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းတို့ကြောင့် ရောဂါဘယများ မဝင်ရောက်နိုင်ဘဲ ဝီရိယစွမ်းအားကြောင့်လည်း အသက်ရှည်နိုင်ရ၏။

ကျွန်တော့်တွင် ကိုသန်းဆွေဆိုသော မိတ်ဆွေတစ်ဦးရှိ၏။ သူနှင့် ကျွန်တော် ကျောင်းနေစဉ်ကပင် သူငယ်ချင်းဖြစ်သည်။ သူသည် အထက်အညာကဖြစ်သည်။ သူသည် အသားမည်းသော်လည်း တက္ကသိုလ်ကျောင်းသားဘဝကပင် အင်္ကျီအဖြူ သန့်သန့်ကလေးများကို ဝတ်တတ်၏။ အမြဲတမ်း သန့်သန့်ရှင်းရှင်းနေ၏။ သူနှင့်ကျွန်တော်သည် အချိန်ရလျှင် ရသလို အေးအေးဆေးဆေး အချိန်ကြာမြင့်စွာ စကားများပြောတတ်ကြ၏။ သူသည် ကျန်းမာရေးကိုလည်း လိုက်စားသည်။ သို့သော် သူသည် ဆီးရောဂါကို လေးနှစ်ခန့်မျှ ခံစားလိုက်ရပြီး ယင်းဝေဒနာနှင့်ပင် အသက်ဆုံးရှုံးသွားရှာ၏။

နောက် သူငယ်ချင်းတစ်ဦးဖြစ်သူမှာ ကိုမြစံဖြစ်သည်။ ကိုမြစံသည် ကိုသန်းဆွေနှင့်ကား ဆန့်ကျင်ဘက်ဖြစ်၏။ ကိုမြစံသည် ကို

သန်းဆွေထက်လည်းကောင်း၊ ကျွန်တော့်ထက်လည်းကောင်း အသက်ကိုးနှစ်ဆယ်နှစ်ခန့်ကြီး၏။ တက္ကသိုလ်တွင် ကျောင်းဆွေး လူဆွေး နေလေရာ ကျွန်တော်တို့ထက် ရှစ်နှစ်ခန့်စော၍ တက္ကသိုလ်သို့ ရောက်သော်လည်း ကျွန်တော်တို့ တက္ကသိုလ်သို့ ရောက်ချိန်တွင် သူသည် ဥပစာအပိုင်း (ခ) သာ ရှိသေး၏။ ကျွန်တော်တက္ကသိုလ်မှ ဘွဲ့တစ်ခုရသော်လည်း သူသည် ဘွဲ့တစ်ခုမှ မရဘဲ ကျောင်းမှ ထွက်လာခဲ့၏။

ကိုမြစံ၏ မိဘများသည် ရွှေဘိုဘက်မှဖြစ်သည်။ ပစ္စည်းဥစ္စာကုံလုံကြွယ်ဝ၍ ချမ်းသာသော မိသားစုမှ ကြီးပြင်းလာရသူ ဖြစ်သည်။ သူသည် ငယ်စဉ်ကပင် ငွေကို အတော်ကြီးသုံးသည်။ ကျွန်တော့်အား ကိုမြစံက သူနာမည်နှင့် ကျွန်တော့်နာမည်တွင် (စံ) ပါတာချင်း တူ၍လည်းကောင်း၊ သူ့အနွံအတာကို ခံ၍လည်းကောင်း၊ ညီတစ်ယောက်လို ခင်မင်ရှာသည်။ ထို့ကြောင့်လည်း ကျောင်းသားဘဝတွင် ကျွန်တော်လိုအပ်ပါက ငွေကြေး စာအုပ်မှအစ ထီးဖိနပ်ပါ ထောက်ပံ့ဖူးပါ၏။

ကျွန်တော်သည် တက္ကသိုလ်ရောက်ခါစက ဘယ်မှ သွားတတ်လာတတ်ခြင်းမရှိ။ တက္ကသိုလ် ပရိဝုဏ်၌ပင် နှံ့နှံ့စပ်စပ် ရှိလှသူမဟုတ်ပါ။ သို့သော် ထိုအချိန်တွင် ကိုမြစံသည် ဟိုတယ်များကို တက်ရောက်၍ စားသောက်နေတတ်ပြီဖြစ်၏။ တစ်ခါတစ်ရံ သုံးလေးရက် အဆောင်သို့ ပြန်မလာဘဲ အပြင်ဘက်တွင်ပင် ညအိပ်ညနေ နေတတ်သည်။ တစ်ခါတစ်ရံ ကျွန်တော်တို့ လူငယ်လေးများအား မြို့ထဲသို့

ခေါ်သွားပြီး ကျွေးမွေးသည်။ အရက်တိုက်သည်။ အမျိုးသမီးအချို့နှင့် မိတ်ဆက်ပေး၏။

ကျွန်တော်သည် အရက်ကို ငယ်စဉ်က သွေးအားနည်းရောဂါရှိ၍ အရက်သောက်ပါက သွေးအားရှိသည်ဟုဆိုသဖြင့် အမေက သွေးဆေးနှင့် ရောတိုက်စဉ်က တစ်ကြိမ်သောက်ဖူး၏။ သို့သော် အဘွားဖြစ်သူက ပြောသဖြင့် အမေက အရက်ကို ဆေးအဖြစ်နှင့်ပင် မတိုက်တော့ပေ။ အမေ ဆေးအဖြစ် အရက်ကို ကျွန်တော့်အား တိုက်စဉ်က ကျွန်တော် မှတ်မိသော အရသာမှာ ပူစပ်စပ်ကြီး ဖြစ်ပါ၏။ သောက်ပြီးနောက် ခဏအကြာတွင် ကျွန်တော် အိပ်ပျော်သွားပါ၏။ ထိုအခါက ကျွန်တော့်အသက်သည် ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်မျှလောက်သာ ရှိပါသေး၏။ ထို့နောက်ပိုင်းတွင် ကျွန်တော် အရက်မသောက်ဖြစ်တော့ပါ။

တက္ကသိုလ်ရောက်လာသည့်တိုင် ကျွန်တော် အရက်မသောက်ဖူးပါ။ တစ်နေ့တွင်တော့ ကိုမြစံသည် ကျွန်တော့်ကို ကျောင်းမှ ခေါ်ခဲ့ပြီး အနော်ရထာလမ်းပေါ်မှ ၃၄ လမ်း၊ ၃၅ လမ်းလောက်တွင်ရှိသော အရက်ဆိုင်တစ်ဆိုင်သို့ ခေါ်လာခဲ့ပါ၏။ ထိုအရက်ဆိုင်တွင်ကားကိုယ်လုံးတီး အမျိုးသမီးများ၏ ပုံကိုလည်း ပြောင်ချိတ်ထားပါသည်။ ကိုမြစံက ကျွန်တော့်အား ကျွေးမွေးပြီး အရက်တိုက်ပါသည်။ သူလည်း သောက်ပါသည်။ ကျွန်တော်က အရက်ကို သိပ်မသောက်တတ်၊ မူးမှာလည်း ကြောက်ပါသည်။ သို့သော် သူက သောက်၍

ကောင်းအောင် စပ်ပေးပါသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း အသောက်အစားဆိုပါက ဝါသနာပါသည်။ ထို့ကြောင့်လည်း ထိုည က သောက်လိုက်၏။ အဆောင်သို့ ဘယ်အချိန်မှ ပြန်ရောက်သည် မသိပါ။

တစ်နှစ်တွင် ကိုမြစံသည် လှည်းတန်း ၇ လမ်း၌ အိမ်တစ်ခန်း ငှားနေပါသည်။ အိမ်မှာ အပေါ်ထပ် ခေါင်းရင်းခန်းဖြစ်၏။ စပေါ်ငွေ မှာ ၅၀၀ ကျပ်ခန့်သာပေးရ၍ အိမ်လခမှာ ၃၀ ကျပ်ခန့်ဖြစ်၏။ ယခု သော် ထိုအခန်းသည် စပေါ်နှစ်သောင်းခန့်ပေးရ၍ အိမ်လခ နှစ်ရာ ဆိုမည်ဖြစ်၏။ ကျွန်တော်သည် ကျောင်းပိတ်ချိန် ရွာ၌ ပြန်နေရာမှ ဘီအက်စီ အပိုင်း (က) တက်ရောက်ရန် ရန်ကုန်သို့ ရောက်လာသော အခါ ကိုမြစံကြီးနှင့် ကမာရွတ်လှည်းတန်းအဝိုင်းတွင် တွေ့ကြသည်။ ထိုအခါ ကိုမြစံက ငါ့ညီရာ အဆောင်မနေပါနဲ့၊ လွတ်လွတ်လပ်လပ် ကိုယ်နဲ့လာနေစမ်းပါဟု ဆို၍ သူငှားထားသော ၎င်းအိမ်တွင် အတူ နေခဲ့၏။ အတူနေသည်ဟု ဆိုသော်လည်း ကိုမြစံက အိမ်ပြန်လာသည် မဟုတ်။ ကျွန်တော်တစ်ဦးတည်းလိုလို နေရသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော့်သူငယ်ချင်း ကိုသိန်းဝင်းကို အိမ်ပေါ်သို့ ခေါ်တင်ထားခဲ့၏။ ကိုမြစံ တစ်ခါတစ်ရံမှ ပြန်လာသည်။ နောက် တော့ ကိုမြစံသည် ထိုအိမ်သို့ လုံးဝမလာတော့ပါ။ သေသည်ရှင်သည် လည်းမသိတော့ပါ။ အိမ်စပေါ်ငွေများကို ကျွန်တော်တို့ပင် ပြန်တောင်း ယူ၍ သုံးလိုက်ရပါ၏။

ထိုသို့ ကွဲကွာသွားပြီး ကျွန်တော် အလုပ်အကိုင်များ လုပ်၍ အတော်အသားကျနေချိန်တွင် ကိုမြစံနှင့်ကျွန်တော် ဆူးလေဘုရားလမ်းပေါ်တွင် မမျှော်လင့်ဘဲ တွေ့လိုက်ရပါ၏။ သူနှင့် ကွဲကွာသွားခဲ့သည်မှာ ၁၅ နှစ်ကျော်ခဲ့ပြီဖြစ်သည်။ ကျွန်တော့်ကို သူ ကောင်းစွာ မှတ်မိ၏။ "ကဲ ဖိုးချစ်စံ၊ မတွေ့တာကြာပြီ၊ တစ်ခုခုစားရင်း စကားပြောကြရအောင်"ဟု ဆိုကာ ယခု ဒဂုံဟိုတယ်သို့ သွား၍ နေ့လယ်စာ စားကြပါ၏။ ထိုအခါ ကိုမြစံကြီးသည် ဝဝဖြိုးဖြိုးကြီး ဖြစ်၏။ အသားအရေ စိုစိုပြည်ပြည်နှင့် ရှိသောကြောင့် သူ့ကိုယ်လုံး ကိုယ်ထည်နှင့် ဝတ်စားထားပုံတို့မှာ အတော်ကြီး ခံ့လှပါသည်။

ကျွန်တော်တို့သည် ရှေးဟောင်းနှောင်းဖြစ်များ ပြောကြသည်။ လှည်းတန်း ၇ လမ်းအိမ်သို့ ဘာကြောင့် ပြန်မလာသည်ကို မေးသောအခါ သူက ဘာမှမပြောဘဲ တဟားဟားရယ်နေပြီး "အဲဒီတုန်းက ကိုယ် မိန်းမရသွားလို့ကွ"ဟုသာ ပြော၏။ ဘယ်က မိန်းမနှင့် ဘယ်လို ရသွားသည်ကို မပြောခဲ့ပါ။

ထို့နောက်တွင်တော့ သူနှင့် ကျွန်တော် ညနေတိုင်းလိုလို တွေ့ကြသည်။ ညနေတိုင်းတွင်လည်း သူက ကျွန်တော့်အား ဟိုတယ်တစ်ခုခုတွင် ညနေစာ အမြဲကျွေးပါ၏။ ထိုအခါ ကျွန်တော်သည် ဘီယာကို ကောင်းကောင်း သောက်တတ်နေပြီ ဖြစ်ပါ၏။ ကျွန်တော်နှင့် ကိုမြစံကြီးသည် ဟိုတယ်တစ်ခုမှ တစ်ခုသို့ ပြောင်းကာ စားကြသောက်ကြ၏။ အရက်ကောင်းလေးများကိုလည်း ဈေးကြီးကြီးပေးကာ မြည်းစမ်း

ကြသည်။ အရက်ကောင်းကောင်းကို ဘယ်လိုသောက်ရမည်၊ အရက်သောက်လျှင် ဘယ်လို အရသာခံရမည်ကို ကျွန်တော်က ပြောသောအခါ သူက မင်းက စာရေးဆရာဖြစ်မယ့်အကောင်ကွဟု ပြောတတ်၏။ သူက အရက်သိပ်မသောက်ပါ။ သူသည် အရက်သောက်သည်ထက် အရက်ဝိုင်းတွင် ထိုင်နေရခြင်းနှင့် ထိုသို့ ဝိုင်းဖွဲ့စကားပြောရခြင်းကို ပို၍ ဝါသနာပါဟန်ရှိပါသည်။ သူသည် အရက်ထက် စီးကရက်ကို ပို၍ နှစ်သက်၏။ ကျွန်တော့်ကိုတော့ သူက ညီတစ်ယောက်လို ချစ်သည်။ သူသည် ထိုအခါက ငွေနှစ်သောင်းခန့်ကို သုံးစွဲသွားပြီး တစ်ကြိမ် ပျောက်သွားခဲ့ပြန်ပါ၏။ ကျွန်တော့်မှာ သေသည် မသိ၊ ရှင်သည်မသိ ဘယ်သွား၍ ဘယ်ဆက်သွယ်ရမှန်းပင် မသိပါ။

ထိုသို့နေရာမှ သုံးလေးနှစ်ခန့်ကြာသောအခါ ကိုမြစံကြီးကို မြေနီကုန်း စာအုပ်အဟောင်းဆိုင်တန်းတွင် မမျှော်လင့်ဘဲ ပြန်တွေ့ခဲ့၏။ ထိုသို့ ပြန်တွေ့သောအခါ သူသည် အတော်လေး ဆင်းရဲနေ၏။ စီးကရက်သောက်စရာပင် ငွေမရှိ။ သူက ပတ္တမြားတည်းခိုးခန်းတွင် တည်းခိုနေသည်။ ရန်ကုန်သို့ ရောက်သည်မှာ တစ်ပတ်ခန့်သာ ရှိသေးသည်။ ကိစ္စတစ်ခုရှိ၍ ရောက်လာခြင်းဖြစ်ကြောင်း ပြော၏။ ထိုနေ့ညက ကျွန်တော်သည် မြေနီကုန်း၌ပင် သူ့ကို ထမင်းကျွေးပြီး ဒူးယားစီးကရက်လေးဘူး ဝယ်ပေးသည်။ နောက်တစ်နေ့ထပ်တွေ့ဖို့ ချိန်းသည်။ သူ ဒုက္ခရောက်နေသော်လည်း ကျွန်တော့်ထံမှ ငွေရေးကြေးရေး အကူအညီ မတောင်းပါ။ နောက်မှ သိရသည်မှာ သူသည်

ထိုအခါက အမှုတစ်ခုကို ရင်ဆိုင်နေရကြောင်း သိရ၏။ ထိုကဲ့သို့ တွေ့ပြီးနောက် ကျွန်တော်သည် သူတည်းခိုနေသော ပတ္တမြားတည်းခိုခန်းသို့ နောက်တစ်နေ့ သွားသောအခါ သူ့အား မတွေ့တော့ဘဲ ရှိခဲ့၏။

သုံးလေးနှစ်ကြာသောအခါ တစ်ညနေ ရုံးဆင်းတွင် ကိုမြစံကြီးသည် ဖယ်မလီယာကားတစ်စီးဖြင့် ကျွန်တော့်ရုံးအောက်ထပ်မှ စောင့်နေ၏။ သူနှင့်အတူ မန္တလေးမှ မိတ်ဆွေတစ်ဦးလည်း ပါလာသည်။ ထိုမိတ်ဆွေမှာ စာပေဝါသနာပါသူ တစ်ဦး ဖြစ်သည်။ ယခုတစ်ကြိမ် လာရောက်စဉ်တော့ ကိုမြစံတွင် လည်းကောင်း၊ သူ့မိတ်ဆွေထံတွင် လည်းကောင်း တစ်ဦးစီတွင် ငွေသုံးသောင်းကျော်မျှလောက် ပါလာကြ၏။ ယင်း ဖယ်မလီယာကားကိုလည်း မိုးလင်းမှ မိုးချုပ် ငှားထားကြသည်။ မိုးချုပ်ဆိုသည်က ည ၁၀ နာရီ ၁၁ နာရီအထိ ဖြစ်သည်။

ကိုမြစံနှင့် သူ့မိတ်ဆွေကြီးတို့သည် သူတို့တွင်ရှိနေသော ယင်းငွေခြောက်သောင်းကျော်ကို ရန်ကုန်တွင် အကုန်သုံးပစ်ကြသည်။ အရက်ကောင်းကောင်းများကိုသာ သောက်၍ ကမ်းနားဟိုတယ်၊ သမ္မတဟိုတယ်၊ အင်းလျားလိပ်ဟိုတယ်နှင့် ရန်ကုန်မြို့ရှိ တရုတ်ဟိုတယ်ကြီးများတွင်သာ လှည့်ပတ် စားသောက်ကြသည်။ တစ်ခါတစ်ရံ တစ်နေ့တည်း ငွေကျပ် သုံးထောင်ကျော် ကုန်သည့်နေ့ရှိ၏။ ဒီနေ့ ကိုမြစံက ကျွေးလျှင် နောက်တစ်နေ့တွင် သူ့မိတ်ဆွေကြီးက ကျွေးသည်။ ဘယ်လိုအကြောင်းတွင် ဘယ်လို အခြေခံ၍ ကျွေးကြ

သည်ကား မသိ။ သူတို့သည် သွားရင်းလာရင်း ရေစုပ်စက်၊ အမှုန့်ကြိတ်စက်၊ မော်တော်စက်ပစ္စည်း အရောင်းအဝယ်လုပ်ငန်းများ အကြောင်း ပြောကြဆိုကြသည်များလည်း ရှိ၏။ သူတို့ကိစ္စများတွင် ကျွန်တော် ဝင်၍ မပြောပါ။ သူတို့ကိစ္စများတွင်လည်း ကျွန်တော့်ကို ဝင်၍ မပါစေပါ။ စားဖို့သောက်ဖို့နှင့် သွားဖို့ကိစ္စများတွင်သာ ကျွန်တော့်ကို လာ၍ ခေါ်တတ်ကြပါသည်။ သို့သော် ကျွန်တော် ရုပ်သေးစာတမ်းတစ်စောင် ဖတ်ကြားသောအခါ သူတို့နှစ်ဦးစလုံး ကျွန်တော့်ကို ကူညီကြပါသည်။

သူတို့သည်ပါလာသောငွေများ ကုန်သော် နယ်သို့ ပြန်သွားကြပါသည်။ သူတို့နယ်သို့ ပြန်သွားကြရာတွင် ကိုမြစံသည် ကျွန်တော့်ကို နှုတ်ဆက်၍ပင်မသွား။ သူ့မိတ်ဆွေကြီးက လာ၍ နှုတ်ဆက်ပါသည်။ နှုတ်ဆက်ရာတွင် ရန်ကုန်မှာ နေစဉ် သူတို့နှစ်ဦး စိတ်ဝမ်းကွဲကြကြောင်း၊ အတော်ကြီး မပြေမလည်ဖြစ်ခဲ့ရကြောင်း၊ ကိုမြစံအား တရားစွဲလိုကြောင်းများ ပါဝင်သည်။ တကယ်တော့ ထိုမိတ်ဆွေမှာ ကိုမြစံမှ တစ်ဆင့် သိခဲ့ရသော်လည်း ယခုထက်တိုင် ကျွန်တော်နှင့် ခင်မင်နေဆဲ ဖြစ်ပါ၏။

ကျွန်တော်သည် ထိုသို့ဖြစ်ပျက်ခဲ့ရာမှ နောက်ပိုင်းတွင် ကိုမြစံ တစ်ယောက် ဘယ်တော့များ ပေါ်လာဦးမလဲဟု တစ်ခါတစ်ရံ စဉ်းစားနေမိပါ၏။ သို့သော်လည်း ယခုတစ်ကြိမ်တွင်တော့ မြုပ်သွားသည်မှာ ပြန်၍ ပေါ်မလာတော့ပါ။ အမှန်တော့လည်း တစ်ဦးတည်း တစ်

ယောက်တည်းဖြင့် ရသမျှငွေများကို ရေလိုသုံးတတ်သော ကိုမြစံလို ပုဂ္ဂိုလ်ကို လူဆိုးကြီးတစ်ဦးဟု ခေါ်ဆိုရမည်ဖြစ်၏။ ကျွန်တော့်ဘဝတွင် အရက်သောက်သည်မှအစ မကောင်းသောအလုပ်ဟု အများတကာက သတ်မှတ်ထားသော အလုပ်များကို လုပ်ဆောင်ရာတွင် အားလုံးသည် သူနှင့် စတင် လုပ်ဖူးခြင်း၊ သူက လမ်းညွှန်ပေးခြင်းတို့သာဖြစ်၏။ ထို့ကြောင့်လည်း ဘဝတွင် သူ့ကို ကျွန်တော် ကောင်းတူ ဆိုးဖက်ဟုသာ သဘောထားခဲ့၏။ သူ့အားနည်းချက်၊ ဆိုးရွားချက်များကိုလည်း ကျွန်တော်သိ၏။ သူက ကျွန်တော့်အပေါ် သံယောဇဉ်ရှိမှုများကိုလည်း ကျွန်တော် မမေ့ပါ။

ဒီလိုနှင့် နေခဲ့ရာ တစ်နေ့တွင် ကျွန်တော့်ထံသို့ ရန်ကုန်ဆေးရုံကြီးမှ တယ်လီဖုန်းလာပါ၏။ တယ်လီဖုန်းဆက်သူမှာ ဆရာဝန်တစ်ဦးဖြစ်၍ "ကိုချစ်စံ၊ ခင်ဗျားမိတ်ဆွေလို့ပြောတဲ့ ဦးမြစံ ဆေးရုံတက်နေတယ်၊ ခင်ဗျားကို ရှာပေးပါလို့ပြောလို့ သတင်းစာတိုက်ကို ဖုန်းဆက်ပြီး တစ်ဆင့်ပြောရတာ၊ အခြေအနေမကောင်းဘူး၊ အမြန်လာပါ"ဟု ဆို၏။ ကျွန်တော်သည် ကိုမြစံတစ်ယောက် ဘာများ ဖြစ်လေသလဲဟု ဆိုကာ ဆေးရုံကြီးသို့ ပြေးခဲ့၏။

ဆေးရုံကြီးသို့ ရောက်သော် ကိုမြစံသည် ခုတင်ပေါ်တွင် ပက်လက်သာ ရှိတော့၏။ သူ့ရုပ်လက္ခဏာတို့ကား ယူပစ်လိုက်သလို ကျဆင်းနေ၏။ ကျွန်တော့်ကိုလည်း စကားကောင်းကောင်း မပြောနိုင်တော့ပေ။ သူသည် ကျွန်တော့် မြင်လျှင်မြင်ချင်း မျက်ရည်များ

ကျလာသည်။ ဘဝကို ဂေါ်လီလုံးလို လိမ့်နေခဲ့၍ တူဖြစ်လျှင်နှံ၊ပေ ဖြစ်လျှင်ခံဆိုသည့်အတိုင်း ရောက်ရာအကွေ့တွင် တွေ့ရာတက်ဖြင့် လှော်ခဲ့သော ကျွန်တော့်မိတ်ဆွေကြီးလည်းဖြစ်၊ မကောင်းမှုများကို သင်ကြားပေးရာတွင် ဆရာတစ်ဆူလည်းဖြစ်ခဲ့သော ကိုမြစ်ကြီးသည် အခုတော့ တောင်ပြိုင်သည့်အလား ဘုန်းဘုန်းလဲလျက် ရှိပါ၏။ကျွန်တော်သည် တတ်နိုင်သမျှ အားပေးစကားများကို ပြောပါ၏။ ထို့အပြင် ဆေးဝါးကုသမှုနှင့် ပတ်သက်၍ လိုအပ်သည်များကိုလည်း လုပ်ဆောင်ပေးရန် ပြင်ဆင်ရပါသည်။ သို့သော် သူသည် ကျွန်တော့်ထံမှ ဆေးဝါးကုသမှုနှင့် ပတ်သက်သည့် အကူအညီအထက် အခြားသောအကူအညီတစ်ခုကိုသာ ရယူလိုဟန် ရှိနေ၏။

"ဖိုးချစ်စံ"

သူ၏အသံသည် ယဲ့ယဲ့မျှသာရှိသည်။ သူသည် စကားများကို တတ်နိုင်သမျှ အတိုချုပ်၍ ပြောနေရပါ၏။

"ငါ့မှာ သားတစ်ယောက်ရှိတယ်"

ကျွန်တော့်ဘဝတွင် သူနှင့်ပတ်သက်၍ သားတစ်ဦးရှိကြောင်း ယခုအကြိမ်သည် ပထမဆုံး ကြားဖူးခြင်းပင် ဖြစ်၏။ ဇနီးရှိသည်ဟု၍လည်း တစ်ခါဖူးမှလည်း မပြော။ လှည်းတန်း ၇ လမ်းမှနေ၍ ပျောက်သွားစဉ်က အဲဒီတုန်းက မိန်းမရလို့ကွ ဟု ဆိုဖူးသော်လည်း ကျွန်တော်ကရယ်စရာနောက်ပြောသည် ဟုသာ ထင်ခဲ့ပါ၏။သားကို

သော်လည်းကောင်း၊ ဇနီးကိုသော်လည်းကောင်း ငွေကြေး ထောက်ပံ့ဖူးသည်ဟုလည်း တစ်ခါမှမဆို၊ ယခုမှ သားတစ်ယောက်ရှိသည်ဟု ဆို၍ ကျွန်တော့်မှာ အံ့အားသင့်နေရ၏။

"ခင်ဗျားသားက ဘယ်မှာလဲ"

"ကသာမှာ"

"သူ့အမေကရော"

"ကျောင်းဆရာမ"

"နာမည်ကရော"

သူက သားအမည်နှင့် ကသာမှ လမ်းတစ်ခု၏ အမည်ကိုပြောပါ၏။ ထိုထက်လည်း မပြောနိုင်တော့ပါ။

"ငါ့သားကို ငါ့ကိုယ်စား မင်း စောင့်ရှောက်ပါ"ဟု အဓိပ္ပာယ်ရသော စကားတချို့ကိုတော့ ပြောပါသေး၏။ နောက်တော့သူမျက်ရည်များ ထပ်ကျသည်။ သားကိုမင်းစောင့်ရှောက်ဖြစ်အောင်စောင့်ရှောက်ပါဟူသောအကြည့်မျိုးဖြင့် ကျွန်တော့်အား အကြိမ်များစွာကြည့်၍ တာဝန်ပေးပါ၏။ ကျွန်တော်က ကျွန်တော် စောင့်ရှောက်ပါမည့်အကြောင်း အကြိမ်ကြိမ် ကတိပေးပါသည်။ သူသည် ကျွန်တော့်ကို အတော်ကြီး ယုံကြည်စိတ်ချသွားဟန် ရှိပါ၏။

ထို့နောက်သော် သူသည် သူ့စိတ်ကို သူ တင်းထားသည်။ ကျွန်တော်က စကားတစ်လုံးမျှ မပြောဘဲရပ်နေ၏။ အနီးမှလူနာရှင် အမျိုးသမီးကြီးတစ်ဦးက ဘုရားစာရွတ် ရန်ပြောသည်။ သူသည်တစ်ခါတစ်ရံ ဗုဒ္ဓဘာသာကို ကိုးကွယ်သော်လည်း တစ်ခါတစ်ရံတွင် ခရစ်

ယာန် ဘုရားရှိခိုးကျောင်းများကို သွားတတ်သူမို့ သူ မည်သည့်ဘာသာ ကိုးကွယ်သည်က ကျွန်တော် မသိ။ ကိုမြစံသည် ဗုဒ္ဓဘာသာ ကျမ်းစာအုပ်များကို တစ်ခါတစ်ရံ အမြောက်အမြား ဝယ်ယူတတ်သလို တစ်ခါတစ်ရံတွင်လည်း ခရစ်ယာန်ဘာသာ စာအုပ်များကိုလည်း ရှာဖွေလာတတ်ပါသည်။ ကျွန်တော့်နှင့်သူ လှည်းတန်းတွင်နေစဉ်က ခရစ်တော်၏။ ပုံတစ်ပုံကို ယူလာပြီး နံရံတွင် ကပ်ထားသည်ကိုတွေ့ခဲ့ရဖူး၏။ ထို့ကြောင့်လည်း ဘာစာကို ရွက်ရမည်ကို မသိ၍ကျွန်တော်က မရွက်ဘဲနေခြင်းဖြစ်ပါသည်။ ထို့အပြင်လည်း ထိုသို့ ရေရွတ်ခြင်းဖြင့် ကျွန်တော်သည် သူ့ကို လူ့ဘဝမှ နှင်လွှတ်နေသလို ဖြစ်မည်။ စိုးသောကြောင့်လည်း ကျွန်တော် ဆိတ်ဆိတ်ပင်နေလိုက်ပါသည်။

သူသည် ကျွန်တော့်အား မျက်လုံးတစ်ကြိမ် ဖွင့်ကြည့်လိုက်ပါသေး၏။ ဤသည်မှာ ကျွန်တော့်အား သူ၏ နောက်ဆုံးနှုတ်ဆက်ခြင်းဖြစ်၏။ နောက်ဆုံး နှုတ်ဆက်ခြင်းသည် ကျွန်တော့်အား သူ့သားအတွက် နောက်ဆုံးတာဝန်ပေးခြင်းလည်း ဖြစ်ပါ၏။ ကျွန်တော်သည် သူ့အား စိုက်ကြည့်မြဲ ကြည့်နေပါ၏။ သူ၏ မျက်လုံးအစုံတို့သည် လူ့ဘဝတွင် တွေ့ခဲ့မြင်ခဲ့ရသည်များကို မတွေ့ချင် မမြင်ချင်တော့သည့်အလား တဖြည်းဖြည်းမှိတ်သွားပါသည်။ သူ့မျက်လုံးများသည် ပြန်၍ ပွင့်မလာတော့ပါ။

ကိုမြစံ ကွယ်လွန်သွားချိန်တွင် အနီး၌ ဆွေလည်းမရှိ။ အမျိုးလည်း တစ်ဦးမှမရှိပါ။ ကျွန်တော် တစ်ဦးတည်းသာ ရှိပါ၏။ သူ့အဖေ ဘယ်သူ၊ သူ့အမေ ဘယ်သူ ဆိုသည်ကိုလည်း ကျွန်တော် မသိပါ။

သူသည် ဘယ်မြို့ ဘယ်ရွာကဆိုသည်ကိုလည်း ကျွန်တော် မသိပါ။

သတင်းစာတွင် အသုဘကြော်ငြာထည့်ဖို့အတွက်ပင် သူ့အကြောင်း အရာနှင့်ပတ်သက်၍ ဘာမျှ မရေးနိုင်ပါ။ ဆေးရုံတွင် ပေးထားသော လူနာနှင့်ပတ်သက်သည့် အကြောင်းအရာများကို ကြည့်သောအခါ တွင်လည်း အမှန်အကန်များမဟုတ်ဘဲ ပေးချင်သလို ပေးထားကြောင်း ပေါ်လွင်နေပါ၏။ သူ့အဖေ၏ နာမည်မှာ သူ့မိတ်ဆွေ ကျွန်တော့် မိတ်ဆွေ တစ်ဦးဖြစ်သူ၏ အမည်ဖြစ်နေပြီး အမေနာမည်မှာကျွန်တော့် နာမည်ဖြစ်နေ၏။ နေရပ်လိပ်စာမှာ ကျွန်တော်တို့ လွန်ခဲ့သောအနှစ်

၂၀ လောက်က အတူနေခဲ့သည့် လှည်းတန်းမှ အိမ်ကလေး၏ လိပ်စာ ဖြစ်နေသည်။

ကိုမြစံ၏ ဘဝကို ပြန်၍ သုံးသပ်ပါသော် သူသည် လူတော် တစ်ဦးဆိုသည်ကား ငြင်း၍မရ။ အင်္ဂလိပ်စာ၊ မြန်မာစာ နှစ်ဘာသာ တတ်ကျွမ်း၍ မြန်မာစာတွင် အတော်ကြီး နှံ့နှံ့စပ်စပ် ရှိ၏။ မြန်မာ ကဗျာ၊ ဝတ္ထု၊ ခရီးသွားဆောင်းပါး စသည်တို့ကို မည်သူ့ရေးဟန်က ဘယ်လို၊ တင်မိုးက ဘယ်လို၊ မောင်စွမ်းရည်က ဘယ်သို့ဟု ပြော နိုင်၏။

သူသည် သူ့အရည်အချင်းနှင့်ဆိုပါက နိုင်ငံအတွက်ရော၊ သူ့ မိသားစုအတွက်သာမက မိတ်ဆွေ အပေါင်းအသင်းများ၏ အကျိုး အတွက်ပါ ကောင်းရာကောင်းကြောင်းများကို အများကြီး လုပ်ဆောင် နိုင်သူ တစ်ဦးဖြစ်၏။ သို့သော် သူသည် သူ၏ တစ်ဦးတည်းသော

သားအတွက် ငွေကျပ်တန် တစ်ရွက်ကိုမျှ မထားခဲ့နိုင်ပါ။ သူကွယ်လွန်ပြီးသောအခါ သူ့အိတ်ကပ်ထဲတွင် မတ်စေ့အဟောင်း တစ်စေ့ကိုသာ တွေ့ရပါ၏။ ဘဝကူးရန် ကူးတို့ခမျှသာ ဖြစ်သော ဤမတ်စေ့တစ်စေ့ကိုသာ ချန်ထားခဲ့ပြီး သူရှာခဲ့သည့် သိန်းဂဏန်းမျှရှိသောငွေများကို သူ အကုန်သုံးပစ်ခဲ့သည်။ သူ သေချိန်တွင် သူ၏ အသက် ၄၈ နှစ်ဝန်းကျင်တွင်သာ ရှိသေး၏။ သေရသည့် အကြောင်းရင်းမှာလည်း အစာအိမ်ရောဂါတစ်ခုကြောင့် ဖြစ်၏။ တိုက်ဖွိုက်ဖြစ်ပြီးမနားဘဲခရီးထွက်ခဲ့ရာမှ ရန်ကုန်ရောက်ပြီး သေရသည့် သဘော ရှိ၏။

သူသေသောအခါ သူ့ဘေးတွင် ကျွန်တော် တစ်ဦးတည်းသာ ရှိ၏။ ကျွန်တော့်အား ဆရာဝန်က တယ်လီဖုန်း ဆက်မိသောကြောင့် ကျွန်တော့်မှာ အသုဘရှင်အဖြစ် သင်္ဂြိုဟ်ခွင့်ရခဲ့သော်လည်း အကယ်၍သာ ကျွန်တော် ထိုတယ်လီဖုန်းကို မရခဲ့ပါလျှင် သူသည် ကျွန်တော့်အား သူ့သားအတွက် အပ်နှံဖြစ်မည်လည်း မဟုတ်။ သေခါနီးအယူဖြောင့်ချင်မှလည်း ဖြောင့်မည်။ နိုင်ငံတော်က သင်္ဂြိုဟ်ပေးသောအသုဘတစ်ခုအဖြစ် သေဆုံးသွားမည်ဖြစ်၏။ ကျွန်တော်သည်လည်း ကိုမြကြီး ဘယ်တော့များ ပေါက်လာဦးမလဲဟု နှစ်ပေါင်းများစွာမျှော်နေမိမည် ဖြစ်ပါသည်။

*

သေခြင်းတရားက ကျွန်ုပ်တို့အား မခြောက်လှန့်ပါ။
သို့သော် အသက်ငင်နေရမည့် အနေအထားကသာ
ခြောက်လှန့်နေခြင်းဖြစ်ပါ၏။

**မွန်တီး**
**ပြင်သစ်အမျိုးသားအတွေးခေါ်ပညာရှင်**

# ဇီဝိတချုပ်လျှင် ထင်းနုပ်ဖြစ်ရ၏

ဤခရီးနီးသလား။

ကျွန်တော်ရပ်နေသောနေရာမှာ ကားတိုက်ခံရသည့် ဖော်ပြပါ တရုတ်အမျိုးသားလူငယ်လေး၏ အလောင်းကို ပြင်ထားသော အခန်းငယ်လေးတွင်း ဖြစ်၏။ ဤအခန်းငယ်နှင့် ကပ်လျက်တွင်ကား အခန်းကျယ်ကြီးတစ်ခု၏။ ထိုအခန်းကျယ်ကြီးထဲတွင် အလောင်း စင်ငါးခုရှိသည်။ ကျွန်တော်သည် အခန်းငယ်ထဲမှ နံရံတစ်ခုသာ ခြားနေသော အခန်းကျယ်ထဲသို့ ထွက်လာခဲ့၏။

ကျွန်တော် ထိုအခန်းကျယ်ထဲသို့ ရောက်သွားချိန်တွင် ထို အခန်း၏ အရှေ့ဘက် အစွန်ဆုံး အလောင်းပေါ်တွင် အသက် ၄၅

နှစ်ခန့်ရှိသော အမျိုးသမီးတစ်ဦး၏ အလောင်းကို ပြင်ထားသည်။ အလောင်းသည် ပိန်လှီလွန်းလှ၏။ အနီးတွင် အစ်မအရွယ် အမျိုးသမီးတစ်ဦး ရပ်နေ၏။ သူသည် လောကဓံကို ကြံ့ကြံ့ခံရင်း ဘဝမုန်တိုင်း၏ ဒဏ်ရာဒဏ်ချက်များကြောင့် ငိုအားပင် ရှိဟန်မတူ။

ထိုအမျိုးသမီးကြီးသည် သေသူ၏အလောင်းကို ကြည့်ကာ "အေး ညီမတော့ ဝဋ်ကျွတ်တာပဲ" ဟု ပြောဆိုနေပုံလည်း ရ၏။ ကံကြမ္မာသည် ထိုညီအစ်ကိုမောင်နှမတို့အတွက် မျက်နှာသာပေးခဲ့ဟန် မတူပါ။ အမျိုးသမီးကြီးသည် အပြင်သို့ တစ်စုံတစ်ယောက်ကို လှမ်း၍ကြည့်လိုက်၊ အလောင်းကို ကြည့်လိုက်ဖြင့် ပြုလုပ်နေ၏။ တစ်ခါတစ်ရံတွင်တော့ အလောင်းကို တွေတွေကြီး ကြည့်နေသည်။ ထိုသို့ကြည့်နေရာမှ အခန်း၏ အလယ်တွင် လူများစုပြုံကြည့်နေသော အခြားအလောင်းတစ်ခုထံသို့လည်း လှမ်း၍ ကြည့်လိုက်သည်။

ထို့နောက် အလောင်းစင်၏အောက်တွင်ပင် ဆောင့်ကြောင့်ထိုင်ချရင်း အသုဘချရမည့်အချိန်ကို စောင့်နေပြန်သည်။ ထိုအမျိုးသမီးသည် ရန်ကုန်မှမဟုတ်ဘဲ နယ်မှ ကိစ္စတစ်ခုခုဖြင့် လာရင်းပင် သေသလား သို့မဟုတ် နယ်မှ ဆေးလာကုရင်းပင် အသက်ဆုံးရှုံးခဲ့ရခြင်းလားမသိ။ အသုဘလိုက်ပို့သူများပင် တစ်ဦးတစ်ယောက်မှ မတွေ့ရသေး။ အလောင်းကိုလည်း ခပ်နွမ်းနွမ်းပင် ပြင်ထား၍ အလောင်း၏ ခေါင်းရင်းတွင် လေဟာပြင်ထဲမှ ဝယ်လာဟန်ရှိသော ထမင်းထုပ်တစ်ထုပ် တင်ထား၏။

အမျိုးသမီးကြီးသည် ထိုင်နေရာမှထလိုက်ပြီး သူ့ညီမဖြစ်ဟန်တူသော အလောင်းဆီသို့ လာပြန်သည်။ အလောင်းကို ထပ်၍ကြည့်

ပြီး သူ့ခေါင်းမှ စိုက်ထားသော ပန်းဝါဝါလေးတစ်ပွင့်ကို အလောင်း၏ ခေါင်းတွင် ထိုးလိုက်ပြီး ပြန်ထိုင်နေလေ၏။

ဤအမျိုးသမီး သေရခြင်းကား မီးစာလည်းကုန်၊ ဆီလည်းခန်းကာ သေဆုံးရခြင်းမျိုးပင် ဖြစ်ပါမည်။

ကျွန်တော်သည် ထိုအလောင်းအား သေချာစွာ ကြည့်နေပြီးခါမှ လူအများအပြား စုဝေးနေသော အခန်း၏ အလယ်ရှိ အလောင်းဆီသို့ တိုး၍ကြည့်ရသည်။ ထိုအလောင်းတွင်တော့ တိုးမပေါက်အောင်ပင် လူများက အုံနေ၏။ ကျွန်တော့်မှာ မည်သို့သော အသုဘဖြစ်မည်ကို ပို၍ သိချင်လာသောကြောင့် ရှေ့သို့ရောက်အောင် တိုးရသည်။

အလောင်းပတ်ပတ်လည်တွင် လူများက ဝိုင်းနေ၏။ တစ်ယောက်က 'အိပ်နေတဲ့အတိုင်းပါပဲ'ဟု ဆိုလိုက်သည်။ ကျွန်တော့်ရှေ့မှ အမျိုးသမီးတစ်စု ထွက်သွားသဖြင့် ကျွန်တော် ရှေ့သို့ တိုး၍ နေရာယူရသည်။ ထိုအခါတွင်မှ စင်ပေါ်က အလောင်းကို သေသေချာချာ တွေ့လိုက်ရ၏။ အမျိုးသမီးငယ်တစ်ဦး သေဆုံးရသည်မှာ တကယ်ပင် အိပ်စက်နေသည့်အတိုင်း ဖြစ်၏။

ထိုအမျိုးသမီး၏ အသက်သည် ၁၉ နှစ်ဖြစ်၍ အသားဖြူဖြူပြည့်ပြည့်ဖြိုးဖြိုးဖြစ်သည်။ မူလက ပြည့်ပြည့်ဖြိုးဖြိုးရှိသော မိန်းကလေး၏ အလောင်းကို လှပအောင် မိတ်ကပ်များဖြင့် ခြယ်သထား၏။ မျက်ခုံးဆိုးဆေးများကိုလည်း ဆိုးထားပြီး နှုတ်ခမ်းနီလည်း ဆိုးထားသည်။ မျက်တောင်အတုလေးများပင် တပ်ထားဟန်ရှိသည်။

ပါးနှစ်ဖက်မှာလည်း ပါးနီဆိုးထားပြီး မျက်နှာတစ်ခုလုံးကို မှုန်းခြယ်ထား၍ တကယ်ပဲ အိပ်နေသလို ထင်ရ၏။

ဤအမျိုးသမီးကို မည်သို့သောရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ လှပအောင် ပြုပြင်ထားသည်ကား မသိ။ ကမ္ဘာပေါ်တွင်ကား ထိုသို့ အလောင်းအား လှပအောင် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ အယူအဆ တစ်ရပ်မှာ "ထိုသို့ပြုလုပ်ခြင်းသည် အသက်ရှင်နေသော ပကတိလူကောင်းနှင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်းမှာ သေခြင်းတရားကို ကြောက်ရွံ့၍မသေချင်ယောင်ဆောင်ခြင်း ဖြစ်သည်"ဟု ဆိုကြ၏။

တစ်နည်းဆိုရသော် သေခြင်းဟူသော အနိဋ္ဌာရုံ တရားကို နည်းပရယာယ်တစ်မျိုးဖြင့် ဖုံးကွယ်ခြင်းဟု ယူဆကြ၏။ အမေရိကန်လူမျိုးတို့သည်လည်း အလောင်းကို လှပအောင် ပြင်ဆင်တတ်ကြသည်ဟု ဆို၏။

အချို့သည် အလောင်းကို မပုပ်မသိုးအောင် ဆေးထိုးဆေး စိမ်ပြီး မျက်နှာတွင် ဖယောင်းဖုံးအုပ်၍ မျက်နှာချေများ၊ အလှဆီများ၊ မိတ်ကပ်များလိမ်းကျံ၍ ပြုပြင်ထားတတ်၏။ အချို့မှာ သေသူ အသက်ရှင်စဉ်က စာဖတ်ဝါသနာပါလျှင် စာအုပ်တစ်အုပ်ကို လက် မှ ကိုင်ထားဟန်၊ ဆေးတံသောက်သူဖြစ်ပါက ဆေးတံသောက်နေဟန် ပြုလုပ်၍ ဆေးရည်စိမ်ထားခြင်းများလည်း ရှိသည်။

အသုဘရုပ် ကွယ်ပျောက်စေလျက် လှပအောင် ပြုပြင်ထား

ခြင်းထက် ထူးကဲသော လုပ်ရပ်တစ်ခုမှာ ယခုအခါ အမေရိကန်၊ ဥရောပ အစရှိသော နိုင်ငံကြီးများတွင် အလောင်းကို ရေခဲကျပ်တင်ထားကြခြင်းဖြစ်၏။ ရေခဲကျပ်တင်ခြင်းသည် အလွန်မှ စရိတ်စကကြီးလှ၍ အလွန်ချမ်းသာကြွယ်ဝသူများပင် တတ်နိုင်ကြ၏။ သိပ္ပံပညာသည် ယခုအခါ မသေအောင်ဖြစ်စေ၊ သေသူကို ပြန်ရှင်အောင်ဖြစ်စေ မပြုလုပ်နိုင်သေးသော်လည်း သေခြင်းတရားအား အချိန်ဆွဲထားခြင်းကိုမူ ပြုလုပ်နိုင်၏။ ယနေ့သေရမည့် လူမမာကို အောက်ဆီဂျင် ပေးထားခြင်း၊ ဂလူးကို့စ်အစရှိသော အရည်များ ပေးထားခြင်းဖြင့် အသက်ကို အချိန်ကာလအားဖြင့် ဆွဲထားနိုင်၏။

ထိုလူမမာတစ်ဦးသည် အောက်ဆီဂျင်ပိုက် ဖြုတ်လိုက်ပါက ယခုပင် သေနိုင်သော်လည်း အောက်ဆီဂျင်ရနေ၍ အသက်ဆက်ရှင်နေနိုင်၏။

ကျွန်တော့်မိတ်ဆွေတစ်ဦး အသည်းရောဂါဖြင့် ဆေးရုံတက်နေစဉ် လူနာသည် သတိပြန်ရလိုက်၊ မေ့မြောသွားလိုက်ဖြင့် ဖြစ်နေရာ နောက်တစ်နေ့သည် သောကြာနေ့ဖြစ်၏။ သောကြာနေ့သည် သူ၏ မွေးနေ့ဖြစ်သည်။ မြန်မာတို့သည် မွေးနေ့၌ သေတတ်သည်။ မွေးနေ့ကျော်ပါက မသေနိုင်ဟူသော အယူအဆရှိကြလေရာ လူနာရှင်များက “မနက်ဖြန်တော့ သောကြာနေ့ပဲ။ မနက်ဖြန်မှ မသေသေးရင်တော့ လက်ခမောင်းခတ်နိုင်ပြီ”ဟု မိမိတို့ဘာသာ ပြောဆိုကြသောအခါ သူနာပြုဆရာမလေးတစ်ဦးက “မနက်ဖြန်တစ်ရက် မသေအောင်တော့ ကျွန်မတို့ ကြိုးစားနိုင်ပါတယ်၊ အဲဒီ မနက်ဖြန်ကျော်လို့

ဟိုဘက်ကျရင်သာ မတတ်နိုင်တာ။ တစ်ရက်တော့ မသေသေး အောင် ကျွန်မတို့ ကြိုးစားပေးပါ့မယ်”ဟု ပြောဆိုဖူးပါ၏။

သိပ္ပံပညာသည် တိုးတက်လာ၍ သေခြင်းတရားကို ရွှေ့ဆိုင်း နိုင်ရုံမက သေသူကို ပြန်၍ရှင်အောင် ပြုလုပ်နိုင်သော ကာလသို့ ရောက်ပါက ယခုကဲ့သို့ မပုပ်မသိုးအောင် ရေခဲကျပ်တင်ထားသော အလောင်းများကို သိပ္ပံပညာရှင်တို့က အသက်သွင်းကြရန် ယခုကဲ့ သို့ အလောင်းများကို ရေခဲကျပ်တင်၍ သိမ်းဆည်းထားခြင်းဖြစ်ပါ သည်။

ထိုသို့ အလောင်းကျပ်တင်ထားကြခြင်းကို အရူးထခြင်းဟု ဆိုကြသူများလည်း ရှိ၏။ သို့သော် ကမ္ဘာပေါ်တွင် ငွေကြေး အမြောက်အမြား အကုန်အကျခံကာ ရေခဲကျပ်တင်ထားသော အလောင်းများသည် တိုးပွားလျက်ရှိပါ၏။

ရေခဲကျပ်တင်ခြင်းမှာလည်း ဘဝကို ခုံမင်၍၊ အသက်ရှင်လို ၍၊ သေခြင်းကို မနှစ်မြို့၍ စီစဉ်မှုတစ်ရပ်ဖြစ်သည်။

အနောက်တိုင်းသားများသည် အရှေ့တိုင်းသားများထက် ပို၍ သေခြင်းတရားကို မျက်ကွယ်ပြုကြ၏။ အရှေ့တိုင်းသားများသည် သေခြင်းတရားကို မနှစ်မြို့လှသော်လည်း မျက်ကွယ်မပြုဘဲ သင့် တင့်လျောက်ပတ်စွာ ရှုမြင်သုံးသပ်တတ်ကြပါသည်။

မြန်မာလူမျိုးများအတွင်း မသာတစ်ခေါက် ကျောင်းဆယ် ခေါက် ဟူသော စကားပုံသည် သေခြင်းတရားကို မျက်ကွယ်မပြုရန်

သေခြင်းတရားကို ရှုမြင်သုံးသပ်နိုင်ရန် ထားရှိသော စကားပုံ ဖြစ်သည်။

တရုတ်လူမျိုးများသည်လည်း မသေမီကပင် သချိုင်းမြေကို ဝယ်ယူထားခြင်း၊ မသေမီကပင် အသုဘခေါင်းများ ဝယ်ယူထားခြင်းများ ပြုလုပ်တတ်ကြ၏။ ဤအလေ့အကျင့်မှာလည်း သေခြင်းတရားကို ရင်ဆိုင်ရန် ပြင်ဆင်ထားချက်တစ်ရပ်ဟု ဆိုနိုင်ပါ၏။

အမှန်စင်စစ် သေခြင်းတရားဟူသည် မမြင်လိုပါဟု ဆို၍ရသော တရားမဟုတ်။ ကျွန်ုပ်မသေချင်ပါဟု ဆို၍မရ။ သေခြင်းတရားသည် မမြင်လိုသော်လည်း မိမိ မိသားစုအတွင်းမှ တစ်စုံတစ်ယောက် သေဆုံးခြင်းမျိုး၊ အိမ်နီးနားခြင်း တစ်ဦးဦး သေဆုံးခြင်းမျိုးနှင့် ကြုံကြိုက်သောအခါ မလွှဲမရှောင်သာ ရင်ဆိုင်တွေ့ကြုံရမည်သာ ဖြစ်၏။ အနည်းဆုံး သတင်းစာဖတ်ရှုပါက နေ့စဉ် လူသေကြောင်းနာရေးကြော်ငြာများကိုမူ ဖတ်ရှုရမည် ဖြစ်သည်။

ကျွန်ုပ်မသေချင်ပါဟူ၍ မည်သူ့ကိုမျှ တောင်းပန်၍မရ။ အကြောင်းပေါင်းစုံဖြစ်ပါက သေခြင်းတရားကို ရင်ဆိုင်ရမည်သာ ဖြစ်၏။ သေဆုံးသူ၏ အလောင်းကို လှပအောင် မည်သို့ပင် ပြင်ဆင်ထားစေကာမူ ပြန်လည် ရှင်သန်နိုင်မည် မဟုတ်ပါ။

ကျွန်တော်သည် အမျိုးသမီးငယ်၏ အလောင်းကို တိုး၍ သေသေချာချာ ကြည့်မိပြန်ပါ၏။ အလောင်းကို ရေမွှေးများလည်း ဆွတ်ထားကြပါ၏။

ယခု သေဆုံးနေသည့် အမျိုးသမီးသည် ကျောင်းသူလေး တစ်ဦး ဖြစ်ပြီး ခေါင်းရင်းတွင် ပန်းခွေသုံးလေးခု ထောင်ထားသည်ကို လည်း တွေ့ရသည်။ ထိုအမျိုးသမီးဘေးတွင်ကား ငိုယိုနေသူများ ထက် လာရောက်ကြည့်ရှုနေသူတို့က များသည်။ အမျိုးသားတစ်ဦး က ယပ်တောင်တစ်ချောင်းဖြင့် ယင်များကို ယပ်ထုတ်ပေးနေပြီး အမျိုးသမီး ရွယ်ရွယ်တစ်ဦးကတော့ ငိုနေပါ၏။ သူသည် ငိုနေရုံမျှ မက သူ့ခင်ပွန်းအားလည်း ငိုလေ ငိုလေဟုဆိုကာ ပခုံးကို တဘုန်း ဘုန်း ထုနေ၏။ ထိုအခါ ခင်ပွန်းသည်က ယင်းအမျိုးသမီးအား ချော့ ၍ ဆွဲထုတ်သွားသည်ကို တွေ့ရ၏။

ကျွန်တော့်မှာ နောက်မှ တိုးနေသူများကြောင့် ကြာရှည် ကြည့်ခွင့်မရ။ ထို့ကြောင့်လည်း လူအုပ်ထဲမှထွက်ကာ ခပ်လှမ်းလှမ်း မှ ပြန်၍ လှေ့လာရပြန်၏။

မကြာမီပင် ထိုအမျိုးသမီးငယ်အား သုသာန်သို့ ပို့ဆောင်မည့် အသုဘကား ဆိုက်ရောက်လာသည်။ ထို့ကြောင့် ကျွန်တော်သည် နောက်သို့ ထပ်ဆုတ်၍ပင် ရှောင်ပေးရ၏။

ကျွန်တော်သည် ရှောင်ပေးရင်းမှ အခန်း၏ အစွန်ဆုံးဘက် တွင် ပြင်ထားသော အလောင်းနားသို့ ရောက်လာသည်။ ထို အလောင်းနားမှ အိန္ဒိယအမျိုးသား လေးငါးယောက်လောက်ရှိ၏။ သေသူ၏ ဇနီးဖြစ်ဟန်တူသော အိန္ဒိယအမျိုးသမီးမှာ ရှိုက်ကာရှိုက် ကာ ငိုနေ၏။ အမျိုးသမီးသည် ကိုယ်ဝန်နှင့်ဖြစ်သည်။ နေ့စေ့လစေ့ တော့ မဟုတ်သေးပေ။ အိန္ဒိယအမျိုးသားကြီးတစ်ဦးက အမွှေးတိုင်

တချို့ကို မီးရှို့ပြီး အလောင်း၏ခေါင်းဘက်ရှိ ပန်းအိုးတွင် စိုက်ထူနေ၏။ သေဆုံးသူ အိန္ဒိယအမျိုးသားမှာ အနည်းငယ် ရုပ်ပျက်နေ၍ ပါးစပ်အတွင်း၌လည်း ဂွမ်းများကို ထည့်ထား၏။ ခဏကြာသော် အမွှေးတိုင်ထွန်းထားသော အိန္ဒိယအမျိုးသားကြီးသည် အလောင်း၏ မျက်နှာအား လက်ကိုင်ပဝါနှစ်ခုနှင့် အုပ်ထားလိုက်ပါ၏။

ထို့နောက်တော့ ကျွန်တော်သည် ထိုနေရာမှ ထွက်၍လာခဲ့ပါသည်။ ကျောင်းသူအမျိုးသမီး၏ အသုဘချရန် ကြေးစည်ကိုလည်း တစ်ချက်ချင်းထုနေပါ၏။ ကျွန်တော်သည် အနီးရှိ တရားနာသည့် ဇရပ်အောက်သို့သွားကာ မြင်ကွင်းအားလုံးကို ခြုံ၍ ကြည့်နေမိပြန်၏။

မြင်ကွင်းကတော့ မထူးဆန်းလှပါ။ ဤနေရာတွင် နေ့စဉ်လာကြည့်ပါက နေ့စဉ် တွေ့နေရမည့် မြင်ကွင်းမျိုးဖြစ်၏။ ထူးခြားစွာ သတိပြုမိသည်က ထိုအနီးတဝိုက်တွင် ကလေးငါးဆယ်ခန့် ကစားနေကြခြင်း ဖြစ်သည်။

အချို့ကလေးများမှာ သားရေကွင်းပစ်နေကြ၏။ အချို့ကလေးများက ဂေါ်လီရိုက်နေကြသည်။ ရန်ကုန်မြို့ရှိ ကလေးများအတွက် ဆော့ရန်နေရာကရှားလှသည်။ ရသည့်နေရာတွင်ပင်ကစားနေကြပေရာ ထိုကလေးများကလည်း အသုဘတစ်လောင်းချသွားသည်ကို သားရေကွင်းတစ်ကွင်း အရှုံးအနိုင်လောက် စိတ်ဝင်စားကြဟန် မတူပါ။ သူတို့အဖို့ နေ့စဉ်တွေ့နေရသောကြောင့် ရိုးနေကြဟန်လည်း တူပါ၏။ ကျောင်းသူ အမျိုးသမီးငယ်၏ အလောင်းကို နိဗ္ဗာန်

ယာဉ်ပေါ်သို့ တင်ဆောင်သွားကြ၏။ အလုံးအလဲ ငိုယိုသူများကို မော်တော်ကားများပေါ်သို့ တွဲယူသွားကြပြီး နိဗ္ဗာန်ယာဉ်နောက်သို့ ကားတစ်စီးပြီးတစ်စီး တန်းစီ၍ လိုက်သွားပါ၏။

ကျွန်တော်သည် နာရီကိုကြည့်လိုက်မိသောအခါ နေ့လယ် ၂ နာရီ ၁၅ မိနစ် ရှိနေပြီဖြစ်သည်။ နောက် နာရီဝက်ခန့်ကြာသော အခါ ထိုအမျိုးသမီးငယ်၏ အလောင်းသည် ကြံတောသုသာန်သို့ ရောက်မည်။ ရောက်လျှင် မိတ်ကပ်များ၊ မျက်ခွံဆိုးဆေးများနှင့် လှပမွှေးကြိုင်အောင် ပြုပြင်ထားသော ဤအလောင်းကို မီးစက်ကွင်းထဲ ထည့်၍ သင်္ဂြိုဟ်ပစ်ကြမည် ဖြစ်၏။

ထိုအခါ ဤအလောင်းကောင်သည် ထင်းစတစ်စကဲ့သို့သာ ရှိမည်ဖြစ်၏။ ထို့ကြောင့်လည်း "ဇီဝိတချုပ်လျှင် ထင်းနုပ်ဖြစ်"ဟု ဆိုခြင်းဖြစ်သည်။

လူတစ်ယောက် သတ္တဝါတစ်ဦး သေခြင်းဟူသည် ဇီဝိတ အဆက် ပြတ်သွားခြင်းဖြစ်၏။ ဇီဝိတပျက်လျှင် ခန္ဓာပျက်၏။ ခန္ဓာ ပျက်ခြင်းသည် သေဆုံးခြင်းဖြစ်သည်။ သတ္တဝါတစ်ဦးဦးသည် ဥပစ္ဆေဒကကံဟူသော တုတ်၊ ဓား၊ လက်နက် စသည့် တစ်စုံတစ်ရာ ဖြင့် အထိခံရသည့်အခါ ဇီဝိတကို ထိခြင်းဖြစ်၏။ ဇီဝိတကို ထိခိုက် သောအခါ ဇီဝိတသည် ခါတိုင်းကဲ့သို့ ကျေးဇူးပြုခြင်း၊ စောင့်ရှောက် ခြင်းတို့ကို ကြာမြင့်စွာ မပြုနိုင်ရကား ဇီဝိတ အလျဉ်ပြတ်ကာ သေရ ခြင်းသို့ ရောက်ရသည်။

ရုပ်ဇီဝိတဟူသော ရုပ်သက်သည် သူနှင့်အတူတကွ ဖြစ်ရ

ပျက်ရသော ရုပ်တရားများကို တည်နေနိုင်အောင် စောင့်ရှောက်သည့် အပြင် နောက်နောင်ရုပ်များကိုလည်း မိမိကဲ့သို့ ဆက်လက်ဖြစ်ရန် စောင့်ရှောက်ကျေးဇူးပြု၏။

ဤဇီဝိတရုပ်ကို အာယု = အသက်ဟူ၍ ခေါ်ဆိုရ၏။ ဤနည်းတူ နာမ်တရားများတွင် ပါဝင်သော နာမ်ဇီဝိတကိုလည်း အာယု = အသက်၊ နာမ်သက်ဟူ၍ ဆိုရ၏။

လူတစ်ယောက် သို့မဟုတ် သတ္တဝါတစ်ဦးဟူသည် ဤ အာယု ဟူသော အသက် (ရုပ်ဇီဝိတ – နာမ်ဇီဝိတ)၊ အအေးအပူဟူ သော ဥတု (ဥသ္မာအငွေ့)၊ ကံကြောင့်ဖြစ်သော ဝိညာဉ် (သိစိတ်)၊ ဤသုံးပါးနှင့်အတူ အာဟာရကြောင့်ဖြစ်သော ရုပ်များ၊ ကံတရား၊ အခြားအာရုံများ စသည်တို့ လှုပ်ရှားဖြစ်ပွားနေမှုကိုပင် လူတစ်ယောက်၊ သတ္တဝါတစ်ဦးဟု ခေါ်ဆိုရခြင်း ဖြစ်သည်။

ဤအာယုဟူသော အသက်ဓာတ်၊

ကံကြောင့်ဖြစ်သော ဥသ္မာအငွေ့ဓာတ်၊

ဘဝတစ်ခုမှ စတင်ခဲ့သော ပဋိသန္ဓေစိတ်ဝိညာဉ်၊

ဤတရားသုံးပါးတို့သည် ဤခန္ဓာကိုယ်မှ အပြီးအပိုင်စွန့်ခွာ သွားကြပြီဟုဆိုလျှင် ဤခန္ဓာကိုယ်ကြီးသည် ထင်းနုပ် ထင်းဖွဲ အဆွေးအမြည့်အလား မည်သို့မျှ အသုံးချ၍မရသော အဖြစ်သို့ ရောက်ရှိသွားပေတော့၏။ ဤသည်ကိုပင် “သေပြီ၊ သူသေပြီ၊ မောင် ဖြူသေပြီ၊ မနီသေပြီ”ဟု ဆိုကြတော့၏။

အာယု ဥသ္မာစ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ
အပဝိဒ္ဓေါ ဟဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ။

အာယုစ– ရုပ်ဇီဝိတ၊ နာမ်ဇီဝိတဟူသော အသက်သည်လည်းကောင်း။ ဥသ္မာစ– ကံကြောင့်ဖြစ်သော ကိုယ်ငွေ့သည်လည်းကောင်း။ ဝိညာဏံ– ပဋိသန္ဓေဝိညာဏ်သည်လည်းကောင်း။ ယဒါ – အကြင်အခါ၌။ ဣမံကာယံ – ဤကိုယ်ကောင်ကြီးကို။ ဇဟန္တိ – စွန့်ခွာ၍ သွားကြကုန်၏။ တဒါ – ထိုအခါ။ အယံတာယော – ဤခန္ဓာကိုယ်ကြီးသည်။ နိရတ္ထံ – အသုံးမကျတော့သော။ ကလိင်္ဂရံ ဣဝ – ထင်းနုပ် ထင်းဖွဲကဲ့သို့။ အပဝိဒ္ဓေါ – လှုပ်ရှားမှု ကင်းလျက်။ သေတိ – အိပ်ရ၏။

မွေးဖွားခြင်းသည် သေခြင်း၏ အစကပင် ဖြစ်သည်။
အက်ဒ်ဝပ်၊ ယန်း
(၁၆၈၈–၁၇၆၅)
အင်္ဂလိပ်လူမျိုး ကဗျာဆရာကြီး

# ရေပွက်ပမာ ခဏတာတည်း

ဤခရီးနီးသလား။

လူတစ်ဦးအဖို့ မမွေးဖွားမီ ပဋိသန္ဓေ တည်သည်မှစ၍ နှစ်ပေါင်း တစ်ရာ၊ နှစ်ပေါင်း ငါးဆယ် စသည်ဖြင့် အသက်ရှင်နေသမျှ ကာလပတ်လုံး မသေနိုင်သော နာရီဟူ၍ တစ်မိနစ်မျှပင် မရှိပါ။ သတ္တဝါတစ်ဦးအဖို့ မိနစ်တိုင်း၊ နာရီတိုင်း အချိန်ရှိသမျှသည် သေနိုင်သော အချိန်များသာ ဖြစ်၏။ မသေနိုင်သော အနေအထားဟူ၍ ထွက်လေဝင်လေ တစ်ခုစာမျှ မရှိပေ။ သေနိုင်လောက်သော အနေအထား တစ်စုံတစ်ရာနှင့် ကြုံတွေ့ရသော် ဘယ်နာရီ ဘယ်ခဏတွင် မဆို သေမည်ကေန် ဖြစ်၏။

သို့ပါလျက် လူသတ္တဝါတို့သည် သေခြင်းတရားကို မဆင်ခြင်နိုင်ဘဲ ရှိကြ၏။ အသုဘ လိုက်ပို့ကြသူတို့ကလည်း ဘယ်တော့မှ မသေတော့မည့်အလား အသုဘပို့သည့်ကားပေါ်တွင်ပင် အတင်းအဖျင်းများ တစ်ပုံတစ်ပင် ပြော၍ လိုက်ပါလာကြ၏။ အချို့သူတို့က အသုဘရှင် မုဆိုးမကိုပင် အသုဘပို့ရင်း မေးငေါ့သူတို့ကလည်း ရှိကြသေး၏။

ကျွန်တော်သည် ရင်ခွဲရုံမှထွက်လာပြီး လေဟာပြင်ဈေးသို့ မျက်နှာမူကာ ခေတ္တမျှ ရပ်နေပါသေးသည်။ အမြန်ကား အငယ်လေးများကို မောင်းလာကြသူတို့သည် သူ့ထက်ငါ အတင်းကျော်တက်နေကြ၏။ ကားတစ်စီးက ရှေ့ကားတစ်စီးကို ကပ်၍ လိုက်နေကြ၏။ မီးပွိုင့်မှ ဝါသည်ကို အလောတကြီး ဖြတ်ကျော်၍ လာနေကြ၏။ တကယ်တော့ အချိန်မရွေး သေခြင်းတရားကို မျက်နှာပြုနေပါလျက် အမြန်ကားပေါ်မှကားမောင်းသူတို့ကား သေခြင်းတရားကို ကြိုးတန်းလျှောက်ပြနေသည့်အလား ရှိနေသည်။

လေဟာပြင်ဘက်မှ ပစ္စည်းများကို တစ်ပွေ့တစ်ပိုက်ကြီး ဝယ်လာကြသူများကလည်း သူတို့ကိုယ်သူတို့ တစ်နေ့နေ့တွင် သေကြလိမ့်မည်ဟု စဉ်းစားမိဟန် မတူကြပါ။ သူတို့ဝယ်လာသော ပစ္စည်းအချို့ ဈေးချိုချိုရလာသည့်အတွက် ကျေနပ်လာကြသူများရှိသလို ဝယ်လာသည့်ပစ္စည်း ဈေးများကြီးနေသလားဟု ယခုမှ ထုတ်ကြည့်နေသူများလည်း ရှိပါ၏။

သိမ်ကြီးဈေးဘက်မှ နံပါတ် (၇) အဝါကားသည် လူများကို

တစ်ပြုံကြီးသယ်၍ ဝင်လာသည်။ လေဟာပြင်ဈေး မှတ်တိုင်တွင် စီးလာသူများထဲမှ ဆယ်ယောက်လောက် ဆင်းသွားကြသည်။ လေဟာပြင်မှတ်တိုင်မှလည်း ကားတစ်စီးစာမျှသော လူများက တိုး၍ လိုက်ပါသွားပြန်ပါ၏။ နံပါတ်(၇)ကားသည် ပူဖောင်းလို ပိန်လို့ ဖောင်းလို့များ ရလေသလားဟု ထင်ရလောက်အောင်ပင် မှတ်တိုင်ရှိ လူများအားလုံးကို သယ်ယူသွားပါသည်။

ရွှေတိဂုံဘုရားဘက်မှ လည်းကောင်း၊ သိမ်ကြီးဈေးဘက်မှ လည်းကောင်း ကားလုလုလေးများကလည်း ဤလမ်းတွင် ဥဒဟို ပြေးနေကြပါသည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင် (၇) ကားမှတ်တိုင်တွင် ရေခဲရေ ရောင်းနေသော အမျိုးသမီးတစ်ဦးကိုလည်း တွေ့ရပါ၏။ နွေရာသီမို့ ရေခဲရေ ကောင်းကောင်းရောင်းနေရပါသည်။ သို့သော်လည်း သူသည် စိတ်ချလက်ချ မရှိလှပါ။ ခပ်လှမ်းလှမ်းတွင်ကား ကွမ်းယာဆိုင်ကလေးတစ်ခုရှိ၏။ ကွမ်းယာဆိုင်၏ ဟိုဘက်တွင်ကတော့ မုန့်ရောင်းနေသည့် လူငယ်တစ်ဦး ရှိပါသည်။

ကျွန်တော် ကြည့်နေစဉ်တွင်ပင် သိမ်ကြီးဈေးဘက်မှ၊ ပလက်ဖောင်းပေါ်သို့ ဈေးရောင်းနေသူများကို မြူနီစီပယ်မှ လုပ်သားများက လိုက်လံဖမ်းနေ၍ ပလက်ဖောင်းဈေးသည်အချို့သည် ကျွန်တော် ရပ်နေသော ရေခဲတိုက်ဘက်သို့ အန်ကျလာပါ၏။ ယခု ကျွန်တော် တွေ့မြင်နေရသော သွားလာလှုပ်ရှားနေကြသည့် လူများထဲတွင် တစ်ဝမ်းတစ်ခါးအတွက် ရုန်းကန်နေကြသူများရှိသလို ဝမ်းဝရုံ၊

ခါးလုရုံမျှသာမက ပိုပိုလျှံလျှံနှင့် သွားလာနေကြသူများကိုလည်း တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ တစ်ဝမ်းတစ်ခါး ရုန်းကန်နေသူများရော၊ ဝမ်းဝရုံ ခါးလုရုံသာမက ပိုပိုလျှံလျှံရှိသူများရော တွေ့တွေ့သမျှ သော လူအားလုံးသည် သေမည့်နေ့ကို ဦးတည်သွားနေကြခြင်းသာ ဖြစ်၏။ သူတို့သည် သေမည့်နေ့ မနက်ဖြန်ရောက်မည်လား၊ သန် ဘက်ခါ ရောက်မည်လားကို မည်သူမျှ မသိကြပါ။ မသိကြသော ကြောင့်၊ မဆင်ခြင်မိကြသောကြောင့်လည်း ဤသို့ သွားလာနေကြ ခြင်း ဖြစ်ပါ၏။

တကယ်တော့ သေခြင်းတရားဟူသည် မရှောင်နိုင်သော တရားဖြစ်၏။ ထို့အပြင် သေခြင်းတရားသည် မကယ်နိုင်သောတရား လည်း ဖြစ်သည်။ သားသေသည်ကို အမေကလိုက်၍ အမေသာ သေပါရစေတော့ဟု အယူခံဝင်၊ အသနားခံစာတင်၍ရသော အလုပ် လည်း မဟုတ်ပါ။

နိတ္ထိ မစ္စုသနာဂမော – သေမင်းမရောက်လာသည့်နေရာဟူ ၍ မရှိ။ သတ္တဝါတိုင်းထံသို့ သေမင်းသည် အချိန်မရွေး ရောက်လာ နိုင်၏။ ရောက်မလာသေးသည်သာ ရှိ၏။ ရောက်မလာဟူ၍ မရှိ။ တစ်ချိန်ချိန်တော့ သူ မုချရောက်လာမည်။ မည်သူ့ထံသို့မဆို သေ မင်းသည် ဧကန်ရောက်လာမည်မှာ အမှန်ဖြစ်၏။

ထို့ကြောင့် မိမိသည်လည်း သေဘေးမှမလွတ်။ မိမိထံသို့ သေမင်းမရောက်သေးဘဲ အခြားသူများထံသို့ ရောက်နေချိန်တွင်

ငါ့ဆီ မလာနှင့်ဟုဆိုကာ မောင်းထုတ်၍လည်းမရ။

အကယ်၍ သတ္တလောကသည် မဟာသမုဒ္ဒရာဆိုပါက သတ္တဝါတစ်ဦး၏ တစ်ဘဝအသက်ရှင်နေခြင်းသည် မဟာသမုဒ္ဒရာ အတွင်း တစ်ခဏပွက်သည့် ရေပွက်ပမာသာ ဖြစ်သည်ဟု တင်စားကြ၏။

မိမိတို့ မွမ်းမံပြင်ဆင်ထားကြပြီး မိမိတို့ အလွန် တပ်မက်ကြသည့် ဤရုပ်ခန္ဓာကြီးသည် ရေပြင်ပေါ်မှ ရေမြှုပ်ကလေးနှင့်ပမာ အလားတူ၏။ သမုဒ္ဒရာအတွင်း၌ ပေါ်လာသော ထိုရေမြှုပ်ကလေး တစ်ခုကို တစ်ကြိမ်သာလျှင် တွေ့မြင်နိုင်၏။ နောက်တစ်ကြိမ် ဒုတိယမြောက် ကြည့်သောအခါ ပထမ ရေမြှုပ်လေးများသည် ပျက်စီး ပျောက်ကွယ်သွားကြပြီ ဖြစ်၏။ ထို့ကြောင့်လည်း အနန္တသူရိယအမတ်ကြီးက

"ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ၊ မင်းချမ်းသာကား
သမုဒ္ဒရာ၊ ရေမျက်နှာထက်
ခဏတက်သည့် ရေပွက်ပမာ
တစ်သက်လျာတည်း (ခဏတာတည်း)"

ဟု စပ်ဆို သံဝေဂ ယူခဲ့ဖူးပါ၏။

တစ်ခါက သားသေကို ရင်ခွင်ပိုက်လျက် ကိသာဂေါတမီသည် ရတက်မအေး ပူဆွေးသောက ရောက်ခဲ့ရ၏။ ကိသာဂေါတမီ၏ ပူဆွေးသောက ရောက်မှုကို ငြိမ်းအေးစေအံ့သောငှာ မြတ်စွာဘုရားသည် လူမသေဖူးသေးသောအိမ်မှ မုန်ညင်းစေ့ကို ကိသာဂေါတမီအား ရှာခိုင်းလိုက်၏။ လူမသေသောအိမ်မှ မုန်ညင်းစေ့ရှာရာမှ ပြန်လာသော ကိသာဂေါတမီအား မြတ်စွာဘုရားက

"ကိသာဂေါတမီ၊ မုန်ညင်းစေ့ တစ်လက်ခုပ်မျှ သင်ရခဲ့ပါသလား"ဟု မေးတော်မူလိုက်၏။

"မရခဲ့ပါ မြတ်စွာဘုရား။ တစ်ရွာလုံးမှာ အသက်ရှင်နေသူတွေထက် သေသူတွေကသာ များလှပါသည် ဘုရား"

"ဂေါတမီ၊ သင်သည် ငါ့သားသာ သေသည်ဟု မှတ်ထင်ခဲ့သည်။ အမှန်အားဖြင့် ဤသေခြင်းတရားဟူသည် သတ္တဝါတွေအားလုံးတွင် အမြဲပင် ကြုံတွေ့နေရသော တရားဖြစ်၏။ သေမင်းသည် သတ္တဝါအားလုံးတို့ကို မိမိတို့အလိုဆန္ဒ မပြည့်ဝမီကပင်လျှင် ပြင်းထန်သော ရေအလျဉ်ကြီးကဲ့သို့ ဆွဲငင်ဆောင်ယူလျက် ရှိ၏"

"အလျား၊ အနံ၊ အစောက်အားဖြင့် ကျယ်ဝန်းနက်ရှိုင်းလှသော မြစ်ကြီးတို့မှ စီးဆင်းလာသည့် အဟုန်အရှိန် ကြီးလှစွာသော ရေအလျဉ်ကြီးသည် အိပ်မောကျနေသည့် တစ်ရွာလုံးကို အောက်ထစ်ဆုံး ခွေးတစ်ကောင်မျှပင် ချန်မထားခဲ့ဘဲ ကြောက်မက်ဖွယ်ရာ ကြုံးဝါးလျက် သိမ်းကျုံးဆွဲငင်ကာ ယူသွားသကဲ့သို့ သေမင်းသည် လူ နတ် ဗြဟ္မာ သတ္တဝါဟူသမျှကို ဆွဲငင်ခေါ်ယူမြဲပင် ဖြစ်သည်"

ကျွန်တော်သည် လူဟူသမျှ သေရမည့်အရေးကို တွေးတော၍ ထိုနေရာမှ ဆက်၍ ထွက်လာခဲ့ပါသည်။ ယခုမူ လူနာသတင်းမေးရန် အချိန်အနည်းငယ်စောနေသေးသည်။ ထို့ကြောင့်လည်း ရန်ကုန် ပြည်သူ့ဆေးရုံကြီးအတွင်းရှိ အပြင်လူနာဌာနသို့ သွားရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆက်၍ လျှောက်လာခဲ့၏။ လျှောက်လာရာတွင် ပထမ ရွှေဘုံသာလမ်းအတိုင်း ဘုရားဘက်သို့ လျှောက်လာခဲ့၏။ သွားကောလိပ်ကိုဖြတ်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့ ရောက်လာသောအခါ ဆေးရုံကြီးဘက်သို့ ကွေ့ချိုးလိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်း မီးပွိုင့်တွင်ကား ကလေးချီထားသော တောင်းစားသူ မိခင်တစ်ဦးနှင့် အခြား ကလေးငယ်နှစ်ဦးတို့သည် မီးနီ၍ ရပ်ထားသည့် ကားများပေါ်ရှိ လူများထံမှ ဆယ်ပြား ငါးပြားကို တောင်းနေကြ၏။ ကလေးငယ် နှစ်ဦးအနက် တစ်ဦးမှာ အတော်ငယ်၍ စိုးရိမ်ဖွယ်ရာ ဖြစ်သည်။

ဤနေရာတွင် ကားများသည် အရှိန်အဟုန်လျော့၍ သွားလာနေခြင်းကြောင့်သာ တော်ပေသေး၏။ သို့သော်လည်း ကျွန်တော်ကြည့်နေစဉ်မှာပင် ယာယီနံပါတ်သာ ရသေးသော ဂျပန်ကားသစ်တစ်စီးပေါ်မှ အမျိုးသမီးကြီးတစ်ဦးက ပြား ၅၀ တန် သို့မဟုတ် တစ်ကျပ်တန်ဟု ထင်ရသည့် အကြွေတစ်စေ့ကို တောင်းစားနေသော ကလေးငယ်၏ လက်ထဲသို့ ထည့်ရာ ပိုက်ဆံသည် ကလေး၏ လက်ကြားထဲမှ ထွက်ကျသွား၏။ ကားအသစ်ပေါ်မှ ထိုအမျိုးသမီးကြီးသည် ယနေ့အဖို့ အလှူခံတွေ့သမျှကို တစ်ခုခုတော့ ဖြစ်အောင် လှူဒါန်းတော့မည့် အဓိဋ္ဌာန်ပြုလာဟန်လည်း ရှိသည်။ ထို့ကြောင့်

လည်း ကျွန်တော်က သူစီးလာသော ကားကြီးကို အလှူခံပါက ဝေဿန္တရာမင်းလိုများ လှူလေမလားဟုလည်း စိတ်ကူးပေါက်မိသည်။ အမျိုးသမီးကြီးသည် ခင်ပွန်းဖြစ်သူ သို့မဟုတ် သားဖြစ်သူ နိုင်ငံခြားမှ ပြန်လာ၍ ပါလာသော ကားသစ်ဖြင့် အစီးထွက်လာခြင်း ဖြစ်ဟန်တူပါ၏။

သို့သော်လည်း ကျွန်တော်သည် ထိုအမျိုးသမီးကြီးနှင့် မော်တော်ကားအကြောင်းကို ရှည်ရှည်ဝေးဝေး မစဉ်းစားနိုင်ပါ။ ကလေးငယ်၏ လက်မှကျလာသော ပိုက်ဆံသည် တစ်ဖက်သို့ လိမ့်၍ လာပါသည်။ ကလေးကလည်း ဘာကိုမျှမမြင်။ ယင်းပိုက်ဆံနောက်သို့ ပြေး၍ လိုက်လာပါ၏။ ထိုအချိန်တွင် ဆေးရုံကြီးဘက်မှ မော်တော်ကားတစ်စီးသည် မီးဝါကို ဖြတ်ခွင့်ရစေရန် အရှိန်နှင့်မောင်းလာရာ ပိုက်ဆံနောက်သို့ပြေးလိုက်နေသောကလေးနှင့် ရင်ဆိုင်တွေ့ကြသဖြင့် ကားသမားက ကားကို အဆောတလျင် ဘရိတ်အုပ်ပါသည်။ သို့သော်လည်း ကားအရှိန်က ပြင်းသောကြောင့် ကားသည် ကလေးဆီသို့ တရွတ်တိုက် ရွေ့လာပါ၏။ ကလေးမှာလည်း ရှောင်ပြေးရန် အချိန်မရှိတော့ပါ။ ထိုအခါ ကားဆရာသည် ကလေးအား ရှောင်ရန် ကားကို တစ်ဖက်သို့ဆွဲလိုက်ရာ ကားသည် ပလက်ဖောင်းတွင် ခေါင်းဆိုက်၍ ရပ်သွားပါတော့၏။

ထိုမြင်ကွင်းကို မြင်ရသူများက 'ဟယ်ခနဲ ဟင်ခနဲ' ဖြစ်သွားကြရသည်။ အာမေဍိတ်သံများ၊ မော်တော်ကားကို ဘရိတ်အုပ်ရာမှ ထွက်ပေါ်လာသော အသံများသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ရပ်

တန့်စေလိုက်ပါ၏။ ထိုအချိန်တွင် ကလေးအား ကျွန်တော်ကြည့်လိုက်သောအခါ ကလေးငယ်မှာလည်း ပိုက်ဆံစေ့ကို မကောက်နိုင်ဘဲ လက်ချင်း လက်ချင်း ဆုပ်ကာ လက်နှစ်ဖက်ကို ရင်တွင်ကပ်၍ အတော်ကြီး တုန်လှုပ်စွာဖြင့် ရပ်နေရှာပါ၏။ ကလေးသည် မတ်တပ်ရပ်လျက်ပင် သတိများ မေ့နေသလားဟု ထင်စရာရှိပါ၏။

ထိုအချိန်တွင် မီးပွိုင့်မှ စိမ်းသွားပါ၏။ နောက်မှ ကားများကလည်း ဆက်၍ရောက်လာရာ ကလေးငယ်သည် သူ အသက်စွန့်၍ လိုက်ကောက်ခဲ့ရသော ပိုက်ဆံကိုမျှပင် မရှာတော့ဘဲ ပလက်ဖောင်းပေါ်သို့ ပြေးတက်လာပါ၏။ ကျွန်တော်သည် ထိုကလေးထံသို့ လျှောက်၍ သွားမိပါ၏။

ကလေးသည် အတော်လေး ကြောက်နေသေးသည်။ ကျွန်တော်က မင်းနာမည် ဘယ်သူလဲ၊ မင်းအိမ် ဘယ်မှာလဲ စသည်ဖြင့်တော့ မေးပါသေး၏။ သို့သော် သူက လုံးဝမဖြေပါ။ ခုနမြင်ကွင်းကို တွေ့လိုက်ရသော လူနှစ်ဦးသုံးဦးသည်လည်း ကလေးနားသို့ ရောက်လာကြပါ၏။ ကလေးသည် ကျွန်တော်တို့အား ဘာမျှမပြောတော့ဘဲ သွားကောလိပ်ဘက်သို့ ဆက်၍ ထွက်သွားပါ၏။ ကျွန်တော်သည် ကလေး၏ ကျောကိုကြည့်ရင်း သွေးရဲရဲ သံရဲရဲ မမြင်လိုက်ရသည့်အတွက်ပင် ဖြစ်လာရသည့်အခြေအနေကို ကျေးဇူးတင်ရှိကာ ဆေးရုံကြီးဘက်သို့ ဆက်၍ လျှောက်လာပါသည်။

ကျွန်တော်ဆက်၍လျှောက်လာစဉ် လမ်းတစ်ဖက် တီဘီဆေးရုံဘက်မှ အမျိုးသမီးငယ်တစ်ဦး လမ်းဖြတ်ကူးလာသည်ကို

မြင်မိပါသည်။ ထိုအမျိုးသမီးငယ်ကို တွေ့ရသည်မှာ သူသည် ဘာကိုမျှ မရမစိုက်။ ဘာကိုမှ အလေးမထား၊ တစ်လမ်းမောင်းတွင် လျှောခနဲ လျှောခနဲ မောင်းလာကြသည့် ကားများ၏ အကြား ကတ္တရာလမ်းများပေါ်တွင် လျှောက်နေသည်မှာ ကန်ပေါင်တစ်ခု ပေါ်၌ အေးအေးဆေးဆေး လမ်းလျှောက်လာသလိုပင် ရှိ၏။

ထိုအမျိုးသမီးကို ကျွန်တော် ချက်ချင်း မှတ်မိသည်။ ဤ အချိန် ဤနေရာတွင် သူမသည် ဘာကိစ္စကြောင့် လျှောက်၍လာ သနည်း။ ထူးခြားမှုတစ်ခုတော့ ရှိလေမည်ဟု ကျွန်တော် ချက်ချင်း သိလိုက်ပါ၏။ ထို့ကြောင့်လည်း သူ့ထံသွား၍ ကျွန်တော် နှုတ်ဆက် သည်။

သူသည်ကား အခြားသူမဟုတ်။ ကျွန်တော်နှင့် ညီအစ်ကိုရင်း ချာပမာ ခင်မင်ရသူ ကိုတင်အောင်၏ အချစ်ဆုံးဇနီး မလှိုင်ပင် ဖြစ်၏။

*

ကျွန်ုပ်သည် အချိန်မရွေး အသင့်ရှိနေပါသည်။
စောင့်ဆိုင်းမနေပါရစေနှင့်။

**ဂျွန်ဘရောင်း**
**သေဒဏ်ပေးခံရသူ**
**အမေရိကန် စာရေးဆရာတစ်ဦး**

# စိုက်သည့်အတိုင်း ရိတ်ရာ၏

ဤခရီးနီးသလား။

ကိုတင်အောင်အတွက် ဤခရီးသည် အတော်လေး နီးကပ်နေပြီဟု ဆိုနိုင်ပါသည်။ ကျွမ်းကျင်သူတို့က ရက်ပိုင်းသာ အသက်ရှင်တော့မည်ဟု ဆို၏။ ကိုတင်အောင်သည် သူချစ်သော သတင်းစာ၊ သူချစ်သော စာပေ၊ သူချစ်သော ဇနီးနှင့် ကျွန်တော်တို့ကို စွန့်ခွာချင်ဦးမည် မဟုတ်ပါ။ ကိုတင်အောင်သည် သတင်းစာလောကသို့ ရောက်လာသည်မှာ အနှစ် ၂၀ ကျော်ပြီ ဖြစ်၏။ လွန်ခဲ့သော သုံးလလောက်က သူနှင့် ကျွန်တော် တွေ့ခဲ့ကြသေး၏။ စကားများ ဖောင်ဖွဲ့၍ လက်ဖက်ရည်ကျကျ တစ်ခွက်စီ သောက်ခဲ့ကြသေး၏။ ယခုတော့ ကိုတင်အောင်တစ်ယောက် စကားပင် မပြောနိုင်တော့။

သူ၏အမြင်တို့သည်လည်း မှုန်ဝါးနေပြီဖြစ်သည်။ တစ်ခါတစ်ရံ သတိလက်လွတ်ပင် ဖြစ်နေ၏။ လုပ်ဖော်ကိုင်ဖက် ညီရင်းအစ်ကို ပမာ သံယောဇဉ် တွယ်သူတစ်ဦးကို ယခုလိုတွေ့ရတော့ များစွာ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ရ၏။ ကိုတင်အောင်၏ ဇနီးဖြစ်သူ မလှိုင်က ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြ၏။ ကိုတင်အောင်ကို လွန်ခဲ့သော လမှစ၍ အသည်းရောဂါဖြင့် ဆေးရုံသို့ တင်ထားကြောင်း၊ ယခုအခါ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေကြောင်း၊ မည်သည့် သူငယ် ချင်းမိတ်ဆွေကိုမျှအသိမပေးကြောင်း၊ ယခုလည်း လူမမာအတွက် ပစ္စည်းတစ်ခုဝယ်ယူရန်ရှိ၍ လေဟာပြင်ဈေးသို့ ထွက်လာခြင်း ဖြစ် ကြောင်းများကို ပြောပြပါသည်။

မလှိုင်သည် သူ၏ ခင်ပွန်းဖြစ်သူအတွက် မည်မျှ သောက ခံစားနေရသည်ကို မြင်ရုံမျှဖြင့် သိသာပါ၏။

ကျွန်တော့်ကိုတွေ့သောအခါ မလှိုင်သည် ဈေးသို့ ဆက် မသွားဘဲ ရန်ကုန်ဆေးရုံကြီးရှေ့ရှိ အသည်းရောဂါအထူးကုဌာနရှိ ခင်ပွန်းဖြစ်သူ ကိုတင်အောင်ဝေဒနာခံစားနေရသော နေရာသို့ ခေါ်ခဲ့ ပါ၏။

ဝေဒနာခံစားနေရသည်ဟု ဆိုသော်လည်း ကိုတင်အောင် သည် ဘာကိုမျှ သတိမရတော့ပါ။ သူ၏ ညီဖြစ်သူက ဘေးမှ စောင့် နေပါ၏။

ကိုတင်အောင်၏ ဗိုက်ကြီးသည် ဖောင်းနေ၍ အသက်ကို ကား ပြင်းပြင်းကြီးရှူနေပါသေးသည်။ ကိုတင်အောင်သည် ယခုအခါ

အသက်ရှူနေသည်မှအပ ဘာကိုမျှ သတိမရတော့ပါ။

ဒါ ငါ့ဇနီး၊ ဒါ ငါ့သား၊ ဒါ ငါ့သမီးဟူ၍လည်း မသိနိုင်တော့ပါ။

သူ၏ သေမည့်အချိန်က ရက်ပိုင်း နာရီပိုင်းလောက်သာ ရှိပါတော့၏။ နေ့သေမလား၊ ညသေမလားဟူ၍ မည်သူမျှ မပြောနိုင်ပါ။

သေခြင်းဟူသည် သုံးမျိုးရှိပါ၏။

၁။ ခဏိက မရဏ (တစ်ခဏ သေခြင်း)

၂။ သမုတိ မရဏ (ပညတ်အားဖြင့် သေခြင်း)

၃။ သမုစ္ဆေဒ မရဏ (အဆုံးသတ် အပြတ်သေခြင်း) တို့ဖြစ်၏။

ခဏိကမရဏဟူသည် ပဝတ္တိအခါ အသက်ရှင်ဆဲကာလဝယ် ရုပ်တရား၊ နာမ်တရားတို့၏ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ် တည် ပျက်) အားဖြင့် ချုပ်ပျက်ခြင်း ဖြစ်သည်။

သမုတိမရဏဟူသည် ‘ကိုဖြူသေပြီ၊ မဖြူသေပြီ’ဟူ၍ ခေါ်မှတ် ပညတ်သမုတ်အပ်သော လူနတ်များစွာ သတ္တဝါတို့၏ သေခြင်း အမျိုးအစား ဖြစ်သည်။

သမုစ္ဆေဒမရဏဟူသည် ‘နတ္ထိ ဒါနိ ပုနဗ္ဘဝေါ’ နောက်ထပ် တစ်ဖန် ပဋိသန္ဓေမနေရတော့ပြီဖြစ်သော ရဟန္တာတို့၏ သေခြင်း အမျိုးအစားဖြစ်၏။ (ဒါနိ – ယခုအခါ ယခုဘဝ ပဋိသန္ဓေ တည်

နေခဲ့ပြီးသည်မှ၊ ပုနဗ္ဘဝေါ–နောက်ထပ်တစ်ဖန် ထပ်မံ၍ ပဋိသန္ဓေနေခြင်းမည်သည်၊ နတ္ထိ–မရှိတော့ပြီ)

ဤသည်ကား သေခြင်းသုံးမျိုး ဖြစ်၏။ သေခြင်းတရား၏ သဘာဝတရားကား လေးပါးရှိသည်။ ဤလေးပါးကား –

– သေခြင်းတရား၏ အမှတ်လက္ခဏာ

– သေခြင်းတရား၏ ကိစ္စ

– သေခြင်းတရားကို မြင်ပုံ အခြင်းအရာနှင့်

– သေခြင်းတရားဖြစ်ပေါ်စေရန် အနီးကပ်ဆုံး အကြောင်းအရာတို့ ဖြစ်၏။

၁။ မရဏဟူသော သေခြင်းတရားတွင် လက်ရှိဘဝ၊ လက်ရှိအနေအထားမှ ရွေ့လျောခြင်းဟူသော အမှတ်အသားလက္ခဏာရှိ၏။ သေပြီဟုဆိုပါက လက်ရှိဘဝသည် မရှိတော့။ သေပြီဆိုပါက လက်ရှိဘဝသည် ရွေ့လျောသွားရပေ၏။ ဤသည်မှာ သေခြင်းတရား၏ အမှတ်လက္ခဏာဖြစ်၏။

၂။ မရဏဟူသော ဤသေခြင်းတရား၏ ကိစ္စတာဝန်မှာ ကွေကွင်းရခြင်း ဖြစ်၏။ သေပြီဟုဆိုပါက မိမိချစ်မြတ်နိုးသော ဇနီး၊ သား၊ သမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမများနှင့် ကွေကွင်းရ၏။ မိမိရှာဖွေထားသော ပစ္စည်းဥစ္စာများကို ကွေကွင်းရ၏။ မိမိ သံယောဇဉ်တွယ်သော မိမိရွာ၊ မိမိမြို့၊ မိမိလူမျိုး၊ မိမိနိုင်ငံ စသည်တို့ကို ကွေကွင်းရ၏။

၃။ မရဏဟူသော သေခြင်းတရားသည် ပျက်စီးခြင်းဟူသော အခြင်းအရာရှိ၏။ သေခြင်းသဘောကို စဉ်းစားသူတိုင်း၏ ဉာဏ်တွင် သေခြင်းဟူသည် ပျက်စီးခြင်းပါတကားဟု ထင်မြင်လာနိုင်သော အခြင်းအရာ ရှိပါ၏။

၄။ မရဏဟူသော ဤသေခြင်းတရား ဖြစ်ပေါ်လာစေရန် နီးကပ်သော အကြောင်းတရားသည်ကား ဇရာဖြစ်၏။ ဇရာဟူသည် အိုမင်းရင့်ရော် ဆွေးမြည့်ခြင်းဖြစ်ပါ၏။ (ဇာတိကား မရဏ၏ အကြောင်းရင်းဖြစ်သော်လည်း နီးသော အကြောင်းအရာကား မဟုတ်၊ အိုမင်းရင့်ရော်ခြင်းသည်သာလျှင် မရဏ၏ နီးကပ်သော အကြောင်းတရားဖြစ်ပါသည်။)

သေခြင်းဆင်းရဲ (မရဏဒုက္ခ) ဟူသည့် သေလောက်အောင် ညှဉ်းပန်းနှိပ်စက်သော ပင်ပန်းဆင်းရဲမှု အနာရောဂါသည် လေဆန်ဘက်သို့ ရှေးရှုဆောင်ယူအပ်သော တပြောင်ပြောင် တောက်လောင်နေသည့် မီးရှူးမီးတုတ်ကဲ့သို့ ကာယိက ဒုက္ခအဖြစ် ခန္ဓာကိုယ်ကို လောင်မြိုက်စေပါ၏။

ယခု ကိုတင်အောင် ခံစားနေရသော ဒုက္ခမှာ မရဏဒုက္ခ၊ သေလောက်အောင် ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေရသော ဒုက္ခဖြစ်၏။

ထို့အပြင် သေအံ့ဆဲဆဲကာလ၌ မိမိအသက်ရှင်နေသည့် ကာလတွင် လုပ်ဆောင်ခဲ့သော အကြောင်းအကျိုး ကံတရားတို့ အပေါ် မူတည်၍ ကောင်းသောဘုံဌာနသို့ ရောက်ရမည့်ပုဂ္ဂိုလ် အတွက် ယင်းဘုံဌာန၏ အရိပ်နိမိတ်၊ မကောင်းသော ဘုံဌာနသို့

ရောက်မည့်သူအတွက် ယင်းဘုံဌာန၏ အရိပ်နိမိတ်များ ထင်မြင်လာသည့်အခါ စေသိကဒုက္ခအဖြစ် စိတ်ကို လောင်မြိုက်စေပါ၏။

သေခြင်းမရဏသည် ဤနှစ်မျိုးသော ဆင်းရဲဒုက္ခကို ဖြစ်ပေါ်လာစေရန် အကြောင်းရင်းဖြစ်သောကြောင့် ဆင်းရဲ၏ဟု ဆိုရ၏။

မည်သို့ပင်ဖြစ်စေ လူသည် သေရမည်။ မြန်မာတို့အနေဖြင့် ဤဘဝအတွက် နောက်ဆုံးအချိန်ဖြစ်သော မသေလွန်မီ နာရီ၊ မိနစ်စက္ကန့်ပိုင်းအချိန်သည် နောင်ဘဝ အကူးအဆက်အတွက် အလွန်အရေးကြီးသည်ဟု ဆို၏။ အပြေးပြိုင်ပွဲကြီးတွင် ပန်းဝင်ခါနီး အရေးကြီးသကဲ့သို့ ဖြစ်၏။ ထိုအခါတွင် စိတ်ကောင်းစိတ်မြတ်ကပ်ရန်လိုသည်။ သေခါနီးအချိန်တွင် ဇောကောင်း စောနိုင်ရန် လို၏ဟု ဆိုသည်။

လူတို့သည်သေခါနီးအချိန်တွင် စိတ်ကောင်းစိတ်မြတ် ကပ်နိုင်ပါမှ စိတ်ကောင်းဇောကောင်း စောနိုင်၏။ လူ့ဘဝတစ်သက်တာတွင် စိတ်ကောင်းမရှိခဲ့သူသည် တစ်သက်လုံး လုပ်ဆောင်ခဲ့သောလုပ်ရပ်များ၏ ထင်ဟပ်မှုကြောင့် ဇောကောင်းကပ်နိုင်ရန် အမှန်ပင်ခဲယဉ်းလှသည်။ ဘဝတစ်သက်တာတွင် စိတ်ကောင်းစေတနာကောင်းရှိ၍ အများကောင်းကျိုးအတွက် ဆောင်ကြဉ်းသူသည် သေခါနီးကာလဝယ် ဇောကောင်းကပ်နိုင်ရန် အခွင့်အလမ်းများပြားလှ၏။

ဘဝတာတစ်ခုလုံး စိတ်ကောင်းစိတ်မြတ် ထားခဲ့ပါက သေခါနီး မရဏကာလတွင်လည်း စိတ်ကောင်းဇောကောင်း ကပ်နိုင်ရန်

အခွင့်အလမ်း ပို၍များကာ ထိုအချိန်တွင် ကောင်းသောအာရုံများလည်း ထင်ဟပ်လာနိုင်၏။

သေခါနီးကာလတွင် ပေါ်ပေါက်လာတတ်သော အာရုံသုံးမျိုးမှာ–

– ကံနိမိတ် (ကံအာရုံ)

– ကမ္မနိမိတ်အာရုံ

– ဂတိနိမိတ်အာရုံများ ဖြစ်၏။

၁။ **ကံနိမိတ်** (ကံအာရုံ) ဟူသည်မှာ ကံဟူသည် ကုသိုလ်ကံ၊ အကုသိုလ်ကံများဖြစ်၏။ ထိုကုသိုလ်ကံနှင့် အကုသိုက်ကံဆိုသည်မှာ ကောင်းသောစေတနာနှင့် မကောင်းသော စေတနာပင် ဖြစ်သည်။ စေတနာကို ကံဟုဆို၍ ရပါ၏။

ထိုကောင်းသောစေတနာဟူသည့် ကောင်းကံနှင့် မကောင်းသော စေတနာဟူသည့် မကောင်းကံကို မည်သူမျှမပြု၊ မိမိသည်ပင် ပြုလုပ်ခဲ့၏။ မိမိပင်လျှင် ပြောဆိုခဲ့၏။ မိမိပင်လျှင် ကြံစည်စိတ်ကူးခဲ့ခြင်းဖြစ်သည်။

ဤကံကောင်း၊ ကံဆိုး အမျိုးမျိုးကိုလည်း သေခါနီးအချိန်မရောက်မီ အချိန်ပိုင်းလေးတွင်မှ ပြုလုပ်သည်များလည်း ဖြစ်နိုင်၍ ရက်ပေါင်းလပေါင်း နှစ်ပေါင်းများစွာ အတော်ကြာကပင် ပြုလုပ်သည်များလည်း ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ လူတစ်ယောက်သည် သေနိုင်လောက်သည့် ရောဂါ တစ်စုံတစ်ရာရရှိသောအခါတွင်မှ

ကောင်းမှုကို ပြုလုပ်အောက်မေ့သူများရှိသလို နှစ်၊ ရက်၊ လ အတော် ကြာကပင် ကောင်းသည့်အမှုများကို ပြုလုပ်ခဲ့ကြသူများ ရှိ၏။ ယခု မှ ကောင်းမှု၊ မကောင်းမှုကို ပြုသည်ဖြစ်စေ၊ အချိန်ကြာမြင့်စွာကပင် ပြုခဲ့သည်ဖြစ်စေ၊ လူတွင် ကံကောင်းနှင့် ကံဆိုးဟူ၍ ရှိစမြဲဖြစ်၏။ ထိုကံကောင်း ကံဆိုးဟူ၍ ရှိသည့်အနက် ယခုကဲ့သို့ သေရာ ညောင် စောင်းလျောင်းစက်ရာ သေအံ့ဆဲဆဲအခါမျိုးတွင် ပဋိသန္ဓေအကျိုးကို ပေးနိုင်သည့်ကံသည် အကျိုးပေးခွင့်အလှည့်ကျသဖြင့် အများထဲမှ ရေ့တန်းသို့ ထိုးထွက်လာကာ ပေါ်လွင်ထင်ရှားလာတတ်သည်များ ရှိသည်ဟု ဆိုလို၏။

ထိုသို့ထင်လာရာ၌ ရှေးက မိမိပြုခဲ့သောကံကို အမှတ်ရသော အနေအားဖြင့်လည်း ထင်လာတတ်၏။ ယခုလောလောဆယ် အသစ်တစ်ဖန် ထပ်မံ၍ ပြုလုပ်နေရသကဲ့သို့သော အနေအထားမျိုး ဖြင့်လည်း ထင်လာတတ်၏။ ဤသို့ ထင်မြင်လာခြင်းကို ကံနိမိတ် ဟူသော ကံအာရုံထင်ခြင်းဟု ဆိုရ၏။

၂။ **ကမ္မနိမိတ်** ဟူသည် ထို ကံကောင်း၊ ကံဆိုး အမျိုးမျိုးတို့ ကို ပြုလုပ်စဉ်အခါက အသုံးပြုသော အရာဝတ္ထုများ၊ အခြံအရံ၊ အခြင်းအရာများ ဖြစ်၏။

သို့အတွက် ကောင်းမှုစေတနာ၏ ကုသိုလ်ကံဆိုင်ရာတွင် ကျောင်းကန်၊ ဘုရားစေတီ၊ သင်္ကန်း၊ ဆွမ်း၊ ဆေး၊ ပန်း၊ ဆီမီး စသည်တို့ ထင်လာတတ်၏။

မကောင်းမှု စေတနာ၏ ကုသိုလ်ကံ ဆိုင်ရာတွင် တုတ်၊

ဓား၊ လေး၊ မြား စသည့် လက်နက်ကိရိယာများနှင့် သတ်ခဲ့ပုံ၊ ခိုးခဲ့ပုံ၊ ကျူးလွန်ခဲ့ပုံ အခြင်းအရာများ ထင်လာတတ်၏။ ဤသို့ ကံပြုစဉ်အခါက အဖြစ်အပျက် အရာဝတ္ထုစသည်များ ထင်မြင်လာခြင်းကို ကမ္မနိမိတ်အာရုံထင်ခြင်းဟု ဆိုရ၏။

၃။ **ဂတိနိမိတ်** ဟူသည် မိမိလားရောက်ရမည့်၊ သွားရမည့်၊ ဖြစ်ရမည့် ဘုံဘဝဌာနများမှ အာရုံများဖြစ်၏။ (ဂတိ = လားရောက်ရမည့် ဘုံဘဝ၏ + နိမိတ္တ = အာရုံအရိပ် နိမိတ်များ) ကောင်းသော ဘုံဘဝဌာနကို သုဂတိဟု ခေါ်၏။ မကောင်းသော ဘုံဘဝဌာနကို ဒုဂ္ဂတိဟု ခေါ်၏။

ကုသိုလ်စေတနာ၏ ကောင်းကံအတွက် ကောင်းကျိုးရမည်ဖြစ်သော ဘုံဘဝဌာနက နတ်ဘုံဌာန၊ နတ်ဘဝဖြစ်မည်ဆိုလျှင် နတ်တို့နေရာ ပဒေသာပင် ဥယျာဉ်ပန်းမန် ဘုံဗိမာန်များ ထင်လာတတ်၏။

လူ့ဘုံဌာန လူ့ဘဝဖြစ်မည်ဆိုလျှင် အမိ၏ ဝမ်းရေ နီနီထွေးထွေး အဆင်းသဏ္ဌာန်များ ထင်လာတတ်၏။

အကုသိုလ် စေတနာ၏ မကောင်းကံအတွက် မကောင်းကျိုးရမည်ဖြစ်သော ဘုံဘဝဌာနက ငရဲဘုံဌာနဖြစ်မည်ဆိုလျှင် အလျှံပြောင်ညီး ငရဲမီးနှင့် ငရဲထိန်း စသည်များ ထင်လာတတ်၏။

ပြိတ္တာဘုံဘဝ ရောက်မည်ဆိုလျှင် တောခြေမြင်များ၊ တောင်ခြေ သမုဒ္ဒရာများ စသည်အားဖြင့် ထင်လာတတ်၏။ ဤသို့ ထင်လာခြင်းကို ဂတိနိမိတ် အာရုံထင်ခြင်းဟု ဆိုရ၏။

မည်သူမဆို စုတေခါနီးအခါ၌ ထင်လာသော ဤကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတွင် တစ်ပါးပါးကို အာရုံပြု၍ စိတ်အစဉ်၊ ဇောအစဉ်ဖြစ်နေရာတွင် အကျိုးပေးမည်ဖြစ်သော ကောင်းကံ၊ ဆိုးကံအားလျော်စွာ ဖြူစင်သောစိတ်အစဉ် ဇောအစဉ်ဖြစ်စေ၊ ညစ်နွမ်းသောစိတ်အစဉ် ဇောအစဉ်ဖြစ်စေ တင်လာတတ်သည်။

ဤလိုအခါမျိုးတွင် သေလုမြောပါး ဖြစ်နေသည့် ထိုပုဂ္ဂိုလ်အနား၌ ရှိနေသောသူသည် အကင်းပါး ကျွမ်းကျင်မည်ဆိုလျှင် ထိုသူ၏ ရေးဘဝခရီးကို အတော်အတန် အထောက်အကူပြုနိုင်ပါသည်ဟု ဆို၏။

မကောင်းသော အာရုံသို့ ဝင်မိနေသည့် ပုဂ္ဂိုလ်အား အနားမှ ကျွမ်းကျင်လိမ္မာ တတ်သိသော ပုဂ္ဂိုလ်အနေဖြင့် အာရုံတစ်ပါးပြောင်းလဲသွားအောင် ပြုပြင်ဖန်တီးနိုင်စွမ်းသည့် ရှေးနည်း ထုံးဟောင်းဖြစ်ခဲ့ဖူးသော နည်းကောင်း သာဓကများကား မြောက်မြားလှစွာ၏။ သူ့ချည်းသက်သက် ရေးမှသာလျှင် ပြည့်စုံနိုင်ဖွယ် ရှိ၏။

ဤနေရာတွင် ဇော ဟူသော ကိစ္စကိုလည်း တင်ပြလိုပါသည်။ ဇောဟူသည် ဇဝန– အရှိန်အဟုန်ဟူသော အဓိပ္ပာယ်ရှိ၏။ ထို့ကြောင့် အကြိမ်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အရှိန်အဟုန်ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာသောစိတ်ကို ဇောစိတ်ဟု ခေါ်ဆိုရ၏။

ဤအရှိန်အဟုန် ပြင်းထန်မှုနှင့် လျင်မြန်မှုဟူသည် ခြားနားခြင်းရှိ၏။ ဤဇောစိတ်တို့သည် အရှိန်အဟုန်ပြင်းပြင်းထန်ထန်ရှိသည်၊ ထန်ထန်မာမာရှိသည်ဟူ၍သာ ဆိုလိုရင်းဖြစ်၏။ လျင်မြန်မှုရှိ၏ဟူ၍ မဆိုလို။ ဤဇောများ၏ လျင်မြန်မှုအနေအထားကား

အခြားစိတ်များနှင့် မည်သို့မျှ မခြားနား။ ပိုမို၍လည်း မလျင်မြန်ပေ။ အခြားစိတ်များနည်းတူ တစ်ကြိမ်ဖြစ်လျှင် စိတ္တက္ခဏ–စိတ်တို့၏ ထုံးစံအရ ခဏငယ်သုံးချက်မျှသာ အချိန်ကြာသည်ပင် ဖြစ်၏။

သို့သော် ဤဇောစိတ်တို့ကား အာရုံ၏ အရသာကို ခံစားသော သဘောရှိ၏။ ကောင်းကျိုး၊ မကောင်းကျိုးကို ဖြစ်ပေါ်စေ၏။ ကောင်းသောဇောစိတ်က ကောင်းသောအကျိုးကို ပေး၏။ မကောင်းသော ဇောစိတ်က မကောင်းသောအကျိုးကို ပေး၏။

ဇောခုနစ်ချက်ရှိရာတွင် ပထမဇောစေတနာသည် ယခု တစ်ဘဝမှာပင် ဒိဋ္ဌဓမ္မအကျိုးကိုပေး၏။ သတ္တမမြောက် နောက်ဆုံးဇောသည် နောက်ဘဝ (ဒုတိယဘဝ) တွင် ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့အနက် နှစ်မျိုးလုံးဖြစ်စေ၊ တစ်မျိုးမျိုးဖြစ်စေ အကျိုးပေး၏။ (ဘဝတစ်ခု စတင်ဖြစ်မှုကို ပဋိသန္ဓေဟုခေါ်၍ ပဋိသန္ဓေတည်ပြီး မှစ၍ သေသည်အထိ ဘဝတစ်ခုလုံးကို ပဝတ္တိဟု ခေါ်၏) အလယ်ဇောငါးချက်သည် တတိယဘဝမှ နိဗ္ဗာန်ရသည့်တိုင်အောင် အခွင့်သာသောဘဝမှာ အခွင့်သာသလို အကျိုးပေး၏။

"ဒါနသီလာ၊ နင်ပြုကာ၊ စေတနာဇောမကြည်၊
သို့စဉ်ပြုလို၊ နင့်ကုသိုလ်၊ ဘယ်ကိုပေးလိမ့်မည်'

ဆိုသည့်အတိုင်း စေတနာဟူသောဇော၊ ဇောဟူသော စေတနာ၊ စေတနာနှင့် ဇောမှာ အတူတူသာဖြစ်၏။ စေတနာသည်ပင် ဤနေရာ၌ ဇောဟူသော အမည်ကို ခံယူထားခြင်း ဖြစ်၏။ စေတနာဟူသော ဤဇော မကြည်လင်က မကြည်လင်သော အကျိုး (နောက်ကျိုညစ်ထေးသောအကျိုး)ကို ပေးမည်ဖြစ်၏။ ဤစေတနာဟူသော ဤ

ဇောကြည်ပါက ကြည်လင်ဖြူစင်သော အကျိုးကို ပေးမည်ဖြစ်၏။

ဤဇောသည် သေခါနီးအခါ၌ ငါးကြိမ်သာ စော၏။ မှန်၏။ ဇောတို့သည် ရိုးရိုးအခါတွင် ခုနစ်ကြိမ်စောလေ့ရှိ၏။ ခုနစ်ကြိမ်ဖြစ်လေ့ရှိ၏။ သို့သော် သေခါနီးအခါ၌ကား ဇောတို့၏မှီရာ ဝတ္ထုရုပ်ကိုယ်တိုင် အားနည်းနေသည့်ဖြစ်သည့်အတွက် ထို အားနည်းနေသော ဝတ္ထုရုပ်ကိုမှီခိုနေရသည့်ဇောသည်လည်း အားနည်းသွားရခြင်းဖြစ်ပေ၏။ ထို့ကြောင့် အခါတိုင်းအချိန်များကဲ့သို့ ခုနစ်ကြိမ်မစောနိုင်တော့ဘဲ သေခါနီးတွင် ငါးကြိမ်သာစောရခြင်း ဖြစ်ပေ၏။

**အကြောင်းတရား အဆင့်ဆင့်**

သေရာညောင်စောင်း လျောင်းစက်ရာနီးသောအခါ ကုသိုလ်စေတနာ ကောင်းသောဇောများ စောနိုင်ဖို့ရန် လိုကြောင်း အထက်က တင်ပြခဲ့ပါ၏။ မရဏာသန္န–သေဖို့ရာအခါ နီးကပ်လာသည်ဖြစ်စေ၊ မသေမီကာလ ဘဝတစ်လျှောက်လုံးတွင်ဖြစ်စေ မျက်စိ၊ နား နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့၌ တိုက်ရိုက်တွေ့ကြုံ ဆုံစည်းလာသော အာရုံထွေပြားအစားစားတို့အပေါ်၌ **ယောနိသော မနသိကာရ–** အသင့်အတော် အလျော်အားဖြင့် နှလုံးသွင်း ဆင်ခြင်နိုင်ဖို့အရေးမှာ ပုဂ္ဂိုလ်တိုင်းတွင် ရရှိနိုင်သော အခွင့်မဟုတ်။ မိမိ၏ ကိုယ်စိတ်တို့ကို ကောင်းစွာ စောင့်စည်းထိန်းချုပ်မှုဟူသော အတ္တသမ္မာပဏိဓိ အပေါ်တွင် များစွာ တည်မှီလျက်ရှိပေ၏။ **(အတ္တသမ္မာပဏိဓိ–မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့ဆောက်တည်လေ။)**

ဤအတ္တသမ္မာပဏိဓိဟူသော မိမိ၏ကိုယ်တို့ကို ကောင်းစွာ ထိန်းချုပ်စောင့်စည်းနိုင်ဖို့ရာ အခွင့်မှာလည်း **သဒ္ဓမ္မသဝန**

သူတော်ကောင်းတရား ကြားနာမှတ်သားရခြင်းအပေါ်တွင် များစွာ တည်မှီလျက်ရှိပေ၏။ **(သဒ္ဓမ္မဿဝန–ကောင်းကျိုးဆင့်ပွား၊ မြတ်တရား၊ နာကြားမပြတ်ပေ။)**

ဤသဒ္ဓမ္မဿသန–ဟူသော သူတော်ကောင်းတရား နာကြားရဖို့ အခွင့်မှာလည်း သပ္ပုရိသူပနိဿယ–မိကောင်းဖကောင်း ဆရာသမားကောင်းဟူသော သူတော်ကောင်းက မှီခိုဆည်းကပ်ရမှုအပေါ်တွင် များစွာ တည်မှီလျက်ရှိပြန်၏။ **(သပ္ပုရိသူပနိဿယ–ပညာရှိကို (သူတော်ကောင်းကို) အရှည်ကူလို့ မှီဝဲဆည်းကပ် နည်းယူလေ။)**

ဤသပ္ပုရိသူပနိဿယ–ဟူသော သူတော်ကောင်းကို မှီခိုဆည်းကပ်နိုင်ဖို့ အခွင့်မှာလည်း ပဋိရူပဒေသဝါသ–သင့်တင့်လျောက်ပတ်၍ သူတော်သူမြတ်တို့ရှိရာ အရပ်၌ နေရမှုအပေါ်တွင် များစွာ တည်မှီလျက်ရှိပြန်၏။ **(ပဋိရူပဒေသဝါသ– ကုသိုလ်ပညာ၊ ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ။)**

ဤပဋိရူပ ဒေသဝါသ–ဟူသော သင့်တင့်လျောက်ပတ် သူတော်သူမြတ်တို့ရှိရာ အရပ်၌ နေရဖို့ အခွင့်မှာလည်း **ပုဗ္ဗေဇ ကတပုညတာ–** ရှေးရှေးဘဝက (သို့မဟုတ် ရှေးအချိန်အခါက) ကုသိုလ်ကောင်းမှု ပြုစုဆည်းပူးခဲ့မှုအပေါ်တွင် များစွာ တည်မှီလျက်ရှိပြန်၏။ **(ပုဗ္ဗေစ ကတပုညတာ–ရှေးက တင်ကြိုပြုခဲ့ဖူးသည့်၊ ကောင်းမှုအထူး ရှိပါစေ။)**

ဤသို့လျှင် ကုသိုလ်စေတနာကောင်းသည့် ဇောများဖြစ်ပွားနိုင်ဖို့အခွင့်မှာ ဆိုခဲ့ပြီးသော အကြောင်းတရားများ အဆင့်ဆင့်အပေါ်တွင် အခြေခံလျက်ရှိရကား ကောင်းကျိုးလိုလားသည့် အမျိုး

ကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ထိုအကြောင်းတရားများကို မိမိသန္တာန်တွင် အမြဲထာဝရပြည့်ဝနေစေရန် အခွင့်ကို ဖြည့်ကျင့်ဆည်းပူးရာ၏။

ဆိုခဲ့ပြီးသော အကြောင်းတရားများ အဆင့်ဆင့် ပျက်ပြားနေသူ၏ သန္တာန်၌ကား **အာယောနိသော မနသိကာရ** – မသင့်မလျော်သော နှလုံးသွင်းစိတ်ထားများသာ အဖြစ်များလျက် ကုသိုလ်မဖက် အကုသိုလ်သက်သက်သာ ဖြစ်သည့် ဇောစေတနာများသာ စောနိုင်ဖွယ်ရှိပေ၏။

ထိုအခါ မကောင်းသောစိတ်ထားနှင့် အကုသိုလ်စေတနာကံများသာ ပြန့်ပွားစည်းကားလျက် မကောင်းကျိုးများကိုသာ ခံစားရမည် ဧကန်ဖြစ်ပေ၏။

ဤသို့ဖြစ်ရသည်မှာ မည်သူ့အား သာစေ၊ မည်သူ့အား နာစေ၊ ဟူသော တစ်စုံတစ်ယောက်၏ ဖန်တီးစီမံမှု အနေအထားမျိုး လုံးဝမရှိ။ ဓမ္မနိယာမဟူသော မိမိ၏ ကိုယ် နှုတ်စိတ်တို့ဖြင့် အားထုတ်အပ်သည့် လုပ်ရပ်၏ အကျိုးတရားကိုသာ မိမိစံရခြင်း၊ ခံရခြင်းသဘောပင် ဖြစ်ပေ၏။ မိမိစိုက်ပျိုးသော အပင်ကို မိမိစိုက်သည့်အတိုင်း ရိတ်သိမ်းရသကဲ့သို့ ရှိပေ၏။ သစ်ပင်ကို စိုက်ရာတွင် မျိုးကောင်းမျိုးသန့် သုံးမည်၊ မြေကို ကောင်းစွာ ပြုပြင်မည်၊ ပေါင်းမြက်တို့ကို အစဉ်မပြတ် ရှင်းလင်းမည်၊ ရေနှင့်သြဇာဓာတ်များကို လိုသလိုပေးမည်ဆိုပါက ယင်းသစ်ပင်သည် ဖွံ့ဖြိုးကြီးထွား၍ အသီးအပွင့်တို့ဝေဆာကာ သစ်ပင် စတင်စိုက်ပျိုးစဉ်က ထားရှိ လုပ်ဆောင်ခဲ့သော စေတနာအကျိုးများကို ခံစားရမည်ဖြစ်သည်။

သစ်ပင်ကို စိုက်ပျိုးရာတွင် ရရာမျိုးစေ့ကို ကောင်းစွာ မပြု ပြင်သော မြေဩစိုက်၍ ယင်းအပင်ကို စောင့်ရှောက်မှုမပြုဘဲ ပစ် ထားခဲ့လျှင် ထိုအပင်သည် ဖွံ့ဖြိုးကြီးထွားခြင်းမရှိဘဲ ကြံလှီးသေး ကွေးပြီး အသီးအပွင့်တို့ ဝေဆာလာမည်မဟုတ်သဖြင့် မိမိ၏စေတနာ အကျိုးအတိုင်း ခံစားရမည်ဖြစ်၏။

အလားတူပင် ဘဝတွင်လည်း ကောင်းမှုနှင့် မကောင်းမှုတို့ရှိ လေရာ လူ၏ ကောင်းသောစေတနာသည် ကောင်းကျိုးများကို ပေး၍ မကောင်းသောစေတနာသည် မကောင်းကျိုးများကို ပေးနိုင်ပါသည်။

ကိုတင်အောင်သည် စေတနာသဒ္ဒါတရား ပြည့်ဝသူတစ်ဦး ဖြစ်သည်။ အခြားတစ်ပါးသောသူအား မနာလိုဝန်တိုသည့်စိတ် ကင်း သူ ဖြစ်၏။ မိမိ၏ အကျိုးစီးပွား တစ်စုံတစ်ရာအတွက် သူတစ်ပါး ၏ အကျိုးတစ်စုံတစ်ရာ ဆုံးရှုံးရမည်ကို အလွန် စိုးရိမ်လှသူဖြစ် ၏။ သူသည် ကျေးဇူးတရားကို အစဉ်သတိရ၍ သူတစ်ထူးအား ကူညီရန်အတွက် လူ့ဘဝသို့ ရောက်လာသူဟု ဆိုနိုင်ပါ၏။ ဤလို ပုဂ္ဂိုလ်မျိုးသည် ကောင်းသော ဇော၊ ကောင်းသော စေတနာတို့သာ စောမည့် ပုဂ္ဂိုလ်ဖြစ်သည်။

ထို့အပြင် ကိုတင်အောင်၏ မိဘများအပါအဝင် ကိုတင် အောင်နှင့် ဇနီးသည်ကိုယ်တိုင်က ဘာသာရေးကို စွဲမြဲလေးစားကာ နှည့်သိမ်မွေ့သူများဖြစ်သည်။ ယခုအခါ ကိုတင်အောင်၏ ဇော အာရုံတွင် ပဒေသာပင် ဥယျာဉ်ပန်းမန် ဘုံဗိမာန်တို့ ထင်လျက် ရှိ ပေမည် တကား။

သေခြင်းတရားသည် မိုးကြိုးပစ်ခြင်းနှင့် အချက်
နှစ်ချက်တွင်တူညီသည်။ မိုးကြိုးပစ်သံသည် ကျွန်ုပ်
တို့အား တုန်လှုပ်စေပြီး မိုးကြိုးသံမကြားမီ ဖြစ်ပေါ်
သော အခြေအနေက ပို၍ ကြောက်မက်ဖွယ်ရာ
ကောင်း၏။ **တာလက်အီစီကိုထွန်**

၁၈၉၄

**အင်္ဂလိပ်အမျိုးသား ဘာသာရေးခေါင်းဆောင်တစ်ဦး**

## ဖြစ်ခဏ၊ တည်ခဏ၊ ပျက်ခဏ

ဤခရီးနီးသလား။

ယခုတော့ နီးသည်ဟု ဆိုနိုင်၏။

အဘယ်ကြောင့် နီးသည်ဟု ဆိုနိုင်သနည်း။

အဘယ်ကြောင့် နီးသည်ဟု ဆိုနိုင်သနည်းဆိုလျှင် ဖြစ်နေတာသည်လည်း တစ်ခဏသာဖြစ်၏။ တည်နေတာသည်လည်း တစ်ခဏသာ ဖြစ်၏။ ပျက်နေခြင်းကလည်း တစ်ခဏသာဖြစ်သည်။

မည်သည့်ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ မလွန်ဆန်နိုင်သော သင်္ခါရသဘောတရားအရ ပထမဖြစ်သည်။ နောက် တည်သည်။ ထို့နောက် ပျက်သည်။ ထို့ကြောင့် ဖြစ်ခြင်းသည် တစ်ခဏဖြစ်၏။ တည်ခြင်းသည်လည်း တစ်ခဏဖြစ်သည်။ ပျက်ခြင်းသည်လည်း တစ်ခဏဖြစ်၏။

ထိုသို့ ရုပ်တရား၊ နာမ်တရားတို့ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ် တည် ပျက်) အားဖြင့် ချုပ်ပျက်ခြင်းကို ခဏိက မရဏဟူ၍ ခေါ်၏။ ခဏိက မရဏသည် အလွန် လျင်မြန်စွာ ဖြစ်တည်ပျက်လျက် ရှိသောကြောင့် ယင်းကို ပုထုဇဉ်တို့က ထာဝရ မှတ်ထင်နေကြ၏။

မိမိတို့အထင်နှင့် အမှန်တကယ် ဖြစ်နေခြင်းက အလွန်မှ ခြား နား၏။ လူတို့သည် မိမိတို့ ဘယ်တော့မှ မသေတော့ပြီဟု ထင်မှတ် နေကြ၏။

မိမိတို့တွင်ရှိသော ရာထူး အဆောင်အယောင်တို့သည် ဘယ် တော့မှ လျှော့ကျမှုမရှိတော့ဟု ထင်နေကြ၏။ မိမိတို့တွင်ရှိသော ပစ္စည်းဥစ္စာဓနတို့သည် ဘယ်သောအခါမှ မပျက်သုန်းတော့ဟု ထင် နေကြ၏။

မိမိတို့တွင်ရှိသော ဂုဏ်သတင်းကျော်ကြားမှုတို့သည် ထာဝရ တည်နေမည်ဟု ထင်မှတ်နေကြ၏။

မိမိ၌ရှိသော ဉာဏ်ပညာထက်မြက်မှုတို့သည် အစဉ် တောက် ပြောင်နေမည့် အရာဟု ထင်မှတ်နေကြ၏။

တကယ်တမ်းတွင်ကား ဥစ္စာဓန၊ ရာထူးဌာနန္တရ၊ ဉာဏ်ပညာ နှင့် ဂုဏ်သတင်းကျော်စောမှုတို့သည် မိမိ၏ ရုပ်နှင့်နာမ်ကို မှီတွယ်၍ ဆက်တိုက်ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ တည်ရာ မှီရာ ရုပ်နှင့်နာမ်တို့ သည် ဖြစ်ခဏ၊ တည်ခဏ၊ ပျက်ခဏဖြင့် အစဉ် ဖြစ်၊ တည်၊ ပျက် လျက်ရှိရာ လူတို့က တည်နေသည်၊ မြဲနေသည်ဟု ထင်နေသော ဥစ္စာ ပစ္စည်း ရာထူးဌာနန္တရ၊ ဉာဏ်ပညာ ကျော်ဇောမှုတို့သည်လည်း သူ၏ တည်ရာမှီရာဖြစ်သော ရုပ်နှင့် နာမ်နည်းတူပင် ဖြစ်၊ တည်၊ ပျက်နေ ခြင်း ဖြစ်၏။ ယင်းတို့သည်လည်း ဖြစ်ခဏ၊ တည်ခဏ၊ ပျက်ခဏ၊

ဖြင့် ဖြစ်၊ တည်၊ ပျက် လျက် ရှိနေ၏။ ဖြစ်၊ တည်၊ ပျက်မှုကို လေ့လာသောအခါ ယင်း ဖြစ်၊ တည်၊ ပျက်တွင် စောင့်ရှောက်တတ်သော သဘောရှိသည့် ဇီဝိတ ခေါ် အသက်ရှိနေသည်ကို တွေ့ရ၏။ ထို ဇီဝိတခေါ် အသက်ဓာတ်သည် မိမိကိုယ်တိုင် ဖြစ်၊ တည်၊ ပျက်ရင်း ဖြစ်ပျက်မှု အစဉ်ကြီးကို ဆက်ကာဆက်ကာ လက်ဆင့်ကမ်း သယ်ဆောင်နေခြင်းကြောင့်သာ အမြဲထာဝရ တည်နေသည်ဟု အထင်ရှိနေကြခြင်း ဖြစ်၏။

မီးချောင်းအပိုင်းကို ထွန်းရာတွင် လျှပ်စစ်ဓာတ်အားတို့သည် မီးချောင်းကိုပတ်၍ ပြေးလျက်ရှိကြ၏။ ပထမအလင်းစုလေးက ရှေ့မှ ပြေးရင်း ပျောက်သွား၏။ နောက်အလင်းစုက သူ့နောက်မှ ကပ်လိုက်၏။ ထိုသို့ အလင်းစုငယ်များ ဖြစ်လိုက်၊ ပျက်လိုက်၊ တည်လိုက် ပြေးနေသည်ကို အမြင်အားဖြင့် မီးချောင်းသည် အစဉ်အမြဲ တည်ငြိမ် အေးဆေးစွာ လင်းနေသည်။ တစ်စုံတစ်ရာက သူ့အား မနှောင့်ယှက်သမျှ လင်းနေမည်ဟု ထင်ရ၏။

လျှပ်စစ်ကို ဖြတ်လိုက်သောအခါတွင်မှ မီးငြိမ်းမည်။ သို့မဟုတ် မီးချောင်းကို ရိုက်ခွဲလိုက်သောအခါတွင်မှ မီးငြိမ်းမည်ဟု ထင်ရ၏။

သို့သော် မီးလင်းနေလျက်တွင်ပင် ယင်းလျှပ်စစ်ရောင်တို့သည် ဖြစ်လိုက်၊ တည်လိုက်၊ ပျက်လိုက် ဖြစ်နေကြ၏။ လျှပ်စစ်ရောင်တို့၏ ဖြစ်မှု၊ တည်မှု၊ ပျက်မှုတို့ ဆက်ကာဆက်ကာ ဖြစ်နေခြင်းသည်ပင် မီးလင်းနေသလို ထင်ရ၏။

အလားတူပင် ခန္ဓာကိုယ်အတွင်းဝယ် ရုပ်နှင့်နာမ်တို့သည်ဖြစ်လိုက်၊ တည်လိုက်၊ ပျက်လိုက်ဖြစ်နေကာ ယင်းရုပ်နှင့်နာမ်တို့၏ဆက်

ကာ ဆက်ကာ ဖြစ်၊ တည်၊ ပျက်နေသည့် သဘောကြောင့် ခန္ဓာကိုယ်ကြီးသည် တည်နေသည်ဟု ထင်ရ၏။

ခန္ဓာကိုယ်ကိုမှီ၍ ဖြစ်ပေါ်နေသော ပစ္စည်းဥစ္စာ ခနေငွေကြေး အဆောင်အယောင်၊ ရာထူး ဂုဏ်ထူးဌာနန္တရ၊ ဉာဏ်ပညာတို့နှင့် လုပခြင်း၊ ပြေပြစ်ခြင်း၊ နုပျိုခြင်းတို့သည် မီးချောင်းမှ မီးလင်းနေသလို တည်နေသည်ဟု အထင်ရှိကြ၏။

သို့သော် ထိုအရာအားလုံးသည် ရုပ်နှင့်နာမ်ကိုမှီ၍ ဖြစ်၊ တည်၊ ပျက်နေခြင်းသာ ဖြစ်ကြောင်းကို လူတို့က ဆင်ခြင်သုံးသပ် သတိတရား ပွားများနိုင်ပါက လူ့ဘဝ အသက်ရှင်နေသော ကာလဝယ် ကောင်းရာကောင်းကြောင်းများနှင့် အမှန်တရားများ၊ တရားမှုတမှုများကို အများအပြား လုပ်ဆောင်နိုင်ခဲ့မည်ဖြစ်ပြီး သူတော်ကောင်းတရားကိုလည်း ပွားများနိုင်ကြမည် ဖြစ်ပါ၏။

ထိုသို့ သုံးသပ်သတိချပ်နိုင်၍ အမှန်တရား သူတော်ကောင်းစိတ်ဓာတ်ကို အစဉ် ကပ်ထားနိုင်ပါက ဘဝသည် အလွန်မှ တန်ဖိုးရှိလှ၏။ ရခဲသော လူ့အဖြစ်၊ ရခဲသော လူ့ဘဝသည် တန်ဖိုးကြီးလှ၏။ မွေးခြင်းမှ သေဆုံးခြင်းအကြား လူ့ဘဝ၏ လမ်းခရီးဝယ် ကြည်နူးခြင်း၊ ကျေနပ်ခြင်း၊ ချမ်းသာခြင်းသုခတို့ အစဉ်ရရှိ ပွားများနေနိုင်မည် ဖြစ်၏။

သေခြင်းတရားကို လေ့လာမည်ဆိုပါက ရုပ်နှင့်နာမ်တို့၏ဖြစ်၊ တည်၊ ပျက်မှုသဘောကို ထင်ထင်လင်းလင်း အမြင်ရှင်းအောင် ပိုင်းခြားစိတ်ဖြာ၍ သိနေရန်လိုသည်။ သို့မှသာ ငါသည် ငါမဟုတ်ဟူသော အမြင်ကို အစဉ် သတိကပ်နိုင်မည် ဖြစ်ပါ၏။

အသက်ဟူသည်ကား ဇီဝိတကို ခေါ်ခြင်းဖြစ်၏။ ဇီဝိတဟူသည်ကား စောင့်ရှောက်တတ်သော ဓာတ်တစ်ခုဖြစ်၏။ ရေသည် ကြာကို စောင့်ရှောက်သကဲ့သို့ သတ္တဝါတို့၏ ခန္ဓာကိုယ်ကို ဤအသက်ဟူသော ဇီဝိတက စောင့်ရှောက်နေခြင်းဖြစ်၏။

ထိုဇီဝိတသည် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတဟူ၍ နှစ်ပါးရှိ၏။ ရုပ်ဇီဝိတသည် တကွဖြစ်ဖက် ရုပ်တရားတို့ကို စောင့်ရှောက်၏။ နာမ်ဇီဝိတသည် တကွဖြစ်ဖက် နာမ်တရားတို့ကို စောင့်ရှောက်၏။

လူတစ်ယောက် သို့မဟုတ် သတ္တဝါတစ်ဦး စတင်ဖြစ်လာဖို့ အရေးသည် ရှေးကံဟူသော အကြောင်းတရားပေါ်တွင် တည်မှီလျက်ရှိ၏။ ရှေးကံကြောင့် သတ္တဝါတစ်ဦး စတင်ဖြစ်ပေါ်လာရခြင်းဖြစ်၏ဟု ဆို၏။ ထိုသို့ လူတစ်ယောက် သတ္တဝါတစ်ဦး စတင်ဖြစ်ပေါ်ပြီးလျှင် (ပဋိသန္ဓေ တည်နေပြီးလျှင်) ရှေးကံအကြောင်းတရား၏ တာဝန်မှာ ပြီးဆုံးသွားခဲ့ပြီဟု ဆိုနိုင်သော်လည်း ဤဇီဝိတက ဤသူဤသတ္တဝါ အချိန်ရှိသမျှ တည်နေနိုင်အောင် ကိုယ်ဝန်ဘဝကပင် စတင်၍ စောင့်ရှောက်ခဲ့ခြင်း ဖြစ်၏။

ဥပမာ–အမေဖြစ်သူက မွေးဖွားပြီး သေဆုံးသွားသည့်အခါ နို့ထိန်းဖြစ်သူက ဤကလေးကို ဆက်လက်စောင့်ရှောက်ရသကဲ့သို့ ရှိပေ၏။ ကြာမျိုးစေ့က အပင်ပေါက်စေပြီးလျှင် သူ့ကိစ္စ ပြီးသွား၏။ ရေက ဤကြာပင်ကို ဆက်လက်တည်တံ့နေနိုင်အောင် စောင့်ရှောက်ရသကဲ့သို့ ရှိပေ၏။

ဤသို့ ဇီဝိတက ဤခန္ဓာကိုယ်ကြီးကို စောင့်ရှောက်သည်ဟု ဆိုသော်လည်း ဇီဝိတကိုယ်တိုင်ပင်လျှင် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ဖြစ်၊

တည်၊ ပျက်လျှင် အမြဲချုပ်ဆုံး ကွယ်ပျောက်နေရသည် ဖြစ်သော ကြောင့် ဤဇီဝိတသည်လည်း သူနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် တရားတို့ နှင့် ဖြစ်အတူ ပျက်အတူ ချုပ်ဆုံးကွယ်ပျောက်လျက် ရှိရ၏။

သို့သော် ဤဇီဝိတဟူသော အသက်ဓာတ်၏ စောင့်ရှောက်မှု သည် မိမိမချုပ်ဆုံးမီ နောက်နောင်ဖြစ်သည့် ရုပ်များကို မိမိနည်းတူ၊ မိမိကဲ့သို့ အလားတူဖြစ်စေရန် ကျေးဇူးပြုခဲ့၏။ ဤသို့ နောက်နောင် ရုပ်များကို 'ငါလို ဖြစ်ရစ်ကြ၊ ငါနှင့်အလားတူ ဖြစ်ရစ်ကြ' ဟူ၍ ကျေးဇူး ပြု စောင့်ရှောက်မှုကြောင့်ပင်လျှင် ဤခန္ဓာကိုယ်ကြီးသည် အိုသာ အို သွားသည်။ ရုပ်အနေအထားစု သဏ္ဌာန်မှာ ပြောင်းလဲ၍မသွား၊ သေ သည့်တိုင်အောင်ပင် ဤပုံသဏ္ဌာန်အတိုင်းသာ ဆက်လက် တည်နေ နိုင်ခြင်းဖြစ်၏။

**ရုပ်သက်ထက် စိတ်သက်မြန်**

စိတ်ဟူသော နာမ်တရား၏ သဘောကား ဤသို့မဟုတ်။ အပြောင်းအလဲ အလွန်များ၏။ အလွန်လည်း လျင်မြန်၏။ အဘယ်မျှ လောက် လျင်မြန်ပါသနည်းဆိုသော် ရုပ်၏သက်တမ်းထက် စိတ်ဟူ သော ဤနာမ်တရား၏ သက်တမ်းက ဆယ့်ခုနစ်ဆ ပို၍ လျင်မြန်၏။ ရုပ်တရား တစ်ခါဖြစ်ပျက်နေချိန်တွင် စိတ်ဟူသော နာမ်တရားမှာ ဆယ့်ခုနစ်ခါ ဖြစ်ပျက်၍ ပြီးသွားပြီဟု ဆိုလို၏။

ထို့ကြောင့် ရုပ်၏သက်တမ်းသည် စိတ်ဟူသောနာမ်၏ သက် တမ်းထက် ဆယ့်ခုနစ်ဆကြာရှည်၏။ နာမ်တရား၏ သက်တမ်းသည် ရုပ်တရား၏ သက်တမ်းထက် ဆယ့်ခုနစ်ဆ ပိုမိုတိုတောင်း၏ဟု သိ မှတ်ရာ၏။

သို့သော် ရုပ်၏ဖြစ်ခြင်းခဏ၊ ပျက်ခြင်းခဏများသည် စိတ်၏ ဖြစ်ခြင်းခဏ၊ ပျက်ခြင်းခဏများနှင့် အချိန်ကာလ တူမျှကြသည်သာ ဖြစ်၏။ ဌီခဏမှာသာ စိတ်၏ ဌီခဏထက် ရုပ်၏ဌီခဏက ရှည်ကြာခြင်း ဖြစ်၏။

ရှင်းအောင်ဆိုရသော် မည်သည့်ရုပ်နာမ်မဆို သင်္ခါရသဘောတို့၏ ဓမ္မတာအရ–

ဥပါဒ်ကာလဟူသော ဖြစ်ခြင်းခဏ။

ဌီကာလဟူသော တည်ခြင်းခဏ၊

ဘင်ကာလဟူသော ပျက်ခြင်းခဏဟူ၍ ရှိကြသည်သာဖြစ်၏။

ဤဥပါဒ်၊ ဌီ၊ ဘင်ဟူသော ဖြစ်ခဏ၊ တည်ခဏ၊ ပျက်ခဏ သုံးခုကို ခဏငယ်သုံးခုဟု ဆို၏။ တိုတောင်းလှသော အချိန်ကာလ အတိုင်းအတာမျှသာရှိသည့် ခဏလေးများဟု ဆိုလို၏။

စိတ်ဟူသော နာမ်သဘောမှာ ဤသို့သော ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏဟူသော အချိန်ကာလ အတိုင်းအတာမျှသာ သက်တမ်းရှည်ကြာ၏။ ခဏကလေးဖြစ်ပြီးလျှင် ခဏလေး တည်၍ ခဏကလေး အတွင်း ပျက်ချုပ်သွားကြ၏။ ဤခဏကလေးပေါင်းသုံးခုကို ခဏတ္တယ–ခဏကလေးသုံးခုတို့အပေါင်း–ခဏငယ်သုံးချက်ဟု ခေါ်တွင်၏။ စိတ်ဟူသော နာမ်တရားတို့သည် ဤခဏငယ်သုံးချက်ခန့်သာ သက်တမ်းရှည်ကြ၏။ ဤကား နာမ်တရားတို့၏ ဓမ္မသဘာဝတည်း။

ရုပ်၏သဘောမှာကား ဤကဲ့သို့သော ခဏတ္တယ–ခဏကလေး သုံးခုတို့၏အပေါင်း၊ ခဏငယ်သုံးချက် အတွဲပေါင်း ဆယ့်

ခုနစ်တွဲစာမျှ သက်တမ်းရှည်ကြာ၏။ ခဏတ္တယ– ခဏငယ်သုံးချက်အတွဲပေါင်း (အကပ်လိုက်) ဆယ့်ခုနစ်တွဲ စေ့အောင်မှ တစ်ခါ ချုပ်ပျက်၏။

ပုံစံထုတ်ပြရသော် ဥပါဒ်ဟူသော ဖြစ်ဆဲခဏငယ်ကလေးအတွက် ဝလုံး တစ်လုံး၊ ဌီဟူသော တည်ဆဲ ခဏငယ်ကလေးအတွက် ဝလုံး တစ်လုံး၊ ဘင်ဟူသော ပျက်ဆဲ ခဏငယ်ကလေးအတွက် ဝလုံး တစ်လုံး၊ စဉ်ထားပါလျှင် ပထမဝလုံးသည် စိတ်၏ဖြစ်ဆဲခဏ (ဥပါဒ်ခဏ)၊ ဒုတိယဝလုံးသည် စိတ်၏ တည်ဆဲခဏ (ဌီခဏ)၊ တတိယဝလုံးသည် စိတ်၏ ပျက်ဆဲခဏ (ဘင်ခဏ) များဟုဆိုရ၏။ ဤသို့ဖြင့် စိတ်သည် ဝလုံးသုံးလုံး (တစ် နှစ် သုံး) စေ့ရောက်သည်နှင့် ချုပ်ပျောက်သွားတော့၏။

| ○ | ○ | ○ |
|---|---|---|
| ဥပါဒ်ခဏ | ဌီခဏ | ဘင်ခဏ |

(ဤနေရာ၌ တစ်ဟု ဆိုလိုက်သောအချိန်သည် စိတ်၏ ဖြစ်ဆဲခဏ–ဥပါဒ်ခဏဟု ဆိုလိုသည်မဟုတ်။ နှစ်ဟု ဆိုလိုက်သောအချိန်သည် စိတ်၏ တည်ဆဲခဏ ဌီခဏဟူ၍ ဆိုလိုသည်မဟုတ်။ သုံးဟုဆိုလိုက်သောအချိန်သည် စိတ်၏ ပျက်ဆဲခဏ၊ ဘင်ခဏဟူ၍ ဆိုလိုသည်မဟုတ်။ ဥပါဒ်၊ ဌီ၊ ဘင်–ဖြစ်၊ တည်၊ ပျက်ဟူသော ဝလုံးသုံးလုံးကို တစ် နှစ် သုံး ဟူ၍ အရေအတွက်ကိုသာ သုံးခြင်းဖြစ်၏။ အချိန်အတိုင်းအတာ ကြာမြင့်မှုကို ဆိုလိုသည်မဟုတ်။

တကယ်တမ်း စိတ်၏ ဖြစ်၊ တည်၊ ပျက် လျင်မြန်မှုအချိန်သည်ကား ဤ တစ်ဟူ၍ ဆိုလိုက်သောအချိန်၊ လက်ဖြောင့်တစ်ချက်တီး

ချိန်၊ လျှပ်စီးတစ်ခါလက်ချိန်၊ မျက်စိတစ်ခါမှိတ်ချိန် အတိုင်းအတာ အချိန်ကလေးအတွင်းမှာပင် ဤစိတ်သည် ဤဥပါဒ်၊ ဌီ၊ ဘင်မျိုး အပြည့်အစုံနှင့် ဖြစ်၊ တည်၊ ပျက်လျက် အကြိမ်ပေါင်း ကုဋေတစ်သိန်း အရေအတွက်ရှိအောင် ဥပါဒ်၊ ဌီ၊ ဘင် အတွဲလိုက်၊ အကပ်လိုက် ဖြစ်၊ တည်၊ ပျက်ကာ ဖြစ်ချုပ်၍ သွားနိုင်စွမ်း ရှိပေ၏။ ဤမျှလောက် လျင်မြန်လှ၏။)

ဤသို့ စိတ်ဟူသော နာမ်တရားသည် ဥပါဒ်၊ ဌီ၊ ဘင်–ဖြစ်၊ တည်၊ ပျက်ဟူသော ခဏငယ်သုံးချက်အတွင်းမှာပင် ဖြစ်တည်လျက် ချုပ်ပျောက်သွားပေ၏။ ခဏငယ်သုံးချက်စာမျှသာ အသက်တမ်း ရှည်ကြာ၏။

ရုပ်သက်ကား ဥပါဒ်၊ ဌီ၊ ဘင်–ဖြစ်၊ တည်၊ ပျက်ဟူသော ဤခဏငယ် သုံးချက်ပေါင်း (အတွဲပေါင်း) တစ်ဆယ့်ခုနစ်ချက်မျှ သက်တမ်းရှည်ကြာ၏။ အထက်က နည်းအတိုင်း ခဏငယ်တစ်ခု ဝလုံး တစ်ခုနှုန်းနှင့်ဆိုလျှင် ဝလုံးပေါင်း (၃ x ၁၇) ၅၁ လုံး ရှိ၏။ ခဏငယ်ပေါင်း ၅၁ ချက် အသက်တမ်းရှည်ကြာ၏ဟု ဆိုလို၏။ ထို့ကြောင့် ရုပ်သက်သည် နာမ်ဟူသော စိတ်သက်ထက် ဆယ့်ခုနစ်ဆ ရှည်ကြာ၏ဟု ဆိုခဲ့ခြင်းဖြစ်၏။

ဥပါဒ်ခဏ ဌီခဏ ဘင်ခဏ – ၃ x ၁၇ = ၅၁

သို့သော် ဤသို့ ရှည်ကြာခြင်း၌ ဥပါဒ်ဟူသော ဖြစ်ခြင်းခဏနှင့် ဘင်ဟူသော ဖြစ်ပျက်ခဏများကား ရုပ်နှင့် စိတ်တို့၌ ခြားနားမှု မရှိကြ။ ရုပ်၏ ဖြစ်ဆဲခဏ(ဥပါဒ်ကာလ) သည် စိတ်၏ ဖြစ်ဆဲခဏ (ဥပါဒ်ကာလ)နှင့် ညီမျှ၏။ ထို့အတူ ရုပ်၏ပျက်ဆဲခဏ (ဘင်ကာလ)

သည်လည်း စိတ်၏ ပျက်ဆဲခဏ (ဘင်ကာလ) နှင့် ညီမျှ၏။ ခြားနားမှု ဘာမျှမရှိကြ။

ဌီကာလဟူသာ အလယ်ကာလ တည်ခဏတွင်သာ ရုပ်နှင့် စိတ်တို့ ခြားနားခြင်းရှိကြ၏။ အထက်က ဆိုခဲ့သော ခဏငယ်တစ်ခု ဝလုံးတစ်လုံးနှုန်းနှင့် စိစစ်သော် ပိုမို နားရှင်းမည်ဖြစ်၏။

အထက်က ဆိုခဲ့သော ခဏငယ် တစ်ခု ဝလုံးတစ်လုံးနှုန်းအရ ဆိုသော် စိတ်သည် ဝလုံးသုံးလုံးစာ သက်တမ်းရှည်ကြာ၏။ ရုပ်သည် ဝ လုံး ၅၁ လုံးစာ သက်တမ်းရှည်ကြာ၏ဟု သိခဲ့ပြီ။

ဤသို့ ဤတွက်နှုန်းကို သဘောပေါက်ပြီဆိုလျှင် အမှတ် ၁ ဝလုံးသည် ရုပ်၏ ဥပါဒ်ကာလ ဖြစ်ဆဲခဏမည်၏။ အမှတ်၁၅ ဝလုံးသည် ရုပ်၏ ပျက်ဆဲကာလ ဘင်ခဏ မည်၏။ အမှတ် ၂ ဟူသော ဒုတိယဝလုံးမှသည် အမှတ် ၅၀ အထိ ဝလုံးလေးများသည် ရုပ်၏ ဌီကာလ တည်ဆဲခဏဖြစ်၏။ စုစုပေါင်း ၄၉ လုံး ရှိ၏။ ထို့ကြောင့် ရုပ်၏ တည်ဆဲခဏ ဌီကာလသည် ခဏငယ်ပေါင်း ၄၉ ချက် သက်တမ်းရှည်ကြာ၏ဟု ထပ်ဆင့်သိရာ၏။

ထို့ကြောင့်

၁။ စိတ်၏ ဥပါဒ်ကာလဖြစ်ဆဲခဏသည် ဝလုံးတစ်လုံးစာ ခဏငယ်တစ်ချက်၊

၂။ ရုပ်၏ ဥပါဒ်ကာလ ဖြစ်ဆဲခဏသည်လည်း ဝလုံးတစ်လုံးစာ ခဏငယ်တစ်ချက်၊

၃။ စိတ်၏ ဘင်ကာလ ပျက်ဆဲခဏသည် ဝလုံး တစ်လုံးစာ ခဏငယ်တစ်ချက်၊

၄။ ရုပ်၏ ဘင်ကာလ ပျက်ဆဲခဏသည်လည်း ဝလုံးတစ်လုံး စာခဏငယ်တစ်ချက်

၅။ စိတ်၏ ဌီကာလ တည်ဆဲခဏသည် ဝလုံးတစ်လုံးစာ ခဏငယ်တစ်ချက်

၆။ ရုပ်၏ ဌီကာလ တည်ဆဲခဏသည်ကား ဝလုံး ၄၉ လုံးစာ ခဏငယ် ၄၉ ချက်ဟူ၍ သိမှတ်ရာ၏။

ထို့ကြောင့် ရုပ်၏ ဌီကာလဟူသော တည်ခဏသည် အခြားသော ဖြစ်ခြင်းပျက်ခြင်းတို့ထက် ခဏတာ ပို၍ ကြာသောကြောင့် ရုပ်သည် တည်နေသည်ဟု အထင်ရှိနေကြခြင်းဖြစ်၏။ ရုပ်သည် ဌီကာလ တည်ခဏ၌ အခြားထက်စာလျှင် ၄၉ ဆမျှ ကြာသည်ကား မှန်၏။ သို့သော် သူကိုယ်တိုင်သည်လည်း ပျက်သုဉ်း ကွယ်ပျောက်နေရသည်သာ ဖြစ်၏။

*

လူကောင်းများသည် စောစောသေသည့်တိုင် ကျန်ရစ်မှုများ ရှိသော်လည်း ကြင်နာမှုခန်းခြောက်၍ နှလုံးသားမဲ့သူတို့အတွက်ကား အသက်တစ်ရာ နေရငြားသော်လည်း ဘာတစ်ခုမျှ ကျန်ရစ်ခဲ့သည်ဟု မရှိပါ။

ဝုစ်ဝပ်
(၁၇၇၀–၁၈၅၀)
အင်္ဂလိပ်လူမျိုး ကဗျာဆရာကြီး

# စိုင်းအောင်လှိုင်မြင့်
# (သို့မဟုတ်)
# မသေသင့်သေးသော လူငယ်တစ်ယောက်

ဤခရီးနီးသလား။

'ရေအကျမှာ လိုက်သွားရင်တော့ ရခိုင်ချောင်ကို ခဏလေးပဲ'

ကျွန်တော်၏ တပည့်လည်းဖြစ်၊ ညီအစ်ကိုလို ရင်းနှီးသူလည်းဖြစ်သော ဦးသိန်းက ပြောလိုက်ပါ၏။

ကျွန်တော်က 'အပြန်မှာလဲ ရန်ကုန်ကို အချိန်မီ ရောက်ချင်တယ်'ဟု ဆိုလိုက်၏။ ထိုအခါ ကျွန်တော်တို့ကို လာကြိုသူ မိတ်ဆွေ

ကြီး ဦးကောက်ရက 'အပြန်ခရီးလဲ ကျွန်တော်တို့ ရေအတက်ကို စောင့် ထွက်ရင် မကြာပါဘူး' ဟု ပြန်ပြောသည်။

ခရီးအကွာအဝေး တူသော်လည်း ရေကို စုန်ရသော အချိန်က တစ်မျိုး၊ ရေကို ဆန်ရသော အချိန်က တစ်မျိုးဖြစ်သည်။

ချောင်းတစ်ခုအတွင်းသို့ သွားရောက်ရာတွင် ရေကို အသွား တွင် စုန်ရပါက အပြန်တွင် ဆန်ရမည်ဖြစ်၏။

သို့သော် ဤချောင်းထဲတွင်ပင် အသွားဒီရေကျနှင့်သွား၍ အပြန်ကို ရေတက်နှင့် ပြန်နိုင်ကြောင်း ဦးသိန်းနှင့် ဦးကောက်ရတို့က ဆွေးနွေးနေကြသဖြင့် စိုင်းတစ်ယောက် သေသေချာချာ သဘောပေါက် အောင် စူးစိုက်နားထောင်နေ၏။ ဧရာဝတီမြစ်ဘေးတွင် နေခဲ့သော စိုင်းအောင်လှိုင်မြင့်သည် မြစ်ကြီးနားမှ တာလောကြီးသို့ သွားလျှင် စုန်ရုံသာရှိ၍ တာလောကြီးမှ မြစ်ကြီးနားသို့လာလျှင် ဆန်ရုံသာရှိ၏။ ထိုအရပ် ထိုဒေသတွင် ရေအတက်အကျဟူ၍ မရှိ။

မြစ်ကြီးနားမှ ခတ်ချိအသွားတွင် စုန်ရသည်။ သို့သော် ခတ်ချို မှ မြစ်ကြီးနားသို့ အပြန်တွင်ကား စုန်လိုသည်ဟု စိတ်ကူး၍မရပါ။

သို့သော် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းမှ သမ္ပန်ဖြင့် ရန်ကုန်မြစ်အတွင်းမှတစ်ဆင့် တွံတေးမြို့နယ်၊ ရခိုင်ချောင်းကျေးရွာ သို့ သွားရာတွင်ကား ရေတက်ရေကျရှိနေ၍ အသွားကိုလည်း ရေအကျ တွင် စုန်နိုင်၍ အချိန်တွက်သွားပါက အပြန်တွင်လည်း ရေအတက်တွင် စုန်နိုင်သေး၏။

ထို့ကြောင့်လည်း ရေအတက်အကျမရှိသော ဧရာဝတီမြစ်ဘေး

တွင် နေထိုင်ခဲ့ရသည့် စိုင်းတစ်ယောက် ရေတက်ရေကျဖြင့် သွားလာလေ့ရှိသော မြစ်ဝကျွန်းပေါ်ဒေသမှ လှေသမားတို့၏ စကားကို နားမလည်နိုင်ရှာဘဲ ဖြစ်နေရသည်။

'ဦးသိန်း၊ ရခိုင်ချောင်ကို အသွားတစ်လမ်း အပြန်တစ်လမ်းလား'

စိုင်းက ဦးသိန်းကို မေးပါသည်။

'မဟုတ်ဘူး ကိုစိုင်းရဲ့၊ ကျွန်တော်တို့ ရခိုင်ချောင်သွားမှာက အသွားလဲ ဒီလမ်းပဲ၊ အပြန်လဲ ဒီလမ်းပဲ'

'ဒီလိုဆို အသွားမှာ ရေကိုစုန်ရရင် အပြန်မှာ ရေကိုဆန်ရမှာပေါ့၊ တစ်လမ်းတည်း အသွားရောအပြန်ပါ ရေကို စုန်နိုင်အောင် ဘယ်လို လုပ်ရမှာလဲ ဦးသိန်းရေ'

'ဒီလိုလေ စိုင်းရဲ့၊ မြစ်ဝကျွန်းပေါ်ကမြစ်တွေက ရေတက်ရေကျရှိတယ်၊ ရေတက်နေချိန်မှာ မြစ်ဝကနေ အထက်ကို ပြန်စီးပြီး ရေကျချိန်မှာ မြစ်အတွင်းပိုင်းကနေ မြစ်ဝကို ပြန်စီးတယ်၊ ဒါ့ကြောင့် ရေအတက်အကျရှိတဲ့ အောက်မြန်မာပြည်က မြစ်တွေမှာ သွားရတာက အသွားကိုလဲ ဒီရေတက်ချိန်မှာ စုန်လို့ရသလို အပြန်ကိုလဲ ဒီရေကျချိန်မှာ ရေကျနဲ့အတူ စုန်လို့ရတယ်'

'ဒီလိုဆို မြစ်တွေက မျက်နှာလိုက်တယ်ဗျာ'ဟု စိုင်းအောင်လှိုင်မြင့်က ဆိုလိုက်၏။ ထိုသို့ဆိုလိုက်ပြီးသည်နှင့် စိုင်းသည် ကျယ်ဝန်းလှသော ရန်ကုန်မြစ်ပြင်ကို ကြည့်၍ နေသည်။ ရန်ကုန်မြစ်ပြင်ဝယ် ကြက်ခြေနီအဖွဲ့ဝင် ရှမ်းအမျိုးသား လူငယ်တစ်ယောက် ဧရာဝတီမြစ်

၏ ရေဆန်ကို ခက်ခက်ခဲခဲ လှော်နေရသည့်မြင်ကွင်းသည် အရိပ် သဏ္ဌာန် ပေါ်၍လာပါတော့၏။

တကယ်တော့ စိုင်းအောင်လှိုင်မြင့်သည် ကချင်ပြည်နယ် ဧရာဝတီမြစ်ဘေးမှ မထင်မရှားရွာလေးတစ်ရွာဖြစ်သော ခေါင်ဖူးရွာဟောင်းမှ ရှမ်းအမျိုးသားလူငယ်တစ်ဦးဖြစ်၏။ သူ့အသက် အရက် ၂ဝ တွင် ပင် မိခင်ဆုံးပါးခဲ့ရာပြီ မိခင်ဆုံးပြီး တစ်နှစ်အကြာတွင် စိုင်း၏ဖခင်သည် နောက်အိမ်ထောင်ပြုခဲ့သည်။ ဖခင်ဖြစ်သူ နောက်အိမ်ထောင်ပြု၍ တစ်ရွာသို့ ပြောင်းသွားသောကြောင့် စိုင်းသည် အဘိုးအဘွားတို့နှင့် နေခဲ့ရ၏။ သို့သော် အဘိုးအဘွားတို့ကလည်း စိုင်းငယ်စဉ်ကပင် ဆုံးပါးသွားခဲ့ပေရာ စိုင်းသည် ခေါင်ဖူးရွာဟောင်းတွင် ဦးလေးတော်သူနှင့်သာ ကြီးပြင်းလာခဲ့ရ၏။

ခေါင်ဖူးရွာဟောင်းနှင့် မြစ်ကြီးနားသည် လေးဆယ့်ရှစ်မိုင်ခန့်ဝေး၏။ ဧရာဝတီမြစ်ကြောင်းလမ်း တစ်ခုတည်းဖြင့်သာ သွားလာ၍ရပြီး မြစ်ကြီးနားနှင့် ခေါင်ဖူးရွာကို စိုင်းတို့က လှေငယ်ဖြင့်သာ သွားရသည်။ လှေငယ်များနှင့် သွားပါက မြစ်ကြီးနားမှ စုန်လာလျှင် နေ့ချင်းပေါက်၍ ခေါင်ဖူးရွာဟောင်းမှ ဆန်လျှင် လမ်းတွင် နှစ်ညခန့် အိပ်ရသည်။

ခေါင်ဖူးရွာဟောင်း၏ ဧရာဝတီတစ်ဖက်ကမ်းတွင် တာလောကြီးရွာ ရှိသည်။ တာလောကြီးရွာက ဧရာဝတီ အရှေ့ဘက်ကမ်းတွင် ရှိ၍ ခေါင်ဖူးရွာဟောင်းက အနောက်ဘက်ကမ်းတွင် ရှိ၏။

ဤနေရာ ဤဒေသတွင် မွေးဖွားကြီးပြင်းလာသော စိုင်းသည်

ဒီရေ အတက်အကျကို နားမလည်။ စိုင်းနားလည်သည်က ဘဝဆိုတာ တာလောကြီးမှ မြစ်ကြီးနားသို့သွားသလို ရေစုန်ကို ဆန်ရသည်ဟု နားလည်၏။ မိမိဘဝက ဆင်းရဲပင်ပန်းလှသည်။ ထို့ကြောင့် စိုင်းက ဘဝဟူသည် ဆင်းရဲခြင်း၊ ဘဝဟူသည် ဒုက္ခဟု ငယ်စဉ်က အဓိပ္ပာယ် ဖွင့်ခဲ့၏။ လူသားတို့သည် ဘဝကိုယ်စီဖြင့် လျှောက်လှမ်းနေကြပေရာ လူသားတိုင်းအတွက် ဘဝအဆန်ခရီးတွင် အကူအညီလိုမည်။ ထိုသို့သော အကူအညီများကို ငါ တတ်စွမ်းသမျှ ပေးဆောင်မည်။ အများသူငါအား ငါတတ်စွမ်းသမျှ ပံ့ပိုးမည်ဆိုသည့် ကူညီရိုင်းပင်းလိုသော စိတ်အစဉ်သည် စိုင်း၏ ရင်ထဲ၌ သူ၏ ဘဝပေး ရေဆန်အသိဖြင့် ကိန်းအောင်းလာခဲ့၏။

ထို့ကြောင့်လည်း ခေါင်ဖူးရွာမှ တာလောကြီး၊ တာလောကြီးမှ ခတ်ချို၊ ခတ်ချိုမှ မြစ်ကြီးနားသို့ ရောက်သောအခါ စိုင်းသည် ရှေးဦးစွာ ကြက်ခြေနီ လူငယ်ဘဝကို ခံယူခဲ့သည်။

စိုင်းသည် လမ်းစဉ်လူငယ်အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်၏။ ကျောင်းသားဘဝတွင် စိုင်းသည် အများတကာအား သူတတ်နိုင်သမျှ ကူညီခဲ့သည်။ အရည်အချင်းပြည့် ကြက်ခြေနီလူငယ်တစ်ဦးဖြစ်ရန် အစဉ်အမြဲ ကြိုးစားနေခဲ့၏။ ယခု ကျွန်တော်တို့ ထွက်လာသော ခရီးသည် စိုင်းအပါအဝင် ကျွန်တော်တို့အား တွံတေးမြို့နယ် ရခိုင်ချောင် ကျေးရွာမှ ဖိတ်ကြားချက်အရ ယင်းရွာသို့ လေ့လာရေးခရီး ထွက်လာကြခြင်း ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့တွင် ဦးမင်းအောင် (သတင်းထောက် မောင်လူချော)၊ ကော့မှူးသောင်းရွှေ၊ လင်းသော်၊ ပန်းချီကိုရွှေဝင်း၊ ကိုစိုးလွင် အစရှိသော စာပေအနုပညာရှင်များပါကြသည်။

ကျွန်တော်တို့အား ရခိုင်ချောင်ကျေးရွာမှ ရွာခံများဖြစ်ကြသော ဦးသိန်းနှင့် ဦးကောက်ရတို့က ရန်ကုန်အရောက် လာရောက် ကြိုဆိုကြသည်။

ထိုသို့ လာကြိုကြစဉ် အောက်ပြည်အောက်ရွာသို့ မရောက်ဖူးသော စိုင်းအောင်လှိုင်မြင့်က ရေတက်ရေကျ၏ သဘောကိုသိပ်ရှင်းဟန်မတူ။ ထို့ကြောင့်လည်း ဦးသိန်းနှင့် ဦးကောက်ရတို့က ရေတက်ရေကျ၏ သဘောကို ပြောနေကြသောအခါ စိုင်းက ဝင်မေးခြင်းဖြစ်၏။

ကျွန်တော်တို့အဖွဲ့ ရခိုင်ချောင်သို့ ရောက်သောအခါ ရှေ့ဆောင်လူငယ် နွေရာသီစခန်းချ သင်တန်းတစ်ခုကို ရခိုင်ချောင်၌ စခန်းဖွင့်လှစ်လျက်ရှိရာ ထိုသင်တန်းမှ စခန်းဝင် လူငယ်များအား စာပေ ဗဟုသုတများကို သွားရောက် ဟောပြောခဲ့ကြ၏။

ထိုဟောပြောပွဲတွင် စိုင်းအောင်လှိုင်မြင့်က သူ့အကြောင်းကို သူပြောပြ၏။ ထိုလူငယ်များအတွက် စိုင်းက သူ့အကြောင်း သူပြောပြရခြင်းသည် မှန်ကန်သော ရွေးချယ်မှုတစ်ရပ် ဖြစ်ပါသည်။ စိုင်းအောင်လှိုင်မြင့်သည် မြန်မာလူငယ်တို့အတွက် မီးရှူးရောင်ပင်ဖြစ်၏။ စိုင်းသည် မြန်မာလူငယ်တို့အတွက် စံပြဖြစ်သည်။ သူသည် မြစ်ကြီးနားမြို့ တစ်ဖက်ကမ်း ခတ်ချိုကျေးရွာလေးတွင် လူသားတစ်ဦးအား အသက်ပေး၍ ကယ်ဆယ်ခဲ့၏။

ထိုအချိန်က စိုင်း၏အသက်သည် ၂၂ နှစ်ဖြစ်၏။ သူသည် မြစ်ကြီးနား အစိုးရအထက်တန်းကျောင်းတွင် ပညာဆည်းပူးသင်ကြားရင်း လမ်းစဉ်လူငယ်အဖွဲ့ဝင်၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တပ်ကြပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ မွန်းလွဲ ၂ နာရီလောက်က ခတ်ချိုဆိပ်ကမ်းတွင် တပ်မတော်မှ ကားတစ်စီးသည် တစ်ဖက်ကမ်းသို့ ကူးရန် ဖောင်ပေါ်အတက်၌ ဘရိတ်ချော်၍ အရှိန်လွန်ပြီး မြစ်ထဲသို့ ကျသွား၏။ ကားပေါ်တွင် တပ်မတော်သားတစ်ဦး ပါသွားသည်။ ထိုအခါ စိုင်းသည် ကား ရေထဲသို့ ကျသွားသည့်အသံကို ကြားရသဖြင့် ခတ်ချိုဆိပ်ကမ်းသို့ အပြေးရောက်ရှိလာပြီး ထိုရဲဘော်အား ကယ်ဆယ်ခဲ့၏။

ဧရာဝတီမြစ်ရေက ကြည်သည်။ ရေအောက်မှကားကို တွေ့နေရ၏။ ကားသည် ပက်လက်လန်နေပြီး ပါသွားသော တပ်မတော်သားကို အပေါ်မှ မတွေ့ရပေ။ ခတ်ချိုဆိပ်ကမ်း၌ ရေသည် ၁၈ ပေမှ ပေ ၂၀ အထိ နက်သည့်အပြင် ရေခဲရေတမျှ အေးလှ၏။

စိုင်းသည် ဆိပ်ကမ်းသို့ ရောက်လျှင်ရောက်ချင်း ကားထဲ၌ ပါသွားသော လူ၏ အသက်ကို ကယ်ဆယ်ရန် ရေခဲရေလို အေးနေသည့် ဧရာဝတီမြစ်ထဲသို့ ခုန်ချလိုက်၏။ ထို့နောက် ကားရှိရာသို့ ငုပ်သွားပြီး ကားတံခါးကိုဖွင့်ရန် ကြိုးစားသည်။ သို့သော် ကားတံခါး ဖွင့်၍မရ။ ထိုအခါ ကား၏ အပေါက်တစ်ခုမှ အထဲသို့ ခြေနှင့်စမ်းကြည့်သောအခါ ကားကျသွားရာတွင် ကားနှင့်အတူ ပါသွားသည့်လူကို တွေ့ရပြီး ခက်ခက်ခဲခဲ ဆွဲ၍ ထုတ်ရ၏။ အပြင်ဘက်သို့ လူရောက်လာသောအခါ စိုင်းသည် ထိုလူအား မိမိကျောပေါ်သို့တင်ကာ ဘယ်လက်နှင့် လူကို ထိန်းပြီး ညာဘက်ဖြင့် ယက်၍ ရေပေါ်သို့ တက်ခဲ့၏။

ရေပေါ်သို့ ရောက်သောအခါ ဖောင်တစ်ခုကို အားပြု၍ ကယ်ဆယ်လာသော လူနာအား ဖောင်ပေါ်သို့ တင်ရ၏။ ဆိပ်ကမ်းတွင်

ကြည့်နေသော လူထုက လူနာကို ဖောင်ပေါ်သို့ ဝိုင်းကူ၍ တင်ပေးသည်။ စိုင်းသည် မိမိကိုယ်တိုင်လည်း ခက်ခက်ခဲခဲ ကုန်းပေါ်သို့တက်ကာ လူနာအား ရှေးဦးပြုစုနည်းဖြင့် ပြုစုရ၏။

လူနာသည် လုံးဝ သတိမရ။ စိုင်းက လူနာကို မှောက်ထားပြီး သူ့ကျောပေါ်မှ ခွ၍ လက်နှစ်ဖက်ကို သူ့ဗိုက်အောက်မှ ယှက်၍ ဆွဲသည်။ သို့သော် ရေနစ်သောလူနာ၏ ဝမ်းထဲမှ ရေများက ကုန်စင်အောင် မထွက်။ ထို့ကြောင့် ဘေးမှ လူနှစ်ဦး၏ အကူအညီကိုယူကာ ရေများထွက်အောင် ပြုစုရ၏။ ထို့အပြင် လူနာသည် နှလုံးခုန်ရပ်နေ၍ အသက်ပြန်ရှူအောင် ထပ်၍ ပြုစုရပြန်၏။

ဤတွင် စိုင်းက ‘အဲဒီအချိန်မှာ အရေးအကြီးဆုံးက နှလုံးပြန်ခုန်ဖို့ အသက်ပြန်ရှူဖို့ပါပဲ၊ ဒါကြောင့် ကျွန်တော်လဲ ဘာကိုမှ မစဉ်းစားနိုင်ဘဲ သူ့ပါးစပ်နဲ့ ကျွန်တော့်ပါးစပ်တေ့ပြီး သူ့နှာခေါင်းကို လက်တစ်ဖက်နဲ့ ပိတ်ပြီး လေကို သူ့အဆုတ်ထဲ မှုတ်သွင်းရပါတယ်၊ အဲလေမှုတ်သွင်းခင် သူ့ပါးစပ်ထဲက အန်ဖတ်တွေကို လက်နဲ့ကော်ထုတ်ရသေးတယ်ခင်ဗျ၊ နောက် ရှေ့တန်းက ပြန်လာတဲ့ရဲဘော်ရဲ့ နှုတ်ခမ်းမွေးက လက်တစ်ဆစ်လောက် ရှည်နေတော့ ယားကျိကျိနဲ့ မှုတ်ရတာကလဲ ခက်၊ ဒါပေမယ့် ကျွန်တော် ကြိုးစားပြီး ဆောင်ရွက်ခဲ့တာကြောင့် သူ့နှလုံးကလဲ ခုန်လာတယ်၊ အသက်လဲ ပြန်ရှူလာတယ်၊ ဒီတော့မှ သူ့ကို ကျွန်တော် ဆေးရုံကို ပို့ရတာပါပဲ’ဟု ပြောပြ၏။

ရှေ့ဆောင်လူငယ်များရော၊ ဆရာ ဆရာမများနှင့် ရွာသူရွာသားများပါ စိုင်း၏ ဟောပြောချက်ကို စိတ်ဝင်စားစွာ နားထောင်ကြသည်။ လူငယ်များဆိုလျှင် စွန့်စားခန်းကို နားထောင်နေရ၍ အသက်

ပင် အောင့်ထားကြဟန် တူ၏။ စိုင်း၏အသံက ဝဲသည်။ သို့သော် စိုင်းက အပြောကောင်းသူတစ်ဦးဖြစ်၏။ ဝဲနေသော သူ့အသံက တစ်မျိုးနားထောင်၍ ကောင်းနေပြန်ပါ၏။

စိုင်းသည် ထိုကဲ့သို့ လူသားတစ်ဦး၏ အသက်ကို မိမိအသက် နှင့်လဲ၍ စွမ်းစွမ်းတမံ စွန့်စားကယ်ဆယ်ခဲ့သောကြောင့် စိုင်းအား ကမ္ဘာ့အမြင့်ဆုံး ကြက်ခြေနီဆုတံဆိပ်ဖြစ်သည့် ဟင်နရီဒူးနန့်တံဆိပ် ချီးမြှင့်ခြင်းကို ခံခဲ့ရ၏။ တာလောကြီးရွာသား စိုင်းအောင်လှိုင်မြင့် သည် ထိုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့က ရှုမေးနီးယားနိုင်ငံ၊ ဘူခါရက်မြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ညီလာခံသို့ သွားရောက်ကာ ကမ္ဘာ့အမြင့်ဆုံးကြက်ခြေနီဆုတံဆိပ်ကို လက်ခံရယူခဲ့သည်။

ထို့နောက်သော် စိုင်းသည် ဘူခါရက်မြို့သို့ သွားရောက်ခဲ့ခြင်း နှင့်ပတ်သက်၍ "သုံးဆယ့်တစ်ရက် နိုင်ငံခြားခရီး"ဟူသော စာအုပ် တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့၏။ ထို့အပြင် စိုင်းသည် "ဂျပန်ပြည် ရောက် ကြက်ခြေနီခရီးသည်"ဟူသော စာအုပ်တစ်အုပ်ကိုလည်း ရေး သားခဲ့၏။ စိုင်းသည် စာပေလုပ်သား အဖွဲ့ဝင်တစ်ဦးဖြစ်၏။

စိုင်းအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ်တွင် ခေါ်ယူ တာဝန်ပေးခဲ့ပြီး ဌာနချုပ်တွင် ကြက်ခြေနီစာစောင်ကို တာဝန်ယူ ထုတ် ဝေခဲ့ရ၏။ ထိုကာလများအတွင်း စာရေးဆရာ မောင်ခေတ်ထွန်း၏ မိတ်ဆက်ပေးချက်အရ စိုင်းနှင့် ကျွန်တော် သိကျွမ်းခဲ့ရ၏။ သူ၏ 'ဂျပန်ပြည်ရောက် ကြက်ခြေနီခရီးသည်"စာအုပ်ကို ကျွန်တော်ပင် ထုတ်ဝေပေးခဲ့၏။

စိုင်းသည် ပွင့်လင်းတက်ကြွသူ လူငယ်တစ်ဦးဖြစ်သည်။ သူသည် လူငယ်ဘဝ မစုနှင့် တွေ့ခဲ့သည်။ မစုနှင့် မည်သို့မည်ပုံ တွေ့ဆုံခဲ့သည်ကို ကျွန်တော့်အား စိုင်းက ပြောမပြဖူးပေ။ သို့သော်လည်း စိုင်းက မစုကို ချစ်သည်။ စိုင်းက မစုတို့သည် လက်ထပ်ကြပြီးသည့်တိုင် တော်တော်နှင့် ကလေးမရကြ။ ထို့ကြောင့်လည်း ကျွန်တော်က ကလေးယူရန် မကြာခဏ တိုက်တွန်းမိသည်။ ကျွန်တော်က သားတွေ၊ သမီးတွေ တစ်ပုံကြီးနှင့် မိသားစုကို အားကျသည်။ ကျွန်တော်ကိုယ်တိုင်က ထိုသို့သော မိသားစုကို တည်ထောင်ရန် အခွင့်အရေးမရခဲ့။ သားသုံးယောက်ရရှိပြီးသောအခါ ဇနီးဖြစ်သူက ကလေးဆက်ယူရန် အတင်းငြင်းသည်။ တစ်ဖက်မှ ဇနီးဖြစ်သူ၏ ကျန်းမာရေးကလည်း မကောင်းသဖြင့် သူ့ဆန္ဒကို ကျွန်တော် လိုက်လျောခဲ့ရ၏။ ထို့ကြောင့်လည်း အခြားသူများအား သားသမီးတွေ တစ်ပုံတစ်ပင်ကြီးရှိသော အိမ်ထောင်မျိုးများ ရရှိနိုင်အောင် မကြာခဏ တိုက်တွန်းတတ်၏။

သို့သော်လည်း စိုင်းနှင့် မစုတို့ မိသားစုသည်လည်း မိသားစုဝင်များသော အိမ်ထောင်တစ်ခု ဖြစ်မလာပေ။ မစုက သားကြီးနှင့် သမီးငယ်ကို ဖွားမြင်ခဲ့၏။

စိုင်းက သူ့ရင်သွေးများအား အလွန်ချစ်သည်။ သူ့ရင်သွေးများအတွက် များစွာ စိတ်ကူးယဉ်ခဲ့သည်။ သူ့လိုပင် အများကို ကူညီရိုင်းပင်းလိုသူများ ဖြစ်လာစေရန် ဆန္ဒရှိ၏။

တစ်နေ့တွင်တော့ စိုင်းသည် သူ့သားကြီးဖြစ်သူ ငယ်ထိပ်ဖောင်းနေပြီး နေမကောင်းဖြစ်သောကြောင့် ကလေးအထူးကု သမား

တော်ကြီး ဦးတင်ဦးနှင့် ပြသလိုပါသည်ဟု ဆို၏။ ထို့ကြောင့်လည်း ကျွန်တော်နှင့် စိုင်းတို့သည် ဆရာ ဦးတင်ဦးထံ သွားကြသည်။ ဆရာက ဆေးတစ်မျိုးကို ပေး၍ ကုသပေးရာ တစ်ကြိမ်တည်းနှင့် ပျောက်သွားသည်။

တစ်ခါတွင်လည်း စိုင်းက ကြက်ခြေနီလက်စွဲဟူသော စာအုပ်တစ်အုပ်ရေးရန် ဆန္ဒရှိကြောင်း ကျွန်တော့်ကို လာ၍ပြောပါသည်။ ကျွန်တော်က ထိုစာအုပ်သည် လိုအပ်သော စာအုပ်ဖြစ်၍ ရေးသားရန် တိုက်တွန်းခဲ့ပါ၏။ ထိုသို့ တိုက်တွန်းစဉ်ကာလ၌ပင် စိုင်းနှင့်ကျွန်တော် မတွေ့ဖြစ်ခဲ့။ မတွေ့ခဲ့သည်က အတော်လေးကြာသည်။ ကျွန်တော်က စိုင်းတစ်ယောက် သူရေးချင်သော ကြက်ခြေနီလက်စွဲစာအုပ်ကို ရေးသားနေ၍ ကျွန်တော့်ထံ မရောက်ဖြစ်ဟု ထင်၏။ သို့သော် ထိုသို့ မဟုတ်။ ယခု ကျွန်တော် အသည်းရောဂါ အထူးကုဆေးရုံမှ ဆင်းလာသောအခါ စာရေးဆရာ မောင်ခေတ်ထွန်းနှင့် လှေကားအဆင်းတွင် တွေ့ခဲ့ကြ၏။ သူကလည်း လူနာတစ်ဦးကို လာသတင်းမေးခြင်း ဖြစ်ပြီး သူက အစ်ကိုကြီး၊ စိုင်းအောင်လှိုင်မြင့် အတော်ကလေး နေမကောင်းဖြစ်နေသည်ဟု ဆို၏။ ကျွန်တော်က ဘာဖြစ်လို့လဲ၊ ဘာရောဂါလဲဟု မေးသောအခါ သူ့ခေါင်းထဲမှာ အကျိတ်ဖြစ်လို့ ဆိုတာပဲဟု ဆိုလေ၏။ မောင်ခေတ်ထွန်းနှင့် ကျွန်တော်တို့ စိုင်းအကြောင်းကို အတော်ကြာကြာ ရပ်၍ စကားပြောနေမိသေး၏။ ယခု စိုင်းထံတွင် စွဲကပ်နေသော ဝေဒနာ၏အကြောင်းကို ကျွန်တော်ပြည့်စုံအောင် မသိ။ အချို့သော ဤရောဂါ စွဲကပ်ခဲ့သူများလည်း ခွဲစိတ်ကုသ၍ပျောက်ကင်းသည်ကိုလည်း ကြားဖူးပါ၏။

ထိုသို့သော အသိတစ်ပိုင်းတစ်စနှင့် ကျွန်တော်သည် အသည်းရောဂါ အထူးကုဌာနဝင်းအတွင်း၌ပင် ရှိနေသော ဦးနှောက်နှင့် အာရုံကြော ဆေးကုဌာနသို့ ပြေးလာခဲ့ရပါသည်။ ဦးနှောက်နှင့် အာရုံကြော ဆေးကုဌာနတွင် တံခါးဝမှ စောင့်နေသူ အစောင့်က ဘယ်သွားမလို့လဲဟု မေးပါသေး၏။ ကျွန်တော်က စိုင်းအောင်လှိုင်မြင့်ထံ သွားလိုပါသည်ဟု ဆိုသောအခါ သူက ရှောရှောရှူရှူပင် တက်ခွင့်ပြုလိုက်ပါသည်။ ကျွန်တော်သည် လှေကားအထစ်သုံးဆယ်ကို ပြေးတက်ခဲ့ပါ၏။ ကျွန်တော် စိုင်းထံသို့ ရောက်သောအခါ သူသည် ခုတင်ပေါ်၌ ပက်လက်ဖြစ်နေပါ၏။ ဦးနှောက်အတွင်း အကျိတ်ဖြစ်ပေါ်နေသော ဝေဒနာကြောင့် သူ့အမြင်သည်လည်း မသဲကွဲတော့ပါ။ သူသည် စားပြီးသမျှများကိုလည်း ပြန်အန်နေပြီး ဖိစီးလာသော ဝေဒနာကို ခံစားနေရပြီ ဖြစ်၏။

ကျွန်တော် စိုင်းထံသို့ ရောက်သောအခါ မစုသည် စိုင်းဝေဒနာ စတင်ခံစားရပုံ အဖြစ်အပျက် အလုံးစုံကို ပြောပြပြီး 'အစ်ကိုကြီး၊ အစ်ကိုကြီးရဲ့ညီကို မကယ်နိုင်တော့ဘူးလား'ဟု ဆိုကာ မစုက ငိုရှာသည်။ ကျွန်တော်က စိုင်းအောင်လှိုင်မြင့်အား 'စိုင်း နေကောင်းရဲ့လား' ဟု မေးသောအခါ သူက 'သက်သာပါတယ် အစ်ကို'ဟု ဆို၏။

စိုင်းကိုယ်တိုင်သည်လည်း သူ့ဝေဒနာကို သူသိနေဟန်တူ၏။ သူသည် ကျွန်တော်ရောက်လာ၍လည်း ဝမ်းသာပုံရ၏။ သို့သော်လည်း စိုင်းသည် ကျွန်တော်၏လက်ကို ဆုပ်ကိုင်ကာ အံကြိတ်၍ ငိုသည်။

မျက်ရည်များက သူ့ပါးပြင်အထိ စီးဆင်းလာ၏။ ကျွန်တော်က မျက်ရည်များကို သုတ်ပေးရင်း အားပေးစကား ပြောသည်။

'စိုင်းကလဲ ဘာအားငယ်စရာရှိလဲ၊ စိုင်းနောက်မှာ ကြက်ခြေနီ အဖွဲ့ကြီးလဲ ရှိတယ်၊ မစုနဲ့ သားတွေ သမီးတွေလဲ ရှိတယ်၊ ကိုယ်လဲ စိုင်းဆီကို ရောက်လာပြီပဲ'

'ဟုတ်တယ် အစ်ကို၊ ကျွန်တော် ကြက်ခြေနီလုပ်ငန်းတွေလဲ ဆက်လုပ်ချင်သေးတယ်၊ စုရယ် သားနဲ့ သမီးငယ်ကိုလဲ မခွဲနိုင်သေးဘူး၊ အစ်ကိုနဲ့လဲ စာတွေ ဆက်ရေးချင်သေးတယ်၊ စာပေလောက၊ သတင်းစာလောကကိုလဲ မခွဲချင်သေးဘူး'

'စိုင်း ဝေဒနာပျောက်သွားရင် ဒါတွေအားလုံး စိုင်းလုပ်နိုင်တာပဲ၊ မစုကလဲ စိုင်းကို ထိုင်းမှာ ဆေးသွားကုဖို့ လုပ်ထားတာ အားလုံး အဆင်သင့်ဖြစ်နေပြီပဲ စိုင်းရဲ့'

ထို့နောက် စိုင်းက မစုကို ကူညီဖို့ပြောသည်။ မစုက ကြက်ခြေနီအသင်းကြီးတွင် တင်ပြထားသော လျှောက်လွှာကို ကျွန်တော့်အား ပေး၏။ လျှောက်လွှာ၌ မိမိ၏ ခင်ပွန်းတွင် ကွန်ပျူတာဖြင့် စမ်းသပ်ချက်အရ ဦးနှောက်မှာ အကျိတ်တစ်မျိုးရှိနေပါ၍ အချိန်မီ ခွဲစိတ်ကုသမှု မပြုလုပ်နိုင်ပါက အသက်အန္တရာယ် ထိခိုက်နိုင်၍ လိုအပ်ပါက ပြည်ပသို့ သွားရောက်ကုသခွင့် ရရှိရေးအတွက် ကူညီပါရန် အသနားခံ တင်ပြထား၏။

မစု၏ မေတ္တာရပ်ခံချက်ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကမ္ဘာ့ကြက်ခြေနီအသင်းသို့ တင်ပြ အကူအညီတောင်းခံခဲ့ရာ ကမ္ဘာ့ ကြက်ခြေနီအသင်းမှတစ်ဆင့် သူ၏ ဝေဒနာကို ကုသရန် ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ယူခဲ့၏။

ထို့ကြောင့်လည်း စိုင်းသည် ထိုင်းနိုင်ငံတွင် သုံးလကျော်မျှ သွားရောက်၍ ဆေးဝါးကုသရန် သွားခဲ့၏။ စိုင်းရောဂါ သက်သာလာခဲ့သည်။ သို့သော် မပျောက်ကင်းခဲ့။ ထိုင်းမှ ပြန်လာသောအခါ ရောဂါမတိုးတော့သော်လည်း သတိတရား တစ်စုံတစ်ရာ ချို့ယွင်းလာခဲ့၏။ သို့သော် သူသည် ကြက်ခြေနီလုပ်ငန်းများကိုလည်း သိနေသည်။

သူသည် ဝေဒနာပျောက်ကင်းသည်နှင့် အလုပ်သွားရမည်ဖြစ်ကြောင်း၊ ကြက်ခြေနီလူငယ်များ တွေ့ဆုံပွဲအတွက် လုပ်ဆောင်ဖွယ်ရာရှိသည်များကိုလည်း ပြောပြ၏။ လူမှုဝန်ထမ်းစိတ်ရှိသူ၊ ကမ္ဘာ့အမြင့်မားဆုံး ဘွဲ့တစ်ခုကို ရယူထားသူ၊ ချစ်စရာ သားသမီးငယ်များနှင့် လိမ္မာရေးခြားရှိသော ဇနီးရှိနေသူ၊ အများပြည်သူတို့၏ လေးစားခြင်းခံရသူ တစ်ဦးသည် အသက်ရှည်ရှည် နေသင့်ပါသေး၏။

ထို့ကြောင့်လည်း စိုင်းနေထိုင်မကောင်းစဉ် ကာလတစ်လျှောက်လုံး ကျွန်တော်သည် စိုင်းသက်သာရာ သက်သာကြောင်း ဆုတောင်းခဲ့ရ၏။ ထိုင်းနိုင်ငံမှ ဆေးကု၍ ပြန်လာပြီးသည့်နောက် စိုင်းသည် ကျောက်မြောင်းအိမ်တွင်ပင် နေခဲ့၏။ ကျွန်တော်တို့လည်း မကြာခဏ စိုင်းထံသို့ သွား၍ သတင်းမေးရ၏။ သတင်းမေးသွားတိုင်းလည်း စိုင်းကိုကြည့်၍ စိတ်မကောင်း ဖြစ်ရသည်။

မိမိသံယောဇဉ်ရှိသည့် ကြီးကျယ်သော ဝေဒနာ တစ်စုံတစ်ရာကို ခံစားနေရသူတစ်ဦးထံ လူမမာသတင်းမေးပြီး အပြန်တွင် မည်သို့ခံစားနေသနည်းဟု ဆိုပါက ပြောပြရေးပြရန် ခဲယဉ်းသည်။ တကယ်တမ်း ခံစားရမှသာ ထိုဝေဒနာ၏ အတိမ်အနက်ကို သိရှိနိုင်မည် ဖြစ်သည်။

မိသားစုများအတွင်း၊ မိတ်ဆွေသင်္ဂဟများအတွင်း၊ လုပ်ဖော်ကိုင်ဖက်များအတွင်း ချည်နှောင်ထားသော သံယောဇဉ်များ ရှိကြ၏။ ထိုသံယောဇဉ်များကို မငဲ့မကွက် ရက်စက်စွာဖြတ်တောက်၍ သေရွာသို့ အလှည့်ကျခေါ်နေသော ရှင်သေမင်းထံ မသေပါရစေနှင့်ဦး၊ မသေသင့်သေးပါ၊ တစ်ရက်နေပါရစေဦး၊ တစ်ညနေနေပါရစေဦး၊ မှာစရာလေးတွေ မှာပါရစေဦး စသည်ဖြင့် တိုးလျှိုးတောင်းပန် အသနားခံစာတင်၍ မရ။ အကယ်၍သာ ထိုကဲ့သို့သော အသနားခံစာများကို သေမင်းက လက်ခံစဉ်းစားမည်ဆိုပါက အကောင်းဆုံးသော အသနားခံစာ တစ်စောင်ကို စိုင်းအတွက် ကျွန်တော် တင်သွင်းလိုပါ၏။

*[စိုင်းအောင်လှိုင်မြင့်သည် ၁၉၈၅ ခုနှစ် မတ်လ ၂၅ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ကွယ်လွန်သူ၏ ဆန္ဒအရ သူ၏ ရုပ်အလောင်းကို ဆေးတက္ကသိုလ် (၁)သို့ လှူဒါန်းခဲ့ပါသည်]*

*

ကျွန်ုပ်တို့သည် လောကကြီးကို နားမလည်ဘဲ
လောကကြီးက လှည့်စားနေပါသည်ဟု ဆိုကြ၏။
တဂိုး

# မြင်အောင်ကြည့်၊ သိအောင်ပြော

## သတိနှင့်နားထောင်

ဤခရီးနီးသလား။

ဤခရီးသည် မဝေးကွာလှပါ။ ကျွန်တော်သည် စိုင်းအောင်လှိုင်မြင့်ရှိရာ ဦးနှောက်နှင့် အာရုံကြောဆေးကုဌာနမှ ရန်ကုန်ဆေးရုံကြီးသို့ လာနေခြင်းဖြစ်ပါ၏။ ဆေးရုံရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်တွင် ကားများသည် တစ်လမ်းမောင်းယာဉ်ကြောအတိုင်း အရှိန်နှင့်သာ မောင်းလာကြသောကြောင့် လမ်းအကူးတွင် အထူးသတိထားရ၏။

ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ သမားတော်ကြီး ဦးညွှန့်ဝင်းက ဤလမ်းတွင် မကြာခဏ ကားတိုက်မှုရှိကြောင်းနှင့် ဆေးရုံအမှုထမ်း

များ ဤလမ်းပေါ်တွင် မကြာခဏ ကားတိုက်ခံရကြောင်းများကို ပြော ပြဖူးပါ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် ရန်ကုန်ဆေးရုံကြီးရှေ့ ဗိုလ်ချုပ်လမ်းကို ဖြတ်ကူးရာတွင် စိတ်ရှည်ရှည်ထား၍ ကားရှင်း အောင် စောင့်ကာ သတိနှင့် ကူးရသည်။

လမ်းတစ်ဖက်သို့ ရောက်သောအခါ ခေတ္တရပ်၍ ပတ်ဝန်းကျင် ကို လေ့လာနေမိ၏။ ရန်ကုန်ဆေးရုံကြီး၏ အရှေ့စည်းရိုးပေါ်တွင် ဧရာမ သောင်ပင်ကြီးတစ်ပင်ရှိ၏။ ထိုသောင်ပင်ကြီးအောက်တွင် ဗေဒင်ဆရာတစ်ဦးသည် ခုံတစ်ခုနှင့် လက်ဝါးလောက်ရှိသော ကြော် ငြာသစ်သားပြားလေးကို ထောင်ကာ ထိုင်နေ၏။

သူ့ရှေ့တွင် ဗေဒင်ကြည့်နေသော မိန်းမငယ်တစ်ဦး ရှိ၏။ မိန်း မငယ်သည် အတော်ကြီး ဖိုသီဖတ်သီနိုင်လှ၏။ အပူသည် တစ်ဦး ဖြစ်ကြောင်း ကြည့်ရုံဖြင့် သိသာလှ၏။

ဗေဒင်ဆရာက စိတ်ပါလက်ပါ ဟောနေ၏။ မိန်းမငယ်၏ ညာလက်ကို လက်ဖျားမှ ဆုပ်ထားသော ကျောက်သင်ပုန်းပေါ်တွင် ကျောက်တံကိုထောက်ရင်း တတွတ်တွတ် ဟောနေ၏။

မိန်းမငယ်ကလည်း ခေါင်းတညိတ်ညိတ်နှင့် ရှိသည်။ သူတို့၏ နောက်တွင်တော့ အဘွားအိုတစ်ဦးကို တွေ့ရသည်။ အဘွားသည် ထို ဧရာမ သောင်ပင်ကြီးရှိ နတ်ကွန်းတွင် ဖယောင်းတိုင်တစ်တိုင်ကို ခက် ခက်ခဲခဲ ထွန်းနေရှာ၏။

အဘွား၌ ခွန်အားတို့သည်လည်း ကုန်ခန်းလုပြီ ဖြစ်ဟန်တူ ၏။ ဖယောင်းတိုင်တစ်တိုင်ကိုပင် ခွန်နှင့်အားနှင့် မထွန်းနိုင်။ ဝေ့ဝိုက်

တိုက်နေသော လေပြည်လေသော့ကလည်း အဘွား၏ ခွန်အားချည့်နဲ့မှု ကို နောက်ပြောင်နေသလိုရှိသည်။ အဘွားက မီးခြစ်ဆံကိုထုတ်၍ မီးခြစ်ကာ ဖယောင်းတိုင် ထွန်း၏။ မီးခြစ်က မီးကူးလောက်အောင် ယမ်းမပါ၍ ခြစ်မရ။ မီးမကူးသော မီးခြစ်ဆံကို အဘွားက ဘေးချ ထားလိုက်၏။ နောက် မီးခြစ်ဆံကို ထုတ်သည်။ ဤအဆံတွင်လည်း ယမ်းက ဖြစ်မြောက်အောင်ပါမလာ။ သည်တော့ အဘွားသည် နောက် တစ်ဆံ ထုတ်ရပြန်သည်။ သည်တစ်ဆံတွင်တော့ မီးစွဲလာသည်။ စွဲ လာသော မီးခြစ်ဆံမှ မီးကို ဖယောင်းတိုင်တိုသို့ ကူးယူ၏။ မီးသည် ဖယောင်းတိုင်တော့ ကူးမိသည်။ သို့သော် မီးအားမကောင်းသေးမီ လေက ဝင်တိုးသည်။

မီးလောင်ရာလေပင့်ဆိုသည့် စကားအစား အခုတော့ မီးမကူး စေရန် လေနှောင့်ယှက်နေ၏။

အဘွားအိုက စိတ်ရှည်သည်။ မီးခြစ်ဆံ နောက်တစ်ဆံကိုထုတ် သည်။ ထပ်၍မီးခြစ်သည်။ လေသော့က ဝင်၍နှောက်ပြန်၏။ အဘွား ၏ တစ်ညီလောက် ဖယောင်းတိုင်သည် တော်တော်နှင့် မီးမကူးဘဲ ရှိနေ၏။

အဘွား၏ သားသမီး သို့မဟုတ် ဘဝကြင်ဖော် ခင်ပွန်း သည် ဖြစ်သူသည် ရန်ကုန်ဆေးရုံကြီးပေါ်တွင် တက်ရောက် ကုသ နေရဟန်တူ၏။ သူ၏ သားသမီး သို့မဟုတ် ခင်ပွန်းသည်အတွက် တစ်စုံတစ်ရာ ဆုတောင်းရန် ဤနတ်ကွင်းတွင် ဤဖယောင်းတိုင်ကို အဘွား လာရောက် ညှိထွန်းနေခြင်းဖြစ်ဟန်တူသည်။ အဘွား၏ဆံပင် တို့က ဝါဂွမ်းလို ဆွတ်ဆွတ်ဖြူနေသည်။ အဘွား၏ခါးမှာ လေးကိုင်း

လို ကွေးနေ၏။ ထို့ကြောင့်လည်း အဘွားသည် နက်စင်ကို မေးစေ့ဖြင့် မီရုံသာ ရှိ၏။ သတိထား၍ ကြည့်မိသောအခါ အဘွား၏ ခြေ တစ်ဖက်သည်လည်း ဆာနေပါသည်။

အဘွားအား ကျွန်တော် စောင့်၍ကြည့်မနေတော့ပါ။ ရှေ့ဆက် ၍ သွားရမည့်ခရီး ရှိနေသောကြောင့် ဆက်၍ လာခဲ့ရာ တစ်ခု သတိ ထားမိသည်ကတော့ ဆေးရုံဝင်းကြီးအတွင်း၌ သန့်ရှင်းရေးလုပ်ထား ခြင်း ဖြစ်၏။

ဆေးရုံဝင်းကြီးတွင်းဝယ် အတော်လေး သန့်နေသည်။ ရန်ကုန် ဆေးရုံကြီးကိုလည်း အုတ်ခဲရောင် ဆေးသုတ်ထား၏။ ဆေးရုံကြီးနှင့် အုတ်ခဲရောင်က သိပ်မလိုက်ဟု ထင်၏။ လူနာများ ပတ်ဝန်းကျင်ဝယ် သစ်သစ်လွင်လွင် အေးအေးချမ်းချမ်း အရောင်များ ရှိသင့်သည်ဟု ထင်ပါ၏။

အုတ်ခဲရောင်သုတ်ခြင်းက ဈေးပို၍ သက်သာသောကြောင့် ဤ အရောင်ကို ရွေးချယ်ထားခြင်းလော၊ သို့မဟုတ် ဘာကြောင့် ဤ အရောင်ကို ရွေးသည်ကိုကား ကျွန်တော် မသိ။ ခိုင်လုံသောအကြောင်း တစ်စုံတစ်ရာတော့ ရှိမည်ဟု ထင်ပါ၏။

ယခု ကျွန်တော်ဖြတ်လာသောအချိန်တွင် ရန်ကုန် ဆေးရုံကြီး ရှေ့တွင် အရိုးပြိုင်းပြိုင်းကျနေသော တရုတ်စကားပင်များနှင့် ဝေဝေ ဆာဆာ ပွင့်နေသော ငုပင်များကို တွေ့ရ၏။ ယင်းတို့က နွေရာသီ၏ သရုပ်သကန်များကို ပေါ်လွင်အောင် ဖော်ထားကြသည်။ ငုပင်နှင့် စံကားပင်တို့သည် ဤဆေးရုံကြီးအနီးသို့ လာရောက် ဖြတ်သန်းသွား

ကြသော သက်ရှိသူအားလုံးကို လူ့အဖြစ် လူ့ဘဝနှင့် ပတ်သက်၍ အသိတရား တစ်စုံတစ်ရာ ပေးနေသည့်အလား ရှိပါ၏။ ပန်းမန် သစ်ပင်တို့သည် တစ်ရာသီနှင့် တစ်ရာသီ တစ်ပင်နှင့် တစ်ပင် မတူကြပေ။

ယခုအချိန်သည် ငုပန်းတို့ မင်းမူနေချိန်ဖြစ်၏။ နွေဦးတုသည် တရုတ်စံကားပင်တန်းကို နိုပ်စက်ထားဟန်ရှိ၏။ တရုတ်စံကားပင် များတွင် အပွင့်နှင့် အရွက်တို့ ဆိတ်သုဉ်း၍ အရိုးပြိုင်းပြိုင်းကျနေသည်။ သို့သော်လည်း ဤအချိန်တွင် ငုပင်တို့က ဝင်းဝါနေသည်။ သို့သော် ငုပင်တို့ အစွမ်းမပြနိုင်ချိန်တွင်တော့ တရုတ်စကားပင်တို့က အဆုပ် လိုက် အဆုပ်လိုက်ပွင့်ကာ ထည်ထည်ဝါဝါကြီး အလှပြခဲ့ကြပြီး ဖြစ် ၏။

ငုပန်းနှင့် စံကားပန်းတို့ကဲ့သို့ပင် လူ့ဘဝ လူ့လောကတွင် လည်း လူတိုင်း အမြဲ အနိုင်ရသည်မဟုတ်။ ဖုံလုံတစ်လှည့်၊ ငါးပျံ တစ်လှည့်၊ ဘတစ်ပြန် ကျားတစ်ပြန်လည်း ရှိသည်။ ငါ့မှာ ရာထူး ရှိသည်၊ ရွှေရှိသည်၊ ငွေရှိသည်၊ ဆွေမျိုးရှိသည်ဟူ၍ ဘဝ၏ သဘော တရားကို မမေ့လျော့သင့်။ ဘဝတွင် ရာထူးဟူသည်ကလည်း လျော့ပါး နိုင်၏။ ရွှေ ငွေ ဆိုသည်ကလည်း ပျက်စီးနိုင်သည်။ ဆွေမျိုး မိတ်သင်္ဂ ဆိုသည်ကလည်း ပေးနိုင်ပါမှ ခင်မင်၊ ဂုဏ်ရှိမှ ဆွေမျိုးတော်ချင်ကြ သည်။

ယခုတော့ ခရီးသွားတို့သည် ငုပင်၏ ဝင်းဝါသောအလှကို ကြည့်၍ တရုတ်စံကားပင်များကို သတိမမူကြပေ။ တရုတ်စံကားပန်း တို့ ဝေဆာနေချိန်တွင်လည်း ငုပင်များသည် အရိုးပြိုင်းပြိုင်းထကာ

လမ်းဘေးမှာ တွေ့ရသော သစ်ပင်တစ်ပင်နှယ် ခရီးသွားတို့၏ အာရုံကို မည်သို့မျှ လှုပ်ရှားအောင် လုပ်ဆောင်နိုင်ကြမည် မဟုတ်ပါ။

ကျွန်တော်ရှေ့သို့ ဆက်လာသောအခါတွင်ကား ရန်ကုန်ဆေးရုံကြီးရှေ့၌ ကွျန်းပင်ကြီးတစ်ပင်ကို တွေ့ရ၏။ ကျွန်းဟူသည်ကား မြန်မာတို့အတွက် ဂုဏ်ယူစရာဖြစ်၏။ မြန်မာ့ကျွန်းသည် ကမ္ဘာ့အလယ်တွင်ပင် ဝင့်ထည်ဂုဏ်ယူရသည်။ ထို့ကြောင့်လည်း ပြပွဲကြီးများတွင် မကြာခဏ ကျွန်းပင်၊ ကျွန်းသား၊ ကျွန်းပစ္စည်းများအား အသားပေး ပြသထားသည်ကို ကြည့်ရှု လေ့လာခဲ့ရ၏။ စာအုပ်စာတမ်းများတွင်လည်း မြန်မာ့ကျွန်းအား အလေးထား ရေးသားကြသည်များကို မကြာခဏ ဖတ်ရပါသည်။

တစ်ခါက ကျွန်တော်တို့သည် ကသာ သစ်တောကြိုးဝိုင်းအတွင်း သွားရောက်လေ့လာခဲ့ရာ ယင်းမှ ပုဂ္ဂိုလ်တစ်ဦးက ကျွန်းပင်များကို ပြသ၍ ကျွန်းအကြောင်း တစ်နေကုန်ပြောပြရာ ကျွန်းနှင့်ပတ်သက်၍ နောက်တစ်နေ့ ဆက်ပြောရန်ပင် သူ့တွင် အကြောင်းအရာအများအပြား ကျန်နေဟန် ရှိပါသေး၏။

သို့သော် ယခု ရန်ကုန်မြို့ ဆေးရုံကြီးရှေ့တွင် တွေ့ရသော ကျွန်းပင်ကြီးကား ထိုသို့မဟုတ်။ ဤကျွန်းပင်ကို မည်သူကမှလည်း ဂရုမစိုက်ကြ။ ဤနေရာ ဤဒေသသို့ ရောက်လာကြသူများသည် ဤကျွန်းပင်ကြီးအား ဂရုပြုနိုင်သော အနေအထားလည်း ရှိကြဟန် မတူပါ။ ထို့ထက်ဆိုးသော အဖြစ်က ထိုကျွန်းပင်ကြီးကို ညောင်ပင်က မျိုထားသည်။ ညောင်ပင်သည် ကျွန်းပင်ကိုမှီ၍ ပေါက်ခဲ့ရာမှ ယခုတော့ ညောင်က ကျွန်းကို မျိုမိထားပြီဖြစ်၏။

လူ့ဘဝ လူ့အဖြစ်တွင် ယခုလို ညောင်မျိုခံရသော ကျွန်းဘဝ ကဲ့သို့ ခံစားနေရရှာသူများ မည်မျှ ရှိမည်မသိ။

ကျွန်တော်သည် ထိုသို့ဖြင့် ကြည့်ရှုရင်း ဆက်၍ လျှောက်လာခဲ့ရာ ရန်ကုန်ဆေးရုံကြီး ဆင်ဝင်အောက်သို့ ရောက်ရှိလာပါသည်။ ဆင်ဝင်အောက် ခုံပေါ်တွင် လူငယ် လေးငါးဦးထိုင်နေ၏။ ဆေးရုံကြီး၏ ရှေ့ပေါက်တံခါးလည်း ပိတ်ထားဆဲဖြစ်သည်။ ဘေးပေါက်မှာတော့ အဝင်အထွက် ရှိနေပါ၏။ ကျွန်တော်သည် ဆေးရုံကြီး အဆောင် ၇ တွင် လူနာမေးရန်ကိစ္စက ရှိနေပါ၏။

ဆေးရုံအဝတွင်ကား လူနာများကို ထမင်းပို့ချိန်၊ လူနာကြည့်ချိန်နှင့် ဆေးရုံအတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် ပြည်သူလူထုအား မေတ္တာရပ်ခံချက်များကို စာဖြင့်ရေးကာ ချိတ်ဆွဲထား၏။ ထို့အပြင် ဝန်ထမ်းများအား တံစိုးလက်ဆောင် မပေးရန်၊ တံစိုးလက်ဆောင်တောင်းပါက ချက်ချင်း တိုင်ကြားပါရန်နှင့် အကြံပေးစာ၊ တိုင်စာများအတွက်လည်း စာပုံးတစ်ပုံကို တွေ့ရှိပါ၏။ သို့သော်လည်း ကျွန်တော် ခေတ္တရပ်၍ သတိထားမိသလောက် ဤမေတ္တာရပ်ခံချက်များအား ဂရုတစိုက် ဖတ်ရှုမိသူများကို မတွေ့ရပါ။ ထို့အပြင် ရန်ကုန်ဆေးရုံကြီး အဝင်ဝတွင် အစောင့်ကျနေသူများသည် လည်း ယင်းသတိပေးစာ၊ မေတ္တာရပ်ခံစာများကို ဖတ်တတ်ဟန် မတူကြပါ။

ယခုအချိန်တွင် ဧည့်သည်လာချိန်မဟုတ်သေး။ သို့သော်လည်း ဧည့်သည်များက ဘေးပေါက်မှ အတက်အဆင်း ရှိနေပါ၏။

ကျွန်တော်သည် အချိန်ပိုနေ၍ ဆေးရုံကြီး ဆင်ဝင်အောက်မှ အရေးပေါ်လူနာဌာနဘက်သို့ ဆက်၍လာခဲ့သည်။ ဤနေရာတွင်မှ သေခြင်းတရားနှင့် သေအံ့ဆဲဆဲ မြင်ကွင်းတို့ကို မြင်လာရသည်။ စိတ်ချောက်ချားဖွယ်၊ တုန်လှုပ်ဖွယ်ရာတို့သည်လည်း ဤနေရာတွင် ရှိနေသည်။

ရန်ကုန်ဆေးရုံကြီး အရေးပေါ်လူနာ လက်ခံရာ ဤနေရာတွင် ထိခိုက်ဒဏ်ရာကုဌာန၊ အရေးပေါ်ခွဲစိတ်ကုဌာန စသည်တို့ ရှိ၏။

ကျွန်တော် ရောက်သွားချိန်တွင် အိန္ဒိယအမျိုးသား လေးဦးတို့သည် သူတို့၏ သူငယ်ချင်း သို့မဟုတ် သားချင်းတစ်ဦးဦးဖြစ်ဟန်တူသော လူနာတစ်ဦးကို သုံးဘီးဖြင့်တင်၍ ခေါ်လာ၏။ ထိုလူနာအတွက် သေခြင်းတရားသည် မဝေးတော့ကြောင်း မြင်ရုံဖြင့် သိသာလှသည်။

လူနာ၏ဦးခေါင်းသည် လေးလံသောအရာတစ်ခုခုဖြင့် အရိုက်ခံထားရဟန် တူ၏။ ထို့အပြင် အခြားဒဏ်ရာတစ်ခုမှာလည်း သွေးများ ယိုစီးကျနေသည်မှာ မြင်၍မကောင်း။ သယ်လာသူတို့၏ အင်္ကျီ၊လုံချည်များ အားလုံးလိုလို သွေးစွန်းလျက်ရှိကြသည်။

ယင်းဝေဒနာရှင် အိန္ဒိယအမျိုးသားကြီးသည် အသက်ငါးဆယ်ခန့်ရှိ၏။ သူ၏ ဇနီးဖြစ်သူဟု ထင်ရသော အိန္ဒိယအမျိုးသမီးကြီးတစ်ဦးနှင့် အခြားတစ်ဦးသည်လည်း အခြား သုံးဘီးကား တစ်စီးနှင့် ရောက်လာပြန်သည်။ အမျိုးသမီးကြီးက ယူကျုံးမရဖြစ်ကာ စိုးရိမ်ပူပန်မှုများ ဖြေမဆည်နိုင်စွာဖြင့် ငိုကြွေးနေရှာ၏။

အသက်ငါးဆယ်အရွယ် ဤအမျိုးသားကြီးအား ဘယ်သူက

ဘာပြု၍ သေလောက်အောင် ရိုက်လိုက်သည်မသိ။ တွေ့ရသည့် မြင်ကွင်းက ငပန်းဝါဝါလေးများ ကြည့်ရသလို ပသာဒမရှိ။ ထိတ်လန့်ချောက်ချားဖွယ်ရာ ဖြစ်သည်။ အိန္ဒိယအမျိုးသားများသည် သူတို့လူနာအား အတွင်းဘက်သို့ သယ်ယူသွားကြ၏။

ကျွန်တော်သည် ဆက်၍ လျှောက်လာမိသည်။ ထို့နောက် တန်းလျားလေးတစ်ခုကို တွေ့ရသဖြင့် ထိုတန်းလျားပေါ်တွင် ခေတ္တထိုင်နေမိ၏။ လျှောက်လာသည့် ခရီးက ကြာလာ၍ ညောင်းကလည်း အတော်ညောင်းလာသည်။ ဤနေရာသည် ရန်ကုန်မြို့အတွင်းမှ နေ့စဉ်ထိခိုက်ဒဏ်ရာရသော သူများကို အရေးပေါ် ကုသပေးရာ ဌာနဖြစ်၏။ မိတ်ဆွေတစ်ဦးက အရေးပေါ်ဌာနသို့ ရောက်ရှိလာသော လူနာများတွင် ယာဉ်တိုက်မှုကြောင့် လာရောက်သူများသည် အများဆုံးဟုဆို၏။ ထို့နောက် စက်ကိရိယာတို့ဖြင့် ထိခိုက်မှု၊ အမြင့်မှ လိမ့်ကျမှု၊ မီးရထားပေါ်မှ လိမ့်ကျမှုတို့လည်း ရှိတတ်၍ တစ်ဦးနှင့်တစ်ဦး ခိုက်ရန် ဖြစ်ပွားပြီး ဒဏ်ရာရသောကြောင့် ရောက်လာမှုက နည်းသော်လည်း မကြာခဏ ရှိသည်ဟု ဆိုသည်။

မတော်တဆ ဖြစ်ရပ်များ မဖြစ်စေရန်အတွက် အရေးပေါ်ဌာန၏ နံရံတွင် သတိပေးစာများ ကပ်ဆွဲထားသည်ကိုလည်း တွေ့ရ၏။

နံရံကပ်သတိပေးစာတစ်ခုတွင် 'ထိခိုက်ပြီးမှ ကြိုတင်ကာကွယ်မှုကို လေ့လာနေခြင်းသည် သင့်အတွက် နောက်ကျနေပြီ' ဟူ၍ ရေးထား၏။

ဤသတိပေးစာသည် မတော်တဆ ကိစ္စများကို ထိခိုက်မှုမဖြစ်ခင်ကပင် ကြိုတင်ကာကွယ်ရန် သတိပေးထားခြင်း ဖြစ်၏။

နောက် သတိပေးစာတစ်ခုမှာ လူ၏ လက်ထဲ၌ လူ၏ နှလုံးပုံကို ရေးဆွဲထားပြီး ‘သင့်လက်ထဲတွင် သင့်အသက်ရှိသည်’ဟု ရေးထားပါ၏။

အခြား သတိပေးစာတစ်ခုကား ယာဉ်မောင်းသူတိုင်း ဖတ်ရှုစေသင့်သော သတိပေးစာဖြစ်၏။ ပုံမှာ ယာဉ်မောင်းထွက်မည့် ယာဉ်မောင်းသည် ကားခေါင်းထဲမှ သူ၏မိသားစုအား လက်ပြ နှုတ်ဆက်နေပုံဖြစ်၏။ ဇနီးနှင့် သားသမီးတို့ကလည်း ပြန်၍ နှုတ်ဆက်ကြကာ သတိပေးစကားအဖြစ်ကား ‘အိမ်မှ မိသားစုတို့သည် ဘေးမသီ ရန်မခ ချမ်းသာစွာဖြင့် ဖခင်ကားမောင်းသူ အိမ်သို့ ပြန်လာစေလိုကြသည်’ ဟု ရေးသားထားပါ၏။

ကားတိုက်မှုဖြစ်ရာတွင် ကားပေါ်ပါလာသူ ခရီးသည်များသာမက ကားမောင်းသမားတို့ ကိုယ်တိုင်လည်း ထိခိုက် ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးခြင်းတို့ ရှိနိုင်သည်။ ကတ္တရာလမ်းပေါ်သို့ ရောက်သည်နှင့် ယာဉ်တိုက်မှု အန္တရာယ်ဟူသည် အချိန်မရွေး ရောက်လာနိုင်ပေရာ အိမ်မှ မိမိ၏ဇနီး၊ သားသမီးတို့၏ ဆန္ဒကို ကားမောင်းသူဖခင်က အစဉ် သတိထားမိပြီး ကားကို သတိရှိရှိ မောင်းနှင်ခြင်းဖြင့် ယာဉ်တိုက်မှု နည်းပါးစေရန် သတိပေးရေးသားထားသော စာတန်းဖြစ်ပါသည်။

ဤနေရာတွင် ဘေးအန္တရာယ် ဖြစ်စေသော အကြောင်းသုံးပါးကိုလည်း ရေးသားဖော်ပြထား၏။ ယင်းအကြောင်းတရား သုံးပါးမှာ–

၁။ မြင်အောင် မကြည့်ခြင်း

၂။ သိအောင် မပြောခြင်းနှင့်

၃။ သတိထား နားမထောင်ခြင်း။

ဤသုံးချက်တို့ကြောင့်သာ ဖြစ်ကြောင်းကို ကလေးငယ်တစ်ဦးက မျက်လုံးပိတ်၍ ကြည့်နေပုံ၊ တစ်ဦးက ပါးစပ်ကိုပိတ်၍ ပြောနေပုံ၊ တစ်ဦးက နားကိုပိတ်၍ နားထောင်နေပုံတို့နှင့် သရုပ်ဖော်ထား၏။

မတော်တဆကိစ္စများ မဖြစ်စေရန် မြင်အောင်ကြည့်၊ သိအောင်ပြော၊ သတိနှင့်နားထောင်ရန် လိုအပ်ကြောင်း သတိပေးထားချက် ဖြစ်၏။

ထို့ပြင် 'မသေမချာ ပြင်ဆင်မှုမှ အန္တရာယ်သို့' ဟူသော သတိပေးစာကိုရေးပြီး ခုံတစ်ခုပေါ်မှ လူတစ်ယောက် လဲကျနေဟန်ကို ဖော်ပြထားပါ၏။

အခြား စိတ်ဝင်စားဖွယ်ရာ သတိပေးချက်တစ်ခုကား–

'မီးခြစ်ဆံတွင် ခေါင်းသာရှိသည်။ ဦးနှောက်မရှိ'

'သင့်တွင် ခေါင်းရော ဦးနှောက်ပါ ရှိသည်'

'သင့်ဦးခေါင်းကိုသုံး၍ မီးခြစ်ကို ခြစ်ပါ'

ဟူ၍ ဖြစ်၏။ ဤသတိပေးချက်မှာ မီးသတိပြုရန် သတိပေးချက်တစ်ရပ်ဖြစ်၍ မီးဘေးအတွက် မကြုံတွေ့ရလေအောင် ဦးနှောက်ကိုသုံး၍ မီးဘေးကြိုတင်ကာကွယ်ရန် သတိပေးထားခြင်း ဖြစ်ပါ၏။

မသေအောင်၊ မအိုအောင် မပြုလုပ်နိုင်သော်လည်း သေခြင်းတရားကို ဉာဏ်ပညာဖြင့်ကား ရှောင်ကွင်း၍ရ၏။ သေခြင်းတရားကို ဉာဏ်ပညာဖြင့် ယာယီ ဟန့်တားထားနိုင်ပါ၏။

သိပ္ပံပညာဖြင့် သေခြင်း၊ အိုခြင်းကို အချိန်ဆွဲထားနိုင်သကဲ့သို့ သေခြင်းတရားကို အသိပညာဉာဏ်ဖြင့်လည်း အချိန်ဆွဲထားနိုင်ပါသည်။ 'အသက်ဉာဏ်စောင့်' ဟူသော ကစားကဲ့သို့ အသက်ကို ဉာဏ်ပညာနှင့် အသိတရားတို့ထားရှိက ဖယ်ရှားနိုင်ပါ၏။

ထို့ကြောင့်လည်း မိမိအသက်ကို မိမိ တွယ်တာကြသူများသည် မိမိအသက်ကို မိမိဉာဏ်ဖြင့်ယှဉ်၍ စောင့်ရှောက်ရန် လိုပါ၏။ ခေတ်မီဆေးဝါးကုသမှုတွင် 'ကြိုတင်ကာကွယ်ရေး' ဟူသော အချက်သည် အသက်ကို ဉာဏ်ဖြင့်ယှဉ်၍ စောင့်ရှောက်နိုင်ကြောင်း၏ ခိုင်လုံသော အထောက်အထားတစ်ခု ဖြစ်ပါ၏။

*

သေခြင်းနှင့် မေတ္တာတရားထားရှိခြင်းသည် ကောင်း
ကင်ဘုံသို့ ပို့ဆောင်ရာ တရားနှစ်ပါးဖြစ်ပါသည်။
**မိုက်ကယ်အိန်ဂျလို**

# အသက် ၁၂၀ ရှည်စေသော်ဝ်

ဤခရီးနီးသလား။

အာယုဝမုန သူငယ်သည် ဥပါသကာ ငါးရာ ခြံရံလျက် လှည့်လည်လာသော ခရီးကား ရှည်လျားမည် ဇကန်ဖြစ်ပါ၏။ အာယုဝမုန သူငယ်သည် ခုနစ်ရက်အတွင်း သေတော့မည်ဟု ဆိုပါလျက် ယခုတော့ အသက် ၁၂၀ တိုင် ရှည်တော့မည်ဟု ဆို၏။

ထို့ကြောင့်လည်း အာယုဝမုနသူငယ် လှည့်လည်လာသည်ကို တွေ့ကြရကုန်သော ရဟန်းတို့သည် တစ်ခုသော တရားသဘင်၌ 'ငါ့ရှင်တို့ ကြည့်ကြကုန်လော့၊ အာယုဝမုန သူငယ်သည် ခုနစ်ရက်မြောက်နေ့တွင် သေမည်သေချာသတဲ့၊ ယခုတော့ ထိုသူငယ်သည် ဥပါသကာငါးရာနှင့် ခြံရံလျက် လှည့်လာပြီး အသက် ၁၂၀ ရှည်စွာ တည်နေ

မည်တဲ့၊ ဤသတ္တဝါတို့၏ အသက်ရှည်စွာတည်နေအောင် ပြုလုပ်နိုင်သော အကြောင်းတရား ရှိလေပြီတကား’ဟု ဆိုကြလေ၏။

ထိုအချိန်တွင် မြတ်စွာဘုရား ကြွလာတော်မူပြီးလျှင် ‘ရဟန်းတို့၊ ယခုအခါ အဘယ်စကားဖြင့် ပြောဆိုစည်းဝေး၍ နေကြကုန်သနည်း’ဟု မေးတော်မူသည်။ ထိုအခါ ရဟန်းတို့က အထက်ပါအကြောင်းကို လျှောက်ထားကြလေ၏။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က–

‘ရဟန်းတို့၊ တမင်သက်သက်ဖြင့်တော့ အသက်ရှည်အောင် ပြုလုပ်၍ ရနိုင်သည်မဟုတ်ပေ။ သို့သော် ဂုဏ်ကျေးဇူး အထူးမြင့်မြတ်သူတို့ကို ရှိခိုးပူဇော်မှု၊ ရိုသေမြတ်နိုးမှု၊ သတိထားရှိနိုင်ကြသော အကြင်ပုဂ္ဂိုလ်တို့တွင် အကြောင်းတရားလေးပါးတို့သည် တိုးပွား စည်ကားကုန်၏။ ဘေးရန်အန္တရာယ်မှ လွတ်မြောက်ကြရကုန်၏။ အသက်တမ်းရှိသမျှ တည်နေကြကုန်၏’ဟု မိန့်တော်မူလေ၏။

ရဟန်းတော်များ ဤသို့ စကားပြောဆို ဆွေးနွေးမှုနှင့်ပတ်သက်၍ တစ်ခုသော အဖြစ်အပျက်သည် အထင်အရှားဖြစ်ခဲ့၏။ ထိုအဖြစ်အပျက်သည်ကား အာယုဝဍ္ဎနသူငယ်နှင့် ပတ်သက်သော အကြောင်းတရား အဖြစ်အပျက်ပင် ဖြစ်သည်။

အခါတစ်ပါး၌ ပုဏ္ဏား ဇနီးမောင်နှံတို့သည် သားငယ်နှင့်အတူ မိတ်ဆွေ ရဟန်းဆီသို့ လာရောက် ဖူးမြော်ကြလေသည်။ ရဟန်းဆိုသော်လည်း သာသနာတော်ပြင်ပမှ ရဟန်းသာ ဖြစ်ပေ၏။ ရဟန်းဆီရောက်သည့်အခါ ဖခင်ဖြစ်သူသည် ကလေးကို ဇနီးလက်သို့ပေးထားပြီး မိမိကိုယ်တိုင် ရှေးဦးစွာ ရှိခိုး၏။ ထိုအခါ ရဟန်းက ‘အသက်ရှည်ပါစေ’ ဟုဆုပေး၏။ မိခင်ဖြစ်သူသည်လည်း ကလေးကို ဖခင်လက်

သို့ပေးပြီး ရဟန်းအား ရှိခိုး၏။ ရဟန်းက‘အသက်ရှည်ပါစေ’ဟု ဆုပေး၏။ ထို့နောက် မိဘများက ကလေး၏ လက်နှစ်ဖက်ကိုကိုင် ယှဉ်၍ ရဟန်းအား ရှိခိုးစေ၏။ သို့သော် ရဟန်းသည် မည်သို့မျှ ဆုမပေး၊ ဆိတ်ဆိတ်သာနေ၏။

ထိုအခါ ပုဏ္ဏားက ရဟန်းကို ‘အသို့နည်း အရှင်ဘုရား၊ တပည့်တော်တို့ ရှိခိုးတုန်းကတော့ အသက်ရှည်ပါစေ’ဟု ဆုပေးပြီး ကလေးရှိခိုးတော့ ဘာဆုမှ မပေးပါလား၊ ဘာဖြစ်လို့ပါလဲ’ဟုမေးလေ၏။ ထိုအခါ ရဟန်းက–

‘ဟုတ်သည် ပုဏ္ဏား၊ ဤကလေးမှာအသက်အန္တရာယ် ရှိသည်’ ဟု ဆိုလေ၏။

ထိုအခါ ဖခင်က‘ဤကလေးတွင် အသက်န္တရာယ်ရှိသည်ဟု ဆိုပါက ဤကလေးသည် အသက်ဘယ်လောက်ရှည်ပါမည်လဲဘုရား’ ဟုမေးလေ၏။ ထိုအခါ ရဟန်းက ‘ခုနစ်ရက်ပဲ ရှည်မည်’ဟုဆိုလေ၏။

‘သူ့မှာကျရောက်လာမည့်အန္တရာယ်ကို တားမြစ်ပိတ်ပင်လို့ ရနိုင်ပါမည်လား’ဟု မေးလေ၏။

‘အသက်အန္တရာယ် မဖြစ်အောင် တားမြစ်နိုင်သည့်အကြောင်း ကိုတော့ ငါ မသိဘူး ပုဏ္ဏား’ဟု ဆိုလေ၏။

‘ဘယ်သူသိနိုင်ပါမလဲ’ ဟု မေးသည့်အခါ

‘ရဟန်းဂေါတမ သိနိုင်တယ်၊ သူ့ဆီ သွားမေးပေလော့’ဟု ရဟန်းက ဆိုလေ၏။

‘အဲဒီကို သွားမေးလျှင် အကျင့်ပျက်သွားမည်ကို ကြောက်

ရသည်’ဟု ဆိုလေ၏။ ဤရဟန်းနှင့် ပုဏ္ဏားတို့သည် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြ။ သာနာတော်ပြင်ပအကျင့်ရှိသူများ ဖြစ်သည့်အတွက် မိမိအကျင့်ကိုသာ မြင့်သည်၊ မြတ်သည်ဟု အယူရှိကြသူများ ဖြစ်၏။

‘သင့်သားကို သင် တကယ်ချစ်လျှင် အကျင့်ပေါ့လျော့မည်ကို ထည့်စဉ်းစားဖို့ မသင့်ဘူး၊ ရဟန်းဂေါတမထံသို့သွား၍ ကလေးငယ်၏ အသက်ရှည်ရာရှည်ကြောင်းကို သွားမေးပါ’ဟု ရဟန်းက ဆိုလေ၏။

ထိုပုဏ္ဏားသည် မိတ်ဆွေရဟန်း၏ တိုက်တွန်းချက်အရ ဘုရားရှင်ထံသွားရောက်ပြီး မိမိကိုယ်တိုင် ဦးစွာ ရှိခိုးလေ၏။ ဘုရားရှင်သည် ‘အသက်ရှည်ပါစေ’ဟု ဆုပေး၏။ ဇနီးသည် ရှိခိုးသည့်အခါတွင်လည်း ထိုနည်းအတိုင်း အသက်ရှည်ပါစေ’ဟု ဆုပေးတော်မူ၏။ ကလေးငယ်ကို ရှိခိုးစေသောအခါတွင်မူ ဆုမပေးဘဲ ဆိတ်ဆိတ်သာ နေတော်မူ၏။

ထိုပုဏ္ဏားသည်လည်း ရှေးနည်းအတိုင်း ဘုရားရှင်အား လျှောက်ထားလေ၏။ ဘုရားရှင်ကလည်း ဤကလေးတွင် အသက်အန္တရာယ်ရှိကြောင်း မိန့်ကြားတော်မူသောအခါ ပုဏ္ဏားသည် ‘အရှင်ဘုရား၊ သေခြင်းကို တားမြစ်နိုင်သည့်နည်းလမ်းရော ရှိပါသလား ဘုရား’ ဟု မေးလေ၏။

‘ဖြစ်နိုင်စရာ ရှိသည် ပုဏ္ဏား’ဟု ဘုရားရှင်က မိန့်ကြားသည့်အခါ

‘ဘယ်လိုဖြစ်နိုင်ပါသလဲ ဘုရား’ဟု ပုဏ္ဏားက မေးပြန်၏။

ဗုဒ္ဓရှင်တော်မြတ်က 'အကယ်၍ သင်သည် မိမိ၏ အိမ်ရှေ့၌ မဏ္ဍပ်ဆောက်လုပ်ကာ မဏ္ဍပ်အလယ်တွင် ညောင်စောင်းငယ်ပြုလုပ်ပြီး ထိုညောင်စောင်းငယ်တွင် ဤသူငယ်အား ထားရှိပြီးလျှင် ယင်းညောင်စောင်းငယ်ကို ဝန်းရံလျက် ရှစ်ခုဖြစ်စေ၊ ၁၆ ခုဖြစ်စေ ထိုင်နေရာတို့ကို ခင်းကျင်းကာ ယင်းနေရာတို့တွင် ငါ၏ တပည့်သာဝကတို့ကို ထိုင်နေစေပြီးလျှင်တော့ ဤကလေး၏ အသက်အန္တရာယ် ကျရောက်မည့်ဘေးကို တားမြစ်နိုင်ပေရာ၏'ဟု မိန့်တော်မူလိုက်လေ၏။

'အရှင်ဂေါတမ၊ တပည့်တော်အနေဖြင့် မဏ္ဍပ်စသည်တို့ကို ဆောက်လုပ်နိုင်ပါ၏၊ အရှင်ဘုရားတို့၏ တပည့်သာဝကတို့ကို မည်သို့ ရနိုင်ပါမည်နည်း'ဟု ပုဏ္ဏားက ဆိုပြန်လေ၏။

'သင် ဤမျှလောက် ပြုလုပ်ဆောင်ရွက်နိုင်မည်ဆိုလျှင် ငါသည် ငါ၏ တပည့်သာဝကတို့ကို စေလွှတ်ပေးမည်'ဟု မိန့်တော်မူလိုက်လေ၏။

'ကောင်းပါပြီ အရှင်ဂေါတမ'ဟု ဆို၍ ထိုပုဏ္ဏားသည် မိမိ၏ အိမ်ရှေ့တွင် ပြုလုပ်စရာဟူသမျှအားလုံးကို ပြုလုပ်ပြီးလျှင် ဘုရားရှင်ထံ သွားလေ၏။

ဘုရားရှင်သည် ရဟန်းတော်တို့ကို စေလွှတ်တော်မူလိုက်၏။ ရဟန်းတော်တို့သည် ထိုအိမ်သို့ကြွတော်မူကြပြီး မဏ္ဍပ်အတွင်းထိုင်နေရာများ၌ သီတင်းသုံးနေတော်မူကြ၏။ ကလေးငယ်ကိုလည်း ညောင်စောင်းငယ်၌ သိပ်၍ ထားကြကုန်၏။

ရဟန်းတော်တို့သည် ခုနစ်ရက်ပတ်လုံးနေ့ရောညဉ့်ပါ အသံမစဲ ပရိတ်ရွတ်တော်မူကြကုန်၏။

ခုနစ်ရက်မြောက်သောနေ့ ညနေချမ်းအခါတွင် ဗုဒ္ဓရှင်တော်မြတ်ကိုယ်တော်တိုင် ကြွရောက်တော်မူလာ၏။ ထိုရှင်တော်မြတ်ဘုရားကြွလာတော်မူသောအခါ စကြဝဠာတိုက်အလုံးရှိ နတ်တို့သည်လည်း စုဝေးလာရောက်ကြလေကုန်၏။

တစ်ယောက်သော အဝရုဒ္ဓကမည်သော ဘီလူးသည် (အဝရုဒ္ဓက–ကောင်းမှုကုသိုလ်တရားကို ဆို့ပိတ်တားမြစ်တတ်သောဘီလူး) ၁၂ နှစ်ပတ်လုံး ဝေဿဝဏ်နတ်မင်းကြီးကို ခစားသည့်အတွက် ထိုနတ်မင်းကြီးထံမှ ဆုလာဘ်အဖြစ် ဤကလေးကို ခုနစ်ရက်မြောက်သောနေ့၌ စားခွင့်ရ၏။ ထို့ကြောင့် ဤဘီလူးသည်လည်း လာလတ်၍ စောင့်နေလေ၏။

သို့သော် ဗုဒ္ဓရှင်တော်မြတ်ကိုယ်တော်တိုင် ထိုနေရာသို့ ကြွလာတော်မူသည့်အခါ တန်ခိုးအင်အားကြီးမားကုန်သော နတ်တို့သည်လည်း စုဝေးလာရောက်ကြကုန်၏။ သို့အတွက်ကြောင့် တန်ခိုးသေးငယ်သော နတ်တို့သည် နောက်သို့ဆုတ်ကာ ဖယ်ရှောင်နေရလေ၏။ ဗုဒ္ဓရှင်တော်မြတ်သည်လည်း တစ်ညဥ့်လုံး ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူလေ၏။

ခုနစ်ရက် ကျော်လွန်ခဲ့သောအခါတွင်ကား ထိုအဝရုဒ္ဓက ဘီလူးသည် ထိုကလေးငယ်ကို စားခွင့်မရတော့။ ရှစ်ရက်မြောက်သောနေ့ နေအရုဏ်တက်သည်ရှိသော ဖခင်ပုဏ္ဏားသည် ကလေးငယ်ကို ယူဆောင်၍ ဗုဒ္ဓရှင်တော်မြတ်အား ရှိခိုးစေ၏။ ထိုအခါ ဘုရားရှင်သည် ကလေးငယ်အား 'အသက်ရှည်ပါစေ' ဟူသော ဆုကို ပေးတော်မူလေ၏။

ထိုအခါ ပုဏ္ဏားက 'အရှင်ဂေါတမ၊ ကလေးငယ် အသက် ဘယ်လောက်အထိ ရှည်နိုင်ပါမည်လဲဘုရား' ဟုမေးလျှောက်၏။ ဗုဒ္ဓရှင်တော်မြတ်က 'ဤကလေး အသက် ၁၂၀ ရှည်လိမ့်မည် ပုဏ္ဏား' ဟု မိန့်ကြားတော်မူလေ၏။

ထို့ကြောင့် ကလေးငယ်ကို 'အာယုဝဍ္ဍန–မောင်သက်ရှည်' ဟူ၍ နာမည်မှည့်ကြလေကုန်၏။ ထိုကလေးသည် အစဉ်အတိုင်း ကြီးပွားတိုးတက်ကာ အရွယ်ရောက်လာသည့်အခါ ဥပါသကာငါးရာ ခြံရံကာ လှည့်လည် သွားလာလျက်ရှိလေ၏။

ထို့ကြောင့် ရဟန်းတော်တို့၏ ဓမ္မသဘင်၌ အထက်ပါအတိုင်း စကားဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပေ၏။ ဗုဒ္ဓရှင်တော်မြတ်သည်လည်း ထိုဓမ္မသဘင်၌ပင်လျှင် ဤသို့ မိန့်တော်မူခဲ့ပေ၏။

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဍာပစာယိနော၊

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

ယခုကာလတိုင်အောင်လည်း အလှူအတန်း၊ သီလယူ တရားပွဲ စသည်တို့၌ ပရိသတ်တို့ ကန်တော့ပြီးသည့်အခါ ရဟန်းတော်တို့က အထက်ပါ ဗုဒ္ဓဘာသိတ–ဘုရားဟောဂါထာဖြင့် ဆုပေးတော်မူကြလေ့ ရှိပေကုန်၏။

ရှိခိုးခြင်း၏တည်ရာ၊ မြတ်နိုးခြင်း၏ တည်ရာ၊ အရိုအသေပြုခြင်း၏တည်ရာဖြစ်တော်မူကြပေကုန်သော ဘုရား အစရှိသည့် ရတနာမြတ်သုံးပါးတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ရသော ကောင်းမှုကံ စေတနာတို့ကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊

ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးတရားတို့နှင့် ပြည့်စုံကြလျက် စသည်ဖြင့် ဆုပေးလေ့ရှိကြပေကုန်၏။

ဤ၌ အသက်ရှည်ခြင်းဟူသည် ဥပမာ အသက် ငါးဆယ်ရှည်နိုင်သည့် ကုသိုလ်ကံကို ပြုလုပ်ခဲ့သူသည် ၂၅ နှစ်ရောက်သည့်အခါ အသက်အန္တရာယ် တစ်စုံတစ်ရာနှင့် ရင်ဆိုင်လာခဲ့ရငြားအံ့။ ထိုသူသည် ရှိခိုးခြင်းအလေ့အထ၊ ရိုသေခြင်း အလေ့အထကြောင့် ထိုအန္တရာယ်များ ငြိမ်းအေးသွားနိုင်၏။ ထိုသူသည် အသက်တမ်းရှိသလောက် တန်းလျှောက်ထုပ်ပေါက် တည်နေနိုင်၏ဟု ဆိုလို၏။ (အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းတို့သည်လည်း အသက်တမ်းနှင့်အတူ တိုးပွားစည်ကားနိုင်၏ဟု မှတ်ရာ၏။)

ဤနေရာတွင် မှတ်သားဖွယ်ရာတစ်ခုမှာ အသက်ရှည်ခြင်း၌ အသက်တမ်းကို သူ့နဂိုထက် ပိုရှည်အောင် မည်သို့မျှ ပြုလုပ်၍ မရ။ ဤသို့ သူ့နဂိုအတိုင်း အသက်တမ်းအလျှောက် တည်နေနိုင်ဖို့အရေးသည်လည်း အလွန် ခဲယဉ်းလှ၏။ သတ္တဝါဟူသမျှ သေလောက်သောဘေးထိလျှင် သေမည်သာ ဧကန်ဖြစ်၏။ မသေနိုင်သော အရေးအခွင့်ဟူ၍ ထွက်သက် ဝင်သက် တစ်ချက်စာမျှ မရှိ။

ဤ ရှိခိုးခြင်းအလေ့အထ၊ ရိုသေခြင်း အလေ့အထကြောင့် အသက်ရှည်စွာ တိုးပွားရခြင်းဟူသည်မှာလည်း အသက်တမ်းတစ်ခု၏ သူ့နဂိုအတိုင်း ဖြောင့်ဖြောင့်မသွားနိုင်အောင် ကြားဝင်၍ နှောင့်ယှက်ဖျက်ဆီးတတ်သော ကြားဖြတ်အန္တရာယ်များကိုသာ ဟန့်တားပိတ်ပင်ပေးရုံပင် ဖြစ်၏။ ထိုသို့ ကြားဖြတ်အန္တရာယ်များကို ကာကွယ် ရှင်းလင်းပေးလိုက်သဖြင့် အသက်တမ်းမှာ သူ့နဂိုအတိုင်း ဆက်လက်၍

ရှည်သွားခြင်း ဖြစ်၏။ ဤသို့ကိုပင် အသက်ကို ပိုရှည်အောင် ပြု
လုပ်ပေးသကဲ့သို့ ထင်မှတ်တတ်ကြ၏။

အမှန်မှာ သူ့နဂိုအတိုင်းထက် ပိုရှည်အောင် မည်သို့မျှ မစွမ်း
ဆောင်နိုင်။ လမ်းတွင်တွေ့ရသည့် အန္တရာယ်ကိုသာ ကာကွယ် ရှင်း
လင်းပေးခြင်းမျှ ဖြစ်၏ဟု ကျမ်းစာတို့၌ ဆိုလေ၏။

ဥပမာ–မန္တလေးသွားရမည့် ရထားကို လမ်းတွင် ရထား လမ်း
ဖျက်ထားခြင်း စသော အန္တရာယ်တစ်စုံတစ်ရာက ဝင်ရောက် နှောင့်
ယှက်ထားသည်ကို ကြိုတင်၍ သိရသည့်အခါ သက်ဆိုင်ရာတို့က
အန္တရာယ်ကို ရထားမရောက်မီ ရှင်းလင်းဖယ်ရှားလိုက်ကြ၏။ သို့
အတွက် မန္တလေးရထားသည် သူ့ရထားလမ်း ရှိသလောက် မန္တလေးသို့
တောက်လျှောက် ခရီးဆက်နိုင်ခဲ့၏။

သို့သော် မန္တလေးရထားကို မန္တလေးဟိုဘက် ဆက်လက်သွား
နိုင်အောင်အား မည်သို့မျှ မစွမ်းဆောင်နိုင်ကြ။ မန္တလေးရောက်လျှင်
သူ့ခရီးဆုံးပြီးသားဖြစ်၏။ လမ်းတွင်တွေ့ကြုံရမည့် အန္တရာယ်ကိုသာ
ကာကွယ်တားမြစ် ဖယ်ရှားပေးနိုင်ရုံ ဖြစ်၏။

အသက်ရှည်ခြင်း၌လည်း ဤအတိုင်းဖြစ်၏။

သေဆုံးသောနေ့သည် နောက်ဆုံးနေ့မဟုတ်။
**ဝေါလတာစကော့**
**အမေရိကန် ပညာရေးပါရဂူ**

# အနိစ္စ အရက်အိုး သေခြင်းဆိုး သေသောအခါ

ဤခရီးနီးသလား။

'သူနဲ့ကျွန်တော် တစ်နေ့လုံး အတူတူ သောက်နေကြတာပဲ၊ ကျွန်တော်က မနက်ကတည်းက ခေါင်းနည်းနည်းကိုက်တာနဲ့ သိပ်မသောက်ဖြစ်ဘူး၊ သူကတော့ မနက်ကတည်းက သောက်နေတာ၊ အခုညနေ အရက်ကုန်လို့ ကျွန်တော်က ထွက်အဝယ် ပြန်လာတော့ ခုလို သေနေတာပဲဗျာ'

သေခြင်းတရားကို ခရီးက အနီးလေးဖြစ်သည်။ သူငယ်ချင်းနှစ်ယောက်တို့သည် ဤညနေတွင် အတူတကွ အရက်သောက်နေကြ၏။ သောက်နေရာမှ အရက်ကုန်သွားသောကြောင့် အိမ်ရှင်မိတ်ဆွေက အရက်ဝယ်ရန် ဆိုင်သို့ ထွက်လာခဲ့သည်။ အိမ်ရှင်မိတ်ဆွေသည် သူ

အရက်ထွက်ဝယ်စဉ်က သူ၏သူငယ်ချင်းသည် အသက်နှင့် ခန္ဓာကိုယ် မြဲလျက်ဖြစ်၏။ အရက်ဝယ်ပြီး၍ ပြန်အလာတွင်တော့ သူ၏ သူငယ်ချင်းသည် အသက်မရှိတော့ပြီဖြစ်၍ သုံးဘီးကားငှားကာ ဆေးရုံသို့ ခေါ်လာ၏။

သုံးဘီးဆရာက ပိုက်ဆံများများရ၍ ဤလူနာကို တင်လာခဲ့သော်လည်း သူ့သုံးဘီးပေါ်တွင် ကြာကြာမထားလို။ အကြောင်းဆိုသော် သူသည် လူနာအဖြစ်နှင့်တင်၍လာရာ ယခုမူ လူနာမဟုတ်၊ လူသေဖြစ်နေ၍ ရန်ကုန်မြို့ ထိခိုက်ဒဏ်ရာကုဌာနကလည်း လက်မခံသေးဘဲ ရှိနေ၏။ ကျွန်တော်သည် ထိုင်နေရင်းမှ စပ်စု၍ သေသူနှင့် အတူပါလာသူ မိတ်ဆွေအား ဘာပြုလို့ ဖြစ်တာလဲဟု မေးသောအခါ အတူအရက်သောက်ရာမှ အရက်သောက်လွန်ပြီး ကွယ်လွန်၍ ဆေးရုံကြီးသို့ ယူလာရကြောင်း အထက်ပါအတိုင်း ပြောပြ၏။

သုံးဘီးဆရာကလည်း "ကျွန်တော်က လူမမာ အသည်းအသန်ဖြစ်နေတယ်ဆိုလို့ လူနာကို တင်လာတာ၊ မသာဆိုရင် ဘယ်တင်ပါ့မလဲဗျ၊ ကဲ ကြည့်လေ၊ သုံးဘီးသမားတွေက လူနာကို မတင်တော့မတင်ဘူး၊ သုံးဘီးသမားတွေဟာ လူစိတ်မရှိကြဘူးလို့ ပြောတယ်၊ အခုတော့ မသာကို လူနာလုပ်ပြီး ဆေးရုံကို လာပို့တာ တရားလားဗျာ" ဟု ဆိုလေ၏။

အသုဘကို လူနာဟုဆိုကာ လာပို့ကြသောသူများသည်လည်း အခန်းတွင်းသို့ ဝင်နေကြဆဲဖြစ်၍ သုံးဘီးဆရာသည် ကားခလည်း မရသေးပေ။

ဤအသုဘကို ဘာလုပ်ကြမည်နည်း။

အရပ်ထဲသို့ ပြန်ယူသွားလျှင်လည်း အရပ်က လက်ခံပါမည်လား၊ လက်ခံဖို့က များသည်။ ပြန်ယူသွားလျှင် သေသူ၏အိမ်ကို ပြန်ယူရမည်လား သို့မဟုတ် ယခု ညနေ သေသည့် သူငယ်ချင်းအိမ်သို့ သယ်သွားရမည်လား၊ ဒါလည်း အတော်ကြီး ရှုပ်ထွေးနိုင်သေး၏။

သေသူ၏ ရပ်ကွက်က တခြား တစ်ပါးတွင်သွားရောက်သေခဲ့သော အရက်သမား အသုဘကို သူတို့အရပ်သို့ သယ်လာသည်ကို လက်ခံလေမည်လား၊ အရက်သောက်သော ရပ်ကွက်မှာလည်း သူတို့ရပ်ကွက်ထဲတွင် နေသူမဟုတ်၍ မိမိတို့အရပ်တွင် သေစေကာမူ လက်ခံပါမည်လော။ ဆေးရုံက လက်ခံလိုက်လျှင်တော့ အကောင်းဆုံး ဖြစ်နိုင်၏။ ဆေးရုံကရော ထိုကဲ့သို့သော ကိစ္စကို မည်သို့သဘောထားမည် မသိ။

ကျွန်တော်သည် အရက် အလွန်အကျွံ သောက်ရာမှ သေသွားရရှာသော ထိုသူ၏အလောင်းကို သွားကြည့်မိပါသေး၏။ သေသူသည် အသက် သုံးဆယ်ကျော်လောက်သာ ရှိဦးမည်။ ခပ်ညစ်ညစ်ပဆစ်ကွက်လုံချည်ကို ခပ်တိုတိုဝတ်ထား၍ အင်္ကျီပါသော်လည်း ကြယ်သီးများ တပ်ထားခြင်း မရှိပါ။ ပါးစပ်တွင်လည်း အန်ဖတ်များ ပေကျံနေ၍ သွားရည်လိုလို အရည်များက ကျနေပါ၏။

အရက်ကို ကျန်းမာရေးအတွက် သောက်သည်ဟု ပြောဆိုသူများ ရှိသလို အရက်သောက်ခြင်းသည် အသက်တိုခြင်း အကြောင်းအရာ တစ်ရပ်ဟုလည်း အဆိုရှိကြ၏။

အရက်သောက်သည်ကို ကျွန်တော် ငယ်စဉ်မှစ၍ မြင်ဖူးပါသည်။

ကျွန်တော်တို့ရွာတွင် ဦးထွန်းရင်ဆိုသည့် နေ့စဉ် အရက်သောက်သူတစ်ဦး ရှိ၏။ သူ့တွင် သမီးနှစ်ဦးရှိသည်။ သမီးငယ်နှစ်ဦးသည် ကျွန်တော်နှင့်ရွယ်တူ၊ ကျွန်တော်၏ သူငယ်ချင်းများပင် ဖြစ်၏။

ဦးထွန်းရင်သည် ညနေတိုင်း ရွာအနောက်ပိုင်းရှိ ဘုံဆိုင်မှ အရက်သောက်လာပြီး ကျွန်တော်တို့အိမ်ရှေ့ဖြတ်ကာ သူ့အိမ်သို့ ပြန်တတ်၏။ အိမ်အပြန် ခရီးတစ်လျှောက်လုံးတွင် တွေ့ရာ မြင်ရာများကို အော်ဟစ်ပြောဆိုသွားတတ်၍ သူ့အား အာကျယ်ထွန်းရင်ဟူ၍လည်းကောင်း၊ ပကျယ်ထွန်းရင်ဟူ၍လည်းကောင်း ခေါ်ကြ၏။ ဦးထွန်းရင် အရက်မူးပြီး နေ့စဉ် အိမ်ရှေ့မှ အော်ကြီးဟစ်ကျယ် ပြန်ခြင်းကို နေ့စဉ်မြင်တွေ့ခဲ့ရသော ကျွန်တော်သည် ငယ်ငယ်ဘဝကို ပြန်စဉ်းစားတိုင်း ဦးထွန်းရင် ဒယိမ်းဒယိုင်နှင့် ပြောဆိုအော်ဟစ်ရင်း အိမ်ပြန်လာသည်ကို အမြဲ မြင်ယောင်လာမိ၏။ ဦးထွန်းရင်သည် အသက် ငါးဆယ်ဝန်းကျင်တွင်ပင် ကွယ်လွန်သွားဟန် တူပါ၏။

ကျွန်တော့်အဘိုးတော်သူ တစ်ဦးလည်း အရက်သောက်သည်။ သို့သော် နည်းနည်းမျှ သောက်ခြင်းဖြစ်ပေရာ ဆေးအဖြစ် ဝါးအဖြစ် သဘောသက်ရောက်၍လား မသိ၊ သူသည် အသက် ရှစ်ဆယ်နီးပါးမျှ နေသွားရသည်။

အရက်ကို ဘာသာတရားများက လည်းကောင်း၊ လူကြီးမိဘများက လည်းကောင်း မသောက်ရန် တားမြစ်တတ်ကြ၏။ လူကြီး

မိဘများသည် မိမိတို့ကိုယ်တိုင် အရက်သောက်သုံးသည့်တိုင် မိမိတို့၏ သားသမီးများအား အရက်မသောက်စေလိုကြပေ။ ထိုသို့ အရက် မသောက်စေလိုသူများတွင် အရက်ကို မသောက်သုံးရန် တိတိလင်း လင်း တားမြစ်ခဲ့သူသည် လယ်တီဆရာတော်ကြီး ဖြစ်၏။

ဆရာတော်ကြီးက–

အရိုင်းတွင် အရက်၊ အခက်တွင် ပိဋကတ်၊

အမြတ်တွင် နိဗ္ဗာန်၊ အမြန်တွင် သိန္ဓောဟု ဆိုခဲ့၏။

ဆရာတော်ကြီးက သေရည်ကျူးသူတို့သည်

* ဥစ္စာစည်းစိမ်ပျက်တတ်သည်

* ရောဂါအမျိုးမျိုးတို့ ကျရောက်တတ်သည်။

* ဂုဏ်သရေကင်းမဲ့၍ အများ ကဲ့ရဲ့ပြောဆိုခြင်း ခံရသည်။

* အရှက်တကွဲလည်း ဖြစ်ရသည်။

* ခိုက်ရန်ပွားတတ်သည်။

* ပညာသေးနုပ်ခြင်း၊ အလိမ္မာသေးနုပ်ခြင်းတို့လည်း ဖြစ်တတ်၏ဟု ဆိုသည်။

ဆရာတော်ကြီးသည် ဒီပဲယင်းမေတ္တာစာ၌ အရက်သောက်သုံးသူများကို

"သောက်ကျူးသူတစ်သင်း၊ ပုလင်းကြိုက် လူဗာလ၊

ဖြစ်ကြသည့် ခလေ့မှာ၊ ရှိသရွေ့ဥစ္စာ

စုပါသော်လည်း ဖတ်မတင်

အိုးပေါက်တွင် ရေလောင်းတို့၊ ဆင်းရဲကြောင်း စင်းစင်း၊

မွဲပြာကျ ပြောင်သလင်းနှင့် ဖွတ်မင်းကြီး ပြာထိုင်သော်၊
ဥစ္စာပိုင် ဘာမရှိ၊ မိတ်ဆွေကောင်း နတ္ထိ၊
ဖော်ကြင်ရာ အိမ်သူမိက၊ မချိအောင် ကျိန်ဆဲ၊
အိမ်ထဲတွင် ထပ်မနား၊ အရပ်ကြားအောင် ဟစ်အော်၊
လူစော်မှလည်း မနံဘိ၊ ဓာတ်မသိ သူကြီးခေါင်က၊
ထောင်းလိုက်သည့် မင်းမှုငွေ၊ မြီးကြွေးတွေ ဗလာပွာ၊
လာလိုက်သည့် အချေးကောင်း၊ မပေးလျှင် ထောင်းမည်ဟု
ရွဲစောင်းလျက် ထပ်ထပ်ငြိုး၊ ငွေညွန့်တိုးများလည်း
တံပိုးတွေ ဆယ်ဆပွား၊ ဝန်ဆောင်သည့်နွားလား၊
ညွန်ပျောင်း၌ တွာသကဲ့သို့၊ ခါချဲ့ရင်ပွ ဆင်မလှ၊
မြင်သမျှ မကောင်းကြုံ၍
ပေါင်းဆုံသော ဝေဒနာ၊ ဖျားနာက နှိပ်စက်
စိတ်လက်က မသာ၊ ဆေးကုစရာလည်း ငွေမရှိ၊
ရောဂါကြီး ဖိသောအခါ၊ အင်မတိ အင်မတန်၊
ဓာငါးသွယ် အပြန်တွင်၊ ကိုးကွယ်ရန် ရှာမရ၊
ငရဲကောင် နိမိတ်ပြ၍၊ အနိစ္စ အရက်အိုးမှာ
သေခြင်းဆိုး သေရလေသတည်း’ဟု ရေးထားပါ၏။

ယခုလည်း သေသောလူရွှယ်သည် ဆရာတော်ကြီး ဆိုဆုံးမမှု အရပ်ရပ်နှင့် ပြည့်စုံနေ၏။ ယခု သေခဲ့ရရှာသော ပုဂ္ဂိုလ်သည် အရက်

သောက်နေရင်း အသောက်လွန်၍ ထိုင်နေရာမှ လဲကျကာ အနိစ္စအရက် အိုးမှာ သေခြင်းဆိုးနှင့် သေခဲ့ရသည်။

အရက်ကို ကျွန်တော်လည်းသောက်ပါ၏။ သို့သော် ကျွန်တော် သည် အရက်ကို မူးလဲသွားအောင်ကား သောက်၍မရ။ ယခင်က ရမ်အရက်ကို ကျွန်တော် သောက်သည်။ သို့သော် ရမ်အရက်သောက် လျှင် အရက်က အလွယ်တကူရသောကြောင့် ခဏခဏ သောက် သဖြင့် ဝီစကီအရက် ပြောင်းသောက်ပါ၏။ ဝီစကီအရက်က ဈေးကြီး သည်။ ဝီစကီအရက်က ရခဲသောကြောင့် နည်းနည်းသာသောက်ဖြစ်၏။

သို့သော် တစ်ခါတစ်ရံ မိတ်ဆွေသူငယ်ချင်းများနှင့် တွေ့သော အခါ အရက်များများ သောက်ဖြစ်၏။ မိတ်ဆွေ သူငယ်ချင်းတိုင်းက အရက်ဝိုင်းတွင် အရက်များများ သောက်စေလိုကြ၏။ အရက် နည်း နည်းသောက်လျှင် ချိုထားသည်ဟုဆိုကာ အတင်း တိုက်တတ်ကြ၏။

ဤလုပ်ရပ်သည် မမှန်သော လုပ်ရပ်ဖြစ်၍ မိမိဆန္ဒနှင့်မိမိ နိုင်သလောက်သာလျှင် အကောင်းဆုံးဖြစ်ပါသည်။ အရက်များများ သောက်မိပါက အရက်ဝိုင်းတွင် မထိန်းမသိမ်း ပြောမိဆိုမိတတ်၏။ သတိလက်လွတ် ဖြစ်တတ်၏။ ထို့ပြင် နောက်တစ်နေ့၌ အရက်နာကျ ခြင်းက အလွန်ဆိုးရွားလှ၏။ ကျွန်တော်သည် အရက်များများသောက် တိုင်း နောက်တစ်နေ့တွင် အလုပ်လုပ်၍ မရလောက်အောင် အရက်နာ ကျသည်။ ထို့နောက် အရက် ၂၀ တစ်လ နီးပါးမျှ ကျန်းမာရေး ချို့တဲ့ လာကာ မူလ ကျန်းမာရေးအဆင့်သို့ ပြန်လည်ရောက်ရှိအောင် မနည်း ကြိုးစား၍ ထိန်းထိန်းသိမ်းသိမ်း နေရ၏။

တစ်ခါက ကျွန်တော်၏မိတ်ဆွေ အနုပညာသည်တစ်ဦး အသည်းရောင် အသားဝါဖြစ်၍ အသည်းအထူးကု ဆရာဝန်ထံ ပြရာ ဆရာဝန်ကြီးက အရက်သောက်သလားဟု မေး၏။

"ဟုတ်ကဲ့ သောက်ပါတယ်"

ကျွန်တော့်မိတ်ဆွေက အရက်သောက်တတ်ကြောင်း ဝန်ခံပြော ဆိုပါ၏။

"အရက်သောက်တာ ဘယ်လောက်ကြာပြီလဲ"

"အနှစ် နှစ်ဆယ်ရှိပါပြီ"

"ဘာအရက် သောက်သလဲ"

"ရမ်အရက် သောက်ပါတယ်"

"တစ်နေ့ ဘယ်လောက်သောက်လဲ"

"တစ်နေ့ တစ်လုံး ကုန်တဲ့နေ့လဲ ရှိပါတယ်၊ တစ်ဝက်ကုန်တဲ့ နေ့လဲ ရှိပါတယ်"

"ကဲ ဒီလိုဆိုရင် ခင်ဗျားသောက်ထားတဲ့ အရက်တွေ ဘယ် လောက်ရှိပြီ။ တန်ဖိုး ဘယ်လောက်ရှိတယ်ဆိုတာ တွက်ကြည့်ရအောင် ဗျာ"

"ဟုတ်ကဲ့ တွက်ပါ ဆရာ"

"တစ်နေ့ကို တစ်ဝက်ပဲ ထားဗျာ၊ တစ်နှစ်မှာ ၃၆၅ ရက်ဆို တော့ တစ်နှစ်မှာ ခင်ဗျား အရက် ၁၈၃ ပုလင်း သောက်တယ်၊ ဆယ်

နှစ်မှာ ခင်ဗျား ပုလင်း ၁၈၃၀ သောက်ခဲ့မယ်၊ အနှစ် ၂၀ ဆိုတော့ ပုလင်း ၃၆၅၀ ကျော် သောက်ပြီးဖြစ်မယ်ဗျာ၊ တန်ဖိုးအားဖြင့်ဆိုရင် အရက်တစ်လုံး သုံးဆယ်နဲ့ဆိုရင် အရက်ဖိုးချည်း ကျပ် တစ်သိန်းကိုး ထောင်ဖိုးရှိပြီ၊ ဒါဟာ တစ်နေ့ တစ်ဝက်နဲ့တွက်ထားတာ၊ တစ်နေ့ တစ်လုံးသောက်တဲ့ရက် ဘယ်လောက်ပါမလဲ မသိသေးဘူး၊ အမြည်း ဖိုးရော၊ အရက်ဖိုးရော၊ စီးပွားပျက်တာရောဆိုရင် (အရက်သောက်ထား သည့်အတွက် အလုပ်မလုပ်နိုင်သည်များလည်း ရှိနိုင်မည်) ခင်ဗျားဟာ အရက်ကြောင့် ငွေကြေး နှစ်သိန်းကျော် သုံးသိန်းဖိုးလောက် ဆုံးရှုံးမှု ရှိခဲ့မယ်ဗျာ”

ကျွန်တော့်မိတ်ဆွေသည် သူ သောက်သမျှသော အရက်နှင့် အရက်ဖိုးများ ဤမျှများပြားလိမ့်မည်ဟု မမျှော်လင့်ထားပေ။

“အဲဒီ ငွေသုံးသိန်းနဲ့ဆိုရင် ဒီငွေဟာ ခင်ဗျားတို့မိသားစုအတွက် ကောင်းရာကောင်းကြောင်းတွေ အများကြီးလုပ်နိုင်မယ်ဗျာ”ဟု ဆို၏။

ဆက်၍ ဆရာဝန်ကြီးက “အသည်းရောဂါက အရေး မကြီးပါဘူး၊ ကျွန်တော် ပျောက်အောင်ကုလို့ရပါတယ်၊ အရေးကြီးတာ က ခင်ဗျား အရက်စွဲနေတဲ့ ရောဂါပဲ၊ အရက်စွဲနေတာကိုတော့ ခင်ဗျား ဘာသာ ခင်ဗျားကုမှ ပျောက်မှာ၊ အရက်ကို ခုလောက်အများကြီး သောက်တာ မကောင်းဘူးဆိုတဲ့ ‘အသိစိတ်ဓာတ်ဆေး’နဲ့ ခင်ဗျား ဟာ ခင်ဗျား ကုရမယ်၊ ဒါမှ ခင်ဗျားအသည်းက ဆက်ကောင်းမှာ” ဟု ဆိုလေ၏။

အမှန်လည်း လောလောဆယ်ဖြစ်နေသော အသည်းရောင် အသားဝါ ရောဂါသည် ပျောက်ကင်းသွားပါ၏။ သို့သော် ထို အန

ပညာရှင် ကျွန်တော်၏ မိတ်ဆွေကြီးသည် အရက်ကိုကား ဆက်၍ သောက်မြဲ သောက်နေခဲ့ပါသည်။

စာရေးပြလောက်အောင် အရက်၏ ကျေးကျွန်ဖြစ်ခဲ့ရသူ ကျွန်တော်၏ မိတ်ဆွေ တစ်ဦးလည်း ရှိပါသေး၏။ ထိုမိတ်ဆွေသည် စာပေနှင့်ပတ်သက်၍ လူတော်တစ်ယောက်ဖြစ်ပါသည်။ အရေးအသား လည်း မဆိုး၊ တည်းဖြတ်မှုတွင်လည်း ဝါသနာပါ၍ စာပေကိုလည်း နှံ့နှံ့စပ်စပ် ဖတ်ရှုလေ့လာသူဖြစ်သည်။

သို့သော် ထိုမိတ်ဆွေသည် အရက်ကို ခုံခုံမင်မင်ရှိသည်။ အရက်ကို ကြိုက်သည်။ အရက်ကို တစ်ဝကြီးသောက်ရမှ ကျေနပ်၏။ ထိုရဲဘော်သည် စနေ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် အရက် တစ်ဝကြီး သောက်ပြီး တနင်္လာ အင်္ဂါနေ့များတွင် အရက်နာကျနေ၏။ ၎င်းမိတ် ဆွေသည် လက်ထဲ၌ ပိုက်ဆံမရှိလျှင် ငြိမ်နေတတ်ပြီး ရှိလာသည်နှင့် သွား၍ သောက်ပြန်၏။ တစ်ခါတစ်ရံ သူ၏ မိတ်ဆွေများ၊ သူငယ်ချင်း များက ယုံကြည်၍ အပ်နှံထားသော ငွေများ၊ လုပ်ငန်းသုံးငွေများကို ယူငင်၍ သောက်စားပစ်တတ်ပြန်ပါ၏။

ဤသို့ဖြင့် မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းများသည် လည်း တစ်စတစ်စ နည်းပါးလာ၏။ ရောင်းရင်းမိတ်ဆွေဟူ၍လည်း မရှိဘဲ ဖြစ်လာသည်။

ထိုသို့ရှိနေရာမှ ကျန်းမာရေးသည်လည်း တစ်စတစ်စ ချို့ယွင်း လာ၏။

ထိုသူ၏တော်သော ကောင်းသော ဓလေ့စရိုက်များသည်လည်း လျော့ပါးလာခဲ့၏။ ထိုသူအား ကျွန်တော်သည် အရက်ကို လျှော့

သောက်ကာ ပြန်၍များ ကောင်းလာဦးမလားဟု စောင့်နေမိ၏။ သို့သော် ပြန်၍ကား ကောင်းမလာ။ တစ်ကြိမ်ထက်တစ်ကြိမ် ပို၍သာ ဆိုးလာပေရာ သူ၏ တတ်ကျွမ်းမှုပညာရပ်များနှင့် သူ၏ ကောင်းမြတ်သော ခလေ့စရိုက်များကို စွန့်ပစ်ရတော့မည် အခြေသို့ပင် ဆိုက်ရောက်လာခဲ့ပါ၏။

အရက်သည် အလွန်အကျွံသောက်ပါက ဥစ္စာပစ္စည်းရှိလျှင် ဥစ္စာပစ္စည်းပျက်သုဉ်း၍ အတတ်ပညာဂုဏ် အမြော်အမြင်ရှိလျှင်လည်း ယင်းအတတ်ပညာသည် သုံး၍မရဘဲ ရှိတော့၏။ တွေးခေါ် ဆင်ခြင်တုံတရားတို့သည်လည်း ဆိတ်သုန်းကာ ဆုံးရှုံးမှုနှင့်သာ ကြုံတွေ့ရတတ်ပါ၏။

ကျွန်တော်သည် အရက်ကို အလွန်အကျွံသောက်သူ မဟုတ်ပါ။ သို့သော် အနည်းအကျဉ်းတော့ မကြာခဏ သောက်ပါ၏။

လယ်တီဆရာတော်ကြီးကလည်း အရက်မကောင်းကြောင်း ရေးသား ဆုံးမရာတွင် အရက်ကို ဆေးအတွက် ဝါးအတွက် ဟူ၍ ဘာအကြောင်း၊ ညာအကြောင်းပြကာ ဉာဏ်တစ်မျိုးပွေ၍ ဆင်ခြေပြကာ မသောက်ဖို့အကြောင်းကို–

"တချို့လူက၊ အပူကြွ၍၊ ကြောမပြိုးမြက်။ သောင်းညာတက်လျှင်၊ သေရည်တစ်ကျိုက်၊ သောက်မျိုလိုက်က၊ ပြိုက်ပြိုက်ကျလျှော၊ ရောဂါတွေမျောသောကြောင့်၊ ဆေးသဘော ဝါးအမှတ်၊ အတန်ငယ်သုံးလတ်မူ၊ ကျမ်းဂန်တတ် ဝိနည်းရှောင်၊ အကျိုးပေးမရှိပေါင်ဟု၊ သီလကြောင်ဆင်ခြေနှင့်၊ အထွေထွေ

ပြောကြားလည်း၊ မြတ်တရားဒေသနာတွင်၊ ရောဂါ၏ဖြစ်
ကြောင်းဟု၊ နည်းလမ်းကောင်းအရှိသားမို့၊ သတိထား ဆိတ်
ဆိတ်နေ၊ ဉာဏ်တစ်မျိုးမပွေနှင့်'... ဟု ရေးသားမှာကြား
ခဲ့သည်။

ကျွန်တော် အရက်အနည်းအကျဉ်းမျှ သောက်သည်ကို ခွင့်ပြု လိုဟန် မရှိသော ကျွန်တော့်မိတ်ဆွေတစ်ဦးဖြစ်သူ ဓမ္မာစရိယ ဦးခင် မောင်ကလည်း 'လူကိုဖျက် အရက်'ဟူသော ဘုရားဟောဝတ္ထုတစ်ခု ကို ပြောပြဖူး၏။ အကယ်၍ ကြုံကြိုက်ပါက သူပြောပြသော ဝတ္ထုကို ရေးသားဖော်ပြပေးပါရန် မေတ္တာရပ်ခံဖူးသည်။

အခါတစ်ပါးတွင် မြတ်စွာဘုရားက "အနန္ဒာ၊ ဟိုရှေ့က ဇနီး မောင်နှံကို မြင်ရဲ့မဟုတ်လား"ဟု မေးတော်မူလိုက်၏။ အာနန္ဒာသည် ဗုဒ္ဓညွှန်ပြရာသို့ ကြည့်လိုက်၏။ မြင်ရသည်မှာ ခွက်လက်စွဲကာ တောင်းစားနေသော အထီးကျန် ဇနီးမောင်နှံ နှစ်ယောက် ဖြစ်၏။

ဗုဒ္ဓက ဆက်လက် မိန့်ကြား၏။ "ဤ ဇနီးမောင်နှံသည် ပထမအရွယ် ငယ်စဉ်က သတိရ၍ ကြိုးစားပါလျှင် လူ့ဘောင်တွင် ပထမတန်းစား သူဌေးလင်မယား ဖြစ်နိုင်ကြသေး၏။ လောကုတ္တရာ မဂ်ဖိုလ်ရရေးကို ကြိုးစားပါလျှင်လည်း ယောကျ်ားဖြစ်သူမှာ ရဟန္တာ ဖြစ်နိုင်ပြီး ဇနီးဖြစ်သူသည် အနာဂါမ်ဖြစ်နိုင်သေး၏။

ပထမအရွယ်တွင် သတိတရားမရသေး၍ မကြိုးစားလိုက်မိစေ ခါမူ ဒုတိယအရွယ်တွင် သတိသံဝေဂရ၍ ကြိုးစားပါလျှင်လည်း ဒုတိယတန်းစား သူဌေးလင်မယား ဖြစ်နိုင်ကြသေး၏။ လောကုတ္တရာ

မဂ်ဖိုလ်ရရေးကို ကြိုးစားပါလျှင်လည်း ယောကျ်ားဖြစ်သူမှာ အနာဂါမ် ဖြစ်နိုင်ပြီး ဇနီးဖြစ်သူလည်း သကဒါဂါမ် ဖြစ်နိုင်သေး၏။

ဤသို့ ဒုတိယအရွယ်ရောက်သည့်တိုင် သတိသံဝေဂ မရကြ၍ မကြိုးစားလျှင် ရှိစေဦး၊ တတိယအရွယ်ကျခါမှ သတိတရားရ၍ ကြိုးစားပါလျှင်လည်း တတိယတန်းစား သူဌေးလင်မယား ဖြစ်နိုင်ကြသေး၏။ လောကုတ္တရာမဂ်ဖိုလ်ရရေးကို ကြိုးစားပါလျှင်လည်း ယောကျ်ားဖြစ်သူမှာ သကဒါဂါမ်ဖြစ်နိုင်ပြီး ဇနီးဖြစ်သူသည် သောတာပန် တည်နိုင်သေး၏။

သို့သော် တတိယအရွယ် ကုန်လွန်သည့်တိုင် သတိတရားမရကြ၊ သံဝေဂဉာဏ် အဝင်မခံကြသည့်အတွက် မေ့လျော့ပျော်ပါး သောက်စားမူးယစ်ခြင်းဖြင့် အချိန်အား၊ ငွေအား၊ လူ့စွမ်းပကားများ လျော့ပါးကုန်ခန်းလာသည့် ဤယခုလို စတုတ္ထအရွယ်ကျခါမှ ဘာလုပ်၍ ရတော့မည်နည်း။ နေလုံးလည်း ကွယ်ပျောက် သောက်စားစရာငါးတစ်ကောင်မျှပင် မရှိတော့သည့် ခန်းခြောက်နေသည့် အိုင်စပ်က ကြိုးကြာအို မောင်နှံတို့ကဲ့သို့သာ ရှိချေ၏”ဟု မိန့်တော်မူလေ၏။

မှန်ပေ၏။ ဤဇနီးမောင်နှံတို့၏ မိဘများသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးကြီးများ ဖြစ်ကြ၏။ နှစ်ဦးစလုံး၏ မိဘများက ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသောကြောင့် ကုဋေရှစ်ဆယ် သူဌေးသားနှင့် ကုဋေရှစ်ဆယ် သူဌေးသမီးတို့ ညားကြသောအခါ ကုဋေ ၁၆၀ ကြွယ်ဝသည့် သူဌေးလင်မယားများ ဖြစ်သွားကြလေ၏။ ယခုခေတ် ကားတစ်စီးပါလာသော နိုင်ငံခြားပြန် အမျိုးသားနှင့် ကား

တစ်စီးပါလာသော နိုင်ငံခြားပြန် အမျိုးသမီးတို့ ညားကြသည့်အခါ ကားနှစ်စီးဖြစ်ကာ ပို၍ ချမ်းသာသွားသကဲ့သို့ ဖြစ်၏။

မိဘများ ကွယ်လွန်သည့်အခါ ၎င်းတို့ ဇနီးမောင်နှံသည် ကုဋေ ၁၆၀ ကြွယ်ဝသော သူဌေးကြီးများအဖြစ်ဖြင့် သူဌေးဘွဲ့ထူး၊ ဂုဏ်ထူး ရှင်ကြီးများဖြစ်ကာ ကာလအတန်ကြာ ရပ်တည်နိုင်သေး၏။

သူဌေးကြီးသည် နန်းတော်သို့ သွားရောက်၍ ဘုရင်မင်းမြတ်အား နေ့စဉ် ခစားလျက်ရှိ၏။ ထိုသူဌေးကြီး နန်းတော်သို့ သွားရောက်ရာလမ်းတွင် သေအရက်သမား တစ်စုတို့သည် အရက်ဖိုးပြတ်ကာ ရိက္ခာကုန်ခန်းလာသည့်အတွက် အကြံအဖန်တစ်ခုကို ဤသို့ စီစဉ်လိုက်ကြ၏။ ရှိသမျှငွေကြေးဖြင့် သေအရက်များကို ကောင်းမွန်စွာ စီစဉ်ပြီး ဘုရင်အားခစားရာ နန်းတော်မှ ပြန်လာသော သူဌေးကြီးကို ဆီးကြိုဦးညွှတ်လျက် "မင်္ဂလာပါ သူဌေးကြီး၊ စားသောက်ဖွယ် ယမကာတို့ကို သုံးဆောင်တော်မူပါသူဌေးကြီး" ဟု ရိုသေစွာ ဖိတ်ခေါ်ကြ၏။

သူဌေးကြီးသည် အရက်သမားတို့၏ ဖိတ်မန္တကပြုသည်ကို လက်ခံ၍ သေအရည်ကို မြည်းစမ်းကြည့်လိုက်၏။ အရက်သမားတို့၏ ကောင်းစွာစီစဉ်ထားမှုကြောင့် သူဌေးကြီး အရသာတွေ့သွား၏။ ထို့ကြောင့် နောက်တော်ပါ အရာရှိကို ဒါဘာလဲဟု မေးလိုက်၏။ သေအရက်ဖြစ်ကြောင်း နောက်တော်ပါက ပြောသည့်အခါ "ဤမျှလောက် ကောင်းမွန်သော စားသောက်ဖွယ်ရာကို ငါတို့လဲ သောက်ဖို့သင့်တာပေါ့" ဟု ဆိုလေသည်။

ဤသို့ဖြင့် သူဌေးကြီးသည် သေအရက်သမားတို့၏ အသင်းအပင်းဝင် ဖြစ်လာလေတော့၏။ သူဌေးကြီးသည် "လှုကိုဖျက် အရက်" ဟူသည်ကိုလည်းကောင်း၊ "အရက်သေစာ မသောက်စားနဲ့ မှောက်မှားတတ်တဲ့အရာပေ ဟူသည်ကိုလည်းကောင်း အနည်းငယ်မျှ စဉ်းစားမိဟန် မတူချေ။ သူဌေးကြီးကား အရက်သမားတို့၏ ထောင်ချောက်ထဲသို့ ကောင်းစွာ ဝင်ရောက်ခဲ့လေပြီ။ သူဌေးကြီးသည် အရက်သမားတို့၏ ဘဏ္ဍာတိုက်ကြီးသဖွယ် ဖြစ်ခဲ့ပြီး ရိက္ခာပြတ်နေသော အရက်သမားများက မိမိတို့အား အသက်ဆက်ပေးသော ကယ်တင်ရှင်ကြီးအဖြစ် သူဌေးကြီးအား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြ၏။

သူဌေးကြီးသည် ဤသို့ဖြင့် အရက်သမားတစ်စုတို့နှင့် တရန်းရန်းရှိပြီး အရက်အကောင်းစား၊ အမြည်းအကောင်းစားများဖြင့် သောက်စား မူးယစ်ကာ ဤသူ အသံကောင်းသည်၊ ဤသူ့ကို ငွေသုံးရာပေးလိုက်၊ ဤသူ အဆိုကောင်းသည်၊ ဤသူ့အား ငွေနှစ်ရာပေးလိုက်၊ ဤသူ အကကောင်းသည်၊ ဤသူ့အား ငွေငါးရာပေးလိုက် စသဖြင့် သုံးဖြုန်းနေသည့်အတွက် မကြာမီ မိမိပိုင် ကုဋေရှစ်ဆယ် ကုန်ပြီဖြစ်ကြောင်း ဘဏ္ဍာစိုးက စာရင်းတင်ပြလာ၏။ (ယခုကဲ့သို့ ငါးရာကုန်သည့်နေရာ တစ်ထောင်စာရင်းပြ၊ တစ်ထောင်ကုန်သည့်နေရာ ငါးထောင်စာရင်းပြသည့် အဖြစ်မျိုးလည်း အခါများစွာ ပါနိုင်ရာ၏။)

ထိုအခါ သူဌေးကြီးက မိန်းမဘက်က ကုဋေရှစ်ဆယ်ကို ထုတ်သုံးရန် အမိန့်ချလိုက်၏။ ထိုကုဋေရှစ်ဆယ်လည်း မကြာပါချေ။ ရေမျော၍ သွားပြန်ပေ၏။ ထိုအခါ အိမ်နှင့်ခြံကို ပိုင်း၍ စိတ်၍၊ ပေါင်၍ နှံ၍ နောက်ဆုံး အပြီးရောင်းချရသည့် အခြေသို့ ရောက်လာခဲ့လေ

၏။ မိမိ၏ သောက်စားမူးယစ်မှုကိုကား အနည်းငယ်မျှ လျော့ဖို့ မစဉ်းစား။ စဉ်းစားသော်လည်း လျှော့၍ မရတော့။ မှန်၏။ ဤ အရက်သေစာ သောက်စားမူးယစ်ခြင်းဟူသော ရသာတဏှာဟူသည်မှာ ဘယ်အခါမှ လျှော့၍ရသော အရာမဟုတ်။ ရောင့်ရဲနိုင်သော အရာမဟုတ်။ မရောင့်ရဲနိုင်သော တရားသုံးပါးတွင် တစ်ပါး အပါအဝင်ဖြစ်၏။ အရက်ကို သောက်မိခဲ့ပြီဟု ဆိုပါက လူကိုလည်းကောင်း၊ စည်းစိမ်ကိုလည်းကောင်း၊ နှစ်မျိုးလုံးကိုသော်လည်းကောင်း၊ ဒုက္ခအပြည့်အဝ မပေးရသေးဘဲနှင့် ကာယကံရှင်ထံမှ ခွဲခွာသွားရိုးမရှိ။ သတိတရားဖြင့် အချိန်မီ ရှောင်ရှားနိုင်သူမှာ တစ်ရာတွင် တစ်ယောက်မရှိ။

ဤသို့ မိမိပိုင်အိမ်ကို မိမိမပိုင်တော့သည့်နောက် အိမ်ဘေးတွင် အဖီကလေး ဆွယ်ချ၍ နေခွင့်ရဖို့ကိုပင် အိမ်ပိုင်ရှင်တို့က သဘောမတူ မကြည်ဖြူသည့်အတွက် နေစရာမရှိ၊ စားစရာ ဗလာနတ္ထိဖြစ်လျက် ခွက်လက်စွဲကာ ဓာတ်လမ်းအစက မြတ်စွာဘုရားနှင့် အရှင်အာနန္ဒာတို့ တွေ့ခဲ့ရသည့်အတိုင်း ငါးမရှိတော့သည့် အိုင်ပျက်ကြီး၏ ကမ်းစပ်၌ ငါးစောင့်နေသော ကြိုးကြာအို မောင်နံ့ကဲ့သို့ ရှိချေသည်။ တကား။

ခဏအကြာတွင်တော့သေနေသောအရက်သမား၏ အလောင်းကို ဆေးရုံကြီးမှ အမှုထမ်းတစ်ဦးဖြစ်ဟန်တူသော အိန္ဒိယအအမျိုးသားတစ်ဦးက စာရွက်စာတမ်းများကိုကိုင်ကာ သုံးဘီးဆရာအား တစ်နေရာသို့ ယူသွားရန်ပြောရင်း မောင်းထွက်သွားကြပါ၏။ ရေခဲတိုက်သို့ သယ်ဆောင်သွားခြင်းလည်း ဖြစ်နိုင်ပါ၏။

ကျွန်တော်သည် သေနေသူ အရက်သမား၏ အလောင်းထက် ကျွန်တော်၏ ထိုင်ခုံနှင့် မျက်နှာချင်းဆိုင်လောက်တွင် ထိုင်နေသည့် အမျိုးသမီးထံသို့ မျက်စိရောက်သွားပါ၏။

ထိုအမျိုးသမီးသည် ဘယ်အချိန်က ယခုနေရာသို့ ရောက်နေသည်ကို မသိလိုက်ပါ။ စောစောကတော့ ဤနေရာတွင် မရှိ။ ထိုအမျိုးသမီးသည် အတော်လေးလည်း ပြေပြေပြစ်ပြစ်ရှိသည်။ ထို့အပြင် အခြား ထူးခြားသည်က ဤအမျိုးသမီးအား ကျွန်တော်သည် သိကျွမ်းဖူးသလိုလို၊ ရင်းနှီးဖူးသလိုလို သိနေခြင်း ဖြစ်၏။

*

## ဤခရီးနီးသလား ❋ ၃၁၃

သားရဲတိရစ္ဆာန်တို့သည် ပျော်ရွှင်မှုအတွက် သတ်ဖြတ်ခြင်း မပြုကြဘဲ လူသားတို့သည် မျိုးနွယ်တူများ နှိပ်စက်ညှဉ်းပန်းခံရမှုနှင့် သေကြေပျက်စီးမှုအတွက် စိတ်ဝင်စားဖွယ်ရာ အာရုံခံစားတတ်ကြ၏။

**ဂျိန်းစ်အေ၊ ဖရိုဒီ**
**(၁၈၁၈–၁၈၉၇)**
**အင်္ဂလိပ်လူမျိုး သမိုင်းပညာရှင်**

# ပေါက်ပင်အောက်မှ ခွေးတစ်အုပ်သို့

ဤခရီးနီးသလား။

မဝေးလှပါ။ ထိုင်နေသော ခုံတို့မှာ မျက်နှာချင်းဆိုင်လောက်သာ ရှိ၍ အလွန်ဆုံး ငါးပေ၊ ခြောက်ပေခန့်သာ ရှိပါ၏။

ကျွန်တော်သည် ရန်ကုန်ဆေးရုံကြီး ထိခိုက်ဒဏ်ရာကုဌာနရှေ့ရှိ ခုံတန်းလျား၌ပင် ဆက်၍ ထိုင်နေပါ၏။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ပညာပေး နံရံကပ်စာသားများကို ချိတ်ဆွဲထားသော နေရာ၏ တည့်တည့်အောက်တွင်ကား အသက် ၄၀ အရွယ် ပြေပြေပြစ်ပြစ် ချောမောလှပသော အမျိုးသမီးတစ်ဦး ထိုင်နေပါသည်။ ထိုအမျိုးသမီးအား ကျွန်တော် ဘယ်နေရာတွင် မြင်ဖူးသည်ကို မမှတ်မိပါ။ မြင်ဖူးသလိုလို၊ သိကျွမ်းဖူးသလိုလိုတော့ ရှိနေပါ၏။

အသိအကျွမ်းဟောင်းထဲကများ ဖြစ်နေလေမလားဟုလည်း စိတ်ထဲ၌ ဇဝေဇဝါ ဖြစ်ကာ ဘယ်သူဘယ်ဝါဖြစ်မည်ကို စဉ်းစားကြည့်နေမိပါ၏။ သို့သော်လည်း ခေါင်းထဲတွင် ဘာမျှ ပေါ်မလာပါ။ ထိုအမျိုးသမီး ဝတ်စားထားသည်တို့မှာလည်း သပ်သပ်ရပ်ရပ်ရှိပါသည်။ သို့သော် နားတွင် ပန်ထားသော နားကပ်တစ်ရန်မှအပ အခြား ဘာမျှ ဝတ်ဆင်လာသည်ကို မတွေ့ရပါ။

သူနှင့်ကျွန်တော်သည် မျက်နှာချင်းဆိုင်နီးနီးမျှ ထိုင်နေသော်လည်း သူသည် ကျွန်တော့်ကို မမြင်ပါ။ ယင်းအမျိုးသမီးသည် မျက်လွှာကိုချကာ ပါးစပ်မှ ဘုရားစာများကို ရွတ်ဆိုနေပါ၏။ ပါးစပ်မှသာ ရွတ်မဆိုပါက ထိုအမျိုးသမီးသည် ငုတ်တုတ်ထိုင်လျက် မေ့နေသလားဟု ထင်ရဖွယ်ရာသာ ရှိပါ၏။

အမျိုးသမီးသည် ပါးစပ်မှ တဖွဖွ ရွတ်ဆိုနေသည်မှအပ တုတ်တုတ်မျှ မလှုပ်ပါ။ သားချင်းထဲမှ အရေးပေါ် ဒဏ်ရာရမှုတစ်ခု ဖြစ်ခဲ့ရခြင်းကြောင့် စိုးရိမ်ပူပန်လှစွာဖြင့် ဤအမျိုးသမီး ဤနေရာသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်းကား သေချာလှပါသည်။

သူ့ဘေးတွင်ကား ဘုန်းတော်ကြီးတစ်ပါး ရှိနေသည်။ ဘုန်းတော်ကြီးနှင့် ယင်းအမျိုးသမီးသည် တစ်ဦးနှင့်တစ်ဦး သိကျွမ်းကြပုံမရပေ။

ခဏကြာသော် လူငယ်တစ်ဦးသည် အမျိုးသမီးထံသို့ ရောက်လာပါသည်။ အမျိုးသမီးသည် ယင်းလူငယ်ကို အားပြုလျက် "ထိခိုက်ဒဏ်ရာ အရေးပေါ်လူနာခန်း၊ တာဝန်မှအပ မဝင်ရ" ဟူသော စာတန်းအောက်မှ တံခါးဝဆီသို့ စိုးရိမ်ကြီးစွာဖြင့် လှမ်း၍ မျှော်နေသည်။

မကြာမီ ထိုတံခါးဆီမှ အမျိုးသမီးငယ်တစ်ဦးသည် တွန်းလှည်းပေါ်တွင် ပက်လက်အိပ်ကာ သတိလုံးဝမရဘဲ လိုက်ပါလာ၏။

အရေးပေါ်လူနာအခန်းတွင် လိုအပ်သည်များကို ဆောင်ရွက်ပြီးသဖြင့် ခွဲစိတ်ကုသသည့်ဌာနဘက်သို့ သယ်ယူသွားဟန်လည်း တူပါသည်။ ဒဏ်ရာရထားသော မိန်းမပျိုသည် အသက် ၂၀ ထက် ပိုဟန်မတူပါ။ အပြင်မှ ထိုင်စောင့်နေသော အမျိုးသမီး၏ သမီးပေပဲလား၊ သို့မဟုတ် ညီမလေးလား မပြောတတ်ပါ။

ထိုအမျိုးသမီးသည် လူနာအမျိုးသမီးအား စိုးရိမ်စိတ်တို့ဖြင့် ကြည့်၍ ဘုရားစာ တရားစာများကို ပါးစပ်မှ တတွတ်တွတ် ရွတ်နေသည်မှအပ သူလည်း ဘာမျှ တတ်နိုင်ဟန် မတူတော့ပါ။

အာယုဝမုန သူငယ်သည် အသံမစဲပရိတ်ရွတ်၍ အသက်ရှည်သကဲ့သို့ ညီမငယ် သို့မဟုတ် သမီးငယ် အသက်ရှည်စိမ့်သောငှာ အမျိုးသမီးသည် မစဲသော ပရိတ်တော်ကို ရွတ်ဆိုနေပါ၏။ ဒဏ်ရာရရှိထားသော အမျိုးသမီးငယ်သည်လည်း ငယ်ငယ်ရွယ်ရွယ် အလှသွေး ကြွယ်သူတစ်ဦးဖြစ်၍ မသေစေလိုသေးဘဲ ဘေးမှကြည့်နေသော ကျွန်တော်သည်ပင် အသက်ရှည်စေလိုကြောင်း ဝိုင်း၍ ဆုတောင်းနေမိသည်။

ဤအချိန်တွင်မှ သဘော်သားကားတစ်စီးနှင့် ဌာနဆိုင်ရာကားတစ်စီးသည် အရေးပေါ်လူနာ လက်ခံရာဌာနဆီသို့ ဆူဆူညံညံဖြင့် ရောက်လာကြပါ၏။ ကားတစ်စီးစီးပေါ်တွင်လည်း လူများ ဆယ့်လေးငါးဦးခန့် ပါလာကြ၏။ ပထမဆုံးသဘော်သားပေါ်မှ အမျိုးသမီးကြီးတစ်ဦးကို လူသုံးလေးယောက် တွဲ၍ ဆင်းလာပါ၏။ ထို

အမျိုးသမီးကြီးမှာ ခပ်ဝဝဖြစ်သည်။ တွဲ၍လာသော်လည်း သန်သန်မာမာကြီး ဖြစ်၏။ ပြောဆိုလာသည်မှာလည်း အားလုံး တစ်ယောက်တစ်ပေါက်ဖြစ်သည်။

ထိုသို့ တွဲ၍လာကြပြီး အရေးပေါ် လူနာခန်းထဲသို့ အားလုံးဝင်သွားကြ၏။ သို့သော်လည်း မကြာမီမှာပင် လိုက်ဝင်သွားသော လူအားလုံးနီးပါး ပြန်ထွက်လာကြသည်။ အတွင်းမှ မောင်းထုတ်လိုက်ဟန်ရှိပါ၏။ မောင်းထုတ်လိုက်သော လူများထွက်လာမှ ဌာနဆိုင်ရာကားပေါ်မှ လူနာတစ်ယောက်ကို ပွေ့ယူလာပြန်၏။

ထိုသို့ပွေ့ယူလာစဉ် "ဖယ်ကြ၊ ဖယ်ကြ၊ လူနာပါတယ်၊ လူနာပါတယ်"ဟု ဆိုကာ အတင်းတိုး၍ ဝင်လာကြပါ၏။ ပထမလူအုပ်မှာ ဒုတိယလူအုပ်ကို မျက်စောင်းထိုး ကြည့်နေကြပြီး ဒုတိယလူအုပ်ကလည်း မထီမဲ့မြင်ပင် ဝင်လာကြပါ၏။

ကျွန်တော်သည်ပင်လျှင် ရှုပ်ယှက်ခတ်နေသောအခြေအနေအရ ဘယ်ပုံဘယ်လို ဖြစ်လာကြသည်ကို မစဉ်းစားနိုင်ဘဲ ဖြစ်နေရပါ၏။

ပွေ့လာသောလူနာမှာ ခပ်ပိန်ပိန်ဖြစ်၍ မျက်နှာတွင် အညိုအမဲစွဲလာပါသည်။ ခပ်ပိန်ပိန်လူနာနှင့်အတူပါလာသော လူအားလုံးသည်လည်း အရေးပေါ်လူနာခန်းထဲသို့ ဝင်၍ လိုက်သွားကြပြန်ပါ၏။ ထိုသို့ဝင်သွားသော လူများကို အတွင်းမှထပ်၍ မောင်းထုတ်လိုက်ပြန်ရာ အားလုံးလိုလို ပြန်၍ ထွက်လာကြပြန်ပါ၏။ နေရာက ကျဉ်းနေ၍ ပထမကားပေါ်မှ ပါလာသောလူများနှင့် ဒုတိယကားပေါ်မှပါလာသော လူများ ရော၍သွားသည်။ တစ်စုနှင့်တစ်စုလည်း တည့်ပုံမပေါ်ကြ။

ခဏကြာမှ ဒုတိယကားပေါ်မှ ပါလာသူများက အတွင်းဘက်တွင်လည်းကောင်း၊ ပထမကားပေါ်တွင် ပါလာသူများက အပြင်ဘက်တွင်လည်းကောင်း စု၍ ရပ်နေကြ၏။ အချို့ကလည်း မိမိတို့စီးလာသော ကားများပေါ်သို့ သွား၍ ထိုင်နေကြ၏။

ဤအချိန်တွင်မှ လူတစ်ယောက်သည် စိတ်ပျက်လက်ပျက်နှင့် ကျွန်တော့်အနီးသို့ ရောက်လာရာ တန်းလျားခုံရှိ လွတ်နေသော နေရာ၌ ဝင်၍ထိုင်ပါသည်။ ထိုလူသည် ဘယ်အုပ်စုမှလူမှန်း မသိသော်လည်း ဤအဖွဲ့နှစ်ဖွဲ့မှ ပါလာသူတစ်ဦးဖြစ်သည်ကား သေချာပါ၏။

ထို့ကြောင့် ကျွန်တော်က "ဘာဖြစ်ကြတာလဲဗျာ"ဟု ထိုသူအား မေးလိုက်သောအခါ ထိုသူက "ရန်ဖြစ်ကြတာပါဗျာ"ဟု ဆို၏။ "ဘယ်ကဘယ်လို ဖြစ်ကြတာလဲဗျာ၊ ပြောပြစမ်းပါဦး" ကျွန်တော်က ဆက်၍ မေးကြည့်ပါသည်။ ထိုသူသည် စိတ်ပျက်လက်ပျက်ဖြင့် "ဟိုခပ်ပိန်ပိန်အမျိုးသမီးက ကျွန်တော့်ဆရာမိန်းမ၊ ကျွန်တော့်ဆရာကတော်နဲ့ အဲဒီမိန်းမ၀ဝနဲ့ ရန်ဖြစ်ကြတာဗျ"ဟု ပြောသည်။

ကျွန်တော့်ကို ရန်ဖြစ်ပုံလေး ပြောပြပါဦးဗျာဟု ဆိုသောအခါ ထိုလူက "ဖြစ်ပုံကဗျာ၊ ကျွန်တော့်ဆရာအိမ်နဲ့ အဲဒီမိန်းမ၀ဝအိမ်က အထက်နဲ့အောက်၊ တိုက်က တစ်တိုက်တည်းနေတာ၊ အစကတည်းကလဲ တစ်ယောက်နဲ့တစ်ယောက်က မတည့်ကြပါဘူးဗျာ၊ ဒီနေ့တော့ ကျွန်တော့်ဆရာရဲ့ ကလေးတွေက ဆော့ရင်း စက္ကူလေယာဉ်ပျံလွှတ်တာ အဲဒီစက္ကူကလွင့်ပြီး အောက်ထပ်က ထမင်းစားတဲ့ ထမင်းဝိုင်းထဲကို ကျတယ်တဲ့ဗျ။ ဒါကို ဟိုဘက်ကလည်း တမင်လုပ်တာဆိုပြီး ဘယ်မိမဆုံးမ၊ ဖမဆုံးမကလေးတွေ လုပ်တာလဲဆိုပြီး ဆဲတယ်၊ ဒီဘက်က

လဲ ပြန်ဆဲပေါ့။ ပထမတော့ အထက်နဲ့အောက် လှမ်းဆဲနေရာက နောက်တော့ လှေကားတံခါးကိုဖွင့်ပြီး ရန်ဖြစ်ကြပြန်ရောဗျာ။ နောက်တော့ အဲဒီဆရာကတော်က အဲဒီမိန်းမဝဝကို လှေကားမှာရှိတဲ့ အမှိုက်ပုံးနဲ့ ကောက်ပေါက်တယ်၊ ထိတော့ မထိပါဘူး၊ အဲဒီတော့ မိန်းမဝဝကလဲ မခံနိုင်ဘဲ အထက်ထပ်တက်လာပြီး သူ့ကိုယ်လုံးကြီးနဲ့ ဝင်တိုက်ပြီး လှဲလိုက်တာ ကျွန်တော့်ဆရာကတော်လဲသွားရော၊ ဆရာကတော်က ပိန်ပိန်ဆိုတော့ ဖက်လုံးလို့ မနိုင်မှန်းသိတော့ မိန်းမဝဝခြေသလုံးကို ဖက်ကိုက်တာ၊ အဲဒီမိန်းမလဲ ဖင်ထိုင်ရက် လဲသွားတာပေါ့"

"အင်း ဆိုစမ်းပါဦးဗျာ၊ ခုမှ ကောင်းခန်းရောက်တော့တယ်"

"ဖင်ထိုင်ရက်လဲ လဲသွားရော ဆရာကတော်က မိန်းမဝဝကို လှေကားထစ်ကနေ တွန်းချလိုက်တာပေါ့"

"ဒီတော့ကော"

"ဒီတော့ မိန်းမဝဝက တွန်းချလို့လိမ့်အကျမှာ ဆရာကတော်ရဲ့ ခြေထောက်ကို လှမ်းဆွဲလိုက်တော့ ဆရာကတော်လဲ ပုံရက်သားလဲပြီး မျက်နှာနဲ့လှေကားထစ်နဲ့ ဆောင့်မိသွားတာပေါ့"

"နောက်တော့ကောဗျ"

"နောက်တော့အားလုံးက ဝိုင်းဖျဉ်ကြရတာပေါ့၊ ဒါပေမယ့် ဆရာကတော်က မြီးညှောင့်ရိုး အက်သွားသလားတောင် မသိပါဘူးဗျာ၊ မျက်နှာမှာလဲ အတော်လေး ထိသွားတယ်၊ မိန်းမဝဝကတော့ ခြေထောက်တစ်ဖက် အတော်လေး နာသွားတယ်၊ တံတောင်ဆစ်မှာလဲ

ပြသွားတယ်ဗျ၊ အဲဒါ ရုံးရောက်၊ ရဲစခန်းရောက် အပြန်အလှန်တိုင်ကြပြီး အရေးပေါ်ဌာန ရောက်လာကြတာပဲ၊ အလကားပါဗျာ၊ ထမင်းစားစရာရှိလို့ ရန်ဖြစ်ကြတာပါ။ ကျုပ်တို့ကတော့ ထမင်းရှာစားနေရတာနဲ့ ရန်ဖြစ်ဖို့ အချိန်မရပါဘူးဗျာ”ဟုဆိုကာ ထသွားပါသည်။

ထိုသူသည် ကျွန်တော် ဆက်မေးမည်ကို စိုးရိမ်လို့ပဲလား၊ အညောင်းပြေသွား၍ပဲလားမသိ၊ ကျွန်တော့်ဘေးမှ ထ၍ သွားပါ၏။

ကျွန်တော်သည် ထိုလူစုကိုကြည့်ပြီး တရားရလာမိသည်။ ဘာသာတရားအားလုံးက အိမ်နီးနားချင်းများနှင့် တည့်အောင်နေကြရန် ဆုံးမထားကြ၏။ မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးဟုလည်း ဆိုကြသည်။ ကျေးလက်ဒေသဝယ် တစ်အိမ်နှင့်တစ်အိမ် မတည့်မှုများ ရှိသော်လည်း မြို့ပေါ်မှာလို ဂုဏ်တုဂုဏ်ပြိုင်လုပ်ရင်း မတည့်ကြသည့် အဖြစ်မျိုးက ရှားပါ၏။

ကားမောင်းသူ ပြောသွားသကဲ့သို့ အချို့သူများက ထမင်းစားစရာ ရှိသောကြောင့် ကားချင်းပြိုင်၊ သားချင်းပြိုင်၊ သမီးချင်းပြိုင်၊ နောက်ဆုံး လင်ချင်းပြိုင်ကြသည်မှာ သူတို့တစ်တွေ ဘယ်တော့မှ မသေတော့မည့်အတိုင်းပင် ဖြစ်၏။ သူတို့သည် သေခြင်းတရားကို တစ်ခါတလေမျှ မစဉ်းစားမိကြပေ။ သူတို့တတွေသည် ပေါက်ပင်အောက်မှ ခွေးအုပ်တစ်အုပ်သဖွယ် ရှိနေကြပေ၏။

ညအခါ ကြယ်ရောင် လရောင်မှုဖြင့် မှောင်တရီပိုးတဝါး လင်းအား မကောင်းသည့်အချိန်တွင် ပေါက်ပင်အောက်မှ ခွေးတစ်အုပ်တို့သည် ပေါက်ပင်ပေါ်မှ နီနီရဲရဲပေါက်ပွင့်ခိုင် အဆုပ်အခဲတို့ကို အမဲသားတွဲထင်မှတ်ကာ တစာစာအော်ဟစ်မျှော်ဟောင်နေကြ၏။

သို့သော်လည်း နေအရဏ်ကျင်း၍ အလင်းရောင် အထင်အရှားနှင့် လင်းအားကောင်းလာသည့်အခါတွင်မူကား ညတုန်းကနီနီရဲရဲ ပေါက်ပွင့်ခိုင် အဆုပ်အခဲတို့ကို သားတစ်တွဲဟု ထင်မှတ်ယူစွဲ၍မိမိတို့ အထင်လွဲခဲ့ကြမှုများကို ရှက်နိုးကာ အချင်းချင်း တစ်ကောင့်တစ်ကောင် ကိုပင် လက်တို့မနေကြတော့ဘဲ ရှောင်လွှဲ၍ သွားကြကုန်သကဲ့သို့–

ဤနည်းတူစွာဤဥပမာအတိုင်းသာလျှင် လူတို့သည် သမုဒ္ဒရာထက် ခဏပွတ်သည့် ရေပွက်ပမာ ခဏတာမျှဖြစ်သော ဘဝတွင် ငါဟူသော အသိကို မဖျောက်ဖျက်နိုင်ကြဘဲ ငါ့လင်၊ ငါ့သားငါးမယား၊ ငါ့ပစ္စည်း၊ ငါဥစ္စာ၊ ငါ့ကား၊ ငါ့အိမ်ဟူ၍ စွဲမြဲကာ မသေတော့မည့်အတိုင်း ရန်ဖြစ်နေကြပါ၏။။

မောဟတရား အမှောင်အင်အား ကြီးမားနေသည့်အခါတွင်–

ငါ့ကိုယ်မဟုတ် အကောင်ပုပ်ဟုဆိုသော်လည်း အဟုတ်မထင်နိုင်သေး။

အနိစ္စသာမမြဲပါဟု ပြောသော်လည်း သဘောမကျနိုင်။

ဒုက္ခလုံးလုံး ဆင်းရဲတုံးဟုဆိုသော်လည်း လုံးဝ လက်မခံ။

အိုနာ သေရေး ဒုက္ခဘေးတို့နှင့် လုံးထွေးနေရသော နှောင်အိမ်ကြီး စင်စစ်ဟုဆိုသော်လည်း အပြစ်မမြင်နိုင်ဘဲ မိမိရှေ့တွင် အိုပြ၊ နာပြ၊ သေပြနေသော်လည်း ကြောက်ရမှန်းမသိ၊ လန့်ရမှန်း မသိ၊ အကန်းပတိ မှောင်အတိကျနေသူများသည် ဤသူများသာ ဖြစ်ကြ၏။

"သန်းခေါင်လကွယ်၊ တောအုပ်လယ်၌
ရှစ်နယ်ပတ်လုံး၊ မပြတ်ဖုံးသည့်

မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊
အမိုက်အပြား၊ အင်လေးပါးထက်၊
နင်ကားရာထောင်၊ မကမှောင်၏”ဟူသည့်အတိုင်း တရားအရိပ်အရောင် မထွန်းပြောင်နိုင်သေးသမျှ ဓမ္မသဘောကို ဘယ်လိုဟောလည်း လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့် ပျော်တပြုံးပြုံး၊ မော်မဆုံးဘဲ၊ အမှောင်ထဲမှာသာ နှစ်ခြိုက်ကာ အိုဖို့မတွေး၊ နာဖို့မတွေး၊ သေဖို့မတွေး၊ အိုနာသေရေးမှ ရှောင်ပြေး၍ လွယ်တော့မယောင်ဖြင့် မှောင်၍ကောင်းတုန်း၊ မိုက်၍ကောင်းတုန်း ရှိနေသေးသောသူတို့ကား ဤသူတို့ပင် ဖြစ်ပါသတည်း။

*

စောစောစီးစီး မသေစေရေးအတွက် အကောင်းဆုံးနည်းမှာ ဘဝတာဝန်များကို အလေးအနက်ထားခြင်းနှင့် သေခြင်းတရားကို လျှောင်ပြောက်ပြက်ရယ်ပြုခြင်းပင် ဖြစ်သည်၊

**အလက်ဇန္ဒား၊ အေ၊ ဗိုရှိမိုလတ်ဖ်**
**(၁၈၈၁–၁၉၄၆)**
**ရုရှားအမျိုးသားပညာရှင်**

# နေမင်းကြီး ဝင်ချေပြီ

ဤခရီးနီးသလား။

ရန်ကုန်ဆေးရုံကြီး ထိခိုက်ဒဏ်ရာကုဌာနသို့ လာကြသူများသည် ခရီးနီးမှ လာကြသောသူများရှိသလို ခရီးဝေးမှ လာကြသူများလည်း ရှိ၏။ ရောက်လာသူများသည် မတော်တဆ ထိခိုက် ဒဏ်ရာရရှိ၍ ရောက်လာသူများ ရှိသလို ခိုက်ရန်ဖြစ်ပွား၍ ရောက်လာကြသူများလည်း ရှိနေကြ၏။

လူ့ဘဝလူ့အဖြစ်ဝယ် သေခြင်းတရားသည် အရိပ်ပမာနောက်မှ လိုက်နေပါလျက် လူနှင့်လူချင်း မေတ္တာစေတနာ မထားနိုင်ကြဘဲ ခိုက်ရန်ဖြစ်ပွားနေကြခြင်းကိစ္စသည် လူတိုင်းလူတိုင်းက အလေးထားဆင်ခြင်ဖွယ်ရာ ဖြစ်၏။

ဘာသာတရားများသည် မေတ္တာ၊ ကရုဏာ၊ စေတနာထား၍ ညီရင်းအစ်ကိုပမာ ချစ်ခင်ကြရန် ဆုံးမကြသည်သာဖြစ်၏။ ပညာရှိများ၊ လူကြီးများက အဆိုအမိန့်ပြု၍ ဆုံးမခဲ့ကြရာတွင်လည်း တစ်ဦးကိုတစ်ဦး စောင့်ရှောက်ကြရန်၊ မေတ္တာထားကြရန်၊ သည်းခံကြရန် ဆုံးမကြသည်သာ ဖြစ်သည်။

လူများသည် တကယ်တမ်းအားဖြင့် မေတ္တာ၊ ကရုဏာ၊ စေတနာကို ပွားများလိုကြ၏။ သို့သော် လက်တွေ့တွင်ကား မေတ္တာရှင်၊ ကရုဏာရှင်၊ စေတနာရှင်တို့ ဖြစ်မလာကြပါ။

မေတ္တာ၊ ကရုဏာနှင့် သည်းခံခြင်းတို့ တည်ရှိခိုင်မြဲလာရမည့်အစား လူသားတို့၏စိတ်တွင် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားတို့သာလျှင် ပွားများနေတတ်ကြ၏။ တကယ်တမ်းအားဖြင့် သူတို့သည် လောဘ၊ဒေါသ၊ မောဟနှင့် မာန်မာနတရားများသည် မကောင်းကြောင်း သိထားပြီးပြီလည်း ဖြစ်သည်။ ထို့ကြောင့် လူတို့သည် လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနတရားတို့ကို နှိပ်ကွပ်ထားရန်လို၏။ ယင်းတို့အား မနှိပ်ကွပ်ပါက လူတို့၏ နှလုံးသားအတွင်းဝယ် ထာဝစဉ်ရှိနေသော မေတ္တာ၊ ကရုဏာ၊ စေတနာတို့သည်မပေါ်လွင်လာနိုင်ဘဲ ရှိတော့မည်ဖြစ်၏။

လောဘ၊ ဒေါသ၊ မောဟတို့သည် မီးတောက်မီးလျှံပမာရှိ၍ အစဉ် တောက်လောင်နေ၏။ ထိုမီးတောက်ကို နှိမ်နင်းနိုင်ပါမှ မေတ္တာ၊ ကရုဏာ၊ စေတနာတို့သည် ပေါ်ပေါက်လာ၍ အေးချမ်းခြင်း၊ပြေပြစ်ကောင်းမွန်ခြင်း စသည့် ငြိမ်းချမ်းမှု အရပ်ရပ်ကို ရရှိရုံသာမက စည်းလုံး ညီညွတ်ခြင်းဟူသော ခွန်းကိုလည်း ရရှိလာမည် ဖြစ်ပါသည်။

လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနတရားများကို ဆိုဆုံးမမှု အသိတရားမျှလောက်ဖြင့်ကား မနှိမ်းနင်း၊ မနှိပ်ကွပ်နိုင်ပါချေ။ ယင်းတို့အား နှိမ်နင်းလိုပါက ကျင့်ကြံကြရမည်ဖြစ်ပါ၏။ ကျင့်ကြံရာတွင်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်းတရားကို မြင်အောင်ကြည့်၍ယင်းတရားကို သတိကပ်ကာ အမြဲပွားများနိုင်ကြရမည် ဖြစ်ပါ၏။ ငါအိုရမည်၊ ငါနာရမည်၊ ငါသေရမည်ဟူသော အချက်ကို အစဉ်ပွားများ၍ ယင်းအသိကို လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနတို့၏အနီးတွင် အစဉ်အမြဲ အစောင့်ချထားရမည်ဖြစ်၏။

လောဘရှိလာပါက ဟဲ့–အိုရမည့်သူကြီး၊ လောဘရှိဦးမလား။ ဒေါသထွက်လာပါက ဟဲ့–နာရမည့် သူကြီး ဒေါသရှိဦးမလား၊ မာန်မာနတက်လာပါကလည်း ဟဲ့–သေရမည့်သူကြီး မာန်တက်ဦးမလားဟူ၍ လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနတို့ကို စောင့်ကြပ်နှိမ်နင်းနေရမည်ဖြစ်ပါ၏။ အခုပင် ငါနာနေရတာပဲ၊ အခုပင် ငါ အိုနေရတာပဲ။ ဘယ်နေ့တွင် သေရမည်ဟူသောအချက်ကိုသာ မသိသေးဘဲ ရှိနေသည်။ တစ်နေ့နေ့တော့ ငါ မုချသေရမည်ဟူသော အသိစိတ်တရားကို တစ်ရံမလပ် အမြဲကပ်လျက် အထပ်ထပ်ပွားများကာ ထိုစိတ်ဖြင့် လောဘတရားကို ချုပ်နှောင်ထားရမည်ဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟတို့သည် ထိုသို့ နှိပ်ကွပ်ထားမှသာ ယင်းတို့ကို အောင်မြင်နိုင်ရာ၏။

သို့မဟုတ်ပါက ယင်းတို့အား အောင်မြင်ရန် အလွန်မှခဲယဉ်းလှပါ၏။

လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားများကို နှိပ်ကွပ်ရာ

တွင် ထိုဆိုဆုံးမမှုများကို ကြားနာရုံဖြင့် နိုင်ကွပ်နိုင်ဖို့ရန် မလွယ်။ သေခြင်း၊ နာခြင်း၊ အိုခြင်းတရားတို့ကို လက်တွေ့ပွားများကျင့်ကြံနိုင်မှသာ အောင်မြင်စွာ နိုင်ကွပ်နိုင်မည်ဖြစ်၏။

"ပါးစပ်က ဘုရား ဘုရား၊ လက်က ကားရား ကားရား"ဟူသော စကားတွင် ပါးစပ်က ဘုရားတရားစကားပြောနေရုံမျှဖြင့် လောဘ၊ ဒေါသ၊ မောဟကို မနှိမ်နင်းနိုင်၊ လက်တွေ့ပါရန်လို၏။ လက်တွေ့ ပါရန်ကား ကျင့်ကြံမှုရမည်။

မိမိ၏စေတနာ၊ မေတ္တာ၊ ကရုဏာကို တွေ့တွေ့သမျှသောလူတကာအပေါ် မထားရှိနိုင်သည့်တိုင်း မိမိတို့ အိမ်းနီးနားချင်းများအပေါ် ထားရှိနိုင်ကြရမည်ဖြစ်၏။ မိမိ၏ လုပ်ဖော်ကိုင်ဖက်များအပေါ် ထားရှိရမည်ဖြစ်၏။ မိမိတို့၏အိမ်နီးနားချင်းများ၊ လုပ်ဖော်ကိုင်ဖက်များအပေါ် ရှေးဦးစွာ သည်းခံကြရမည်ဖြစ်၏။ မေတ္တာ၊ စေတနာ၊ ကရုဏာ ပွားနိုင်ကြရမည်ဖြစ်၏။

အိမ်နီးနားချင်းများအပေါ်နှင့် လုပ်ဖော်ကိုင်ဖက်များအပေါ်၌မျှ စေတနာထားနိုင်လျှင်ပင် ဗုဒ္ဓ၏ အဆုံးအမကို အတော်ကြီးပြည့်စုံစွာ ခံယူကျင့်သုံးပြီး ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။ ခရစ်တော်၏ အဆုံးအမကို အတော်ကြီး ပြည့်စုံစွာ ခံယူလိုက်နာပြီးဖြစ်သည်ဟုမှတ်ယူနိုင်ပါ၏။

သည်းခံစိတ်၊ မေတ္တာစိတ်၊ ကရုဏာစိတ်နှင့် စေတနာတို့ ထားရှိရမည်ဆိုသောအချက်ကို မည်သူမျှ အငြင်းမပွားကြပါ။ သို့သော် လက်တွေ့ ထားရှိရန်ကား ခက်ခဲလှပါသည်။ မှတ်သားသင့်သည်မှာ ကောင်းမြတ်သော ယင်းမေတ္တာစိတ်၊ ကရုဏာစိတ်များကို မကျင့်ကြံ

ဘဲ၊ အားမထုတ်ဘဲ ရရှိနိုင်ရန် အလွန်မှ ခက်ခဲ၏။ မွေးရာပါ စေတနာရှင်၊ မေတ္တာရှင်များလည်း ရှိပါ၏။ သို့သော်လည်း ထိုသူများသည် ပါရမီရှိသူ၊ ရင့်သန်သူများ ဖြစ်၍ လူနည်းစု ဖြစ်ပါသည်။

ကျင့်ကြံရမည်ဟုဆိုရာတွင် နှစ်ပိုင်းရှိ၏။ ရှေးဦးစွာ ကျင့်ကြံဖို့ အပိုင်းသည် လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနတရားများ လျော့ပါးရေးအတွက် ကျင့်ကြရမည့်အပိုင်းဖြစ်ပါ၏။ ထိုတရားများ လျော့ပါးစေရန် သေခြင်း၊ နာခြင်း၊ အိုခြင်းတရားကို ဆင်ခြင်သုံးသပ်နိုင်ရမည်ဖြစ်သည်။ ထိုသို့ သုံးသပ်ရာတွင် ပုတီးစိပ်၍သော် လည်းကောင်း၊ ထွက်သက်ဝင်သက်လေကို ရှု၍သော်လည်းကောင်း၊ စီးဆင်းနေသော ရေအလျဉ်ကို ကြည့်ရှု၍သော်လည်းကောင်း၊ မတည်မြဲသည့်သဘောကို ရုပ်ပစ္စည်း တစ်ခုခုနှင့် ကပ်၍ ရှုမှတ်နိုင်သည်နှင့်အမျှ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနစိတ်များသည် ပါးလျားလာနိုင်၏။ လောဘ၊ ဒေါသ၊ မောဟစိတ်များ ပါးလျားလာရုံမျှဖြင့် မပြီးသေး။ မေတ္တာ၊ စေတနာ၊ ကရုဏာစိတ်များ ပွားများလာအောင် နောက်တစ်ပိုင်းအနေဖြင့် လက်တွေ့ကျင့်သုံးကြရမည်ဖြစ်၏။

ထိုသို့ ကျင့်သုံးရာတွင် ရှေးဦးစွာ အိမ်နီးနားချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အသိမိတ်ဆွေများအပေါ် ကျင့်သုံး၍ နောက်ဆုံးလူသားအားလုံး၊ သတ္တဝါအားလုံးတို့အပေါ် ထားရှိကျင့်သုံးနိုင်ပါက လူဖြစ်ရသော ခဏတာကာလ၌ အမှန်ပင် အမြတ်တရားကို ဆုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

ယခုမှု အမျိုးသမီးဝဝနှင့် အမျိုးသမီးပိန်ပိန်တို့သည် အိမ်နီးချင်းများ ဖြစ်ပါလျက် ပွားများရမည့်မေတ္တာ၊ ကရုဏာ၊ စေတနာကို မပွား

များဘဲ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားများကို ပွားများကာ အတိအလင်း စစ်ခင်း၍ ရန်ဖြစ်ကြသည်။ ရုံးရောက်၊ ရဲစခန်းရောက်နှင့် ဆေးရုံကြီးအရေးပေါ်ဌာန၌ အလုပ်ရှုပ်စေသော အဖြစ်ကို ရောက်ရသည်။

ကျွန်တော်သည် တွေးမိတွေးရာများကို တွေးတောရင်း ရန်ကုန်မြို့ ထိခိုက်ဒဏ်ရာကု အရေးပေါ်ဌာနကို ကျောခိုင်းကာ ထွက်လာခဲ့မိ၏။ ကျွန်တော်သည် ရန်ကုန်ဆေးရုံကြီး အခန်း ၇ တွင် တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေသော ကျွန်တော်၏ သူငယ်ချင်းဖြစ်သူ ကိုအုန်းလွင်ထံ သွား၍ လူနာသတင်းမေးရန် ရှိနေပါ၏။

ယနေ့ညနေ ငါးနာရီတွင် ဆေးရုံကြီး၏ အဝင်ဝ၌ စာရေးဆရာ ကော့မှူးသောင်းရွှေနှင့် ချိန်းထား၏။ ဆေးရုံကြီး၏ အဝသို့ရောက်သော် ကော့မှူးသောင်းရွှေကို အဆင်သင့်ပင် တွေ့ရ၏။ ကိုအုန်းလွင် နေမကောင်း၍ ဆေးရုံတက်နေသည်မှာ ကြာပြီဖြစ်၏။ သို့သော်လည်း ကျွန်တော်သည် မရောက်ဖြစ်ပါ။ ကျွန်တော်သည် သာရေးနာရေးကိစ္စများတွင် အသွားအလာ နည်းပါး၏။ ယခုတော့ နာရေးကိစ္စများကို ဂရုစိုက်၍ သွားဖြစ်အောင် အကျင့်လုပ်ထားရသည်။

ကိုအုန်းလွင်၏ အသက်မွေးဝမ်းကျောင်းအလုပ်သည် လက်နှိပ်စက်ရိုက်ခြင်းဖြစ်၏။ ကျွန်တော်တို့က စာမူများ လက်နှိပ်စက်ရိုက်ရာမှ သူနှင့် ခင်မင်နေသည်။ ကိုအုန်းလွင်သည် အသက် ၃၀ ကျော်မျှရှိပြီဖြစ်သော်လည်း အိမ်ထောင်မရှိသေး။ အသားဖြူဖြူ သွယ်သွယ်လျလျ ရှိ၍ စိတ်သဘောထား ကောင်းသူဖြစ်၏။ မိခင်ကြီးအား လုပ်ကျွေးပြုစုသူတစ်ဦးလည်း ဖြစ်၏။

ကိုအုန်းလွင်သည် အစာအိမ်မှ သွေးယိုမှုဖြစ်နေ၍ ဆေးရုံသို့ တက်နေရခြင်းဖြစ်၏။ ကိုအုန်းလွင်ကို ကျွန်တော်တွေ့ရသောအခါ မူလကပင် အသားဖြူသော ကိုအုန်းလွင်သည် ယခုတော့ သွေးမရှိတော့သလို ဖြူဆွတ်နေသည်။ သူ၏ နှုတ်ခမ်းတို့သည်လည်း ခြောက်သွေ့၍ ယူပစ်သလိုလည်း ပိန်ကျနေ၏။

သူ၏အစ်ကိုတော်သူနှင့် အခြားတစ်ဦးက သူ့ကို စောင့်ကြပ်လျက်ရှိ၏။ ကျွန်တော်က အားပေးစကား ပြောသောအခါ သူက ကောင်းကောင်းမွန်မွန်ပင် မတုံ့ပြန်နိုင်ပါ။ ကိုအုန်းလွင်၏ဘေး ခုတင်တွင်ကား ဗိုက်ခွဲထားသော လူနာတစ်ဦးရှိ၏။ ထိုလူနာသည် သူ့အရိုးများ၏ အနိမ့်အမြင့်ကို ထုတ်ပြနေဘိအလား အရိုးနှင့် အရေတို့က ထိကပ်နေ၏။ သူ၏အသားများလည်း ဘယ်ရောက်ကုန်သည် မသိ။ သူ့ထံတွင် စောင့်မည့်သူကိုလည်း မတွေ့ရ။ ထိုသူ့ထံတွင် ဝေဒနာမှအပ ဘာမျှမရှိတော့။ ထိုအချိန်၌ ထိုသူ့ထံတွင် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားတို့ ထောင်လွှားနိုင်ဖို့ အခြေအနေမရှိ။ ထို့ပြင် စေတနာ၊ မေတ္တာ၊ ကရုဏာတရားများကိုလည်း ပွားနိုင်ဟန် မတူ။ သူ့တွင် ခံစားမှုဝေဒနာ တစ်ခုသာ ရှိတော့၏။ ကျွန်တော်သည် ထိုဝေဒနာရှင်အား ကြည့်၍ တစ်စုံတစ်ရာကို ဆင်ခြင်မိလာ၏။

မေတ္တာ၊ စေတနာ၊ ကရုဏာဟူသည် ထားရှိပွားများရန် လိုအပ်သော အရာဖြစ်၏။ သို့သော် ယင်း ကောင်းမြတ်သော တရားများကိုပင် ပွားများလိုတိုင်း ပွားများ၍ ရသည်မဟုတ်။ ယခု ဝေဒနာရှင်ဆိုလျှင် ပွားများလိုသည့်တိုင် ပွားများရန် ခွန်အားပင်မရှိတော့။ ဤကောင်းမြတ်သော တရားများကို ပွားများရန် အခွင့်ရှိချိန်တွင်၊ အင်အားရှိချိန်တွင် အခွင့်အရေးတစ်ရပ်ဟု အောက်မေ့ကာ ပွားများသမှု ပြုသင့်ပေ၏။

ကိုအုန်းလွင်၏ ခုတင်နှင့် ကပ်လျက်ခုတင်၌ကား အဘိုးတစ်ဦး သည် မှိန်းနေသည်။ ထိုအဘိုးနှင့်ကပ်လျက်တွင်ကား ဝေဒနာခံစားနေ ရရှာသော အိန္ဒိယအမျိုးသား ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးရှိ၏။ ထို အိန္ဒိယအမျိုးသား ဘုန်းတော်ကြီး၏ ခြေရင်းတွင်ကား အမျိုးသမီး တစ်ဦးနှင့် လူငယ်တစ်ဦးအပြင် အခြားသတင်းမေးသူ သုံးလေးဦးတို့ စုရုံးနေကြသည်။ သူတို့အားလုံးသည် ညှိုးငယ်နေကြ၏။ သူတို့ သတင်းလာမေးသော လူနာသားချင်းသည် ယခုညနေ၌ပင် ဆုံးပါး သွားခဲ့ကြောင်း သိရသည်။

အခြားအခြားသော ခုတင်များတွင်တော့ ထိုင်နေသော လူနာက နည်း၍ လှဲနေသောလူနာက များသည်။ လှဲနေသော လူနာများထဲတွင် တော့ ဝေဒနာ ခံစားနေရသူများ ရှိသလို သက်သာနေသူများကိုလည်း တွေ့ရ၏။

ကျွန်တော်နှင့် ကော့မှူးသောင်းရွှေတို့သည် ကိုအုန်းလွင်ထံမှ လူနာသတင်းမေးပြီး အပြန်တွင် ဆေးရုံကြီးအပေါ်၌ လျှောက်ကြည့်နေ မိသေး၏။ ဆေးရုံကြီး ဝရန်တာများတွင် စိုးရိမ်ပူပန်နေကြသူများနှင့် ပူဆွေးနေကြသူများကို တွေ့ရ၏။ သူတို့သည် ဆေးရုံတက်နေသော သူတို့၏ သားချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဝေဒနာရှင်များအတွက် စိုးရိမ်ပူပန်နေကြခြင်းဖြစ်၏။

ထို့ပြင် သေရပ်ပေါက်နေသူများ၊ ခေါင်းမထောင်နိုင်သူများ ဟိုဘက်သည်ဘက်သို့ပင် မရွေ့နိုင်သူတို့ကလည်း ဒုနှင့်ဒေးဖြစ်သည်။ ကျွန်တော်တို့သည် ခြေကျိုးလက်ကျိုးများထားရာ အဆောင် ၅ နှင့် ၆ သို့လည်း ရောက်ခဲ့၏။ ထိုနေရာတွင်တော့ ခြေကျိုးသူများ ခါးရိုး

ကျိုးသူများ၊ လက်ကျိုးသူများ၊ အကျိုးမျိုးစုံကို တွေ့ရ၏။ ခြေကျိုးသူသုံးဦးကို ရက်ကန်းစင်လို စင်ပြုလုပ်၍ ခြေထောက်ကို ကြိုးနှင့်ဆက်ကာ အုတ်ခဲဆွဲထား၏။ ခုတင်ခေါင်းရင်းကို နိမ့်ချ၍ ခြေရင်းကိုမြှင့်ကာ အိပ်နေရာများကိုလည်း တွေ့ရသည်။ ကျောက်ပတ်တီးစည်းထားသော ကျောက်ပတ်တီးနှင့် လူများကိုလည်း တွေ့ရပါ၏။

လူနာများကတော့ အားလုံးလိုလို ဝေဒနာခံစားနေကြရသည်။ သူနာပြုဆရာမလေးများနှင့် ကျန်းမာရေးဝန်ထမ်းများကလည်း လူနာများအကြားတွင် ကြိုကြားကြိုကြား လှုပ်ရှားနေသည်ကို တွေ့နေရ၏။ ကျွန်တော်တို့ အဆောင် ၆ နှင့် ၇ မှ ထွက်လာသောအခါတွင်ကား အနီဝတ်ထားသော သူနာပြုဆရာမလေးတစ်စုက တစ်ယောက် တစ်ပေါက် စကားပြောရင်း ဖြတ်သွားသည်ကို မြင်လိုက်ရ၏။ သူတို့နောက်တွင်တော့ လူနာသတင်း လာမေးကြသူများ ဖြစ်ဟန်တူသော ခရစ်ယာန် သီလရှင်သုံးပါးကို တွေ့ရပါ၏။

ကျွန်တော်နှင့် ကော့မှူးသောင်းရွှေတို့သည် ကျောက်ကပ်နှင့် ဆီးရောဂါ ခွဲစိတ်ကုသဌာနရှိ မိတ်ဆွေ လူနာတစ်ဦးဆီသို့လည်း သတင်းသွားမေးခဲ့ပါသေး၏။ ထိုအဆောင်တွင်လည်း ကျောက်ကပ်နှင့် ဆီးရောဂါဖြစ်နေသူများက ခန်းလုံးပြည့်ဖြစ်နေ၏။

ကျွန်တော်တို့ သတင်းသွားမေးသော ဝေဒနာရှင်မှာ ဆီးလမ်းကြောင်း၌ အနာဖြစ်၍ မကြာခဏ ဆေးရုံတက်ပြီး ကုသနေရသူဖြစ်သည်။

ကျောက်ကပ်နှင့်ဆီးရောဂါကုဌာနမှ ထွက်ခဲ့ပြီးသော ကျွန်တော်တို့နှစ်ယောက်သည် အဆောင် ၁၈ သို့ ရောက်သွား၏။ ထိုအဆောင်

တွင်ကား မည်ကဲ့သို့သော လူနာများကို ထားရှိသည်မသိ။ သို့သော် ထိုအဆောင်၌လည်း လူနာများက အခြားအဆောင်များကဲ့သို့ပင် ရှိနေသည်။ ကျွန်တော်တို့သည် ရှည်လျားသော အဆောင် ၁၈ အတိုင်း လျှောက်လာခဲ့၏။

ထိုအချိန်တွင် နေဝင်စပြုနေပြီဖြစ်၏။

အဆောင် ၁၈ မှနေ၍ ဝင်စပြုနေပြီဖြစ်သော နေလုံးကြီးကို မြင်နေရ၏။ ဖျော့တော့အေးမြနေဟန်ရှိသော နေရောင်ခြည်တို့က ဆေးရုံကြီး အဆောင် ၁၈ အခန်းသို့ တိုးဝင်လျက်ရှိပါ၏။ ဝင်တော့မည်ဖြစ်သော နေလုံးကြီးသည် တောက်ပနေသော တိမ်များအကြားဝယ် လှနေသည်။ တိမ်များက အဝါရောင်၊ ပုစွန်ဆီရောင်၊ ခရမ်းရောင်၊ အနီရောင်စသည်ဖြင့် ရောင်စုံပြေးနေ၏။

နေလုံးကြီးကို လှမ်းကြည့်လိုက်သောအခါတွင်ကား နေသည် အစိုင်အခဲကြီးပဲလား၊ အခိုးအငွေ့တွေပဲလား၊ အလင်းရောင်လုံးကြီးပဲလားဟူသော အချက်သည် သိပ်မသဲကွဲလှပါ။

ရောင်ခြည်တစ်ထောင် အလင်းဆောင်သော သူရိန်နေမင်းသည် တစ်နေ့တာ ထိန်ထိန်လင်းခဲ့ပြီဖြစ်၏။ နေမင်းကြီးသည် နိမ့်ရာမှ မြင့်ရာသို့ တက်ခဲ့ရာ အမြင့်ဆုံး ထိပ်ဆုံးသို့လည်း ရောက်ခဲ့ပြီဖြစ်၏။ နုနယ်သော၊ အေးချမ်းသော နံနက်ခင်းနေရောင်ခြည်ကို စေလွှတ်ခဲ့ရာမှ ပူလောင်ပြင်းပြ မူးလှုံမျှမကသော အပူရှိန်တို့ကိုလည်း နေ့ခင်းက ထုတ်လွှင့်၍ တန်ခိုးအရှိန်တို့ကို ညီးညီးရှိန်ရှိန် ထိန်ထိန်လင်းအောင် ပြခဲ့ပြီးဖြစ်သည်။

နေမင်းဟူသည် အတုမရှိ၊ အပြိုင်အဆိုင်မရှိ ထွန်းလင်းနိုင်သူ

ဖြစ်၏။ သို့သော် သူပင်လျှင် ယခုတော့ အမှောင်ထုနှင့် မြေကြီး၏ မျိုချမှုကို ခံရတော့မည်။

မဟာပထဝီမြေကြီးသည် သူရိန်နေမင်းကို တစ်စတစ်စမျိုချလျက်ရှိချေပြီ။

သတ္တဝါအားလုံးကိုလည်း ပြေးမလွတ်နိုင်သည့် အို၊ နာ၊ သေဘေးတို့က အစဉ် ဝါးမျိုလျက်ရှိနေ၏။ နေမင်းကြီးသည် နွံနစ်သူပမာ တဖြည်းဖြည်းချင်း မဟာပထဝီမြေကြီး၏ ဆွဲယူမျိုချရာသို့ တစ်စတစ်စ လိုက်ပါနေလျက်ရှိသည်။ လကို ပေပ်ဖမ်းသကဲ့သို့ နေကို မြေက မျိုလျက် ရှိပေ၏။

ယခုတော့ နေလုံးကား စုံးစုံးမြုပ်ခဲ့လေပြီ။

ကျွန်တော်နှင့် စာရေးဆရာ ကော့မှူးသောင်းရွှေတို့သည်လည်း ရန်ကုန်မြို့ ဆေးရုံကြီးမှ ပြန်ထွက်လာခဲ့ပါ၏။ ကျွန်တော်သည် ကျွန်တော်၏ လည်ချောင်းရောဂါအတွက်၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုသမားတော်ကြီးနှင့် တွေ့ဆုံရန် ရှိနေ၏။ ထို့ကြောင့် ကော့မှူးသောင်းရွှေနှင့် ကျွန်တော် လမ်းခွဲခဲ့ကြ၏။ သူက တောင်ဥက္ကလာပ ကားစီး၍ ပြန်သွား၏။

ကျွန်တော်က သမားတော်ကြီးနှင့် တွေ့ရန် ရွှေဘုံသာလမ်းသို့ ဆက်၍ လာခဲ့ပါသည်။

*[ကိုအုန်းလွင်သည် ၂၂–၅–၈၅ နေ့က ယင်းရောဂါနှင့်ပင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်ခဲ့ပါသည်။]*

သေခြင်းတရားကို ပြက်ရယ်ပြုခြင်းသည် အသက်
ရှည်ရေးအတွက် နည်းလမ်းကောင်းတစ်ရပ်ဖြစ်၏။
**အလက်ဇန္ဒား၊ အေ၊ ဗိုရှိမိုလတ်ဇ်**
**(၁၈၈၁–၁၉၄၆)**
**ရုရှားအမျိုးသား ပညာရှင်**

# အိမ်အပြန်

ဤခရီးနီးသလား။

ခရီးကား မနီးပါ။ ပန်းတောင်းအထိ ပြန်ရန် ဖြစ်နေပါ၏။

ကျွန်တော်သည် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီးနှင့် ပြသရန် နံပါတ်ကို မိတ်ဆွေတစ်ဦးထံ ဝင်၍ ယူရသည်။ နံပါတ်ကို နံနက် ၉ နာရီမှစ၍ ယူရ၏။ ထို့ကြောင့် ရွှေဘုံသာလမ်းရှိ မိတ်ဆွေတစ်ဦးအား ကျွန်တော့်အတွက် ဆရာဝန်နှင့် ပြသရန် နံပါတ် ယူထားဖို့ မှာထားရ၏။ ထိုမိတ်ဆွေက ကျွန်တော့်အတွက် နံပါတ်ယူထား၏။ ယူထားသော နံပါတ်မှာ ၁၂ ဖြစ်သည်။

ဆရာဝန်ကြီးသည် ညနေ ၅ နာရီမှစ၍ လူနာကြည့်ရာ ကျွန်တော် ဆေးခန်းသို့ ရောက်သောအခါ ညနေ ၆ နာရီထိုးနေပြီဖြစ်၍

နံပါတ် ၁၄ ရထားသူပင် ဆရာဝန်ကြီးနှင့် တွေ့ပြီး၍ ပြန်ထွက်လာပြီ ဖြစ်၏။

ကျွန်တော်သည် စောင့်နေသူ လူငယ်အား နံပါတ်ပြ၍ ဝင်ရုံသာ ရှိပါတော့၏။ သို့သော် လူတစ်ယောက်က ကျွန်တော့်အား "မိတ်ဆွေ နံပါတ်က ဘယ်လောက်ပါလဲ"ဟု မေးလေ၏။ ကျွန်တော်က ၁၂ ဖြစ်ကြောင်းနှင့် ယခု ဝင်တော့မည်ဖြစ်ကြောင်း ပြောသောအခါ "ကျွန်တော်က ခရီးဝေးပြန်ရမှာမို့ နံပါတ်ချင်း လဲနိုင်ရင် လဲပေးပါ"ဟု ဆို၏။

"ခင်ဗျားက ခရီးဝေးပြန်ရဆိုတော့ ဘယ်လဲ။ ဥက္ကလာပြန်ရမှာလား၊ ကျွန်တော်လဲ မြို့ထဲက မဟုတ်ပါဘူး၊ ရန်ကင်းက လာရတာပါ"

"ကျွန်တော်တို့သားအဖက အခုညပြည်ရထားနဲ့ ပန်းတောင်းအထိ ပြန်ရမှာမို့ပါ၊ ပြည်ရထားက ည ၉ နာရီဆို ထွက်မှာမို့ ကူညီနိုင်ရင် နံပါတ်ချင်းလဲပြီး ကူညီစေလိုပါတယ်ဗျာ"

အဖဖြစ်သူက ရည်ရည်မွန်မွန် အကူအညီတောင်းရှာ၏။

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်သားပါ၊ လည်ချောင်းနာနေလို့"

"ဆေးကုတာ ခုလို ဆရာဝန်ကြီးပြပြီး ချက်ချင်းပြန်လို့ ဘယ်ဖြစ်ပါ့မလဲ၊ တစ်ပတ်တန်သည် ဆယ်ရက်တန်သည် ရန်ကုန်မှာနေပြီး ကုသင့်တာပေါ့"

"မှတ်ပါတယ်၊ ရောဂါ၊ အခြေအနေ အတိမ်အနက်လဲ မသိရ

သေးလို့ တခြားကိစ္စတစ်ခုနဲ့ လာရင်းပြတာပါ၊ အရပ်မှာကလဲ အရေးကြီးတဲ့ ကိစ္စရှိနေတော့ ဒီည မပြန်မဖြစ်လို့ပါဗျာ”

“ဒီလိုဆိုလဲ ရပါတယ်ဗျာ”ဟု ဆိုကာ ကျွန်တော်သည် သူ့နံပါတ်နှင့် ကျွန်တော့်နံပါတ်ကို လဲပေးလိုက်ပါ၏။ သူ့နံပါတ်က ၃၁ ဖြစ်သည်။ အခုမှ ၁၄ သာရှိသေး၍ ကျွန်တော်တစ်နာရီခန့်မျှ အချိန်ဖြုန်းရဦးမည်ဖြစ်ပါ၏။ အစောင့်လူငယ်က သွားစရာရှိတာသွားပြီး ခုနစ်နာရီခွဲလောက်မှလာရန် ပြောပါ၏။ ကျွန်တော့်တွင် သွားစရာမရှိတော့။ အခန်းအတွင်း၌လည်း လူက ကျပ်လှသဖြင့် ရွှေဘုံသာလမ်းပေါ်ဆင်းပြီး ကြံရည်တစ်ခွက်မှာသောက်နေမိ၏။

ကျွန်တော်သည် လွန်ခဲ့သော တစ်နှစ်က အောက်တိုဘာလထဲတွင် ချောင်းဆိုးသည်။ ထိုအခါ သာမန် အာဂန္တုချောင်းဆိုးပဲဟုဆိုကာ ပေါ့ပေါ့ပင် နေခဲ့၏။ ချောင်းက ဆက်၍ဆိုး၏။ လေးရက်ငါးရက်ဖြင့် မပျောက်။ ထို့ကြောင့် စာရေးဖော်ရေးဖက် ဆရာဝန်တစ်ဦးထံ သွားသည်။ ဆရာက ပင်နီဆီလင်ထိုးရန် ပြော၏။ နောက် အခြားဆေးများလည်း ပေးသည်။ ပင်နီဆီလင်ကို တစ်နေ့နှစ်ကြိမ် ခြောက်ရက်ထိုးသော်လည်း မပျောက်။

သို့နှင့် အခြားမိတ်ဆွေတစ်ဦးနှင့် တွေ့ပြန်ရာ ယင်းမိတ်ဆွေဆရာဝန်က တက်ထရာဆိုက်ကလင်း သောက်ဗျာဟု ဆို၏။ တက်ထရာဆိုက်ကလင်းဆေးကို တစ်နေ့လေးကြိမ်၊ တစ်ခါ သောက် တစ်လုံး ခုနစ်ရက်သောက်၏။

ထိုသို့သောက်ရာ ချောင်းဆိုးတော့ အတော်လေး ပျောက်သွား၏။ သို့သော် လုံးဝကား မပျောက်။ ထိုအတောအတွင်း လည်ချောင်း

က အတော်လေးနာလာသည်။

သို့နှင့် မျက်စိ၊ နား၊ နှာခေါင်း အထူးကုဆရာဝန်ကြီးတစ်ဦး နှင့် ဆက်၍ပြ၏။ ဆရာဝန်ကြီးက ဘာဖြစ်တာလဲဟု မေးသောအခါ "ချောင်းဆိုးပြီး လည်ပင်းနာနေတာပါ၊ ပင်နီဆီလင်နဲ့ တက်ထရာဆိုက် ကလင်း သောက်တာ ချောင်းဆိုးတော့ နည်းနည်းပျောက်ပါတယ်၊ ဒါပေမယ့် အခု လည်ချောင်းပါ နာလာပါတယ်၊ ဒါကြောင့် ဆရာ့ဆီ လာတာပါ၊ ဖြစ်တာ အရက် ၂၀ လောက်ရှိပါပြီ"ဟု ဖြစ်ရပ်အကုန် အစင် ပြောပြသည်။

ထိုအခါ ဆရာဝန်ကြီးက–

"ဆေးလိပ်သောက်သလား"ဟု မေး၏။

"မသောက်ပါဘူး"

"တစ်ခါမှ မသောက်ဖူးဘူးလား"

"ငယ်ငယ်ကတည်းက မသောက်ပါဘူး"

ထိုအခါ ဆရာဝန်ကြီးက ပါးစပ်ကိုဖြဲ၍ကြည့်ပါ၏။ ထို့နောက် သံမဏိပစ္စည်းတစ်ခုဖြင့် လျှာကိုဖိချကာ မီးနှင့် ထိုးကြည့်၏။ ထိုသို့ ကြည့်ရှုစစ်ဆေးပြီးမှ ငုံဆေးတစ်မျိုး၊ စက်ထရင်နှင့် စိုင်နစမောဟုသော ဆေးသုံးမျိုးပေးပါ၏။ ငုံဆေးကို တစ်နေ့ လေးကြိမ်ငုံရန် စက်ထရင် ကို တစ်ခါသောက် နှစ်လုံး၊ တစ်နေ့ နှစ်ခါသောက်ရန်နှင့် စိုင်နစမော ဆေးကို တစ်ခါသောက်တစ်လုံး၊ တစ်နေ့နှစ်ခါသောက်ရန် ပြော၏။ ယင်းဆေးများကို ငါးရက်ဆက်သောက်ပြီး ပြန်လာရန် ပြောပါ၏။

ဆေးကုသပေးသည့်အတွက်ကား ငွေ ၃၅ ကျပ် ကန်တော့ရ၏။ ထိုဆေးများကို ကျွန်တော်သည် ငါးရက်ဆက်၍ စားပါ၏။ စိုင်နစမော ဆိုသော ဆေးက ဈေးကြီးပါ၏။ တစ်ပုလင်း ၆၂ ကျပ်မျှ ပေးရ၏။

သို့သော်လည်း မပျောက်ပါ။ ထိုအခါ ကျွန်တော်သည် ဆရာဝန်ကြီးထံ ထပ်၍သွားပြန်ရာ ဆရာဝန်ကြီးက ဆေးပြောင်းပေးပါ၏။ ယခုတစ်ကြိမ်တွင်တော့ ယခင် ငုံဆေးအပြင် လင်ကိုဆင် ဆိုသော ဆေးနှင့် လီဗင်ဇောဆိုသော ဆေးများကိုပေးပါသည်။ လင်ကိုဆင် ဆေးသည် တစ်တောင့်ကို ငါးကျပ်မျှပေးရ၏။ တစ်နေ့သုံးလုံး ငါးရက် သောက်ရပါ၏။ လီဗင်ဇောက တစ်ပုလင်း ၃၅ ကျပ် ပေးရသည်။ ကျွန်တော် ဆေးကို မှန်မှန်သောက်သည်။

သို့သော် မပျောက်ပါ။

ထိုအခါ ဆရာဝန်ကြီးက ငုံဆေး လင်ကိုဆင်နှင့် လီဗင်ဇော တို့ကို နောက်ငါးရက် ပေးပြန်ပါသည်။

ယခုအချိန်တွင် ချောင်းဆိုးတော့ ပျောက်သွားပါ၏။ သို့သော် လည်ချောင်းတွင် ခိုးလိုးခုလုဖြစ်သည်က မပျောက်ပါ။ တစ်ခါတစ်ရံ ခိုးလိုးခုလု ဖြစ်နေရာမှ နာလာပါ၏။

ငါးရက်သောက်ပြီး ဆရာဝန်ကြီးထံ ထပ်ပြရာ သူက အခြား ဆေးများအားလုံးကို ရပ်၍ ပရိုစတာဖီလင် (အေ) ဆေးကို ပြောင်းပေးပါ၏။ ထို့ပြင် ဘာမီတွန်ကိုလည်း တစ်ညတစ်လုံး သောက်ရန် ပြောပါသည်။

ကျွန်တော်သည် ပေးသောဆေးများကို မှန်အောင်သောက်ပါ၏။ သို့သော် လည်ချောင်းတွင် ကပ်တပ်ကပ်တပ်ဖြစ်နေသည်က မပျောက်။

ထို့ကြောင့် ထပ်ပြရာ ဆရာဝန်ကြီးက လည်ချောင်းမှ ရောဂါပိုးကို မွေး၍ကြည့်ပါသေးသည်။ အလုပ်သမားဆေးရုံကြီးတွင် ပိုးမွေး၍ကြည့်သော်လည်း ဘာပိုးမှ မတွေ့ဟု ဆို၏။ ထိုအခါ ဒီမတိ–ပ် ဟူသော ဆေးအသစ်ကို ထပ်ပေးပါသည်။ ထိုဆေးကလည်း ဈေးကြီး၏။ ဆရာဝန်ကြီးသည် ပထမအကြိမ်ပြစဉ်က ၃၅ ကျပ်ယူသော်လည်း နောက်ပိုင်းတွင် တစ်ကြိမ်ပြ ၂၅ ကျပ်သာ ယူပါ၏။

ပိုးမွေးကြည့်သော်လည်း မရှိ။ ဆေးများပေး၍လည်း မပျောက်သောအခါ ဆရာဝန်ကြီးက ဆီကြော်များမစားရန်၊ ရေခဲနှင့် ရေခဲရေ မသောက်ရန်ပြောပြီး ဘာမီတွန်လေးနှင့်သာ နေရန် ပြောပါ၏။

ကျွန်တော်က "အရက်ရော သောက်လို့ရသလားဆရာ"ဟု မေးသောအခါ "နည်းနည်းပါးပါး ရပါတယ်"ဟု ပြောသည်။

ဤသို့နှင့် ရေရေရာရာမပျောက်ဘဲ အသွားအလာ အနေအထိုင် ဆင်ခြင်၍ နေသောအခါ တစ်ခါတစ်ရံပျောက်လိုက်၊ ပြန်ဖြစ်လိုက်နှင့် နေခဲ့ရာ နောက်ခြောက်လခန့် ကြာသောအခါ ဆရာဝန်ကြီးထံ ပြန်၍ တစ်ကြိမ်ရောက်ပါသေး၏။

ကျွန်တော်က ပျောက်လိုက်ပြန်ဖြစ်လိုက် ဖြစ်နေတယ်ဆရာဟု ဆိုရာ သူက "အခုပေးတဲ့ ဆေးတွေထဲမှာ ဘယ်ဆေးသောက်ရင် ပိုပြီး သက်သာတယ်ထင်သလဲ"ဟု မေးပါ၏။ ကျွန်တော်က ဒီမတိ–ပ် ဆေးကိုပြောသောအခါ သူက ထိုဆေးကိုပင် ထပ်ညွှန်းပါ၏။

အခြားမိတ်ဆွေဆရာဝန်ကြီးများက ဘာမီတွန်၊ စီဗစ်နှင့် အက်စ်မာဂွန်ဆေးများကိုလည်း သောက်ရန်ညွှန်းကာ ဆရာဝန်ကြီး တစ်ဦးကမူ လေများကို မှုတ်ထုတ်သည့်လေ့ကျင့်ခန်း နေ့စဉ်လုပ်ရန် ပြောပါသည်။

ထိုအတောအတွင်း မြန်မာဆရာများနှင့်လည်း ပြပါသည်။ ဓာတ်စာနှင့် ကုခြင်း၊ ရေမန်းဆီမန်းနှင့် ကုခြင်း၊ သလိပ်ပျောက်ဆေး၊ သလိပ်ကျဆေး၊ လျက်ဆားမျိုးစုံနှင့် ငုံဆေးမျိုးစုံကိုလည်း စားသုံးရပါ သည်။

မျက်စိ နား နှာခေါင်း လည်ချောင်း အထူးကု ဆရာဝန်ကြီးက ဆားရေငုံ၍ထွေးရန် ညွှန်ကြား၍ နေ့စဉ် ဆားရေငုံ၍ ထွေးပါသည်။ ထို့ပြင် ရင်ဘတ်နှင့် ဦးခေါင်းကိုလည်း ဓာတ်မှန်ရိုက်ပါသေးသည်။

ကျွန်တော်၏ရောဂါသည် နှစ်နှစ်ခန့်ရှိပြီ ဖြစ်ပါ၏။ ဤရောဂါ ကြောင့် ကျွန်တော်သည် အတော်ကြီးလည်း စိတ်ဝေဒနာ ခံစားရသည်။ ဤကာလများအတွင်း ကျွန်တော့်ရုံးလုပ်ငန်းတာဝန်များကို လစ်ဟင်းမှု မရှိအောင် ဆောင်ရွက်ပါသည်။ သို့သော် ကျွန်တော်၏ စိတ်ထဲတွင် ကား ဤရောဂါအတွက် အတော်ကြီး စိတ်မကောင်း ဖြစ်နေရသည်။

တစ်ခါတစ်ရံ ဤရောဂါ မပျောက်သည့်အတွက် အလိုလိုစိတ် တိုစိတ်ဆိုးနေမိ၏။ စိတ်တိုစိတ်ဆိုးလျှင် ရောဂါက ပို၍ ထလာသလို ရှိပြန်သည်။

ဤရောဂါအတွက် ကျွန်တော့်အဖို့ ငွေလည်း အတော်ကုန်နေပြီ ဖြစ်ပါ၏။ တစ်နေ့မှာလည်း စိတ်မချမ်းသာရပါ။ ကျွန်တော်၏ ဝေဒနာ ကို ကျွန်တော့်မိသားစုအားလည်း ခွဲဝေမပေးလိုပါ။ ထို့ကြောင့်လည်း

ကျွန်တော့်စိတ်တွင်း၌ ဘယ်လိုခံစားနေရသည်ကို ဇနီးဖြစ်သူအား ပြော မပြခဲ့ပါ။ မည်သူ့ကိုမျှလည်း ရောဂါဖြစ်ပုံ အစအဆုံးကို မပြောခဲ့ပါ။ ဇနီးသည်သည် ကျွန်တော် ဆေးများသောက်၍ ဆားရေငုံလျှင် လည် ချောင်းပြန်ဖြစ်နေပြီဟူ၍လောက်သာ သိပြီး ကျွန်တော်၏ ခံစားမှုကို ဘာမျှမသိပါ။ ကျွန်တော်ကလည်း မပြောပါ။ လည်ချောင်းနာ ကြာ လာသောအခါ ကျွန်တော့်ရင်ထဲ၌ ခြိမ်းခြောက်နေသလို ခံစားလာရမှု တစ်ခုရှိပါ၏။ ယင်းကိစ္စမှာ ယခုလို လည်ချောင်းနာနေတာဟာ ကင် ဆာရောဂါပေပဲလားဟု ဆိုသော အထင်ရှိလာခြင်း ဖြစ်၏။ ကျွန်တော် သည် ရောဂါကြောင့် ခံစားနေရသည်ထက် ယခုလို ကင်ဆာများလား ဟု ထင်မြင်နေခြင်းက ပို၍ကြောက်ရွံ့ဖွယ်ရာ ခံစားနေရပါ၏။

ကျွန်တော်သည် တကယ် ကင်ဆာရောဂါ ဟုတ်မဟုတ် ကင် ဆာရောဂါကု ဆရာဝန်နှင့် တိုက်ရိုက်ပြမည်ဟု ဆုံးဖြတ်ခဲ့ဖူးသော် လည်း "ဟုတ်မှာ မဟုတ်ပါဘူး၊ ပျောက်လိုက်ဖြစ်လိုက်ဆိုတော့ လည်ချောင်းရောဂါ သက်သက်ပါပဲ"ဟု မိမိကိုယ်မိမိ နှစ်သိမ့်ကာ ကင်ဆာရောဂါကု ဆရာဝန်ထံ မရောက်ခဲ့ပါ။

ဤကာလအတွင်း ကျွန်တော်၏အိမ်သို့ အဒေါ်ဖြစ်သူတစ်ဦး ရွာမှလာရောက် ဆေးကုသခဲ့၏။ သူ၏ ရောဂါမှာ သားအိမ်ဝကင်ဆာ ဖြစ်၍ ယင်းရောဂါနှင့်ပင် သေဆုံးသွားရရှာပါသည်။ အဒေါ်ဖြစ်သူ၏ ဆုံးပါးသွားမှုသည်လည်း ကျွန်တော့်အတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာပါသည်။ ဤကာလအတွင်း ဆေးလိပ်အလွန်သောက်သော ကျွန်တော်၏ ဦးလေးအရင်း တစ်ဦးနှင့် ဆေးပေါ့လိပ်ကို လက်မှမချ သော ကျွန်တော့်မိတ်ဆွေတစ်ဦးတို့မှာလည်း လည်ချောင်းကင်ဆာနှင့် ပင် ဆုံးပါးခဲ့ရပြန်ပါသည်။

ကျွန်တော်၏ ရောဂါသည် မသက်သာမှန်း သိပါ၏။ ညာဘက် လည်ချောင်းသာမက ညာဘက်ရင်ဘတ်ပင် တစ်ခါတစ်ရံ အောင့်ပြီး နာနေတတ်ပါ၏။

ကျွန်တော်ကုနေသော မျက်စိ နား နှာခေါင်းအထူးကုဆရာဝန် ကြီးကမူ “ဒါ ကင်ဆာမဟုတ်၊ ရိုးရိုးလည်ချောင်းနာပါ”ဟု ဆို၏။ ထို့ကြောင့်လည်း ကျွန်တော်သည် ကင်ဆာများဖြစ်လေမလားဟူသော သံသယရှိမည့် အခြားဆရာဝန်များထံ မသွားဘဲ ဤဆရာဝန်ကြီးထံ သို့သာ လာခဲ့၏။

တကယ်တော့ ကျွန်တော်၏ ဆေးကုသမှုသည် ယခုရေးပြ သည်ထက် ပို၍ များပါ၏။ ချောင်းဆိုးပျောက်ဆေးမျိုးစုံ၊ ငုံဆေးမျိုး စုံ၊ ပါးလုတ်ကျင်းသည့်ဆေး၊ စိတ်ငြိမ်ဆေးများနှင့် ရောဂါသက်သာစေ သော ဆေးများကို အသိဆရာဝန်တစ်ဦးက မတော်တဆပြောမိလျှင် ပင် ဝယ်ယူရှာဖွေ၍ သုံးကြည့်လိုက်သည်သာ ဖြစ်ပါ၏။

ဆေးဝါးဗဟုသုတ အတော်အတန်ရှိသူ မိတ်ဆွေတစ်ဦးက ခင်ဗျားရောဂါရတာဟာ ဆေးကုလို့ရတဲ့ရောဂါဗျ။ ခင်ဗျားရဲ့မူရင်း ရောဂါက ပျောက်သွားပြီဟု ဆိုပါ၏။ ကျွန်တော်က နားမလည်၍ ရှင်းအောင်မေးသောအခါ ဒီလိုလေ၊ ခင်ဗျားဆရာဝန်ဆီသွားတယ်၊ သွားတော့ ဆရာဝန်က ခင်ဗျားပါးစပ်ကို ဟပြီး သံမဏိပြားတစ်ခုနဲ့ လျှာကို ဖိပြီး လည်ချောင်းကို ကြည့်တယ်၊ ကဲ ဒီသံမဏိချောင်းက ဘယ်လောက်သန့်လို့လဲဗျာ၊ ဒီသံမဏိချောင်းနဲ့ ဟိုလူ့ပါးစပ်ထဲထည့် လိုက်၊ ဒီလူ့ပါးစပ်ထဲ ထည့်လိုက်နဲ့ လူနာတစ်ယောက်ပါးစပ်ထဲ ထည့် ပြီး ရေနဲ့ဆေးတော့လည်း ပြုတ်ပြီး ကျကျနန ဆေးတာမဟုတ်ဘူး။

ကျွန်တော် တစ်ခါလိုက်ကြည့်ဖူးတယ်၊ လူနာတစ်ယောက်ရဲ့ ပါးစပ်ထဲ ထည့်ထားတဲ့ သံမဏိပြားကို ကုလားလေးတစ်ယောက်က ဘုံးဘိုင်က လာတဲ့ရေနဲ့ဆေးပြီး နောက်တစ်ယောက်ပါးစပ်ထဲထည့်ပြန်တာပါပဲ။ ဒီရေနဲ့ဆေးတာ ဘယ်လောက် စင်နိုင်မလဲဗျဟု ဆို၏။

ယခုအကြိမ် ဆရာဝန်ကြီးထံပြသောအခါ ထိုမိတ်ဆွေပြော ခြင်းသည် မှန်၏။ ပထမပိုင်းက သတိမထားမိ။ ယခုမှ သတိထားမိ သည်။ သံမဏိပြားတစ်ခုသည် ဘုံဘိုင်မှရေနှင့် ဆေးရုံမှုဆေးပြီး တစ်နေ့တွင် လူနာလေးငါးဆယ်၏ ပါးစပ်များထဲ တစ်ပါးစပ်ပြီး တစ်ပါးစပ် ပြောင်းနေရာ ယင်းရောဂါကူးစက်နိုင်သည်မှာ ဖြစ်နိုင်၏။

လျှာကိုဖိ၍ကြည့်ရာတွင် သံမဏိပြားမလုပ်ဘဲ ဝါး သို့မဟုတ် သစ်သားပြားတစ်ခုခုကိုသုံး၍အသုံးပြုပြီး လွှင့်ပစ်လိုက်လျှင် ပိုကောင်း မည်ထင်ပါ၏။ ထိုပုဂ္ဂိုလ်က ခင်ဗျားဟာ ပထမ ရိုးရိုးချောင်းနာလာ တာကတော့ ချောင်းဆိုးရပါများလို့ နာလာတာ၊ ဒါကို ခင်ဗျားက ကြောက်ပြီး အထူးကု ဆရာဝန်ဆီသွားတော့ တကယ့်လည်ချောင်းနာ တဲ့ ရောဂါက အဲဒီဆရာဝန် ပါးစပ်ဖြဲကြည့်ရာကမှ လျှာကို သူ့ရဲ့ဖိ ကြည့်တဲ့ သံမဏိချောင်းက တစ်ဆင့် ကူးတာ ဖြစ်နိုင်တယ်ဟု ဆိုပါ၏။

ဖြစ်တော့လည်း ဖြစ်နိုင်သည်။ ဆေးထိုးကုသရာမှ ကူးစက် သော ရောဂါများက ယခုအခါ အတော်ကလေး များလာ၏။ စနစ် တကျ ဆေးမထိုးခြင်းကြောင့် အသည်းရောင်အသားဝါရောဂါရမည်။

ခေါင်းကိုက်သည်ကို ဘာစပရိန်နှင့် အေပီစီအသောက်များသွား၍အူထဲမှ သွေးယိုမှုဖြစ်သည့် မိတ်ဆွေတစ်ဦးကိုလည်း တွေ့ဖူးပါ၏။ ထိုသံမဏိပြားမှ ဆေးကြောမှုမစင်သဖြင့် ရောဂါကူးနိုင်ကြောင်း ယင်းဆရာဝန်ကြီးအား ပညာရှိသတိဖြစ်ခဲ့အကြံပေးရန် စိတ်ကူးမိခဲ့သေး၏။ သို့သော် ထိုနေ့ညက မပြောဖြစ်ခဲ့ပါ။ ပြောလျှင်လည်း သူကြိုက်ချင်မှ ကြိုက်ပါမည်။

ကျွန်တော်သည် ယခု လည်ချောင်းနာနေ၍ ဆေးကုသနေသည်မှာ ဆေးဖိုးလည်း ထောင်နှင့်ချီ၍ ကုန်နေပြီဖြစ်ပါ၏။ သို့သော်ရောဂါက မပျောက်၊ ရောဂါတာရှည်လာ၍ ကျွန်တော်သည် ရောဂါကိုပို၍ ကြောက်လာပါသည်။

တစ်ခါက ကျွန်တော်သည် ထမင်းဆိုင်တွင် ကြက်သားဟင်းနှင့် ထမင်းမှာစားပါ၏။ စားနေရင်း အမှတ်မထင် ဟင်းကိုခပ်လိုက်ရာ လည်းချောင်းရိုးတစ်ရိုး ကျွန်တော်၏ ထမင်းပန်းကန်ထဲသို့ ပါလာ၏။ ကျွန်တော်သည် ဤရောဂါအား မည်မျှကြောက်နေပါသနည်းဟုဆိုလျှင် ထိုကြက်လည်ချောင်းရိုးကို မကြည့်ရဲပါ။ ကျွန်တော်သည်။ ထိုလည်ချောင်းရိုးကို အသာလေး ဇွန်းနှင့်မယူကာလွှင့်ပစ်လိုက်မိပါ၏။

ယခု လေးငါးရက်အတွင်း လည်းချောင်းက ပြန်နာနေပါ၏။ ထို့ကြောင့် ကျွန်တော်သည် မနေ့ကပင် ရွှေဘုံသာလမ်းမှ ကျွန်တော့်မိတ်ဆွေအား ကုနေကျ မျက်စိ နား နှာခေါင်း လည်ချောင်းဆရာဝန်ကြီးထံ ပြသရေးအတွက် နံပါတ်ယူပေးပါရန် တယ်လီဖုန်းနှင့်လှမ်းပြောထားရခြင်းဖြစ်၏။ ကျွန်တော်က နံပါတ်တစ်ရအောင် ယူခိုင်းရပါသည်။ သန့်သန့်ရှင်းရှင်း ဆေးပြီး သံမဏိပြားနှင့် စမ်းခံရစေရန်ဖြစ်

၏။ သို့သော် ကျွန်တော်ရသော နံပါတ်က၁၂၊ တကယ်ပြရသောအခါ ၃၁ ဖြစ်ခဲ့ရပါ၏။

ကျွန်တော်သည်ကျွန်တော်၏ရောဂါ ဖြစ်ကြောင်း ကုန်စင်ကို စဉ်းစားနေမိ၏။ မိမိရောဂါကို မိမိတွေးတောရသောကြောင့် ဘေးမှ ဝေဒနာရှင်များကိုပင် သတိထား၍ မလေ့လာမိတော့ပါ။ ကျွန်တော့် ဘေးမှ အမျိုးသမီးကတော့ နားရောဂါ လာပြခြင်းဟု ဆိုပါ၏။

ကျွန်တော့်အလှည့်သို့ ရောက်သောအခါ ဆရာဝန်ထံ ကျွန်တော် ဝင်သွားပါ၏။ ဆရာဝန်ကြီးက ယခင်က စာရွက်ဟောင်းများကို ပြန်၍ လေ့လာသည်။ ထို့နောက် ပါးစပ်ကို ဟခိုင်း၏။ ကျွန်တော် ကြောက်သော သံမဏိပြားနှင့်ပင် ပါးစပ်တွင်ထည့်၍ လျှာကို ဖိပြန်၏။ ပြီးတော့ စဉ်းစားသည်။ နောက်ပြီးမှ "အခုသက်သာအောင်တော့ ဆေးပေးလိုက်မယ်၊ မနက်ဖြန် ဆေးရုံကိုလာခဲ့ဗျာ"ဟုဆိုကာ ဘယ်အချိန်၊ ဘယ်နေရာသို့ လာရမည်ကိုပြောပြီး ကျွန်တော့်ကို ပြန်လွှတ်လိုက်၏။

ကျွန်တော် ဆေးခန်းမှ ပြန်၍ ထွက်လာပါ၏။

ဆေးခန်းထိပ်တွင် စောင့်နေသော ပုဂ္ဂိုလ်တစ်ဦးအား ကျွန်တော် အကျိုးအကြောင်းနှင့်တကွ မနက်ဖြန် ဆေးရုံသို့ ချိန်းကြောင်း ပြောသောအခါ သူက "ဘိုင်အိုစီ" လုပ်ကြည့်မလို့နဲ့တူတယ်ဟုဆိုလေ၏။

ထိုပုဂ္ဂိုလ်သည် ဆရာဝန်ကြီးက မည်သို့ညွှန်းလျှင် ဘာလုပ်တတ်သည်ကို သိကျွမ်းနေသောသူတစ်ဦးဖြစ်၏။ သူပြောသည်မှာ မှန်နိုင်ကောင်းသည်။ ကျွန်တော်သည် မနက်ဖြန် ဆေးရုံသွားမည်။

ပြောသည့်အတိုင်း ကျွန်တော့်လည်ချောင်းမှ အသားစကို ထုတ်ယူ၍ ယခု ခံစားနေရသော ဝေဒနာကို ကင်ဆာရောဂါ ဟုတ်မဟုတ် စမ်းကြည့်မည်။ ကင်ဆာရောဂါဟူသည် လူတိုင်းကြောက်ရွံ့ရသော ရောဂါဖြစ်သည်။ ကင်ဆာရောဂါသည် နုစဉ်တွင် ကုသပျောက် ကင်းနိုင်သည်ဟု ဆိုသော်လည်း ဘယ်နေရာတွင်ဖြစ်ဖြစ် သေနိုင်သော ရောဂါ ဖြစ်သည်။

တကယ်ပင် ကျွန်တော်၏ လည်ချောင်းထဲတွင် ယခုအခါကင် ဆာရောဂါသည် ဝင်ရောက်နေပြီဟု ဆိုပါစို့။ သေခြင်းတရားသည် ကျွန်တော်၏ အိမ်တံခါးဝကို လာရောက်၍ တဒေါက်ဒေါက်ခေါက်နေ သည်နှင့် ဘာမျှ မခြားတော့ပေ။

ကျွန်တော် အချိန်ကို ကြည့်လိုက်ပါ၏။

ည ရှစ်နာရီထိုးပြီဖြစ်ပါသည်။ မြို့ထဲ၌ အတော်လေးရှင်နေပြီ ဖြစ်၏။ ကျွန်တော်သည် ရွှေဘုံသာလမ်းမှ ထွက်၍ ဗိုလ်ချုပ်လမ်း အတိုင်း ရုပ်ရှင်ရုံဘက်သို့ လျှောက်လာခဲ့၏။ ကျွန်တော်သည်သေရမည့် အကြောင်းများကို တစ်နေကုန် ဆင်ခြင်တွေးတောလာခဲ့၏။ သုသာန် သို့လည်း ရောက်ခဲ့သည်။ ခေါင်းလုပ်သူ ဦးငွေပန်းနှင့်လည်းစကား ပြောခဲ့၏၊ ဒုက္ခသည်များနှင့် လည်းတွေ့ခဲ့သည်။ အေးချမ်းစွာပစ္စည်း ဝယ်နေသော မိသားစု၊ မာနကြီးလှသောပုဂ္ဂိုလ်တစ်ဦး၊ အိုခြင်းနာခြင်း ၏ ဖိစီးမှုကို ခံနေရသော အဘွားတို့နှင့်လည်း တွေ့ခဲ့၏။ လူသေများ ထားရာ ရင်ခွဲရုံ၊ သေအံ့ဆဲဆဲဖြစ်နေသော လူနာ၊ ဆေးရုံကြီး၏အရေး ပေါ်ခွဲစိတ်ကုသသည့်ဌာန၊ ဆေးရုံကြီးပေါ် အရိုးပေါ် အရေတင်နေ သူများ၊ သေရပ်ပေါက်နေသည့် လူနာများ၊ ထိခိုက်မိ၍ ကျိုးပဲ့နေသူများ

အပြင် ဆီးရောဂါ ဖြစ်နေသူနှင် အူမှ သွေးယိုစိမ့်ထွက်နေသောကျွန်တော်၏ မိတ်ဆွေအဆုံး လူများစွာနှင့် တွေ့ဆုံခဲ့ရာ ထိုသူများကို ကျွန်တော်သည် သေခြင်း၏ သဘောသဘာဝတရားများဖြင့် ယှဉ်၍ယင်း သဘာဝတရားအား မြင်အောင်ကြည့်ကာ တရားသံဝေဂယူခဲ့၏။

ယခုတော့ ကျွန်တော်ကိုယ်တိုင်ကပင် သေမင်းနှင့် လက်တစ်ကမ်းသို့ ရောက်နေပြီဖြစ်၏။

ကျွန်တော်သည် ပျက်နေသော ရုပ်ရှင်ရုံနေရာကိုဖြတ်၍ ပြည်သူ့မုန့်တိုက်အောက်မှ ဆူးလေဘုရားဘက်သို့ လျှောက်လာခဲ့သည်။ ရန်ကုန်မြို့ ညရှုခင်းတွင် တွေ့နေကျ မြင်နေကျ မြင်ကွင်းများကို တွေ့နေရ၏။ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက်ဝမ်းစာရှာနေကြသော ငှက်အုပ်သည်လည်း အိပ်တန်းသို့ မဝင်နိုင်သေး။ အနော်ရထာလမ်းမ တစ်လျှောက်တွင်တော့ ညဈေးက လူကွဲစပြုနေပြီဖြစ်၏။ ကျွန်တော်သည် ဆက်လျှောက်လာသည်။ အိမ်သို့ ပြန်လိုစိတ်ကား မရှိသေး။

ဆူးလေစေတီတော်ပြတ်သည် သပ္ပာယ်စွာ တည်ရှိနေ၏။ မဟာဗန္ဓုလပန်းခြံကြီးနှင့် လွတ်လပ်ရေး ကျောက်တိုင်ကြီးမှာ ပန်းရလှသည်။

ကျွန်တော်သည် မြင်သမျှတွေ့သမျှသောအရာများကို မှတ်သားနေသော်လည်း စိတ်အစဉ်က လွင့်ပါးထွေပြားလျက် ရှိ၏။ ရှာမှ အမေကိုလည်း သတိရလာသည်။ တကယ်လို့ ငါ့လည်ချောင်းထဲတွင် ကင်ဆာဆဲလ်တွေ ရှိနေပြီဟုဆိုလျှင် အမေ ဘယ်လိုများ ဖြစ်လေမလဲ။

အမေကို ထားဦးတော့။ ယခု အိမ်သို့ပြန်လျှင်ပင် ဇနီးသည်နှင့် တွေ့ရတော့မည်။ တွေ့လျှင်ကား သူ့ကို ဘယ်လိုပြောရမလဲ။ ဒီကိစ္စ

သူသိလျှင် ဘယ်လို ခံစားရလေမည်နည်း။ သားတို့က ငယ်သေးသည်။ ကျွန်တော်သည် ကျွန်တော်၏ မိသားစုထဲမှ ကျွန်တော့်ကို ကျွန်တော် နုတ်၍ တွေးကြည့်လိုက်သည်။ ကျွန်တော်မရှိတော့သော မိသားစုအဖြစ်ကို တွေးကြည့်လိုက်သည်။

မိသားစုတွင် ကလေးတွေက ငယ်သေးသည်။

ဒီမိသားစုအတွက် ကျွန်တော် ဆက်၍ ရှိနေသင့်သေးသည်။

ပဲခူးမှ ကျွန်တော့်မိတ်ဆွေက သူ့ထက်စာလျှင် သူ့အိမ်ရှေ့က အဘိုးအို သေသင့်သည်၊ သူမသေသင့်သေးဟု ဆိုခဲ့၏။

ထိုအချိန်တွင်း ရန်ကင်းသို့သွားမည့် ကားတစ်စီး ထိုးဆိုက်လာ၏။ ဒီကားကိုလွတ်လိုက်လျှင်နောက်တစ်စီးအတွက်အတော်ကြီးစောင့်ရဦးမည်။ ထို့ကြောင့် ကျွန်တော်သည် ရှေ့သို့ ထိုးဆိုက်လာသောကားပေါ်သို့ လှမ်းတက်လိုက်သည်။

"ဆရာ ဘယ်သွားမှာလဲ"

"ရန်ကင်း"

"တစ်ကျပ်ခွဲကျတယ် ဆရာ"

*

ဘဝကို ကြောက်ရွံ့သူများသည် အသက်မသေမီက
ဘဝသေနေသူများဖြစ်၏။

ဘာထရန်၊ ရပ်ဆဲလ်
အင်္ဂလိပ်လူမျိုးတွေးခေါ်ပညာရှင်ကြီး

# ကင်ဆာနဲ့ပဲ သေချင်တယ်

ဤခရီးနီးသလား။

ဤခရီး အနီးအဝေးကိုပြောရခက်ပါ၏။ အကယ်၍ မနက်ဖြန်တွင် ကျွန်တော်သည် ဆရာဝန်ကြီးမှာသည့်အတိုင်း ဆေးရုံသို့ သွားမည်။ သူက လိုအပ်သည်များကို ပြုလုပ်၍ ကျွန်တော်၏ လည်ချောင်းအတွင်းတွင် ကင်ဆာများရှိနေပြီဟုဆိုပါက ဤခရီး နီးကပ်လှပြီဖြစ်ပါ၏။

သို့သော် ထိုသို့ပြုလုပ်စစ်ဆေးရာတွင် ကျွန်တော်၏ လည်ပင်းထဲက ကင်ဆာကောင်များ မရှိဆိုပါက ဤခရီး ဝေးဦးမည်။ ဆရာဝန်ကြီးထံမှ လည်ချောင်းထဲတွင် ကင်ဆာကောင်များ မရှိဆို၍ ကျွန်တော်သည် အလွန် ပျော်ရွှင်စွာဖြင့် သတိမမူဘဲ မြို့တွင်း၌ လမ်းဖြတ်

ကူးမိခဲ့ပါလျှင်လည်း ခရီးဆုံးသို့ ချက်ချင်းကြီးပင် ရောက်သွားနိုင်ပါ၏။

အခုတော့ ၄၂ ထစ်ရှိသည့် ကျွန်တော်နေသော တိုက်မှလှေကားထစ်များကို ဖြည်းညင်းစွာ တက်နေပါ၏။ အရင်က ပြေးဆင်း ပြေးတက်နေသော လှေကားထစ်များသည် အခုတောင်များကို တက်နေရသည့်နှယ် ရှိ၏။

ကျွန်တော်သည် လှေကားထစ်ဆုံး၍ အိမ်ဝသို့ရောက်သည့်တိုင် တံခါးမခေါက်သေးဘဲ ခေတ္တနားနေ၏။ အိမ်တွင်းမှကား ဘာသံမျှမကြားရ။ မီးများလည်း မှိတ်၍ထားသည်။ အိမ်ထဲမှ အခြေအနေကို ခေတ္တမျှ နားထောင်ပြီးနောက် ကျွန်တော်သည် တံခါးကို ခေါက်လိုက်ပါ၏။

အတွင်းမှ ဘာသံမျှ ထွက်မလာပါ။

ကျွန်တော် နောက်တစ်ကြိမ် ခေါက်လိုက်ပါသည်။

ကျွန်တော့်ညီတစ်ဝမ်းကွဲတော်သူ မောင်နိုင်လွင်သည် အိပ်နေရာမှထ၍ တံခါးဖွင့်ပေးပါသည်။ ကျွန်တော်တို့မိသားစုများသည် စော စောစီးစီးပင် အိပ်တတ်ကြပါ၏။ ယခု ည ၉ နာရီထိုးပြီဖြစ်၏။ ထို့ကြောင့်လည်း အားလုံး အိပ်နေကြဟန် တူ၏။ ကျွန်တော့်အား တံခါးထဖွင့်ပေးပြီး ညီဖြစ်သူလည်း အိပ်ရာထဲသို့ ပြန်ဝင်သွား၏။

ကျွန်တော်သည် ဇနီးနှင့်သားသုံးယောက်အိပ်နေသော အခန်းထဲသို့ ဝင်လိုက်၏။ မှိတ်ထားသော မီးခပ်မှိန်မှိန်ကို ဖွင့်လိုက်ပါသည်။ ဇနီးနှင့် သားသုံးယောက်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်။

တစ်နေကုန် အလုပ်နှင့်လက်မပြတ်အောင်လုပ်ခဲ့ရသောဇနီးနှင့် တစ်နေ့ကုန်ဆော့ထားသော သားသုံးယောက်သည် အိပ်မောကျခါစပင် ရှိဦးမည်။ ကျွန်တော်သည် သားများနှင့် ဇနီးအား ရပ်၍ ကြည့်နေမိသည်။ ကျွန်တော့်ရင်ထဲမှ ထိတ်လန့်စိုးရိမ်မှုများကို သူတို့အားနှိုး၍ ကျွန်တော်မပြောလိုပါ။ နှစ်ခြိုက်စွာ အိပ်ပျော်ဖြစ်နေသော ဤညခင်းသည် သူတို့အတွက် မုန်တိုင်းထန်သော ညခင်းသဖွယ် ဖြစ်လာနိုင်၏။

ထို့ကြောင့်လည်း ကျွန်တော်သည် မီးကို ပြန်ပိတ်လိုက်သည်။ ဇနီးနှင့် သားများ၏ အိပ်ခန်းတွင်းမှ ထွက်လာခဲ့၏။ ကျွန်တော်သည် ဧည့်ခန်းမှ ကြောင်အိမ်အား အသံမကြားအောင်ဖွင့်လိုက်ပါသည်။ ဇနီးဖြစ်သူက ညနေစာကို စားကောင်းအောင် ကြိုးစား၍ ချက်ထားဟန်ရှိသည်။ ဘူးရွက်ပြုတ်နှင့် ငါးပိရည်လည်းပါသည်။ ပုစွန်တုပ်ဟင်းနှင့် ကြက်ပေါင်သီးသုပ်ထားသည်။ တကယ်တော့ ကျွန်တော်တို့အိမ်တွင် ငါးပိကျိုလေ့မရှိပါ။ တစ်ခါတစ်ရံ ထမင်းမြိန်လိုမှ ငါးပိကျိုတတ်ပါ၏။ ဇနီးဖြစ်သူသည် ကြက်ပေါင်သီး သုပ်တတ်ဖို့ပင် ဝေးရော၊ တကယ်တော့ သူသည် ဟင်းကောင်းကောင်းပင် မချက်တတ်။ သို့သော် အမေလာ၍ ကြက်ပေါင်သီးသုပ်ပေးလျှင် ကျွန်တော် နှစ်နှစ်သက်သက် စားတတ်၍ အမေ့ထံမှ ကြက်ပေါင်သီးသုပ်နည်းကို ဇနီးဖြစ်သူက သင်ထားသည်။ ညနေစာကို စနစ်တကျပြင်လိုသော နေ့များတွင် ဇနီးဖြစ်သူက ယခုလို ကြက်ပေါင်သီး သုပ်တတ်၏။

တကယ်တော့ ကျွန်တော်သည် ထမင်းစားလိုစိတ် လုံးဝမရှိ။ ထို့ကြောင့်လည်း ကြောင်အိမ်ကို ပြန်ပိတ်လိုက်ပြီး ဧည့်ခန်းတွင်း၌ ထိုင်နေ၏။ သားကြီးနှင့် သားလတ်တို့ တွဲလျက် ဓာတ်ပုံတစ်ပုံက ဧည့်ခန်းတွင် ချိတ်ဆွဲထားသည်။

သားကြီး မောင်နေဦးသည် လိမ္မာရေးခြားရှိသည်။ ရက်တတ်လွန်းသည်။ စာတော်၏။ ညီတွေကိုစသည်။ လမ်းမှာခွေးတွေ့လျှင် ခွေးကို စချင်၏။ ထိုစတတ်သော ဉာဉ်ကလေးကို ဖျောက်လျှင် သားကြီးသည် ဆုံးမစရာ သိပ်မလို။ သားလတ် မောင်နေလတ်ကတော့ သွက်လက်ချက်ချာသည်။ စကားကြီးစကားကျယ်ပြော၏။ ဒီနေ့ စစ်ဗိုလ်ဖြစ်ချင်လိုက် နောက်နေ့ ဆရာဝန်ဖြစ်ချင်ကာ နောက်တစ်နေ့တွင် ဝန်ကြီးလုပ်ချင်ပြန်သည်။ အငယ်ဆုံးသား မောင်နေလင်းက အစားကောင်းသည်။ သူက ကြောက်တတ်၏။ သူ့အသား နာမည့်ကိစ္စဆိုလျှင် ဘာမှမလုပ်လို။ ဒီသားတွေကြီးလာလျှင် ဘာတွေဖြစ်ကြမတုံး။ သူတို့တစ်တွေ ကြီးသည့်အထိတော့ ကျွန်တော် အသက်ရှင်လိုသေး၏။ သို့သော် မကြာသေးမီက ကျွန်တော် အိမ်တံခါးဝကို ခေါက်သလို ကျွန်တော့်အတွက် သေမင်းသည် တံခါးဝသို့ ရောက်နေပေပြီလော။

ကျွန်တော်သည် အကြောက်ကြီး ကြောက်လာသည်။ ချောက်ချား တုန်လှုပ်လာသည်။

“မသွားဘူး၊ မနက်ဖြန် ဆေးရုံကို ငါမသွားဘူး” ဟု ကျွန်တော့်ကိုယ်ကျွန်တော် ဆိုလိုက်၏။

ကျွန်တော်သည် ဧည့်ခန်းအတွင်း ထိုင်နေရာမှ ကျွန်တော်၏ အိပ်ခန်းအတွင်းသို့ ဝင်ခဲ့သည်။ အိပ်ခန်းအတွင်း၌ကား မနက်က ရေးလက်စ စာရွက်များ၊ ဖတ်လက်စ စာအုပ်များ၊ တခြားစာအုပ်များနှင့် ပွနေ၏။ အိပ်ရာကိုတော့ ညဦးက ဇနီးဖြစ်သူက လာရောက် ခင်းပေးထားဟန် တူ၏။

ကျွန်တော်သည် ငယ်စဉ်ကအမေနှင့်နေခဲ့ပုံ၊ ရွာတွင် သူငယ်ချင်းများနှင့် ဆော့ကစားခဲ့ပုံများ၊ ဘကြီးတော်သူ၏ လယ်ထွန်ရာတွင် ထွန်ဖတ်မြေခဲများအကြားဝယ် ဝက်မြေဇာဥများကို လိုက်၍ ကောက်စားပုံများကို မျက်စိထဲတွင် မြင်လာ၏။ အလွန့်အလွန် ပျော်စရာကောင်းသော ဘဝဖြစ်၏။ သေခြင်းတရားကိုလည်း ထိုအခါက မသိ၊ စဉ်းစားစရာလည်း မဟုတ်။ နုနယ်ပျိုမျစ်ခြင်းဟူသော မသိတရားက သေခြင်းနှင့် သံကန့်လန့်ကာ ခြားပေးထားပါ၏။

သို့တိုင် ကျွန်တော်သည် ထိုအရွယ် သေလောက်သည့် ကိစ္စတစ်ရပ်နှင့် ကြုံခဲ့ဖူးပါ၏။ တစ်ကြိမ်က ကျွန်တော်တို့ သူငယ်ချင်းသုံးလေးယောက်သည် လယ်ကွင်းထဲ၌ လျှောက်ပြေးကြ၏။ လျှောက်ပြေးခဲ့ကြရာ ရွာနှင့် ခပ်လှမ်းလှမ်း တဲကုန်းပျက်တစ်နေရာသို့ ရောက်ခဲ့ကြ၏။ ထိုနေရာသို့ ရောက်သောအခါ သူငယ်ချင်းတစ်ဦးက ငါတို့မှိုလိုက်ကောက်ရအောင်ဟုဆို၍ အားလုံးသဘောတူကာ ဆက်ထွက်လာခဲ့ကြ၏။ တစ်နေရာသို့ ရောက်သောအခါ ကြာခွက်များနှင့် ကန်တစ်ကန်ရှိနေသောနေရာသို့ ရောက်သွား၏။ ထိုအခါ ကျွန်တော်တို့ သူငယ်ချင်းများသည် ကန်ထဲသို့ ပြေးဆင်းကြ၏။ ကျွန်တော်လည်း ပြေးဆင်းသည်။ ထိုအချိန်က ကျွန်တော်၏အသက် နှစ်ဆယ်ကျော်ရုံမျှသာ ရှိဦးမည်။ တကယ်တော့ ထိုအချိန်၌ ကျွန်တော်သည် ရေမကူးတတ်သေး။ ကြာခွက်များကိုမြင်ပြီး သူများပြေးဆင်း၍ ကျွန်တော်လည်း ပြေးလေရာ ဆင်းဆင်းချင်းပင် ကျွန်တော်သည် ရေထဲသို့ မြုပ်သွားကြောင်း ကျွန်တော်သိလိုက်ပါ၏။ အော်၍လည်းမရပါ။ ကျွန်တော်သည် ရေထဲ၌ ရုန်းကန်နေပါသည်။ ကျွန်တော်၏ ကိုယ်သည် ရုန်းကန်မှုကြောင့်လား၊ ဘာကြောင့်လားမသိ၊ အပေါ်သို့ ပြန်ပေါ်လာ

သလိုဖြစ်ခဲ့ပါ၏။ ထိုအချိန်က ကျွန်တော်သည်အကြောက်ကြီးကြောက်ခဲ့ရ၏။ ထိုသို့ ရုန်းကန်နေရင်းမှ ကြာတစ်ပင်သည် ကျွန်တော်၏ခြေထောက်သို့ လာ၍ ပတ်ပါ၏။ ထိုကြာပင်ကို လက်နှင့်ကိုင်မိသည်နှင့် ကျွန်တော်သည် ကြာပင်ဟုဆွဲလိုက်ရာ ကြာပင်ပြတ်သွားသော်လည်း ကျွန်တော်၏ကိုယ်သည် ကန်အစပ်ဘက်သို့ ရောက်လာပြီး ခြေထောက်သည် မြေကြီးနှင့် လာထိ၏။ ကျွန်တော်သည် မြေကြီးကိုလက်နှင့်ကုတ်၍ မတ်တပ်ရပ်လိုက်ရာ၌ ကန်ဆင်ခြေလျှောတွင် မတ်တတ်ရပ်မိသွားပါ၏။

ကျွန်တော်သည် ချက်ချင်းပင် ကန်ပေါင်မှတွယ်ကုပ်၍ မြေပေါ်သို့ အပြေးပြန်တက်လိုက်ရ၏။ သူငယ်ချင်းများကို ကြည့်သောအခါ တစ်ဦးမှ ကန်ထဲသို့မဆင်းရသေး။ ကျွန်တော် တစ်ဦးတည်းသာ ရေထဲသို့ ခုန်ချခြင်းဖြစ်၏။ ကျွန်တော်ကား ကျွန်တော်တို့ သူငယ်ချင်းတစ်တွေ တစ်ပြိုင်နက် ခုန်ချခဲ့ကြသည်ဟု ထင်ခဲ့ပါ၏။

ကျွန်တော် ရေနစ်ခြင်းသည် သိပ်မကြာလိုက်ပါ။ သူငယ်ချင်းများပင် ကျွန်တော် ရေနစ်သည်ကို မသိလိုက်။ ကျွန်တော်၏ ပါးစပ်မှ ရေတစ်ငုံစနှစ်ငုံစ ပြန်အန်၍ နှာခေါင်းတွင်းဝယ် ရေများ သီးနေပါသည်။

ကျွန်တော် ရေနစ်ခဲ့ကြောင်း သူငယ်ချင်းများကိုလည်းမပြောပါ။ သူငယ်ချင်းများက ကျွန်တော် အန္တရာယ်တစ်ခုခုနှင့်ကြုံ၍ ကြောက်ရွံ့ခဲ့ကြောင်းကား သိနေပါ၏။ ထို့နောက် ကျွန်တော်တို့ ရွာသို့ ပြန်ခဲ့၏။ ကျွန်တော်အိမ်သို့ ရောက်သည့်တိုင် ရေသီးနေဆဲဖြစ်သည်။ ထိုအကြောင်းကို ကျွန်တော်သည် ဘယ်သူ့ကိုမျှ မပြောပါ။ သို့သော်

ယခု ကြီးပြင်းလာသည့်တိုင် ထိုအဖြစ်အပျက်ကို မှတ်မိနေပါသေး၏။ မှတ်မိတိုင်းလည်း ကျောချမ်းလာမိပါသည်။

ကျွန်တော်သည် အသက် ၁၄ နှစ်တွင် ရင်ကျပ်ခဲ့ဖူးပါသည်။ အမေသည် ကျွန်တော်အား နည်းမျိုးစုံဖြင့် ကုရှာပါသည်။ ကောင်းသည်ဟုပြောသော ဆေးမျိုးစုံကို ဝယ်၍ တိုက်ပါသည်။ ကျွန်တော်သောက်ခဲ့ရသည့် ဆေးများအနက် မှတ်မိသောဆေးမှာ တရုတ် (ပေါ့ကျုံကြွေ့) ဆေးဖြစ်ပါ၏။ သူ့ပုလင်းပုံစံက လည်ပင်း ရှည်ရှည်ဖြစ်၍ တစ်မျိုး အမြင်ဆန်းသော ပုံစံဖြစ်သည်။

ထိုစဉ်က ကျွန်တော် ရင်ကျပ်ခြင်းကို ယခုပြန်၍ စဉ်းစားသော် တီဘီဖြစ်ခြင်းဟု ကျွန်တော်ထင်ပါ၏။ ကျွန်တော်ရင်ကျပ်စဉ်က ဖြစ်ရသည့်လက္ခဏာများကို ယခု စဉ်းစားသောအခါ တီဘီလက္ခဏာများဟု မှတ်ယူတွေးဆစရာများကို တွေ့ရပါ၏။ ထိုရင်ကျပ်ရောဂါသည် ကျွန်တော် အသက် ၁၆ နှစ်လောက်မှ ပျောက်ပါသည်။ အမေ ဘာဆေးတိုက်ပြီး ဘယ်လိုကု၍ ပျောက်သွားသည်ကိုတော့ မမှတ်မိတော့ပါ။

ကျွန်တော်သည် ငယ်စဉ်ဘဝက ဖြစ်ရပ်များကို ပြန်စဉ်းစားရင်း ကျွန်တော်ကိုရင်ဝတ်သည့် အကြောင်းကိုလည်း ပြန်လည်သတိရမိပါ၏။ ထို့နောက် ပဲခူး၌ စာလာသင်ပုံ၊ ကျောင်းပိတ်လျှင် အိမ်ပြန်ပုံများသည်လည်း တရေးရေး ထင်လာမိပါသည်။

ပဲခူး၌ လာရောက်စာသင်သောအခါ ပထမတွင် ကျွန်တော်သည် အုန်းပင်တန်း၌ နေပါ၏။ နောက်တော့ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ အဘိုးအဘွားများအိမ်သို့ လာနေရပါသည်။ အဘိုးနှင့် ကျွန်တော်

ညည ရေဆွဲရပုံ၊ အိမ်နောက်ဖေး သရက်ပင်မှ မချစ်စုသရက်သီးများ သီးနေပုံများကို ပြန်၍ အမှတ်ရနေပါသည်။

အဘိုးသည် ယခုအခါ ကွယ်လွန်သွားပြီဖြစ်သော်လည်း အဘွားဖြစ်သူသည် အသက် ၈၀ ကျော်ပြီး ယခုတိုင် ပဲခူး၌ ရှိနေပါသေး၏။ မကြီး၊ မမသန်း၊ မမြင့်တို့၏ ရုပ်ပုံများလည်း ပေါ်လာပါ၏။ ကျွန်တော်သည် အဘွားထံသို့ပင် မရောက်။ ယခင်နှစ်က တစ်ခေါက်ရောက်ခဲ့ရာ ဘွားဘွားသည် အသက်ကကြီး၊ သွေးတိုးကလည်း ရှိနေပါ၏။ ကျွန်တော် ပညာတတ်ရာတွင် အဘွားဖြစ်သူ၏ စည်းကမ်းရှိမှု၊ သွန်သင်မှု၊ ချေတာမှုလည်း များစွာ ပါဝင်ပါ၏။ ကျွန်တော်သည် အဘွားထံမှ ချေတာမှုအမွေကို လုံးဝ မရလိုက်ပါ။ ယခုတိုင် ကျွန်တော်သည် လက်ဖွာဆဲဖြစ်သည်။ ထိုစဉ်က ကိုအောင်ဆန်း၊ မမြင့်ငွေ၊ ရီရီဝင်း၊ ကိုအောင်မောင်း၊ ကိုဘစံ၊ ကိုသိန်းဆွေ၊ ကိုစန်းအောင်၊ ကိုအေး၊ ကိုမောင်မောင် အစရှိသောသူများသည် ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြသည်။ ယင်းအထဲမှ မမြင့်ငွေသည် ငယ်ငယ်ရွယ်ရွယ်ပင် ကွယ်လွန်ခဲ့သည်။ သူ၏ အသုဘသို့ ကျွန်တော် သွားနိုင်ခဲ့၏။ မမြင့်ငွေသည် တပ်မတော်ထဲသို့ ဝင်ရောက်ပြီး ဗိုလ်ကြီးအဆင့်ရောက်မှ ရန်ကုန်၌ပင် စိတ်ရောဂါဖြင့် ကွယ်လွန်ခဲ့ပါ၏။

ထို့နောက် ကျွန်တော် တက္ကသိုလ်သို့ ရောက်ခဲ့၏။ ရန်ကုန်တက္ကသိုလ်တွင် နေခဲ့ရသော ဘဝများလည်း ပျော်စရာ အလွန်ကောင်းသည်။ ကျွန်တော်သည် မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့တွင် ပထမဆုံး စာရေးအဖြစ် လုပ်ကိုင်ခဲ့ဖူး၏။ ထိုစဉ်က ကျွန်တော်သည် အော်စလို၊

အမ်စတာဒန်၊ ဟင်းဘတ် အစရှိသော ဥရောပရှိ ဆိပ်ကမ်းမြို့ကြီးများသို့ မြန်မာ့ကျွန်းသစ်များ တင်ပို့ရောင်းချရာတွင် အကောက်ခွန်နှင့် ပတ်သက်သောကိစ္စရပ်များကို လုပ်ဆောင်ရ၏။ ထို့နောက် အရောင်းစာရေး၊ ကျောင်းဆရာ စသည်တို့ကို လုပ်ကိုင်ခဲ့ပြီး စာပြုလုပ်ခဲ့သည်မှ ကျွန်တော်၏ ဇနီးဖြစ်သူနှင့် တွေ့ဆုံခဲ့ရပုံ၊ လက်ထပ်ပြီးခါစ မန္တလေး၊ စစ်ကိုင်းနှင့် မြစ်ကြီးနားမြို့များသို့ သွားရောက်လည်ပတ်ခဲ့ပုံများကို ပြန်၍ စဉ်းစားမိလာပါ၏။ ထိုစဉ်က သူငယ်ချင်းဖြစ်သူ မောင်မောင်ထိပ်က စစ်ကိုင်းတွင် တာဝန်ထမ်းဆောင်နေရာ သူ့ထံတွင် တည်းခို၍ ပတ်ဝန်းကျင် လည်ပတ်ရသည်က ဘဝတွင် မှတ်မိ ထင်ကျန်ရစ်နေခဲ့ပါသည်။

သည်နောက်ပိုင်းတွင် အလုပ်ခွင်အတွင်းဝယ် ပျော်စရာထက် အလုပ်ကို ဖိဖိစီးစီး လုပ်နေရသည်မှာ ယနေ့ထက်တိုင် ဖြစ်၏။ ကျွန်တော်၏ ဘဝဇာတာက အလုပ်ကို အလွန်ကြီး ကြိုးစားလုပ်ပါမှ အလုပ်၏ အကျိုးကျေးဇူးကို ခံစားရတတ်၏။ မည်သည့် အလုပ်မဆို ကျွန်တော်သည် လွယ်လွယ်နှင့်မရ။ ကျွန်တော် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း လုပ်ဆောင်ရသည်များကို အခြားသူများက မပင်မပန်း လွယ်လွယ်နှင့် ရရှိသွားကြသည်လည်း ရှိ၏။ ကျွန်တော့်ဘဝ၌ ထူးခြားချက်တစ်ရပ်မှာ ကျွန်တော့်ကို ကျွန်တော် ချစ်ခင်သူများက အမြဲ ဒုက္ခပေးတတ်ပြီး ကျွန်တော့်အား မလိုမုန်တီးသူများက တိုးတက်ရာ တိုးတက်ကြောင်း လမ်းစများကို လမ်းခင်းပေးတတ်ကြပါ၏။ ကျွန်တော်သည် ကျွန်တော့်အား မနှစ်မြို့သူအားလုံးကို အမြဲတမ်း အလုပ်လုပ်နေသည့် ဘူဒိဇာလုပ်အားဖြင့် ဖယ်ရှားပစ်နိုင်သည်သာ

ဖြစ်ပါ၏။ ကျွန်တော့်ဘဝတွင် အလုပ်လုပ်ခြင်းသည်သာ အားကိုးအားထားရာ ဖြစ်သောကြောင့် နေမကောင်းချိန်မှအပ ကျန်အချိန်များတွင် တစ်စုံတစ်ခုကိုတော့ လုပ်နေရ၏။

ယခုတော့ ကျွန်တော့်ရှေ့ဝယ် သေမင်းက ထုပ်ဆီးတိုးသလို ရှေ့မှ တားနေပါ၏။ ကျွန်တော်သည် သေမင်းကို လွတ်အောင် ရှောင်၍ အောင်လံထူအောင် တိုးရတော့မည်။ အပွဲပွဲ တိုးလာသော ထုပ်ဆီးက ယခုသေမင်းနှင့်ကျမှပင် ထမင်းရေပူလောင်၍ပဲ ရှုံးမလား၊ ငုတ်မိ၍ပဲ ရှုံးမလားမသိ။ အောင်လံထူရေး အတွက်ကား ရှေ့တွင် စည်းအထပ်ထပ်က ရှိသေး၏။

ကျွန်တော့်အတွက် သေမင်းကို အနိုင်ယူရန်အတွက်လည်း အလုပ်မှတစ်ပါး အခြားလက်နက်မရှိ။ မသေမီကာလအတွင်း အလုပ်လုပ်ရမည်။ လယ်တီဆရာတော်ကြီးက–

“ဆန်ပွေ့မှုပယောဂ၊ ဝိသမလောဘကြောင့်
ဘောဂတွေများကြွယ်၍၊ ဘုရားတည် ကျောင်းဆောက်
ကျက်သရေဂုဏ်ရောင်လျက် တစ်ရာလောက်အသက်ရှည်
လူလုပ်ကာနေရသည်ထက်၊ ခမ္မေန သမေန၊
အာဇီဝဖြူဖြူနှင့် လူကြည်ညို၊ နတ်ကြည်ညို
အသက်ပင်တိုသော်လည်း၊ ထိုသူသာအမြတ်”

ဟု မိန့်ကြားခဲ့ဖူး၏။

[ခမ္မေန သမေန – တရားသဖြင့် အသက်မွေးဝမ်းကျောင်းမှုဖြင့်]

ဖိလစ်ပိုင်လူမျိုး အာဇာနည်သူရဲကောင်း ဟိုဆေးရီဇော်သည် မနက်ဖြန်သူသေရမည့်အဖြစ်ကို သိနေ၏။ စပိန်အာဏာပိုင်တို့က ဒေါက်တာရီဇော်အား လူသတ်ကုန်းတွင် သေနတ်နှင့် ပတ်သတ်ရန် သေဒဏ်ပေးထား၏။

ဒေါက်တာရီဇော်သည် သူ့အား မနက်ဖြန်တွင် လူသတ်ကုန်းသို့ ခေါ်သွားကာ သေနတ်နှင့် ပစ်သတ်တော့မည်ကို သိနေ၏။ ထိုည က ဒေါက်တာရီဇော် ဘာလုပ်ခဲ့သနည်း။

အာဇာနည်သူရဲကောင်း ဒေါက်တာရီဇော်သည် ဖိလစ်ပိုင် ပြည်သူများထံသို့လည်းကောင်း၊ မိခင်ကြီး တီအိုရာနှင့် သူ့အိမ်သူ အိမ်သားများထံသို့ လည်းကောင်း၊ သူ့အစ်ကိုကြီး မရှာနိုင်ထံသို့လည်းကောင်း စာများရေးခဲ့၏။

ဒေါက်တာရီဇော်က ပြည်သူတစ်ရပ်လုံးထံသို့ ရည်ညွှန်းရေးရာတွင်–

“အမိနိုင်ငံအတွက် ငါ့အသက်ကို ပေးဆပ်ခဲ့ပြီ၊
နိုင်ငံအတွက်ဆို သေရဲ တိုက်ရဲရမည်၊
နိုင်ငံအတွက် အသက်ကို နှင်းဆက်ရမည်၊
ကံကြမ္မာဆိုးနှင့် သေဆုံးရသော သားတို့အတွက်
မျက်ရည်ကြီးငယ် ကျဆင်း ငိုကြွေးရသူ မိခင်တို့အတွက်
နှိပ်စက်ခံ ပြည်သူတို့အတွက်
သမိုင်းကြွေးကို ပြတ်ပြတ်သတ်သတ် ဆပ်ရမည်’

ဟူ၍ ရေးသားခဲ့၏။

ဒေါက်တာရီဇော်သည် မသေမီတစ်ညက ကဗျာများကို ထောင်တွင်း၌ တိတ်တိတ်ခိုး၍ ရေးရ၏။ ရေးပြီး ကဗျာများကို စပိန်အာဏာပိုင်များမသိအောင် မိခင်ကြီးနှင့်တကွ အိမ်သူအိမ်သားများထံ ခိုး၍ ပို့ရှာ၏။

အကယ်၍ ကျွန်တော်သည် ကင်ဆာရောဂါနှင့် သေရမည်ဆိုပါက ဒေါက်တာရီဇော်ထက် သာလွန်သော အခွင့်အရေးများ အပြားအပြား ရရှိနေပါ၏။ ဒေါက်တာရီဇော်သည် သေဒဏ်ပေးသည့်အချိန်မှ သေဒဏ်ခံရသည့်အချိန်အထိ နေ့တွေရက်တွေ အချိန်တွေ များများစားစား မရခဲ့ပါ။ သူရေးစရာပြောစရာများကို မသေမီညကမှ ကဗျာများနှင့် ရေးကာ မီးအိမ်ဟောင်းတစ်ခုတွင် ဝှက်၍ စပိန်အာဏာပိုင်များမသိစေဘဲ သူ၏ အိမ်သူအိမ်သားများထံ ပို့ပေးခဲ့ရ၏။

အကယ်၍ ကျွန်တော်၏လည်ပင်း၌ တကယ်ပင် ကင်ဆာရောဂါသည် ရှိနေပြီဟုဆိုပါက ခြောက်လ သို့မဟုတ် တစ်နှစ်တော့ အသက်ရှင်နေဦးမည်။ ထိုတစ်နှစ် သို့မဟုတ် ခြောက်လအတွင်း၌ ကျွန်တော် အလုပ်များစွာ လုပ်နိုင်သေးသည်။ ကျွန်တော်၏ ဇနီးနှင့် သားသုံးယောက်အားလည်း အချိန် လုံလုံလောက်လောက်ဖြင့် မှာကြားစရာရှိသည်များကို မှာကြားနိုင်ပါသေး၏။ ကျွန်တော် ရေးသားချင်သည်များကိုလည်း ရေးသားနိုင်ရန် အချိန် အတော်အတန် ရရှိနိုင်ပါ၏။

မကြာသေးမီက စီမာရေးပတ်စ်ဆိုသူ အမျိုးသမီးကြီးတစ်ဦးက "ကျွန်မပြောရဲပါတယ်၊ ကင်ဆာရောဂါနဲ့ သေရတာ ဘယ်လောက်များကောင်းတယ်ဆိုတာကို ကျွန်မ ပြောရဲပါတယ်"ဟု အံ့သြဖွယ်ရာ

စကားများပြောပြီး ရက်အနည်းငယ်အတွင်း၌ အေးအေးဆေးဆေး ကွယ်လွန်ခဲ့သော ဖြစ်ရပ်တစ်ခု ရှိခဲ့ဖူးပါ၏။

ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် မသေနိုင်ဘူးဟုလည်း အားပေးထားသည်။ ငယ်စဉ်မှစ၍ ယနေ့ထက်တိုင် ကျွန်တော်၏ ဇာတာနှင့် လက္ခဏာကို ကြည့်၍ ဟောခဲ့သော ဗေဒင်ဆရာ အားလုံးကလည်း အသက်ရှည်မည်၊ အိုဇာတာကောင်းမည်ဟု တညီတညွတ်တည်း ဟောခဲ့သည်။

ကျွန်တော် သေရမည်ဟုဆိုလျှင်လည်း ဗြုန်းစားကြီးသေရမည့်ကိစ္စမဟုတ်၊ အချိန်က ခြောက်လတန်သည် တစ်နှစ်တန်သည် နေရဦးမည်။ သေမင်းသည် ကင်ဆာနှင့် သေရမည့်သူများအား ဤအထူးအခွင့်အရေးကို ပေးအပ်ထားပါသည်။

ဒေါ်င်းနွယ်ဆွေသည် ကင်ဆာရောဂါနှင့် ဆေးရုံသို့ တက်ရောက် ကုသနေကြောင်း၊ အခြေအနေဆိုး၍သွားခဲ့ရကြောင်း မောင်ယဉ်နွယ်က ပြောပြ၏။ ဒေါ်င်းနွယ်ဆွေထံ လူနာသတင်းသွားမေးသော စာရေးဆရာ မင်းဏီသည် လူနာသတင်းမေးပြီးအပြန် ဗြုန်းစားကြီး ကွယ်လွန်သွားခဲ့သည်ဟုလည်း သိရ၏။

မင်းဏီသည် သူ မနက်ဖြန်တွင် အသက်ရှင်ဦးမည်ဟု ထင်နေ၏။ မင်းဏီက ဒေါ်င်းနွယ်ဆွေသည် သူ့ထက် အရင်သေလိမ့်မည်ဟု ထင်နေ၏။ သို့သော် မင်းဏီက ဒေါ်င်းကြီးထက် သေရွာသို့ အလျင်သွားနှင့်ပြီး ဖြစ်ပါ၏။ ယခုတော့ ဆရာဒေါ်င်းနွယ်ဆွေသည်လည်း သေရွာသို့ သွားပါပြီ။

*

# အားယူခြင်း

*Let me not pray to be sheltered from dangers but to be fearless in facing them.*

*Let me not beg for the stilling of my pain but for the heart to conquer it.*

*Let me not look for allies in life's battlefield but to my own Stregth.*

*Let me not crave in anxious fear to be saved but hope for the patience to win my freedom.*

*Grant me that I may not be a coward, feeling your mercy in my success alone; but let me find the grasp of hand in my failure.*

***Rabindranath Tagore,***

***Fruit-Gathering.***

ဘေးအန္တရာယ် အသွယ်သွယ်တို့မှ
အကာအကွယ်ရဖို့ ဆုတောင်းသောသူ အဖြစ်ထက်
ဘေးအန္တရာယ်တို့ကို ရင်ဆိုင်ရာတွင်
မကြောက်မရွံ့သည့်စိတ်ကိုသာ ပေးသနားတော်မူပါ။

ဝေဒနာတို့၏ နာကျင်ခြင်းမှ
သက်သာရာရစေဖို့ တောင်းခံသောသူအဖြစ်ထက်
ထိုဝေဒနာတို့ကို ကျော်လွှန်အောင်နိုင်သည့်
နှလုံးသားကိုသာ ပေးသနားတော်မူပါ။

ဘဝတိုက်ပွဲများတွင်
ကိုးကွယ်အားပြုရာ ဖွေရှာသောသူအဖြစ်ထက်
ကိုယ့်ခွန်ကိုယ့်အားကိုသာ
အားပြုသည့်သူအဖြစ်ကိုသာ ပေးသနားတော်မူပါ။

စိုးရိမ်ကြောက်ရွံ့ဖွယ်တို့မှ
ကင်းလွတ်စေရန် တောင်းပန်အသနားခံသောသူအဖြစ်ထက်
ထိုစိုးရိမ်ကြောက်ရွံ့ဖွယ်တို့မှ လွတ်မြောက်မှုအတွက်
ခံနိုင်စွမ်းရှိမှုကိုသာ ပေးသနားတော်မူပါ။

သတ္တိနည်း၍ သူရဲဘောကြောင်သောသူအဖြစ်မှ
ကင်းလွတ်ခွင့်ပေး၍ ကျွန်ုပ်၏အောင်မြင်ခြင်းတို့တွင်
အရှင်၏ ကရုဏာအစုံကို ခံစားရ၍
ကျွန်ုပ်၏ လိုအပ်ချတ်ယွင်း မအောင်မြင်မှုတို့တွင်မူ
အရှင်၏ လက်အစုံကို
မှီခိုစွဲကိုင်ခွင့် ပေးသနားတော်မူပါ။

တဂိုး၏ သစ်သီးကောက်ကဗျာမှ
(မောင်မျိုးညွှန့်)

*

## နိဂုံး

သေခြင်းတရားသည် တကယ်ရှိနေပါသည်။

သူ့ကို ပြေးရှောင်၍လည်း မရပါ။ တစ်နေ့နေ့တွင်တော့ မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်၏။ သို့ဆိုလျှင် မလွဲမသွေ တွေ့ဆုံရမည့် သေခြင်းတရားကို သိက္ခာရှိရှိ ရင်ဆိုင်ရန် ပြင်ဆင်ထားဖို့ လိုပါ၏။

လူတို့သည် ငယ်ရွယ်စဉ်ကာလ၌ သေခြင်းတရားကို မစဉ်းစားဖြစ်ကြပါ။ သူတို့မသေနိုင်သေးဟုသာ ထင်မှတ်ကြ၏။ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်မှသော် လည်းကောင်း၊ အချို့သောသူတို့သည်ကား ငါးဆယ်ကျော်ရုံမျှမက အသက် ခြောက်ဆယ်ကျော် ခုနစ်ဆယ်သို့ရောက်သည့်တိုင်အောင် လည်းကောင်း သေခြင်းတရားကို မဆင်ခြင်ကြသေးသူများလည်း ရှိပါ၏။ သေလောက်သော

ဝေဒနာ တစ်စုံတစ်ရာ ခံစားနေရသောအချိန်တွင်မှ သေခြင်းတရားကို စဉ်းစားမိကာ ထိတ်လန့်ကြောက်ရွံ့နေလျှင်ကား အချိန် သိပ်မရှိတော့။ ထို့အပြင် သေခြင်းတရားဟူသည် ကြောက်ရွံ့ရန်မဟုတ်။ လူသား တစ်ဦးအနေဖြင့် သတ္တိရှိရှိ ရင်ဆိုင်ရန် ဖြစ်ပါသည်။

သေခြင်းတရားသည် အချိန်မရွေးကျရောက်နိုင်ပေရာ သေခြင်း တရားကို အသက်ကြီးလာမှ သို့မဟုတ် သေလောက်သည့်ခြင်းရာ တစ်စုံတစ်ရာတွေ့ဆုံမှ ဆင်ခြင်မည်ဆိုပါက အချိန်နောက်ကျနေပြီ ဖြစ်၏။ ထို့ကြောင့် သေခြင်းတရားကို လူလားမြောက်၍ သိတတ်ပြီ ဟုဆိုလျှင်ပင် ဆင်ခြင်ရန် လိုအပ်ပါ၏။

သေခြင်းတရားကို ဆင်ခြင်ပြီးနောက် အလွန်အမင်း ကြောက် ရွံ့ထိတ်လန့်စွာဖြင့် ဘာမှမလုပ်နိုင် မကိုင်နိုင်သည့် အဖြစ်သို့ရောက် ခြင်းသည် သေခြင်းတရားအား သိက္ခာရှိရှိဖြင့် ရင်ဆိုင်ရာ မရောက်ပေ။

ဘာသာတရားတို့တွင် သေခြင်းတရားနှင့်ပတ်သက်၍ အမျိုး မျိုး အဓိပ္ပာယ်ဖွင့်ထားပြီး ရှိပါ၏။ တမလွန်နှင့် ပတ်သက်၍လည်း အမျိုးမျိုး ဖွင့်ဆိုထားပြီး ဖြစ်ပါသည်။

သေခြင်းတရားကို လူသားသည် သိက္ခာရှိရှိ ရင်ဆိုင်ရန် သူ့ကို ရှေးဦးစွာ သဘောပေါက်ရမည် ဖြစ်ပါ၏။ ကျွန်တော်သည် ဤစာအုပ် တွင်–

သေခြင်းတရားဆိုတာ ဘာလဲ၊
သေခြင်းတရား၏ လက္ခဏာတွေက ဘာလဲ၊
သေခြင်းတရား၏ သဘောသဘာဝက ဘာလဲ၊

သေခြင်းတရားသည် ဘယ်လို ဝိသေသလက္ခဏာတွေ ရှိလဲ စသော အချက်များနှင့် ပတ်သက်၍ မြန်မာလူမျိုးတို့ နားဝင်နိုင်ဆုံးသော နည်းဖြင့် တင်ပြခဲ့ပါသည်။

ထိုသို့ တင်ပြရုံမျှဖြင့်ကား ဤစာကို ဖတ်ချိန်လောက်တွင်သာ စာ၏ ဆုံးမပြောဆိုမှုတို့ကြောင့် စိတ်သည် ပျော့ပျောင်းလာကာ ဤစာကိုဖတ်ပြီးသော အခါတွင်ကား

ငါဆိုသော အတ္တစိတ်

ဒါ ငါ့သား ငါ့မယား၊ ဒါ ငါ့ဥစ္စာ ဒါ ငါ့ပစ္စည်း

ဒါ ငါပိုင်တာ ငါဟူသော မာနတရားနှင့်အတူ စာတွင်ပါဝင်သော သေခြင်းတရားနှင့် ပတ်သက်သည့် ဆင်ခြင်မှုတို့သည် ပေါ့လျော့နေဦးမည်သာ ဖြစ်ပါ၏။ ထို့ပြင် မကြာမီ ကာလအတွင်း၌ပင် မီးနှင့် ကင်းသော ချိပ်ကဲ့သို့ပင် ဒုံရင်း ဒုံရင်းသို့ ပြန်ရောက်နိုင်ပါ၏။

ထို့ကြောင့် ဤစာအုပ်၏ တစ်နေရာတွင် ဖော်ပြထားသည့် အတိုင်း လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် အတ္တစိတ်များကို အိုခြင်း၊ နာခြင်း၊ သေခြင်း၏ သဘောအဖြစ်မြင်အောင် ကြည့်၍ ချုပ်တည်းကြရမည်ဖြစ်၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကား စာဖတ်ရုံ၊ ပြောဟောသည်ကို နားထောင်ရုံမျှလောက်ဖြင့် အစဉ်မြင်အောင် ကြည့်ရန်ကား ခဲယဉ်းလှပါ၏။ သေခြင်း၊ အိုခြင်း၊ နာခြင်းတရားများကို ရုပ်ပစ္စည်းတစ်ခုခု၏ ပြောင်းလဲမှုနှင့် အစဉ်ကပ်၍ ရှုမြင်နေပါမှ တော်ကာ ကျပါ၏။

ထိုသို့ မြင်အောင်ရှုပြီးနောက် သေရမည်၊ နာရမည်၊ အိုရမည် ဟူသောအချက်ကို မသေမီ၊ မနာမီ၊ မအိုမီကပင် သဘောပေါက် ခံယူ

မှတ်သားပြီး လွန်ကဲသောလောဘ၊ လွန်ကဲသော မာန်မာနနှင့် လွန်ကဲသော အတ္တစိတ်များကို နှိပ်ကွပ်ချိုးနှိမ်ထားရမည် ဖြစ်၏။

လွန်ကဲသော လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနစိတ်များကို နှိပ်ကွပ်ယဉ်ပါးအောင် ပြုလုပ်ပြီးပါက ထိုစိတ်တို့ကို လူ့အဖွဲ့အစည်းအတွက် အသုံးပြုရဦးမည် ဖြစ်ပါ၏။

လူသည် လုပ်အားရှင်ဖြစ်ပါ၏။ ထို့ကြောင့် မသေမီကာလအတွင်း လောဘစိတ်၊ ဒေါသစိတ်၊ မာန်မာနစိတ်များကို ပွားများမနေဘဲ ယင်းစိတ်များကို ချိုးနှိမ်က ရှင်နေသောကာလအတွင်း အကျိုးရှိအောင် အလုပ်လုပ်ကြရမည်ဖြစ်ပါ၏။ ရှင်နေသောကာလအတွင်း ကောင်းရာကောင်းကြောင်းများကို လုပ်ဆောင်ကြရမည်ဖြစ်ပါ၏။

အသက်ရှင်နေသော ကာလကို အကျိုးရှိအောင် အသုံးပြုနိုင်သူများသည် သေခြင်းတရားကို သိက္ခာရှိရှိ ရင်ဆိုင်နိုင်သူများသာ ဖြစ်၏။ အသက်ရှင်နေသော ကာလတွင် လွန်ကဲသော လောဘ၊ ဒေါသ မာန်မာန အတ္တစိတ်များ၏ လွှမ်းမိုးမှုခံနေရပါက ရှင်သန်နေသော ကာလဝယ် အေးငြိမ်းချမ်းသာမှုလည်း မရနိုင်ပါ။

အေးငြိမ်းချမ်းသာမှုမရှိသော လူ့ဘဝဟူသည် ပူလောင်ငြီးငွေ့ဖွယ်ရာသာ ဖြစ်ရုံမျှမက အမြဲတမ်း တုန်လှုပ်ချောက်ချားစွာ အသက်ရှင်နေရသော နိုင်ရာစားလောကတိရစ္ဆာန်ဘဝနှင့် မည်သို့မျှ ခြားနားတော့မည် မဟုတ်ပါ။

လွန်ကဲသော လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနတရားများ အတ္တစိတ်များကို ချိုးနှိမ်ပြီးပါက လူသားသည် မိမိတွင် ရှိနေသောခွန်

အားဖြင့် မိမိအကျိုးစီးပွားနှင့် လူသားတစ်ရပ်လုံး၏ အကျိုးစီးပွားကို မျှတအောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

လူသည် လောကတွင် တစ်ဦး တစ်ယောက်တည်း နေသူ မဟုတ်။ မိမိကဲ့သို့သော လူများနှင့် အချင်းချင်း ယှဉ်တွဲနေထိုင်ရပေရာ လူသည် မိမိတွင် အတ္တရှိသကဲ့သို့ အခြားသူများတွင်လည်း အတ္တစိတ် ရှိပါ၏။ မိမိကိုယ်တိုင်၌ လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာန တရားများ ရှိကြသကဲ့သို့ အခြားသူများထံတွင်လည်း ရှိကြသည်။ ထို လူအချင်းချင်းသည်လည်း တစ်ဦးစီ၊ တစ်ယောက်စီ နေ၍မရ။ အတူတကွ စုပေါင်းနေထိုင်ကြပြန်ရာ လူသားတို့သည် မိမိတို့၏အတ္တစိတ်၊ ဒေါသစိတ်နှင့် မာန်မာနများကို ချိုးနှိမ်၍ လူသားအချင်းချင်း မျှတအောင် နေထိုင်တတ်ကြရမည် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဆိုရသော် လူသားတို့သည် မိမိအကျိုးနှင့် အများအကျိုးကို မျှတအောင် နေတတ်ရမည် ဖြစ်ပါ၏။

ထိုသို့ နေတတ်အောင် လေ့ကျင့်ရာတွင် သေခြင်းတရားကို မူလကပင် သဘောပေါက်နေပါက အများအကျိုးနှင့် မိမိအကျိုး မျှတအောင် နေထိုင်ရေးအတွက် များစွာ ဝန်မလေးလှတော့ပါ။

ထို့ကြောင့် ဤစာအုပ်ဖြင့် ကျွန်တော်သည် သေခြင်းတရားကို မြင်လောက်အောင် ရေးသားတင်ပြခြင်း ဖြစ်ပါ၏။

ဆက်လက်၍ ကျွန်တော်သည်

* သေခြင်းနှင့် သေအံ့ဆဲဆဲကာလ တွေ့ကြုံခံစားရမှုများ ဟူသော စာအုပ်နှင့်

* အသက်ရှင်စဉ်ကာလ လုပ်ဆောင်စရာများအကြောင်း စာအုပ်နှစ်အုပ်ကို ကျွန်တော် ထပ်မံ၍ ရေးသားဦးမည် ဖြစ်ပါသည်။

သေခြင်းနှင့် သေအံ့ဆဲဆဲကာလ စာအုပ်သည် သေခြင်းတရားကို ယခုထက် ပိုမိုထင်ထင်ရှားရှား မြင်လာစေရန် ရည်ရွယ်၍ရေးခြင်း ဖြစ်၍ ကျွန်တော် တကယ်တမ်း တင်ပြရေးသားလိုသော စာအုပ်မှာ 'အသက်ရှင်စဉ်ကာလ လုပ်ဆောင်စရာများ' စာအုပ်ပင် ဖြစ်ပါသည်။

ယခုစာအုပ်တွင် စာဖတ်သူသည်

သေခြင်းတရား၏ သဘောသဘာဝနှင့် သေခြင်းတရား၏ အမှတ်လက္ခဏာတို့ကို သိရှိသဘောပေါက်ကာ သေခြင်းတရားကို သတိကပ်၍ ပွားများနိုင်ပြီး လွန်ကဲသော လောဘမီး၊ ဒေါသမီး၊ မောဟမီးနှင့် မာန်မာနမီးတောက်များကို အတော်အတန် ငြိမ်းသတ်နိုင်၍ ကောင်းသောစိတ်ထားများကို တိုးပွားစေကာ စိတ်ဆိုး စိတ်မိုက်များကို လျော့ပါးလာအောင် မိမိစိတ်ကို မိမိ ဆုံးမနိုင်မည်ဆိုပါက ဤစာအုပ် ရေးသားရသည့် ရည်ရွယ်ချက် တစ်စုံတစ်ရာ ပြည့်စုံပြီဟု ယူဆပြီး ဖြစ်ပါသည်။

**ချစ်စံဝင်း**

